
www.burmeseclassic.com

the bookhouse



**The King of Oil**
**By Dannel Ammann**

မြတ်ငြိမ်း

# တိုင်းတုန်တဲ့ ရေနံဘုရင်

The Secret Lives of Marc Rich

www.burmeseclassic.com

www.burmeseclassic.com


[illegible]
[illegible]
[illegible]
[illegible]
[illegible]
Club 15
[illegible]
Club 15

စာမူခွင့်ပြုချက်
၅၁၀ ၂၃၃ ၀၅၇၂
မျက်နှာဖုံးခွင့်ပြုချက်
၅၁၀ ၂၃၀ ၀၅၇၂
ထုတ်ဝေသူ
[illegible]
the bookhouse
၉၂ [illegible]၊ ၁၀-ခ၊
မွှေင်လမ်း ၁၄ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးတင်အောင်ကျော်
(မြဲ ၀၇၀၅၃)
စွယ်တော်ပုံနှိပ်တိုက်၊
အမှတ် ၁၄၇၊ ၅၁-လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၂၀၁၂၊ ဧန်နဝါရီလ၊ ပထမအကြိမ်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၅၀၀ကျပ်
ဖြန့်ချိရေး
the bookhouse
၀၉ ၅၀၀ ၈၇၂၇
၀၉ ၅၁၁ ၀၈၅၁

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း၊ (CIP)

၉၂၀

မြတ်ငြိမ်း၊
တိုင်းတုန်တဲ့ ရေနံ့ဘုရင် / မြတ်ငြိမ်း ။ ရန်ကုန်။
the bookhouse စာပေ၊ ၂၀၁၂
၂၆၁စာ ၁၇.၇၈ စင်တီ x ၁၇.၇၈ စင်တီ
၁။ တိုင်းတုန်တဲ့ ရေနံ့ဘုရင်




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## စုစည်းမှု


| | | |
|---|---|---|
| **အခန်း-၁** | ဖြိုင်စံရှား ရေနံ့ဘုရင် | ၁ |
| **အခန်း-၂** | ကြောက်စရာအကောင်းဆုံး တစ္ဆေကြီး | ၈ |
| **အခန်း-၃** | ကံကြမ္မာ လှလှညို့စား | ၃၃ |
| **အခန်း-၄** | အိပ်မက်တွေ ရည်မှန်းချက်တွေ | ၄၇ |
| **အခန်း-၅** | ရေနံစိမ်း အသက်ဝင်လာခြင်း | ၆၅ |
| **အခန်း-၆** | အစွရေးနှင့် ရှားဘုရင် | ၇၅ |
| **အခန်း-၇** | မှာ်ရစ်ချ် + ကုမ္ပဏီ | ၈၅ |
| **အခန်း-၈** | အယာတိုလာခိုမေနီနှင့် တုန်ခွဲယ်မှုဖြစ်ခြင်း | ၁၀၂ |
| **အခန်း-၉** | ခွဲချက် | ၁၁၁ |
| **အခန်း-၁၀** | ဂီလျာနီ၏ ကျဆုံးမှုများ | ၁၂၅ |
| **အခန်း-၁၁** | ကျွန်တော် ဘယ်တုန်းကမှ ဥပဒေကို မချိုးဖောက်ခဲ့ဘူး | ၁၃၇ |
| **အခန်း-၁၂** | မှာ်ရစ်ချ်အား လက်ရဖမ်းဆီးရေး | ၁၄၆ |
| **အခန်း-၁၃** | တိုးတိုးတိတ်တိတ် ညှိနှိုင်းမှုများ | ၁၅၇ |
| **အခန်း-၁၄** | အောင်မြင်ရေး လျှို့ဝှက်ချက်များ | ၁၆၃ |
| **အခန်း-၁၅** | လက်မျှားခါရမည့် ဝန်ဆောင်မှုများ အစွရေးနှင့် ယူအက်စ်အေကို ရစ်ချ် ကူညီခဲ့ပုံ | ၁၈၄ |
| **အခန်း-၁၆** | ရစ်ခ်မိသားစုများ၏ ဘဝ | ၁၉၆ |
| **အခန်း-၁၇** | ရေနံရာဇာ၏ နိဂုံး | ၂၁၁ |
| **အခန်း-၁၈** | လွတ်ငြိမ်းချမ်းသာခွင့် | ၂၂၆ |
| **အခန်း-၁၉** | မှာ်ရစ်ခ်ပြောတဲ့ အနာဂတ်ပေါ်ကာထိန်း | ၂[illegible]၆ |
| **နိဂုံး** | မိးခိုးရောင်နယ်ပယ် | ၂၅၇ |


the bookhouse
we bring your future
serial - 0037 (12-0021)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၁
## ပြိုင်စံရှား ရေနံဘုရင်

ရေနံ။ ရွှေမည်း။ ကမ္ဘာပေါ်တွင် အငြင်းပွားရဆုံး၊ အချင်းများရဆုံး သဘာဝသယံဇာတပစ္စည်း။ ဤသယံဇာတပစ္စည်းက အလွန်မတန် ချမ်းသာကြွယ်ဝလှသော ရောက်ဖဲလား(Rockefellers)နှင့် ဂက်တီ(gettys)တို့ ကဲ့သို့သော သူကြွယ်မျိုးဆက်များ ဖြစ်ထွန်းလာအောင် ဖန်တီးပေးခဲ့သည်။ ဆက်ဒမ်ဟူစိန် (Saddam Hussein) ကဲ့သို့သော အာဏာရှင်များကို လောဘရမ္မက် ကြီးမားစေခဲ့သည်။ နောက်ပြီး အီရန်ပြည်၏ ရှားဘုရင်ကဲ့သို့သော ဧကရာဇ်ဘုရင်များကိုလည်း အာဏာလက်မဲ့ ဖြစ်စေခဲ့သည်။ ဤကဲ့သို့သော မဟာဗျူဟာမြောက် အရေးပါအရာရောက်သော ရေနံသယံဇာတကို မောင်ပိုင်စီးလို့ရမည်ဆိုလျှင် သူနိုင်ငါနိုင် စစ်ပွဲများနွှဲဖို့ အသင့်ရှိနေသည့် နိုင်ငံပေါင်းမြောက်မြားစွာသည် ယနေ့ထက်တိုင် ရှိနေဆဲပင်။ ယနေ့ ကမ္ဘာပေါ်တွင် ရေနံမရှိလျှင် ကောင်းကင်ယံ၌ လေယာဉ်ပျံတစ်စီးတလေပင် ရှိမည်မဟုတ်သလို လမ်းမပေါ်တွင် မော်တော်ယာဉ်တစ်စီးမျှပင် ရှိမည်မဟုတ်။ ယနေ့ ကမ္ဘာပေါ်တွင် ရေနံမရှိလျှင် ထိရောက်စွာ ဆေးကုသနိုင်သည့် ဆေးရုံများ ရှိမည်မဟုတ်သလို ကုန်ပဒေသာဆိုင်ကြီးများသည်လည်း ဟာလာဟင်းလင်းဖြစ်နေမည်သာ။ ကမ္ဘာပေါ်တွင် ရေနံမရှိလျှင် ကျွန်တော်တို့၏ ခေတ်သစ်စီးပွားရေးအကြောင်းကို စဉ်းစားလို့ရမည်မဟုတ်။ စွမ်းအင်ရရှိရေးအတွက် အရေးအကြီးဆုံး ရင်းမြစ်သည် ရေနံပင်ဖြစ်၏။ ပို၍ အရေးကြီးသည်မှာ စက်မှုပညာ အားပြုသော ကျွန်တော်တို့ လူ့အဖွဲ့အစည်းကြီးတွင် ရေနံသည် အသက်တမျှ အရေးပါအရာရောက်သည့် ကုန်ပစ္စည်းဖြစ်နေခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ရေနံခေတ်တွင် ရှင်သန်နေထိုင်ကြ၏။ ကျွန်တော်တို့သည် ဟိုက်ဒရိုဂျင်နှင့် ကာဗွန်ခေတ်ပေါင်းဖြင့် ရှင်သန်နေသည့်လူသားများ ဖြစ်၏။ ရေနံမရှိလျှင် ကျွန်တော်တို့ ရှင်သန်ရပ်တည်နိုင်မည် မဟုတ်။

ရေနံကို ကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့် ဈေးကွက်ဖန်တီးလိုက်ခြင်းသည် နှစ်ဆယ်ရာစုခေတ်တွင် အကျိုးအမြတ်တနင့်တပိုးရစေသည့် အပြောင်းအလဲကြီးဆုံး စိတ်ကူးစိတ်သန်းပင် ဖြစ်တော့၏။ မာ့ခ်ရစ်ချ်သည် အင်အားကြီးမားလှသော ရေနံကုမ္ပဏီကြီးများက လက်ဝါးကြီးအုပ်ထားသည့် ကမ္ဘာ့ရေနံဈေးကွက် တစ်စိတ်တစ်ဒေသကို အခွင့်ကြုံခိုက် အမိအရ အပိုင်စီးခဲ့၏။ ထိုစဉ်က ရေနံပေါက်ဈေးမှာ ရေနံစိမ်းတစ်စည်လျှင် (၂)ဒေါ်လာရှိ၏။ ၂၀၀၈ ခုနှစ် နွေရာသီတွင် ရေနံစိမ်းဈေးနှုန်းသည် မှတ်တမ်းတင်ရလောက်အောင် တစ်စည်လျှင် (၁၄၀)ဒေါ်လာ ဖြစ်သွားသည်။ မာ့ခ်ရစ်ချ်၏ လုပ်ဆောင်ချက်သည် ရေနံလောက၏ အစဉ်အလာကို တော်လှန်ဆန့်ကျင်လိုက်ရာ ရောက်၏။ နောက်ပြီး အကြီးအကျယ် အောင်မြင်သည်။ ယခင်ကဆိုလျှင် ရေနံကို ရေနံတွင်းထဲမှသည် ဓာတ်ဆီဆိုင်သို့ ရောက်သည်ထိ သူတို့ပဲ အပိုင်စီးထားသည်။ သူတို့အချင်းချင်း မပြိုင်ကြ။ အနိုင်မယူကြ။ အချင်းချင်း တိုးတိုးတိတ်တိတ် ညှိနှိုင်းပြီး ရေနံဈေးနှုန်းကို နှိမ်ထားသည်။ ၁၉၇၀ ပြည့်နှစ်များတွင်တော့ မာ့ခ်ရစ်ချ်နှင့် သူ၏ လက်ရွေးစင် လုပ်ဖော်ကိုင်ဖက် လက်တစ်ဆုပ်စာလောက်သည် ရေနံကုမ္ပဏီကြီးများ၏ ဝေစားမျှစားဈေးကွက်စနစ်ကြီးကို ဖြိုခွဲလိုက်၏။ သူတို့က ပြိုင်ဆိုင်မှုရှိသော အစွမ်းကုန်ကြိုးစားအလုပ်လုပ်ရသော ရေနံဈေးကွက်ကြီး ပေါ်ပေါက်လာအောင် ဦးစွာ ကြံဆောင်ခဲ့ကြလေသည်။ သူတို့က ကြိုက်ရောင်းကြိုက်ဝယ်ဈေးကွက် ဖန်တီးခဲ့ကြသည်။ ရေနံအရောင်းအဝယ်လုပ်ငန်းကို ကျေးဇူးတင်ရပါမည်။ မိခင်တိုင်းပြည်ကို စွန့်ပစ်ပြီး အမေရိကပြည်ထောင်စုသို့ ဒုက္ခသည်အဖြစ် ပြေးလာ ခိုလှုံသည့် မာ့ခ်ရစ်ချ်။ ဆင်းရဲသား ဂျူးလူမျိုး မာ့ခ်ရစ်ချ်ဆိုသည် ကောင်ကလေးတစ်ယောက်။ ခုတော့ ရေနံအရောင်းအဝယ်လုပ်ငန်းကြောင့် ကမ္ဘာ့ကြာမြင့် ကြာရှည် လက်တွဲခဲ့သည့် လုပ်ဖော်ကိုင်ဖက်တစ်ဦးပြောသည့် စကားအတိုင်းဆိုလျှင် သူသည် ကမ္ဘာပေါ်တွင် "ပြိုင်စံရှားသည့် ရေနံဘုရင်" အဆင့်သို့လည်း တက်လှမ်းနိုင်ခဲ့လေသည်။

လျှမ်းလျှမ်းတောက် ထင်ပေါ်ကျော်ကြား ဩဇာအာဏာကြီးမားနေသည့် မာ့ခ်ရစ်ချ်သည် ချက်ချင်းလိုပင် ဖြစ်ရပ်ဆိုးတစ်ရပ်နှင့် ကြုံခဲ့ရသည်။ ယင်းဖြစ်ရပ်ဆိုးကြောင့် သူ၏ဂုဏ်သိက္ခာ ပျက်ယွင်းရသည်သာမက သူ၏ဇနီးနှင့် သူ၏ကုမ္ပဏီကိုပါ ဆုံးရှုံးလိုက်ရလေသည်။ စင်စစ် မာ့ခ်ရစ်ချ်သည် စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးအဖြစ် အောင်မြင်မှုပေါင်းများစွာ ရခဲ့၏။ သို့သော် သူ့ကို ကမ္ဘာက သိကြခြင်းမှာ ယင်းအောင်မြင်မှုများကြောင့် မဟုတ်။ မာ့ခ်ရစ်ချ်သည် ရေနံရောင်းဝယ်ရေးစနစ်ကို ကမ္ဘာ့မှုပြုရာ၌ ရှေ့ဆောင်ခဲ့သူ ဖြစ်၏။ သို့သော် ယင်းထူးခြားပြောင်းလဲမှုများနှင့် တွဲဖက်၍ သူ့ကို ကမ္ဘာက သိခဲ့ခြင်းမဟုတ်။ သူသည် ဒုတိယကမ္ဘာစစ်အတွင်း နာဇီများက ဂျူးများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်သည့်ကပ်ဘေးမှ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



လက်ချည်းဗလာ ပြေးလာခဲ့ပြီး အမေရိကပြည်ထောင်စုတွင် ဘီလျံနာတစ်ဦးဖြစ်အောင် ကြိုးစားအားထုတ်ခဲ့သူ ဖြစ်၏။ သို့သော် သူ့ကို ကမ္ဘာကသိခဲ့ခြင်းမှာ ထိုသို့ ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင်တစ်ဦး ဖြစ်လာသောကြောင့်လည်း မဟုတ်ပါချေ။

ရစ်ချ်သည် အမေရိကပြည်ထောင်စုတွင် ကျိုကျိုတက်ချမ်းသာကြွယ်ဝသူတစ်ဦးဖြစ်၏။ သို့သော် သူ့နာမည်နှင့် သူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်စွမ်းမရှိခဲ့။ ယနေ့ဆိုလျှင် မာ့ခ်ရစ်ချ်ဆိုသည်မှာ အခွန်စည်းကြပ်ခြင်းကို ရှောင်တိမ်းရန် ၁၉၈၃ ခုနှစ်တွင် အမေရိကပြည်ထောင်စုမှ ထွက်ပြေးခဲ့သူတစ်ဦးအဖြစ် လည်းကောင်း၊ အီရန်ပြည်တွင် အမေရိကန်များအား ဓားစာခံများအဖြစ် ဖမ်းဆီးထားသောကြောင့် နှစ်နိုင်ငံဆက်ဆံရေး တင်းမာနေချိန်တွင် အီရန်နိုင်ငံနှင့် တရားမဝင် ရေနံအရောင်းအဝယ် ပြုလုပ်ခဲ့သူတစ်ဦးအဖြစ်လည်းကောင်း နာမည်ဆိုးများနှင့် တွဲဖက်ပြီး လူအများက သိထားကြလေသည်။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလတွင် သမ္မတအဖြစ်မှ နေရာဖယ်မပေးမီ နောက်ဆုံးပြောကြားသည့် သမ္မတ ဘီလ်ကလင်တန်၏ မိန့်ခွန်းတွင် အမေရိကန်အစိုးရက တင်ထားသည့် စွဲချက်အမျိုးမျိုးမှ မာ့ခ်ရစ်ချ်အား လွတ်ငြိမ်းခွင့်ပြုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ယင်းလုပ်ရပ်သည် သမ္မတဘီလ်ကလင်တန်အစိုးရသက်တမ်းတစ်လျှောက်တွင်တော့ နှလုံးနာစရာအကောင်းဆုံးလုပ်ရပ်တစ်ခုဖြစ်ကြောင်း Forbes မဂ္ဂဇင်းက ရေးသားဝေဖန်ခဲ့လေသည်။ အစိုးရ ပြန်လည်ပြုပြင်ရေးအောက်လွှတ် တော်ကော်မတီဥက္ကဋ္ဌဒန်ဘာတန်ကလည်း မာ့ခ်ရစ်ချ်သည် ၁၉၉၇ မှ ၂၀၀၂အတွင်း အမေရိကပြည်ထောင်စု၏ ရန်သူ တိုင်းနိုင်ငံများနှင့် တွဲဖက်စီးပွားရေးလုပ်ခဲ့သည်ဟု စွပ်စွဲဝေဖန်ခဲ့လေသည်။

သည်တော့ အန္တရာယ်မျိုးစုံပြွမ်းပြီး လောင်းကြေးမြင့်မားလှသည့် လုပ်ငန်းများလုပ်ရင်း ထင်ပေါ်ကျော်ကြားလာသူ ထိုသူသည် ဘယ်သူလဲ။ သူ့ရှေ့တွင် ဖြစ်ပေါ်နေသည့် စစ်ပွဲများ၊ တော်လှန်ရေးများကို ကျိုးရှုံးစရာဖြစ်ရပ်များ အပ်ဆိုးများအဖြစ် မမြင်ဘဲ ယင်းဖြစ်ရပ်များသည် စီးပွားရေးလုပ်ရန် အခွင့်အလမ်းကောင်းများဖြစ်သည်ဟု ရှုမြင်ခံယူခဲ့သူ ဆိုလှသည် ဘယ်သူလဲ။ ဘယ်လိုလူစားလဲ။ ကမ္ဘာပေါ်တွင် ဩဇာအာဏာ အကြီးမားဆုံးနိုင်ငံကြီးမှ လွှတ်ထားသည့် သူလျှိုများ၊ စုံထောက်များနှင့် လွတ်ကင်းအောင် နှစ်ပေါင်းနှစ်ဆယ်နီးပါး ရှောင်တိမ်းနေနိုင်ခဲ့သူသည် ဘယ်သူလဲ။ ဘယ်လိုလူစားလဲ။

သူသည် နှစ်ဆယ်ရာစုနှစ်များအတွင်း အရေးပါအရာရောက်ဆုံး ကုန်သည်တစ်ဦးဖြစ်ခဲ့၏။ သူနှင့် ပတ်သက်လာလျှင် ငွေကြေးပွားရဆုံး၊ အချင်းများရဆုံး ကုန်သည်တစ်ဦးဖြစ်ခဲ့၏။ သူနှင့်ပတ်သက်ပြီး အတ္ထုပ္ပတ္တိဆိုလို့ တစ်စောင်တစ်အုပ်တည်းသာ ထွက်ခဲ့၏။ ထိုစာအုပ်သည်လည်း လွန်ခဲ့သည့် နှစ်ဆယ့်ငါးနှစ်တုန်းက ထွက်ပေါ်ခဲ့ခြင်း။ ခုတော့ ထိုစာအုပ်သည် ခေတ်မမီတော့။ အချက်အလက်များ ပြည့်စုံသည်ဟု မဆိုသာတော့။ အဆိုပါစာအုပ်တွင် ၁၉၈၃ တုန်းက ရစ်ချ်အား အမေရိကပြည်ထောင်စုတွင် ရာဇဝတ်ပြစ်မှုဖြင့် ရုံးတင် တရားစွဲခဲ့ရသည့်အကြောင်းများ မပါဝင်။ ထို့ပြင် ကုန်သွယ်ရေး

the bookhouse
we bring you future

www.burmeseclassic.com

www.burmeseclassic.com



အသိုက်အဝန်းတွင် ပုန်းလျှိုးကွယ်လျှိုး အလုပ်လုပ်ပြီး လူတွေအပြစ်မြင် စကားတင်းပြောရလောက်အောင် လျှို့ဝှက်သိုသိပ်လွန်းသည့် ကုန်သည်တစ်ဦးဖြစ်ခဲ့သည့်အကြောင်းများလည်း ပါဝင်ခြင်းမရှိ။ အမေရိကပြည်ထောင်စုတွင် မာ့ခ်ရစ်ချ်၏ ဓာတ်ပုံတစ်ပုံတလေကိုပင် တွေ့ဖူးမြင်ဖူးသူ မရှိခဲ့ပေ။ သတင်းထောက်များသည် သူနှင့်ပတ်သက်သည့် သတင်းရေးပြီဆိုလျှင် ပန်းချီဆရာများ ရေးဆွဲထားသည့် ပုံကြမ်းလက်ရာများနှင့်သာ တွဲဖက်ဖော်ပြခဲ့ရ၏။ သူက သတင်းထောက်များကို စနစ်တကျ ရှောင်ရှားသည်။ မာ့ခ်ရစ်ချ်သည် အချိန်အတန်အသင့် ကြာညောင်းသော် လူတွေ့မေးမြန်းခန်းတစ်ခု ပြုလုပ်ဖို့ သတင်းထောက်တစ်ယောက်အား ခွင့်ပြုခဲ့၏။ ဒါကလည်း လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ဆယ်လောက်တုန်းက။ ထိုအနေအထားအားလုံးမှ ထွက်ပေါ်လာသည့် တစ်ခုတည်းသော အဖြေကတော့ မာ့ခ်ရစ်ချ်၏ ဓာတိရုပ်မှန်ကို ဘယ်သူမျှ သေချာကန သိခွင့်မရခြင်းပါတည်း။ သူ၏လျှို့ဝှက်ချက်များကို ဘယ်သူကမျှ ဖော်ထုတ်နိုင်စွမ်း မရှိခဲ့ပါချေ။ လွန်ခဲ့သည့် သုံးနှစ်တုန်းကတော့ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခု ချခဲ့၏။ မာ့ခ်ရစ်ချ်၏ ဓာတိရုပ်မှန်ကို သိရအောင် ဖော်ထုတ်မည်ဟု။

"ခင်မင်လေးစားရပါသော မစ္စတာ ရစ်ချ်" ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ပေးပို့သည့် စာတစ်စောင်တွင် ကျွန်တော် ရေးသားခဲ့၏။ "ကျွန်တော့်ရည်ရွယ်ချက်က လူကြီးမင်းအကြောင်း ခုထက်ပိုပြီး လိပ်ပတ်လည်အောင် သိချင်တာပါ။ လူကြီးမင်းရဲ့ တန်ဖိုးတွေ၊ လူကြီးမင်းရဲ့ အတွေးအခေါ်တွေ၊ နောက်ပြီး လူကြီးမင်းရဲ့ အရင်းခံစိတ်အကြောင်းတွေ ပေါ့ခင်ဗျာ" စာထဲတွင် မေးခွန်းတွေ တစ်သီတစ်တန်းကြီး ထည့်ရေးပေးလိုက်၏။

ကျွန်တော်သိလိုသည့် ကိစ္စများထဲတွင် ရှုပ်ထွေးသိမ်မွေ့သည့် အရေးကိစ္စများလည်း ပါဝင်ကြောင်း သူသိထားစေချင်သည်။ ဥပမာ အီရန်နိုင်ငံခေါင်းဆောင် အယာတိုလာခိုမေနီ၊ ကျူးဘားနိုင်ငံခေါင်းဆောင် ဖီဒဲလ်ကာတ်စထရိုကဲ့သို့သော လူများနှင့် တွဲဖက် စီးပွားရေးလုပ်ခြင်းကို မှန်ကန်သင့်မြတ်သည်ဟု ဘာကြောင့် သူက ယူဆသလဲဟူသော မေးခွန်းမျိုး။ သို့မဟုတ်ပါကလည်း လူမျိုးရေးခွဲခြားမှု ပြင်းထန်သော အကျင့်ပျက် ခြစားမှု၊ အကြမ်းဖက်သည့် အာဖရိကနိုင်ငံကဲ့သို့သော နိုင်ငံနှင့် တွဲဖက် စီးပွားရေးလုပ်ခြင်းကို မှန်ကန်သင့်မြတ်သည်ဟု ယူဆပါသလားဟူသော မေးခွန်းမျိုး။ ရူး-ဒေါ့-ဒဗလျူ ဂီလျာနီကဲ့သို့သော အောင်မြင်ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးတစ်ယောက်က သူ့အပေါ် စွဲဆိုသည့် အခွန်အတုတ်ရှောင်တိမ်းမှုစွဲချက်များအကြောင်း သူကိုယ်တိုင်ပြောပြတာ ကျွန်တော်နားထောင်ချင်သည်။ ထိုသို့သော ရုံးတင်စွပ်စွဲသော စွဲချက်များကို သူကိုယ်တိုင် အမေရိကသို့ ပြန်ပြီး ရင်ဆိုင်ဖြေရှင်းခြင်းမပြုသည်မှာ ဘာကြောင့်လဲဆိုသည့်အကြောင်းကို ကျွန်တော်သိလိုသည်။ သမ္မတဘီလ်ကလင်တန်က နောက်ဆုံး ရာထူးမှ ဆင်းပေးရမည့်ဆဲဆဲတွင်မှ မာ့ခ်ရစ်ချ်အပေါ် စွဲဆိုထားသည့် စွဲချက်အားလုံးမှ လွတ်ငြိမ်းခွင့်ပေးခဲ့သည်မှာ ဘာကြောင့်လဲဆိုတာတွေ ကျွန်တော် သိချင်သည်။ မာ့ခ်ရစ်ချ်၏ သမီးသည် အမေရိကပြည်ထောင်စုတွင် နာမကျန်းဖြစ်ခဲ့သည်။ နောက်ဆုံး ကွယ်လွန်သွားသည်။ ထိုသို့ သမီးနာမကျန်းဖြစ်နေ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com


သည့် ကာလတစ်လျှောက်လုံး မာ့ခ်ရစ်ချ်သည် အမေရိကပြည်ထောင်စုသို့ မသွားရောက်နိုင်။ သမီးဖြစ်သူအား ကြည့်ရှုခွင့် မရလိုက်။ ထိုသို့သောအဖြစ်ဆိုးကို မာ့ခ်ရစ်ချ်တစ်ယောက် ဘယ်ပုံဘယ်နည်းဖြင့် ဖြေသိမ့်လိုက်သလဲဆိုတာ ကျွန်တော် သိချင်သည်။ ထို့ပြင်… ထို့ပြင်… အမေရိကသို့ လာရောက်ခိုလှုံသူ လူပေါင်း သောင်းခြောက်ထောင်ထဲမှ မာ့ခ်ရစ်ချ် တစ်ယောက် ဘယ်လိုဘယ်လိုဖြစ်ပြီး သည်လောက် လျှမ်းလျှမ်းတောက်လာသလဲဆိုတာလည်း ကျွန်တော်သိချင်သည်။ ထို့ကြောင့် ထိုထိုသော အကြောင်းတွေကြောင့် ကျွန်တော့်အား လူချင်းတွေ့ဆုံမေးမြန်းခွင့် ပြုစေလိုကြောင်း မေတ္တာရပ်ခံ ဆိုက်သည်။

အမှန်အတိုင်းပြောရမည်ဆိုလျှင် သူ့ထံမှ အကြောင်းပြန်ကြားချက်တစ်စုံတစ်ရာရလိမ့်မည်ဟု ကျွန်တော် မျှော်လင့် မထား။ ယခု ကျွန်တော်မေးထားသည့် မေးခွန်းမျိုးတွေကို ရစ်ချ် ဘယ်တုန်းကမျှ ဖြေကြားခဲ့ဖူးခြင်းမရှိ။ သို့သော် သူက ကျွန်တော်နှင့် တွေ့ဆုံပွဲကလေးတစ်ပွဲ လုပ်ခွင့်ပြုမည်ဟု အကြောင်းပြန်လာသောအခါ ကျွန်တော် ကိုယ့်နားပင် ကိုယ်မယုံနိုင်လောက်အောင် အံ့သြဝမ်းသာဖြစ်ခဲ့ရသည်။ ကျွန်တော်သည် သူ့အကြောင်း ဖော်ထုတ်တင်ပြခွင့်ရရေးအတွက် ဆယ်နှစ်ကျော် အချိန်ပေး လိုက်လံ စုံစမ်းထောက်လှမ်းနေသည့် သတင်းသမားတစ်ယောက်ဖြစ်သည်ဆိုသည့်အချက်ကို သူ နှစ်သက်သဘောကျသွားတာဖြစ်ကောင်း ဖြစ်မည်။ ကျွန်တော်က ဘယ်တော့မဆို ဟန်ချက်ညီညီနှင့် သမာသမတ်ကျ နေနိုင်အောင် ကြိုးစားခဲ့သူ။ ရစ်ချ်အကြောင်း ဆောင်းပါးတစ်ပုဒ်ရေးတိုင်း သူ့မှတ်ချက်ကို ကျွန်တော် ကြိုတင် တောင်းခံခဲ့သည်။ ဤစာအုပ်ကို ရေးသားရာ၌ ကျွန်တော့်သဘော၊ ကျွန်တော့်အမြင်သက်သက်ဖြင့် ရေးခွင့်ပြုပါဟူသော တောင်းဆိုချက်ကို ရစ်ချ်က သဘောတူခွင့်ပြုလိုက်သောအခါ ကျွန်တော့်မှာ ပါးစပ်အဟောင်းသားဖြစ်ခဲ့ရ၏။ ကျွန်တော်က "ကျွန်တော်မြင်သည့် ရစ်ချ်"အကြောင်း ရေးချင်သည်။ "သူ ရေးစေလိုသည့် ရစ်ချ်"အကြောင်း မရေးချင်။ ဆိုရသော် လွတ်လွတ်လပ်လပ် အနှောင်အဖွဲ့ကင်းကင်းဖြင့် တင်ပြလိုသည်။ ကျွန်တော် စည်းကမ်းချက်များကို ရစ်ချ်က သဘော တူလိုက်လျောခဲ့သည်။ သို့သော် ထုတ်ဝေသူထံသို့ မပို့မီ စာမူကြမ်းတစ်စောင် သူ့ထံပို့ပေးပါဟုတော့ တောင်းခံသည်။ စာမူကြမ်းကိုဖတ်ပြီးသောအခါ "မှားတသည့်တင်ပြချက်"အတွက် ကျေးဇူးတင်ကြောင်း စာတိုကလေးတစ်စောင် ကျွန်တော့် ထံ ပို့ပေးသည်။ စာမူကြမ်းတွင် တစ်ကြောင်းတလေမျှပင် ပြင်ဆင်ဖို့လည်း မပြောခဲ့။

ရစ်ချ်နှင့်ကျွန်တော် စကားတွေအများကြီး ပြောဖြစ်ကြသည်။ ဤစာအုပ်တွင် ဖော်ပြထားသည့် သတင်းအချက် အလက်များ၏ မြစ်ဖျားခံရာသည် အဆိုပါစကားဝိုင်းများ ဖြစ်ပါသည်။ ဤစာအုပ်ထဲတွင် သင်တို့ ဖတ်ရပါလိမ့်မည်။ ကျွန်တော်မေးသမျှ မေးခွန်းတိုင်းကို သူ စိတ်ရှည်လက်ရှည်ဖြေခဲ့သည်။ ထိုမျှမက ကျွန်တော်မေးလိုသည့် မေးခွန်းများထက် ပိုမိုများပြားသည့် အချက်အလက်များကိုပင် စုံစုံလင်လင် ပြောပြခဲ့ပါသည်။ သည်အကြောင်းသည်အရာများနှင့် ပတ်သက်

the bookhouse
www.burmeseclassic.com

ပြီး သူ့နှုတ်ဖျားမှ ဖွင့်ဟပြောဆိုခဲ့သည်မှာ ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ်ပင် ဖြစ်၏။ တချို့ကိစ္စများတွင် သူ ထုတ်ဖော်ပြောဆိုဖို့ ငြင်းဆိုခဲ့၏။ ထိုသို့သောကိစ္စများမှာ သူက ထုတ်ပြောလိုက်လျှင် တရားဥပဒေကြောင်းနှင့် မလွတ်မကင်း ဖြစ်နိုင်သည့်ကိစ္စများ ဖြစ်နေသောကြောင့်သာ ပြောဖို့ ငြင်းဆန်ခြင်းဖြစ်၏။ ကမ္ဘာပေါ်တွင် ဒုက္ခများမြောင်ပြီး ဆင်းရဲတွင်း နက်နေသည့်ဒေသများသို့ သူသွားပြီး စီးပွားရေးလုပ်ခဲ့၏။ ဘာကြောင့် ထိုသို့လုပ်ခဲ့ကြောင်း သူကပြောပြသည်။ နောက်ပြီး အီရန်၊ တောင်အာဖရိက၊ အင်ဂိုလာနှင့် ကျူးဘားကဲ့သို့သောနိုင်ငံများနှင့်လည်း စီးပွားရေးအရ ဆက်ဆံမှုများပြုခဲ့ကြောင်း လည်း သူက ဝန်ခံစကားဆိုသည်။ အမေရိကတွင် သူ့အား တရားစွဲခြင်းအကြောင်း သူ ပထမဆုံးအကြိမ် ထုတ်ဖော်ပြောဆို သည်။ မည်သို့ပင်ဖြစ်စေ သူ့အနေဖြင့် ဥပဒေနှင့် ငြိစွန်းသည့်ကိစ္စမျိုး လုံးဝမလုပ်ခဲ့ကြောင်း၊ အခွန်အတုတ် တိမ်းရှောင်မှုမျိုး လည်း မလုပ်ခဲ့ကြောင်း သူက မာမာတင်းတင်း ငြင်းဆိုသည်။

အမေရိကပြည်ထောင်စု၊ အာဖရိက၊ ဥရောပနှင့် အာရှတိုက်တို့တွင် နေထိုင်ပြီး လွန်ခဲ့သည့်နှစ်ပေါင်းလေးဆယ် အတွင်း ရစ်ချ်နှင့် တစ်ချိမဟုတ် တစ်ချိတစ်မောင်း တွဲဖက် အလုပ်လုပ်ခဲ့ဖူးသည့် ဒါဇင်ပေါင်းများစွာသော ရေနံကုန်သည်များ၊ လူသုံးကုန်ပစ္စည်း ကုန်သည်များကို ကျွန်တော် သွားရောက်တွေ့ဆုံခဲ့၏။ ရစ်ချ်၏ ဘဝခရီးတစ်လျှောက်တွင် မှတ်တိုင်စိုက် ရမည့် အမှတ်ထင်ထင် ဖြစ်ရပ်များအကြောင်း၊ သူ၏ အရေးပါအရာရောက်သော စီးပွားရေးလုပ်ဖော်ကိုင်ဖက်များအကြောင်း နှင့် သူ့ဘဝကို အလှည့်အပြောင်းဖြစ်စေမည့် အပေးအယူ၊ အရောင်းအဝယ်ကိစ္စများအကြောင်းတို့ကို ပြောပြကြသည်။ သူတို့က လူသုံးကုန်ပစ္စည်း အရောင်းအဝယ်လုပ်ငန်း၏ ရှုပ်ထွေးပွေလီပြီး အနုစိတ်နိုင်လှပုံအကြောင်းများ ကျွန်တော့်ကို သဘောလောက် ပြောပြကြသည်။ သူတို့က သူတို့ကို လူသိမခံလိုကြ။ လူမသိသူမသိဖြင့် မှောင်ရိပ်ခို အလုပ်လုပ်သည့် နေရာတွင် သူတို့က ဆွစ်ဇာလန်ဘဏ်လုပ်ငန်းရှင်များထက်ပင် သာသေးသည်။ ထို့ကြောင့် သူတို့၏ အမည်နာမ လျှို့ဝှက် ထားရန် တောင်းဆိုချက်ကို ကျွန်တော် လက်သင့်ခံခဲ့ရသည်။ ဤစီးပွားရေးလုပ်ငန်းတွင် တစ်ဦးနှင့်တစ်ဦး ဘယ်လိုမျှ ပတ်သက်မှုမရှိသည့် အလုပ်ရှင်များ ဆုံစည်းနေတတ်သည်။ ထိုသို့သောအခါများတွင် လျှို့ဝှက်သိုသိပ်မှုသည် လုပ်ငန်း အောင်မြင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် လိုအပ်ချက်များ ဖြစ်နေတော့၏။ ကျွန်တော်ဆိုလျှင် ရစ်ချ်၏ ကုမ္ပဏီများနှင့် ပတ်သက်သည့် စာရွက်စာတမ်း အထောက်အထားပေါင်းများစွာကို ဖတ်ခဲ့ရ၏။ ရစ်ချ်အားစွဲဆိုထားသည့် တရားစွဲဆိုချက် လျှို့ဝှက်စာတမ်းများကိုပင် ဖတ်ရှုခွင့်ရခဲ့ပါသည်။

သီးသီးသန့်သန့်နှင့် သိုသိုသိပ်သိပ်နေတတ်လွန်းသည့် ရစ်ချ်အကြောင်း စုံစုံစေ့စေ့ ပတ်ပတ်နပ်နပ် သိခွင့်ရရေးအတွက် ကျွန်တော်သည် ဒန်နီယဲလ်နှင့်အိုင်လိုနာဆိုသည့် သူ့သမီးနှစ်ယောက်နှင့် စကားပိုင်းဖွဲ့ခဲ့သည်။ ထို့ပြင်မကသေး သူနှင့်ရင်းနှီး ကျွမ်းဝင်သော မိတ်ဆွေများနှင့်လည်း စကားစမြည်ပြောခဲ့သည်။ အလွန် အထင်ကြီးလေးစားစရာကောင်းသည့် ဒင်နစ်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com


ရစ်ချ်နှင့် စကားလက်ဆုံကျခဲ့ရသည့် စကားဝိုင်းမှာမူ ထူးထူးခြားခြား မှတ်မှတ်ရရရှိလှ၏။ သူမက ခင်ပွန်းဟောင်းမာ့ခ်ရစ်ချ်နှင့် ပေါင်းသင်းနေထိုင်ခဲ့စဉ် သူမဘဝအကြောင်းကို ပွင့်ပွင့်လင်းလင်းပင် ပြောပြသွားသည်။ ခါးသီးနာကြည်းဖွယ်ကောင်းသော သူတို့နှစ်ယောက်၏ ကွာရှင်းပြတ်စဲမှုအကြောင်း၊ မာ့ခ်ရစ်ချ် လွတ်ငြိမ်းချမ်းသာခွင့်ရရေးတွင် ပါဝင်စွမ်းဆောင်ခဲ့သည့် သူမ၏အခန်းကဏ္ဍအကြောင်း။ နောက်တစ်ဦးကတော့ ရစ်ချ်၏ ပထမဆုံးအတွင်းရေးမှူး အမျိုးသမီး။ စပိန်မှူးမတ်မျိုးနွယ်ဖြစ်သည့် အာဆူလာစန်တိုဒိုမင်ဂိုက မာ့ခ်ရစ်ချ်၏ ကုန်သည်ဘဝစောစောပိုင်းများအကြောင်း ပြောပြသည်။ အစ္စရေးထောက်လှမ်းရေးအဖွဲ့ မော့ဆက်မှ ထောက်လှမ်းရေးအရာရှိဟောင်းတစ်ဦးကတော့ အစ္စရေးအစိုးရနှင့် ရစ်ချ်တို့၏ အတွင်းကျကျ ဆက်ဆံရေးအကြောင်းများနှင့် ဂျူးနိုင်ငံအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့သည့် ရစ်ချ်၏ စွမ်းဆောင်ချက်များအကြောင်း ပြောပြသည်။ ဘီလ်ကလင်တန်၏ အိမ်ဖြူတော်အကြံပေးရှေ့နေဟောင်းများဖြစ်သည့် ဂျက်ကွင်း၊ ရောဘတ်ဖင့်နှင့် အင်ဒရေဝစ်ကီတို့ကတော့ မာ့ခ်ရစ်ချ်အပေါ် တင်ထားသည့် စွဲချက်များ ဘယ်လောက်ထိ မခိုင်လုံ၊ မသေချာကြောင်းကို ရှင်းပြောပြခဲ့ကြလေသည်။

ထို့နောက် ကျွန်တော် မဖြစ်မနေ တွေ့ဆုံစကားပြောခဲ့သူများမှာ ရစ်ချ်၏ ရန်သူတော်များ၊ မာ့ခ်ရစ်ချ်အား တရားရုံးတွင် တရားစွဲရာ၌ စွဲချက်ကို ကိုယ်တိုင်ရေးခဲ့သည့် နယူးယောက်တောင်ပိုင်းခရိုင်မှ ရှေ့နေကလေး မောရစ် "စန်ဒီ" ဝိုင်းဘတ်အငယ်နှင့် ကျွန်တော် စကားပြောခဲ့သည်။ နောက်တစ်ဦးကတော့ အမေရိကန်ရဲအရာရှိကြီး ကင်ဟေးလ်။ ကင်ဟေးလ်သည် တာဝန်အရ မာ့ခ်ရစ်ချ်အကြောင်း ခြေရာခံစုံစမ်းထောက်လှမ်းခဲ့သူ။ အခြေအနေပေးလျှင် ရစ်ချ်ကို ဖမ်းဆီးဖို့၊ နောက်ဆုံး မတတ်သာလျှင် ပြန်ပေးဆွဲဖို့ပင် ခွင့်ပြုမိန့်ရထားသူ။ သူသည် ရစ်ချ်နောက်သို့ ဆယ့်လေးနှစ်တိတိ နောက်ယောင်ခံလိုက်ခဲ့၏။ သို့သော် သူ မအောင်မြင်ခဲ့။ ယင်းရဲအရာရှိဟောင်းကြီးနှင့်လည်း ကျွန်တော် စကားဖောင်ဖွဲ့ခဲ့၏။ နောက်ထပ် ကျွန်တော် ဆက်သွယ်စကားဝိုင်းဖွဲ့ခဲ့သူများကတော့ အမေရိကနှင့် ဆွစ်ဇာလန်မှ တရားရေးအဖွဲ့ဝင်များ၊ သံတမန်များ။ သူတို့ကလည်း သူတို့ တရားဝင်ထုတ်ပြောခွင့်မရှိသည့် အကြောင်းအရာများကို အလွတ်သဘော ပြောပြခဲ့ကြ၏။ ကျွန်တော် တွေ့ဆုံစကားပြောခဲ့သူများတွင် စီးပွားရေးအရ မာ့ခ်ရစ်ချ်၏ ပြိုင်ဘက်များအပြင် မာ့ခ်ရစ်ချ်နှင့် ခွာပြဲခဲ့သည့် ရစ်ချ်၏ အမှုထမ်းဟောင်းများလည်း ပါဝင်သည်။

နောက်ဆုံး အဆိုပါမေးမြန်းပြောဆိုမှုများ၊ သုတေသနပြုချက်များသည် ဩဇာအာဏာနှင့်ပတ်သက်၍ ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ ကိုယ်ကျင့်တရားမဲ့မှုနှင့်ပတ်သက်၍ နောက်ပြီး တီထွင်ဉာဏ်ကောင်းခြင်းနှင့် ပတ်သက်၍ ရေးဖွဲ့မှတ်တမ်းတင်အပ်သော မဟာမော်ကွန်းကြီးဖြစ်လာတော့၏။ ဤဇာတ်လမ်းကား တစ်သီးပုဂ္ဂလဘဝများနှင့် ကမ္ဘာ့နိုင်ငံရေး ထိပ်တိုက်တွေ့သည့်ဇာတ်လမ်း။ ဤဇာတ်လမ်းသည် မာ့ခ်ရစ်ချ်၏ စွန့်စားခန်းဇာတ်လမ်းရှည်ကြီးပင် ဖြစ်တော့၏။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၂
## ကြောက်စရာအကောင်းဆုံး တချွေကြီး

ယနေ့ကား တစ်နှစ်တာကာလအတွင်း အအေးဆုံးဟု ဆိုရမည့် နေ့တစ်နေ့။ ကျွန်တော် ကျွန်တော့်ကားဆီသို့ လမ်းလျှောက်သွားနေသည်။ စိန့်မောရစ်မြို့တွင် ကျွန်တော် ရောက်နေသည်။ ကျွန်တော့် ခြေထောက်အောက်မှ နှင်းခဲတွေ တကျွဲကျွဲ ကျိုးကြေကုန်သည်။ ကျွန်တော့်မျက်နှာရှေ့တွင် ကျွန်တော် ရှူထုတ်လိုက်သည့်လေတွေက အခိုးအငွေ့အဖြစ် တွဲခိုနေသည်။ စိန့်မောရစ်မြို့ကလေးရှိ ကမ္ဘာ့ သက်တမ်းအရင့်ဆုံးနှင့် စွဲမက်စဖွယ်အကောင်းဆုံး နှင်းလျှောစီးစခန်း တွင် သုညဒီဂရီအောက် ရှစ်ဒီဂရီဖာရင်ဟိုက် ရှိနေသည်။ ကျွန်တော့် ပတ်ဝန်းကျင်ရှိ လေတွေ အေးခဲပြီး တဖြစ်ဖြစ်မြည်သံပြုနေသည်ဟု ကျွန်တော့်နားထဲ ကြားနေသည်ထင်ရ၏။ မော်တော်ကားမှန်ပေါ်တွင် ထူထပ်စွာကပ်နေသည့် နှင်းလွှာကို ခွာချရသည်။ ပြီးမှ ကားထဲဝင် ထိုင်ရသည်။ ပြီးတော့ စိတ်လှုပ်ရှားစွာဖြင့် ကျိန်ဆဲလိုက်၏။ ဘုရား သိကြားမလို့ မော်တော်ကားစက် လွယ်လွယ်ကူကူနိုးပါစေဟုလည်း ဆုတောင်းမိ၏။ ဘုရားတပြီး မော်တော်ကားစက်နှိုးသည့် သော့ကို လှည့်လိုက်၏။ ဆွစ်ဇာလန် အဲ့လပ်တောင်တန်းများပေါ်တွင် ကျွန်တော် နှင့်အတူ နှင်းလျှောစီးဖို့ အချိန်းအချက်ပြုထားသူသည် ချိန်းထားချိန် ထက် နောက်ကျခြင်းကို အလွန်မတန် ရှုံမှန်းတတ်သူဖြစ်၏။ သူ့ အကြောင်း သည်လောက်တော့ ကျွန်တော်သိထားသည်။ တစ်ခါက သူတို့လင်မယား ကွာရှင်းပြတ်စဲမှုအကြောင်း မေးကြည့်တော့ "သူ က ဘယ်တော့မဆို နောက်ကျလေ့ရှိတာကလား။ နောက်ကျတာမှ အမြဲတမ်းပါပဲဗျာ" ဟု ပြောသည်။ သူ့လေသံတွင် ဒေါသံငေါ်သံ

the bookhouse
We bring your future

www.burmeseclassic.com

www.burmeseclassic.com

တော့ လုံး၀မပါ။

ယခု ကျွန်တော်လည်း နောက်မကျဖို့ ကြိုးစားရမည်။ အထူးသဖြင့် သည်လိုနေရာမျိုးမှာ နောက်ကျနေလို့မဖြစ်။ နောက်နာရီ၀က်အကြာတွင် ကျွန်တော်မာ့ခ်ရစ်ချ်နှင့် တွေ့ဆုံရမည်။ မာ့ခ်ရစ်ချ်ကား ၂၀ ရာစုနှစ်များတွင် ဩဇာအာဏာ အကြီးဆုံးနှင့် အရေးပါအရာရောက်ဆုံး ပုဂ္ဂိုလ်တစ်ဦး။ နောက်ပြီး နာမည်ဆိုးအထွက်ဆုံး ရေနံကုန်သည်တစ်ဦးလည်း ဖြစ်သည်။ သူမတိုင်မီကလည်းကောင်း၊ သူပေါ်ထွန်းလာပြီးနောက်ပိုင်းတွင်လည်းကောင်း သူ့လောက် အောင်မြင်သူ တစ်ဦးတစ်ယောက်မျှ မရှိသေး။ နောက်ပြီး ကမ္ဘာတစ်လွှားရှိ လူအများက အုတ်အော်သောင်းတင်း စကားတင်း ပြောရလောက်အောင် နည်းမျိုးစုံဖြင့် ကျော်ကြားသူများတွင် သူ့ကို မီသူမရှိသေး။ သူ့မိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဖက်များ အားလုံးက သူ့ကို လေးစားသည်။ အားကျအတုယူသည်။ ဘာကြောင့်ဆို သူက နိုင်ငံတကာကုန်သွယ်ရေးစနစ်ကို တော်လှန်နိုင်လောက်အောင် ပါရမီထူးခြားသူမဟုတ်လား။ သူ့ရန်သူများကတော့ သူ့ကို အထင်သေးသည်။ ရွံရှာစက်ဆုပ်သည်။ သည်လူကား အမြတ်အစွန်းရမည်ဆိုလျှင် သူ့ဘွားအေအရင်းကိုပင် ရောင်းထုတ်မည့်သူဟု စွပ်စွဲကြသည်။ ယခုအခါ အသက် ခုနစ်ဆယ့်လေးနှစ်ရှိပြီဖြစ်သည့် မာ့ခ်ရစ်ချ်သည် မျက်စိထဲတွင် အဖြူ (သို့မဟုတ်) အမည်းသာ မြင်တတ်သူတစ်ဦး ဟု စကားတင်းဆိုကြသည်။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလတွင် သမ္မတ ဘီလ်ကလင်တန်က မာ့ခ်ရစ်ချ်အား စွဲချက်အားလုံးမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့၏။ သို့သော် သည်လုပ်ရပ်ကလည်း မာ့ခ်ရစ်ချ်ကို အချိုးပြောင်းအောင် ဆွမ်းဆောင်နိုင်ခဲ့ပေ။ တကယ်တမ်းပြောရလျှင် သည်လုပ်ရပ်က မာ့ခ်ရစ်ချ်အပေါ် ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုပင် ရှိစေခဲ့၏။ သည်လုပ်ရပ်သည် အမေရိကန်ပြည်ထောင်စုသမိုင်းတွင် "အပုပ်နံ့ အထွက်ဆုံး" လုပ်ဆောင်ချက် တစ်ရပ်ဖြစ်ကြောင်း မာ့ခ်ရစ်ချ်၏ ရန်သူများက ယူဆသည်။ ဤလုပ်ဆောင်ချက်ကို ကြည့်ခြင်းအားဖြင့် မာ့ခ်ရစ်ချ်သည် အမေရိကန်ပြည်ထောင်စုတွင် ဘယ်အရာကိုမဆို ငွေဖြင့်ဝယ်ယူလို့ရကြောင်း၊ ကုန်ကုန်ပြောရလျှင် လွတ်ငြိမ်းချမ်းသာခွင့်ကိုပင် ဝယ်ယူလို့ရကြောင်း သက်သေထူနေသည်ဟု သူ့အပေါ် အမုန်းပွားသူများက လက်ညှိုးထိုးကြလေသည်။

သူနှင့်ပတ်သက်သည့်သတင်းတွေ အမျိုးမျိုးအဖုံဖုံကြားရသည်။ သူ့ကို မုန်းတီးသူများကလည်း သူ့အကြောင်း မကောင်းသတင်းတွေ မိုးမွှန်အောင် ပြောကြသည်။ သူ့ကို လိုလားသူများကလည်း သူ့ဘက်မှ လျှောက်လဲချက်တွေ ပေးကြသည်။ သည်တော့ သည်ပုဂ္ဂိုလ် ဘယ်လိုလူစားမျိုးဖြစ်သည်ဆိုတာကို ကျွန်တော်သိချင်လာသည်။ သူသည် နာဇီတွေ သတ်ဖြတ်မည့်အန္တရာယ်မှ လွတ်ကင်းအောင် ဘယ်လ်ဂျီယံနိုင်ငံမှ ဆင်းဆင်းရဲရဲမွဲမွဲတေတေဖြင့် ထွက်ပြေးလာသူ ဂျူးလူငယ်ကလေး။ သူ့နာမည်ရင်းမှာ မာစဲလ်ရိုက်ခ်(Marcell Reich)။ သူသည် အချိန်တိုတိုအတွင်း အမေရိကန်ပြည်ထောင်စု၌ အချမ်းသာဆုံးနှင့် ဩဇာအာဏာအကြီးမားဆုံး လူသုံးကုန်ပစ္စည်းကုန်သည်တစ်ဦး ဖြစ်လာသည်။ သူနှင့်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဆုပ်စာမျှသော သူ့လုပ်ဖော်ကိုင်ဖက်များသည် ဘယ်ချောင်ဘယ်ကြားကနေ ဘွားခနဲ ထွက်ပေါ်လာမှန်းမသိ ထွက်ပေါ်လာပြီး ကမ္ဘာ့ရေနံရောင်းဝယ်ရေးနှင့် တခြား လူသုံးကုန်ပစ္စည်းများရောင်းဝယ်ရေးလောကကို လွှမ်းမိုး ချယ်လှယ်သွားကြပါသလဲ။ သူ၏ မဆိုစလောက်သော လုပ်ငန်းသက်တိုတိုကလေးအတွင်း ဖြစ်ပျက်ခဲ့သည့် အမှတ်ထင်ထင်ဖြစ်ရပ်များက ဘာတွေလဲ။ နောက်ပြီး သေရေးရှင်ရေးတမျှ အရေးပါအရာရောက်သော သူ့ဆုံးဖြတ်ချက်များကရော ဘာတွေလဲ။ သူ့ရည်မှန်းချက်တွေ ပေါက်မြောက်အောင် သူ ဘယ်လောက်ထိ ကြံဖန်ခဲ့ရသလဲ။ သူ့မျှော်မှန်းချက် အတိုင်းအတာတွေက ဘယ်လောက်ထိ မြင့်မားသလဲ။ သူ၏ အကြီးမားဆုံး အောင်မြင်မှုများနှင့် အဆိုးရွားဆုံး ရှုံးနိမ့်မှုများက ဘာတွေလဲ။ သူ့စိတ်ကို သည်လောက်ထိဖြစ်လာအောင် စေ့ဆော်တိုက်တွန်းနေသည်က ဘယ်လိုအကြောင်းတရားတွေလဲ။ သူ၏ စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်၏ ကျွမ်းကျင်လိမ္မာမှုများထဲမှ ကျွန်တော်တို့ အတုယူ အတုခိုးစရာတွေ ဘာတွေရှိသလဲ။

အင်း ကျွန်တော် ကံကောင်းပါသည်။ မော်တော်ကားစက်သော့ကို လှည့်လိုက်သည်နှင့် ကျွန်တော့် အိုပယ်လ်ကားအနက်ကလေး စက်နိုးသွားသည်။ သွေးခဲလောက်အောင်အေးသည့် သည်အအေးဓာတ်ထဲတွင် ဒုက္ခရောက်သူများမှာ စကားများများ ဟောပြောရသူတွေလောက်ပဲ ရှိမည်ထင်သည်။ အချိန်မှာ နံနက်ရှစ်နာရီထိုးခါနီးကလေး။ မော်တော်ကားရေဒီယိုမှ ထွက်ပေါ်လာသည့် မစ်ဂျက်ဂါ (Mick Jagger)၏အသံသည် သိသိသာသာကြီး တုံ့ဆိုင်း မှုန်မှိုင်းနေသည်။ လမ်းများပေါ်မှာတော့ နှင်းတွေနှင်းတွေ သိပ်ခဲနေသည်။ ဆပ်ဗရက်တာဘဲဟာက်စ်ဆိုသည့် ဓိမ်ခံဟိုတယ်ကြီးဆီသို့ အရောက်သွားဖို့ ရေခဲနေသည့် စိန့်မောရစ်ရေကန်ကို သတိကြီးစွာဖြင့် ကွေ့ပတ်မောင်းရသည်။ ဤဟိုတယ်ကား မြို့ထဲတွင် အသားနား အထည်ဝါဆုံးဟိုတယ်။ ရက်ပေါင်းအနည်းငယ်အတွင်း ဤဟိုတယ်တစ်ခုလုံးတွင် နိုင်ငံတကာမှ ဧည့်သည်များဖြင့် ပြည့်ကျပ်နေတော့မည်။ ကိုယ်ပိုင်ဂျက်လေယာဉ်စီးသည့် လူတန်းစားများနှင့် ဥရောပမှ လူ့မလိုင်များ သူတို့တစ်တွေ ဤဟိုတယ်မှာပင် ခရစ်စမတ်ပွဲနဲ့ပြီး ဤဟိုတယ်မှာပင် နှစ်သစ်ကူးကြလိမ့်မည်။ နှင်းများဖုံးနေသည့် ထင်းရှူးပင်များကြားတွင် ငြိမ်ငြိမ်ကလေး ရပ်တည်နေသည့် ဟိုတယ်ကြီးသည် ကျွန်တော်ရောက်သွားသည့် သည်နေ့နံနက်တွင် အထူးတလည် တည်ငြိမ်ပြီး အေးချမ်းနေသယောင်ရှိ၏။ နှာခေါင်းနေရာတွင် မုန်လာဥနီများ တပ်ဆင်ထားသည့် နှင်းခဲလူရုပ်ကြီးများသည် ဟိုတယ်အဝင်ဝအနီးတွင် တိတ်ဆိတ်စွာ မတ်မတ်ရပ်နေကြသည်။

မစ်ဂျက်ဂါ၏အသံသည် အသံချဲ့စက်များမှတစ်ဆင့် ဟိန်းထွက်နေ၏။ ကျွန်တော့်ကားကို ညာဘက်သို့ ချိုးကွေ့ပြီး ဆပ်ဗရက်တာဟိုတယ်အနီးရှိ ရွှေလျှားစက် ခါးပတ်ရုံသို့ သွားသည်။ "ကြောက်စရာအကောင်းဆုံး တစ္ဆေကြီး"နှင့် သည်နေရာမှာ တွေ့ဆုံဖို့ ချိန်းဆိုထားသည်လေ။ "ကျုပ်ကို ကြောက်စရာအကောင်းဆုံး တစ္ဆေကြီးလို့ ဝိုင်းပြီး တံဆိပ် တပ်ထားကြတယ်လေ"ဟု မာ့ခ်ရစ်ချ် တစ်ခါကပြောဖူးသည်။ ထိုသို့ပြောသည့် သူ့အသံတွင် ကိုယ့်ကိုယ်ကိုယ် သနားမိ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သည့်လေသံမျိုး တစိုးတစိမျှ မပါ။ သူ့အကြောင်း ကောင်းကောင်းသိသူများက မာ့ခ်ရစ်ချ်သည် လိုရင်းတိုရှင်းပြောတတ်သူဖြစ်ကြောင်း၊ စကားတွေ အပိုချဲ့ပြီး ပြောလေ့ပြောထရှိသူမဟုတ်ကြောင်း ပြောပြကြသည်။ လွန်ခဲ့သည့် နှစ်ဆယ့်ငါးနှစ်ခန့်တုန်းက သူ့အကြောင်း အတ္ထုပ္ပတ္တိရေးသားပြုစုခဲ့သည့် အေ ခရိတ်ကိုပက်တာစ်(A.Craig Copetas)ကတော့ သူ့ကို "ကိုယ့်အကြောင်းကိုယ် ဖာတ်မြှုပ်လွန်းသည့် မှောင်ရိပ်ခိုအိမ်ရှေ့စံမင်းသားတစ်ပါးနှယ်"ဟု တင်စား ရေးသားခဲ့လေသည်။ ဆိုလိုသည်ကတော့ အကြင်နာတရား စိုးစိမျှမရှိသည့် လူဆိုးလူမိုက် တစ်ဖက်စွန်းရောက် အရင်းရှင်၊ တတိယကမ္ဘာမှ လူသားများ၏ သွေးတွေ၊ ချွေးတွေ စွန်းပေနေသည့် လက်ပိုင်ရှင်ဟူ၍ ဖြစ်ပါသည်။ နှစ်ကာလတွေကြာလာတော့ မာ့ခ်ရစ်ချ်ဟူသည် လောဘကြီးခြင်းနှင့် စဉ်းလဲကောက်ကျစ်ခြင်း၏သင်္ကေတ ဖြစ်လာတော့သည်။

မှတ်မှတ်ရရ နေ့တစ်နေ့ရှိပါသည်။ မာ့ခ်ရစ်ချ်တစ်ယောက် ကိုယ့်ဂုဏ်သိက္ခာ ကိုယ်မထိန်းနိုင်တော့သည့်နေ့။ နယူးယောက်တောင်ပိုင်းတိုက်နယ်မှ ရှည်မှန်းချက်မြင့်မားလွန်းသည့် ရှေ့နေကလေးတစ်ဦးက သတင်းစာဆရာများနှင့် တွေ့ဆုံပြီး မာ့ခ်ရစ်ချ်အပေါ် စွဲချက်များတင်လိုက်သည့်နေ့။ ထိုနေ့ကား ၁၉၈၃ ခုနှစ်၊ စက်တင်ဘာလ (၃)ရက်၊ တနင်္လာနေ့။ ရှေ့နေကလေး ရူးဒေါ့ဒ်ဂျူလျာနီက မာ့ခ်ရစ်ချ်သည် အမေရိကသမိုင်းတွင် သမိုင်းမှတ်တမ်းတင်လောက်သော အခွန်ရှောင်တိမ်းသူကြီးဟု စွပ်စွဲလိုက်သည်။ ရူးဒေါ့က ဇဝေဇဝါဖြစ်နေသော သတင်းသမားများနှင့် ကင်မရာအဖွဲ့သားများရှေ့တွင် မာ့ခ်ရစ်ချ်အပေါ် တင်ထားသည့်စွဲချက်ကို ဖုံးမနိုင်ဖိမရသော ပျော်ရွှင်မြူးထူးမှုဖြင့် ဖတ်ပြခဲ့၏။

ထိုစဉ်က အသက်လေးဆယ့်ရှစ်နှစ်ရှိပြီဖြစ်သည့် မာ့ခ်ရစ်ချ်အပေါ် တင်ထားသည့်စွဲချက်များမှာ စုစုပေါင်း ငါးဆယ့်တစ်မှု ရှိသည်။ စုစုပေါင်း ဒေါ်လာ(၄၈)သန်းလောက် အခွန်တိမ်းရှောင်ခဲ့သည့် မာ့ခ်ရစ်ချ်သည် လူလိမ်လူကောက်ဖြစ်ကြောင်း၊ မကောင်းမှုများကို ပူးပေါင်းကြံစည်ခဲ့သူဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စု၏ ရန်သူများနှင့် အရောင်းအဝယ်အပေးအယူများပြုလုပ်ခဲ့ကြောင်း စသည်ဖြင့် အကြီးမားဆုံးသော စွဲချက်များဖြင့် စွဲချက်တင်သည်။ အီရန်ဆန္ဒပြသမားများက တဟီရန်ရှိ အမေရိကန် သံရုံးအမှုထမ်းများအား ဓားစာခံအဖြစ် ဖမ်းထားသဖြင့် အမေရိကက အီရန်နှင့် ကုန်သွယ်မှုမပြုရန် အမိန့်ထုတ်ထားချိန်တွင် ရစ်ချ်က အီရန်နှင့် ရေနံအရောင်းအဝယ်ပြုခဲ့သည်ဟု ဂျူလျာနီက စွပ်စွဲသည်။ ရှေ့နေကလေး၏ စွပ်စွဲချက်များအတိုင်း အရေးယူမည်ဆိုလျှင် မာ့ခ်ရစ်ချ်နှင့် သူ၏တွဲဖက်လုပ်ငန်းရှင် ပင်းကပ်ဂရင်း (Pincus green)တို့နှစ်ဦးသည် သက်ဆုံးတိုင် ထောင်နန်းစံကြရမည်ဖြစ်ပေသည်။ သို့သော် ဂျူလျာနီစွဲချက်တင်ချိန်တွင် တွဲဖက်စီးပွားရေးသမားနှစ်ဦးသည် သူတို့မိသားစုများကိုခေါ်ပြီး ဆွစ်ဇာလန်နိုင်ငံသို့ ထွက်ခွာသွားနှင့်ကြပြီ။ ဆွစ်ဇာလန်နိုင်ငံတွင် လွန်ခဲ့သည့် ဆယ်နှစ်လောက်ကတည်းက သူတို့နှစ်ယောက် ဖွဲ့စည်းတည်ထောင်ထားသည့် မာ့ခ်ရစ်ချ်+အေဂျီကုမ္ပဏီရှိနေသည်လေ။ ထိုအချိန်ထိုအခါကစပြီး "အမေရိကသမိုင်းကြောင်းတွင် အကြီးဆုံးသော အခွန်တိမ်းရှောင်မှုကြီး"ဟု ပြောစမှတ်ပြု

the bookhouse we bring you future

www.burmeseclassic.com

www.burmeseclassic.com


သည့် ထိုအမှုကြီးကို စုံထောက်များ၊ စုံစမ်းစစ်ဆေးရေးမှူးများ အသည်းအသန် လိုက်လံ စုံစမ်းထောက်လှမ်းခဲ့ကြသည်။ နိုင်ငံရေးသမားများက သူ့အား ''ဘီလျံနာသရမ်းပြေး''ဟု ကင်ပွန်းတပ်ပြီး သတင်းစာဆရာများကတော့ ''အမေရိကသမိုင်းတွင် အလိုအရှိဆုံး ပညာတတ်ရာဇဝတ်ကောင်''ဟု ရည်ညွှန်းရေးသားကြသည်။

သူ့ကို ''ကြောက်စရာအကောင်းဆုံး တစ္ဆေကြီး''ဟု အများပြည်သူက ကင်ပွန်းတပ်ကြကြောင်းကို သူကိုယ်တိုင်ဖွင့်ဟပြောစဉ်ကဆို ကျွန်တော့်မှာ အံ့သြတကြီးပင် ဖြစ်ခဲ့ရ၏။ သူ့တွင် ခွန်အားများ ရှိကောင်းရှိပါမည်။ သို့သော် သူသည် လေလုံးထွားသူတစ်ဦးတော့ မဟုတ်။ သူ့စကားပြောလျှင် လိုရင်းတိုရှင်းပြောလေ့ရှိသည်။ ထုံးစံအားဖြင့် ဝါကျနှစ်ကြောင်းသုံးကြောင်းလောက်ဖြင့် ချင့်ချင့်ချိန်ချိန် ပြောတတ်လေသည်။ သူသည်လို ပြောတတ်ကြောင်း ကျွန်တော့်ကို ကြိုတင် သတိပေးထားကြ၏။ သူနှင့် စကားပြောလျှင် သူ့ထံမှ ''အင်း''၊ ''ဟင့်အင်း''နှင့် ''ဘာဖြစ်လို့လဲ''ဆိုသည့် စကားလုံးများထက် ပိုပြီး ကြားသိရလျှင် ကျွန်တော် ရလဒ်ကောင်းတွေ ရလိုက်ပြီဟု ဝမ်းသာပီတိ ဖြစ်ရပါမည်။ သူ အင်္ဂလိပ်စကားပြောလျှင် သူ့ဖခင်၏ ဘာသာစကားဖြစ်သည့် ဂျာမန်လေသံ မဆိုစလောက်ကလေး ဝဲသည်။ ပြီးတော့ သူ့လေသံက မထင်မှတ်နိုင်လောက်အောင် နူးညံ့ပျော့ပျောင်းသည်။ သူ စကားပြောနေချိန်တွင် သူက သင့်မျက်လုံးများကို တည့်တည့် စိုက်ကြည့်နေတတ်၏။ သူ့စကားအပေါ် သင့်တုံ့ပြန်ချက်များကို စေ့စပ်သေချာစွာ စစ်ဆေးနေခြင်း။ သူ လက်ဆွဲနှုတ်ဆက် ပုံက သန်မာသည်။ မြဲမြံသည်။ သူ့ခံယူချက်များလိုပင် ခိုင်မာသည်။ သတင်းထောက်များကတော့ ခိုင်မာသော သူ့ခံယူချက် များဆိုသည်မှာ ဘေးဒုက္ခများ၊ အန္တရာယ်များ၊ ပြဿနာများပင်ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ကြလေသည်။

■

## မာ့ခ်ရစ်ချ်နှင့် တွေ့ဆုံခြင်း

စိန့်မောရစ် နှင်းလျှောစီးစခန်းတွင် မတွေ့ဆုံမီ လပေါင်း အနည်းငယ်အကြာတုန်းက ကျွန်တော် မာခ့်ရစ်ချ်နှင့် ပထမဦးဆုံး အကြိမ် တွေ့ဆုံခဲ့၏။ ဇပ် (Zug)မီးရထားဘူတာရုံအနီးရှိ အဆောက်အအုံ အပေါ်ဆုံးထပ်ရှိ သူ့ရုံးခန်းထဲတွင် တွေ့ဆုံခြင်း။ သူ့ရုံးခန်းက သမားရိုးကျ သံနှင့် မှန်နှင့် ပေါင်းစပ်ဖွဲ့စည်းထားသည့်ရုံးခန်းမျိုး။ သူ့ရုံးခန်းထဲမှ လှမ်းမျှော်ကြည့်လျှင် ဇပ်မြို့ကလေး၏ စီးပွားရေး အချက်အချာ မြို့လယ်နှင့် တိုင်းပြည်ကျေးလက်ပိုင်းကို ပိုင်းပင်ထားသည့်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းများကို တွေ့မြင်နိုင်သည်။ သည်ရုံးခန်းထဲသို့ ရောက်ဖို့ သင့်အနေဖြင့် တင်းတင်းကျပ်ကျပ် စီမံထားသည့် အဆင့်မြင့် လုံခြုံရေးစနစ်များကို ကျော်ဖြတ်ရမည်။ အဆောက်အအုံ အဝင်ဝ၊ နာမည်ကျော် အားကစားခန်းမန့်ဘေးတွင် ခာတ်လှေကားစီးမည့် ဧည့်သည်များကို ကင်မရာများက ရွှေထောင့်ပေါင်းစုံမှ ရိုက်ယူနေသည်။ ဤနေရာတွင် ရှေ့နေများနှင့် အဖိုးတန်ပစ္စည်း ထိန်းသိမ်းရေး မန်နေဂျာများ၏ ရုံးခန်းများ ရှိသည်။

တက်လာသည့် ဧည့်သည်သည် ပဉ္စမထပ်သို့ ရောက်သည်နှင့် မှန်တံခါးတပ်ဆင်ထားသည့် အခန်းတစ်ခန်းသို့ ရောက်သည်။ တပ်ဆင်ထားသည့်မှန်မှာ တစ်ဖက်သို့ ထွင်းဖောက်မမြင်သာသော မှန် အနောက်စား။ ဤနေရာတွင် နောက်ထပ်ကင်မရာတစ်လုံးက သင့်ကို စေ့စေ့စပ်စပ် ရိုက်ကူးမည်။ မှန်တံခါးချပ် အလိုအလျောက်ပွင့်သွားမည်။ တံခါးပေါက်မှ လှမ်းဝင်လိုက်သည်နှင့် မှန်အခန်းငယ်ကလေး တစ်ခန်းထဲ သင်ရောက်နေပြီးသား ဖြစ်တော့၏။ ထိုအခါ မှန်တံခါး တစ်ချပ်၏ တစ်ဖက်ရှိ ဧည့်ကြိုစာရေးမက သင့်အား ပတ်ပတ်နပ်နပ် စုံစမ်းစစ်ဆေးတော့၏။ အဲ့အားသင့်ဖို့ မလို။ ပြောနေဖို့ မလိုသည့်အချက်မှာ မှန်တံခါးအားလုံးမှာ ကျည်လုံတံခါးများချည်း တပ်ဆင်ထားခြင်း။ ပထမတံခါး ပိတ်သွားပြီးမှသာ ဒုတိယတံခါး ပွင့်လာသည်။ ထို့နောက်မှာမှ ကုမ္ပဏီရုံးခန်းများထဲသို့ သင်ခြေချလို့ရသည်။

ဧည့်သည်များ စောင့်ဆိုင်းခန်းတွင် မှန်စားပွဲတစ်လုံးနှင့် သားရေကုလားထိုင်နှစ်လုံး ချထားသည်။ ဇပ်မြို့ကလေးတွင် ဂျာမန်ဘာသာစကားကိုသာ ပြောကြသည်။ သို့ပေမယ့် စာရေးမကလေးတစ်ဦးက သူမ၏ တယ်လီဖုန်းမှတစ်ဆင့် အင်္ဂလိပ်စကားဖြင့် နှုတ်ခွန်းဆက်စကားဆိုသည်။

"မာ့ခ်ရစ်ချ်အုပ်စုက နှုတ်ခွန်းဆက်ပါတယ်ရှင်၊ မင်္ဂလာရှိသော နံနက်ခင်းပါ"

စင်စစ် ကျွန်တော်ရောက်သွားချိန်မှာ မွန်းလွဲပိုင်းဖြစ်နေပြီ။ သူ့အပေါ် သစ္စာအစောင့်သိဆုံး ကုန်သည်တစ်ဦး၏ စကားကို ကျွန်တော် သတိရမိသည်။ "မာ့ခ်ရစ်ချ်ရဲ့ အင်ပါယာမှာ ဘယ်တော့မှ နေမဝင်ဘူး"တဲ့လေ။

ရစ်ချ်၏ရုံးခန်းသို့ရောက်အောင် စာရေးမတစ်ယောက်က ကျွန်တော့်ကို ခေါ်သွားသည်။ ရှုပ်ရှုပ်ထွေးထွေး ကွေ့ကွေ့ ကောက်ကောက် စင်္ကြံလမ်းအားလုံး ဆေးအဖြူရောင်သုတ်ထားသည်။ နံရံများပေါ်တွင် မိကဲလ်ဘာစီလိုနှင့် အန်တိုနီတပီးစ် ဆိုသည့် စပိန်ပန်းချီဆရာနှစ်ဦး၏ ပန်းချီကားများ ချိတ်ဆွဲထားသည်။ သဲရောင်ကောဇောကြီးက ခြေသံများကို တိမ်မြုပ် သွားစေ၏။ ဒါရိုက်တာ၏ရုံးခန်းသို့ မရောက်မီကလေးတွင် အခန်းအကန့်တစ်ခု ရှိသည်။ အခန်းကန့်ထဲတွင် ကွန်ပျူတာ တစ်ယောက်တစ်လုံးစီဖြင့် ထိုင်နေသည်မှာ တုတ်တုတ်ခိုင်ခိုင် လူနှစ်ယောက်။ ကြည့်ရတာ သူတို့နှစ်ယောက်စလုံး ဖျင်းရိငြီးငွေ့နေကြပုံ။ "ယာဉ်မောင်းတွေ၊ လုံခြုံရေးမှူးတွေလေ"လိုက်ပို့သည့် စာရေးမက ကျွန်တော့်မေးခွန်းကိုဖြေသည်။ စာရေးမ၏အဖြေ မှန်ကန်ကြောင်း မာ့ခ်ရစ်ချ်က နောက်ပိုင်းတွင် အတည်ပြုသည်။ သူ့သက်တော်စောင့်နှစ်ဦးကတော့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

သူ့နံဘေးမှ ဘယ်တော့မှမခွာ။ နေ့လည်စာစားဖို့ လမ်းတစ်ဖက်ခြမ်းသို့ ဖြတ်ကူးသွားချိန်မှာပင် သူ့အပါးမှ မခွာကြ။ သည်တော့ သူ့ကို ဖမ်းမိလျှင် ဆုတော်ငွေပေးမည်ဟူသော အမေရိကန်အစိုးရ၏ ကြေညာချက်ကို ကျွန်တော် သတိရမိ၏။ ထို့ကြောင့် ရစ်ချ်ကို ဖမ်းမိရေးအတွက် စုံထောက်များ၊ သူလျှိုများ ကမ္ဘာအနှံ့ ခြေချင်းလိမ်အောင် လိုက်ရှာကြလေသည်။ ရစ်ချ်ကလည်း ကျည်လုံ မာစီးဒီးကားကိုသာ စီးလေသည်။

အစွရေး ထောက်လှမ်းရေးအဖွဲ့ မော့ဆက်မှ အရာရှိဟောင်းတစ်ဦး ဦးစီးသည့် လုံခြုံရေးအဖွဲ့ငယ်ကလေး၏ ဆောင်ရွက်ချက်များမှာ များစွာ အောင်မြင်ထိရောက်သည် ဆိုရမည်။ အကြောင်းမှာ ဆွစ်ဇာလန်ခြေပေါ်တွင် ရစ်ချ်ကို ပြန်ပေးဆွဲပြီး အမေရိကသို့ သယ်ဆောင်သွားဖို့ ကြိုးစားသည့် အမေရိကန်စုံထောက်များ ရစ်ချ်အနီးသို့ပင် မကပ်နိုင်ကြသော ကြောင့် ဖြစ်၏။

"သူက လုံခြုံရေးအတွက်ဆိုရင် ငွေကို ရက်ရက်ရောရော သုံးတာဗျ။သူ့မှာ ငွေရှိတယ်လေ။ ဒီတော့ လိုအပ်တာ မှန်သမျှ အကုန်ဝယ်နိုင်တာပေါ့။ အဖြစ်က တိုင်းပြည်တစ်ပြည်ရဲ့ ကာကွယ်ရေးကို ကိုင်တွယ်ရသလိုပါပဲ"

အမေရိကန်ရဲမှူးကြီး ကင်ဟေးလ်က ရှင်းပြသည်။ ကင်ဟေးလ်သည် ရစ်ချ်ကို ဖမ်းဆီးရမိဖို့ ရစ်ချ်နောက်သို့ ဆယ့်လေးနှစ်တိုင်တိုင် လိုက်လံစုံစမ်းထောက်လှမ်းခဲ့သူ ဖြစ်၏။ (သူ့ဇာတ်လမ်းကို အခန်း-၂၃တွင် ရှု။)

"ခင်ဗျားအပေါ် အပြစ်တင်ဝေဖန်ရှုတ်ချမှု အများကြီးပြုခဲ့ကြတဲ့အထဲက ဘယ်ရှုတ်ချမှုကို နာကြည်းခံခက် ဖြစ်ရဆုံးလဲ" ရစ်ချ်၏ရုံးခန်းထဲတွင် ရစ်ချ်နှင့် လူတွေ့ မေးမြန်းခန်းပြုလုပ်ရင်း ကျွန်တော် မေးကြည့်သည်။

"ခင်ဗျားပြောနေတာ ဘယ်ရှုတ်ချမှုကို ပြောနေတာလဲ"ဟု ရစ်ချ်က ပြန်မေးသည်။

မေးခွန်းတစ်ခုသည် တိကျမှုမရှိဟု ထင်မြင်မိလျှင် သူက ထိုမေးခွန်းကို မေးခွန်းဖြင့်သာ ဖြေကြားလေ့ရှိသည်။ သူက သစ်သားစားပွဲရှည်ကြီးနောက်တွင် ထိုင်နေသည်။ အဖြူရောင်သားရေစားပွဲခင်းပေါ်တွင် စာရွက်တင်ပြီး မှတ်စုတစ်ခု ရေးနေသည်။ အဝတ်အစားကတော့ သူဝတ်နေကျပုံစံအတိုင်း။ နက်ပြာရောင်ဝတ်စုံအောက်တွင် အဖြူရောင်ရှပ်အင်္ကျီနှင့် အနီရောင်လည်စည်းကို စည်းလျက်။ လောလောဆယ် သူ အအေးမိနေသည်။ ထို့ကြောင့် ကြက်သားစွပ်ပြုတ်သောက်နေ သည်။ အခန်းထဲရှိ လေထုထဲတွင် ဆေးပြင်းလိပ်မီးခိုးတွေ။ ကျွန်တော်တို့ တွေ့ဆုံကြတိုင်း သည်မီးခိုးများက ရှိနေစမြဲ။ တစ်ပိုင်းသောက်ထားပြီး မီးငြိမ်းနေပြီဖြစ်သည့် ကျူးဘားမှ ကိုဟီဘာဆေးပြင်းလိပ်သည် သလင်းကျောက်ပြာခွက်ထဲတွင် လဲလျောင်းလျက်။ ဤကား အမေရိကပြည်ထောင်စုတွင် ရစ်ချ်ခံစားခွင့်မရသည့် စည်းစိမ်တစ်ခု။

ကျူးဘားထွက် ဆေးပြင်းလိပ်များ အပါအဝင် ကျူးဘားလုပ်ကုန်ပစ္စည်းအားလုံးကို အမေရိကပြည်တွင်းသို့ မတင်သွင်းရဟု တားမြစ် မိန့်ထုတ်ထားသည်မှာ ၁၉၆၂၊ ဖေဖော်ဝါရီ (၇)ရက်နေ့ကတည်းက။ ထိုနေ့သည် ဒုမ္မတဂျွန်-

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



အက်ဖ်ကနေဒီ (John F. Kennedy)က ကျူးဘားတိုင်းပြည်နှင့် ကုန်သွယ်မှုမပြုရန် တားမြစ်ပိတ်ပင်သည့် အမိန့်ထုတ်သည့်နေ့။ ဆေးပြင်းလိပ် သောက်ရခြင်းကို မက်မောသည့် ရစ်ချ်ကတော့ သူ၏သတင်းထုတ်ပြန်ရေးအရာရှိ ပီယာဆယ်လင်ဂျာကို စေလွှတ်ပြီး သူနှစ်ခြိုက်သည့် ကျူးဘားဆေးပြင်းလိပ် အမျိုးအစားများကို အမိန့်ထုတ်သည့်ရက် မတိုင်မီကတည်းက ဝါရှင်တန်တွင် လက်လှမ်းမီသရွေ့ ဝယ်လှောင်ထားဖို့ ညွှန်ကြားခဲ့လေသည်။

ရစ်ချ်၏ စာရေးစားပွဲကြီးကို စိုးမိုးထားသည်မှာ ရောမကွန်ပျူတာဖန်သားပြင်ကြီး။ ယင်းဖန်သားပြင်ကြီးပေါ်တွင် တွေ့မြင်နေရသည်မှာ ငွေလဲလှယ်နှုန်း ယနေ့ပေါက်ဈေးများ၊ စတော့ရှယ်ယာ ယနေ့ပေါက်ဈေးများ၊ ကွန်ပျူတာဖန်သားပြင်နံဘေးတွင် တွေ့ရသည်မှာ အသစ်စက်စက် စာအုပ်နှစ်အုပ်။ “ကမ္ဘာ့လူသုံးကုန်ပစ္စည်း ကုန်သည်များ”ဆိုသည့် စာအုပ်နှင့် “ကျွန်ုပ်ဘဝဓာတ်ကြောင်း”ဆိုသည့် ဘီလ်ကလင်တန်၏ အတ္ထုပ္ပတ္တိစာအုပ်။ ရစ်ချ်ဘဝအတွက် အရေးပါသော ဓာတ်ပုံများကိုတော့ နံရံကပ်စင်ကလေးတွင် သိပ်သိပ်သည်းသည်းပြထားသည်။ ဓာတ်ပုံအများစုကတော့ သူ့သမီးများဖြစ်သည့် အိုင်လိုနာ(Ilona)နှင့် ဒင်နီယဲလ်(Danielle)တို့၏ ပုံတွေ။ ယင်းဓာတ်ပုံများ၏ ရှေ့တွင် ထောင်ထားသည့် ဓာတ်ပုံကတော့ သူ၏ဒုတိယသမီး ဂေဘရီယယ်လ်(gabrielle)။ ဂေဘရီယယ်လ်က သမ္မတဘီလ်ကလင်တန်၊ ဒုသမ္မတ အယ်လ်ဂိုးတို့နှင့် တွဲပြီး ဓာတ်ပုံ အရိုက်ခံထားသည်။

ဂေဘရီယယ်လ်သည် အသက်နှစ်ဆယ့်ခုနစ်နှစ်အရွယ် ၁၉၉၆ ခုနှစ်တွင် သွေးကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ တခြားဓာတ်ပုံတစ်ပုံကတော့ အစ္စရေးသမ္မတ အီဟွတ်အိုလ် မာတ့်(Ehud Olmert)က ရစ်ချ်အား ပွေ့ဖက်နှုတ်ဆက်နေသည့်ပုံ။ နံရံပေါ်တွင် ရိုးရိုးရှင်းရှင်း သစ်သားဘောင်ကွပ်ထားသည့် ဘွဲ့လက်မှတ်နှစ်စောင်။ အစ္စရေးတက္ကသိုလ်များက ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ပေးအပ်ထားသည့် ဘွဲ့လက်မှတ်တွေ။ ရစ်ချ်အား သမ္မတဘီလ်ကလင်တန်က လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည်မှာ ရစ်ချ်အတွက် အစ္စရေးနိုင်ငံရေးသမားများက ကြားဝင်စေ့စပ်ဖျန်ဖြေပေးမှုကြောင့် အဓိကဖြစ်ကြောင်း နောက်ပိုင်းတွင် ကျွန်တော်တို့ တွေ့မြင်ရပါလိမ့်မည်။

ရစ်ချ်အနေဖြင့် အစ္စရေးအား ကျေးဇူးတင်ရမည့်အကြောင်းရင်းပေါင်း မြောက်မြားစွာ ရှိခဲ့၏။ ထိုအထဲတွင် ရစ်ချ်အတွက် သေရေးရှင်ရေးဖြစ်သော လုံခြုံရေးစနစ်တွေ ကြံဆောင်ပေးခြင်းသည် တစ်ခုအပါအဝင်ပါတည်း။ ဤအကြောင်း နောက်ပိုင်းတွင် ကျွန်တော် ဖော်ပြပါမည်။

ကဲ ယခု သူမေးထားသည့် မေးခွန်းကို ကျွန်တော် ဖြေရတော့မည်။

“အီရန်မှာ အမေရိကန်သံရုံး အမှုထမ်းတွေကို ဆန္ဒပြသမားတွေက ပြန်ပေးဆွဲထားကြတဲ့အချိန်မှာ ခင်ဗျားက အယာတိုလာခိုမေနီဆီက အီရန်ရေနံတွေ ဝယ်ခဲ့တယ်။ အမေရိကန်အစိုးရက ကျူးဘားနဲ့ ကုန်သွယ်မှုမပြုဖို့ တားမြစ်ပိတ်ပင်

www.burmeseclassic.com

the bookhouse

ထားချိန်မှာ ခင်ဗျားက ဖီဒယ်ကတ်စထရိုနဲ့ စီးပွားရေးလုပ်ခဲ့တယ်။ လူမျိုးရေးခွဲခြားတဲ့ ဥပဒေတွေကြောင့် အသားမည်း လူမျိုးတွေ အတိဒုက္ခရောက်နေတဲ့ တောင်အာဖရိကအစိုးရဆီကို ခင်ဗျား ရေနံတွေ တင်ပို့ပေးခဲ့တယ်။ နောက်ပြီး အမေရိက ပြည်ထောင်စုသမိုင်းမှာ မှတ်တမ်းတင်ရလောက်အောင် ကြီးမားတဲ့ အခွန်တိမ်းရှောင်မှုကို ခင်ဗျား ကျူးလွန်ခဲ့တယ် တဲ့''

သူ ကျွန်တော့်ကိုကြည့်ပြီး နူးညံ့သောအသံဖြင့် ပြောသည်။

''အဲဒီစွပ်စွဲချက်တွေကို ဖန်တရာတေအောင် ကြားရလွန်းလို့ ကျွန်တော် မဖြုံတော့ဘူး။ ပြီးနေပြီဗျ''

''ခင်ဗျားပြောပြတဲ့အတိုင်း ကြောက်စရာအကောင်းဆုံး တစ္ဆေကြီးဆိုတာကတော့ နာကြည်းချင်စရာကြီးပဲဗျာ'' ကျွန်တော် ရွတ်ပြောသည်။

မာ့ခ်ရစ်ချ်ကတော့ ''ဟင့်အင်း''ဟု ပြောပါသည်။

ခပ်ဆပ်ဆပ်ပြောလိုက်သည့် သူ့အဖြေစကားကို အချိန်အကြာကြီး စဉ်းစားချင့်ချိန်ပြီးမှ ပြောသည်။ ကျွန်တော် ကြားရသည့် သူ့အဖြေစကားများတွင် ယုံကြည်ချက် ခိုင်မာမှုမပါခြင်းသည် ယခုတစ်ကြိမ် ပထမဆုံးအကြိမ် ဖြစ်ပါသည်။ ယင်းစွပ်စွဲချက်များက သူ့အား ဆတ်ဆတ်ခါနာကျည်းစေခဲ့ကြောင်း သူ့မိတ်ဆွေတော်တော်များများက ကျွန်တော့်ကို ပြောပြကြသည်။

ကျွန်တော့်ခေါင်းထဲမှ သံသယများကို ရိပ်စားမိသည့်အလား သူက ပြုံးလိုက်သည်။ မထုံတက်သေးအပြုံး။ နောက်ပြီး ကောက်ကာငင်ကာ မေးခွန်းထုတ်သည်။

''ခင်ဗျား နှင်းလျှောစီးတတ်လား''

ကျွန်တော် တအံ့တဩဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ''ဆွစ်လူမျိုးတိုင်း နှင်းလျှောစီးတတ်တယ်ခင်ဗျ။ ကျွန်တော် သုံးနှစ်သားကတည်းက နှင်းလျှောစီးလာတာပါ'' ကျွန်တော် ပြောတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု လွန်ကဲလွန်းရာ ရောက်သွားသည်လား မသိပါ။

''ခင်ဗျား နှင်းလျှောစီး ဘယ်လောက်ကျွမ်းတယ်ဆိုတာ ကျွန်တော့်ကို လက်တွေ့ပြလေ''။ သူကပြောပြီး ခရစ်စမတ်ပွဲတော်ရက်မတိုင်မီ နှစ်ယောက်အတူ နှင်းလျှောစီးကြဖို့ အဆိုပြုတော့သည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



## နှစ်လိုဖွယ်ကောင်းပြီး ဉာဏ်နီဉာဏ်နက်များသူ

သွေးခဲမတတ် ချမ်းအေးသော ဒီဇင်ဘာနံနက်ခင်းတွင် ကျွန်တော့်ကားကို ရွှေလများစက်ခါးပတ်ရုံခြေရင်းတွင် ရပ်လိုက်၏။ စက်ခါးပတ်ရုံသို့ ရောက်လာသူများထဲတွင် ကျွန်တော် ပထမ။ တခြားဘယ်သူမှ မရောက်သေး။ သည်နေရာတွင် ရစ်ချ်နှင့် ချိန်းထားသည်။ ကျွန်တော် ရစ်ချ်ကို စောင့်နေသည်။ သူနှင့် စတင် သိကျွမ်းခဲ့သည်မှာ လွန်ခဲ့သည့် လအနည်းငယ်ကတည်းက သည်လူ က စကားနည်းသည်။ သို့တိုင် ပွင့်လင်းသည်။ သည်လူက နှစ်လို ဖွယ်ကောင်းသည်။ သို့တိုင် ဉာဏ်နီဉာဏ်နက်များသည်။ ယခုဆို သူ့အသက်ခုနစ်ဆယ့်လေးနှစ်။ သို့တိုင် အာရုံစူးစိုက် အားကောင်းနေဆဲ။ အံ့ဩစရာအကောင်းတကာ့အကောင်းဆုံးကတော့ သူ့ကို သက်သတ်လွတ်သမားတစ်ဦးအဖြစ် လူသိများထားသည်။ သတင်းသမားများကလည်း သည်အတိုင်း သိထားကြသည်။ သို့သော် ယခုတော့ သူက ဝက်သားနှင့်တို့စရာသည့် အချဉ်ရည်အကြောင်း တော်တော်ပြောနေခြင်း။ နောက်ပြီး လူတွေ့ဖြေကြားခန်း တစ်ခုကို နောက်ဆုံးတစ်ကြိမ် အချိန်ကြာကြာ ပြုလုပ်ခဲ့သည်မှာ ဘလင်တံတိုင်းကြီးများ ထိုးထိုးထောင်ထောင်ရှိနေစဉ်က ဖြစ်၏။ ထို့နောက်ပိုင်း လူတွေ့ဖြေကြားမှုကို တစ်ကြိမ်တစ်ခါမျှ မပြုလုပ်ခဲ့။ ပြုလုပ်ဖို့ ငြင်းဆန်ခဲ့သည်ချည်း။ ထိုကဲ့သို့သော လူတစ်ဦးက ယခု ကျွန်တော်စေသည့် မေးခွန်းတိုင်းနီးပါး ဖြေနေခြင်း။ ထိုအထဲတွင် အတိမ်းအစောင်းမခံဘဲ ဖြေရခက်လှသည့် မေးခွန်းများပင် ပါနေသေးသည်။

မာခ့်ရစ်ချ်၏ဇာတ်လမ်းမှာ ဖြစ်ရိုးဖြစ်စဉ် အမေရိကန်ဇာတ် လမ်းဖြစ်သလို ဖြစ်ရိုးဖြစ်စဉ် ဂျူးဇာတ်လမ်းတစ်ပုဒ်လည်း ဖြစ်နေသည်။ ပန်းကန်ဆေးသည့်ကောင်ကလေးမှသည် သန်းကြွယ်သူဌေးကြီးဖြစ်လာသည့် စိတ်ကူးယဉ်ဇာတ်လမ်းမျိုး နာဇီတွေက ဂျူးလူမျိုးတုံး သုတ်သင်ဖို့ အားထုတ်သည့် အစီအစဉ်မှ လွတ်သည်ဆိုရုံ လွတ်လာသည့် ဂျူးကောင်ကလေး။ ၁၉၄၁ ခုနှစ် နွေဦးတွင် နာဇီများ သတ်မည့်ဘေးမှ လွတ်အောင် အန့်တဝပ်(Antwenp) မှ မိသားစုနှင့် ထွက်ပြေးခဲ့ရသူ။ သူ့မှာ ပိုက်ဆံဆိုလို့ ခြူးတစ်ပြားမျှ ပါမလာ။ အင်္ဂလိပ်လိုကလည်း တစ်ခွန်းမျှ မပြောတတ်။ ရစ်ချ်သည် ကုန်တင်သင်္ဘောကြီးပေါ်တွင် ပုန်းလျှိုးကွယ်လျှိုးဖြင့် ဦးစွာ မော်ရိုကိုသို့ ပြေးခဲ့သည်။ နောက်ဆုံး အမေရိကပြည်ထောင်စုသို့ ကံကောင်းခြင်းကြီးစွာ ရောက်ရှိခဲ့သည်။ သူ့အမည်ကို မာ့ခ်ရစ်ချ်ဟု ပြောင်းပြီး ကမ္ဘာ့ကုန်သွယ်ရေးလောကထဲ ဝင်ခဲ့သည်။ သည်လုပ်ငန်းမျိုးကို လွန်ခဲ့သည့် ရာစုနှစ်ပေါင်းများစွာ ကတည်းကပင် ဂျူးလူမျိုးတွေ လုပ်ကိုင်ခွင့်ရခဲ့သည့် လုပ်ငန်းတစ်မျိုး။ အသက်ကလေးငယ်ငယ်နှင့် ကျိုကျိုတက်ချမ်းသာ လာသူတစ်ဦးအကြောင်း လူတွေပြောစရာဆိုစရာ ဖြစ်လာတော့၏။ အံ့လောက်သော ကျွမ်းကျင်လိမ္မာမှုများ ရှိသည်။ ခိုင်မာပြတ်သားသော စိတ်ပြဋ္ဌာန်းချက်ရှိသည်။ နောက်ပြီး

the bookhouse
we bring you the future
www.burmeseclassic.com

www.burmeseclassic.com



ခွဲကောင်းသည်။ သည်တော့ သူ့ခေတ်သူ့ကာလတွင် အအောင်မြင်ဆုံး လူသုံးကုန်ပစ္စည်း ကုန်သည်ကြီးတစ်ဦး ဖြစ်လာတော့၏။ ထို့နောက်တွင် သူသည် တရားဥပဒေကို လက်တစ်လုံးခြား ကွက်ကျော်ရိုက်လွန်းသည့်အတွက် သူသည် အက်ဖ်ဘီအိုင်အဖွဲ့၏ အလိုအရှိဆုံးလူများစာရင်းဝင် ဖြစ်လာသည်။ သူ့နောက်သို့ မိုးမြေအနံ့ ကောက်ကောက်ပါအောင် လိုက်ပြီး အမိဖမ်းနိုင်လျှင် ဝုဏ်ပြုဆုငွေ ထိုက်ထိုက်တန်တန် ပေးဖို့ပင် ကြေညာချက်ထုတ်ခဲ့ရလေသည်။

ရစ်ချ်၏ အသက်မွေးမှုလုပ်ငန်းသည် နှစ်ဆယ်ရာစုနှစ်၏ အံ့ဖွယ် အသက်မွေးမှုလုပ်ငန်းများထဲမှ တစ်ခုဖြစ်နေသည်။ နှစ်ဆယ်ရာစုနှစ်များ၏ အသက်မွေးမှုလုပ်ငန်းများမှာ နိုင်ငံရေးကိစ္စများနှင့် ကင်းလို့မရ။ ရစ်ချ်၏ လုပ်ငန်းကတော့ ကမ္ဘာ့သမိုင်းတွင် အမှတ်ထင်ထင် ဖြစ်ရသည့် ဖြစ်ရပ်ကြီးများနှင့် ထွေးလုံးရစ်ပတ် ဆက်နွှယ်နေလေသည်။ ဥပမာ ၁၉၅၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဖီဒဲလ်ကက်စရိုက်၏တော်လှန်ရေး။ ၁၉၆၀ ပြည့်လွန်နှစ်များတွင် အာဖရိကကို ကိုလိုနီနိုင်ငံအဖြစ် သိမ်းပိုက်ခြင်း။ ၁၉၇၄ တွင် ရေနံပြဿနာကြောင့် တစ်ကမ္ဘာလုံး တုန်လှုပ်ခဲ့ရခြင်းနှင့် ယွန်းကပူး(Yon Kippun)စစ်ပွဲဖြစ်ပွားခြင်း။ ပါရှား(Persia)နိုင်ငံမှ ရှားဟ်ဘုရင် နန်းစွန့်ရခြင်းနှင့် ၁၉၇၉ တွင် အီရန်၌ အယာတိုလာခိုမေနီ အာဏာသိမ်းပိုက်ခြင်း။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် အာဖရိက၌ လူမျိုးခွဲခြားရေးမူဝါဒကိုင်စွဲသည့် အစိုးရတက်ခြင်း။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဆိုဗီယက်ယူနီယံကြီး ပြိုကွဲသွားခြင်း။ အဆိုပါ အဖြစ်အပျက်များ ဖြစ်ပျက်နေသည့် ခေတ်ကာလများတွင် မာ့ခ်ရစ်ချ်နှင့် လုပ်ဖော်ကိုင်ဖက်များ ကျင်လည်ခဲ့ကြခြင်းဖြစ်၏။ သူတို့၏ လုပ်ရည်ကိုင်ရည်ရှိမှု၊ သူတို့၏ ကြိုးစားအားထုတ်မှုနှင့် သူတို့၏ လောဘစိတ်ကြောင့် အထက်ပါဖြစ်ရပ်ဆိုးများကြားထဲတွင် သူတို့ရှင်သန်ရပ်တည်နိုင်ခဲ့သည်။ သူတို့၏ ပြိုင်ဘက်များထက် သာလွန်အောင် စီးပွားရှာနိုင်ခဲ့ကြသည်။ မည်သို့ဖြစ်စေ၊ အရေးအကြီးဆုံး မှတ်တမ်းတင်ရမည့်အချက်မှာ လူသုံးကုန်ပစ္စည်း ကုန်သွယ်ရေးစနစ်ကို ကမ္ဘာ့မှုပြုခြင်း Globalization ဟူသည့် တစ်ခေတ်ဆန်း တီထွင်မှုကို ဦးစွာ တီထွင်ခဲ့သူမှာ မာ့ခ်ရစ်ချ်ဖြစ်နေခြင်းပင်။ သူ့နာမည်သည် စီးပွားရေးစနစ်တော်လှန်ရေးနှင့် ထာဝစဉ် ဆက်နွှယ်နေတော့မည်။ သူက ကြိုက်ရောင်းကြိုက်ဝယ် ကုန်သွယ်ရေးစနစ်ကို တီထွင်ခဲ့သူပါတည်း။ ဤစနစ်သာ မရှိခဲ့လျှင် ခေတ်သစ် ရေနံရောင်းဝယ်ရေးစနစ်တစ်ခု ပေါ်ထွန်းလာမည်မဟုတ်တော့ချေ။

သင့်တိုင်ကီထဲ ဓာတ်ဆီဖြည့်တော့မည်ဆိုလျှင် ဓာတ်ဆီရှိသည့်နေရာသို့သွားပြီး ထိုနေရာမှာပင် ဈေးစကားဆိုမည်။ ယာဉ်မောင်းက ဓာတ်ဆီလိုသည်။ ခေါ်သည့်ဈေးကို လက်ခံသည်ဆိုလျှင် သူ့တိုင်ကီထဲသို့ ဓာတ်ဆီဖြည့်ခိုင်းမည်။ ကျသင့်ငွေကို ပေးချေမည်။ ပြီးတော့ မိမိကားကို မောင်းထွက်လာမည်။ ဓာတ်ဆီရောင်းလိုက်သူကို လှည့်ကြည့်ဖို့မလို။ ကျေးဇူးတင်နေဖို့ မလို။ ဤကား ယခင်ကုန်သွယ်ရေးစနစ်ဟောင်းကို ၁၉၇၀ ပြည့်လွန်နှစ်များတွင် ပြောင်းလဲပစ်လိုက်ခြင်း။ ယခင်ကဆို ကမ္ဘာ့ရေနံထွက် ပမာဏ၏ ငါးရာခိုင်နှုန်းလောက်သာ လွတ်လပ်အနှောင်အဖွဲ့ကင်းစွာ ရောင်းဝယ်ကြ၏။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကျန် ၉၅ ရာခိုင်နှုန်းမှာ ဝယ်လိုအားနှင့် ရောင်းလိုအားပေါ် အခြေပြုပြီး နှစ်ရှည်ကန်ထရိုက်များ၊ ပုံသေဈေးနှုန်းများဖြင့် ရေနံကို လက်ပြောင်းလက်လွဲလုပ်ကြရ၏။ ဒုတိယကမ္ဘာစစ်ကြီး ပြီးကတည်းက ကမ္ဘာ့ရေနံဈေးကွက်ကို ''ညီအစ်မခုနစ်ဖော်''ဟု အမည်ပေးထားသည့် စုပေါင်းရေနံကုမ္ပဏီကြီးများ အုပ်စုက လက်ဝါးကြီးအုပ် အမြတ်ထုတ်နေခဲ့ကြလေသည်။

သို့သော်

အချင်းချင်း ပြိုင်ဆိုင်ခြင်းမပြုဘဲ လက်ဝါးရိုက်နားလည်မှုယူထားသည့် အဆိုပါ မဟာဘီလူး ရေနံကုမ္ပဏီကြီးများမှာ ပထမဦးစွာ အရိုက်ထိုးခံခဲ့ရသည်။ အရိုက်ကိုထိုးလိုက်သူမှာ မာ့ခ်ရစ်ချ်အပေါင်းပါများ အောင်ကုမ္ပဏီဖြစ်၏။ ၁၉၇၄ ခုနှစ်ကမှ ဆွစ်ဇာလန် ဂိုဇပ်မြို့ကလေးတွင် ဖွဲ့စည်းခဲ့သည့် ကုမ္ပဏီပေါက်စကလေး။ ယင်းဖြစ်ရပ်မှာ ဆိတ်လောက်သာရှိသည့် ဆော့ဖ်ဝဲကုမ္ပဏီကလေးတစ်ခုက ဆင်လောက်ရှိသည့် မိုက်ခရိုဆော့ဖ်ကုမ္ပဏီကြီးကို အငိုက် အရိုက်ထိုးလိုက်သည့်နှယ်။ ဘာမျှ မကြာသောအချိန်ကာလအတွင်း မာ့ခ်ရစ်ချ်နှင့် လုပ်ဖော်ကိုင်ဖက်လေးယောက်သည် လူသုံးကုန်ပစ္စည်း ကုန်သည်အားလုံး၏ ယုံကြည်လေးစားအားကျမှုကို အရယူနိုင်ခဲ့လေသည်။ ယခင်က လုံးဝအရောင်းအဝယ်ဖြစ်သည့် ကုန်ပစ္စည်းများ (သို့မဟုတ်) မဆိုစလောက်သာ အရောင်းအဝယ်ဖြစ်သည့် ကုန်ပစ္စည်းများကို သူတို့က ဈေးကွက်အသစ်တစ်ခု ဖော်ထုတ်လိုက်ကြသည်။ သူတို့က ''ညီအစ်မခုနစ်ဖော်''ကို ကျော်လွှားနိုင်မည့် လွတ်လပ်သော ဖြန့်ချိရေးစနစ်တစ်ရပ်ကို တီထွင်နိုင်စွမ်းရှိကြသည်။ ဝယ်လိုအားမြင့်လာလျှင် စားသုံးသူများ ကြီးမြင့်သောဈေးနှုန်းနှင့် ကြုံရမည်။ မာ့ခ်ရစ်ချ်သည် ရေနံအရောင်းအဝယ်ကောင်းသည့် ခေတ်ဦးကိုမီလိုက်လေသည်။ ၁၉၆၀ပြည့်လွန်နှစ်များ နှောင်းပိုင်းတွင် တူနီရှားပြည်မှ ရေနံပမာဏ အတော်အသင့်ကို ရစ်ချ်ဝယ်ခဲ့၏။ ထိုစဉ်က ရေနံစိမ်းတစ်ပီပါလျှင် (၂)ဒေါ်လာပေးရသည်။ (ယင်းဈေးနှုန်းသည် ၂၀၀၈ ခုနှစ်၊ ဇူလိုင်လတွင် စံချိန်တင်ရလောက် (၁၄၇)ဒေါ်လာထိ တက်ခဲ့ပြီးနောက် ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် (၃၅)ဒေါ်လာထိ ပြန်ကျခဲ့လေသည်။)

ရေနံထွက်နိုင်ငံများ၏ လွတ်မြောက်ခွင့်ကို မာ့ခ်ရစ်ချ်က အစဖော်ပေးခဲ့သည်။ ယခုတော့ နိုင်ငံစုံ ရေနံကုမ္ပဏီကြီးများ အားပြိုင်မှုကြီးမားလာသည့်အတွက် ရေနံထုတ်နိုင်ငံများသည် သူတို့၏ သဘာဝသယံဇာတပစ္စည်းများကို ကြိုက်ဈေးပေါ်ရောင်းခွင့်ရလာသည်။ မာ့ခ်ရစ်ချ်နှင့် ကာလရှည်လျားစွာ တွဲဖက်အလုပ်လုပ်ခဲ့သူ အိုက်ဇက်ကွာရပ်ကတော့ သူ့မိတ်ဆွေထို ကားလ်မတ်စ်(Karl Marx)နှင့်ပင် လွန်လွန်ကျူးကျူး နှိုင်းယှဉ်ခဲ့၏။ ကားလ်မတ်စ်က ကမ္ဘာ့အလုပ်သမားထုကို သူတန်းစားနှင့် အကျိုးစီးပွား အသိရှိဖို့ နှိုးဆွပေးခဲ့သလို မာ့ခ်ရစ်ချ်ကလည်း ရေနံထုတ်နိုင်ငံများအနေဖြင့် ကိုယ့်ကိုယ်ကျိုးစီးပွားကိုယ်ကာကွယ်ဖို့ နှိုးဆွခဲ့၏။ ဤအသိကို ဖွင့်ပေးခဲ့ခြင်းသည်လည်း တစ်နည်းအားဖြင့် တော်လှန်ရေးတစ်ရပ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆင်နွှဲခဲ့ခြင်းပင် ဖြစ်တော့၏။ ဤအချက်၏ အမှန်တရားကို ယုံမှား သံသယဖြစ်စရာ မလိုပါချေ။

■

**'သူဟာ ကျုပ်တို့ရဲ့ နတ်ဘုရားပါ'**

**မာ့ခ်ရစ်+အပေါင်းပါများ ကုမ္ပဏီသည် တည်ထောင်ပြီး ဆယ်နှစ်မျှမပြည့်မီအတွင်း ကမ္ဘာပေါ်ရှိ ရေနံရောင်းဝယ်ရေး ကုမ္ပဏီများထဲတွင် အကြီးမားဆုံးနှင့် အမြတ်အစွန်းအများဆုံး ကုမ္ပဏီဖြစ်လာသည်။** နောက်ပြီး အနှောင်အဖွဲ့ကင်းပြီး လွတ်လွတ်လပ်လပ် **စီးပွားရေးလုပ် သည့် ကုမ္ပဏီကြီးဖြစ်လာသည်။** သူတို့တစ်တွေ ဘယ်လောက် လွတ်လွတ်လပ်လပ် **စီးပွားရေးလုပ်ကြသလဲဆို ကုမ္ပဏီ၏** အဓိကမဏ္ဍိုင် အစုရှယ်ယာရှင်ဖြစ်သည့် မာ့ခ်ရစ်နှင့် ပင်းကပ်ဂရင်း (Pincus green) တို့ကို ဖမ်းဆီးဖို့ ကမ္ဘာ့အင်အားအကြီးဆုံး နိုင်ငံတစ်နိုင်ငံက သူ့လူများကို စေလွှတ်ခဲ့သည်အထိ ဖြစ်ခဲ့၏။ ရေနံရောင်းဝယ်ရေးလောကတွင် မာ့ခ်ရစ်ချ်နှင့် အပေါင်းပါများကို ဘယ်သူမျှ ရှောင်လို့မရ၊ တိမ်းလို့မရ။

"၁၉၈၀ ပြည့်လွန်နှစ်တွေ ထက်ဝက်အကျိုးမှာ ကျွန်တော်တို့ တစ်နေ့ကို ရေနံစိမ်းစည်ပေါင်း ၁သန်း အရောင်းအဝယ်ရှိနေပြီ"ဟု ရစ်ချ်က ပြောသည်။ မာ့ခ်ရစ်ချ်နှင့် အပေါင်းပါများသည် များမကြာမီ အတွင်းလူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးတွင်လည်း အကြီးမားဆုံး ကုမ္ပဏီဖြစ်လာသည်။ သူတို့က ရေနံအရောင်းအဝယ်သာပြုတော့ သည်မဟုတ်။ ခုတော့ သတ္တုများနှင့် တွင်းထွက်ပစ္စည်းမျိုးစုံကိုလည်း ရောင်းဝယ်ဖောက်ကားနေကြပြီ။ အလူမီနီယံမှသည် သွပ်အထိ အကျိုးဝင်သောသတ္တုများ။

"သတ္တုရောင်းဝယ်ရေးလောကမှာ တွင်ကျယ်နေတာ မာ့ခ် ရစ်ချ်နဲ့ လူပုကလေး လေးဆယ်ပေါ့ဗျာ"ဟု သူ့ပြိုင်ဘက်တစ်ဦးက ပြောသည်။ သူ့လေသံတွင် လေးစားအားကျခြင်းနှင့် ကြိတ်မှိတ် သည်းခံရခြင်း ရောစွက်နေ၏။ မိမိကိုယ်တိုင် အောင်မြင်သည့် ရေနံကုန်သည်တစ်ဦး ဖြစ်မလာမီ ရစ်ချ်ထံတွင် ကာလကြာရှည် အလုပ် လုပ်ပေးခဲ့သည့် ရေနံကုန်သည်တစ်ဦးကတော့ မလိုတမာကင်းသည့် လေသံ၊ အငေါ်တူးမှုကင်းသည့်လေသံဖြင့် ပြောပြခဲ့သည်မှာ

"မာ့ခ်ဟာ မဟာဘီလူးကြီးဗျ၊ ဟင်း မဟုတ်သေးဘူး။ ဒီထက်မက ကြီးသဗျ။ သူဟာ ကျုပ်တို့ရဲ့ နတ်ဘုရားပါ။ အမြတ်အစွန်းရတဲ့ အရောင်းအဝယ်တစ်ခုအတွက် ချီးကျူးဂုဏ်ပြုဖို့ ဆင့်ခေါ်ပြီဆိုရင် အဲဒါဟာ ကျုပ်တို့ကို နတ်ဘုရားက ဆင့်ခေါ်သလိုပါပဲဗျာ"ဟူ၏။

သူ့ ကိုယ်ရည်ကိုယ်သွေးကို ချင့်တွက်ရာ၌ နှိုင်းယှဉ်တင်စားမှု အတိုင်းအတာက ကွာဟလွန်းလှသည့် ကြောက်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

စရာအကောင်းဆုံး တစ္ဆေကြီး''မှသည် ''နတ်ဘုရား''ထိတိုင်။ သူ့ကို နှစ်သက်သူကလည်း မြတ်မြတ်နိုးနိုး နှစ်သက်သည်။ မနှစ်သက်သူကလည်း သူ့နာမည်ကိုပင် မကြားချင်လောက်အောင် မုန်းသည်။

နှင်းပွင့်လို ဖြူဖွေးခြင်းနှင့် ကတ္တရာလို မည်းနက်ခြင်း။ သည်လိုဖြစ်ရတာ ဘာကြောင့်လဲ။ လူတွေ၏ စိတ်ခံစားချက်များ နက်နက်နဲနဲ လှုပ်ခတ်စေအောင် သူဘာတွေလုပ်ခဲ့လို့လဲ။ သည်အကြောင်းကို စိတ်ပညာရှုထောင့်မှ ချဉ်းကပ်ဖြေရှင်းလို့ ရပါသည်။ မာ့ခ်ရစ်ချ် ဘယ်လို လူစားလဲဆိုတာ ခွဲခြားလို့လွယ်ပါသည်။ မာ့ခ်ရစ်ချ်သည် လူတစ်ယောက်ဖြစ်၏။ လူတစ်ယောက်တွင် အယူအဆ ကွဲပြားစရာအကြောင်းတွေ ရှိ၏။ နားလည်ရခက်သော အကြောင်းတွေရှိ၏။

အဆိုပါအကြောင်းနှစ်မျိုးစလုံးကို ဥပေက္ခာပြုလိုက်ပါ။ ထိုနည်းတူစွာပင် ရေနံရောင်းဝယ်ရေးလောကတွင် ယေဘုယျအားဖြင့် အယူအဆကွဲပြားစရာတွေရော ခက်ခဲနက်နဲသည့် အကြောင်းအရာများပါရှိ၏။ ရေနံရောင်းဝယ်ရေးလောကအကြောင်း လေ့လာရာမှာလည်း အဆိုပါအကြောင်း တရားများကို ဥပက္ခောပြုပစ်လိုက်ပါ။

ထိုသို့မဟုတ်ဘဲ ရစ်ချ်ကို တစ္ဆေသရဲကောင်ကြီးလို မှတ်ယူလိုက်လျှင် (သို့မဟုတ်) ရစ်ချ်ကို သာမန်လူသားစစ်စစ်ထက် ကြီးမြတ်သော ပုဂ္ဂိုလ်ကြီးတစ်ဦးလို သတ်မှတ်လိုက်လျှင် ကျွန်တော်တို့ ကိုယ့်အပြစ်တွေ ကိုယ်ချင်းစာဖို့ လွယ်ကူသွားမည်။ ဘာကြောင့်ဆို ကျွန်တော်တို့သည်လည်း လူသားတွေပဲလေ။ ကျွန်တော်တို့လည်း နိုင်ငံရေးနှင့် လူကျင့်ဝတ်ဆန့်ကျင်သည့်လုပ်ရပ်မှားများကို လုပ်ခဲ့ကြသည်ချည်း ဖြစ်သောကြောင့်ပါ။

လူသုံးကုန်ပစ္စည်းအများစုသည် ဒီမိုကရေစီလမ်းသို့ လျှောက်လှမ်းပြီး လူ့အခွင့်အရေးကို အသိအမှတ်ပြုနေသည့် နိုင်ငံများမှ ပေါ်ထွက်လာခြင်းမဟုတ်။ ''သယံဇာတပစ္စည်း ကျိန်စာမိ''နေသည့် နိုင်ငံများနှင့် ''အလျှံပယ် ကြွယ်ဝနှင့် ဒီမိုကရေစီဖြစ်''နေသည့် နိုင်ငံများမှ ပေါ်ထွက်ခြင်းဖြစ်၏။ ဆိုလိုသည်မှာ ရေနံ သဘာဝဓာတ်ငွေ့ (သို့မဟုတ်) သတ္တုတွင်းများ ပေါကြွယ်ဝသည့်နိုင်ငံများတွင် ဆင်းရဲမွဲတေမှု၊ အကျင့်ပျက်ခြစားမှုနှင့် မမှန်ကန်သောလူတစ်စုက မင်းလုပ်အုပ်ချုပ်နေမှုတို့ကို ကြုံတွေ့ကြရလေ့ရှိသည် ဆိုသည့်သဘော။ လူသုံးကုန်ပစ္စည်း ကုန်သည်များသည် ထိုသို့သောနိုင်ငံများတွင် လုပ်ငန်းအောင်မြင်လိုသည်ဆိုလျှင် လူဖြောင့်လူမှန်ကြီး လုပ်နေလို့မဖြစ်။ တခြားနိုင်ငံများတွင် မျက်မှောင်ကြုတ်သည့်လုပ်ရပ်မျိုး၊ တရားဥပဒေချိုးဖောက်ရာရောက်သော လုပ်ရပ်မျိုးကို မလုပ်မဖြစ် လုပ်မှရပေမည်။

''သင် ရောမပြည်မှာ ရောက်နေလျှင် ရောမသားများ ကျင့်ကြံသည့်အတိုင်း ကျင့်ကြံပါ''

ရေနံကုန်သည်တစ်ဦးက ကျွန်တော့်မေးခွန်းများကို ဖြေကြားသည့်အနေဖြင့် အထက်ပါအတိုင်း ပြောခဲ့ဖူးပါသည်။ သူသည် ရေနံသယံဇာတပေါကြွယ်ဝပြီး ကမ္ဘာပေါ်တွင် အကျင့်ပျက် ခြစားဆုံးနိုင်ငံများထဲတွင် တစ်နိုင်ငံဖြစ်သည့် နိုင်ဂျီးရီးယား(Nigeria)တွင် အကြာကြီးနေထိုင်ခဲ့သူဖြစ်၏။ သူ့စကားအဓိပ္ပာယ်ကို ရှင်းပြဖို့ ကျွန်တော်က မေးသောအခါ

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကိုယ်ဝန်ဆောင်ချင်ရင် လင်မယူဘဲ အပျိုဘဝနဲ့ နေလို့မရဘူးလေ"ဟု သူက ရှင်းပြ၏။ နောက်ပြီး လုပ်ငန်းကန့်ထရိုက်တွေရဖို့အရေး သူသည် တံစိုးလက်ဆောင်များပေးခဲ့ရကြောင်း၊ လာဘ်ပေးလာဘ်ယူမှုများ ပြုခဲ့ရကြောင်း ဝန်ခံစကားဆိုခဲ့သည်။ "မာ့ခ်ရစ်ချ်၏ရောင်းဝယ်ရေးအင်ပါယာကြီးကို စနစ်တကျ စီမံဖန်တီးထားသည့် လာဘ်ထိုးနည်းများဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်သည်"ဟု မာ့ခ်ရစ်ချ်နှင့်ပတ်သက်၍ အစိုးရအဖွဲ့ ပြုပြင်ပြောင်းလဲရေးကော်မတီက စွပ်စွဲခဲ့လေသည်။

ယင်းစွပ်စွဲချက်ကို နိုက်ဂျီးရီးယားမှ ရေနံကုန်သည်တစ်ဦး လက်သင့်မခံ။

"ကျုပ်တို့ လာဘ်ထိုးတဲ့ကိစ္စတစ်ခုတည်းပဲ လုပ်နေရင် ကျုပ်တို့လုပ်ငန်း ဘယ်အောင်မြင်မလဲ။ မအောင်မြင်ရုံ မဟုတ်ဘူး။ ရေနံရောင်းဝယ်ရေးလောကထဲမှာကို ဆက်ပြီး ခိုကပ်နေနိုင်မှာ မဟုတ်ဘူး။ ပိုပြီး အရေးကြီးတာက ကျုပ်တို့ရဲ့ ဖောက်သည်တွေကို ကျုပ်တို့က ကျုပ်တို့ရဲ့ ပြိုင်ဘက်တွေထက်သာအောင် ဝန်ဆောင်မှုပေးလို့ပဲ"

သက်ဆိုင်ရာ အာဏာပိုင်များအား တံစိုးလက်ဆောင်ပေးခြင်းအမှုကို ရစ်ချ်ကိုယ်တိုင် မငြင်းမပယ်ခဲ့ပါချေ။ (အခန်း-၁၄တွင် ရှု)

■

"လူအများကို တွန်းအားပေးနေတဲ့ ရည်မှန်းချက်ကပဲ ကျွန်တော့်ကို တွန်းအားပေးနေတယ်လေ။ လူသားမျိုးနွယ်ဟာ ရည်မှန်းချက်တွေကြောင့် တိုးတက်ထွန်းကားလာတာပေါ့။ တချို့က ပိုပြီး မြင့်မြင့်တက်ချင်ကြတယ်။ တချို့က ပိုပြီး မြန်မြန်ပြေးချင်ကြတယ်။ တချို့ကတော့ လေထဲမှာ ပျံချင်ကြတယ်။ အဲဒီအချိန်မှာ တခြားလူတွေက ရေထဲ စိုက်ဆင်းချင်ကြတယ်။ အဲ ကျွန်တော်ကတော့ စီးပွားရေးမှာ အောင်လံလွှင့်ချင်တယ်"

သူ၏ နောက်ဆုံးနယ်စည်းမှာ ကမ္ဘာမြေကြီးရဲ့ မြေမျက်နှာပြင်နှင့် ထိုမျက်နှာပြင်အောက်တွင် တည်ရှိနေသည့် ရတနာသိုက်တွေဖြစ်သည် ဆို၏။ သူ့ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် သူက ဘယ်သူနှင့်မဆို အရောင်းအဝယ်လုပ်သည်။ သူနှင့် အရောင်းအဝယ်လုပ်မည့်သူသည် အာဏာရှင်ဖြစ်ချင်ဖြစ်မည်။ ဒီမိုကရက်တစ်ဦး ဖြစ်ချင်ဖြစ်မည်။ ကွန်မြူနစ်ဖြစ်ချင်ဖြစ်မည်။ (သို့မဟုတ်) အရင်းရှင် ဖြစ်ချင်ဖြစ်မည်။ မျိုးရိုးဇာတိက ဂျူးလူမျိုးဖြစ်နေသည့် အတွက် သူက အစ္စရေးနိုင်ငံကို ကူညီသည်။ ထောက်ပံ့သည်။ တစ်ချိန်တည်းတွင် အစ္စရေးကို မှုန့်မှုန့်ညက်ညက် ချေပစ်လိုသည့် အစ္စလာမ်ဝါဒီအစွန်းရောက် အီရန်လူမျိုးတွေနှင့် စီးပွားရေးလုပ်သည်။ နောက်ဆုံး တောင်အာဖရိကမှ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးရေးခွဲခြား အုပ်ချုပ်သည့် အစိုးရကလည်း မာ့ခ်ရစ်ချ်ကို အားထားလို့ရသည်။ ယင်းလုပ်ရပ်များက သူ့ကို ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ် စာရင်းဝင်ဖြစ်စေသည်။ နောက်ပြီး နိုင်ငံရေးအဖွဲ့အစည်းအားလုံးက လက်ရှောင်လိုသည့် ကြောက်စရာသတ္တဝါကြီး ဖြစ်လာစေသည်။

လက်ဝဲသမားများက သူ့ကို မာ့ခ်စ်ဟု မမြင်ကြ။ တတိယကမ္ဘာမှ လူသားများအား ခေါင်းပုံဖြတ်စားနေသူအဖြစ် မြင်ကြသည်။ လက်ယာသမားကတော့ သူ့ကို အီရန်နှင့်ကျူးဘားကဲ့သို့သော မိခင်တိုင်းပြည်၏ ရန်သူများနှင့် အပေးအယူ လုပ်သည့် သစ္စာဖောက်ဟု မြင်ကြသည်။ နှစ်ဖက်စလုံး အမြင်တူညီသည်ကတော့ သူသည် သမိုင်းတွင်လောက်သည့် အခွန်တိမ်းရှောင်သူကြီးဟူ၏။

ဘယ်သူဘာပြောပြော သူသည် ဥပဒေချိုးဖောက်ခြင်းမပြုသူ၊ အပြစ်ကင်းသူဖြစ်ကြောင်း သူ့ရှေ့နေများမှတစ်ဆင့် လျှောက်လဲသည်။ သို့သော် ဤချေပချက်ကလည်း အများပြည်သူ၏ အမြင်ကို ပြောင်းလဲနိုင်စွမ်း မရှိပါချေ။ သူသည် စီးပွားရေးလုပ်ပြီဆိုလျှင် တရားဥပဒေ၊ ကိုယ်ကျင့်တရား၊ လူကျင့်ဝတ်နှင့်ညီမညီတို့ကို မကြည့်တော့ဟု အမေရိကန်နိုင်ငံရေး သမားများက စွပ်စွဲကြသည်။

ရစ်ချ်နှင့် သူ့အပေါင်းအပါများသည် စီးပွားရေးတွင် နိုင်ငံရေးမစွက်အောင် ကြိုးစားလုပ်ဆောင်ကြသော်လည်း သူတို့အားလုံး နိုင်ငံရေးအသားကြိတ်စက်ကြီးထဲ နစ်သည်ထက်နစ်သွားကြောင်း တွေ့ရ၏။ အီရန်တွင် ခိုမေနီအာဏာရယူပြီးမှ အီရန်နှင့် ရေနံအရောင်းအဝယ်လုပ်ခဲ့ခြင်းသည် သူ့ကို ထာဝရစွန်းထင်းနေမည့် လူကျင့်ဝတ်ဖောက်ဖျက်မှုကြီး ဖြစ်နေတော့၏။

ကဒါဖီအုပ်ချုပ်မင်းလုပ်သည့် လစ်ဗျားနိုင်ငံမှ အမေရိကန်ရေနံကုမ္ပဏီအားလုံး ရုပ်သိမ်းထွက်ခွာပြီးသည့် နောက်တွင်မှ ရစ်ချ်သည် လစ်ဗျားနှင့် တရားမဝင် အလုပ်လုပ်ခဲ့၏။

ဆိုဗီယက်ယူနီယံသည် ၁၉၈၀ ပြည့်နှစ်တွင် အာဖဂန်နစ္စတန်ကို ကျူးကျော်ဝင်ရောက်ခဲ့၏။ ထို့ကြောင့် အမေရိကာက ဆိုဗီယက်ယူနီယံနှင့် ကုန်သွယ်မှုမပြုရန် တားမြစ် ပိတ်ပင်ခဲ့၏။ ထိုအချိန်တွင် ရစ်ချ်က ဆိုဗီယက်ယူနီယံသို့ ဂျုံတွေ ရောင်းချခဲ့၏။ ကနေဒီက ကျူးဘားနှင့် ဆက်ဆံရေး အားလုံးဖြတ်တောက်ထားခဲ့သော်လည်း ရစ်ချ်က ကျူးဘားသို့ ကြေးနီ၊ သကြားနှင့် ရေနံများ ရောင်းချခဲ့၏။ ထိုလုပ်ရပ်များက အမေရိကန်နိုင်ငံရေးသမားများ၏ ဒေါသအမျက်ကို ခြတ်ပွက်ထစေခဲ့လေသည်။

■

bookhouse

www.burmeseclassic.com

www.burmeseclassic.com



## ပုံစံတူ ဂျူးဆန့်ကျင်ရေး အားထုတ်ချက်များ

ရန်သူနှင့် အပေးအယူလုပ်သည့် တိုင်းပြည်မဲ့အရင်းရှင်။ ကိုယ် ပိုင်ဖန်တီးမှု ဘာမျှမရှိဘဲ ကြားပွဲစားလုပ်၊ ဈေးကစားပြီး တခြားသူများထံမှ အမြတ်ထုတ်သူ။ "တတိယကမ္ဘာကို ကုပ်သွေးစုပ်နေသူ" သစ္စာမရှိသော အမြတ်ထုတ်သမား။ အခွန်အတုတ်များပေးခြင်းထက် မိခင်နိုင်ငံကို စွန့်ခွာပြီး နိုင်ငံသားအဖြစ်ကို စွန့်ပစ်ဖို့ ဝန်မလေးသူ။

ဤကား မာ့ခ်ရစ်ချ်အပေါ် စွပ်စွဲသည့် စွဲချက်များ။ သို့သော် အဆိုပါ စွဲချက်အားလုံးတွင် အရိပ်ထင်နေသည့် ဂျူးဆန့်ကျင်ရေး သဘောထားများကို အကဲဖမ်းမိသူတော့ တော်တော်နည်းပါသည်။ တခြားရေနံကုမ္ပဏီများသည်လည်း အထက်ပါ လုပ်ရပ်မျိုးတွေ အနည်းနှင့်အများ ပြုလုပ်ခဲ့ကြသည်ချည်း။ သို့သော် သူတို့ကိုတော့ သက်သက်ညှာညှာ ဝေဖန်ပြီး မာ့ခ်ရစ်ချ်ကျမှ အပြင်းအထန် အသေအလဲ နှိပ်ကွပ်ခဲ့ကြသည်မှာ ဘာကြောင့်လဲ။

ရစ်ချ်နှင့် ရင်းနှီးခင်မင်ပြီး ရစ်ချ်လွတ်ငြိမ်းချမ်းသာခွင့်ရရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားခဲ့သူ မော့ဆက်ထောက်လှမ်းရေးအရာရှိဟောင်း အက်ဗ်နာအာဇူလေး(Avner Azulay)ကတော့ . . .

"ရစ်ချ်က ခုမှခံစားခဲ့ရသူပါ။ သူဟာ အမေရိကန်အဖွဲ့ အစည်းက ပေါက်ဖွားလာတာမဟုတ်တဲ့အပြင် ဂျူးမျိုးနွယ်ဖြစ်နေသေးတယ်။ အဲဒီအယူအဆကို ကျွန်တော် အကြွင်းမဲ့ယုံတယ်။ အမေရိကန်လူအဖွဲ့အစည်း တစ်စိတ်တစ်ပိုင်းဟာ ဂျူးမျိုးနွယ် ဆန့်ကျင်ရေးသမားတွေပါ"ဟု မှတ်ချက်ချလေသည်။

ဤစွပ်စွဲချက်အားလုံးကို ခြုံငုံသုံးသပ်လိုက်လျှင် ဂျူးမျိုးနွယ် ဆန့်ကျင်ရေးအရိပ်ကြီး မိုးနေသည်တဲ့လား။

"သိပ်ဖြစ်နိုင်တာပေါ့"ဟု ရစ်ချ်ကိုယ်တိုင်က ပြောသည်။ "ကျွန်တော်က ပစ်ဖို့သိပ်လွယ်တဲ့ ပစ်မှတ်လေ။ တစ်ကောင်ကြွက် တစ်ယောက်တည်း၊ ငွေတွေသောက်သောက်လဲ ရနေသူ။ ပြီးတော့ ဂျူးလူမျိုးလေ"

"ရစ်ချ်ဦးစားပေး ကိုင်စွဲထားတဲ့ လူသုံးကုန်ပစ္စည်းကတော့ ရှင်သန်ရပ်တည်ရေးပါပဲ"ဟု သတင်းစာဆရာတစ်ဦးက Fortune မဂ္ဂဇင်းထဲတွင် ရေးခဲ့ဖူး၏။ ဟုတ်ပါသည်။ ရှင်သန်ရပ်တည်ရေးသည် ရစ်ချ်၏ ဆောင်ပုဒ်ဖြစ်နိုင်ပါသည်။ ဘယ်လ်ဂျီယံရှိ သူ့နေအိမ်ကိုပစ်ပြီး သေဘေးမှလွတ်အောင်ပြေးခဲ့ရသည့် အတွေ့အကြုံသည် ရစ်ချ်၏ရင်ထဲတွင် အများသူငါထင်ထားသည်ထက် ပိုပြီး စွဲထင်နေနိုင်ပါသည်။ ထိုအကြောင်းနှင့် ပတ်သက်ပြီး သူက သိပ်ပြီး ပြောလိုဟန်မရှိ။ သို့သော် ကျွန်တော့်သံသယကို သူက အတည်ပြုသည်။ "အသက်လုပြီး ထွက်ပြေးခဲ့ရတဲ့ အိပ်မက်ဆိုးကြီးက ကျွန်တော့် ရင်ထဲမှာ လွတ်လပ်ရေးမြတ်နိုးစိတ်တွေ ရှင်သန်နေစေတယ်ဗျ"

ဟုတ်သည်။ "လွတ်လပ်ရေး"၊ "အနှောင်အဖွဲ့ကင်းမှု"။ သည်စကားလုံးတွေကို ရစ်ချ်မကြာခဏ သုံးစွဲသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ချမ်းသာကြွယ်ဝမှုကို အဓိပ္ပာယ်ဖွင့်ပါရန် ကျွန်တော်ကတောင်းဆိုသောအခါ "ချမ်းသာကြွယ်ဝမှုဆိုတာ အမှီခိုကင်းခြင်းလို့ အမြဲ အဓိပ္ပာယ်ထွက်ပါတယ်"ဟု သူက ဖြေခဲ့၏။

သူ့မှာပြည်ပြေးတစ်ဦး၏ စိတ်ဓာတ်ရှိသည်။ ဘယ်အလုပ်မျိုးမဆို ကိုယ်တိုင်လုပ်ပြီး သူလုပ်နိုင်ကြောင်း လူတိုင်းကိုပြသလိုစိတ်ရှိခြင်း။ သူက အောင်မြင်ရေးကိုမှတ်သိပ်တမ်းတသူ။ နောက်ပြီး အလုပ်ကို မလျှော့သောဇွဲလုံ့လဖြင့် လုပ်ချင်လောက်အောင် ရည်မှန်းချက်မြင့်မားသူ။ ထို့ကြောင့်လည်း သူသည် မစ်ဇူရီပြည်နယ်၊ ကင်းဆပ်မြို့၊ ဟော်လီလမ်းတွင် တိုက်ခန်းကလေး ငှားရမ်းနေထိုင်ရရာမှ မင်ဟတ်တန်ရပ်ကွက် ပါ့ခ်ရိပ်သာလမ်းတွင် ဆယ်ခန်းတွဲတိုက်ခန်းကြီးဖြင့် နေနိုင်သည့်ဘဝသို့ ရောက်လာခြင်းပါတည်း။

"သူ့မှာ အားကစားသမားတစ်ယောက်ရဲ့ စိတ်ဓာတ်မျိုးရှိတယ်။ ပိုပြီး မြန်မြန်စဉ်းစားမယ်။ ပိုပြီး ပြင်းပြင်းထန်ထန် အလုပ်လုပ်မယ်။ နောက်ပြီး တခြားလူတွေထက် ပိုမြင့်တဲ့ ပေါက်မြောက်အောင်မြင်မှုတွေ ရရမယ်"

မာ့ခ်ရစ်ချ်နှင့် နှစ်ပေါင်းများစွာ ခင်မင်ရင်းနှီးခဲ့သော ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်ကားလ်ရိုခ်မတ်က ရစ်ချ်၏ စိတ်ဓာတ်ရေးရာကို အထက်ပါအတိုင်း ပြောပြခဲ့၏။

မိမိ၏ဂုဏ်သိက္ခာမြင့်မားရေးနှင့် လူအများ အသိအမှတ်အပြုခံရရေးအတွက် ရစ်ချ်အသုံးချခဲ့သည်မှာ အကောင်းဆုံးဆောင်ရွက်မှု ဖြစ်၏။ နောက်ပြီး သူ့အားမချစ်သည့်တိုင် လေးစားမှုတော့ ရှိစေချင်သည်။ ဤကား အင်္ဂလိပ်စကားတစ်ခွန်းမျှ မပြောတတ်ဘဲ အမေရိကသို့ ထွက်ပြေးခိုလှုံလာသည့် ဂျူးလူငယ်ကလေး။ သူ့အဖေကို အလွန်လေးစားအားကျပြီး အဖေ ကျေနပ်ဝမ်းမြောက်မှုကို ရစေလိုသည့် ဂျူးလူငယ်ကလေး၏ဆန္ဒပါတည်း။

"မာ့ခ်ရစ်ချ်ရဲ့ ဘဝရည်မှန်းချက်က စီးပွားရေးလုပ်ငန်းကို အောင်အောင်မြင်မြင် လုပ်ကိုင်နိုင်ဖို့ပါပဲ"ဟု သူ့မိတ်ဆွေ မိုက်ကယ်စတိန်းဟတ်က ပြောခဲ့လေသည်။ နောက်ဆုံးတော့ အောင်မြင်မှုသည် ဘဝ၏အဓိပ္ပာယ်အစစ်အမှန်ဖြစ်လာတော့၏။

■

## သူ၏ အကြီးမားဆုံးခွန်အား

"သူ့ရဲ့ အကြီးမားဆုံး ခွန်အား၊ ဟုတ်လား"

ရစ်ချ်၏ ပထမဦးဆုံးသော အတွင်းရေးမှူးဖြစ်သူ အဆူလာ ခန့်တိုဒိုမင်ဂိုက ကျွန်တော့်မေးခွန်းကို ပဲ့တင်သံပြုသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ဂျာမန်သွေးပါသည့် မှုုးမတ်မျိုးနွယ် အာဆူလာသည် ရစ်ချ်နှင့် သိကျွမ်းခင်မင်ခဲ့သည်မှာ နှစ်ပေါင်းလေးဆယ်ကျော်ကြာခဲ့ပြီ။ နောက်ပိုင်းတွင် သူတို့မိသားစုချင်းပါ ရင်းနှီးသွားသည်။

"သူက ပါရမီထူးတဲ့လူရှင့်။ သူ့ရဲ့ အကြီးအမားဆုံးခွန်အားက သူ့ရည်ရွယ်ချက် မပေါက်မြောက်မချင်း လက်မလျှော့တတ်တာပဲ။ သူတစ်ခုခုလုပ်ပြီဆိုရင် နေ့ရောညပါ မအိပ်မနေလုပ်တာဆိုတော့ နောက်ဆုံး အောင်မြင်သွားတာပါပဲရှင်။ သူက အလုပ်အကြောင်းက လွဲပြီး တခြားဘာကိုမှ မစဉ်းစားတတ်တဲ့လူ။ ရှင် တစ်နေ့ ရှစ်နာရီ အလုပ်လုပ်ပြီး သီတင်းပတ်ကုန်ရက်တွေမှာလည်း အနားယူမယ်ဆိုလို့ကတော့ သူရတဲ့ ပေါက်မြောက်အောင်မြင်မှုမျိုး ရှင်ဘယ်တော့မှ ရမှာမဟုတ်ဘူး"

မာ့ခ်ရစ်ချ်အပါအဝင် အောင်မြင်သော လူသုံးကုန်ပစ္စည်း ကုန် သည်များ၏ဘဝက ကြမ်းသည်။ သူတို့သည် တစ်စက်ကလေး အတိမ်းအစောင်းမခံသည့်ဘဝများတွင် ကျင်လည်နေကြသည်။ ဒါကို သူတို့ကိုယ်တိုင်လည်း သိကြသည်။ လူချမ်းသာဘဝနှင့် လူမွဲဘဝအကြား တားထားသည့် စည်းကလေး၊ အမှန်နှင့်အမှားအကြား အောင်မြင်ခြင်းနှင့် အထီးကျန်ဖြစ်ခြင်း...ယင်း ဆန့်ကျင်ဘက်ဖြစ်ရပ်များအကြား တားထားသည့် စည်းကလေးမှာ သေးသေးမျှင်မျှင် ပါးပါးကလေး။ နေ့ချင်းညချင်း··· နာရီပိုင်းအတွင်း ဆန့်ကျင်ဘက်ဘဝကို ရင်ဆိုင်ရနိုင်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များတုန်းက မာ့ခ်ရစ်ချ် ငှားရမ်းထားသည့် တောင်အမေရိကန်ရေနံကုန်သည်တစ်ဦးက ပြောပြဖူးသည်။ "မာ့ခ်က သူဘယ်ဘက်လက်နဲ့ ဓားတစ်ချောင်းကို ကိုင်လိုက်တယ်။ ပြီးတော့ ဓားသွားကို ညာဘက်ညှိုးနဲ့ ပွတ်သပ်ပြတယ်။ သူက ပြောသေးတယ်။ ကုန်သည်ဆိုတာ ဓားသွားပေါ်မှာ လမ်းလျှောက်နေရတာ။ ဒီတော့ ခင်ဗျား ခြေချော်ပြီး လဲမသွားအောင် သတိကြပ်ကြပ်ထား"တဲ့။

သူပြောခဲ့သည့်အတိုင်း မာ့ခ်ရစ်ချ်ကိုယ်တိုင် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ခြေချော်လဲခဲ့၏။ ထို့ကြောင့် သူ့ကို အမေရိကတွင် တရားစွဲခဲ့ကြသည်။ သို့သော် ရစ်ချ်က အမေရိကသို့ ပြန်မလာသည့်လမ်းကို ရွေးခဲ့၏။ ထို့ကြောင့် သူ့အပေါ် အပြစ်ဒဏ်ချမှတ်ခြင်းမပြုနိုင်သလို အပြစ်မှ လွတ်ကင်းခွင့်လည်း မပေးနိုင်တော့။

ပြစ်ချက်အမျိုးမျိုး၊ နာမည်ပျက်အမျိုးမျိုးဖြင့် ဟိုးလေးတကျော်ဖြစ်ခဲ့သည့် မာ့ခ်ရစ်ချ်၏ ဖြစ်စဉ်ကြီးတစ်ခုလုံးတွင် လူတွေ မေ့နေသည့် အချက်တစ်ချက်ရှိ၏။ ယင်းအချက်ကား စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးတွင် ရှိသင့်ရှိထိုက်သည့် ကျွမ်းကျင်လိမ္မာမှုများ သူ့တွင်ရှိနေခြင်း။ စီးပွားရေးလောကတွင် ခြေချအစပျိုးသူများအတွက်တော့ မာ့ခ်ရစ်ချ်သည် သာမန်ခေါင်းပုံဖြတ် အမြတ်ကြီးစားတစ်ဦးမဟုတ်သလို သပိတ်မှောက်ခြင်းများကို ချိုးဖျက်သူမည်ကာမတ္တလည်း မဟုတ်ချေ။ မာ့ခ်ရစ်ချ်တစ်ယောက် နှစ်ဆယ်ရာစုနှစ်၏ အဓိကကုန်သည်ကြီးတစ်ဦး ဖြစ်လာသည်မှာ သူ၏ အခွင့်အလမ်းရှောင်မှု

the bookhouse
we bring your luxury
www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မဟုတ်။ ထို့ကြောင့် ဘယ်လိုအကြောင်းများကြောင့် သူ သည်လောက်ချမ်းသာကြွယ်ဝလာပါသလဲဟု ကျွန်တော် မေးကြည့်၏။ ထိုအခါ သူက သူလိုကိုယ်လို ကုန်သည်တစ်ဦးပြောလေ့ရှိသည့် ဟာသဖြင့် တုံ့ပြန်ဖြေကြားခဲ့၏။

"အောက်ဈေးနဲ့ဝယ်ပြီး အထက်ဈေးနဲ့ ပြန်ရောင်းရုံပေါ့ဗျာ"

ထို့နောက်တွင်မှ ပိုမိုလေးနက်သောလေသံဖြင့် "မရှိမဖြစ် ရှိကိုရှိရမယ့် အချက်တွေကတော့ တစ်-အလုပ်ကို အားသွန်ခွန်စိုက်လုပ်ဖို့၊ နှစ်-အလုပ်ကို အားသွန်ခွန်စိုက်လုပ်ဖို့၊ သုံး-အလုပ်ကို အားသွန်ခွန်စိုက်လုပ်ဖို့...နောက်ပြီး သုံးဖော် ကိုင်ဖက်ကောင်းကောင်းတွေ ရှိဖို့ပါပဲဗျာ။ အဲ...ဒီအထဲမှာ ကံကောင်းထောက်မမှုကလေးလည်း နည်းနည်းတော့ ထိုပါတယ်"

ဤအချက်များသည် အောင်မြင်ရေးအတွက် အရေးကြီးသော အရည်အသွေးများဖြစ်သည်မှန်၏။ သို့သော် သည် အချက်များက ရစ်ချ်၏ မှတ်တမ်းတင်လောက်သော အောင်မြင်မှုအတွက် ပြီးပြည့်စုံသော အဖြေမှန်ကို ထုတ်ပေးနိုင်ခြင်း မရှိပါချေ။

သွေးခဲမတတ် အေးသော နံနက်ခင်းတစ်ခုတွင် စိန့်မောရစ်မြို့ကလေးရှိ နှင်းလျှောစီးစခန်း ရွှေလူးစကေးပါးပတ် ဟိုတယ်တွင် ကျွန်တော် ကြိုစားပမ်းစား မှာခ်ရစ်ချ်ကို စောင့်နေခဲ့ခြင်းမှာ အထက်ပါမေးခွန်းလို မေးခွန်းများ မေးလိုသောကြောင့် ဖြစ်၏။ ကျွန်တော်တို့ ရှစ်နာရီခွဲတွင် ဆုံကြဖို့ ချိန်းထားသည်။ ရှစ်နာရီခွဲကို တစ်မိနစ်ပင် မကျော်စေရဘဲ မြက်ခင်းစိမ်း ရောင်ကားတစ်စီးဖြင့် သူရောက်လာသည်။ သူစီးလာသည့်ကားသည် သူစီးနေကျ ကိုယ်ပိုင်ဂျက်လေယာဉ်စီး လူတန်းစား များစီးသည့် မာစီးဒီး ဘီအမ်ဒဗလျူ စသည့်ကားများ မဟုတ်။ သိပ်ပြီး မျက်စိထဲ ထင်းခနဲ လင်းခနဲ ဝင်မလာစေသည့် ရိုးရိုးလက်ဂစီကားအမျိုးအစား။ ရစ်ချ်၏ရုံးခန်းသို့ ကျွန်တော်ရောက်သွားစဉ်က တွေ့ခဲ့သည့် တုတ်ခိုင်တောင့်တင်း သူတွေထဲမှ တစ်ယောက်က ကားမောင်းလာသည်။ အဆိုပါ သက်တော်စောင့်သည် ရစ်ချ်၏ ဘဏ္ဍာစိုးအလုပ်မျိုးတွေ လုပ်သည်။ ကားထဲမှ နှင်းလျှောစီးပျဉ်ချပ်တွေ ကူထုတ်ပေးသည်။

အထင်ကြီးစရာမရှိ။ ခမ်းခမ်းနားနားမရှိသည့် ဤမြင်ကွင်းကို သတင်းသမားတစ်ဦးက မြင်တွေ့သွားလျှင် သူ (သို့မဟုတ်)သူမသည် ကားနံဘေးမှ လူသည် ဘယ်သူဘယ်ဝါဟူ၍ စိတ်ဝင်စားမိမည်မထင်။ ဘယ်သူဘယ်ဝါမှန်းလည်း သိမည်မဟုတ်။ ရစ်ချ်က အနက်ရောင် အမာစားခေါင်းဆောင်း ဆောင်းထားသည်။ နှင်းလျှောစီးလေကာ၊ ရေကာမျက်မှန် တပ်ထားသည်။ ဂျာကင်အရောင်က အနီရောင်တောက်တောက်။ နှင်းလျှောစီးဘောင်းဘီကတော့ အပြာရောင်။ သူ့ခြေထောက်များကို ကြည့်လိုက်လျှင် သူသည် နှင်းလျှောစီးဝါသနာအိုး အစစ်အမှန်ဖြစ်ကြောင်း သိသာသည်။ နှင်းလျှောစီး ဝါသနာအိုးတစ်ဦးသည် သက်သောင့်သက်သာရှိသော နှင်းလျှောစီးဖိနပ်တစ်ရန်ကို အမြဲတမ်း စီးလေ့ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်စဉ်နှစ်တိုင်း ဆုံနေကျဖြစ်သည့် သူ့သမီး အိုင်လိုနာ၊ ဒင်နီယဲလ်နှင့် သူတို့မိသားစုများလည်း လိုက်ပါလာသည်။ သူ့သမီးများ၊ သမီးများ၏ မိသားစုများနှင့် ဆုံစည်းရသည့်အတွက် သူ ကြည်နူးပျော်ရွှင်နေသည်မှာ သိသာလှ၏။

"တစ်ဆိတ် ဒီမှာ နေပါဦးကွယ်၊ ချက်ချင်းကြီး မသွားပါနဲ့ဦး။ ဖေဖေက သမီးကို နေ့တိုင်း သတိရနေတာ"

နောက်တစ်နေ့တွင် အမေရိကသို့ ပြန်တော့မည့် ဒင်နီယဲလ်အား ရွှေလျားကုလားထိုင်ပေါ်တွင် ထိုင်ရင်း ရစ်ချ်က ပြောနေသည်။ "သမီး နယူးယောက်ကို ပြန်မှ ဖြစ်မယ်ဖေဖေ။ သမီးပြန်မသွားရင် မေမေ အရမ်းစိတ်မကောင်းဖြစ်နေမှာ" ဟု ဒင်နီယဲလ်ကပြောတော့ "သူ့ဆီ တယ်လီဖုန်းဆက်ပြီး ဒီကိုလာခဲ့ဖို့ပြော" ဟု ရစ်ချ်က ဖွတ်တိုက်တွန်းသည်။ ဒင်နီယဲလ် ခေါင်းခါသည်။

"မေမေက စိန့်မောရစ်မှာ သမိုင်းကြောင်းတစ်ခု ရှိခဲ့တယ်ဆိုတာ ဖေဖေလည်း သိသားနဲ့။ ဒီမှာနေရရင် သူ စိတ်အေးသက်သာနေနိုင်မှာမဟုတ်ဘူး"

တိုတိုတုတ်တုတ် ပြောလိုက်ကြသည့် သားအဖနှစ်ဦး၏စကားများက အတိတ်ဇာတ်လမ်းတစ်ပုဒ်လုံးကို ဖော်ပြနေပေသည်။ ရစ်ချ်သည် စွဲမက်စဖွယ်ကောင်းသော ဂျာမန်အမျိုးသမီး ဂျီဆယ်လာရော့ဆီ (gisela Rossi) ကို ၁၉၈၂တွင် တွေ့ဆုံခဲ့၏။ နောက်ဆုံးတော့ သူမကြောင့်ပင် ရစ်ချ်သည် ပထမအိမ်ထောင်နှင့် ကွာရှင်းပြတ်စဲခဲ့ရလေသည်။ (အခန်း-၁၆ ရှု)

သူ့အတွက် အစစအရာရာ အမှားမှားအယွင်းယွင်းတွေချည်း ဖြစ်ခဲ့သည်မှာ ၁၉၉၀ ပြည့်လွန်နှစ်များပထမပိုင်းတွင် ဖြစ်၏။ မာ့ခ်ရစ်ချ် လွတ်လွတ်လပ်လပ်ရှိနေသည်။ သို့ပေမယ့် အမေရိကန်အစိုးရက သူ့နောက်သို့ အရှိန်အဟုန်မြှင့်ပြီး လိုက်လာသည်။ ခရီးသွားရတာကို သဘောကျပြီး မကြာမကြာလည်း ခရီးထွက်တတ်သည့် ရစ်ချ်အတွက် ဆွစ်ဇာလန်သည် ခိုလှုံစရာအကောင်းဆုံး ရွှေလှောင်အိမ်တစ်ခုနှယ် ဖြစ်နေ၏။ အခြားအခြားသော ကမ္ဘာ့နိုင်ငံများတွင်ဆိုလျှင် သူ မလွတ်လပ်။ အမေရိကန်စုံထောက်များက ဖမ်းပြီး အမေရိကသို့ ပြန်ပို့မည့် အန္တရာယ်ရှိသည်။ သူ ရှင်သန်နေထိုင်ရသည်မှာ အထီးတည်း။ သူ၏ စီးပွားဖက်ဖြစ်ဖို့ အလားအလာရှိသူများသည် သူနှင့် တရားဝင် လူသိရှင်ကြား ဘာအလုပ်မျှ မလုပ်ချင်ကြ။ ဘာကြောင့်ဆို သူတို့အများစုသည် အမေရိကန်အစိုးရ၏ ငြိုငြင်မှုကို မခံယူလိုကြသောကြောင့်ပင်။ ထိုအချိန်တွင် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းမှာ တရိပ်ရိပ် ထိုးဆင်းနေသည်။ လူမျိုးခွဲခြားရေးဝါဒ ကိုင်စွဲသော အစိုးရပြုတ်သွားသည့်နောက်ပိုင်း အမေရိကပြည်ထောင်စုက အာဖရိကအပေါ် သပိတ်မှောက်ထားခြင်းကို တဖြည်းဖြည်း ပြန်လည်ရုပ်သိမ်းပေးသည်။ ထိုအခါ ရစ်ချ်ရောင်းသည့် ရေနံများ ဝယ်ယူဖို့ အာဖရိကနိုင်ငံက အာမခံကြေးတင်ရန် မလိုတော့။

ထိုစဉ်ကဆို ရစ်ချ်တစ်ယောက် သည်းမခံနိုင်လောက်အောင် ခံစားခဲ့ရမည်ဟု သူ့မိတ်ဆွေများက ပြောပြသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သူအရက်သေစာကို အရမ်းသောက်သည်။ သူ့ပတ်လည်တွင် ဝိုင်းနေသည်မှာ ခပ်ညံ့ညံ့ အကြံပေးအရာရှိများ၊ သည်တော့ သူသည် ခပ်ညံ့ညံ့ ဆုံးဖြတ်ချက်များ ချမိပြီး ငွေတွေ သောက်သောက်လဲ ရှုံးခဲ့သည်။ နောက်ဆုံး သူ့ကုမ္ပဏီပါ ပြိုလဲတော့၏။ ထိုအရာတွေအားလုံးထက် ပိုမိုနာကြည်းစရာကောင်းပြီး ငွေကုန်ကြေးကြများခဲ့သည်မှာ သူ၏ ပထမအိမ်ထောင် ခင်းနိစ်နှင့် ကွာရှင်းပြတ်စဲသည့်ကိစ္စ။ သူတို့ကိစ္စသည် ထိုစဉ်က သတင်းစာတွေထဲတွင် ဟိုးလေးတကြော် ပါခဲ့၏။ ထိုတိုက်ပွဲမှရခဲ့သည့် ဒဏ်ရာဒဏ်ချက်များမှာ နက်ရှိုင်းသည်။ လင်မယား ကွာရှင်းပြတ်စဲပြီးနောက်ပိုင်း နှစ်ပေါင်းများစွာ ကြာသည့်တိုင် သူတို့နှစ်ယောက် စကားမပြောကြ။ သူတို့အကြောင်း အတွင်းသိ အစင်းသိများကတော့ ရစ်ချ် လွတ်ငြိမ်းချမ်းသာခွင့်ရရေး လှုပ်ရှားမှုတွင် ခင်းနိစ်ပါဝင်သည်ဆိုသည်မှာ သိပ်မဖြစ်နိုင်ဟု ပြောကြသည်။ တစ်ချိန်က သူတို့မိသားစု ပျော်ပျော်ရွှင်ရွှင် အပန်းဖြေခရီး ထွက်ခဲ့သည်။ စိန့်မောရစ်မြို့ကလေးသည် သူတို့အိမ်ထောင်ရေး စတင်ပြိုကွဲရာ အရပ်ဒေသဖြစ်နေပြီ။ ထို့ကြောင့် ခင်းနိစ်တစ်ယောက် သည်မြို့ကလေးတွင် ပြန်လည် ခြေမချလိုသည်မှာ အဆန်းမဟုတ်ပါချေ။

■

### စိန့်မောရစ်တွင် နှင်းလျှောစီးခြင်း

စိန့်မောရစ်မြို့ကလေးအနီး မြင့်မားသော ကော်ဗီဂလီယာ တောင်ကြီးပေါ်ရှိ နှင်းလျှောစီး အပန်းဖြေစခန်းသည် ဥရောပအကြီးဆုံး အပန်းဖြေစခန်းဖြစ်သည်သာမက အဲလ်ပ်တောင်တန်းတစ်လျှောက် သာယာရှုမောဖွယ်အကောင်းဆုံး အပန်းဖြေစခန်းကြီးလည်း ဖြစ်၏။ ဆူပရက်တာတောင်ကုန်းပေါ်တွင်တော့ ရစ်ချ်ပိုင်သည့် တောင်ပေါ်အိမ် တစ်လုံးရှိသည်။ သုံးထပ်တိုက်ကလေး။ သည်နေရာသည်ဌာနကား ဆွစ်ဇာလန်အိမ်ခြံမြေဈေးကွက်တွင် ကြေးကြီးပေ့ဆိုသည့် အိမ်ခြံမြေများရှိသည့်နေရာ။ သည်မြေကွက်နှင့် သည်အိမ်ကလေးကို ရစ်ချ်က ဒေါ်လာသန်း(၇၀) အကုန်ခံပြီး ဝယ်ခဲ့ခြင်း။ သည်အိမ်ကလေးတွင် သီတင်းပတ်ကုန်ရက်တိုင်းလိုလို ရစ်ချ်လာပြီး ရေကူးလေ့ရှိသည်။ အိမ်တွင်းရေကူးကန်ရှိသည်။ ရစ်ချ်က နှင်းလျှောစီးရာတွင်လည်း ထူးချွန်သူ။ အသက်ခုနစ်ဆယ့်လေးနှစ်ရှိနေပြီဖြစ်သော်လည်း နှင်းလျှောစီး ပရိယာယ်အားလုံးကို လှလှပပ ကျွမ်းကျွမ်းကျင်ကျင် စီးပြနိုင်သူ။ ထိုမျှမကသေး၊ အားကစားကို ဝါသနာကြီးသူပီပီ ကိုယ်ပိုင်နည်းပြဆရာခေါ်ပြီး တစ်ပတ်နှစ်ကြိမ် တင်းနစ်ရိုက်သေးသည်။

မဟာသူကြွယ်တန်းဝင်သူများက တောင်ထိပ်သို့တက်ဖို့ ရဟတ်ယာဉ်ကို သုံးကြမည်ဖြစ်သော်လည်း ရစ်ချ်ကတော့

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ရွှေလျှားကုလားထိုင်ပဲ စီးပြီး တောင်ထိပ်သို့တက်သည်။ ယခုလည်း မိုးပျံ ကုလားထိုင်စီးဖို့ ရွှေလျှားခါးပတ်ရုံအနီးတွင် အများသူငါနှင့်ရောပြီး အလှည့်စောင့်နေသည်။ လေ့လာသူတစ်ဦးသည် အမြင်စူးမည်ဆိုလျှင် တောင်စောင်းတစ်လျှောက် နှင်းလျှောစီးနေသူသုံးဦး သတိထားမိမည် ဖြစ်၏။ ရစ်ချ်နှင့်သူ့အဖော်နှစ်ဦး။ တစ်ဦးက ရစ်ချ်၏ရှေ့မှာ။ ကျန်တစ်ယောက်က ရစ်ချ်၏နောက်မှာ။ သက်တော်စောင့် နှစ်ဦးတွင် အသံလွှင့်၊ အသံဖမ်းစက်တွေပါသည်။ နောက်ပြီး သူတို့ကျောပေါ်မှာ ကျောပိုးအိတ်တစ်လုံးစီပိုးလျက်။ ကျောပိုးအိတ်ကြီးတွေထဲတွင် ဘာပစ္စည်းတွေပါသည်ဆိုတာတော့ ဘယ်သူမျှမပြောနိုင်။ ရစ်ချ်သည် အအေးမိနှာစေးနေသည့်တိုင် ပင်ပန်းနွမ်းနယ်ဟန် လုံးဝမရှိ။ သူက တောင်ကြောတစ်လျှောက် နှင်းလျှောစီး သွားသည်။

သူက ရွှေလျှားစက်ခါးပတ်မှ တပ်ဆင်ထားသည့်ကုလားထိုင်ပေါ်ထိုင်မိသည်နှင့်တစ်ပြိုင်နက် အလုပ်တွေ စလုပ်တော့၏။ ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များထံ ဖုန်းဆက်သည်။ သူက သက်သောင့်သက်သာပင် အင်္ဂလိပ်လိုပြောလိုက်၊ စပိန်လိုပြောလိုက်၊ ပြင်သစ်လိုပြောလိုက်၊ ဂျာမန်လိုပြောလိုက်။ ဘယ်ဘာသာစကားကို သက်သောင့်သက်သာ အပြောနိုင်ဆုံးလဲဟု ကျွန်တော်ကမေးသောအခါ သူက ဦးခေါင်းကိုခါယမ်း၊ လက်ကို ဝှေ့ယမ်းကာ ဖြေသည်။ သူ့ဖခင်နှင့်ပြောလျှင် ဂျာမန်လိုပြောပြီး သူ့အမေနှင့် ပြင်သစ်လိုပြောသည်ဆို၏။ စပိန်တွင် ကြီးပြင်းခဲ့သည့် သူ့သမီးများနှင့်ကျတော့ စပိန်လိုပြောလေ့ရှိပြီး အလုပ်အကိုင်ကိစ္စများ ပြောကြဆိုကြပြီဆိုလျှင်တော့ အင်္ဂလိပ်လိုပြောသည် ဆို၏။

သည်ရက်ပိုင်းများတွင်တော့ ရစ်ချ်တစ်ယောက် အိမ်ခြံမြေစီးပွားရေးလောကထဲ နစ်နေသည်။ စပိန်တွင် သူဝယ်ထားသည့်မြေတွေ ရှိသည်။ သူ့မြေတွေ၏အနေအထားက ထိပ်တန်း ဒေါင်ဒေါင်မြည်ကြီးမဟုတ်။ ယခု စပိန်တွင် စီးပွားရေးကပ်ဆိုက်နေသည်ဖြစ်ရာ လွန်ခဲ့သည့်နှစ်အနည်းငယ်တုန်းက သူ ရင်းနှီးမြှုပ်နှံခဲ့သည့် ဒေါ်လာသန်း(၃၀)မှာ အထိနာတော့မည်လိုဖြစ်နေသည်။ အိမ်ခြံမြေဈေးတွေမှာ နွေဦးနေရောင်အောက်မှ နှင်းခဲများလို တစိမ့်စိမ့်အရည်ပျော်ကျနေပြီ။ ရစ်ချ်က မိုးပျံကုလားထိုင်ပေါ် ထိုင်မိသည်နှင့် တယ်လီဖုန်းဖြင့် မေးခွန်းတွေမေးသည်။ တိုတိုတုတ်တုတ် ပြတ်ပြတ်တောင်းတောင်း ညွှန်ကြားချက်တွေပေးသည်။ တယ်လီဖုန်းဖြင့် စကားပြောပြီးသောအခါ သူ့သမီး ဒင်နီယဲလ်တို့ ဇနီးမောင်နှံနှင့် အလုပ်အကြောင်းတွေ ပွင့်ပွင့်လင်းလင်းပြောသည်။ သူတို့ထိုင်ခုံနှင့် ကပ်လျက် ကုလားထိုင်တွင် ကျွန်တော်ထိုင်နေပြီး သူတို့ပြောတာတွေ ကျွန်တော် အကုန်ကြားနေရသည်ကို မှုဟန်မတူ။

နံနက်ပိုင်း နှင်းလျှောစီးပြီးသောအခါ တောင်ပေါ်အိမ်ကလေးတွင် နေ့လယ်စာစားဖို့ ကျွန်တော့်ကို ဖိတ်ခေါ်သည်။ အောက်ထပ်မှ ဓာတ်လှေကားစီးပြီး တတိယထပ်အရောက် ဓာတ်လှေကားထဲမှ လှမ်းထွက်လိုက်သည်နှင့် ကျွန်တော်သည် နတ်သမီးပုံပြင်ထဲမှ ရှုခင်းထဲရောက်သွားသလို ခံစားလိုက်ရ၏။ နှင်းဖုံးသောတောင်စောင်းများနှင့် ကန်တွေ၊ အင်ဂါဒင်း



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားလမ်းအထက်ပိုင်းကို မြင်ရသည်မှာ ရုပ်သပ်ရှုမောဖွယ်ကောင်းလောက်အောင် လှလွန်းပါသည်။ သူ့အိမ်ကလေး ခြင်ဆင်ထားပုံကတော့ ဟာကွက်လစ်ဟင်းကွက်တစ်ချက်မျှ မရှိ။ နာမည်ကျော်ပန်းချီဆရာများ၏ ပန်းချီကားတွေ သူ့နေရာနှင့်သူ ချိတ်ဆွဲထားသည်။

နေ့လယ်စာ စားပွဲသို့ သူတွဲနေသည့် ဒေါ်လော်ရေး "လိုလာ" ရွှစ်ဇ်လည်းလာသည်။ သည်မိန်းကလေးက "အလှဆုံး ပန်းကလေး" ဟု တင်စားခေါ်ဝေါ်သည်၊ ဟိတ်ဟန်များသည်ဟု ကနဦးပိုင်းတုန်းက ထင်မြင်ရသည့် ထိုမိန်းကလေး အကြောင်း ဂဃဏနသိလိုက်ရမှ ကျွန်တော့်ထင်မြင်ချက်တွေ ပျောက်သွားသည်။ လိုလာက စပိန်နှင့်ရုရှားသွေးရောသည့် ညာတတ်မိန်းကလေးတစ်ဦး။ ဒဿနိကဗေဒဖြင့် ဘွဲ့ရထားသူ။ ထင်ရှားကျော်ကြားလှသည့် သူမ၏ ဘွားအေကြီး ဒေါ်လော်ရေးအိတာရူရီဂိုမက် (Dolares Itáruri gómez) အကြောင်း စာအုပ်တစ်အုပ်ရေးဖို့ ကြိုးစားနေသူ။ ဂိုမက်က စပိန်ပြည် ကွန်မြူနစ်ပါတီတွင် မော်ကွန်းထိုးရလောက်အောင် ထင်ရှားကျော်ကြားသည့် အထွေထွေအတွင်းရေးမှူးချုပ်တာဝန် ထမ်းခဲ့သူ။ ၁၉၃၆-၃၉ ခုနှစ်၊ စပိန်ပြည်တွင်းစစ်တွင် သူမ ကြွေးကြော်ခဲ့သည့် ဖက်ဆစ်ဆန့်ကျင်ရေးကြွေးကြော်သံသည် ကမ္ဘာကျော်သွားသည်။ ဆရာကြီး အားနက်ဟဲမင်းဝေးက စပိန်ပြည်တွင်းစစ်ကို နောက်ခံထားရေးသားခဲ့သည့် "ခေါင်း လောင်းထိုးသံ ဘယ်သူ့ထံ (For whom the Bell Tolls)" ဂန္ထဝင်ဝတ္ထုကြီးထဲတွင် ဒေါ်လော်ရေးအိတာရူရီ ဂိုမက် အကြောင်း အမြဲတသသသတိရနေအောင် ထည့်သွင်းရေးခဲ့၏။ ယင်းဝတ္ထုကြီးကိုပင် ဂယ်ရီကူးပါး (gary Cooper)နှင့် အင်ဂရစ်ဘာ့ဂ်မင်(Ingrid Bergman)ပါဝင်သရုပ်ဆောင်ပြီး အကြီးအကျယ်အောင်မြင်သည့် ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်ခဲ့လေ သည်။ ဒေါ်လော်ရေး အိတာရူရီဂိုမက်ပြောခဲ့သော ကမ္ဘာကျော်စကားတစ်ခွန်းမှာ "လူတစ်ယောက်ဟာ ဒူးထောက်ပြီး အသက်ရှင်နေရမှာနဲ့စာရင် ကိုယ့်ခြေထောက်ပေါ် ကိုယ်မားမားရပ်ပြီး သေသွားတာကမှ ပိုကောင်းသေးတယ်" ဟူ၏။ ထိုစကားအဓိပ္ပာယ်ကိုယူပြီး စကားလုံးများပြောင်းလဲ ဖွဲ့စည်းလိုက်လျှင် သူမ၏မြေးမကလေး၏အတွဲနှင့် အံဝင်ခွင်ကျဖြစ်နေ တော့၏။ သူကတော့ အမေရိကန်အကျဉ်းထောင်ထဲတွင် တစ်ရက်တည်း ထောင်ကျခံရတာနဲ့စာရင် လွတ်လွတ်လပ်လပ် နေရတာကမှ ပိုကောင်းဦးမယ်ဟု ပြောပေလိမ့်မည်။

နေ့လယ်စာစားပြီးသောအခါ ရစ်ချ်နှင့်ကျွန်တော် ဧရာမမြင်ကွင်းကျယ်တံခါးပေါက်ကြီးရှေ့တွင် ထိုင်ကြ၏။ အာယာရှုမောဖွယ်မြင်ကွင်းကျယ်ကြီးကို အရသာခံကြည့်ရင်း အကောင်းစားဝိုင်ကို သောက်ကြသည်။ အခန်းထဲရှိ အသံချဲ့ စက်များမှ ဂျိုဟန်ဆီဘတ်စတီယံဘာခ့်၏ တေးသွားကို ကြားနေရသည်။ ကျွန်တော်မေးလိုက်သည့် မေးခွန်းတစ်ခုကို သူက မဆိုင်းမတွ ပြန်ဖြေသည်။ "ကျွန်တော့်အပေါ် ဩဇာအလွှမ်းဆုံး လူကတော့ ကျွန်တော့်ဖေဖေပေါ့ဗျာ။ ကျွန်တော်တို့ အဝေးက်ပြီး ဘယ်လ်ဂျီယံကနေ ပြေးလာခဲ့တာလေ။ ဖေဖေဟာ အဲဒီလို ခြေဖဝါးလက်ဖဝါးချည်းရှိတဲ့ ဘဝကနေပြီး

www.burmeseclassic.com

www.burmeseclassic.com


အရာရောက်တဲ့ စီးပွားရေးလုပ်ငန်းကြီးတစ်ခု ထူထောင်ခဲ့တာဗျ" ထို့နောက် ဇာတ်လမ်းတစ်ပုဒ်ပြောပြသည်။ ဆင်းရဲမွဲတေခြင်းနှင့် ချမ်းသာကြွယ်ဝခြင်း၊ ဩစာအာဏာနှင့် ကိုယ်ကျင့်တရား၊ နိုင်ငံရေးနှင့် ပါရမီအကြောင်းများပါသည့် ဇာတ်လမ်း။ သူပြောသည့်ဇာတ်လမ်းသည် ရေနံ၏အတိတ်ဇာတ်လမ်းနှင့် အနာဂတ်ဇာတ်လမ်းဖြစ်ဖို့ အလားအလာများစွာ ရှိနေပါသည်။

■

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၃
## ကံကြမ္မာ လူလှည့်စား

ဒေးဗစ်ရစ်ချ်သည် သူ့ဘဝတွင် ပထမဦးဆုံးပိုင်ဆိုင်သော ကိုယ်ပိုင်ကားကလေးကို ၁၉၄၀ ခုနှစ်၊ မေလ(၈)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဝယ်ခဲ့သည်။ တစ်ပတ်ရစ် စစ်ထရွန်ကားအနက်ရောင်ကလေး။ သူနှင့် သူ့မိသားစုကလေးအတွက် အချိန်သိပ်များများစားစား မရှိတော့။ လှုပ်ရှားမှုတွေ ပြင်ဆင်မှုတွေ လုပ်ရတော့မည်ဆိုတာ သူ ရိပ်မိနေသည်။ ထိုခေတ်ထိုအခါကဆို ချမ်းသာကြွယ်ဝသော မိသားစုများသာ ကိုယ်ပိုင်ကား ဝယ်စီးနိုင်ကြသည်။ သို့သော်ငြားလည်း ဒေးဗစ်ရစ်ချ်က ကား ဝယ်စီးခဲ့သည်။ ချမ်းသာလွန်း ကြွယ်ဝလွန်းသောကြောင့်တော့ မဟုတ်။ ဖိနပ် လက်လီအရောင်းသမား ဒေးဗစ်ရစ်ချ်သည် သူ့ဝင်ငွေ အားလုံးကို ခြစ်ခြုတ်ကုတ်ကပ်ပြီး တစ်ပတ်ရစ်ကားကလေးပေါ်မှာ ပုံအောသုံးသည်။ သို့တိုင် ကိုယ်ပိုင်ကားဝယ်စီးလိုက်နိုင်သည့်အတွက် သူ ဂုဏ်မယူမိ။ ဂုဏ်မယူနိုင်။ အထူးသဖြင့် သည်အချိန်သည်အခါမျိုး တွင် ဂုဏ်မယူနိုင်။ ဘယ်လ်ဂျီယံတွင် နေထိုင်သည့် ရွှေဒိုင်းခွဲဝါဒီ ဂျူးတစ်ယောက်အနေဖြင့် ဂုဏ်ယူနေရမည့်အချိန် မဟုတ်။

တိုင်းရေးပြည်ရေးကို မျက်ခြည်မပြတ် အကဲခတ်လေ့လာနေ သူများဆိုလျှင် သူတို့ခြေလှမ်းများကို မှန်းလို့ရပါသည်။ ဂျာမန်လက် နက်ကိုင်တပ်ပေါင်းစုသည် ဒိန်းမတ်နှင့် နော်ဝေကို စီးနင်းတိုက်ခိုက် သိမ်းပိုက်လိုက်သည်။ သူတို့သည် လွန်ခဲ့သည့် ရှစ်လ၊ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလတုန်းကပင် ပိုလန်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့ပြီ။ ဤကား ဒုတိယကမ္ဘာစစ်၏ အစပါတည်း။ ကမ္ဘာ့သမိုင်းကြောင်း တစ်လျှောက်တွင် ပဋိပက္ခအပြင်းထန်ဆုံးနှင့် လူတွေ အသေအပျောက်

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



အများဆုံးဖြစ်လာမည့် **စစ်ပွဲကြီး၏ နိဒါန်း။** ယခုအတိုင်းဆိုလျှင် နာဇီဂျာမန်တပ်ပေါင်းစုသည် ရက်ပိုင်းအတွင်း ဘယ်လ်ဂျီယံမှတစ်ဆင့် ပြင်သစ်ကို ဝင်ရောက်တိုက်ခိုက်တော့မည့်ပုံ။ ၁၉၄၀ ပြည့်နှစ် နွေဦးရောက်တော့ မဝေးလှသော **အနာဂတ်တွင် ဂျူးမိသားစုတစ်စု ဘာတွေဖြစ်လာမည်လဲဆိုတာ အလွယ်တကူခန့်မှန်းလို့ရနေပါပြီ။** လူမျိုးရေးခွဲခြားမှုကို **ရှေ့တန်းတင်သည့် နျူရင်ဘတ်ဥပဒေက ဂျူးလူမျိုးများကို စနစ်တကျ နှိပ်ကွပ်ထားသည်။** မဲပေးဖို့ခွင့် ရုပ်သိမ်းထားသည်။ **သည်ဥပဒေကို ဂျာမနီတွင် အကောင်အထည်ဖော် ကျင့်သုံးနေခဲ့သည်မှာ ၁၉၃၅ ခုနှစ်ကတည်းက နာဇီတွေ မကြည်ဖြူ သည့် စာရေးဆရာများ၏ စာအုပ်များကို လူပုံအလယ်တွင် မီးရှို့ဖျက်ဆီးပစ်သည်။** ဂျူးလူမျိုးများကို စီးပွားရေးလောက **တွင်းသို့ အဝင်မခံ။ ဂျာမန်နိုင်ငံတော်ကြီးတွင် ဂျူးတွေ နိုင်ငံရေးမလုပ်ရ။** လူမှုရေးအရလည်း ကြဉ်ထားကြသည်။ ဂျူး **များကို** တရားဝင်လူမျိုးရေး ခွဲခြားဖဲကြဉ်ပြီး **နောက်ဆက်တွဲအဖြစ်** ဂျူးများ ပိုင်ဆိုင်သည့် လယ်ယာမြေနှင့် ပစ္စည်းဥစ္စာ **များကို အာဏာပိုင်များက သိမ်းဆည်းကြသည်။** ၁၉၃၈ ခုနှစ်နှောင်းပိုင်းတွင်တော့ သူတို့၏ ခြေလှမ်းများသည် ထင်သာ မြင်သာ သိသာလာသည်။ လူမျိုးတုံး ကွပ်မျက်ရေးခြေလှမ်းများ။

အာဏာရှင် အဒေါ့ဖ်ဟစ်တလာ အာဏာရပြီး ခြောက်နှစ်မြောက် ၁၉၃၉ ၊ ဇန်နဝါရီ (၃၀)ရက်တွင် ဟောပြောသည့် မိန့်ခွန်းမှာ ကြောက်စရာလန့်စရာ။ ယင်းမိန့်ခွန်းကို သတင်းစာများတွင်သာမက ရေဒီယိုမှလည်း လွှင့်ရသည်။ တစ်ပတ် တစ်ကြိမ်ပြသသည့် သတင်းရုပ်ရှင်တွင်လည်း ပြသရသည်။ မိန့်ခွန်းဆိုလိုရင်းကတော့ ဥရောပတွင် ဂျူးလူမျိုးများအား စီးပွားရေးအရ ခေါင်းထောင်ခွင့်ပြုလျှင် အများပြည်သူကို ကမ္ဘာစစ်ကြီးအတွင်းသို့ တွန်းချသည်နှင့် အတူတူဖြစ်ကြောင်း။ ထို့ကြောင့် ဥရောပ တစ်နံတစ်လျားရှိ ဂျူးလူမျိုးများကို လူမျိုးတုံး သုတ်သင်ကွပ်မျက်ရမည်ဖြစ်ကြောင်း။

ဒေးဗစ်ရစ်ချ်က ခွန်နှင့်အားနှင့် အလုပ်လုပ်တတ်ပြီး ဣန္ဒြေရှိရှိ သိက္ခာရှိရှိ နေထိုင်တတ်သူ။ သူ့မှာ ငါးနှစ်အရွယ် သားငယ်ကလေးတစ်ယောက် ရှိသည်။ ကနဦးပိုင်းတုန်းကတော့ သူ့စိတ်သူ လှည့်စားနေသေးသည်။ ၁၉၄၀ ခုနှစ်၊ မေလ (၈)ရက်နေ့တွင်တော့ သူ့စိတ်သူ လှည့်စားတာကိုရပ်ပြီး အရှိကို အရှိအတိုင်း လက်ခံဖို့ ဆုံးဖြတ်လိုက်၏။ ခုဆို သူ မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ကြုံခဲ့တာတွေ များပြီ။ ဂျူးလူမျိုးများအား နှိပ်ကွပ်သတ်ဖြတ်နေသည့်ကိစ္စ။ သူ့မိဘတွေ၊ သူ့ဘိုးဘွားတွေ သည်ဒဏ်ကို ခံခဲ့ကြရသည်လေ။

သူ့ကို ၁၉၀၂ တွင် မွေးဖွားခဲ့သည်။ မိရိုးဖလာ ဂျူးမိသားစုမှ ပေါက်ဖွားခဲ့သည်။ သို့သော် ဂျူးဆန့်ကျင်ရေး အရှိန်အဟုန်ပြင်းလွန်းသည့်အတွက် ဒေးဗစ်တို့မိသားစုသည် ဥရောပအနောက်ပိုင်းသို့ ထွက်ပြေးခဲ့သည်။

သူရောက်သွားသည့်နေရာမှာ ဖရင့်ဖတ်မြို့။ ဂျာမန်နိုင်ငံတော်ကြီးထဲမှာ ရှိသည်။ သူ့မွေးဇာတိမြေနှင့် ကီလိုမီတာ ဟာစ်ထောင့်နှစ်ရာ (မိုင်…)လောက်လည်း ဝေးသည်။ ဥရောပသား ဂျူးများနှင့် ပေါင်းသင်းဆက်ဆံရသည်မှာ စိတ်ထဲမှာ

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



မျှော်မရလောက်သည့် အတွေ့အကြုံများ ရစေသည်။ ဂျူးအိမ်ထောင်စု တော်တော်များများတွင် မဖြစ်မနေ ဆောင်ထားလေ့ရှိသည်မှာ ခရီးဆောင်လက်ဆွဲသေတ္တာကလေးတစ်လုံး။ ယင်းသေတ္တာကလေးထဲတွင် မိမိတို့အတွက် မရှိမဖြစ် အရေးပါသော ပစ္စည်းများ၊ ဥစ္စာများ ထည့်ထားကြသည်။ အရေးအကြောင်း ကြုံလာပြီး မဖြစ်မနေ အဆောတလျင် ပြေးကြရတော့မည်ဆိုလျှင် ယင်းသေတ္တာကလေးကို မပါပါအောင် ဆွဲပြီး ပြေးရုံပင်။ ၁၉၃၃ ခုနှစ်၊ ဇန်နဝါရီလ (၃၀)ရက်နေ့တွင် ဂျာမနီပြည်၏ အဓိပတိကြီးအဖြစ် အဒေါ့ဖ်ဟစ်တလာခံယူပြီးသောအခါ နာဇီတွေ လက်ခမောင်းခတ်ကြတော့၏။ အကြောင်းမှာ သူတို့လက်ထဲ အခဲ့းစွန်သော ဩဇာအာဏာတွေ ရောက်လာသောကြောင့်။ သည်တော့ သူ့အိမ်ထောင်စုမှာ ဆောင်ထားသည့် လက်ဆွဲသေတ္တာကလေးကို ထုတ်ရတော့မည်ဖြစ်ကြောင်း ဒေးဗစ်သဘောပေါက်လာသည်။ သူငယ်စဉ်က မွေးဇာတိမြေကို စွန့်ခွာခဲ့သလို ယခုလည်း ဖရင့်ဖတ်မှ အထုပ်ဆွဲပြီး ပြေးရပေဦးမည်။

ဂျာမနီပြည်တွင် အကြီးမားဆုံး ကပ်ဆိုးကြီးဖြစ်ပေါ်စေမည့် ၁၉၃၃ ခုနှစ်တွင် ခပ်ချောချော မိန်းမတစ်ယောက်ကို ဒေးဗစ်တွေ့သည်။ သူမနာမည်က ပေါလာ "ပက်ပီ" ဝမ်း။ သူမက ချောသည်။ လန်းဆန်းတက်ကြွသည်။ ရင်ထဲက ခံစားချက်ကို ဟောဟောဒိုင်းဒိုင်း ပြောတတ်သည်။ သူတို့နှစ်ယောက် လက်ထပ်ပြီး ဘယ်လ်ဂျီယံပြည်ရှိ အန့်တဝပ်မြို့တွင် အခြေစိုက်ကြသည်။

ထိုစဉ်က အန့်တဝပ်သည် ဂျူးလူမျိုးများ အခြေချနေထိုင်သည့် ဥရောပမြို့ကလေးဖြစ်၏။ ရှဲလ့်ဒ် (Scheldt) မြစ်ကမ်းနဖူးပေါ် တည်ထားသည့် မြို့တော်သည် တစ်ခေတ်တစ်ခါတုန်းက အောင်မြင်ထင်ရှားခဲ့သည့် စီးပွားရေးမြို့တော်။ နောက်ပြီး ကမ္ဘာပေါ်တွင် အကြီးမားဆုံးဆိပ်ကမ်းရှိသည့် မြို့တော်ဟု ဂုဏ်ယူဝင့်ကြွားကြရသည့် မြို့တော်။

ပေါ်တူဂီသင်္ဘောများက သူတို့တင်ဆောင်လာသည့် အဖိုးထိုက်အဖိုးတန် ရှားပါးကုန်စည်များကို သည်ဆိပ်ကမ်းတွင် ချသည်။ ဤမြို့တော်ကား နိုင်ငံတကာမှ ကုန်သည်များ၊ စီးပွားရေးသမားများ လုပ်ငန်းအခြေစိုက်သည့်မြို့တော်။ နောက်ပြီး ဂျူးလူမျိုးများ အခြေချပြီး ကြီးပွားကြသည်ကို ခွင့်ပြုသည်းခံခဲ့သည့် မြို့တော်လည်းဖြစ်၏။

ဒေးဗစ်နှင့် ပေါလာတို့ ၁၉၃၃ တွင် ထွက်ပြေးခိုလှုံခဲ့သည့် မြို့တော်သည် အခြားအခြားသော အရောင်းအဝယ်လုပ်ငန်းများသာမဟုတ်ဘဲ ကမ္ဘာ့စိန်အရောင်းအဝယ်လုပ်ငန်းတွင်လည်း အချက်အချာကျသည့် နေရာဒေသဖြစ်နေပြန်၏။ အန့်တဝပ်ရှိ စိန်အရောင်းအဝယ်လုပ်ငန်းအားလုံး၏ (၉၀)ရာခိုင်နှုန်းသည် ဂျူးလူမျိုးများ၏လက်ထဲမှာ။ သို့သော် ကံမလိုက်သောကြောင့်လား၊ အဆက်အသွယ် မကောင်းသောကြောင့်လား မသိ။ စိန်အရောင်းအဝယ်လုပ်ငန်းတွင် ဒေးဗစ်မဝင်ဆံ့ခဲ့ပါချေ။

သည်တော့ ဥရောပဇာတိ ဂျူးများအား လွှန်ခဲ့သည့် ရာစုနှစ်ပေါင်းများစွာကတည်းက လွတ်လွတ်လပ်လပ်

www.burmeseclassic.com
the bookhouse we bring your future

www.burmeseclassic.com


လုပ်ကိုင်ခွင့်ပြုထားသည့် စီးပွားရေးလုပ်ငန်း မဆိုစလောက်ထဲမှ တစ်မျိုးကို ရွေးချယ်သည်။ အရောင်းအဝယ်အလုပ်။ သူက သူများတကာထက်ပိုပြီး အလုပ်ကို ကြိုးကြိုးစားစားလုပ်သည်။ သူ လက်လှမ်းမီသရွေ့ ကုန်ပစ္စည်းအားလုံးကို ရောင်းသည်။ ဝယ်သည်။ ဦးစွာသတ္တုအစအနတွေ။ ထို့နောက် အဝတ်အထည်စတွေ၊ ထို့နောက်တော့ ရှူးဖိနပ်အရောင်းအဝယ်ကို အာရုံစိုက် ဖောက်ချလုပ်တော့၏။

သူတို့ဇနီးမောင်နှံရသည့်ဝင်ငွေက သူတို့ကို လူလတ်တန်းစားဘဝနေဟန်ဖြင့် မြို့လယ်မှာ နေထိုင်စေနိုင်သည်။ တစ်နေ့ ထမင်းသုံးနပ်စားမည်၊ တစ်ခါတစ်ရံ ရုပ်ရှင်ရုံဘက် ခြေဆန့်မည်။ ယနေ့ခေတ် အခေါ်အဝေါ်အရဆိုလျှင် သာမန်လူလတ်တန်းစားများပေါ့။

၁၉၃၄ခု၊ ဒီဇင်ဘာ(၁၈)ရက်နေ့တွင်တော့ သူတို့ဇနီးမောင်နှံ၏ သုခဘုံကလေးတစ်စခန်း ရပ်သွားသည်။ ဘာကြောင့်ဆို ထိုနေ့တွင် သူတို့အတွက် သားဦးကလေး မွေးခဲ့သောကြောင့်။ သူတို့က သားဦးကလေးကို မာစဲလ်ဟု ကပ်ပွန်းတပ်ကြသည်။ မာစဲလ်ဒေးဗစ်ရစ်ချ်။ နောက်တော့ မာစဲလ်က သူ့ကိုယ်သူ မာ့ခ်ရစ်ချ်ဟု အမည်ပြောင်း ပစ်ခဲ့သည်။ သူ့ဖခင်ဒေးဗစ်ကတော့ ဗဟုသုတကြွယ်ဝန္တစပ်သူ။ မိသားစုအပေါ် စည်းနှင့်ကမ်းနှင့် အုပ်ချုပ်တတ်သလို သူကိုယ်တိုင်လည်း စည်းနှင့်ကမ်းနှင့် နေထိုင်သည်။ စည်းကမ်းနှင့်ပတ်သက်လာလျှင် တစ်စက်ကလေးမျှ လျှော့ပေးတတ်သူ မဟုတ်။ နောက်ပြီး အလုပ်နှင့်ပတ်သက်လာလျှင် အားကြိုးမာန်တက်ရှိသလို ဘာသာရေးနှင့်ပတ်သက်လာလျှင်လည်း ဖျပ်ဝပ်ကျိုးနွံတတ်သူ။

ဖခင်ဖြစ်သူက စည်းကြီးကမ်းကြီး နိုင်လွန်းသော်လည်း မာ့ခ်ကသူ့ဖခင်ကို ချစ်သည်။ မြတ်နိုးသည်။ သူ့မိခင်ဖြစ်သူပေါ်လာက လျှင်သည်။ လာဘ်မြင်သည်။ ဉာဏ်ရည်ကောင်းသည်။ သရော်တော်တော်စကားများ မဆိုစလောက်ပြောတတ်သည့် ပြင်သစ်သွေးရောသည့် အမျိုးသမီး။ သူမဘဝတွင် သူမစန်းတင်မြတ်နိုးသည့် သူရဲကောင်း နှစ်ဦးရှိသည်။ တစ်ဦးက ခင်ပွန်းသည် ဒေးဗစ်။ ကျန်တစ်ဦးက သူမ၏သား မာ့ခ်။ မာ့ခ်၏မိတ်ဆွေများကတော့ သူမကို "ရှေးရိုးဂျူးအဘွားကြီး" သားတော်မောင်ကို ဂရုတစိုက် ကြင်ကြင်နာနာနှင့် အစိုးရိမ်ကြီးလွန်းတတ်သူတစ်ဦးဟု မှတ်ချက်ချကြသည်။

မာ့ခ်ကလေးသည် ဘာသာစကားနှစ်မျိုး ပြောတတ်သည်။ ဖခင်၏ အမိဘာသာစကား ဂျာမန်နှင့် မိခင်၏ အမိဘာသာစကား ပြင်သစ်။ အန့်တဝပ်မြို့စွန်ရှိ ဂျူးစာသင်ကျောင်းတွင် ကျောင်းနေသည်။ သူ့အား ရင်အုပ်မကျွာထိန်းသိမ်းစောင့်ရှောက်ပေးသူမှာ ဂျာမန်မကြီး ဆယ်လ်မာ။ မာ့ခ်က သူ့ကလေးထိန်းကြီး ဆယ်လ်မာကို ရင်ထဲ အသည်းထဲမှ ချစ်ခင်မြတ်နိုးသည်။

■

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



## ငရဲခန်းမှ ထွက်ပြေးလွတ်မြောက်ခြင်း

ဘာအပြောင်းအလဲမှု မဖြစ်လျှင်တော့ သူတို့မိသားစု၏ဘဝက နေပျော်သောဘဝကလေး ဖြစ်နိုင်ပါသည်။ သို့ပေမယ့် "ငရဲခန်း ဖြစ်ရပ်များက စတင်ဖြစ်ပေါ်လာပြန်သည်။ သည်တော့ သူတို့အသင့် ဆောင်ထားသည့် လက်ဆွဲသေတ္တာကလေးကို ထုတ်ယူဖို့ အချိန်ကျ ရောက်လာပြန်ချေပြီ။ ၁၉၄၀ ခုနှစ်၊ မေ(၈)ရက်ရောက်တော့ အမှန်တကယ် ကြောက်ရွံ့စရာအကြောင်း တရားကြီး ဖြစ်ပေါ်လာပြီဖြစ်၏။ နာဇီများက ဥရောပတစ်ခွင်တစ်ပြင်လုံးကို သိမ်းပိုက်အုပ်ချုပ်တော့မည့် အနေအထား ဖြစ်ပေါ်လာခြင်း။ သည်တော့ ဒေးဗစ်ရစ်ချ်တစ်ယောက် သူ့မှာ ရှိစုမဲ့စု စည်းစိမ်ဥစ္စာကို ခြစ်ခြုတ်စုဆောင်းပြီး တစ်ပတ်ရစ် စစ်ထရွန်ကား အနက်ကလေးတစ်စီး ဝယ်ဖြစ်အောင်ဝယ်ရတော့၏။ ဤကား ဒေးဗစ်၏အမြော်အမြင်ကြီးသောခြေလှမ်း တစ်လှမ်းပင် ဖြစ်တော့၏။ အဘယ်ကြောင့်ဆိုသော် နောက်နှစ်ရက်အကြာတွင် ဂျာမနီသည် ဥရောပအနောက်မြောက်ကို သွှမ်းမိုးဖို့ စတင်ခြေလှမ်းလိုက်သောကြောင့်ပင်။ ၁၉၄၀ ခုနှစ်၊ မေလ(၁၀)ရက်၊ သောကြာနေ့တွင် ဂျာမန် ကြည်းရေလေတပ် ပေါင်းစုက ကျူးကျော်စစ်ကို စတင်ဆင်နွှဲသည်။ ဂျာမန်လေတပ်က အန့်တဝပ်ဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်သည်။

"ကျွန်တော့်ဖေဖေက ကျွန်တော်တို့အားလုံးကို ကားပေါ်တင်တော့တာပဲ။ ကျွန်တော့်မေမေရယ်၊ ကျွန်တော့် အထိန်းတော် ဆယ်လ်မာရယ်၊ နောက်ပြီး ကျွန်တော်ကိုယ်တိုင်ကိုပါပေါ့။ ကျွန်တော်တို့ကားကလေးနဲ့ ပြေးခဲ့တယ်။ မိုး ပေါ်မှာ ဂျာမန်လေယာဉ်တွေ တွေ့ရတယ်။ ပြီးတော့ ဗုံးကြဲသံတွေ ကြားရတယ်လေ"

ဇပ်မြို့ကလေးရှိ သူ့ရုံးခန်းထဲတွင် ထိုင်ပြီး ကော်ဖီသောက်ရင်း သူ့ငယ်ဘဝအကြောင်း ပြောကြသည်။ သူ့မိဘနှစ်ပါး နှင့် သူ့ဆက်ဆံရေးအကြောင်း၊ သူ့အပေါ် ဩဇာလွှမ်းမိုးခဲ့သည့်အရာတွေအကြောင်း။ ဂျာမန်များ၏ ကျူးကျော်တိုက်ခိုက်မှုနှင့် သူတို့မိသားစု သေပြေးရှင်ပြေးပြေးခဲ့ရတာတွေသည် သူ၏ ပထမဦးဆုံးအမှတ်တရများပင် ဖြစ်၏။ ထို့နောက် သူ ခံစားခဲ့ရသည့် ကြောက်ရွံ့မှု၊ စိတ်ရှုပ်မှုနှင့် ဘဝရွှေ့ရေး မရေရာမှုများ။ သူတို့သည် သေဘေးမှလွတ်အောင် ပြေးနေရသည်။ ပြီးတော့ သူတို့အိမ်ကလေးကို စွန့်ပစ်ခဲ့ရသည်။ ရင်နင့်ကြေကွဲမှုများသည် ငါးနှစ်သားအရွယ်ကောင်ကလေး၏အသည်းတွင် အထိရာအနာတရ ဖြစ်ကျန်ခဲ့သည်။ ထိုနေ့က ထောင်ပေါင်းများစွာသော ဘယ်လ်ဂျီယံများသည် ပြင်သစ်ပြည်သို့ ပြောင်းခိုလှုံခြင်းဖြင့် အသက်ဘေးမှ လွတ်မြောက်အောင် ကြံဆောင်ကြသည်။ ဒေးဗစ်၊ ပေါလာ၊ မာဇဲလ်နှင့် ဆယ်လ်မာ တို့သည်း တောင်အရပ်ဆီသို့ သေပြေးရှင်ပြေး ပြေးကြရသည်။ ပြင်သစ်ပြည်နယ်စပ်သည် အန့်တဝပ်မှ မိုင်တစ်ရာဝင် အကွာတတ်။ ပြင်သစ်နယ်စပ်သို့ ရောက်တော့ သူတို့ အသည်းကြေွရမည့်ဖြစ်ရပ်နှင့် ပက်ပင်းတိုးရတော့၏။ ကလေးထိန်း ဖြစ်သူ ဆယ်လ်မာကို ပြင်သစ်ပြည်တွင်းသို့ ဝင်ခွင့်မပြုကြခြင်း။ ဘာကြောင့်ဆို ဆယ်လ်မာက ဂျာမန်နိုင်ငံသူဖြစ်သော်လည်း

www.burmeseclassic.com
the bookhouse
we bring you future

www.burmeseclassic.com



ဂျူးလူမျိုးမဟုတ်သောကြောင့်။ ပြင်သစ်သည် ဂျာမနီနှင့်စစ်ဖြစ်နေခဲ့သည်မှာ ၁၉၃၉ ခု၊ စက်တင်ဘာလကတည်းက။ ဒေးဗစ်တို့ ဘယ်လောက်ဆွေးနွေး တောင်းပန်သည်ဖြစ်စေ သက်ဆိုင်ရာအာဏာပိုင်များက စိတ်မပြောင်း။ သို့ဖြင့် ဆယ်လ်မာကို ဘယ်လ်ဂျီယံနယ်စပ်၌ ထားခဲ့ရသည်။ ရင်နှင့်ကြေကွဲစွာဖြင့် သူမဘဝ သူမ အကောင်းဆုံးဖြစ်အောင် ထူထောင်ဖို့။

ပြင်သစ်ပြည်သို့ထွက်ပြေးခဲ့ခြင်းသည် ရစ်ချ်မိသားစုကို ငရဲခန်းသို့ရောက်ခြင်းမှ လွတ်မြောက်စေခဲ့သည်။ နောက်ရှစ်ရက်အကြာ ၁၉၄၀ ခုနှစ်၊ မေ(၁၈)ရက်တွင် ဂျာမန်များက အန့်တဝပ်ကို သိမ်းပိုက်လိုက်ကြသည်။ ခြောက်ထောင်နှင့် တစ်သောင်းအကြားအရေအတွက်ရှိသည်. ဂျူးများကို ဖမ်းဆီးသည် သူတို့ကို သူတို့အိမ်ရာများမှ ထွက်ခွာစေသည်။ သူတို့၏ စီးပွားရေးလုပ်ငန်းများကို ပိတ်ပင်ပစ်သည်။ သူတို့၏ အဖွဲ့အစည်းများကို ဖျက်ပစ်သည်။ ဤကား ဥရောပမြေပေါ်ရှိ ဂျူးများ လုံးဝဥဿုံ ပျောက်ကွယ်သွားရေးဆိုသည့် ဟစ်တလာ၏စီမံ.ကိန်းကို စနစ်တကျ အကောင်အထည်ဖော်ခြင်း တစ်စိတ်တစ်ပိုင်း။ ၁၉၄၀ ခုနှစ်တွင် ခန့်မှန်းခြေ နှစ်သောင်းငါးထောင်မှ ငါးသောင်းငါးထောင်ကြားရှိ ဂျူးလူမျိုးတွေ ဘယ်လ်ဂျီယံတွင် နေထိုင်ကြဆဲ။ သို့သော် ဥရောပအရှေ့ပိုင်း စစ်ပွဲပြီးဆုံးသွားချိန်တွင် ဂျူးလူမျိုး နှစ်သောင်းငါးထောင်ကို ဘယ်လ်ဂျီယံပြည်မှ နှင်ထုတ်ကြသည်။ ပြီးတော့ ငရဲစခန်းများတွင် ကွက်မျက်ပစ်ခဲ့ကြလေသည်။

နာဇီဂျာမနီသည် ၁၉၄၀ ခုနှစ်၊ နွေဦးအရောက်တွင် ဘုန်းမီးနေလထွန်းတောက်နေလေပြီ။ ဂျာမန်များက ဘယ်လ်ဂျီယံ လူဇင်ဘတ်နှင့် ဟော်လန်တို့ကို ရက်ပိုင်းအတွင်း သိမ်းပိုက်လိုက်၏။ ဇွန်လစောစောပိုင်းတွင် ပြင်သစ်ကို စတင်တိုက်ခိုက်သည်။ ဇွန်(၁၄)ရက်နေ့တွင် ဂျာမန်စစ်တပ်တပ်ဦးမှ စစ်သားများ ပါရီမြို့ထဲ ခြေချခဲ့ကြပြီဖြစ်၏။

■

*ကက်ဆာ ဘလန်ကာ*

ဒေးဗစ်ရစ်ချ်က သူ့စစ်ထရွန်ကား အနက်ကလေးမောင်းပြီး သူ့မိသားစုကို နာဇီရန်နှင့်ကင်းရှင်းရာ ပြင်သစ်ပြည်တောင်ပိုင်း၊ မာဆေးလ်မြို့သို့ ပြေးသည်။ မာဆေးလ်ကား တိုင်းပြည်၏အကြီးမားဆုံး ဆိပ်ကမ်းရှိရာမြို့။ သူက သူ့မိသားစုကို ဥရောပတိုက်နှင့်ဝေးရာသို့ ခေါ်သွားချင်သည်။ သို့တိုင် သိပ်တော့မလွယ်။ ဂျူးပြည်ပြေးများကို လက်ခံဖို့ နိုင်ငံတော်တော်နည်းနည်းကပဲ ပြင်ဆင်ထားသည်။ သူတို့ကို လက်ခံချင်သည့်နိုင်ငံ နည်းရသည့်အထဲ ထိုနိုင်ငံများသို့ ခရီးသည်တင်သင်္ဘောကြီးစီးပြီး အခန့်သားလိုက်သွားလို့လည်း မဖြစ်သေး။ ဘာကြောင့်ဆို သူတို့မှာ သည်လောက်ငွေများများစားစားမရှိ။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အတုန်အကျမခံနိုင်။ မည်သို့ရှိစေ သီတင်းပတ်တော်တော်ကြာကြာ စောင့်ပြီးသောအခါ အဆင်ပြေမည့် ကုန်သင်္ဘောတစ်စီးကို ရှာချွေ့တွေ့သည်။ ယင်းသင်္ဘောဖြင့် လိုက်သွားလျှင် ငွေကုန်ကြေးကျ အရမ်းသက်သာမည်။ သူတို့ ဩစတြေးလျသို့ရောက်အောင် လိုက်သွားမည်။

သူတို့မိသားစု သင်္ဘောဝမ်းဗိုက်ထဲရှိ ပိုက်လုံးများတွင် အရေးပေါ်ဆင်ပေးသည့် အဝတ်ပုခက်များဖြင့် အိပ်ကြရသည်။ သူတို့ကို ထမင်းကျွေးလျှင် သင်္ဘောပေါ်မှာ ပါလာသည့် ဆိတ်များကို ဟင်းချက်ပြီး ကျွေးသည်။ ကုန်သင်္ဘောကြီးပေါ်မှာ ကျပ်ညပ်နေသည်။ ညစ်ပတ်ပေရေနေသည်။ နေရထိုင်ရ သက်သောင့်သက်သာမရှိ။ စက်သုံးဆီနံ့က တစ်ထောင်းထောင်း။ ညှီစပ်သည့်တိုင် ရစ်ချ်မိသားစုကို နာဇီများ၏ အဆိပ်ငွေ့လွှတ်ပြီး လူသတ်သည့်အခန်းများနှင့်တော့ ဝေးသွားစေသည်။ သူတို့နှင့်အတူ တခြားတခြားသော နိုကိုးရာမဲ့ ဂျူးတွေလည်း သင်္ဘောပေါ်တွင် ပါလာသေးသည်။

သူတို့လိုက်လာသည့် မွန်ဗီဆို (Monviso) ကုန်သင်္ဘောသည် သိပ်ဝေးဝေးလံလံဒေသသို့ ခရီးမပေါက်လိုက်။ သူတို့ ဂျီဘရော်လ်တာ ရေလက်ကြားကို ဖြတ်ပြီး တောင်ဘက်သို့ ဦးတည်ခုတ်မောင်းနေစဉ် မော်ရိုကိုကမ်းခြေ၊ အတ်လာတာဘလန်ကာမြို့အနီးတွင် တားဆီးခံရတော့၏။ အာဏာပိုင်များက သင်္ဘောကို ခရီးဆက်ခွင့်မပြု။ သင်္ဘောပေါ်ပါလာသည့် ဒုက္ခသည်အားလုံးကို ဖမ်းဆီးထိန်းသိမ်းလိုက်သည်။ ဒေးဗစ်တို့မိသားစုကိုမူ ကနဦးပိုင်းတွင် သင်္ဘောပေါ်မှာပဲ ထိန်းသိမ်းထားသည်။ သုံးလေးရက်ကြာမှ ကက်ဆာဘလန်ကာဆိပ်ကမ်း၏ တောင်ဘက်ရှိ အဇီမော်မြို့ရှိ ဒုက္ခသည်စခန်းသို့ခေါ်ပြီး စစ်ဆေးသည်။ ဩစတြေးလျတွင် ဘဝသစ်ထူထောင်မည်ဟူသော သူတို့၏စိတ်ကူးယဉ်အိပ်မက်သည် ပျက်ပြယ်သွားတော့၏။ နာဇီများ၏ အရိပ်မည်းကြီးအောက်မှ လွတ်မြောက်တော့မည်ဟူသော မျှော်လင့်ချက်သည်လည်း တစ်စစီ ကြေမွသွားတော့၏။

သည်လိုဖြင့် အချိန်တွေ ကုန်လာသည်။ တစ်လ၊ နှစ်၊ သုံးလ။ နောက် လေးလ။ ဒုက္ခသည်စခန်းတွင် စုံစမ်းစစ်ဆေးမှုတွေ များများလုပ်လေ အချိန်တွေကြာလာလေ ဒေးဗစ်မိသားစု လွတ်မြောက်ရေးမှာ ပိုမို အလှမ်းဝေးလာလေ။ မျက်နှာကြီးသော မာမာကြောကြော ခက်ခက်ထန်ထန် အစောင့်ပုလိပ်ကြီးတွေ။ ဒုက္ခသည်စခန်းတွင် အကျဉ်းသားအဖြစ် အဖမ်းခံထားရသည့် အတွေ့အကြုံကား မေ့မရနိုင်စရာ။ နာကြည်းစက်ဆုပ်စရာ။ မာ့ခ်လိုလူငယ်ကလေးအတွက်တော့ ဘဝတစ်သက်လုံး မမေ့နိုင်စရာချည်း။ ကူကယ်ရာမဲ့ဘဝနှင့် ကြုံရာမရဖြစ်နေသည့် သူ့ဖေဖေ့ဒုက္ခကိုလည်း ရိပ်စားမိသည်။

နောက်ဆုံးတော့ မာ့ခ်၏ဖခင် ဒေးဗစ်တွင်ရှိသည့် အရည်အချင်းသုံးရပ်ကြောင့် သူတို့မိသားစု လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ဖြစ်လာသည်။ ဒေးဗစ်က ဂျာမန်စကားတတ်သည်။ ရဟူဒီစကားတတ်သည်။ နောက်ပြီး ပြင်သစ်စကားလည်း တတ်သေးသည်။ သူတို့စခန်းမှာ ကျွမ်းကျင်သောစကားပြန်မရှိ။ သည်တော့ သူတို့အထူးတလည် ရှာဖွေ

www.burmeseclassic.com



**သည့် စကားပြန်ရာထူးကို ဒေးဗစ်ရသွားသည်။ အလုပ်ကို ကြိုးစားအားထုတ်သော၊ လက်တွေ့ကျသော ဒေးဗစ်သည် စခန်းတာဝန်ခံများ၏ ယုံကြည်စိတ်ချမှုကို အချိန်တိုတိုအတွင်း ရသွားသည်။ နောက်တော့ သူတို့ သူတို့အုပ်စု၏ ကိုယ်စားလှယ်အဖြစ်ပင် ရွေးချယ်လိုက်ကြ၏။ အရေးအကြီးဆုံးအချက်မှာ ဤရာထူးကြောင့် သူနှင့် မော်ရိုကိုအာဏာပိုင်များ အဆက်အသွယ်ရသွားခြင်း။ နောက်တော့ အခြေအနေတွေ တိုးတက်လာပြီး ကက်ဆာဘလန်ကာ ဆိပ်ကမ်းမြို့သို့ သွားခွင့်လာခွင့်ပင်ရလာသည်။ ထို့နောက် အမေရိကပြည်ထောင်စုသို့ ရောက်နေသည့် ဒေးဗစ်၏အစ်မနှင့် ဆက်သွယ်ခွင့်ရသည်။**

**ခရစ်ယာန်ဘာသာရေးအဖွဲ့တစ်ဖွဲ့တွင် အလုပ်လုပ်နေသည့် အစ်မကြီး၏ စွမ်းဆောင်ချက်ကြောင့် ဒေးဗစ်တို့မိသားစု အမေရိကသို့ ဝင်ခွင့်ရသည်။ အစ်မကြီးက သူတို့မိသားစုအတွက် သင်္ဘောလက်မှတ်တစ်စောင်ပင် ပို့ပေးလိုက်သည်။ မူလစီစဉ်ထားသည့်အတိုင်း သူတို့တစ်တွေ ဩစတြေးလျသို့ မသွားဖြစ်။ ခုတော့ မထင်မှတ်ဘဲ အမေရိကသို့ သွားခွင့်ရလိုက်ပြီ။**

၁၉၂၄ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေးဥပဒေ ပြဋ္ဌာန်းပြီးကတည်းက တိုင်းတစ်ပါးသားများ ပြည်ဝင်ခွင့်တင်းကြပ်စိစစ်ခဲ့သည့် အမေရိကသို့ သူတို့ဝင်ခွင့်ရတော့မည်။ သူတို့အလာခရီးတုန်းက စက်ဆီနံ့ထောင်းထောင်းထနေသည့် ကုန်သင်္ဘောကြီးဝမ်းဗိုက်ထဲမှ မဟုတ်တော့ဘဲ ယခုတစ်ခေါက်တော့ ခရီးသည်သင်္ဘောကြီး ''အက်စ် အက်စ် ပင်တို'' ပေါ်မှ သက်သောင့်သက်သာကလေး ဇိမ်ဖြင့် လိုက်ခဲ့ရပါသည်ဟု မာ့ခ်က တမ်းတမ်းတတ ပြန်ပြောပြခဲ့လေသည်။

■

### *ကျွန်တော်တို့ ဘာမှမကျန်အောင် ဆုံးရှုံးခဲ့တယ်*
### *ဒါပေမဲ့ အသက်တော့ ရှင်ကျန်ခဲ့တယ်*

ထိုနေ့ကား ၁၉၄၁ ခုနှစ်၊ နွေဦး၏ သာယာသောနေ့တစ်နေ့။ ပုလဲဆိပ်ကမ်း ဗုံးကြဲမခံရမီ၊ ဒုတိယကမ္ဘာစစ်အတွင်းသို့ အမေရိကန် တွေ မဝင်ရောက်မီ၊ နောက်ပြီး ဘာဘီယာ(Babi Yar)တွင် အစုလိုက်အပြုံလိုက် လူသတ်ပွဲကြီး မကျင်းပမီ လပေါင်းတော်တော် ကြာကြာအလို ထိုနေ့တွင် အနံ့တဝပ်မှ ကောင်ကလေးသည် ပင်လယ်ကူးသင်္ဘောကြီးဘေး လက်ရန်းကို ဆုပ်ကိုင်ပြီး မတ်တတ်ရပ်နေသည်။ သူက အမေရိကပြည်၏ လီဘာတီကျောက်ရုပ်ကြီးနှင့် နယူးယောက်မြို့တော်၏

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



မိုးကုတ်စက်ဝိုင်းကို ရင်ဖိုစွာ ငေးကြည့်နေသည်။ မိုးပျံတိုက်ဆိုသည်ကို သူ ယခင်က တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးခဲ့။ နောက်ပြီး သူက အင်္ဂလိပ်စကားဆိုလို့ တစ်ခွန်းတစ်ပါဒမျှ ပြောတတ်သူမဟုတ်။ ကံကြမ္မာ လှလှည့်စားက မာစဲလ် ဒေးဗစ်ရစ်ချ်ဆိုသည့် ကောင်ကလေးကို အမေရိကပြည်ထောင်စုထဲ ဝင်ခွင့်ရအောင် ဖန်တီးပေးလိုက်ပြီ။ သူ ယခုလို အသက်ရှင်ကျန်ခဲ့ခြင်းမှာ အကြောင်းရင်း နှစ်ရပ်ကြောင့် ဖြစ်၏။ ပထမအကြောင်းရင်းမှာ ကံမကောင်း အကြောင်းမလှသော ဖြစ်ရပ်ဆိုးတွေ ဖန်တစ်ရာတေအောင် ကြုံတွေ့ခဲ့ရသောကြောင့်။ ဒုတိယအကြောင်းရင်းကတော့ သူဖခင်၏ ကျွမ်းကျင်လိမ္မာမှုနှင့် အမြော်အမြင်ကြီးမှုကြောင့်။

"ကျွန်တော်တို့ ဘာမှမကျန်အောင် ဆုံးရှုံးခဲ့တယ်။ ဒါပေမယ့် အသက်တော့ ရှင်ကျန်ခဲ့တယ်" ဟု မော့ခ်ရစ်ချ်က ပြောသည်။

ဤကား သူတို့အတွက် မဟာအောင်ပွဲကြီးပါတည်း။ ထိုခေတ် ထိုအခါက ဥရောပဇာတိ ဂျူးလူမျိုးများအတွက် မှုသတ်ကွင်းမှ လွတ်မြောက် အသက်ရှင်ကျန်နေခြင်းသည် ကြီးမားသော အောင်မြင်မှုပင်ဖြစ်တော့၏။ ရစ်ချ်မိသားစုသည် သူတို့မွေးဇာတိ မြေမှသာ အချိန်မီ ထွက်မပြေးခဲ့လျှင်။ ထို့နောက် ဖရန့်ဖတ်မှ အန့်တဝပ်သို့ မပြေးခဲ့လျှင်။ ထို့နောက် အန့်တဝပ်မှ မာဆေးလ်သို့မပြေးခဲ့လျှင် ခုလောက်ဆို ဒေးဗစ်မိသားစုရယ်လို့ ရှိမည်မဟုတ်တော့။ ခုတော့ သူတို့သည် ဒီဆီသို့ ရောက်လာသည့် ကံထူးကံကောင်းမိသားစု ဖြစ်သွားလေပြီ။

မာစဲလ်ရစ်ချ်တစ်ဖြစ်လဲ မော့ခ်ရစ်ချ်၏ ဦးနှောက်ထဲ စွဲစွဲထင်ထင်ဖြစ်နေမည်ကတော့ သေဘေးမှ ရှင်ကျန်လွတ်မြောက် သူတစ်ဦး၏ စိတ်ဓာတ်နှင့် ပြည်ပြေးဒုက္ခသည်တစ်ဦး၏ စိတ်ဓာတ်ပင်ဖြစ်တော့၏။ သို့ဖြစ်ရာ သူသည် အခြားသူများနှင့် မှာ အမြဲ တစ်မူခြားနေပေမည်။ ဘာမဆို အောင်မြင်ရမည်ဟူသော ပိုင်းဖြတ်ချက်သည် သူ့စိတ်ထဲတွင် အမြစ်တွယ်နေ၏။ ထို့ပြင် မည်းတူစွာပင် မိမိတွင် အမြစ်တွယ်စရာ ဇာတိချက်ကြွေ မွေးရပ်မြေဆိုတာ မရှိတော့ဟူသည့် ခံစားချက်များကလည်း သူ့စိတ်ထဲ စွဲမြဲနေသည်။

သူတို့ အမေရိကသို့ ဝင်ခွင့်ရအောင် ကြံဆောင်ပေးသည့် အစ်မကြီးကျေးဇူးကြောင့်ပင် အမေရိကတွင် သူတို့နေရေး ထိုင်ရေး အဆင်ပြေသည်။ အစ်မကြီး၏ အစီအမံအတိုင်း နှစ်တော်တော်ကြာကြာ နေကြရသေးသည်။ ထိုအတောအတွင်း ငွေကြေးခိုင်မာတောင့်တင်းသော ဂျူးများနှင့် အဆက်အသွယ်ရသည်။ ထို့နောက်တော့ သူတို့မိသားစု မင်ဟာတန်အရပ်သို့ ပြောင်းရွှေ့ခဲ့ကြသည်။

■

www.burmeseclassic.com
bookhouse

www.burmeseclassic.com



### “သူက လူကောင်ညှက်ညှက်၊ လေသံဝဲဝဲနဲ့ ဂျူးပီသတဲ့ ဂျူးကလေးဗျ”

သူသည် ဆယ့်နှစ်နှစ်တာကာလအတွင်း ကျောင်းဆယ့်နှစ် ကျောင်း ပြောင်းတက်ခဲ့ရသည်။ မာ့ခ်ရစ်ချ်က အမှတ်တရ ပြန်ပြော ပြသည်။ သူတို့မိသားစုတွင် သူက တစ်ဦးတည်းသော သားကလေး။ သူ့မှာ ကစားဖော်ကစားဖက် ညီအစ်ကို မောင်နှမတွေ မရှိ။ သည်တော့ သူသည် တစ်ကိုယ်တည်း နေနေကျဖြစ်နေသည်။ ကျောင်းတွင်လည်း သည်အကျင့်က ပါနေသည်။ အပေါင်းတွေအသင်းတွေနှင့် ဟက်ဟက်ပက်ပက် ရောရောနှောနှော မနေတတ်။ ကြာတော့ သူသည် စရိုက်ထူးသည့် “စည်းပြင်က ကောင်ကလေး”ဖြစ်လာသည်။ သူ့ ဦးနှောက်ထဲ သံမှိုစွဲသလို ရိုက်သွင်းထားသည့် စိတ်ဓာတ်ကတော့ “မိမိအား မည်သို့သောအကြောင်းကမျှ စိတ်ဆင်းရဲစိတ်ဓာတ်ကျအောင် မလုပ်နိုင်စေရ”ဟူ၏။

ရှုံးနိမ့်မှုများ သူ ဘယ်လိုရင်ဆိုင်သလဲဟူသည့် ကျွန်တော့် အမေးကို

“နည်းနည်းပါးပါး ထိုင်ငိုလိုက်၊ ပြီးတော့ လုပ်စရာရှိတာ ဆက်လုပ်တာပေါ့ဗျာ”ဟု သူက ဖြေသည်။ သူ အရှုံးသမားမဟုတ်ကြောင်း သက်သေထူပြရမည်လေ။

သူတို့မိသားစုအမည် “ရချ်”သည် ဂျာမန်အသံပေါက်နေ သည်။ ဂျာမန်ဇာတိမှန်း အလွယ်တကူသိသာနေသည်။ ထို့ကြောင့် မိသားစုအမည်ကို အမေရိကန်အသံပေါက်လာအောင် ၁၉၄၃ ခုနှစ်၊ ဖေဖော်ဝါရီလထဲတွင် “ရစ်ချ်”ဟု ပြောင်းလိုက်ကြသည်။ နောက်ပြီး မာစဲလ်ဆိုသည့် အမည်ကိုလည်း မာ့ခ်ဟု ပြောင်းကြသည်။

မည်သို့ပင် အမည်တွေပြောင်းပစ်ကြသည်ဖြစ်စေ အိမ်မှာဆိုလျှင်တော့ သူတို့မိသားစုသည် ဥရောပတိုက်သားများ အဖြစ်ပင် ခံယူကြသည်။ အိမ်မှာ တစ်ဦးနှင့်တစ်ဦး စကားပြောလျှင် ပြင်သစ်လိုပြောသည်။ သို့မဟုတ် ဂျာမန်လိုပြောသည်။ နောက်တစ်နှစ်အကြာတွင် မစ်ဆူရီပြည်နယ်၊ ကင်းဆတ်စီးတီးသို့ ပြောင်းရွှေ့နေထိုင်ကြသည်။ မြို့တောင်ဘက် သိပ် သာသာယာယာမရှိသည့် ရပ်ကွက်ရှိ နှစ်ထပ်တိုက်ကလေးတစ်လုံး၏ ဒုတိယထပ်တွင် ကျပ်ကျပ်သပ်သပ်နေကြသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ (၁၄)ရက်တွင် ရစ်ချ်မိသားစုသုံးယောက်စလုံး အမေရိကန်နိုင်ငံသားများ တရားဝင်ဖြစ် လာသည်။ သူတို့ ဂါလီစီယာမြို့ကလေး အသက်လုပြေးလာခဲ့ပြီး နောက်ပြီး ယခုမှပင် ကိုယ့်အိုးကိုယ့်အိမ်ကလေးနှင့် အခြေတကျ နေထိုင်ခွင့်ရခဲ့ကြလေသည်။

မာ့ခ်ရစ်ချ်သည် ခပ်ကုပ်ကုပ်နှင့် စကားနည်းပြီး လူမှုရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခဲသည်ဟု ကင်းဆတ်စီးတီး မှ ကျောင်းနေဖက်အနည်းအကျဉ်းက မှတ်မှတ်ရရပြောကြသည်။ သူတို့မိသားစုသည် ဘာသိဘာသာ တစ်ခါတစ်သန့် နေတတ်ကြသည်။ မာ့ခ်၏ကျောင်းနေဖက်သူငယ်ချင်းဖြစ်သူ အီလိန်းဖောက်စ်ကဆို “ကျွန်တော် မှတ်မိသလောက်ပြောရရင်

www.burmeseclassic.com

the bookhouse

သူဟာ လူကောင်သွက်သွက်နဲ့ စကားနည်းတယ်။ လှိုင်းထနေတဲ့ ဆံပင်နက်နက်တွေကတော့ သိပ်သည်းနေတာပဲဗျို့။ ကျွန်တော် ထင်တယ်။ သူ ဘာဖြစ်လို့ စကားနည်းပြီး ခပ်ကုပ်ကုပ်နေသလဲဆို သူဟာ တခြားလူတွေနဲ့မတူ တစ်မူခြားနေလို့ထင်တာပဲ။ သူ့လေသံက ဝဲတယ်။ နောက်ပြီး နေပုံထိုင်ပုံနဲ့ အတွေးတွေက ဂျူးဆန်တယ်လေ"ဟု စဉ်းစဉ်းစားစား ပြောသည်။

ဖခင်ဖြစ်သူ ဒေးဗစ်က ၁၉၄၆ ခုနှစ်တွင် ကျောက်မျက်ရတနာဆိုင်ကလေးတစ်ဆိုင် ဖွင့်ခဲ့သည်။ အသက်ဆယ့်တစ်နှစ်ပြီဖြစ်သော မာ့ခ်က တခြားလူငယ်လူရွယ်များလို အပေါင်းအသင်းများနှင့် ဆော့ကစားမနေဘဲ သူ့ဖေဖေ၏ ဆိုင်အနီးတစ်ဝိုက်မှာပဲ နေပြီး တတ်အားသမျှ ကူညီသည်။

"ကျွန်တော် ဘာမဆို ဝိုင်းကူတာပဲ။ ကျောက်မျက်ရတနာတွေမှာ ဈေးနှုန်းကတ်ပြားတွေ တပ်ပေးတယ်။ ရတနာတွေ အရောင်ဖိတ်ဖိတ်တောက်နေအောင် တိုက်ချွတ်သန့်ရှင်းပေးတယ်။ ပြီးတော့ ရောင်းပေးတယ်"

သူ့မျက်စိရှေ့မှာ မြင်တွေ့နေရသည့် ကြားပွဲစားလုပ်ခြင်း၊ ဈေးဆစ်ပြီးဝယ်ခြင်း၊ ပြန်ရောင်းခြင်းအလုပ်များကို သူ သဘောကျလာသည်။ စီးပွားရေးလုပ်ငန်းလုပ်ဖို့ မာ့ခ်စတင်စိတ်ဝင်စားလာသည်မှာ ကင်းဆတ်စီးတီး၊ အရှေ့ဆယ့်တစ်လမ်းရှိ သူ့ဖခင်၏ရတနာဆိုင်ကလေးထဲမှာ ဖြစ်၏။

အလုပ်အကိုင် ကောင်းသည်။ ဘယ်လောက်ထိ ဖွံ့ဖြိုးကောင်းမွန်လာသလဲဆို သူ့ဆိုင်သေးသေးကလေးကို အထက်ကား ဆိုင်ကြီးအဖြစ် ပြောင်းလဲဖွင့်လှစ်သည်။ သူကား မွေးကတည်းက ကုန်သည်သွေးပါလာသူ ဖြစ်၏။ သူ့မှာ အမြဲတမ်း စိတ်ကူးစိတ်သန်းတွေ ပြည့်နေသည်။ နောက်ပြီး စီးပွားရေးလုပ်ငန်းအသစ် ဘာလုပ်ရမည်ကို အမြဲ မျက်စိဖွင့် နားစွင့် ရှာကြည့်နေသူ။

"သူ့မှာ စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ စိတ်ကူးစိတ်သန်းတွေ ပြည့်နေတာကလား။ ကလေးကစားတဲ့ မော်တော်ကားအရုပ်ကလေးတွေတင်သွင်းမယ်။ အလှကုန်ပစ္စည်းတွေ တင်ပို့မယ်။ ပြီးတော့ ဘိုလစ်ဗီးယားမှာ ဘဏ်တွေ ဖွင့်မယ်။ အို စုံလို့စုံလို့"

မာ့ခ်ရစ်ချ်၏ အစ်မဝမ်းကွဲ ဒေးဗစ်၏ တူမတော်သူက ပြန်ပြောပြသည်။ သူက အဖိုးတန်ကျောက်တွေ ရောင်းသည်။ အားအပိုပစ္စည်းတွေ ရောင်းသည်။ ဂုန်နီအိတ်တွေ ရောင်းသည်။ ပြီးတော့ ဆေးရွက်ကြီးလည်း ရောင်းသည်။ ဂုန်နီအိတ်ရောင်းအဝယ်လုပ်ရင်း တောင်အမေရိကမှ ကုန်သည်များနှင့် အဆက်အသွယ်ရသည်။

အထူးသဖြင့် ဘိုလစ်ဗီးယားမှ ကုန်သည်များ၊ ဘိုလစ်ဗီးယားတွင် ဂုန်နီအိတ်များကို သတ္တုရိုင်းသန့်များ၊ အာလူးများ (သို့မဟုတ်) သကြားထုပ်ပိုးဖို့ အသုံးပြုကြသည်။ ဘိုလစ်ဗီးယား၏ မြို့တော်လာပက်ဇ်သို့ သူ ခဏခဏသွားသည်။

www.burmeseclassic.com

ဘိုလစ်ဗီးယားမှာ ပြည်တွင်းပဋိပက္ခများဒဏ်ကြောင့်လည်းကောင်း၊ ပြည်တွင်းစစ်ဒဏ်ကြောင့်လည်းကောင်း၊ တော်လှန်ရေး စစ်ပွဲများကြောင့်လည်းကောင်း၊ အစိတ်စိတ်အမြွာမြွာ ပြိုကွဲနေသည်။

ဒေးဗစ်ရစ်ချ်က ဘိုလစ်ဗီးယားကုန်သည်များနှင့်ပေါင်းပြီး အမေရိကပြည်ထောင်စုသို့ စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့သည့်ကုမ္ပဏီတစ်ခု တည်ထောင်သည်။ နောက်ပြီး ခရီးသွားအေဂျင်စီ တစ်ခုနှင့် ၁၉၅၀ ပြည့်လွန်နှစ်များ နှောင်းပိုင်းတွင် အမေရိကန်ဘိုလစ်ဗီယံ ပုဂ္ဂလိဘဏ်တစ်ခုကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့သည်။

■

## *သူ၏ အလွှမ်းမိုးဆုံး ဩဇာအရှိန်အဝါ*

"ကျွန်တော့်ဖေဖေက အောင်မြင်ရမှုရအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ အထာနပ်တယ်။ နောက်ပြီး တင်းမာပြတ်သား တဲ့ အလုပ်ကျင့်ဝတ်ကို စွဲကိုင်ထားတယ်ဗျ"

သူ့ဖေဖေအကြောင်းပြောသည့် မာ့ခ်ရစ်ချ်အသံတွင် လေးစားအားကျမှုများ လွှမ်းနေဆဲ။ သူ့ဖေဖေ ဝင်ငွေ ကောင်းလာသည့်ကျေးဇူးကြောင့် သူတို့မိသားစု ကျပ်ညပ်နေသည့် အိမ်ခန်းကလေးမှ ပြောင်းရွှေ့နိုင်ခဲ့သည်။ သူတို့ အရှေ့ခုနစ်ဆယ့်နှစ်လမ်းရှိ အုတ်တိုက်အနီ ကလေးတစ်လုံး ဝယ်နိုင်ခဲ့သည။ ၁၉၄၀ ပြည့်နှစ်နှောင်းပိုင်းတွင် ထိုအိမ်ကလေးကို ဒေါ်လာ ၁၈,၀၀၀ (ယနေ့ပေါက်ဈေးဆိုလျှင် ဒေါ်လာ ၁၆၀,၀၀၀)ပေးရသည်။ များမကြာမီအတွင်း ဒေးဗစ်ထံသို့ အဲရစ်မက်ဆီကွန်းဂိုးဆိုသူက ဖုန်းဆက်သည်။ ထိုလူက ဘရွန့်စ်တွင် နေထိုင်ပြီး ဒေးဗစ်နှင့် ဆွေမျိုးနီးစပ်တော်သည်။ ဂုန်နီအိတ်ရောင်းဝယ်ရေးနှင့် ပတ်သက်၍ ဒေးဗစ်၏ အတွေ့အကြုံကြွယ်ဝမှုကို အဲရစ်က ကောင်းကောင်းသိထားသည်။ ထို့ကြောင့် သူ ဆက်သွယ်ပေးမည့် ဂုန်နီအိတ်ကုမ္ပဏီတွင် ဝင်ရောက် အလုပ်လုပ်ကိုင်ရန် တိုက်တွန်းသည်။ သို့ဖြင့် မိသားစုသည် ဂျူးလူမျိုးတွေအနေများသည့် ဖောရက်စ် ဟေးလ်အရပ်သို့ ပြောင်းခဲ့ကြပြန်သည်။

နှစ်အနည်းငယ်အတွင်း သူတို့ကုမ္ပဏီ ကြီးထွားလာသည်။ မင်ဟတ်တန်၏ အထူးသီးသန့်ရပ်ကွက် ဆပ်တန်ပလေ့စ် တွင် ကုမ္ပဏီ ရုံးချုပ်ဖွင့်သည်။ သူတို့ အဓိကအာရုံစိုက်သည်မှာ ဂုန်နီအိတ်များပြု လုပ်ရာတွင် အသုံးပြုသည့် ဘင်ဂါလီ ဂုန်လျှော်များ တင်သွင်းရေး ဖြစ်၏။ သည်တစ်ကြိမ်လည်း ဒေးဗစ်ရစ်ချ်က သူ၏ အထာနပ်မှုကို ပြနိုင်ပြန်၏။ ၁၉၅၀ ပြည့်လွန်နှစ်များသည် ဂုန်လျှော်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးအချိန် ကာလဖြစ်သည်ဟု သူက ခန့်မှန်းဖြတ်ခြင်း။

the bookhouse
www.burmeseclassic.com

 www.burmeseclassic.com 

အကြောင်းဆို ၁၉၅၀ ခုနှစ်၊ ဇွန်လ (၂၅)ရက်တွင် ကွန်မြူနစ် မြောက်ကိုရီးယား တပ်များက (၃၈)မျဉ်းပြိုင်ကို ဖြတ်ကျော်ပြီး တောင်ကိုရီးယားနယ်မြေတွင်းသို့ ကျူးကျော်ဝင်ရောက်ကာ ကိုရီးယားစစ်ပွဲကြီး ကို အစပျိုးခဲ့သောကြောင့်။ အမေရိကန်ပြည်ထောင်စုနှင့် တခြားနိုင်ငံ (၁၅)နိုင်ငံသည် ကုလသမဂ္ဂ၏ သဘောတူညီချက် ရယူပြီး ကျူးကျော်သူများကို အားဆီးတိုက်ထုတ်ကြသည်။ ကိုရီးယားစစ်ပွဲက သုံးနှစ်ကြာသည်။ ထိုစစ်ပွဲက ဒေးဗစ်ကို ကံကောင်းစေသည်။ အမေရိကန်နှင့် အပေါင်းပါ နိုင်ငံများမှ စစ်တပ်များသည် သဲအိတ်များပြုလုပ်ဖို့ ဂုန်နီအိတ်ပေါင်း မြောက်မြားစွာလိုအပ်သည်။ ထို့ကြောင့် ဂုန်နီအိတ်များပေးသွင်းဖို့ ကမ်းလှမ်းသည်။ သည်တော့ ဒေးဗစ်ရစ်ချ်တို့၏ ဂုန်နီအိတ်ကုမ္ပဏီမှာ အကြီးအကျယ် ပေါက်တိုးတော့၏။

မာ့ခ်ရစ်ချ်ကတော့ ကျောင်းချိန်မတိုင်မီနှင့် ကျောင်းဆင်းပြီးနောက်ပိုင်း သူ့ဖေဖေ၏ရုံးခန်းသို့ သွားကူသည်။ ဂုန်နီအိတ်အရောင်းအဝယ် စန်းပွင့်လာခြင်းက ဆယ်ကျော်သက်ရွယ် မာ့ခ်ရစ်ချ်အား သင်ခန်းစာနှစ်ရပ် သင်ပေးလိုက်၏။ ထုတ်ကုန်ပစ္စည်းများ ပြတ်လပ်နည်းပါးနေလျှင် ဈေးခေါ်၍ ရောင်းလို့ရကြောင်းနှင့် အရေးအခင်းများ၊ စစ်ပွဲများက စီးပွားရေး အခွင့်အလမ်းများ ဖွင့်ပေးနိုင်ကြောင်းတို့ ဖြစ်၏။ သူ့အတွက် လုံခြုံမှုအလိုအပ်ဆုံးဆိုသည့် အချိန်များတွင် သူ့ဖေဖေက လုံခြုံမှုပေးနိုင်ခဲ့သည်ဟု မာ့ခ်ရစ်ချ်က ပြောပြသည်။ သူတို့ ဥရောပမှ ထွက်ပြေးလာစဉ်ကလည်းကောင်း၊ ဆော်ရီကို စစ်ဆေးရေးစခန်းတွင် လည်းကောင်း၊ မိမိတို့နှင့် စိမ်းပြီး အကြောင်းမသိသည့် အမေရိကပြည်ထောင်စုတွင် လည်းကောင်း၊ သူ့ဖေဖေသည် သူ့တစ်သက်လုံး လေးစားအားကျ အတုယူစံထားနေရမည့် ပုဂ္ဂိုလ် ဖြစ်နေပေသည်။ မာ့ခ်က သူ့ဖေဖေကို ထာဝစဉ်ထိပ်တန်းတင် အတုယူနေမည်ဖြစ်၏။ သူ့ဖေဖေထံမှ လုပ်ရည်ကိုင်ရည်အမွေဆက်ခံရခဲ့ကြောင်း သူက သက်သေပြလိုသည်။ သူ့အတွက် သူ့ဖေဖေ ဝမ်းမြောက်ဂုဏ်ယူစေလိုသည်။ ဤဆန္ဒကား မာ့ခ်ကြိုးစား ကြိုးစားချင်အောင် အမြဲတွန်းအားပေးနေသည့် ပြင်းပြဆန္ဒတစ်ရပ်ပါတည်း။

စီးပွားရေးလုပ်ငန်းများ လုပ်ရာတွင် သူ့ဖခင် ဘယ်နည်းဘယ်ပုံဖြင့် အောင်မြင်မှုရခဲ့သည်ကိုလည်း သူ ဘယ်တော့မျှ မေ့လိမ့်မည်မဟုတ်ချေ။ သူက အဆက်အသွယ်များရအောင် ကြိုးပမ်းသည်။ သူ့အပေါ် ယုံကြည်စိတ်ချလာအောင် နေထိုင်ပြောဆိုသည်။ အလုပ်ကို ကြိုးစားအားထုတ်လုပ်ကိုင်သည်။ အားကိုးအားထားပြုချင်လောက်အောင် ပြုမူနေထိုင်သည်။ နောက်ပြီး ပြောင်းလဲလာသော အခြေအနေများနှင့် အလိုက်သင့်အလျားသင့်ဖြစ်အောင် မိမိကိုယ်မိမိ အလျင်အမြန် ပြုပြင်ပြောင်းလဲသည်။ နောက်တစ်ချက်က စီးပွားရေးလုပ်ဖို့ အခွင့်အလမ်းပေါ်လာပြီဆိုလျှင် ယင်းအခွင့်အလမ်းကို အရအမိ ဖမ်းဆုပ်ဖို့ တစ်ချက်ကလေးမျှ နောက်မတွန့်တတ်ခြင်းဖြစ်၏။

သူတို့မိသားစု စီးပွားဥစ္စာတိုးတက်လာသည့်အတွက် မာ့ခ်ရစ်ချ်သည် ဖောရက်စ်ဟေးလ် အထက်တန်းကျောင်းမှ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြီး ခင်ဟတ်တန်ရှိ ပုဂ္ဂလိက ကျောင်းတစ်ကျောင်းသို့ ပြောင်းရွှေ့တက်နိုင်လာသည်။ သူ့အသက် ၁၈နှစ်၊ ၁၉၅၂ ခုနှစ်တွင် အထက်တန်းကျောင်းဆင်းသည်။ ၁၉၅၂ခုနှစ် ဆောင်းဦးတွင် နယူးယောက်တက္ကသိုလ်တက်ပြီး ဈေးကွက်သုတေသန ပညာသင်သည်။ သို့သော် ကျောင်းကြာကြာမတက်ဖြစ်။ သူသည် ကျောင်းမှ သင်ပေးသည့် သဘောတရား တွေချည်း တတ်မြောက်ခြင်းထက် အတွေ့အကြုံများမှရသည့်သဘောတရားများကို ပိုမိုတတ်မြောက်လိုကြောင်း သိလာသည်။ သူ့ဖခင်၏ မိတ်ဆွေဖြစ်သူ ဂျာမန်ဂျူးလူမျိုးတစ်ဦးက ဖိလစ် ဘရားတစ် ကုမ္ပဏီတွင် အလုပ်လျှောက်ဖို့ စီစဉ်ပေးသည်။ ထိုကုမ္ပဏီက သူ့ကို ရတောင့်ရခဲပညာတစ်ခု သင်ကြားပေးလိုက်သည်။ သူ၏ဝမ်းကျောင်းမှုနှင့် ပတ်သက်သော အထုံဝါသနာကို ရှာဖွေတွေ့ရှိသွားခြင်း။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၄
## အိပ်မက်တွေ
## ရည်မှန်းချက်တွေ

ဖိလစ်ညီနောင်များရုံးချုပ်သည် ပိုင်းလမ်းမပေါ်တွင် တည်ရှိသည်။ ပိုင်းလမ်းမဆိုသည်က မင်ဟတ်တန်မြို့နယ် ငွေကြေးဈေးကွက်ရှိရာ ဝေါလ်လမ်းမကြီးနှင့် မျဉ်းပြိုင်ယှဉ်နေသည့် လမ်းမကြီး။ ၁၉၅၄ ခုနှစ်၊ နွေဦးတွင် အဆိုပါ ဖိလစ်ညီနောင်များ ရုံးချုပ်သို့ မာခ့်ရစ်ချ်ပထမဦးဆုံးအကြိမ် ရောက်ဖူးသည်။ ထိုစဉ်ကဆို သူ့ရင်ထဲမှာ ခံစားချက်ပေါင်းစုံ ရှုန်းကြွလှုပ်ခတ်နေခဲ့သည်။ ထိုနှစ်ကား ကမ္ဘာ့သမိုင်းကြောင်းတွင် မှတ်မှတ်ရရတွေ ဖြစ်ပေါ်ခဲ့သည့်နှစ်။ အရှေ့တောင်အာရှ ဗီယက်နမ်တွင် ဒီန်ဘင်ဖူးတိုက်ပွဲအဆုံးအဖြတ်ဖြင့် ပြင်သစ်တွေ အရှေ့တောင်အာရှမှ ဆုတ်ခွာခဲ့ရသည့်နှစ်။ အရှေ့တောင်အာရှကို အုပ်စီးဖို့အားထုတ်သည့် ကွန်မြူနစ်များကို သတိပေးသည့်အနေဖြင့် အမေရိကန်သမ္မတ ဒွိုက်ဒီ၊ အိုင်စင်ဟောင်ဝါက ဒိုမီနိုသီအိုရီကို ကြေညာသည့်နှစ်။ လွန်ခဲ့သည့် ဇူလိုင်လအတွင်းက ကိုရီးယားစစ်ပွဲကြီးအဆုံးသတ်သွားသည်။ ကိုရီးယားပြည်လည်း တောင်ကိုရီးယား၊ မြောက်ကိုရီးယားဟူ၍ မော်ကွန်းတင်ရစ်အောင် နှစ်ခြမ်းကွဲသွားသည်။

ဖိလစ်ညီနောင်များ ကုမ္ပဏီကား ကမ္ဘာ့အကြီးမားဆုံး လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီကြီးဟု အများက အသိအမှတ်ပြုထားသည့် ကုမ္ပဏီဖြစ်၏။ သည်လိုကုမ္ပဏီကြီးတွင် အလုပ်သင်ဝန်ထမ်းအဖြစ် ဝင်လုပ်ရမှာကို မာခ့်ရစ်ချ်လက်တွန့်သည်။ သီတင်းတစ်ပတ်လျှင် ဒေါ်လာလေးဆယ်ဖြင့် ယင်းကုမ္ပဏီကြီး၏ စာပေးစာယူဌာနစိတ်တွင် သူ စတင်အလုပ်လုပ်ချိန်တွင် သူ့အသက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



(၁၉)နှစ်ပဲ ရှိသေးသည်။

"ကဲ ခုတော့ ငါ စာဝေတဲ့ စာဝေသမားကလေး ဖြစ်နေပြီ။ ဒီအလုပ်က ငါ့ကို သိက္ခာကျစေတယ်"ဟု သူတွေးသည်။ လုပ်ရသည့်အလုပ်က သူတို့ကုမ္ပဏီသို့ ဝင်လာသမျှ စာတွေကို ခွဲရသည်။ သက်ဆိုင်ရာများသို့ ပို့ပေးရသည်။ "တကယ်တော့ ငါက အထက်တန်းကျောင်းစာမေးပွဲအောင်ပြီး တက္ကသိုလ်တောင် တက်ဖူးခဲ့တဲ့ကောင်"ဟု မကျေမနပ် စဉ်းစားသည်။ ပြောရမည်ဆိုလျှင် သူ့မှာ ရွေးစရာ တခြားလမ်းမရှိ။ ဖိလစ်ညီနောင်များ ကုမ္ပဏီတွင် အလုပ်လုပ်မည်ဆိုလျှင် ဘယ်သူမဆို စာပေးစာယူဌာနစိတ်မှ စတင်ဝင်ရောက်ရသည်။ ထိုသူသည် မူလတန်းပဲအောင်အောင်၊ တက္ကသိုလ်မှ ဘွဲ့ရတစ်ဦးပဲဖြစ်ဖြစ်၊ အဆိုပါ နွေဦးနံနက်ခင်း၊ ဖိလစ်ညီနောင်များ ကုမ္ပဏီရုံးချုပ်တွင် စတင်ဝင်ရောက် အလုပ်လုပ်စဉ်ကတော့ မာခ့်ရစ်ချ်သည် သာမည သူလိုကိုယ်လို လူငယ်ကလေးတစ်ဦးမျှသာ။ မကြာမီကာလအတွင်း အအောင်မြင်ဆုံး စီးပွားရေးသမားတစ်ဦးဖြစ်လာမည့် တက္ကသိုလ်ပညာ တစ်ဝက်တစ်ပျက်ဖြင့် ကောင်ကလေးဟု ဘယ်သူမျှ ထင်မြင်ကြမည် မဟုတ်ပါချေ။

အလယ်ခေတ်များမှ စတင်ကျင့်သုံး စမ်းသပ်ခဲ့သည့် ဂျာမန့်ဓလေ့သည် ယခုထိတိုင် မပျောက်ပျက်သေး။ အလုပ်သင်တစ်ဦးကို သူ့ဆရာဖြစ်သူက "ကကြီး"မှ စပြီး သင်ပေးသည်။ အလုပ်သင်ဖြင့် အလုပ်လုပ်နေချိန်တွင် လခကသင့်ရုံကလေးပဲရသည်။ ထုံးစံအားဖြင့် အလုပ်သင်တစ်ဦးကို သူ့ဆရာက သူ့မိသားစုဝင်တစ်ဦးအဖြစ် သတ်မှတ်ပြီး အလုပ်သင် လူငယ်ကို အုပ်ထိန်းသူအဖြစ် လည်းကောင်း၊ ဖခင်အဖြစ်လည်းကောင်း သွန်သင်ဆုံးမ လမ်းညွှန်လေ့ရှိသည်။

"လုပ်ငန်းက မိသားစုပိုင်လုပ်မျိုး ဖြစ်သွားတာ။ ဒီတော့ဗျာ ဒီပလိုမာတွေ၊ ဘွဲ့တွေကို ဘယ်သူက ရှေ့တန်းတင်နေတော့မလဲ။ ကျွန်တော်တို့အားလုံး တစ်ဦးအကြောင်းတစ်ဦး သိကြတယ်။ ထိပ်ဆုံးကလူကြီးဖြစ်သူက ဟိုးအောက်ဆုံးက အလုပ်သင်ဝန်ထမ်းကို သိနေတယ်။ ဘယ်သူ့မှာ ဘယ်လိုအားသာချက်တွေရှိပြီး ဘယ်လိုအားနည်းချက်တွေရှိတယ်ဆိုတာ နေ့ချင်းညချင်း သိတာပါပဲ။ ခင်ဗျား ဖခင် ဒါမှမဟုတ် မိသားစု မိတ်ဆွေတစ်ဦးက ကုမ္ပဏီမှာ အလုပ်လုပ်ဖို့ အလုပ်သွင်းပေးလို့ ရတယ်။ ဒါပေမယ့် ခင်ဗျားဟာ လူတော်တစ်ယောက်ဖြစ်ကြောင်းတော့ သက်သေပြရမယ်။ ပြောရမယ်ဆိုရင် တခြားလူတွေထက် သာကြောင်း ပြနိုင်ရမယ်လေ။ ဘယ်လိုမှ သုံးမရတဲ့ လူတစ်ယောက်ကို ရင်အုပ်မကွာ ထိန်းသိမ်းစောင့်ရှောက်ပြီး တစ်ဆင့်ပြီးတစ်ဆင့် တွဲခေါ်တယ်ဆိုတဲ့ စနစ်မျိုး မရှိဘူး။ ခင်ဗျား ရာထူးတိုးရေး၊ မတိုးရေးဆိုတာ ခင်ဗျား စွမ်းဆောင်ချက်တွေပေါ်မှာပဲ မူတည်တယ်လေ"

သမ္မာရင့်ကုန်သည်တစ်ဦးက ဂျာမန်တွေ ကျင့်သုံးသည့် ဓလေ့ထုံးစံအကြောင်း အထက်ပါအတိုင်း ရှင်းပြခဲ့သည်။

ဖိလစ်ညီနောင်များ ကုမ္ပဏီသည်လည်း ဤမူဝါဒကိုပင် ကျင့်သုံးခဲ့၏။ ကုမ္ပဏီကို အော်စကာ ဖိလစ်နှင့် ဂျူးလိယပ်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဖိလစ်ညီနောင်က ၁၉၀၁ ခုနှစ်တွင် ဟမ်းဆတ်မြို့၌ တည်ထောင်ခဲ့သည်။ ဦးစွာ သတ္တုရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သည်။ အော်စကာ ဖိလစ်က ၁၉၀၉ ခုနှစ်တွင် လန်ဒန်၌ ရုံးခွဲတစ်ခု ဖွင့်သည်။ ၁၉၁၄ ခုနှစ်တွင် ညီအစ်ကိုဝမ်းကွဲတော်သူ အစ်ဦးက အတ္တလန်တစ်သမုဒ္ဒရာကြီးကို စွန့်စွန့်စားစား ဖြတ်ကျော်ပြီး အမေရိကတွင် ရုံးခွဲတစ်ခု ဖွင့်ပြန်သည်။ နောက်ပိုင်းတွင် ကုမ္ပဏီရုံးချုပ်ကို နယူးယောက်တွင် ဖွင့်လိုက်ကြ၏။ ထိုအချိန်မှာ စစ်ကြီးတွေ ဖြစ်မည်တကဲကဲ အရှိန်ယူနေကြချိန်။ ထို့နောက်တွင်တော့ သိပ်အချိန်ကြာကြာကြီး မစောင့်လိုက်ရပါ။ ဖိလစ်ညီနောင်များ ကုမ္ပဏီသည် လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးနယ်ပယ်တွင် ကမ္ဘာ့အကြီးမားဆုံးကုမ္ပဏီတစ်ခု ဖြစ်လာတော့၏။

■

**ဂျူးလေ့ထုံးစံ**

ဥရောပတိုက်သား ဂျူးလူမျိုးများ၊ အထူးသဖြင့် အော်စကာ နှင့် ဂျူးလိယပ်ဖိလစ်ညီနောင်တို့လို ဂျာမန်ဂျူးများသည် အထူး ရောင်းဝယ်ရေးနယ်ပယ်ကို ဟိုးယခင် တစ်ဆယ့်ကိုးရာစုနှစ်လောက်ကတည်းက စိုးမိုးထားခဲ့ကြ၏။ ဥရောပတိုက်သား ဂျူးများသည် လူအများနှင့် တန်းတူရည်တူအခွင့်အရေးမရဘဲ ခွဲခြားဆက်ဆံခံနေခဲ့ရ သည်မှာ ရာစုနှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ သူတို့သည် လယ်သမား၊ ယာသမားများ မဖြစ်နိုင်ကြ။ အကြောင်းမှာ သူတို့ကို မြေပိုင်ခွင့် မပေးသောကြောင့် ဖြစ်၏။ သူတို့သည် လက်မှုပညာသည်များ ဖြစ်မလာနိုင်ကြ။ အကြောင်းမှာသူတို့ကို လက်မှုပညာရှင်များ အစည်းအရုံး ဝင်ခွင့်မပေးသောကြောင့်။ သူတို့ကို တရားဝင်လုပ်ငန်းတာဝန်များ ခန့်အပ်ခြင်းမပြုရန် တားမြစ်ထားကြောင်း။ ဘတ်သလစ် ကောင်စီ၏ ၁၂၁၅ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထားသည်။ တစ်နည်းဆိုရသော် ထိုခေတ်ထိုအခါက ဂျူးများကို အရေးပါအရာ ရောက်သော စီးပွားရေး လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခွင့် မပေး။ ခွင့်မပြု။ သို့ဖြစ်သည့်တိုင် သူတို့ကို လုပ်ငန်းတစ်မျိုးတော့ တရားဝင်လုပ်ကိုင်ခွင့် ပြုထားသည်။ ယင်းလုပ်ငန်းမှာ အလယ်ခေတ်ကတည်းက ခရစ်ယာန်ဘာသာဝင်များ လုပ်ကိုင်ခြင်းမပြုရန် တရားဝင် ပိတ်ပင်ထားသည့်လုပ်ငန်း။ ယင်းလုပ်ငန်းကား ငွေချေးသည့် လုပ်ငန်း။ တစ်နည်းဆိုသော် အတိုးယူပြီး ငွေချေးသည့်လုပ်ငန်း။

သို့ဖြစ်ရာ ဂျူးများသည် တခြားလုပ်ငန်းများ လုပ်ကိုင်ခွင့် မရသည့်အတွက် ငွေချေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများသာ လုပ်ကြရလေသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဟာ ဆီးမိုက်အနွယ်ဝင် ဆန့်ကျင်နှိမ်နင်းရေး ဝါဒရဲ့ ဆိုးဝါးရက်စက်မှုပေါ့။ ကျွန်တော်တို့ကို အရောင်းအဝယ်လုပ်ငန်း မလုပ်လုပ်အောင် ဖွတ်တွန်းပို့ကြတယ်။ ခုတော့ ကျွန်တော်တို့ဟာ ငွေကိုသာ ဦးထိပ်ထားပြီး လောဘရမ္မက်ကြီးသူတွေလို့ စွပ်စွဲကြပြန်ရောဗျား"

အိမ်သုံးကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း တစ်မျိုးတည်းကိုသာ တွယ်တွယ်တာတာ မက်မက်မောမောလုပ်ကိုင်ခဲ့သည့် ကုန်သည်တစ်ဦးက ရင်ဖွင့်သည်။

ကုန်ရောင်းကုန်ဝယ်လုပ်ငန်းလုပ်ခြင်းက ဂျူးလူမျိုးများအတွက် သာရည်တစ်ခုရစေသည်ဟု ယင်းကုန်သည်ကပင် ဆက်ရှင်းပြသည်။

"ခင်ဗျားမှာ မြေပိုင်မရှိဘူး၊ ယာပိုင်မရှိဘူး။ ပုံသေဝမ်းကျောင်းလုပ်ငန်း မရှိဘူးဆိုတော့ လွတ်လပ်တာပေါ့ဗျာ။ ဘာမှ တွယ်တာနှောင်ဖွဲ့နေစရာ မရှိတော့ဘူး။ ခင်ဗျားကို ဒုက္ခပေးမယ့်လူ မနက်ဖြန်လာတော့မယ်လို့ သတင်းရတာနဲ့ ရှိစုမဲ့စု ကိုယ့်အထုပ်ကလေး ကိုယ်ပိုက်ပြီး အသက်လုပြေးလို့ရတာပေါ့ဗျာ"

ကမ္ဘာ့သမိုင်းကြောင်းတွင် ခုတ်ရာတခြား ရှရာတခြားဖြစ်စဉ်ပေါင်း မြောက်မြားစွာ ဖြစ်ပေါ်ခဲ့၏။ ယင်းဖြစ်စဉ်ပေါင်းမြောက်မြားစွာထဲမှ တစ်ခုမှာ ဂျူးလူမျိုးများအား နှိပ်ကွပ်ခြင်းဖြစ်၏။ ၁၂၉၀ ပြည့်နှစ်တွင် ပထမ အက်ဒဝပ်ဘုရင်ကြီးသည် ဂျူးလူမျိုးများအား အင်္ဂလန်နိုင်ငံမှ မောင်းထုတ်ခဲ့၏။ ပြင်သစ်ဘုရင်များဖြစ်သည့် စတုတ္ထမြောက် ဖိလစ်နှင့် ဆဋ္ဌမမြောက် ချားလ်ဘုရင်တို့ကလည်း ဂျူးများကို ပြင်သစ်နိုင်ငံမှ နှင်ထုတ်ခဲ့၏။ ၁၃၄၇ ခုနှစ်နှင့် ၁၃၅၃ ခုနှစ်အကြားတွင် ဂျာမနီနှင့် ဗဟိုဥရောပတွင် ဂျူးလူမျိုးများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြသည်။ ၁၄၉၂ ခုနှစ်တွင် စပိန်နိုင်ငံမှ ဂျူးများကို မောင်းထုတ်ခဲ့၏။ ခေတ်သစ်အစပိုင်းတွင် ဂျူးဆန့်ကျင်ရေး အရှိန်အဟုန်မှာ ပို၍ပင် ပြင်းထန်လာသည်။ ထို့အတူ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဂျူးလူမျိုးများ ပျံ့နှံ့နှံ့မှာလည်း သိသိသာသာ များပြားလာသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပြန့်ကျဲနေသည့် ဂျူးလူမျိုးများတွင် မိရိုးဖလာအလိုက် ကျွမ်းကျင်လိမ္မာသည့် ဝမ်းကျောင်းပညာတစ်ရပ် ရှိသည်။ ယင်းပညာကား ကုန်ရောင်းကုန်ဝယ်ပညာ။ ဤအတတ်ပညာနှင့် ပတ်သက်လာလျှင် သူတို့လောက် ကျွမ်းကျင်လိမ္မာသူ မရှိသလောက် ရှား၏။ ကုန်ပစ္စည်း ရောင်းဝယ်ရေးအလုပ်ကို သူတို့က ဘယ်လောက်ဝေးသည် ဖြစ်စေ၊ ဘယ်လောက်ကြာညောင်းသည်ဖြစ်စေ ပြုလုပ်ဝံ့ကြသည်။ အတွေ့အကြုံများမှ သင်ခန်းစာယူရင်း အချိန်တွေကြာလာသည်နှင့်အမျှ လုပ်ငန်းကျွမ်းကျင်လာကြသည်။

သူတို့အားလုံး လိုက်နာကျင့်ကြံသည့် လုပ်ငန်းကျင့်ဝတ်များမှာ တစ်ထပ်တည်း။ နောက်ပြီး သူတို့တန်ဖိုးထားသည်မှာ ဖြောင့်မတ်မှန်ကန်ခြင်း။ စီးပွားဖက်တစ်ဦးသည် ရိုးသားဖြောင့်မတ်ပြီး ယုံကြည်အားထားလောက်သည်ဆိုလျှင် အလုပ်ဖြစ်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ရှိ များသည်။ အမေရိကန် တွေးခေါ်ပညာရှင် ဖရန်းစစ်ဖူကူယားမား (Francis Fukuyama)၏စကားအတိုင်း ပြောရလျှင် ယုံကြည်စိတ်ချရမှုသည် ချမ်းသာကြွယ်ဝရေးအတွက် မရှိမဖြစ်လိုအပ်သောအချက်ဖြစ်သည်ဟူ၏။ ရစ်ချ်၏ အောင်မြင်ရေး လျှို့ဝှက်ချက်များအနက် တစ်ခုမှာယုံကြည်စိတ်ချရခြင်းပင် ဖြစ်၏။ (အခန်း-၇တွင် ရှု)

■

***ထောမဦးဆုံး အရောင်းအဝယ်***

စာပေးစာယူဌာနစိတ်တွင် အလုပ်လုပ်ရသည်မှာ ကနဦးပိုင်း တွင် စိတ်ပျက်စရာ၊ ငြီးငွေ့စရာကောင်းသည်ထင်ရ၏။ သို့သော် ရည်မှန်းချက်မြင့်မားပြီး လိမ္မာပါးနပ်သော အလုပ်သင်တစ်ဦးအတွက် မူ လေ့လာစရာတွေ အများကြီး။ သင်ယူစရာတွေ အများကြီး။ ကုန်သွယ်ရေးအကြောင်း တီးမိခေါက်မိစရာတွေ အများကြီး။ တစ် ကမ္ဘာလုံးမှ ရောက်လာသည့် အဲလက်စ်သတင်းများတွင် စိတ်ဝင်စား စရာသတင်းတွေ အများကြီး ဖတ်ရသည်။ ဘယ်သူက ဝယ်တာလဲ။ ဘယ်သူက ရောင်းတာလဲ။ ဘယ်နေရာကနေ ဘယ်နေရာကို ပို့မှာလဲ။ ဈေးနှုန်းက ဘယ်လောက်လဲ။ အမြတ်အစွန်း ဘယ်လောက် ချန်မည်လဲ။ ဤကား ဈေးနှုန်းသတ်မှတ်ခြင်း မဟာဗျူဟာများ သင်ယူလေ့လာရန် ရက်တိုသင်တန်းပေးသည်နှင့် တူ၏။

ဖိလစ်ညီနောင်များ ကုမ္ပဏီမှ သတ္တုကုန်သည်တစ်ဦးက ရစ်ချ်အကြောင်း ပြန်ပြောပြရာ၌ "သူက အရမ်းအတတ် မြန်တဲ့ ပညာသင်တစ်ယောက်ပဲ။ ခင်ဗျား သူ့ကို တစ်ခုခု သင်ပေးကြည့်၊ ခင်ဗျားသင်ပေးလိုက်တာနဲ့ သူတစ်ခါ တည်း တတ်သွားတာပဲ။ ဘာမေးခွန်းမှ မေးတာမဟုတ်ဘူး"ဟု ချီးပ မြေကြားသည်။

ရစ်ချ်သည် အလုပ်ကို အပတ်တကုတ်ကြိုးပမ်း အားထုတ်လုပ်ကိုင်ကတ်သူဖြစ်ကြောင်း သူ့အသိုက်အဝန်း၌ သတင်းပျံ့လာတော့၏။ တကယ်တော့ သူကျင်လည်နေရသည့် အသိုက် အဝန်းတွင် ထိုသို့သော ဂုဏ်သတင်းတစ်ရပ် ရရှိဆိုသည်မှာ သိပ်လွယ်လှသည်မဟုတ်။

"ကျွန်တော်က လက်ကြောတင်းအောင် အလုပ်လုပ်တယ်၊ ပြီးတော့ အလုပ်ချိန်တွေ အများကြီး အလုပ်လုပ် ခဲ့တယ်"ဟု ရစ်ချ်က မှတ်မှတ်ရရ ပြောပြသည်။ ထိုစဉ်အခါက သူ့စိတ်ထဲတွင် ပြင်းပြဆန္ဒဆိုလို့ တစ်ခုပဲရှိသည်။ ယင်းဆန္ဒမှာ စာပေးစာယူဌာနစိတ်မှ အမြန်ဆုံးလွှတ်မြောက်ပြီး အရောင်းအဝယ်လုပ်ငန်းကို စတင်လုပ်ကိုင်ခွင့်ရရေး

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



''အထက်လူကြီးတွေက ဒါကို သတိထားမိတယ်ဗျ။ ဒါနဲ့ ကျွန်တော့်ကို ပို့ပြီး စိန်ခေါ်ချက်မြင့်မားတဲ့နေရာကို ပို့ပေးကြတယ်။ စာပေးစာယူဌာနစိတ်က ထွက်ပြီး သယ်ယူပို့ဆောင်ရေးဌာနကို ရောက်မှ တကယ့်ပညာသင်ဘဝက စတာဗျို့''ဟု ရစ်ချ်က ဖြေသည်။

ဖိလစ်ညီနောင်များကုမ္ပဏီတွင် မည်သည့်အလုပ်သင်မဆို စာပေးစာယူဌာနစိတ်တွင် လပေါင်းအနည်းငယ်ကြာအောင် လုပ်ရသည်။ သယ်ယူပို့ဆောင်ရေးဌာနကတော့ အလုပ်သင်ဝန်ထမ်းများအတွက် ဒုတိယအဆင့် ပညာသင်ယူရာဌာနဖြစ်၏။ သူက သယ်ယူပို့ဆောင်ရေးမန်နေဂျာ၏ လှုပ်ရှားမှုများကို စူးစိုက်လေ့လာသည်။ လက်တွေ့အလုပ်လုပ်ရင်း ပညာယူသည်။ နောက်တော့ သင်္ဘောကုန်တင်ကုန်ချ ဆိပ်ကမ်းသို့ ကိုယ်တိုင်သွားရောက် တာဝန်ထမ်းသည်။ ကုန်ပစ္စည်းများ သင်္ဘောပေါ်မှ ချသည်ကို ကြီးကြပ်သည်။ ကုန်ပစ္စည်းများ၏ အလေးချိန်နှင့် အရည်အသွေးကို စစ်ဆေးသည်။ ပြီးတော့ ကုန်ပို့လွှာများကို စစ်ဆေးသည်။ နောက်တော့ ကုန်ရောင်းကုန်ဝယ်လုပ်ငန်းများကို သူကိုယ်တိုင် စတင်ဆောင်ရွက်တော့၏။

''ကုန်ပစ္စည်းတွေနဲ့ သတ္တုတွေ သင်္ဘောတင်ရေး၊ အာမခံထားရေးတွေ ကျွန်တော် ကိုင်တွယ်တယ်။ ပြီးတော့ ငွေထုတ်ယူခွင့်စာ (အယ်လ်စီ)ပြင်ဆင်ရေးဆွဲပြီး ကျသင့်ငွေတောင်းခံဖို့ လုပ်ရတယ်''

သည်တော့ ရစ်ချ်သည် လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းကို အောက်ခြေမှစပြီး ကြေကြေညက်ညက် သင်ယူလေ့လာခဲ့သည် ဆိုရပေမည်။ နောက်နှစ်နှစ်လောက်ကြာသောအခါ သူသည် ကုန်သည်အငယ်စားကလေးဖြစ်နေပြီ။ ဆရာကြီး ရှော့သ်ချိုင်းလ်ကလည်း ရစ်ချ်အား သူ့လက်အောက်သို့ ဆွဲခေါ်ပြီး တပည့်ရင်းအဖြစ် သတ်မှတ်ခဲ့လေသည်။ ရှော့သ်ချိုင်းလ်ကား အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်ကတည်းက လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးလောကသို့ စတင်ဝင်ရောက်ခဲ့သူ။ ရစ်ချ်၏ဖခင်နှင့်လည်း အလုပ်အတူ တွဲလုပ်ခဲ့ဖူးသူ။ ဆရာတပည့်နှစ်ဦးသည် ဆွေရင်းမျိုးချာလို ရင်းနှီးသည်။ စိတ်ဓာတ်ချင်းလည်း တူညီသည်။ တွေးခေါ်ပုံချင်းလည်း တူညီသည်။

ဖိလစ်ညီနောင်များ ကုမ္ပဏီ တောင်အမေရိကဈေးကွက်သို့ ချဲ့ထွင်တိုးဝင်ရေးကို စွမ်းဆောင်ခဲ့သူမှာ ရှော့သ်ချိုင်းလ်ဖြစ်၏။ သူက ရစ်ချ်ကို ချစ်သည်။ အားကိုးသည်။ ထို့ကြောင့် ရစ်ချ်ကို တာဝန်များပေးအပ်သည်။ မရပ်မနားခိုင်းစေသည်။ နောက်တော့ ရစ်ချ်သည် ရှော့သ်ချိုင်းလ်၏လက်ထောက် ဖြစ်လာသည်။

''ဈေးကွက်အကျယ်အဝန်းကို ကြည့်ပြီး ကျွန်တော်သိပ်အားရကျေနပ် ဖြစ်မိတာပေါ့ဗျာ။ ဆိုပါစို့၊ ရေနံဖြစ်ဖြစ် ဒါမှမဟုတ် အလူမီနီယမ်ဖြစ်ဖြစ် ဘယ်ထုတ်ကုန်ပစ္စည်းကိုပဲ ကြည့်ကြည့်၊ ရေနံနဲ့ အလူမီနမ်ကင်းတဲ့ ထုတ်ကုန်ပစ္စည်း မရှိဘူး။ ဒီတော့ အဲဒီကုန်ကြမ်းတွေကို တစ်ကမ္ဘာလုံးက လိုအပ်တယ်။ ကမ္ဘာရဲ့ အရှေ့ကနေ အနောက်အထိ၊ တောင်ကနေ မြောက်အထိ ဒီကုန်ကြမ်းတွေနဲ့ မကင်းနိုင်ကြဘူး''

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ရစ်ချ်က ရှင်းပြသည်။ ဤစွဲမက်စိတ်ဝင်စားမှုသည် သူ့ရင်မှာ ထာဝစဉ် တွဲခိုနေ၏။ သူကိုယ်တိုင်ကိုယ်ကျ အရောင်းအဝယ်လုပ်ခဲ့သည့် လူသုံးကုန်ပစ္စည်းမှာ ဘိုလီဗီးယားပြည်ထွက်သံဖြူများ ဖြစ်၏။

■

## ဈေးကွက်တစ်ခု ဖန်တီးဖို့ဆိုရင်

ဖိလစ်ညီနောင်များကုမ္ပဏီတွင် ရစ်ချ်တစ်ယောက် နေ့ချင်း ညချင်းဆိုသလို နာမည်တစ်လုံးဖြင့် ထင်ပေါ်ကျော်ကြားလာသည်။ အာဂကောင်ကလေးဟူ၍။ "ဒီကောင်က အလုပ်စဝင်ကတည်းက လျင်တဲ့ကောင်၊ လာဘ်မြင်တဲ့ကောင်။ နောက်ပြီး ဇဟုသုတကလည်း စုံပဲ့"ဟု လုပ်ဖော်ကိုင်ဖက်တစ်ဦးက သူ့အကြောင်းပြောသည်။ သူ ယခုလို နေ့ချင်းညချင်း အောင်မြင်လာရခြင်းတွင် အကြောင်း ရင်းကြီးတစ်ခု ရှိသည်။ ယင်းအကြောင်းရင်းကား ဈေးကွက်၏ ဟာကွက်တစ်ကွက်ကို မြင်တွေ့သွားခြင်း။ ၁၉၅၀ ပြည့်လွန်နှစ်များ အလယ်ပိုင်းလောက်တုန်းက စာမဖွဲ့လောက်သည့် ပမာဏမျှသာ အရောင်းအဝယ်ဖြစ်သည့် လူသုံးကုန်ပစ္စည်းကို သူက သတိပြုမိလိုက်သည်။ ထို့ကြောင့် ထိုလူသုံးကုန်ပစ္စည်းကို သူက အထူးအာရုံစိုက်လေ့လာသည်။ ရောင်းဝယ်ဖောက်ကားဖို့ ပြင်ဆင်သည်။ ၄င်း ပစ္စည်းကား အခြားမဟုတ်၊ ပြဒါး။

ကုန်သည်တစ်ဦး၏ ဦးနှောက်ထဲတွင် အမြဲ ထာဝစဉ်စဉ်းစား ကြံဆနေသည်မှာ ကုန်ပစ္စည်းထုတ်လုပ်သူတစ်ဦးကို စားသုံးသူ တစ်ဦးနှင့် ခံစားချက်တူညီအောင် စည်းရုံးရေးဖြစ်၏။ ထို့နောက်တွင်မှ ဝယ်သူတစ်ဦးကို ရှာဖွေပေးရေး။ တစ်နည်းဆိုရလျှင် ဈေးကွက်တစ်ခု ပေါ်ထွန်းလာအောင် ဖန်တီးဖော်ထုတ်ရေး။ မိမိ ဈေးကွက်တင်မည့် ကုန်ပစ္စည်းသည် ယခင်က ဈေးကွက်ဟူ၍ မရှိသေးသည့် ပစ္စည်း (သို့မဟုတ်) ဈေးကွက်ထဲတွင် မဖြစ်စလောက်သာ တွေ့ရမြင်ရသည့် ပစ္စည်းမျိုး ဖြစ်နေရမည်။ ဤကား လူသုံးကုန်ပစ္စည်း ရောင်းဝယ်ဖောက်ကားသူတစ်ဦးတွင် ရှိရမည့် ထူးခြားအရည်အချင်း တစ်ရပ်ပင် ဖြစ်၏။ အခြေအနေတစ်ရပ်ကို စေ့စေ့စပ်စပ် စိစစ်သရုပ်ခွဲကြည့်နိုင်စွမ်းရှိပြီး ကုန်ပစ္စည်းတစ်ခု၏ အလားအလာကို ပြိုင်ဘက်ကုန်သည်များထက် လျင်လျင်မြန်မြန် အကဲဖြတ်နိုင်စွမ်း ရှိခြင်းသည် အရောင်းအဝယ်သမားကောင်းတစ်ဦး၏ အရည်အချင်းဖြစ်၏။ လူသုံးကုန်ပစ္စည်း တစ်မျိုး၏ အလားအလာကို မတွက်ချက် မခန့်မှန်းနိုင်ဘဲ ၄င်းပစ္စည်းပေါ်မှာ ငုတ်တုတ်ထိုင်နေသူသည် ဘယ်သူလဲ။ နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ (သို့မဟုတ်) စစ်ဖြစ်ခြင်းကဲ့သို့သော နိုင်ငံရေးအခြေအနေပြောင်းလဲခြင်းများက လူသုံးကုန်ပစ္စည်းများ ရောင်းလိုအားနှင့် ဝယ်လိုအားကို ဘယ်လိုအကျိုး

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သက်ရောက်မှု ရှိနိုင်သလဲ။ ဆိုပါစို့။ ရေနံစိမ်းကို ရေနံဆီအဖြစ် ပြုလုပ်ပြီး လက်ဆွဲမီးအိမ် ထွန်းညှိဖို့ အသုံးပြုခဲ့ကြသည်။ နောက်ပြီး ကတ္တရာအဖြစ် အသွင်ပြောင်း၍လည်း သုံးစွဲခဲ့ကြသည်။ ထိုသို့ သုံးစွဲခဲ့ကြသည်မှာ ရာစုနှစ်ပေါင်းများစွာ ကြာခဲ့ပြီး၊ ထို့နောက်တွင်တော့ ဓာတ်ဆီသုံး အင်ဂျင်များ ပေါ်ထွန်းလာတော့သည်။ ထိုအခါ ဓာတ်ဆီအဖြစ် အသွင်ပြောင်းထုတ်လုပ်နိုင်သည့် ရေနံစိမ်း၏ တန်ဖိုးသည် နေ့ချင်းညချင်းဆိုသလို ထိုးတက်သွားတော့၏။

အရောင်းအဝယ်သမားကောင်း တော်တော်များများသည် ဈေးကွက်တစ်ခုပေါ်ထွန်းလာအောင် ဖန်တီးဖော်ထုတ်နိုင်စွမ်း မရှိကြပါချေ။ သို့ဖြစ်သည့်တိုင် ရစ်ချ်တစ်ယောက်ကတော့ အသက်အရွယ်ငယ်နုစဉ်မှာပင် ဈေးကွက်တစ်ခုကို အောင်အောင်မြင်မြင် ဖန်တီးဖော်ထုတ်နိုင်ခဲ့၏။ ထိုသို့ ဈေးကွက်အသစ်တွေ မကြာမကြာ ဖော်ထုတ်ခဲ့သည့်အထဲတွင် ရေနံစိမ်းဈေးကွက်ကတော့ ထူးထူးကဲကဲ ဟိုးလေးတကြော် ဖြစ်ခဲ့လေသည်။ သူ၏ အထူးခြားဆုံး အရည်အချင်းမှာ အခြားသူများ သတိမထားမိဘဲ မျက်စိမှောက်နေသည့် အရာကို သူက မြင်တွေ့အောင်ကြည့်တတ်ခြင်းဖြစ်၏။

"ဒီလူဟာ အမြော်အမြင်ရှိတဲ့လူဗျ" ဟု သူ့မိတ်ဆွေတစ်ဦးက မှတ်ချက်ချသည်။ သူနှင့်အတူ အာဖရိကတွင် လက်တွဲ အလုပ်လုပ်ဖူးသည့် အရောင်းအဝယ်သမားတစ်ဦးကတော့ "မာခ့်ရစ်ချ်ဟာ ပါရမီရှင်တစ်ဦးပဲ" ဟု ပြောသည်။ အာဆူလာစန်တိုဒိုမင်ဂိုကမူ "တခြားလူတွေ တွေးတောင်မတွေးမိသေးတဲ့ကိစ္စတွေကို သူက တွေ့ပြီး မြင်ပြီးနေပြီရှင့်" ဟု အကဲဖြတ်သည်။

"အခွင့်အလမ်းတစ်ခုကို ကြည့်တတ်မြင်တတ်ဖို့ဟာ အရောင်းအဝယ်သမားတစ်ဦးအတွက် အရေးပါအရာရောက်ဆုံး အရည်အချင်းပဲ" ဟု ရစ်ချ်ကိုယ်တိုင်ကလည်း ပြောသည်။ ကုန်စီးပွားရေးလုပ်ငန်းတွင် အဆက်အသွယ်များ အရေးပါအရာရောက်ပုံကိုလည်း သူက ပြောပြသည်။ သည်လို အဆက်အသွယ်ကောင်းမှ အဆုံးအဖြတ်ပေးနိုင်သည့် "အဓိက ပုဂ္ဂိုလ်" ဟု ခေါ်ဆိုကြ၏။ ရစ်ချ်ပြောခဲ့သည့် နောက်စကားတစ်ခွန်းကတော့ ကျွန်တော့်ကို အံ့သြတကြီး ဖြစ်စေခဲ့လေသည်။ သူပြောခဲ့သည့်စကားတစ်ခွန်းမှာ "ဝေဖန်ပိုင်းခြားနိုင်စွမ်းဟာ အဆက်အသွယ်အပေါင်းအသင်းတွေထက် ပိုပြီး အရေးကြီးတယ်ဗျ" ဟူ၏။

ရစ်ချ်သည် ၁၉၅၀ ပြည့်လွန်နှစ်များ အလယ်ပိုင်းဆီလောက်တွင် ဈေးကွက်သစ်တစ်ခု တီထွင်ဖော်ထုတ်နိုင်ခဲ့၏။ ထိုစဉ်က သူ့အသက် နှစ်ဆယ့်တစ်နှစ်ပဲ ရှိသေးသည်။ ထိုစဉ်က သူဖော်ထုတ်ခဲ့သည်မှာ "ပြဒါး" ဈေးကွက်။ ထိုစဉ်က ပြဒါးကို ပြဒါးတိုင်များ၊ ဘတ်ထရီအိုးများနှင့် စနက်တံများမှာပဲ သုံးစွဲကြသေးသည်။ သည်တော့ အရောင်းအဝယ်ပြုလုပ်ရေးဆိုသည်မှာ အကိုင်းအတာ အကန့်အသတ်နှင့် ဖြစ်၏။ ထိုစဉ်က ပြဒါးဈေးနှုန်းမှာ ဘာမျှဖြစ်ဖြစ်မြောက်မြောက် မရှိသေး။

ရစ်ချ်က ပြဒါးရရှိရေးကို သန္နိဋ္ဌာန်ပြတ်ပြတ်ဖြင့် ရှာဖွေသည်။ သူ၏ အာရုံစူးစိုက်ခြင်း ပြင်းထန်လှသောသားမှုကို

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သူ့လုပ်ဖော်ကိုင်ဖက်များကပင် အံ့သြရသည်။ သြချရသည်။ ကမ္ဘာ့နိုင်ငံရေးအခြေအနေကို စိစစ်ခွဲခြမ်းစိတ်ဖြာကြည့်ခြင်းအားဖြင့် များမကြာမီအတွင်း ပြဒါးဝယ်လိုအား အလွန်ကြီးမားလာတော့မည်ဖြစ်ကြောင်း ကောက်ချက်ဆွဲလို့ရသည်။ အခုမှာယ်ကတော့ ပြဒါးကို စီးပွားဖြစ် ရောင်းဝယ်ရေးလုပ်ရတော့မည်။

စစ်အေးတိုက်ပွဲသည် ၁၉၅၀ ပြည့်လွန်နှစ်များ အလယ်ပိုင်းလောက်တွင် အရှိန်မြင့်နေပြီး မော်စီတုန်း ခေါင်းဆောင်သည့် ကွန်မြူနစ်များသည် ၁၉၄၉ ခုနှစ်၌ တရုတ်ပြည်တွင် အာဏာရခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ကိုရီးယားစစ်ပွဲစတင်ဖြစ်ပွားပြီး ၁၉၅၃ ခုနှစ် နွေကာထိ သက်ဆိုးရှည်ခဲ့သည်။ ၁၉၅၃ ခုနှစ်၊ ဇွန်လတွင် ဆူပူအုံကြွသည့် အရှေ့ဂျာမနီပြည်သူများကို ဆိုဗီယက်တပ်ဖွဲ့များက ချေမှုန်းပစ်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် စူးအက်တူးမြောင်း အရေးအခင်း ဖြစ်ပေါ်ခဲ့သည်။ အီဂျစ်သမ္မတ ဂမားလ်အက်ဒယ်နာဆာက စူးအက်တူးမြောင်းကို ပြည်သူပိုင်သိမ်းလိုက်သည်။ ၄င်း၏လုပ်ရပ်ကို ဗြိတိန်၊ ပြင်သစ်နှင့် အစ္စရေးတို့က ဆန့်ကျင်ကန့်ကွက်ကြသည်။ ထိုနှစ်မှာပင် ဆိုဗီယက်တပ်နီတော်က ဟန်ဂေရီပြည်တွင်း ချဉ်းနင်းဝင်ရောက်ပြီး ဆိုဗီယက်က ကျောထောက်နောက်ခံပြုပေးထားသည့် အစိုးရကို ဆန့်ကျင်ဆန္ဒပြသူများအား နှိမ်နင်းချေမှုန်းပစ်သည်။

ပြဒါးကိုကိုင်ပြီး အရောင်းအဝယ်လုပ်ဖို့ ရစ်ချ်စတင်လှုပ်ရှားချိန်တွင် ကမ္ဘာ့နိုင်ငံရေးအခြေအနေက အဆိုးဘက်သို့ ဦးတည်နေပြီ။ စစ်ပွဲတွေ ဖြစ်မည့်အလားအလာများ မြင်တွေ့နေရသည်။ ပြဒါးဝယ်ယူရရှိနိုင်ရေးအတွက် ရစ်ချ်က အစွမ်းကုန်ကြိုးစားသည်။ ပြဒါးထုတ်လုပ်သူတစ်ဦးနှင့် တွေ့ရမည်ဆိုလျှင် သူက အဆက်အသွယ်ပေါင်းစုံကို အဆိုပြုသည်။ သူ ပထမဦးဆုံး အဆက်အသွယ်ရသည်မှာ စပိန်မှ မာယာဆာ (Mayasa) ဆိုသည့် သတ္တုတူးဖော်ရေးကုမ္ပဏီ။ သိပ်အချိန်ကြာကြာ မစောင့်လိုက်ရပါ။ အဆက်အသွယ်ကောင်းများ ရလာသည်။ ဓာတ်သတ္တုထုတ်လုပ်သူများနှင့်ရော ကုန်ပစ္စည်းဝယ်ယူသူများနှင့်ပါ ခင်မင်ရင်းနှီးလာသည်။ ထို့နောက်မှာတော့ သူ့ကို ပြဒါးရောင်းဝယ်ရေးနှင့် ပတ်သက်၍ ကျွမ်းကျင်သူတစ်ဦးအဖြစ် လူအများက အသိအမှတ်ပြုလိုက်ကြတော့၏။

တစ်ချိန်တည်းတွင် ပြဒါးဝယ်လိုအားကလည်း တရိပ်ရိပ်မြင့်တက်လာသည်။ အမေရိကန်ပြည်ထောင်စု၏ သမ္မတကြီး ဒွိုက်ဒီအိုက်စင်ဟောင်ဝါက ပြဒါးများ ဝယ်ယူသိုလှောင်စုဆောင်းထားရေးစီမံကိန်းကို သူ၏ လက်နက်ကိုင်တပ်များသို့ ချပေးသည်။ ၁၉၄၀ ပြည့်လွန်နှစ်များ အလယ်ပိုင်းလောက်မှစပြီး ဘတ်ထရီများအတွက်သာ သုံးစွဲခဲ့သည့် ပြဒါးများကို ယခု အမေရိကန်စစ်တပ်များက အင်တိုက်အားတိုက် ဝယ်ယူသိုလှောင်ကြသည်။ ခုတော့ ပြဒါးဈေးကွက်အခြေအနေတို့ ထိုးတက်လာလေပြီ။ ပြဒါးက ကြာရှည်အသုံးခံသည်။ ထို့ကြောင့် စစ်တပ်သုံး အီလက်ထရွန်နစ်ကိရိယာများတွင် ပြဒါးကို တွင်တွင်ကျယ်ကျယ် အသုံးပြုကြသည်။

■

www.burmeseclassic.com

www.burmeseclassic.com



## အတိမ်းအစောင်းမခံသော လုပ်ငန်းတာဝန်များ

ယခုအချိန်တွင် ပြဒါးအရောင်းအဝယ်နှင့် ပတ်သက်လာလျှင် မလွဲမသွေ တွေ့ရမည့်သူမှာ မာခ့်ရစ်ချ်ဖြစ်နေပြီ။ ဤကား ရစ်ချ်၏ ပထမဆုံးသော စီးပွားရေးလုပ်ငန်းဆိုင်ရာ အောင်မြင်မှုကြီးဖြစ်၏။ သူ့စွမ်းဆောင်ချက်ကြောင့် ဖိလစ်ညီနောင်များ ကုမ္ပဏီတွင် ပြော စမှတ်ပြုရလောက်သည့် အကျိုးအမြတ်များ ခံစားခဲ့ရ၏။ စင်စစ် ဖိလစ်ညီနောင်များ ကုမ္ပဏီသို့ ရစ်ချ်ရောက်လာသည်မှာ သိပ်မကြာ တတ်သေး။ သို့တိုင် ပြဒါးနှင့်ပတ်သက်သည့်အောင်မြင်မှုက ကြီးမား လွန်းသည့်အတွက် ကုမ္ပဏီတွင် ရစ်ချ်၏အဆင့်မြင့်လာသည်။ အခွင့် အလမ်းများကို ကြည့်တတ်မြင်တတ်သည့်ပါရမီ သူ့တွင်ရှိကြောင်း အထက်လူကြီးများ သိမြင်လာစေသည်။ သူက အခွင့်အလမ်းများကို ကြည့်တတ်မြင်တတ်ရုံ မဟုတ်သေး။ ယင်းအခွင့်အလမ်းများကို အမိ အရ ဆုပ်ဖမ်းယူနိုင်လောက်အောင်လည်း သတ္တိရှိသည်။ နောက်ပြီး အပေးအယူတစ်ခု (သို့မဟုတ်) စေ့စပ်ညှိနှိုင်းမှုတစ်ခု အောင်မြင်ပြီး မြောက်သည်အထိ ပြုလုပ်နိုင်လောက်အောင်လည်း စိတ်ရှည်သည်းခံ တတ်သည်။ ထို့ပြင် မလိုလားအပ်သော အရဲကိုးစွန့်စားမှုများ မပြု လုပ်ဖြစ်အောင် သာမန်အသိဉာဏ်ရှိသည်။

ဖီးလစ်ညီနောင်များ ကုမ္ပဏီ၊ ဘိုလီးဗီးယားဌာနခွဲမန်နေဂျာ သည် သူ့မိခင်မကျန်းမာသဖြင့် ခွင့်ယူရမည်ဆိုသောအခါ ယင်းဌာနခွဲ မန်နေဂျာနေရာတွင် အစားထိုး တာဝန်ထမ်းရမည့်သူမှာ ရစ်ချ်ဖြစ်နေ တော့၏။ တောင်အမေရိကနိုင်ငံဖြစ်သည့် ဘိုလီးဗီးယားတွင် ရစ်ချ် ခြောက်လတာဝန်ထမ်းဆောင်ရမည်ဆို၏။ တကယ်တော့ ဤတောင် အမေရိကနိုင်ငံကား အလွန်မတန် အန္တရာယ်များသည့်နိုင်ငံ။ နိုင်ငံရေးနှင့် စီးပွားရေး တည်ငြိမ်မှု အလျှင်းမရှိ။ အမျိုးသား ရေးလှုပ်ရှားမှုတစ်ရပ်က ၁၉၅၂ ခုနှစ်တွင် တော်လှန်ရေးတစ်ရပ်ဖြစ်ပေါ်စေသည်။ တိုင်းပြည်ရှိ သတ္တုတွင်းကြီးများကို ပြည်သူပိုင် သိမ်းထားသည်။ ယင်းသတ္တုတွင်းကြီးများမှ ငွေ၊ သံဖြူနှင့် အဖြိုက်နက် စသည့် သတ္တုများထွက်သည်။ ဘိုလီးဗီးယားနိုင်ငံ၏ မြို့တော် လာပက်ဇ်တွင် အမှုထမ်းနေစဉ်အတွင်း ရစ်ချ်သည် စပိန်ဘာသာစကားကို မှုတ်နေအောင် ပြောတတ်လာသည်။ ထို့မျှမကသေး၊ နိုင်ငံရေးအရ တည်ငြိမ်မှုမရှိသည့် နိုင်ငံများတွင် စီးပွားရေးလုပ်ရာ၌ မသိမဖြစ် သိထားရမည့်အချက်များကိုလည်း သူသိလာသည်။ ပညာရလာသည်။

သူ့အားပေးအပ်လိုက်သည့် တာဝန်များကို ဘိုလီးဗီးယားတွင် အောင်မြင်ထူးချွန်စွာ ထမ်းဆောင်နိုင်သည်။ ထို့ကြောင့် တက်သစ်စ ကြယ်ပွင့်ကလေး ရစ်ချ်ကို ၁၉၅၈ ခုနှစ်တွင် တောင်အာဖရိကသို့ စေလွှတ်တာဝန်ပေးပြန်သည်။ ထိုစဉ်က တောင်အာဖရိကသည် ဓနသဟာယအဖွဲ့ဝင်နိုင်ငံအဖြစ် တည်ရှိနေဆဲ။

ဤခရီးစဉ်ကား ရစ်ချ်ပထမဦးဆုံးအကြိမ် တွေ့ကြုံရင်ဆိုင်လိုက်ရသည့် ရှုံးပွဲပါတည်း။ တောင်အာဖရိကနိုင်ငံထွက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com


မန်ဂနိစ်(Manganese)များ ဝယ်ယူရေးအတွက် လပေါင်းများစွာကြာအောင် စေ့စပ်သည်။ ညှိနှိုင်းသည်။ ကြာမြင့်ကြာရှည် အပေးအယူလုပ်ခဲ့သော်လည်း အလုပ်မဖြစ်။ သဘောတူညီချက်အရ ထိုသို့အရှုံးဖြင့်ရင်ဆိုင်ရသော်လည်း သူ့အား စေလွှတ်တာဝန်ပေးလိုက်သည့် အထက်လူကြီးများက ရစ်ချ်အား တစ်စက်ကလေးမျှ မဝေဖန်။ အပြစ်မဆို။ ဤအတွေ့အကြုံမှ သင်ခန်းစာအကျိုးအမြတ်များ ရလိမ့်မည်ဖြစ်ကြောင်း အထက်လူကြီးများက သိထားသည်လေ။

ဤသို့ တစ်ကြိမ်တစ်ခါ မအောင်မြင်ခဲ့သော်လည်း ယခုလို အတိမ်းအစောင်းမခံသော အလုပ်များကို ကိုင်တွယ်နိုင်စွမ်းရှိကြောင်း သက်သေပြခဲ့လေသည်။

■

## ဖီဒဲလ်ကာပ်စထရို၏ ကျူးဘားတော်လှန်ရေး

အာနက်စတို "ချေ" ဂွေဗားရားနှင့် သူ့နောက်လိုက်သူပုန်များ သည် ၁၉၅၈ ခု နှစ်သစ်ကူးအကြိုညတွင် စန်တာကလာရာမြို့တွင်း သို့ ချဉ်းနင်း ဝင်ရောက်ခဲ့ကြသည်။ စန်တာကလာရာမြို့ သူပုန်များ လက်တွင်းသို့ ကျရောက်သွားကြောင်း ကျူးဘားအာဏာရှင် ဖူလ်ဂျင် ရှိဘာ တစ်စတာထံ သတင်းရောက်လာသောအခါ အာဏာရှင်ကြီးသည် လက်တစ်ဆုပ်စာ လူယုံတော်တစ်စုနှင့်အတူ တိုင်းပြည်မှ ထွက်ပြေးသည်။ ဒိုမီနီကန်ရီပတ်ဘလစ်သို့ ပြေးသည်။ ဖီဒဲလ်ကပ် စထရို၏ တော်လှန်ရေးတပ်ဖွဲ့များသည် ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလ (၈)ရက်တွင် ဟာဗားနားမြို့တွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ နှစ်နှစ်ကျော် ကြာအောင် ဆင်နွှဲခဲ့သည့် ပြည်သူ့စစ်ပွဲ၏ အောင်ပွဲ။

တော်လှန်ရေးတပ်ဖွဲ့များကို တိုင်းပြည်က လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ ကြိုဆိုကြသည်။ အထူးသဖြင့် ဆင်းရဲသားလူမွဲများ က အစတ်အောင်သောင်းတင်း ကြိုဆိုသည်။ သူပုန်တွေ မြို့တွင်းသို့ ချဉ်းနင်းဝင်ရောက်ပြီး နာရီပိုင်းအတွင်း စစ်တပ်နှင့် ရဲတပ်ဖွဲ့က သွားရောက်ပူးပေါင်းသည်။ ပြည်သူပြည်သားများမှာ တစ်နေ့တခြား မွဲသည်ထက်မွဲခဲ့လာချိန်တွင် အာဏာရှင် ဘာတစ်စတာနှင့် သူ့အုပ်စုက တိုင်းပြည်နှင့် တိုင်းပြည်၏ သဘာဝသယံဇာတများကို လက်ညှိုးထိုး ရောင်းချပြီး သုံးမကုန်ဖြုန်းမကုန်အောင် ချမ်းသာကြွယ်ဝနေကြသည် လေ။ ကနဦးပိုင်းတုန်းက ဘာတစ်စတာအစိုးရကို ထောက်ခံ အကူ အညီပေးခဲ့သည့် အမေရိကန်အစိုးရသည် သူ၏အားပေးထောက် ခံမှုကို ရုပ်သိမ်းခဲ့သည်။

ဖီဒဲလ်ကပ်စထရိုနှင့် စက်မှုဝန်ကြီးဖြစ်သူ ချေဂွေဗားရားတို့က တိုင်းပြည်၏ စက်မှုလုပ်ငန်းများနှင့် သတ္တုတူးဖော်ရေး

the bookhouse
we bring out future
www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းများကို ပြည်သူပိုင်သိမ်းဖို့ စီစဉ်ကြသည်။ ဤအစီအစဉ်ကြောင့် ဖီးလစ်ညီနောင်များကုမ္ပဏီမှာ အကြီးအကျယ် တုန်လှုပ်သွားသည်။

ကျူးဘားတွင် ဗဟန်းကျောက် (Pyritos) များထွက်ရှိသည်။ ယင်းကျောက်များ လက်မလွှတ်စေရေးအတွက် ဖီးလစ်ညီနောင်များ ကုမ္ပဏီက ကျူးဘားသို့ ဒေါ်လာ(၁.၂)သန်း ချေးထားသည်။ ယင်းငွေများကို တော်လှန်ရေးအစိုးရက ထိန်းချုပ်ဟန့်တားပစ်လိုက်သည်။ သူတို့အစီအစဉ်အတိုင်း ရှောရှောရှူရှူဖြစ်သွားလျှင် ဖီးလစ်ညီနောင်များက ဒေါ်လာ (၆)သန်းမြတ်မည့် အခွင့်အလမ်းကြီး။ ခုတော့ သည်အခွင့်အလမ်းကြီး လက်လွှတ်ရတော့မည်။ ဆုံးရှုံးရတော့မည်။ သည်တော့ ဘာလုပ်ကြမည်လဲ။ ဖီးလစ်ညီနောင်များကုမ္ပဏီအကြီးအကဲ ရှေ့သ်ချိုင်းလ်က ဟာဗာနာသို့ ရစ်ချ်ကို လွှတ်ဖို့ ချက်ချင်း အဆိုပြုသည်။ ထူးထူးခြားခြား အရည်အချင်းရှိသည့် လူငယ်အမှုထမ်းများအား ယုံကြည်စိတ်ချစွာဖြင့် ခက်ခဲသော အလုပ်တာဝန်များ ပေးအပ်ခြင်းသည် သူတို့ကုမ္ပဏီ၏ ထုံးတမ်းစဉ်လာဖြစ်၏။ ရစ်ချ်က လက်တင်အမေရိကလူမျိုးများ၏ စိတ်နေစိတ်ထားကို ရင်းနှီးကျွမ်းဝင်နေပြီ။ နောက်ပြီး စပိန်ဘာသာစကားကို မွှတ်နေအောင် ပြောနိုင်နေပြီမဟုတ်လား။

သည်တော့ တော်လှန်ရေးအစိုးရ အောင်ပွဲခံပြီး များမကြာမီအတွင်း ရစ်ချ်သည် ဟာဗာနာသို့ သွားသည်။ ထိုစဉ်က သူ့အသက်(၂၄)နှစ်ပဲ ရှိသေးသည်။ သူ သွားရောက်စေ့စပ်ညှိနှိုင်းသည့် အလုပ်ကိစ္စသည် ခြောက်လကြာသွားသည့်တိုင် မပြီးပြတ်သေး။ သူ၏ ညှိနှိုင်းဆွေးနွေးဟန်က မာကျောသည်။ သန္နိဋ္ဌာန်ပြတ်သည်။ သို့ပေမယ့် ယဉ်ကျေးသိမ်မွေ့သည်။ ပါးရည်နပ်ရည်ရှိပြီး ဉာဏ်များသော ကုန်သည်တစ်ဦး၏ အတတ်ပညာပေါင်းစုံကို ထုတ်သုံးသည်။ နှစ်ဦးနှစ်ဖက်စလုံးက လက်သင့်ခံနိုင်မည့် ဖြေရှင်းချက်ကို ဖော်ထုတ်ရမည်ဆိုတာ သူသိနေသည်။

"လက်မှတ်ထိုးမယ့် ကာယကံရှင်နှစ်ဦးစလုံး စားပွဲမှာ ရယ်ရယ်မောမောနဲ့ အတူထိုင်ပြီး စကားပြောနေနိုင်မှသာ ဒီဆက်ဆံရေး ကြာရှည်ခံတော့မှာပေါ့။ ရေရှည်တည်တံ့မယ့် စီးပွားဖက် ထူထောင်ဖို့ဆိုတာ ဒီနည်းပဲရှိတယ်လေ။ ဒီလိုမှ မဟုတ်ရင် ခင်ဗျား တစ်ကြိမ်တစ်ခါပဲ အလုပ်ဖြစ်တော့မှာပေါ့"

ဤကား ရစ်ချ်၏ ခံယူချက်။ ရစ်ချ်က အခြေအနေအရပ်ရပ်ကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်သည်။ ကပ်စထရိုနှင့် သူ့အစိုးရအဖွဲ့ လောလောဆယ် အလိုအပ်ဆုံးအရာမှာ ဘာလဲ။ သူတို့လိုအပ်နေသည်မှာ ငွေသာ။ သူတို့လိုအပ်နေသည်မှာ အပြည်ပြည်ဆိုင်ရာ အဆက်အသွယ်များ။ သူတို့ အလုပ်အကိုင်များ လိုအပ်နေသည်။ သည်တော့ ဗဟန်းကျောက် တူးဖော်ရေးလုပ်ငန်းကို ကပ်စထရိုနှင့် သူ့အဖွဲ့ ဆက်လက်လုပ်ကိုင်လိုမည်မှာ မြေကြီးလက်ခတ်မလွဲ။ သည်လုပ်ငန်းကို ဆက်လုပ်လျှင် အလုပ်အကိုင်များ ပေါ်လာမည်။ နောက်ပြီး တိုင်းပြည်တွင်းသို့ ငွေမာတွေ စီးဝင်လာဖို့ သေချာမည်။

သည်တော့ ရစ်ချ်က အဖြေတစ်ခု ဖော်ထုတ်သည်။ သူ့အစီအစဉ်သည် ကနဦးပိုင်းတွင် မိုက်ရူးရဲဆန်ရာ ရောက်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သည်။ ယခင်က ချေးထားသည့်ငွေများအပြင် နောက်ထပ်ငွေများ ထပ်ပေးမည်ဟု ကမ်းလှမ်းလိုက်ခြင်း။ သို့မှ ကျူးဘား လူမျိုးတွေ ဗဟာန်းကျောက်တူးဖော်ရေး ဆက်လုပ်နိုင်မည်။ သို့မှ ဖီးလစ်ညီနောင်များက ချေးထားသည့်ချေးငွေလည်း ငွေပြန်ပေါ်နိုင်မည်။ အရေးအကြီးဆုံးက သည်စိတ်ကူးကို ကျူးဘားလူမျိုးတွေက ကျေနပ်လက်ခံသွားခြင်း။

ကပ်စထရို၏ တော်လှန်ရေးအစိုးရကို အမေရိကပြည်ထောင်စုအပါအဝင် နိုင်ငံတော်တော်များများက ကြိုဆို ထောက်ခံခဲ့ကြ၏။ သို့သော် သူတို့က ကွန်မြူနစ်ဝါဒကို စွဲကိုင်ကျင့်သုံးကြသောအခါမှာတော့ ဝိုင်းဝန်းဆန့်ကျင်ကြ၏။ အမေရိကပြည်ထောင်စုကမူ ကျူးဘားနိုင်ငံနှင့် ကုန်သွယ်ရေးပြုလုပ်ခြင်းကို ပိတ်ပင်တားဆီးမိန့်ထုတ်တော့၏။ ထိုသို့ ကုန်သွယ်မှုမပြုရန် တားဆီးမိန့်ထုတ်ထားသည့်ကြားထဲကပင် ရစ်ချ်က ကျူးဘားအစိုးရနှင့် ကုန်သွယ်မှုပြုခြင်းကို လုံးဝ ရပ်ဆိုင်းခဲ့ပေ။ ကျူးဘားနှင့် ကုန်သွယ်မှုမပြုရန် တားဆီးမိန့်ထုတ်သည့် ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလထိတိုင် ရစ်ချ်က နာသို့ ပုံမှန်သွားသည်။ ကျူးဘားနှင့် ပတ်သက်သည့် စီးပွားရေးလုပ်ငန်းများကို မဒရစ်ရုံးခွဲမှတစ်ဆင့် စီစဉ်ဆောင်ရွက် ၁၉၉၀ ပြည့်လွန်နှစ်များ အလယ်ပိုင်းလောက်ထိ ကျူးဘားနှင့် အရောင်းအဝယ်ပြုခဲ့သည့် အရေးပါအရာရောက်ဆုံး ကြမ်းများမှာ ဗဟာန်းကျောက်များနှင့် ကြေးနီများဖြစ်၏။ ယင်းသတ္တုပစ္စည်းများ ပြီးတော့ သံမဏိထုတ်လုပ်ရေးတွင် ပါသည့် မန်းဂနိစ်သတ္တုရိုင်းများနှင့် နစ်ကယ်ဒြပ်စင်များ။ သူ့ကုမ္ပဏီသည် နောက်ပိုင်းတွင် ကျူးဘားမှ သကြား ယ်သည်။ ပြီးတော့ ဗင်နီဇွဲလား (သို့မဟုတ်) ရုရှားမှ ရေနံစိမ်းများသွင်းသည်။

ကျူးဘားနှင့် အလုပ်ဖြစ်အောင်လုပ်ပြီး နောက်ပိုင်းမှာတော့ ဖီးလစ်ညီနောင်များကုမ္ပဏီတွင် ရစ်ချ်သည် အများက ကြည့်ရမည့်သူတစ်ဦး ဖြစ်လာသည်။ သူသည် ကုမ္ပဏီ၏ တတ်သစ်စကြယ်တစ်ပွင့် ဖြစ်လာလေပြီ။ နောင်နှစ်အနည်း အတွင်း သူသည် ကမ္ဘာတစ်လွှား လှည့်ပတ်သွားလာနေခဲ့၏။ အိန္ဒိယတွင် ခြောက်လ အမ်စတာဒမ်တွင် ခြောက်လ။ လည်ခရီးသွားနေရင်း သူ အာရုံမပြတ် လိုက်ကြည့်နေခဲ့သည်မှာ အလုပ်တစ်ခုဖြစ်မြောက်ရေးသာ ဖြစ်၏။ထိုခေတ် ါက လူစုလူဝေးဖြင့် ခရီးသွားသည့်စနစ် မပေါ်သေး။ သည်တော့ လေကြောင်းဖြင့် ခရီးသွားသည့် သူ့လုပ်ရှားမှုများ ငွေကုန်ကြေးကျ အလွန်များသည်။ ရစ်ချ်က ခရီးသွားရတာ သဘောကျသည်။ စွန့်စားရတာ နှစ်ခြိုက်သည်။ သူ သတိထားအနံ့ခံကြည့်နေသည်မှာ စီးပွားရေးလုပ်ရန် အခွင့်အလမ်းများ။ ဤကား ရစ်ချ် ငယ်ရွယ်စဉ် ပညာသင် တည်းက လိုလားတောင့်တခဲ့သည့် ဘဝနေဟန်ပါတည်း။ သူက သူ့ဘဝမှာ အမြဲလိုလား တောင့်တနေသည်မှာ မှုတစ်ရပ်ပင်ဖြစ်၏။ ၁၉၆၄ ခုနှစ် ရစ်ချ်အသက်သုံးဆယ်အရွယ်တွင် ဖီးလစ်ညီနောင်များ ကုမ္ပဏီက သူ့အား ခွဲ မန်နေဂျာအဖြစ် ခန့်အပ်လိုက်၏။ သည်ရာထူးမျိုးကို လက်သင့်ခံဖို့ ရစ်ချ်တစ်စက်ကလေးမျှ တုံ့ဆိုင်းမနေပါချေ။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



### ဖက်ဆစ်စပိန်နိုင်ငံတွင်းမှ မိတ်ဆွေများ

မာခ့်ရစ်ချ်ကား တည်တည်ကြည်ကြည် အေးအေးချမ်းချမ်းနှင့် ဆင်ခြင်တုံတရားပြည့်သူတစ်ဦးဖြစ်၏။ ထူးချွန်ထူးခြားသည့် ကုန်သည်တိုင်းနည်းတူ သူသည်လည်း စိတ်လှုပ်ရှားမှုများကို နိုင်နိုင်နင်းနင်း ချုန်းအုပ်ထားနိုင်သူပင်။ သူ့ခံစားချက်များကို သူ့ရင်တွင်းမှာ သိမ်းထားပြီး ခံစားချက်နောက် ကောက်ကောက်မပါအောင် ထိန်းသိမ်းနိုင်စွမ်းသူ။

သို့ဖြစ်သည့်တိုင် စပိန်နိုင်ငံအကြောင်း ပြောပြီဟေ့ဆိုလျှင်မူ သူသည် အချစ်ဦးကောင်မလေးအကြောင်း ပြန်ပြောပြသည့် ဆယ် ကျော်သက်အရွယ် ကောင်ကလေးတစ်ယောက်လို ဖြစ်နေတတ်၏။ ဤကားမြင်မြင်ချင်းချစ်မိသည့် ဖြစ်ရပ်မျိုး။ စပိန်မြေကို ကိုယ့်ရပ် ကိုယ့်ရွာ၊ ဇာတိချက်ကြွေ မွေးရပ်မြေလို သူခံစားရ၏။ စပိန်လူမျိုး တို့၏ လူမှုဘဝကို သူ နှစ်ခြိုက်သည်။ ယင်းလူမှုဘဝဟန်ပန်သည် သူ့ဘဝနေဟန်တွင် ယခုထိတိုင် လွှမ်းမိုးနေဆဲ။ မွန်းလွဲနှောင်းပိုင်းတွင်မှ နေ့လယ်စာစားပြီး ညဥ့်တော်တော်နက်မှ ညစာစားခြင်းကို သူသဘောကျသည်။ "စပိန်ကို ဘယ်လောက်သဘောကျသလဲဆို ကျွန်တော်ကိုယ်တိုင် စပိန်လူမျိုးတစ်ယောက်လို ဖြစ်လာတယ်ဗျ" ဟု သူက ပြောပြသည်။ "စပိန်ဟာ တော်တော်ထူးခြားအံ့ဩစရာကောင်းတဲ့ နိုင်ငံပဲ။ စပိန်မှာ သဲကန္တာရရှိတယ်။ တောင်တန်းတွေ ရှိတယ်။ စိမ်းလန်းတဲ့ မြေပြန့်တွေရှိတယ်။ နိုင်ငံပတ်လည်ကျတော့ ပင်လယ်ကြီးရှိနေပြန်ရော။ အဲဒီမှာ ဂီတ၊ ပန်းချီပန်းပု အနုပညာသာမဟုတ်ဘဲ အစစအရာရာ ထွန်းကားတာဗျို့"

သူ၏ဇနီးလောင်း ဒင်းနစ်ကို စပိန်မှာပင် ဆုံတွေ့ခဲ့သည်။ သူ့သမီးသုံးယောက်အနက် နှစ်ယောက်ကို စပိန်မြေမှာပင် မွေးခဲ့၏။ သူတို့မိသားစု၏ အပျော်ရွှင်ဆုံးအချိန်များကို မဒရစ်မြို့တွင် ကုန်လွန်ခဲ့ပါသည်ဟု ဒင်းနစ်ရစ်ချ်က ပြောသည်။

သူက သူနေထိုင်ဖို့ အခန်းကြီးကို ဖီးလစ်ညီနောင်များကုမ္ပဏီ၏ မဒရစ်ရုံးခွဲရှိသည့် အဆောက်အအုံမှာပဲ ဝယ်ထားသည်။ သို့မှ ရုံးနှင့်အိမ် တစ်မျှော်တစ်ခေါ်သွားမနေရဘဲ အရေးကြီးလျှင် ကြီးသလို ရုံးခန်းသို့ သွားရောက်နိုင်မည်မဟုတ်လား။

"သူက အလုပ်ကို အရမ်း အရမ်း ကြိုးစားတာရှင့်။ အလုပ်လုပ်နိုင်တဲ့ သူ့စွမ်းရည်ကတော့ ရှာမှရှားပါပဲရှင်"

အာဆူလာစန်တိုဒိုမင်ဂိုက မှတ်မှတ်ရရ ပြန်ပြောပြသည်။ သူတို့နှစ်ယောက် ဆုံတွေ့ခဲ့သည်မှာ လွန်ခဲ့သည့်လေးဆယ်ငါးနှစ်တာကာလတုန်းက အတွင်းရေးမှူးတစ်ယောက် လိုအပ်ကြောင်း ရစ်ချ်က သတင်းစာထဲ ကြော်ငြာလိုက်တော့ အာဆူလာသွားတွေ့ခဲ့သည်လေ။

"လူတွေ့ အစစ်ခံဖို့ သူက စနေတစ်ရက်မှာ ချိန်းလိုက်တယ်။ ကျွန်မရောက်သွားတော့ ရုံးခန်းထဲမှာ သူတစ်ယောက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပြည်း ရှိတယ်ရှင့်။ သက်ရှိထင်ရှားဆိုလို့ တခြားဘယ်သူမှ မရှိဘူးလေ။ သူဟာ စနေ၊ တနင်္ဂနွေအပါအဝင် နေ့တိုင်း အလုပ်လုပ်တယ်ဆိုတာ နောင်မှ ကျွန်မ သိခဲ့ရတယ်လေ။ သူက တစ်နေ့ကို နှစ်ဆယ့်လေးနာရီအလုပ်အကြောင်း စဉ်းစား ကြံဆနေတတ်တာကလား"

သူ့အလုပ်ချိန်က တစ်နေ့လျှင် တစ်ဆယ့်ငါးနာရီရှိသည်။ နံနက် (၇)နာရီမှ စပြီး ည(၁၀)နာရီမှ အလုပ်သိမ်းသည်။ ယင်းအစဉ်အလာကို ဖောက်ဖျက်သည့်နေ့ဟူ၍ မရှိသလောက်ပင်။ သူ့လုပ်ဖော်ကိုင်ဖက်များ ရုံးတက်ဖို့ နံနက်(၈.၃၀)လောက် ရုံးခန်းတွင်း ဝင်လာလျှင် ရစ်ချ်က နောက်ပြောင်သည့်အနေဖြင့် "မင်္ဂလာရှိတဲ့ မွန်းလွဲပိုင်းပါ"ဟု နှုတ်ဆက်တတ်သည် ဆို၏။

တကယ်တမ်းပြောရမည်ဆိုလျှင် ၁၉၆၄ ခုနှစ်မည်သော အချိန်ကာလတွင် စပိန်နိုင်ငံသည် ကြည်နူးလှိုက်ဖြာနေချင် စရာကောင်းသည့် နေရာဌာနတစ်ခုပါ။ သို့သော် ၁၉၃၉ ခုနှစ်၊ ပြည်တွင်းစစ်ပြီးကတည်းက ဗိုလ်ချုပ်ကြီးဖရန်ကို၏ ဖက်ဆစ်အစိုးရလက်အောက်တွင် စပိန်ပြည်သည် ပြားပြားဝပ် ဒုက္ခရောက်ခဲ့ရသည်။ ထို့ကြောင့် စပိန်သည် နိုင်ငံရေး စစ်ရေး စီးပွားရေးအရပါ အထီးကျန်ဖြစ်ခဲ့သည်မှာ ၁၉၅၅ ခုနှစ်အထိ။ သည်အတောအတွင်း ကုလသမဂ္ဂသို့ပင် ဝင်ခွင့် မရခဲ့။ သို့သော် ဤကျွန်းဆွယ်နိုင်ငံကလေးသည် ဂျီဘရော်လ်တာ ရေလက်ကြားနှင့် ထိစပ်နေသည့်အတွက် အင်အား ကြီးနိုင်ငံများ၏ စစ်အေးတိုက်ပွဲတွင် မဟာဗျူဟာမြောက် အရေးပါအရာရောက်သော နိုင်ငံငယ်ဖြစ်လာသည်။ ၁၉၆၀ ပြည့်လွန်နှစ်များတွင်တော့ စီးပွားရေး တစ်ဟုန်ထိုး တိုးတက်ဖွံ့ဖြိုးပြီး စိုက်ပျိုးရေးအခြေပြုနိုင်ငံငယ်ကလေးဘဝမှသည် စီးပွားရေးတံခါးဖွင့်ဝါဒ ကျင့်သုံးသော စက်မှုနိုင်ငံအဖြစ်သို့ ပြောင်းလာသည်။ ယင်းခေတ်ပြောင်းကာလတွင် အရေးပါ အရာရခဲ့သူများမှာ စက်မှုပညာရှင်များဖြစ်တော့၏။

ထိုသို့သော စက်မှုပညာရှင်များထဲမှ ရစ်ချ်နှင့် ရင်းနှီးကျွမ်းဝင်သူတစ်ဦးမှာ စက်မှုဝန်ကြီးဌာနမှ စီးပွားရေးပညာရှင် ဒေါ်ရက်ဒိုဆန်တိုဘလန်ကိုပါတည်း။ သူသည် ရစ်ချ်အတွက် အရေးပါအရာရောက်သူတစ်ဦး ဖြစ်လေသည်။ ရစ်ချ် အတွက် အရေးကြီးသော အဆက်အသွယ်တံခါးများ ဖွင့်ပေးသူဖြစ်လာသည်။ ဘလန်ကိုနှင့်သာ ခင်မင်ရင်းနှီးမှုမရခဲ့လျှင် ရစ်ချ်တစ်ယောက် သည်လောက်ငယ်ငယ်ရွယ်ရွယ်နှင့် သည်လောက်အောင်မြင်မည်မဟုတ်ပါချေ။

စင်စစ် ဂျူးလူမျိုးစီးပွားရေးသမားတစ်ဦးနှင့် ကက်သလစ်ဘာသာဝင်ဖြစ်သော ဘောဂဗေဒပါမောက္ခတစ်ဦးတို့ သည်လောက် ခင်မင်ရင်းနှီးကျွမ်းဝင်သွားသည်မှာ တအံ့တသြ မေးစရာမေးခွန်းတစ်ခု ဖြစ်နေလေသည်။ ဖက်ဆစ်ဝါဒီတွေ ကြီးစိုးသည့် စပိန်လိုနိုင်ငံမျိုးကို မြတ်နိုးခြင်းကြီးစွာဖြစ်နေခြင်းကိုက အံ့သြလောက်စရာကောင်းနေတော့၏။ စပိန်ပြည် တွင်းစစ်တွင် ဖရန့်စစ်စကိုဖရန်ကို အနိုင်ရခဲ့ခြင်းသည်ပင် နာဇီဂျာမနီ၏ အကူအပံ့ကြောင့် အနိုင်ရခဲ့ခြင်းဖြစ်၏။ ဒုတိယ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာစစ်ဖြစ်နေစဉ်က စပိန်သည် ကြားနေနိုင်ငံအဖြစ် တရားဝင်ကြေညာခဲ့၏။ သို့သော် နောက်ကွယ်မှ တကယ်တမ်း ထောက်ခံအားပေးခဲ့သည်မှာ ဟစ်တလာ၏ ဂျာမနီပြည်ကို ဖရန့်ကိုက အာရပ်နိုင်ငံများ၏ မိတ်ဆွေအဖြစ် ကြွေးကြော်သည်။ အစ္စရေးလ်ကို နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်မပြုသလို သံတမန်ရေးအရ ဆက်သွယ်ဖို့လည်း အားမထုတ်။ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို)ရုံးချုပ်ကို မဒရစ်တွင် ဖွင့်ခွင့်ပြုဖို့ ၁၉၇၄ တွင် သဘောတူခဲ့သည်။

အစ္စရေးလ်နှင့် တကယ်တမ်း တရင်းတနှီး ဆက်ဆံခဲ့သူမှာ ရစ်ချ်။ သို့သော် သူက ဖရန့်ကို၏မူဝါဒတွေ သဘောထားတွေကို ရှေ့တန်းတင် စဉ်းစားသူမဟုတ်။ သူက စီးပွားရေးလုပ်ဖို့နှင့် ငွေရှာဖို့ကိုပဲ အလေးထားသည်။ ''အဲဒါဟာ မှာခ်ရဲ့ စွမ်းအားတွေထဲက တစ်ခုပေါ့''ဟု သူ့မိတ်ဆွေတစ်ဦးက ပြောသည်။ ဤသို့ သဘောထားခြင်းသည် ကိုယ်ကျင့်တရားကင်းမဲ့ရာ ရောက်သည်ဟု အချို့က ယူဆသော်လည်း ဤသို့ ဘက်မလိုက်ဝါဒ ကျင့်သုံးခြင်းသည် စီးပွားရေးလုပ်ရာတွင် သာရည်တစ်ခုဖြစ်သည်ဟု အချို့က ခံယူကြသည်။

မဒရစ်ရှိ ဖီးလစ်ညီနောင်များကုမ္ပဏီရုံးခွဲသည် ထွန်းပေါက်လာလတ္တံ့သော ဈေးကွက်သစ်များကို ၁၉၆၀ ပြည့်လွန်နှစ်များတွင် ကိုင်တွယ်ထိန်းချုပ်နေပြီ။ အမေရိကပြည်ထောင်စုက ကုန်သွယ်မှုမပြုလုပ်ဖို့ တားမြစ်ပိတ်ပင်ထားသည့် ဈေးကွက်သစ် ကျူးဘားသည် တစ်ခုအပါဝင်။ ၁၉၅၀ ပြည့်လွန်နှစ်များ နှောင်းပိုင်းနှင့် ၁၉၆၀ ပြည့်လွန်နှစ်များ စောစောပိုင်းတွင် ကိုလိုနီဘဝမှ လွတ်မြောက်ရေး တောင်းဆိုသံတွေ ဆူညံနေသည့် အာဖရိကသည်လည်း ရစ်ချ်တို့ ပစ်မှတ်ထားသည့် ဈေးကွက်သစ်ထဲတွင် တစ်နိုင်ငံအပါအဝင်ဖြစ်၏။ ထိုသို့သော ပေါ်ထွန်းလာမည့် ဈေးကွက်သစ်များထဲတွင် ကွန်ဂို၊ အယ်လ်ဂျီးရီးယားနှင့် နိုင်ဂျီးရီးယားတို့လည်း ပါဝင်သည်။ အဆိုပါနိုင်ငံများတွင် ရစ်ချ်တို့ စိတ်ဝင်စားသည့် သဘာဝသယံဇာတများ ပေါ်ကြွယ်ဝသည်။ ကုန်ကုန်ပြောရလျှင် ကိုင်တွယ်ရခက်၊ ထိန်းသိမ်းရခက်နှင့် တည်ငြိမ်မှုမရှိသည့် ဒေသများကို ဖီးလစ်ညီနောင်များကုမ္ပဏီက မဒရစ်ရုံးခွဲမှ တိုက်ရိုက် ကိုင်တွယ်အုပ်ချုပ်ခဲ့လေသည်။

■

***အမေရိကန် လူစွမ်းကောင်း***

နှစ်ဆယ်ရာစုနှစ်များတွင် ၁၉၆၀ ပြည့်လွန်နှစ်များသည် လူသုံးကုန်ပစ္စည်း အရောင်းအဝယ်သမားများအတွက် ထူးခြားထင်ရှားသောနှစ်များ ဖြစ်၏။ အကြောင်းမှာ အဆိုပါနှစ်ကာလများအတွင်း လုပ်ငန်းများ လုပ်ရကိုင်ရ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကျွင်ကျယ်သည်။ လုပ်ငန်းများလုပ်လို့ ကောင်းသည်။ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ဖို့ အဆင်ပြေသည်။ ဥရောပ၊ အမေရိကပြည်ထောင်စုနှင့် အာရှတိုက်တို့တွင် စီးပွားရေး စမ်းပွင့်နေသည်။ အဆိုပါ ဆယ်စုနှစ်အတွင်း နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုတွေ အံ့မခန်း တိုးတက်လာသည်။ ထိုအထဲတွင် ၁၉၆၉ ခုနှစ်၌ လကမ္ဘာပေါ် ပထမဦးဆုံးအကြိမ် လူဆင်းသက်နိုင်ခြင်းလည်း တစ်ခုအပါအဝင်။ ထို့ကြောင့် တစ်ကမ္ဘာလုံးတွင် အကောင်းမြင်စိတ်များ လွှမ်းခြုံနေသည်။

အခွင့်အလမ်းတွေ သူ့အလိုအလျောက် ပေါ်ပေါက်လာပြီဆိုလျှင် ယင်းအခွင့်အလမ်းကို အမိအရ ဆုပ်ဖမ်းနိုင်ဖို့ အရေးကြီးကြောင်း ရစ်ချ်သဘောပေါက်ထားသည်။ သူက မဒရစ်ရှုံးခဲ့ကို ဖီးလစ်ညီနောင် များကုမ္ပဏီ၏ အရေးပါ အရာရောက်ဆုံး ရုံးခွဲဖြစ်အောင် အသွင်ပြောင်းယူသည်။ ဤကား သူ့လက်အောက်ခံ အမှုထမ်းများအဖြစ် သူရွေးချယ် ထားခဲ့သည့် ငယ်ငယ်ရွယ်ရွယ်နှင့် ဆင်းဆင်းရဲရဲ လူငယ်များ၏ ကျေးဇူးကြောင့်ဟု ဆိုရပါမည်။

"မာ့ခ်က သူ့အမှုထမ်းအဖြစ် ရွေးချယ်ရာမှာ ခင်ဗျာ့ မျိုးရိုးတို့၊ ပညာရေးတို့ကိုကြည့်နေတာ မဟုတ်ဘူး။ သူ အလေးထားကြည့်တာက အလုပ်လုပ်ဖို့ အသင့်ဖြစ်နေသူတွေ၊ ခရီးသွားဖို့ အသင့်ဖြစ်နေသူတွေ၊ ကုမ္ပဏီအပေါ် သစ္စာထားဖို့ အသင့်ဖြစ်နေသူတွေ၊ ငွေရှာဖို့ အသင့်ဖြစ်နေသူတွေကိုခင်ဗျ"

ရစ်ချ်နှင့် ဆိုးတူကောင်းဖက်ကာလအရှည်ကြီး အလုပ်တွဲလုပ်ခဲ့သူ စပိန်လူမျိုးတစ်ဦးက ပြောပြသည်။

ခုတော့ မာ့ခ်ရစ်ချ်တစ်ယောက် ဖြစ်ထွန်းအောင်မြင်သွားပြီ။ အချိန်ကာလကား ၁၉၆၀ ပြည့်လွန်နှစ်များ ကုန်လွန် ခါးချုပ်ချိန်၊ နာဇီများ၏ရန်မှ လွတ်အောင်ပြေးခဲ့ရသည့် အညတရလူငယ်ကလေးသည် ဇွဲရှိခြင်း၊ လုံ့လဝီရိယရှိခြင်း အတတ်နက်ဖြင့် ဘဝတိုက်ပွဲကို အနိုင်တိုက်ခဲ့ပြီ။ သူသည် လူ့အဖွဲ့အစည်းအတွင်း တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာသည်။ ယခုတော့ မာ့ခ်ရစ်ချ်သည် လေးစားလောက်သည့် စီးပွားရေးသမားတစ်ဦးအဖြစ် စပိန်နိုင်ငံမှ ဖက်ဆစ်ဝန်ကြီးများကရော ကျူဘားမှ တော်လှန်ရေးသမားများကပါ သတ်မှတ်ထားကြပြီ။

ထိုသို့ ကိုယ်စွမ်းကိုယ်စ အားကိုးပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခု အောင်မြင်ဖြစ်မြောက်အောင် ထူထောင် နိုင်သည်မှာ အမေရိကပြည်ထောင်စုတွင်သာ ဖြစ်၏။ မာ့ခ်ရစ်ချ်ကအမေရိကန်ရည်မှန်းချက်ကို သက်ဝင်လှုပ်ရှားစေခဲ့ပြီ။ အမေရိကန်တွေ အထွတ်အမြတ် အလေးထားသည့် သတ္တိရှိခြင်း၊ ဇွဲခတ်ခြင်း၊ စွန့်စားဝံ့ခြင်း၊ အသင်းအဖွဲ့စိတ်ဓာတ်ရှိခြင်းနှင့် ကျားကုတ်ကျားခဲအလုပ်လုပ်ခြင်း စသည့် အရည်အချင်းများ သူ့တွင်ရှိနေပြီ။ အောင်မြင်မှုသရဖူဆောင်းနေပြီဖြစ်သည့် လူကောင်းကလေးတစ်ဦးအတွက် မိခင်အမေရိကန်ပြည်ထောင်စုကြီးက ဂုဏ်ယူဝမ်းမြောက်နေသည်။ ဥရောပသားများ ကြားထဲမှ လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းကြီးကို ဆွဲယူအပိုင်စီးနိုင်လိုက်သည့် အမေရိကန်ကလေးကို သူတို့ အားလုံးက သူတို့အားလုံးက လေးစားကြသည်။ ဂုဏ်ယူကြသည်။

bookhouse
www.burmeseclassic.com

www.burmeseclassic.com



သဘာဝသယံဇာတပစ္စည်းများ ဈေးကွက်ကို အလယ်ခေတ်နှောင်းပိုင်းကတည်းက စိုးမိုးချယ်လှယ်နေခဲ့သည်မှာ ဥရောပနိုင်ငံများဖြစ်၏။ ဦးစွာ အီတလီ၏ မြို့တော်ပြည်နယ်များဖြစ်သည့် ဗင်းနစ်နှင့် ဂျီနိုအာ၊ နောက်ပိုင်း တစ်ဆယ့်ငါးရာစုနှစ်မှစကာ ပေါ်တူဂီနှင့် စပိန်တို့ လက်ဝါးကြီး အုပ်ခဲ့ကြ၏။ တစ်ဆယ့်ငါးရာစုအစပိုင်းတွင် ဒတ်ချ်တွေ စိုးမိုးပြန်သည်။ ထို့နောက် ဗြိုင်ဘက်ဗြိတိသျှပေါ်လာသည်။ ပထမကမ္ဘာစစ်မတိုင်မီအထိ သဘာဝသယံဇာတပစ္စည်းများ ဈေးကွက်၏ (၆၀)ရာခိုင်နှုန်းသည် ဥရောပနိုင်ငံများ လက်ထဲမှာသာ။ နောက်ပိုင်း ဖီးလစ်ညီနောင်များ ကုမ္ပဏီကဲ့သို့သော ကုမ္ပဏီများ၊ မာ့ခ်ရစ်ချ်ကဲ့သို့သော ကုန်သည်များကြောင့်သာ ဤဈေးကွက်တွင်းသို့ အမေရိက တိုးဝင်နိုင်ခြင်းဖြစ်၏။ ခုမှ သဘာဝ သယံဇာတပစ္စည်းဈေးကွက်ကြီး စတင်ပွင့်သွားသည်။ ဈေးကွက်၏ တကယ့်တော်လှန်ရေးသည် ရေနံစိမ်းဖြင့် စတင်ခဲ့လေသည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၅
## ရေနံစိမ်းအသက်ဝင်လာခြင်း

ဤတော်လှန်ရေးသည်လည်း အခြားတော်လှန်ရေးများ ဖြစ်လေ့ရှိ ထုံးတမ်းစဉ်လာအတိုင်း ဖြစ်ပေါ်ခဲ့၏။ တိတ်ဆိတ်စွာ ဟိတ်ဟန်ကင်းစွာ။ မီလန်မြို့ရှိ ဖီးလစ်ညီနောင်များ ကုမ္ပဏီရုံးခွဲကလေးတွင် အလုပ်လုပ်နေသည့် အယ်လင်ဖလက်သည် ၁၉၆၉ ခုနှစ် နွေကာလတွင် တူးနစ်မြို့သို့ ရောက်သွားသည်။ တူနီးရှားအစိုးရက သူတို့ တူးဖော်ရရှိထားသည့် ရေနံစိမ်းများကို ပထမဦးဆုံးအကြိမ်ရောင်းချင်သည်။ ထို့ကြောင့် နောင်ကြီးမဲ့ကုန်သည်တစ်ဦး အလိုရှိနေကြောင်းကို မထင်မှတ်ဘဲ အယ်လင်ဖလက် ကြားသိခဲ့သည်။ တူနီးရှားသည် ပထမဦးစွာ လွတ်လပ်ရေးရခဲ့သည့် အာဖရိကနိုင်ငံများထဲတွင် တစ်နိုင်ငံအပါအဝင်ဖြစ်၏။ ယခု တူနီးရှားက သူတို့ပိုင်ရေနံစိမ်းမက်ထရစ်တန်ပေါင်း နှစ်သောင်းငါးထောင်ကို အလျှင်အမြန်ရောင်းလိုနေသည်။ သည်တော့ ယင်းရေနံစိမ်းများကို ဖလက်က ဝယ်သည်။ ပြီးတော့ အီတလီရှိ ရေနံချက်စက်ရုံတစ်ရုံသို့ ပြန်ရောင်းသည်။ အရဲစွန့်စရာမလိုဘဲ နေ့ချင်းညချင်း အမြတ်ထွက်မည့် အရောင်းအဝယ်တစ်ခု။ ဤအရောင်းအဝယ်မျိုးကို ကုန်သည်များက လက်ပြောင်းလက်လွှဲ အရောင်းအဝယ်ဟု ခေါ်ကြသည်။ ကုန်သည်က ကုန်ပစ္စည်းတစ်ခုကို ဝယ်သည်။ ပြီးတော့ ကြိုတင် စကားဆိုထားသည့် ဝယ်သူသို့ ချက်ချင်းရောင်းပစ်သည်။

မဒရစ်တွင်ရှိနေသည့် မာ့ခ်ရစ်ချ်တစ်ယောက် ထိုသတင်းကို ကြားရသောအခါ ပီတိဖြာရသည်။ ရင်ဖိုလှိုက်မောဖြစ်ရသည်။ သို့တိုင် နည်းနည်းကလေးတော့ မကျေမနပ်ဖြစ်မိသည်။ ဘာကြောင့်ဆို

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ဝယ်ရောင်းလုပ်သွားသူမှာ သူမဟုတ်ဘဲ အယ်လင်ဖလက်ဖြစ်နေသောကြောင့်။ ကမ္ဘာနှင့်ချီပြီး စီးပွားရေးလုပ်ငန်းများ လုပ်နေသည့် ဖီးလစ်ညီနောင်များကုမ္ပဏီအနေဖြင့် ရေနံအရောင်းအဝယ်ဈေးကွက်ထဲ ခြေချဖို့ နည်းလမ်းရှာနေခဲ့သည်မှာ တော်တော်ကြာပြီ။ ထိုစဉ်က ရေနံကို ဈေးကွက်ထဲ ပွင့်လင်းစွာချပြီး ရောင်းသည့်ဝယ်သည့်အလေ့အကျင့်မရှိသေး။ အစိုးရွှာယ်ကတော့ ရေနံသည် ဈေးကွက်တင်ပြီး ရောင်းဝယ်ရသည့် ကုန်ပစ္စည်းမဟုတ်ဆိုသည့်သဘော။

ရေနံကို ပွင့်ပွင့်လင်းလင်း အရောင်းအဝယ်လုပ်ဖို့ စိတ်ကူးကို မာ့ခ်ရစ်ချ် ဦးစွာစဉ်းစားမိခဲ့သည်မှာ ၁၉၆၇ ခုနှစ် ဇွန်လတုန်းက။ အရှေ့အလယ်ပိုင်းတွင် ခြောက်ရက်စစ်ပွဲဖြစ်တုန်းက။ အီဂျစ်သမ္မတနာဆာသည် ၁၉၆၇ မေလထဲတွင် အကွာဘာရေလက်ကြားကို ပိတ်ပစ်ဖို့ အမိန့်ပေးလိုက်၏။ ရည်ရွယ်ချက်မှာ အစ္စရေးသို့ ဝင်ထွက်သွားလာနေသည့် သင်္ဘောများအား တားဆီးနှောင့်ယှက်ရန်။ ဤသို့ ပြုလုပ်လိုက်သည့်အတွက် အစ္စရေး၏ သင်္ဘောဆိပ်မြို့တော် အီလတ်(Eilat) ကို ကမ္ဘာကြီးနှင့် အဆက်အသွယ်ဖြတ်ခိုင်းလိုက်ရာ ရောက်သွားသည်။ ထို့ပြင် အီဂျစ်၊ ဂျော်ဒန်နှင့် ဆီးရီးယားကြည်းတပ်များက အစ္စရေးနယ်စပ်သို့ ချီတက်ကြသည်။ ထိုအခါ အစ္စရေး၏ ဂျက်လေယာဉ်များက ရန်သူများ၏ လေယာဉ်မှန်သမျှကို အောင်မြင်စွာ တိုက်ခိုက်ချေမှုန်းလိုက်နိုင်သည်။ အစ္စရေးလေတပ်၏ ကျေးဇူးကြောင့် ရက်အနည်းငယ်အတွင်း အစ္စရေးကြည်းတပ်များက ဆိုင်းနိုင်းကျွန်းဆွယ်၊ ဂိုလန်ကုန်းမြင့်၊ ဂါဇာကမ်းမြောင်၊ အနောက်ဘက်ကမ်းနှင့် အရှေ့ဂျေရုဆလမ်တို့ကို သိမ်းပိုက်နိုင်ခဲ့လေသည်။

■

### *ကမ္ဘာတွင် ပထမဦးဆုံးအကြိမ်အဖြစ် ရေနံလက်နက်ကို အသုံးပြုခြင်း*

ခြောက်ရက်စစ်ပွဲက ကမ္ဘာ့ပထမဦးဆုံးသော ရေနံရောင်းပိတ်ပင်မှုကို ဖြစ်ပေါ်စေခဲ့၏။ လေ့လာစိစစ်သူများက ရေနံလက်နက်အကြောင်း ပြောဆိုဆွေးနွေး ထင်မြင်ချက်ပေးနေခဲ့ကြသည်မှာ နှစ်ပေါင်းတော်တော်ကြာခဲ့ပြီ။ ခုတော့ သည်လက်နက်ကို သုံးဖို့အခြေ အနေဖြစ်လာပြီ။ ကမ္ဘာပေါ်တွင် အရေးအကြီးဆုံး ရေနံထုတ်နိုင်ငံများ မှာ အယ်လ်ဂျီးရီးယား၊ အီရတ်၊ ကူဝိတ်၊ လစ်ဗျားနှင့် ဆော်ဒီအာရေဗျတို့ ဖြစ်၏။ ယခု ယင်းနိုင်ငံများက အစ္စရေးကို မိတ်ဆွေနိုင်ငံအဖြစ် အသိအမှတ်ပြု ဆက်ဆံနေသော နိုင်ငံများသို့ ရေနံမရောင်းတော့ဟု သဘောတူ ကတိပြုကြ၏။ အစိုးရွှာယ်ကတော့ အမေရိကပြည်ထောင်စု ဗြိတိန်နှင့် ဂျာမနီနိုင်ငံများသို့ ရေနံမရောင်းတော့ဟု ဆိုလိုသည့်သဘော။ ရေနံလက်နက်ကြောင့်

the bookhouse
www.burmeseclassic.com

နောက်နိုင်ငံကြီးတွေအထိနာနိုင်သည်။ ရေနံလက်နက်သည် ထိရောက်နိုင်သည်။ ဘာကြောင့်ဆို ဥရောပအနောက်ပိုင်း ဝယ်လိုအား၏ လေးပုံသုံးပုံကို ဖြည့်ဆည်းပေးနေသည်မှာ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကတို့ ဖြစ်နေသော ကြောင့်ပင်။

သို့ဖြစ်သည့်တိုင် . . .

ရေနံလက်နက်သည် မထိရောက်ခဲ့။ အမေရိကပြည်ထောင်စု၊ ဗြိတိန်နှင့် ဂျာမနီတို့က သူတို့၏ ရေနံပြတ်လပ်မှုကို ရပ်နိုင်ငံမဟုတ်သည့် နိုင်ငံများမှ ရေနံများ ဝယ်ယူဖြည့်ဆည်းခဲ့ကြသည်။ အီရန်နှင့် အင်ဒိုနီးရှားက ရေနံတွေ တိုးမြှင့် တ်သလို ဗင်နီဇွဲလားကလည်း ရေနံတိုးမြှင့်ထုတ်သည်။ နောက်ဆုံးတော့ တကယ်တမ်း သိသိသာသာ ဝင်ငွေလျော့သွား ည်မှာ ရေနံအရောင်းပိတ်ပင်ဖို့ ဆုံးဖြတ်ခဲ့သည့် မူလနိုင်ငံများသာ ဖြစ်နေသည်။ အစ္စရေးနှင့် မိတ်ဆွေ အဖြစ် ဆက်ဆံနေသည့် င်များသို့ ရေနံမရောင်းတော့ဟု ကြေညာပြီးနောက် နှစ်လအတွင်း အကြေညာခံရသည့် နိုင်ငံများသို့ မူလအတိုင်း ား ပြန်ရောင်းကြသည်။

မည်သို့ဖြစ်စေ အီဂျစ်က စူးအက်တူးမြောင်းကို ၁၉၇၅ ခုနှစ်အထိ ဆက်ပိတ်ထားသည်။ ပါရှန်ပင်လယ်ကွေ့မှ သည့် ရေနံတင်သင်္ဘောများသည် ဥရောပသို့ ရောက်အောင်သွားဖို့ စူးအက်တူးမြောင်းကို ဖြတ်သွားရမည်မဟုတ်လား။ ကြာမှ ဆင်နွှဲခဲ့သည့် ရေနံ့တိုက်ပွဲမှ ပေါ်ထွက်လာသည့် ဝိရောဓိဆန်သည့် သက်ရောက်မှုမှာ ရေနံထုတ်နှုန်းများပြား ခြင်း။ ပြောရမည်ဆိုလျှင် ကမ္ဘာပေါ်တွင် ရေနံထွက်နှုန်းသည် ဝယ်လိုအားထက်များပြားနေခြင်း။

ဖြစ်ပျက်သွားသည့် နိုင်ငံရေးဖြစ်စဉ်များ၏ အနေအထားအရဆိုလျှင် မာ့ခ်ရစ်ချ်လို ကြံရည်ဖန်ရည်ရှိသော ကုန်သည် အတွက် အခွင့်အလမ်းကောင်းများ ပေါ်ထွန်းနေပြီဟု ဆိုရတော့မည်။ ရေနံရောင်းဝယ်ရေးလုပ်ငန်းကို ကိုင်လိုက်ရလျှင် င်တစ်ထောကြီး ရနိုင်ကြောင်း သူ စပိန်မှာနေစဉ်ကတည်းက သိနေသည်လေ။ သည်အကြောင်းကို စပိန်အလုပ်သမား အဲလ်ဖရက်ဒိုဆန်တိုဘလန်ကို (Alfredo Santo Blanco) ဆိုသည့် မိတ်ဆွေ စီးပွားရေးပညာရှင်နှင့် ဆွေးနွေးခဲ့ ည်။ ဖက်ဆစ်စပိန်နိုင်ငံသည် အစ္စရေးနိုင်ငံကို အသိအမှတ်မပြု။ အဆက်အဆံမလုပ်။ ရေနံ သယံဇာတကြွယ်ဝသည့် နိုင်ငံများနှင့် တရင်းတနီး ဆက်ဆံသည်။ ရစ်ချ်က သည်အချက်ကို အခွင့်ကောင်းယူဖို့ စိတ်ကူးသည်။

"ရေနံဆိုတာ ဈေးမထုကြီးထည်ကြီးနဲ့ သယ်ယူရတဲ့ကုန်ပစ္စည်းဗျ။ နောက်ပြီး တန်ဖိုးလည်းကြီးတယ်။ ဒါပေမယ့် ကို ဈေးကွက်ထဲမှာ ထင်သာမြင်သာနဲ့ အပြိုင်အဆိုင် ရောင်းဝယ်တာမျိုး မရှိခဲ့ဘူး။ ဒီညီအစ်မခုနစ်ဖော်ရှိနေပေမယ့် ရေနံကို ပွင့်ပွင့်လင်းလင်း ပေါ်ပေါ်တင်တင် ရောင်းလို့ဝယ်လို့ ဖြစ်နိုင်ရမယ်လို့ ကျွန်တော် တွေးမိတယ်ဗျ။ ဈေး ထဲမှာ အခြေအနေတစ်ရပ်ကို တွေ့ရမြင်ရပြီး အဲဒီအခြေအနေက ကောင်းလာနိုင်တယ်လို့ထင်ရင် ကျွန်တော်ကတော့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခြေအနေနဲ့ ပတ်သက်ပြီး တစ်ခုခုလုပ်တော့တာပဲ'' ဟု မာ့ခ်ရစ်ချ်က ပြောပြပါသည်။

■

## ညီအစ်မခုနစ်ဖော်

ညီအစ်မ ခုနစ်ဖော်ဆိုသည်မှာ နှစ်ဆယ်ရာစု အလယ်ပိုင်းကတည်းက ကမ္ဘာ့ရေနံ အရောင်းအဝယ်လောကကို လက်ဝါးကြီးအုပ် စိုးမိုးထားသည့် ရေနံကုမ္ပဏီခုနစ်ခုကို ကင်ပွန်းတပ်ထားသည့် အပြောင်အပြက်နာမည် ဖြစ်၏။ ၁၉၆၀ ပြည့်လွန်နှစ်များတွင် ရေနံဈေးကွက်သည် ယနေ့ ရေနံဈေးကွက်နှင့်မတူ၊ တစ်မူခြား၏။ ရေနံကို ဈေးကွက်စီးပွားရေး မူဝါဒများနှင့်အညီ ရောင်းဝယ်ခြင်းမပြုကြ။ ရေနံဈေးနှုန်း အတက်အကျကစားဖို့ အခွင့်အရေးနည်းပါးလှ၏။ ရေနံထုတ်လုပ်သည့် နိုင်ငံများသည် သူတို့နိုင်ငံမှ ထွက်သမျှ ရေနံအားလုံးနီးပါးကို ညီအစ်မခုနစ်ဖော်သို့ ရောင်းကြရ၏။ ထိုသို့ ရောင်းဝယ်ဖို့ ဈေးနှုန်းကို ရှေးယခင်(နှစ်နှစ်ကြာလောက်)ကတည်းက ကြိုညှိကြိုသတ်မှတ်ထားကြ၏။ ထုတ်သည့် ရေနံပမာဏ၏ (၅)ရာခိုင်နှုန်းလောက်ကိုသာ လွတ်လွတ်လပ်လပ် ရောင်းကြရသည်။ ရေနံဝယ်ချင် သူ ဘယ်သူမဆိုသည် ရေနံကုမ္ပဏီကြီးများနှင့်သာ တိုက်ရိုက်စကား ဆိုရ၏။ အဓိကရ ရေနံကုမ္ပဏီကြီးများသည် ရေနံကို ကြိုတင်ကြေညာ ပြီး ဈေးကွက်ထဲ ချရောင်းခဲ့လှ၏။ သူတို့တွင် ပိုလျှံနေမှ (သို့မဟုတ်) မျှော်လင့်မထားသည့် ပြတ်လပ်မှုတစ်ခုကို ဖြည့်ဆည်းပေးချင်မှသာ ဈေးကွက်ထဲ ချရောင်းတတ်ကြ၏။

ဒုတိယကမ္ဘာစစ်ပြီးကတည်းက ကမ္ဘာ့ရေနံလောကကို စိုးမိုးခဲ့သည့် ညီအစ်မခုနစ်ဖော်သည် ရေနံထုတ်လုပ်ရေးကိုရော ဖြန့်ချိရေးကိုပါ ကိုင်ထားခဲ့၏။ အဓိပ္ပာယ်ကတော့ ရေနံတွင်းမှ ရေနံထုတ်ပြီး ရေနံချက်ခြင်း၊ ကုန်ချောပြုလုပ်ခြင်း၊ ရေနံကိုဓာတ်ဆီအဖြစ် ချက်လုပ်ရောင်းချသည့် ဓာတ်ဆီဆိုင်များသို့ ရောက်သည်အထိ ညီအစ်မခုနစ်ဖော်က ချုပ်ကိုင်ထားခြင်းဖြစ်၏။ လက်တစ်ဆုပ်စာမျှသော ရောင်းသူများက ဈေးကွက်ကို စီးထားသည့်အနေအထား။ ညီအစ်မခုနစ်ဖော်က အဓိက စိတ်ဝင်စားသည်မှာ ရေနံထုတ်လုပ်သူများကို ပုံသေဈေးနှုန်းဖြင့် ကာလရှည်စာချုပ်ချုပ်ထားဖို့။ ထိုသို့ ချုပ်ကိုင်ထားခြင်းအားဖြင့် ရေနံဈေးနှုန်းကို သူတို့ထိန်းချုပ်ထားနိုင်မည်။ ပြီးတော့ ဖြန့်ချိရေးကို လွယ်ကူသက်သာ ပြုလုပ်နိုင်မည် မဟုတ်လား။

ရေနံလောကကို ညီအစ်မခုနစ်ဖော်ကို စိုးမိုးထားသည်ဆိုသည့် အဓိပ္ပာယ်မှာ ရေနံလောကကို အမေရိကန်နှင့်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဥရောပရေနံကုမ္ပဏီများက တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ထားသည်ဆိုသည့်သဘောပင် ဖြစ်တော့၏။ အမေရိကပြည်ထောင်စု (သို့မဟုတ်) ကွန်မြူနစ်နိုင်ငံများတွင် ထုတ်လုပ်ခြင်းမဟုတ်သည့် ရေနံပမာဏ၏ သုံးပုံလေးပုံကို ညီအစ်မခုနစ်ဖော်အရင်းဝင် ရေနံကုမ္ပဏီကြီးများက လက်ဝါးကြီးအုပ်ထားလေသည်။ ရေနံလုပ်ငန်းလုပ်သည့် ဤကုမ္ပဏီကြီးများ၏ အကျိုးအမြတ်ပမာဏသည် အခြားစီးပွားရေးလုပ်ငန်းလုပ်သည့် ကုမ္ပဏီများထက် အမြတ်အစွန်းပမာဏကြီးမားလေသည်။ ရေနံလေးဆယ့်နှစ်ဂါလံပါသည့် စည်တစ်စည်အတွက် ကုန်ကျစရိတ်မှာ ဆင့်(၄၀)သာရှိ၏။ ၎င်းရေနံများကို အမေရိကပြည်ထောင်စုသို့ ရောင်းချ၏။ ထိုအခါ သူတို့တောင်းဆိုသည့်ဈေးမှာ တစ်စည်လျှင် (၂.၅၀)ဒေါ်လာ (သို့မဟုတ်) ထို့ထက်ပင် များသေးသည်။

ရေနံစိမ်းတစ်စည်၏ ဈေးနှုန်းသည် ၁၉၄၈ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်ကာလအတွင်း (၂.၅၀)ဒေါ်လာနှင့် (၃)ဒေါ်လာအတွင်း တန်းနေခဲ့သည်။ ၁၉၅၀-၅၃ ခုနှစ် ကိုရီးယားစစ်ပွဲအတွင်း (သို့မဟုတ်) ၁၉၆၇ ခြောက်ရက်စစ်ပွဲအတွင်းတုန်းက အနည်းငယ်ကလေး တက်ရိပ်ပြသည်။ နောက်ဆုံး ကောက်ချက်ချလိုက်တော့ ရေနံထုတ်နိုင်ငံများအတွက် အကြီးအကျယ် ထိခိုက်နစ်နာချင်စရာ အနေအထားမျိုး။ ဘာကြောင့်ဆို အထက်ပါအတိုင်း နိုင်ငံရေး မတည်မငြိမ်ဖြစ်ချိန်များတွင် စက်မှုပစ္စည်းများ သိသိသာသာ ဈေးတက်သည်။ သို့သော် ရေနံဈေးနှုန်းများကိုတော့ သိသိသာသာ တက်လို့မရ။ သူတို့ ရေနံထုတ်ဖို့ အသုံးပြုရသည့် စက်မှုပစ္စည်းများကိုမူ ဈေးကြီးပေးဝယ်ကြရသည်။ ရေနံစိမ်းဝယ်လိုအားမှာ ဒုတိယကမ္ဘာစစ်ပြီးကတည်းက တရိပ်ရိပ်တက်နေသည်။ သို့သော် ရေနံထုတ်နိုင်ငံများမှာ ဝင်ငွေကျတော့ ရသင့်သလောက်မရ။ သူတို့မရှိမဖြစ် ဝယ်သုံးရသည့် ပစ္စည်းများကိုသာ ဈေးကြီးပေးဝယ်ကြရသည်။ အဓိပ္ပာယ်ကတော့ စက်မှုစီးပွားရေးလောကမှ လုပ်ငန်းရှင်များက ရေနံနှင့် စွမ်းအင်စီးပွားရေးလောကမှ လုပ်ငန်းရှင်များထက် မြိုးမြိုးမြက်မြက် အမြတ်ရနေသည်ဆိုသည့်သဘော။

■

## ရေနံလုပ်ငန်းများ ပြည်သူပိုင်သိမ်းရေး လှိုင်းဂယက်

ကြာခြင်းမက ကြာလာတော့ ရေနံထွက်နိုင်ငံများ သည်းမခံနိုင်တော့။ သူပြုသမျှ နုနေရသည့်ဘဝမှ လွတ်အောင်ရုန်းဖို့ နည်းလမ်း ရှာကြ၏။ နောက်ဆုံး သူတို့တွေ့ရှိသည့် နည်းလမ်းမှာ ၁၉၆၀ ခုနှစ်တွင် ရေနံရောင်းနိုင်ငံများအဖွဲ့ (သို့မဟုတ်) အိုပက်(O.P.E.C) အဖွဲ့ကို ဖွဲ့စည်းလိုက်ခြင်း။ ယင်းအဖွဲ့ထဲတွင် အီရန်၊ အီရတ်၊ ကူဝိတ်၊ ဆော်ဒီအာရေဗျနှင့်

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ဗင်နီဇွဲလားနိုင်ငံတို့ ပါဝင်သည်။ သူတို့အဖွဲ့က လက်ဝါးကြီးအုပ် ရေနံကုမ္ပဏီကြီးများကို ရင်ဆိုင်သည်။ ရသင့်ရထိုက်သော အခွင့်အရေးများ ပိုရအောင် တိုက်ပွဲဝင်ကြသည်။ တစ်နည်း ရေနံဈေးနှုန်းများ တိုးမြှင့်ရရှိအောင် တောင်းဆိုကြခြင်း။

၁၉၆၀ပြည့်လွန်နှစ်များတွင်တော့ အိုပက်အဖွဲ့နိုင်ငံများက သူတို့၏ ရေနံလုပ်ငန်းများကို ပြည်သူပိုင်သိမ်းဖို့ ကြံစည်ကြသည်။ ထိုသို့ ပြည်သူပိုင်သိမ်းခြင်းအားဖြင့် လုပ်ငန်းမှရသည့် အကျိုးအမြတ်အများစုကို သူတို့ ခံစားခွင့် ရမည်။ နောက်ပြီး ရေနံထုတ်နှုန်းကို သူတို့စိတ်ကြိုက် ထိန်းထားနိုင်မည်။

သို့သော် အဖွဲ့ဝင်နိုင်ငံများက ပြည်သူပိုင်သိမ်းရေး လေသံသာ ပစ်နေကြသည်။ တကယ်တမ်းလှေ့လာမှု၊ ပြင်ဆင်မှု များမလုပ်ကြ။ သို့ဖြင့် ဆယ်စုနှစ်တစ်ခု ကုန်သွားသည်။

မည်သို့ပင်ဖြစ်စေ ၁၉၇၀ ပြည့်လွန်နှစ်များတွင်တော့ ရုတ်တရက် ဖြုန်းစားကြီး အခြေအနေ ပြောင်းသွားသည်။ အချိန်တိုတိုအတွင်း ရေနံလုပ်ငန်းကြီးတစ်ခုလုံးသည် အခြေခံမှစပြီး လှုပ်ခါယိမ်းထိုးသွားတော့၏။

ဤသို့ သိသိသာသာကြီးပြောင်းလဲသွားခြင်းမှာ အရေးကြီးသော အခြေခံအကြောင်းတရားနှစ်ရပ်ကြောင့် ဖြစ်၏။ တစ်ကြောင်းမှာ အမေရိကန်သမ္မတ ရစ်ချတ်နစ်ဆင်က ရွှေဖြင့်စက်သည့်ငွေကြေးစနစ်ကို မိမိတို့ စွန့်ပစ်တော့မည်ဟု ၁၉၇၁ ခုနှစ်၊ ဩဂုတ်လထဲတွင် ကြေညာလိုက်ခြင်း။

ထိုကြေညာချက်၏ ရိုက်ခတ်ချက်အဖြစ် အမေရိကန် ဒေါ်လာတန်ဖိုးသည် (၂၀)မှ (၄၀)ရာခိုင်နှုန်းအထိ ထိုးကျသွားတော့၏။ ကမ္ဘာ့ရေနံလုပ်ငန်းကို အမေရိကန်ဒေါ်လာပေါ် အခြေပြုထားသည်ဖြစ်ရာ ရေနံရောင်းနိုင်ငံများအား တန်ဖိုးကျဒေါ်လာဒဏ်ကို အလူးအလဲ ခံစားရတော့၏။

ခုတော့ အရေးပါအရာရောက်သော ရေနံရောင်းနိုင်ငံတော်တော်များများသည် သူတို့နိုင်ငံရှိ ရေနံလုပ်ငန်းများ စတင်ပြည်သူပိုင်သိမ်းကြတော့၏။ မြောက်အာဖရိကမှ အယ်ဂျီးရီးယားက ပထမဦးဆုံးနိုင်ငံအဖြစ် ၁၉၇၁ ခုနှစ်တွင် ပြည်သူပိုင်သိမ်းခဲ့သည်။

ထို့နောက် အိမ်နီးချင်းနိုင်ငံလစ်ဗျား။ နောက်တော့ ရေနံအထွက်ဆုံး အီရတ်အပါအဝင် ရေနံရောင်းနိုင်ငံများ ရေနံလုပ်ငန်းများအားလုံး ပြည်သူပိုင်ဖြစ်ကုန်တော့၏။ အကျိုးဆက်ကတော့ ရေနံလုပ်ငန်းများကို လက်ဝါးကြီး အုပ်ထားသည့် အနောက်တိုင်းနှင့် ဥရောပမှ ရေနံကုမ္ပဏီကြီးများ အရိုက်အထိုးခံလိုက်ရခြင်း။ ထို့ကြောင့် ကမ္ဘာ့ရေနံလုပ်ငန်းကို စိုးမိုးချုပ်ကိုင်ခဲ့သည့် ညီအစ်မခုနစ်ဖော်နေရာတွင် အိုပက်အဖွဲ့က ဝင်ရောက်လာတော့၏။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



## သင့်မြတ်တဲ့အချိန်မှာ သင့်မြတ်တဲ့နေရာကို ရောက်နေတဲ့ ကျွန်တော်

ကမ္ဘာ့ရေနံရောင်းဝယ်ရေးလောကကို အမြစ်ကစပြီး မြေလှန် ပြောင်းလဲလိုက်သလိုမျိုး အပြောင်းအလဲ ကြီးကြီး ကျယ်ကျယ် ဖြစ်လာလိမ့်မည်ဟူသော အတွေးမျိုးကို ၁၉၆၉ လို ကာလမျိုးတွင် ဘယ်သူ တစ်ဦးတစ်ယောက်မျှ တွေးမိကြမည်မဟုတ်ချေ။ သို့သော် ကြည့်တတ်မြင်တတ်သူတွေ ဖော်စားပြီး မကြည့်တတ်မမြင်တတ်သူတွေ ကျော်သွားမည့် နိမိတ်များကတော့ ထင်းထင်းကြီးပေါ်နေပြီ။

သမိုင်းဖြစ်ရပ်များက ထင်ရှားပြသခဲ့သည့်အတိုင်း မငြိမ်မသက်နှင့် လုံခြုံမှုကင်းသည့် ကာလများက ကုန်သည်များ ကို အသီးအပွင့်များခူးဆွတ်ဖို့ အခွင့်အလမ်းများ ဖော်ဆောင်ပေးမြဲဖြစ်လေသည်။ ဤသို့ အုံကြွမှုများ ဖြစ်ပေါ်ပြီဆိုလျှင် လူသုံးကုန်ပစ္စည်းဈေးကွက်က ပစ္စည်းပေးသွင်းမည့် လွတ်လပ်သောကုန်သည်များကို တောင့်တစမြဲ။ ထိုသို့သော ကုန်သည် များနှင့် တွေ့လိုစမြဲ။ ထိုသို့သော ကုန်သည်မျိုးက ပစ္စည်းရရှိရေးကို အာမခံသည်။ ထို့အတွက် ငွေကြေးကိုလည်း မိုးပိုပို တစ်လုံးတစ်ခဲတည်း တောင်းတတ်သည်။

တကယ်တော့ ရေနံရောင်းဝယ်ရေးလောကတွင် အဦးဆုံး ခြေချနိုင်ခဲ့သူမှာ အယ်လင်ဖလက်။ သို့သော် သူက ရှောတ်ထပ် ခြေလှမ်းလှမ်းခြင်းမပြု။ ရေနံရောင်းဝယ်ရေးတွင် မလွဲမသွေ တွေ့ ကြုံရမည့်ပြဿနာများ၊ အခက်အခဲများကို သူ မတွေ့ဖူး မကြုံဖူးခဲ့။ သည်တော့ သူသည် အရဲမကိုးဝံ့။ သူသာမဟုတ်၊ ဖီးလစ်ညီနောင်များ ကုမ္ပဏီကလည်း ရဲတိုးခြင်းကို အားမပေးခဲ့။ ဖီးလစ်ညီနောင်များ ကုမ္ပဏီက ကိုင်စွဲထားသည့် ဂျာမန်ဆောင်ပုဒ်ကိုက "ကောင်းကောင်း ရောင်းခြင်းထက် ကောင်းကောင်းအိပ်ရခြင်းက ပိုကောင်းသည်" ဆို မဟုတ်လား။ ဤသဘောတရားကို အမှုထမ်းများခေါင်း ထဲသို့လည်း ရိုက်သွင်းထားသည်ဖြစ်ရာ အမှုထမ်းများကလည်း စို့စို့ပို့ပို့ အကျိုးအမြတ်မရလည်း အကြောင်းမဟုတ်၊ ဘေးကင်းတာဆ ကုမ္ပဏီအကျိုးစီးပွားထိခိုက်မည့် အရောင်းအဝယ်မျိုးကို မလုပ်ကြတော့။

ဤကိစ္စနှင့်ပတ်သက်လာလျှင် ရစ်ချ်က သူ့အလုပ်ရှင်များထက်လည်း သွေးရဲသည်။ သူ့အထက်လူကြီးများက အရှုံးရမည်ကို ကြောက်ကြသည်။ ရစ်ချ်က ထိုသို့မဟုတ်။ ရစ်ချ်တစ်ယောက် ဖီးလစ်ညီနောင်များကုမ္ပဏီကို စွန့်ခွာပြီး ကိုယ်ပိုင်ကုမ္ပဏီတစ်ခု ထူထောင်ဖြစ်သည့်အကြောင်းရင်းများစွာထဲတွင် ဤအကြောင်းရင်းလည်း ပါဝင်သည်။

"အနေအထားက လူမှန်နေရာမှန်၊ အချိန်မှန်ဆိုတဲ့ မှန်သုံးမှန်နဲ့ ကိုက်ညီတဲ့အနေအထားမျိုးလေဗျာ။ လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီမှာ ကျွန်တော် အလုပ်လုပ်နေတယ်။ ရောင်းလိုအားနည်းတဲ့ အခြေအနေမျိုး ဖန်တီးထားတဲ့ ညီအစ်မ ခုနစ်ယောက်ရဲ့ ကြိုးကိုင်မှုတွေ ရပ်တန့်သွားပြီ။ ဒီတော့ ရေနံထုတ်လုပ်တဲ့ နိုင်ငံတွေကနေ ဝယ်ယူသုံးစွဲမယ့်နိုင်ငံတွေဆီရောင်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အောင် ပို့ပေးဖို့ စနစ်သစ်တစ်ခု ကမ္ဘာပေါ်မှာ ရုတ်တရက် လိုအပ်လာပြီလေ။ အဲဒီလိုအပ်ချက်အတိုင်း ကွက်တိခွင်ကျ ပြည့်ဝအောင် ကျွန်တော်က ဖြည့်ဆည်းပေးလိုက်တာပေါ့ဗျာ"

အကယ်၍ ရေနံကော်ပိုရေးရှင်းကြီးများ၏ လက်ဝါးကြီးအုပ် သွေးစုပ်မှုမှ လွတ်ကင်းအောင် ရုန်းထွက်လိုလျှင် သူတို့အနေဖြင့် လွတ်လပ်သောကုန်သည်များနှင့် ဆက်ဆံဖို့လိုအပ်ကြောင်း ရေနံရောင်းနိုင်ငံများက သိသည်။ ဘာကြောင့် ဆို ရေနံရောင်းဝယ်ရေးလုပ်ငန်းနည်းနာများကို သူတို့မသိ။ နားမလည်။ သူတို့၏ ထုတ်ကုန်ရေနံများကို အစွဲထုတ်ဖို့ ဝယ်မည့်ရေနံချက်စက်ရုံများနှင့် အဆက်အသွယ်မရှိ။ ထွက်ကုန်ရေနံများကို ဘယ်နည်းဘယ်ပုံ ပို့ရမည်။ ငွေရေးကြေးရေး ကိစ္စများ ဘယ်နည်းဘယ်ပုံ ဆောင်ရွက်ရမည်ဆိုတာတွေ သူတို့မသိ။ မကျွမ်း။ သည်ကိစ္စများကို နားလည်ထားသူက ရစ်ချ်။ ဖီးလစ်ညီနောင်များမှာ အလုပ်လုပ်စဉ်က တတ်ကျွမ်းထားသည့် အတွေ့အကြုံများက သည်နေရာမှာ အသုံးဝင်သည်။ ပြဒါးဈေးကွက်ကို ဖွင့်ခဲ့သည့်နည်းတူ ယခုလည်း ဈေးကွက်သစ်တစ်ခု ဖွင့်လိုက်ချင်သည်။

သို့ဖြစ်သည့်တိုင်က ရစ်ချ်ရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာသုံးရပ် ရှိနေသည်။ ပထမဦးဆုံး ပြဿနာက ရေနံရရှိရေး။ ရေနံရောင်းမည့်သူနှင့် တွေ့ပြီဆိုလျှင် ဝယ်လက်ကို ရှာရမည်။ အခက်ဆုံးပြဿနာမှာ ဝယ်သူလက်ထဲရောက်အောင် ပို့ပေးရေး။ ရေနံသယ်ပို့ကိစ္စမှာ ထင်ထားသည်ထက် ပိုခက်သည်။ ပိုရှုပ်သည်။ သင်္ဘောတွေ တင်ပို့ရခြင်းနှင့်မတူ။ ရေနံက အဖိတ်အစင်အနည်းနှင့်အများ ရှိနိုင်သည်။ အပူဒဏ်ကြောင့် အငွေ့ပျံနိုင်သည်။ ယိုဖိတ်နိုင်သည်။ သယ်ယူပို့ဆောင်နေခိုက် လမ်းခရီးတွင် ရာသီဥတု အပူအအေးကြောင့် ရေနံ၏ မူလအနေအထားတွေ ပြောင်းကုန်နိုင်သည်။ ပြီးတော့ ရေနံကို ထု ကြီးထည်ကြီးဖြင့် ပို့ရသည်။ သည်တော့ ရေနံအရောင်းအဝယ်လုပ်သူတစ်ဦး အကြွေးတွေ မြောက်မြားစွာ တင်နိုင်သည်။ ရေနံသယ်ပို့ဖို့ သင်္ဘောတွေ လိုအပ်သည်။ တခြားလူသုံးကုန်ပစ္စည်းများထက် ရေနံကို ပို၍ မြန်မြန်ဆန်ဆန် ဖြန့်ဖြူးတတ်ကြ သည်။

အရောင်းအဝယ်တစ်ခု ဖြစ်မြောက်အောင်မြင်ရေးသည် ကုန်ပစ္စည်း ဖြန့်ဖြူးရေးအပေါ်တွင် များစွာတည်ကြောင်း ကုန်သည်တိုင်းသိသည်။

"ကုန်သည်တစ်ယောက်ဟာ အရောင်းအဝယ်တစ်ခုဖြစ်အောင် စေ့စပ်လို့ရတယ်။ သဘောတူစာချုပ်လို့ရတယ်။ ဒါပေမယ့် ဖြန့်ဖြူးရေးအပိုင်းမှာ အမှားအယွင်းဖြစ်သွားရင် ကနဦးပိုင်း ကြိုးစားအားထုတ်မှုတွေ အလဟဿဖြစ်ကုန်ရော။ ဥပမာ မပြည့်စုံတဲ့ ငွေထုတ်ယူခွင့်စာရင်းကြောင့် ကုန်ပစ္စည်းပို့ပေးချိန် နောက်ကျရတယ်။ ဒါမှမဟုတ် လုံးဝ မပို့ဖြစ်တာ။ ဒါမှမဟုတ် ခင်ဗျား ငှားရမ်းပြီးတင်ပို့လိုက်တဲ့ သင်္ဘောဟာ သက်ဆိုင်ရာဆိပ်ကမ်းကို ဝင်ခွင့်မရ၊ ကပ်ခွင့်မရတာမျိုးလည်း ဖြစ်နိုင်တယ်။ အဲဒီလိုဖြစ်ပြီဆိုရင် စာချုပ်စာတမ်းတွေ အလကားဖြစ်ပြီး ဒေါ်လာသန်းပေါင်းများစွာ ဆုံးရှုံးနိုင်တယ်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ကြန့်ကြာကြေးတွေ၊ ပစ္စည်းသိုလှောင်ခတွေ မကုန်သင့်ဘဲ ကုန်ကျကုန်ရော။ အဲဒါတွေအားလုံးဖြစ်ရတာ ထိုယ့်ဘက်က ကြိုတင်လေ့လာမှုအားနည်းလို့ ဖြစ်ရတာတွေလေ''

အတွေ့အကြုံရင့်ကျက်သော ကုန်သည်တစ်ဦးက အထက်ပါအတိုင်း ပြောပြလေသည်။

■

**ပင်းကပ်စ်ဂရင်း**

အကယ်၍ ရေနံစီးပွားရေးလောကသို့ဝင်ပြီး စျေးကွက်စီးပွားရေးစနစ် ကျင့်သုံးသည့် စျေးကွက်တစ်ခု ဖော်ဆောင်လိုသည်ဆိုလျှင် ရစ်ချ်အနေဖြင့် လုပ်ငန်းဆောင်ရွက်မှု အထူးကျွမ်းကျင်သူတစ်ဦး ခေါ်ထားဖို့ လိုအပ်ပေမည်။ မိမိကိုယ်ပိုင်ထောက်ပံ့ပို့ဆောင်ရေးစနစ်တစ်ခု ကိုင်တွယ်ကျင့်သုံးဖို့လိုအပ်ကြောင်းလည်း သူသိထားသည်။ သည်တော့ သည်နယ်ပယ်တွင် အရည်အချင်းအပြည့်မီဆုံးသူ ဘယ်သူဖြစ်သည်ကို သူ ချက်ချင်း သိမြင်လိုက်၏။ ထိုသူကား ပင်းကပ်စ် ''ပင်ကီ''ဂရင်းဆိုသူ။ ဖီးလစ်ညီနောင်များ၏ ဆွစ်ဇာလန်ရုံးခွဲတွင် ၁၉၆၅ ခုနှစ်ကတည်းက အမှုထမ်းခဲ့သူ။ သူက ထောက်ပံ့ပို့ဆောင် ရေးလုပ်ငန်းတွင် ဆရာတစ်ဆူ အခေါ်ခံရလောက်အောင် အရည်အချင်းပြည့်ဝသူ။

ဂရင်းက ရစ်ချ်ထက် သုံးလေးလလောက်ပဲ အသက်ကြီးသည်။ သူတို့မိသားစုကတော့ ၁၉၇၁ တွင် ဆောင်ဖြစ်ပွားသည့် သွေးချောင်းစီးပြည်တွင်းစစ်ကြီး၏ အနိဋ္ဌာရုံများထဲမှ ထွက်ပြေးပြီး အမေရိကန်ပြည်ထောင်စုတွင် ခိုလှုံခဲ့သူတွေ။ ဖခင်ဖြစ်သူ အစ္စရေး ဂရင်းနှင့် မိခင် ဆေဒီတို့က ကုန်စုံဆိုင်ကလေးတစ်ဆိုင် အောင်အောင်မြင်မြင် ဖွင့်နိုင်ခဲ့သည်။ သို့ဖြစ်သည့်တိုင် သူတို့၏အောင်မြင်မှုသည် ရေရှည်မတည်တံ့ခဲ့။ ၁၉၂၉ စီးပွားရေးပျက်ကပ်ထဲတွင် သူတို့မှီခိုသည့် ဘဏ်ပါသွားသည်။ ဘဏ်လုပ်ငန်းနည်းတူ သူတို့လုပ်ငန်းလည်း ပြုတ်ပြုတ်ပြန်းသွားသည်။

သူတို့မိသားစု ဆင်းရဲငတ်ပြတ်မှုကို တောင့်ခံနေရချိန်တွင် ပင်းကပ်စ်က ရပ်ကွက်ထဲ လှည်းကလေးတွန်းပြီး သကြားလုံးရောင်းရသည်။ ဘရွတ်ကလင်းရပ်ကွက်ရှိ ဂျူးများအတွက် ဖွင့်ထားသည့် ကျောင်းတွင် ကျောင်းတက်သည်။ အသက်ဆယ့်ခြောက်နှစ်တွင် အထက်တန်းကျောင်းမှထွက်ပြီး အထည်ချုပ်လုပ်ငန်းတစ်ခုတွင် ပစ္စည်းထိန်းစာရေး ဝင်လုပ်သည်။ ထို့နောက်မှာမှ ဖီးလစ်ညီနောင်များကုမ္ပဏီ စာပေးစာယူဌာနစိတ်တွင် အလုပ်ရသည်။ ၁၉၅၅ မှ ၁၉၅၇ ထိ စစ်တပ်တွင် အမှုထမ်းပြီး ချစ်ဇနီးဖြစ်သူ လစ်ဘီနှင့် လက်ထပ်သည်။ ပြောရမည်ဆိုလျှင် ဂရင်းသည် ရစ်ချ်နှင့်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဘဝအနေအထားချင်း ဆင်ဆင်တူသူတစ်ဦးဖြစ်၏။

တခြားလူသုံးကုန်ပစ္စည်းများနည်းတူ ရေနံကိုလည်း ဈေးကွက်ဖွင့်ပြီး ရောင်းဝယ်ရေးလုပ်ဖို့ ကြံစည်ထားကြောင်း ရစ်ချ်၏ စီမံကိန်းများကြားရတော့ ဂရင်းတစ်ယောက် ဘဝင်ခိုက်သွားသည်။ သူတို့နှစ်ယောက် လက်တွဲဖြစ်သွားသည်။ အတူအလုပ်လုပ်ဖို့သာ လက်တွဲဖြစ်သွားသည်။ တကယ်တော့ စရိုက်သဘာဝအားဖြင့် အလွန်ခြားနားသော လူနှစ်ယောက် တွဲမိခြင်း။ တစ်နည်းဆိုသော် အသွင်မတူနှစ်ဦး ပေါင်းမိသွားခြင်း။ လူမျိုးခွဲ၊ နိုင်ငံခွဲ၊ ဘာသာခွဲမထားတတ်သော ရစ်ချ်က ဘုရားသခင်ရှိသည်ဆိုတာကို မယုံ။ သူက ဘုရားရှိခိုးခြင်းထက် ဝိုင်အကောင်းစားတစ်ခွက် မှီဝဲရခြင်း၊ သူ့ကိုယ်တိုင်နှင့် တိုင်းချုပ်သည့် အပ်ထည်အပျံစားများ ဝတ်ဆင်ရခြင်းကို ပိုနှစ်သက်သည်။ ပိုဦးစားပေးသည်။ တစ်ဖက်ရှိ ဂရင်းကမူ ဘုရားတရား ရှိသေကိုင်းရှိုင်းသူ။ သင့်တင့်လျောက်ပတ်သော အိမ်ကလေးတစ်လုံးတွင် ခပ်ကုပ်ကုပ်နေထိုင်သည့် သန်းကြွယ်သူဌေးဖြစ်၏။

သူတို့နှစ်ယောက် ပေါင်းစည်းမိခြင်းကား ဆန့်ကျင်ဘက်များအချင်းချင်း ဆွဲငင်သည်ဟူသော ဆိုရိုးစကားကို အကောင်းဆုံး သရုပ်ပြနေခြင်းပင် ဖြစ်တော့၏။ သူတို့နှစ်ယောက်ပူးပေါင်းပြီး ကမ္ဘာ့လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးလောကကို တော်လှန်ပြောင်းလဲကြတော့မည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၆
## အစ္စရေးနှင့်ရှားဘုရင်

ကမ္ဘာ့ရေနံဈေးကွက်ကို တော်လှန်ပြောင်းလဲပစ်ဖို့ မာန်သွင်းထားသည့် ကုန်သည်နှစ်ဦးသည် ရေနံဈေးကွက်ထဲသို့ ခပ်လျှိုလျှိုဝင်လာကြသည်။

"ကျွန်တော်တို့ ကျူးနှစ်နဲ့ အရောင်းအဝယ် တစ်ချီ၊ နှစ်ချီ လုပ်လိုက်တယ်ဗျ" ဟု ရစ်ချ်က မှတ်မှတ်ရရ ပြောပြသည်။ ထိုပွဲတွင် သူတို့ ဒေါ်လာ ၆၀,၀၀၀လောက် မြတ်သည်။ ပြောရမည်ဆိုလျှင် ဖီးလစ်ညီနောင်များမှ အထက်လူကြီးတွေ နှစ်သက်သဘောကျလောက်သည့် အမြတ်ငွေပမာဏဖြစ်၏။ ထို့ကြောင့် အထက်လူကြီးများက ရေနံရောင်းဝယ်ရေးလောကသို့ ဝင်ရောက်နေရာယူရေး စိတ်ကူးကို ကြိုဆိုသည်။ သို့သော် တွေ့ကြုံရဖို့ အလားအလာရှိသည့် ဘေးအန္တရာယ်များနှင့် ပတ်သက်၍တော့ လက်တွန့်ကြသည်။ သည်နေရာမှာ သူတို့ ရှေးဆန်ကြသည်။ အရောင်းအဝယ်တစ်ခု ခြေချော် လက်ချော်ဖြစ်သွားလျှင် ဖီးလစ်ညီနောင်များ ပြိုလဲ ပျက်စီးသွားနိုင်သည်လေ။

ရစ်ချ်တွင် စိတ်ကူးတစ်ခုရှိသည်။ ယင်းစိတ်ကူးကြောင့်ပင် နောင်တစ်ချိန်တွင် သူသည် ပါရမီရှင်တန်းဝင်သွားခြင်းဖြစ်၏။ ယင်းစိတ်ကူးက ဖီးလစ်ညီနောင်များကုမ္ပဏီကို ကမ္ဘာ့ရေနံလောကတွင် အင်အားကြီးကုမ္ပဏီတစ်ခု ဖြစ်သွားစေသည်။ နောက်ပြီး မြောက်မြားလှစွာသော ရစ်ချ်၏အောင်မြင်မှုများကို လူအများက ပြောစမှတ်ပြုစရာ ဖြစ်လာစေသည်။ သူက တရားဝင်အဆက်အစပ် လုံးဝမရှိသည့် အဖွဲ့နှစ်ဖွဲ့ကို စေ့စပ်ညှိနှိုင်းပေးပြီး သဘောတူညီချက်တစ်ခု အရယူ

www.burmeseclassic.com
the bookhouse
we bring you future

www.burmeseclassic.com


နိုင်ခဲ့သည်။ ယင်းသဘောတူညီချက်မှာ အလွန်မတန် လျှို့ဝှက်သိုသိပ်ရမည့်ကိစ္စ။ ပေါက်ကြားသွားလျှင် နိုင်ငံရေးအရ ပေါက်ကွဲမှုကြီး ဖြစ်မည့်ကိစ္စဖြစ်နေသည်။ ယင်းသဘောတူညီချက်ပါအသေးစိတ်အချက်အလက်များကို ယနေ့ထိတိုင် လူအများ သိခွင့်မရသေး။

ရေနံအရောင်းအဝယ်ပြုလုပ်ဖို့ ရစ်ချ် ဦးဆောင်စေ့စပ်ညှိနှိုင်းပေးခဲ့သည့် နိုင်ငံနှစ်နိုင်ငံမှာ အီရန်နှင့်အစ္စရေး။ အစ္စရေးအတွက် ပင်လယ်နီသို့ ထွက်ပေါက်ဖြစ်သည့် အီလတ်မှသည် မြေထဲပင်လယ်ကမ်းခြေမြို့ဖြစ်သည့် အက်ရှ်ကယ်လွန်သို့တိုင် ရောက်မည့်ရေနံပိုက်လိုင်းကြီးတစ်ခုသွယ်တန်းဖို့။ ဤပိုက်လိုင်း၏ ကျေးဇူးကြောင့်ပင် ကမ္ဘာ့ရေနံရောင်းဝယ်ရေး တံခါးဝတွင် ရစ်ချ်အခြေချနိုင်စွမ်း ရှိခဲ့ခြင်းဖြစ်လေသည်။

■

### *အစ္စရေးရှိ ထိပ်တန်းလျှို့ဝှက်ပိုက်လိုင်း*

အစ္စရေးရှိ ရေနံပိုက်လိုင်းကြီးသည် အီရန်နိုင်ငံနှင့် ဆက်စပ်ပတ်သက်နေသည်ဆိုသည့်အချက်သည် ထိပ်တန်းလျှို့ဝှက်ချက် တစ်ရပ်ဖြစ်၏။ ယင်းပိုက်လိုင်း သွယ်တန်းခြင်းသည် ဂျူးလူမျိုးများ နိုင်ငံဖြစ်သည့် အစ္စရေးရှင်သန်ရပ်တည်နိုင်ရေးအတွက် မဟာဗျူဟာမြောက် ဖြေရှင်းချက်တစ်ခု ဖြစ်နေ၏။ အစ္စရေးက အသက်တမျှ လိုလားတောင့်တနေသည်မှာ ရေနံပုံမှန်ရရှိနေရေး။ ခုတော့ ရစ်ချ်ဆိုသည့် လူရွယ်တစ်ယောက်၏ အစွမ်းအစကြောင့် အစ္စရေးအတွက် လိုအပ်သည့် ရေနံပမာဏ၏ (၉၀)ရာခိုင်နှုန်းကို ပါရှန်နိုင်ငံ (အာရပ် နိုင်ငံမဟုတ်) ဖြစ်သည့် အီရန်မှ တင်သွင်းခွင့်ရသွားလေသည်။ အစ္စရေးကို ဝိုင်းပတ်ထားသည့် ရန်သူ အာရပ်နိုင်ငံများထဲမှ တစ်နိုင်ငံမျှ သည်အကြောင်း မသိကြ။

သို့သော် နောက်နှစ်နှစ်အကြာတွင် ခြောက်ရက်စစ်ပွဲကို အကြောင်းပြုပြီး အီဂျစ်သမ္မတ နာဆာက စူးအက်တူးမြောင်းကို ပိတ်လိုက်၏။ ထိုသို့ စူးအက်တူးမြောင်းပိတ်ခြင်းက အစ္စရေးကိုသာ မဟုတ်ဘဲ အီရန်ကိုလည်း အထိနာစေသည်။ အီရန်၏ ပင်မသယ်ယူ ပို့ဆောင်ရေးလမ်းကြောင်း အပိတ်ခံလိုက်ရသည့်သဘော။ အီရန်မှ ထွက်သည့် ရေနံစိမ်း(၄)စည်လျှင် (၃)စည်ကို ဤလမ်းကြောင်းမှ သယ်ယူပို့ဆောင်နေခဲ့သည်လေ။ နောက်တစ်ချက်က ဒေသတွင်း ရေနံရောင်းနိုင်ငံများတွင် အင်အားကြီးနိုင်ငံဖြစ်ရမည်ဟူသော အီရန် ဘုရင်ရှား၏ ရည်မှန်းချက်ပျက်တော့မလိုဖြစ်သွားခြင်း။

သို့ဖြင့် အစ္စရေးနှင့် အီရန်တို့ ရေနံလုပ်ငန်းကို ဖက်စပ်လုပ် ဖြစ်ကြသည်။ ဆွစ်ဇာလန်နိုင်ငံတွင် ထင်ရှားမြဲအရေးပါး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com


ရေနံကုမ္ပဏီ ဖွဲ့ကြသည်။ ယင်းကုမ္ပဏီတွင် အီရန်အစုစပ်ပါဝင်ကြောင်းကို လျှို့ဝှက်ထားဖို့ သဘောတူကြသည်။

ထရန့်စ်အေရှားတစ်က ရေနံပိုက်လိုင်း သွယ်တန်းရေး အကောင်အထည်ဖော်သည်။ (၂၅၄)ကီလိုမီတာ ရှည်လျားပြီး ထုံးပတ် (၁၀၆)စင်တီမီတာရှိသည့် ပိုက်လိုင်းသွယ်တန်းရေး ၁၉၆၉ တွင် ပြီးသည်။ ထိုနှစ်ဒီဇင်ဘာလတွင် အီရန်ရေနံ စိမ်းတွေ စတင်စီးဆင်းသည်။ အစ္စရေးကို ဖြတ်စီးသော ရေနံစိမ်းပမာဏမှာ ပထမနှစ်တွင် မက်ထရစ်တန် ဆယ်သန်း ရှိ၏။ ထိုအထဲမှ သူတို့လိုအပ်ချက်ကို ဖြည့်ဆည်းဖို့ အစ္စရေးက မက်ထရစ်တန်သုံးသန်း ဝယ်ယူသည်။

ပိုက်လိုင်း အကောင်အထည်ဖော်ခြင်းကို ကစားပွဲသဘောတရားရေးဆရာများက "သူလည်း နိုင်၊ ကိုယ်လည်း နိုင် ကစားပွဲ"ဟု ကင်ပွန်းတပ်ကြသည်။ ဤပိုက်လိုင်းကျေးဇူးကြောင့် အီရန်သည် မဟာရေနံကုမ္ပဏီကြီးများလက်အောက်မှ တဖြည်းဖြည်း ရုန်းထွက်ပြီး မိမိကိုယ်တိုင် မဟာအင်အားကြီးရေနံရောင်းနိုင်ငံတစ်နိုင်ငံအဖြစ် ထူထောင်နိုင်ခဲ့လေသည်။ ဤကား ရှားဘုရင်၏ ရည်မှန်းချက်တစ်ခု ပေါက်မြောက်အောင်မြင်သွားခြင်း။ တစ်ဖက်ရှိ အစ္စရေးကလည်း သူ့ပြည်တွင်း အောင် ပိုက်လိုင်းဖြတ်သန်းသွယ်တန်းခတွေ ရသည်။ သူတို့လိုအပ်သော ရေနံစိမ်းပမာဏကိုလည်း ဣန္ဒြေမပျက် ပုံမှန်ရသည်။ ဤကား နှစ်ဦးနှစ်ဖက်စလုံးအနိုင်ရသည့် ကစားပွဲကို ကစားခြင်းပါတည်း။

■

## ပါရှားဘုရင်ရှားနှင့် ကုန်သွယ်ခြင်း

ရစ်ချ်က ပါရှားဘုရင်ရှားနှင့် ကုန်သွယ်ရေးလုပ်ချင်သည်။ အစ္စရေးပြည်တွင်းမှ ပိုက်လိုင်းဖြင့် ဖြတ်သယ်သွားသည့် ရေနံများအတွက် ဝယ်လက်များ ရှာဖွေလိုသည်။ သူ့စိတ်ကူးက ဝံ့စားလွန်းသည်။ သို့သော် သည်စိတ်ကူးကြောင့်ပင် နောင်တစ်ချိန်တွင် သူ အကြီးအကျယ်အောင်မြင်ခဲ့ခြင်း ဖြစ်သည်။ သည်လုပ်ငန်းကြောင့်သာ မဟုတ်လျှင် ရစ်ချ် သည် နောက် မြန်မြန်ဆန်ဆန် တစ်ဟုန်ထိုးအောင် မြင်မှုရမည်မဟုတ်။ ဤအရောင်းအဝယ်ကိစ္စသည် ရစ်ချ်၏ စီးပွား ရေးလုပ်ငန်းအတွက် အခြေခံအုတ်မြစ်တစ်ခု မလွဲဧကန်ဖြစ်ခဲ့လေ သည်။

နောက်တစ်ချက်က ပင်းကပ်စ်ဂရင်း၏ အကူအညီသာမရခဲ့လျှင် ရစ်ချ်သည် အအောင်မြင်ဆုံး အမှိုခိုကင်း ကုန်သည် တစ်ဦး ဖြစ်လာမည်မဟုတ်။ "မာ့ခ်က အမြော်အမြင်ရှိပြီး ပင်ကီက စိတ်ကူးတွေကို လက်တွေ့အကောင်အထည်ဖော် သူလူ"ဟု အတွင်းလူ တစ်ဦးက ပြောပြပါသည်။ "တစ်ယောက်မရှိရင် ကျန်တစ်ယောက်က ရပ်တည်ဖို့တောင်

the bookhouse
burmeseclassic.com

www.burmeseclassic.com



မလွယ်ပါဘူးဗျာ"ဟုလည်း ထပ်ဖြည့်ပြောသည်။ ဤသို့ဖြစ်ရသည်မှာ ဂရင်း၏ ကျွမ်းကျင်လိမ္မာလွန်းသော သယ်ယူပို့ဆောင်ရေးပညာများကြောင့်ပါတည်း။ နောက်ပြီး အီရန်နိုင်ငံတွင်း အဆက်အသွယ်များရအောင် ကြံဆောင်ခဲ့သူမှာလည်း ဂရင်းပင်ဖြစ်၏။

ထို့ကြောင့် ၁၉၈၃ တွင် မာ့ခ်ရစ်ချ်အား စွပ်စွဲသည့် စွဲချက်များအတိုင်း ဂရင်းကိုလည်း စွဲချက်တင်ခဲ့ကြခြင်း ဖြစ်ပေမည်။ ထို့နောက် တစ်ဖန် သမ္မတကလင်တန်က မာ့ခ်ရစ်ချ်နှင့်အတူ တစ်ချိန်တည်း တစ်ခါတည်း ဂရင်းကိုပါ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့လေသည်။ သို့သော် အစွပ်စွဲခံရခြင်း၊ အတိုက်ခိုက်ခံရခြင်းတွင်မူ ဂရင်းက ရစ်ချ်လောက် ပြင်းပြင်းထန်ထန် မခံခဲ့ရပေ။

■

## ရေနံစိမ်းလုပ်ငန်း ကြားခံလူ

ပိုက်လိုင်းဖြင့် သွယ်တန်းသည့် ရေနံစိမ်းလုပ်ငန်းအကြောင်း ကျွန်တော်မေးတော့ ရစ်ချ်က ကျွန်တော့်ကို အချိန်တော်တော်ကြာကြာ စိုက်ကြည့်နေသည်။ ခွန်းတုံ့စကားမဲ့စွာ။ သည်အကြောင်း ပြောသင့်မပြောသင့် ချင့်ချိန်နေဟန် ပြီးမှ သူ၏အသက်ဝမ်းကျောင်းလုပ်ငန်းတွင် ပိုက်လိုင်းဖြင့် သွယ်တန်းသည့် ရေနံစိမ်းသည် အရေးပါသည့် မှတ်တိုင်တစ်တိုင် ဖြစ်ကြောင်း ဝန်ခံစကားဆိုသည်။

ဂရင်း၏ကျေးဇူးကြောင့် အီရန်(ထိုစဉ်က ပါးရှားဟုခေါ်တွင်) နိုင်ငံမှ အရေးပါအရာရောက်သူများနှင့် အဆက်အသွယ် ရပြီး ၁၉၇၃ တွင် ရေနံလုပ်ငန်းကို စတင်လုပ်ခဲ့သည်။ ကနဦးပိုင်းတွင် ရေနံစိမ်း ပမာဏနည်းနည်းဖြင့် စခဲ့သော်လည်း နောင်နှစ်များတွင် ရေနံစိမ်း တန်ချိန်ပေါင်း (၈)သန်းနှင့် (၁၀)သန်း (ခန့်မှန်းခြေ ရေနံစည် သန်း ၆၀ မှ ၇၅သန်း)ထိ ရောင်းဝယ်ဖောက်ကားခဲ့၏။

"လူတွေက ဒီရေနံနဲ့ စီးပွားရေးလုပ်ဖို့ လက်တွန့်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီရေနံက အစ္စရေးကို ဖြတ်လာလို့"

အစ္စရေးနှင့် လူသိရှင်ကြား တရားဝင်စီးပွားရေး လုပ်မိလျှင် ယင်းလုပ်ငန်းရှင်ကို အာရပ်နိုင်ငံများက နာမည်ပျက် စာရင်းသွင်းလေ့ ရှိကြသည်။

"ဒါပေမယ့် ပိုက်လိုင်းကြီးက ရှိနေတယ်လေ။ ဒီတော့ ဒီ ရေနံတွေက မက်စရာကြီးပေါ့။ ဒါနဲ့ ဒီရေနံတွေကို

the bookhouse

www.burmeseclassic.com

www.burmeseclassic.com


ဖြည်းဖြည်းချင်း ကဲ့ယူမယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်လေ''

သို့ဖြင့် နိုင်ငံရေးအရ အငြင်းပွားပြဿနာပေါ်စရာရှိသည့် ရေနံစိမ်းတချို့ကို အစ္စရေးရေနံတင်သင်္ဘောများဖြင့် မြေထဲပင်လယ်ကိုဖြတ်ကာ စပိန်သို့ ပို့ခဲ့၏။ ရေနံစိမ်း၏ မူလဇာစ်မြစ်ကို ဖုံးကွယ်ထားရန်အတွက် တစ်ခါတစ်ရံတွင် ရေနံသင်္ဘောများကို ရိုမေးနီးယားတွင် ရပ်နားစေ၏။ ရိုမေးနီးယားမှာ ၁၉၆၅ ကတည်းက အာဏာရှင် ချောင်ဆက်စကူး အုပ်ချုပ်ခဲ့သည့် ကွန်မြူနစ်နိုင်ငံ။ ခြောက်ရက်စစ်ပွဲကြောင့် အစ္စရေးနှင့် သံတမန် အဆက်အသွယ်မလုပ်သည့်နိုင်ငံလည်း ဖြစ်၏။

ထိုသို့ ပြုလုပ်ရခြင်းတွင် အကြောင်းရင်းတစ်ရပ် ရှိသည်။ စပိန်နိုင်ငံ၏ ဖက်ဆစ်အာဏာရှင် ဖရန်စစ်စကို ဖရန်ကိုသည် အစ္စရေးကို အသိအမှတ်ပြုဖို့ အစဉ်တစိုက် ငြင်းဆန်ခဲ့သည်။ သို့သော် သူ့နိုင်ငံအတွက် ရေနံကိုတော့ အသည်းအသန် လိုချင်နေသည်။ တိုင်းပြည်၏ စက်မှုလုပ်ငန်းများက ဖွံ့ဖြိုးတိုးတက်နေသည်။ နောက်ပြီး ၁၉၆၀ ပြည့်လွန်နှစ်များတွင် စပိန်ပြည်၏ ခရီးသွားရေးက ပြောမယုံလောက်အောင် ရန်းပွင့်နေသည်။

''အစ္စရေးနဲ့ သံတမန်အဆက်အဆက်အသွယ်မရှိပေမယ့် စပိန်က ရေနံစိမ်းတွေ ဝယ်ခဲ့တယ်လေ''ဟု အတွင်းလူ တစ်ဦးကပြောသည်။ ပြီးမှ ''နိုင်ငံရေးများဗျာ...''ဟု ရယ်ကာမောကာဆက်ပြောသည်။ ပြောရင်း ခေါင်းကိုလည်း ခါယမ်းနေသေးသည်။

သူဝယ်ယူရရှိသည့် ဈေးနှုန်းကိုက သက်သာနေသည့်အတွက် သူပြန်ရောင်းသောအခါ ပြိုင်ဘက်များထက် ဈေး သက်သာစွာ ရောင်းနိုင်လေသည်။

''ဈေးနှုန်းအရ ကျွန်တော်တို့က တစ်ပန်းသာနေတယ်လေ။ ကျွန်တော်တို့ ရောင်းဈေးက သက်သာမှာပေါ့။ သယ်ယူပို့ဆောင်ရေးစရိတ်က သက်သာလွန်းနေတာကိုး။ အီရန်က ရေနံစိမ်းကို အစ္စရေးထဲ ဖြတ်သယ်ရတဲ့ ကုန်ကျစရိတ်ဟာ အီရန်ရေနံတွေ အာဖရိကကိုပတ်ပြီး သယ်ရတာထက် ဈေးသက်သာတာပေါ့'' ထိုစဉ်က ခရီးလမ်းကြောင်း တိုတောင်းသည့် ဆူးအက်တူးမြောင်းကို သုံးလို့မရ။ ၁၉၆၇ မှ ၁၉၇၃ ထိ အီဂျစ်က တူးမြောင်းကို ပိတ်ထားခဲ့သည်။

''ဟုတ်တယ် ဒီပိုက်လိုင်းဟာ ကျွန်တော့်အတွက် အရမ်းအရေးပါအရာရောက်ခဲ့ပါတယ်''ဟု ပြောရင်း ရစ်ချ်က ထည့်အကြောင်း ဆွေးနွေးခြင်းကို နိဂုံးချုပ်လိုက်၏။ သည်ဇာတ်လမ်းကိုကြည့်မည်ဆိုလျှင် အီရန်အစ္စရေးနှင့် စပိန်နိုင်ငံ များတွင် အလွန်ရင်းနှီးသည့် အဆက်အသွယ်များရှိနေကြောင်း သိသာသည်။ ထိုသို့ အဆက်အသွယ်များ ရှိနေသည့်အတွက် ဤကိစ္စတွင် ပါဝင်ပတ်သက်သည့် နိုင်ငံသုံးနိုင်ငံစလုံး အကြီးအကျယ်အကျိုးရှိခဲ့ကြောင်း တွေ့ရ၏။ ဤကိစ္စကို လေ့လာ ခြင်းအားဖြင့် ရစ်ချ်သည် သူ့ဇာတိအသိစိတ်ကို သူ အားထားလို့ရကြောင်း သိသာနေသည်။ နောက်တစ်ကြိမ် ထပ်ပြောရဦး

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



မည်ဆိုလျှင် သူသည် သင့်တင့်လျောက်ပတ်သည့်အချိန်တွင် သင့်မြတ်သည့်နေရာသို့ ရောက်နေသူ လူမှန်တစ်ဦး ဖြစ်နေပါသတည်း။ တစ်နည်းဆိုရသော် ရစ်ချ်သည် မှန်သုံးမှန်နှင့် ကိုက်ညီသူပါတည်း။

■

## ယွန်းကာပူးစစ်ပွဲ

သိမြင်နှံ့စပ်ခြင်းသည် အင်အားဖြစ်၏။ ဤအယူအဆသည် တခြားနယ်ပယ်များမှာထက် လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးလောကတွင် ပိုမှန်သည်။ ချမ်းသာကြွယ်ဝခြင်းနှင့် ဘဝပျက်ခြင်းအကြား ခြားနားချက်သည် ထိပ်တန်း သတင်းများ သိရခြင်းနှင့် မသိရခြင်းအပေါ် မူတည်နေ၏။ အီရန်တွင် ရစ်ချ်နှင့် ဂရင်းတို့ ရရှိထားသည့် အဆက်အသွယ် များသည် သူတို့ ရောင်းဝယ်နေသည့် ရွှေမည်း (ရေနံ)ပမာဏစုစုပေါင်းထက်ပင် တန်ဖိုးရှိလှပါသည်။ သူတို့ နှစ်ယောက်စလုံး ယင်းအဆက်အသွယ်ကောင်းများကို ကျေးဇူးတင် ရပါမည်။ ၁၉၇၀ ပြည့်နှစ်များ စောစောပိုင်းတွင် ရစ်ချ်သတင်းတစ်ခု ရသည်။ ရေနံရောင်းနိုင်ငံများ အကြီးအကျယ် စိတ်ဆိုးဒေါသထွက်နေသည်ဆိုသည့်သတင်း။ ငွေတန်ဖိုးတွေ ဖောင်းပွနေ သည်။ နောက်ပြီး ဒေါ်လာဈေးက တန်ဖိုးကျနေသည်။ သည်နှစ်ချက်ပေါင်းလိုက် တော့ သူတို့၏ ရေနံရောင်းရငွေများမှာ တန်ဖိုးမရှိသလို ဖြစ်နေသည်။ ၁၉၇၃ နွေဦးမှာတော့ ရစ်ချ်သတင်းတစ်ခု ထပ်ရသည်။ ရေနံရောင်း နိုင်ငံများအဖွဲ့ (အိုပက်)အပါအဝင် ရေနံထွက်နိုင်ငံများက ရေနံဈေးနှုန်းများ တိုးမြှင့်ရောင်းချဖို့ ကြံစည်နေကြကြောင်း။

တခြားသူများ မတွေ့မမြင်နိုင်သည့် အခွင့်အလမ်းကို ရစ်ချ်က သိလိုက်မြင်လိုက်သည်။ "ဈေးကွက်ကြီးတစ်ခုလုံး ပြောင်းလဲနေတဲ့အကြောင်း၊ ကမ္ဘာကြီးတစ်ခုလုံး ပြောင်းလဲနေတဲ့အကြောင်း ကျွန်တော်တို့အာရုံသိနဲ့ သိလာတယ်လေ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ ပြိုင်ဘက်တွေထက် ပိုပြီးသိတယ်။ အင်းလေ ကျွန်တော်က ကိုယ့်ဝယ်လက်တွေရဲ့ အမြဲတမ်း တရင်းတနှီး ပေါင်းသင်းဆက်ဆံနေတာကိုး"ဟု ဂရင်း မှတ်မှတ်ရရ ပြန်ပြောပြသည်။

အီရန်နိုင်ငံပိုင် ရေနံကုမ္ပဏီက သူတို့ရေနံကို ဈေးကွက်စီးပွားရေးစနစ်ဖြင့် ရောင်းလိုကြောင်း သတင်းထွက်လာသည်။ ထိုသတင်းကိုကြားသည့်ဂရင်းသည် ၁၉၇၃ နွေဦးတွင် အီရန်သို့ ရောက်သွားသည်။ "ရေနံစိမ်းအရောင်းအဝယ်လုပ်ငန်း ကို ရေရှည်ကိုင်နိုင်ရင် ပိုကောင်းမယ်လို့ ကျွန်တော်တို့ တွေးမိကြတယ်လေ" သို့ဖြင့် သူတို့သည် ဖီးလစ်ညီနောင်များ၊ အထက်လူကြီးများ၏ ခွင့်ပြုချက်ကို မယူဘဲ ကြီးမြှင့်လာသည့် ရေနံဈေးနှုန်းဖြင့်ပင် ရေရှည်ဝယ်ယူဖို့ စာချုပ်ချုပ်လိုက်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သူတို့ဝယ်ယူဖို့ စာချုပ်လိုက်သည်မှာ ရေနံစိမ်းမက်ထရစ်တန် တစ်သန်း (စည်ပေါင်း ၇.၅သန်းလောက်)။ စာချုပ်မှာ ကာလရှည်စာချုပ်။ ဈေးနှုန်းမှာ ရေနံစိမ်းတစ်စည်လျှင် (၅)ဒေါ်လာ။ စုစုပေါင်းတန်ဖိုးမှာ ဒေါ်လာ (၃၇.၅)သန်း။

ယင်းစာချုပ်အကြောင်း ကြားသိရသောအခါ ဖီးလစ်ညီနောင်များကုမ္ပဏီဥက္ကဋ္ဌ လုဒ်ဝစ်ဂျက်ဆယ်လ်ဆန် တုန်လှုပ်သွားသည်။ "မင်း ဘယ်လိုလုပ်လိုက်တာလဲ" ဟု ရစ်ချ်ကို အော်ငေါက်သည်။ တစ်စည် ငါးဒေါ်လာနှုန်းဆိုသည်က လက်ရှိပေါက်ဈေးနှင့်ယှဉ်လျှင် တစ်စည်(၂)ဒေါ်လာပိုများနေသည်။ ပိုဆိုးသည်မှာ အရောင်းအဝယ်မှာ လက်ပြောင်းလက်ဆွဲ အရောင်းအဝယ်မဟုတ်။ ရစ်ချ်တွင် လောလောဆယ် ဝယ်လက်မရှိသေး။ တစ်နည်းဆိုရလျှင် ဖီးလစ်ညီနောင်များသည် လက်ရှိပေါက်ဈေးထက် ဒေါ်လာ (၁၅)သန်း ပိုများသည့်ဈေးဖြင့် ရေနံစိမ်းတွေ ဝယ်ရတော့မည့်သဘော (သို့မဟုတ်) ဒေါ်လာ(၁၅)သန်း အရှုံးပေါ်နိုင်သည့် အရဲကိုးစွန့်စားခန်းကြီး လုပ်ရမည့်သဘော။ သို့ပေမယ့် ဥက္ကဋ္ဌ ဂျက်ဆယ်လ်ဆန်က သူတို့ကုမ္ပဏီ၏ဆောင်ပုဒ်ဖြစ်သည့် "ကောင်းကောင်းစားရခြင်းထက် ကောင်းကောင်းအိပ်ရခြင်းက ပိုကောင်းသည်" အယူအဆကို ယခုတိုင် ကိုင်စွဲထားသူမဟုတ်လား။

ထို့နောက်မှာတော့ အကြိတ်အနယ် အပူတပြင်း ငြင်းခုံမှုတွေ တန်းစီဖြစ်ပေါ်လာခြင်း။ နောက်ဆုံးတော့ ဥက္ကဋ္ဌ ဂျက်ဆယ်လ်ဆန်က ရစ်ချ်နှင့်ဂရင်းကို ရေနံရောင်းဝယ်ရေးလုပ်ငန်းကို အမြန်ဆုံး လက်ရှောင်ဖို့အထိ ဖိအားပေးတော့၏။ "အနေအထားက တော်တော်စိတ်ပျက်ဖို့ ကောင်းတာကလား" ဟု ရစ်ချ်က ပြောပြသည်။ သူတို့မှာ ရွေးစရာလမ်းမရှိ။ အထက်အမိန့်ကို မခံချိမခံသာဖြင့် လက်ခံရုံပဲရှိသည်။

"ဒါနဲ့ ကင်တပ်ကီမှာရှိတဲ့ အက်ရှ်လင်း ရေနံကုမ္ပဏီကို မဖြစ်စလောက်အမြတ်နဲ့ ဂရင်းက ရောင်းပစ်ခဲ့ရတယ်လေ။ ဒီဆရိုက်ကို သူတို့က လွှဲယူလိုက်တယ်။ အဖြစ်က ဆိုးလိုက်တာ"

ဂျက်ဆယ်လ်ဆန်၏ လုပ်နည်းလုပ်ဟန်မှာ မိမိတို့အပေါ် မယုံကြည်စိတ်မချသလို ဖြစ်သည်။ နောက်ပြီး မိမိတို့အဆောက် ပစ်ပယ်ရာလည်း ရောက်သည်ဟု ယူဆသည်။ ဤကား ရစ်ချ်တို့နှစ်ယောက်နှင့် ဖီးလစ်ညီနောင်များကုမ္ပဏီ ကွဲခြင်းပဏာမဖြစ်စဉ်ပါတည်း။

ယင်းအရောင်းအဝယ် အထမြောက်ပြီး လပိုင်းမျှအကြာ ၁၉၇၃ ခုနှစ်၊ အောက်တိုဘာ (၆)ရက်တွင် ယွန်းကပူး (Yom Kippur)၊ အီဂျစ်နှင့် ဆီးရီးယားတို့က အစ္စရေးအား စစ်ပွဲနွှဲတော့၏။ သမိုင်းကြောင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် မှီနေသည် အာရပ်နိုင်ငံများကို စစ်ရေးအရ ရှုံးနိမ့်တော့မလို ဖြစ်ခဲ့ရ၏။ ဆိုဗီယက်ယူနီယံက အီဂျစ်နှင့် ဆီးရီးယားကို ထောက်ခံသည်။ အမေရိကပြည်ထောင်စုကတော့ အစ္စရေးဘက်တော်သား။ ရက်သတ္တသုံးပတ်ကြာ နွှဲခဲ့သည့် ဤစစ်ပွဲတွင် ဘယ်သူမျှမနိုင်သလို ဘယ်သူမျှလည်း မရှုံး။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ ရေနံရောင်းနိုင်ငံများက သူတို့၏ ရေနံလက်နက်ကို ထပ်ဆင့်အသုံးပြုဖို့ အားထုတ်ကြသည်။ ဤနည်းပရိယာယ်သည် ခြောက်ရက်စစ်ပွဲကာလတုန်းကတော့ လုံးဝမအောင်မြင်ခဲ့။ သို့ပေမယ့် သည်တစ်ချီတွင် နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေများက မတူ။ ခြားနားနေသည်။ အမေရိကပြည်ထောင်စုနှင့် ဥရောပအနောက်ခြမ်းသို့ ရေနံစိမ်းတင်ပို့ခြင်းကို ပထမဦးဆုံးရပ်စဲလိုက်သည့် အာရပ်နိုင်ငံများမှာ လစ်ဗျားနှင့် ဆော်ဒီအာရေဗျ။ ၁၉၇၃ ခုနှစ်အကုန်တွင် ရေနံတင်ပို့မှု ရပ်စဲလိုက်သည့် နှစ်နိုင်ငံကို နောက်ထပ်ခြောက်နိုင်ငံက ပူးပေါင်းသည်။ ယင်းနိုင်ငံများမှာယူအေအီး၊ အီရန်၊ အီရတ်၊ ကူဝိတ်၊ အယ်လ်ဂျီးရီးယားနှင့် ကာတာနိုင်ငံတို့ ဖြစ်၏။ တစ်ချိန့်တည်းတွင် ရေနံရောင်းနိုင်ငံများ (အိုပက်)ကလည်း သူတို့၏ ရေနံထုတ်လုပ်မှုကို လျှော့ချပြီး ရေနံဈေးနှုန်းတက်ဖို့ တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြ၏။ လွန်ခဲ့သည့် ခြောက်နှစ်တုန်းက အရာမထင် မထိရောက်ခဲ့သည့် ''ရေနံလက်နက်''သည် သည်တစ်ချီတော့ ချက်ကောင်းကို ထိအောင် ပစ်လိုက်နိုင်သည့် ဗုံးတစ်လုံးဖြစ်သွားသည်။ ထိုအချိန့်အခါတစ်ဝိုက်မှာပင် အမေရိကန်သမ္မတနစ်ဆင်က ရေနံဈေးနှုန်းများ ထိန်းချုပ်ရေးဥပဒေကို ထုတ်ပြန်လိုက်၏။ ယင်းဥပဒေကြောင့် နောင်ဆယ်နှစ်အကြာတွင် ရစ်ချ်မှာ ပြဿနာတွေ တပွေ့တပိုက်ကြီး ကြုံရတော့၏။ (အခန်း-၉ ရှု)

■

### ကျောခိုင်းလမ်းခွဲခြင်း

မာ့ခ်ရစ်ချ်၏ ပင်ကိုအသိစိတ်ဖြင့် တွက်ချက်မှုတွေ ဘယ်လောက်ထိ ကွက်တိမှန်ကန်ကြောင်း ထိုနှစ်ကုန်ပိုင်းလောက်တွင် လူတိုင်း သိမြင်ကြရတော့၏။ အီရန်နှင့်ကာလရှည်စာချုပ်ချုပ်ဆိုခဲ့ ခြင်းသည် တကယ်တော့ ပါရမီရှင်တစ်ဦး၏ လုပ်ရပ်မျိုး ဖြစ်နေတော့ သည်။ သည်လို ဆုံးဖြတ်ချက်မျိုး၊ လုပ်ရပ်မျိုးကို တွေ့ရမြင်ရခဲပါသည်။

စစ်မဖြစ်မီက တစ်စည်လျှင် (၃)ဒေါ်လာပင်မပြည့်တတ်သော ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင် (၁၁.၆၀) ဒေါ်လာသို့ တရားဝင် မြောက်တက်သွားသည်။ သို့တိုင် ဈေးကွက်စီးပွားရေးစနစ် ကိုင်စွဲသည့် ဈေးကွက်တွင် တစ်စည်လျှင် (၁၃)ဒေါ်လာဖြင့် ဝယ်ယူလို့ရ၏။ မာ့ခ်ရစ်ချ်နှင့်အီရန် သဘောတူစာချုပ်ထားသည့် ဈေးနှုန်းနှင့်ဆိုလျှင် (၈)ဒေါ်လာကျော် ပိုများသည်။ အကယ်၍ ဖီးလစ်ညီနောင်များမှ အထက်လူကြီးတွေသာ မာ့ခ်ရစ်ခ်၏ အမြော်အမြင်ကို ယုံကြည်စိတ်ချခဲ့လျှင် သူတို့ ဒေါ်လာသန်း(၆၀)ကို စာချုပ်တစ်ခုတည်းဖြင့် ရလိုက်ပေမည်။ မည်သို့ဆိုစေ ရစ်ချ် ကိုင်တွယ်ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



အမှုရေး-စပိန် အီရန် အရောင်းအဝယ်များမှ မြိုးမြိုးမြက်မြက်ကလေးတော့ စားလိုက်ရပါသည်။ ၁၉၇၃ ခုနှစ်တွင် ဖီးလစ်ညီနောင်များ ကုမ္ပဏီရသည့် အမြတ်ပမာဏမှာ စံချိန်တင်ရလောက်အောင် များခဲ့လေသည်။ မှာခ်ရစ်ချ်နှင့် ပင်ကီဂရင်းကြောင့် ဖီးလစ်ညီနောင်များကုမ္ပဏီသည် ကမ္ဘာ့ရေနံကုန်သည်များလောကတွင် မဟာကုမ္ပဏီကြီးတစ်ခု ဖြစ်လာခဲ့သည်။

ဖီးလစ်ညီနောင်များကုမ္ပဏီသမိုင်းကြောင်းတွင် အမှုထမ်းနှစ်ဦးတည်းက သည်လောက်များပြားသည့် အမြတ်ငွေတွေ ရအောင် ဖန်တီးပေးခဲ့သည်ဆိုတာ ဘယ်တုန်းကမျှမရှိခဲ့။ ရစ်ချ်နှင့်ဂရင်းသည် ရေနံအရောင်းအဝယ်တစ်မျိုးတည်းမှ ၁၉၇၃ ခုနှစ်တွင် ဒေါ်လာ(၄)သန်းနှင့် (၅)သန်းအကြားရအောင် စွမ်းဆောင်ပေးခဲ့သည်။ ထိုစဉ်က ရစ်ချ်၏ ဝင်ငွေမှာ တစ်နှစ်လျှင် ဒေါ်လာ ၇၀,၀၀၀ထက်မပို။ သူရသည့် ဆုကြေးငွေနှင့် ပေါင်းပါမှ ဒေါ်လာ ၁၀၀,၀၀၀လောက်ပဲ ရှိသည်။ တကယ်တော့ သည်လောက်အောင်မြင်မှုများရအောင် စွမ်းဆောင်ခဲ့သည့်ရစ်ချ်အတွက် ဒေါ်လာ ၁၀၀,၀၀၀ဆိုသည်မှာ ဘာမျှမဖြစ်လောက်။

သို့ဖြင့် ရစ်ချ်သည် ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သူရုံးစိုက်ရာ မဒရစ်မှ ဆွစ်ဇာလန်သို့ လာခဲ့သည်။ ဥက္ကဋ္ဌကြီး ဂျက်ဆယ်လ်ဆန် နှင်းလျှောစီး အပန်းဖြေဖို့ ဆွစ်ဇာလန်သို့ ရောက်နေသည်။ ရစ်ချ်က ဥက္ကဋ္ဌကြီးနှင့် ဆွေးနွေး မည်။ ညှိနှိုင်းမည်။ အခွင့်အရေးတောင်းမည်။ ကုမ္ပဏီအတွက် အမြတ်တွေ တနင့်တပိုးရအောင် စွမ်းဆောင်ပေးခဲ့သည့် ရစ်ချ်နှင့်ဂရင်းကို ဆုကြေးငွေအဖြစ် တစ်ဦးလျှင် ဒေါ်လာ ၅၀၀,၀၀၀ပေးဖို့ သူက တောင်းဆိုသည်။ အသက်ခြောက်ဆယ့် ငါးနှစ်ရှိပြီဖြစ်သော ဥက္ကဋ္ဌကြီးက တစ်ဦးလျှင် ဒေါ်လာ ၁၅၀,၀၀၀ပေးဖို့ ကမ်းလှမ်းသည်။ ပြီးတော့ ရစ်ချ်ကို နယူးယောက်ရုံးချုပ်သို့ ပြန်လာခဲ့ဖို့ တိုက်တွန်းသည်။ နယူးယောက်တွင် သူသည် ဥက္ကဋ္ဌကြီး၏ အရိုက်အရာ ခံစားရမည့်သူ ဖြစ်လာမည်။

"ကျွန်တော်တို့ တောင်းတဲ့ဆုကြေးငွေကိုပေးရင် ကျွန်တော် နယူးယောက်ကို လာပါ့မယ်လို့ ကတိပြုလိုက်တယ်" ဟု ရစ်ချ်က ပြန်ပြောပြသည်။ သို့သော် ဂျက်ဆယ်လ်ဆန်က ကုမ္ပဏီမူအရ ဒေါ်လာ ၁၅၀,၀၀၀ထက်ပိုပေးလို့မရကြောင်း ပြောသည်။ "ဒီတော့ ကျွန်တော် အလုပ်ထွက်ရုံပေါ့ဗျာ။ ကျွန်တော် မထွက်ချင်ပါဘူး။ အဲဒီမှာ အလုပ်လုပ်ခဲ့တာ နှစ်နှစ်ဆယ် ရှိပြီလေ။ ကုမ္ပဏီကို ကျွန်တော် နှစ်ခြိုက်သဘောကျခဲ့တာဗျ။ ကျွန်တော့်ဘဝတစ်သက်တာအတွက် ကျောင်းလုပ်ငန်းကို ဒီကုမ္ပဏီနဲ့ပဲ တွဲဖက်လုပ်သွားမယ်လို့ အမြဲ စဉ်းစားခဲ့တာ။ ဒါပေမယ့် ဂျက်ဆယ်လ်ဆန်က အချူကြီးကို ဖက်တွယ်ထားတာကလား"

ဆွေးနွေးပွဲပြီးသည်နှင့် ရစ်ချ်က ဂရင်းထံဖုန်းဆက်သည်။ ထိုစဉ်က ဂရင်းသည် နယူးယောက်ရုံးချုပ်တွင် ရှိနေသည်။

the bookhouse
we bring you future

www.burmeseclassic.com

www.burmeseclassic.com



"ဂျက်ဆယ်လ်ဆန်နဲ့ သဘောတူညီမှုမရတဲ့အကြောင်း သူ့ကို ပြောပြလိုက်တယ်" ထိုအခါ ဂရင်းက စက္ကန့်မဆိုင်းဘဲ ပြန်ပြောလိုက်သည်မှာ "ဒီတော့လည်း တို့နှစ်ယောက်လစ်ရုံပဲပေါ့"ဟူ၏။ အဆိုပါတိုတောင်းသော တယ်လီဖုန်းစကားပြောချက်ကလေးတစ်ခုက လူသုံးကုန်ပစ္စည်းရောင်းဝယ်ရေးလောကတွင် အံ့မခန်းအောင်မြင်သည့် မဟာကုမ္ပဏီတစ်ခု ဖြစ်ထွန်းလာဖို့ အချက်ပြလိုက်ခြင်းဖြစ်နေတော့၏။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ လှုပ်ရှားမှုတွေ မြန်မြန်သွက်သွက် ပြုလုပ်ရတော့မည်။ ဆွစ်ဇာလန်တွင် ဥက္ကဋ္ဌကြီးနှင့် မပြေမလည်ဖြစ်သွားသည်နှင့် ရစ်ချ်သည် မဒရစ်သို့ အလျင်အမြန်ပြန်ခဲ့သည်။ မဒရစ်လေယာဉ်ကွင်းမှ သူ့ရုံးရှိရာသို့ တစ်ခါတည်းသွားသည်။ ရုံးသို့ရောက်သည်နှင့် သူ၏ အရေးပါအရာရောက်ဆုံး ဝန်ထမ်းနှစ်ဦးအား ဖြစ်ကြောင်းကုန်စင် ပြောပြသည်။ သူက ပင်ကီဂရင်းနှင့်အတူ ဖီးလစ်ညီနောင်များကုမ္ပဏီမှ အလုပ်ထွက်ကြမည်။ ပြီးတော့ မိမိတို့ပိုင် သီးခြားကုမ္ပဏီတစ်ခု တည်ထောင်ဖို့ စိတ်ကူးထားသည်။ ယင်းကုမ္ပဏီသို့ မိမိအရင်းနှီးဆုံးအားအကိုးဆုံးဝန်ထမ်း နှစ်ဦး၊သုံးဦး ဝန်ထမ်းများလိုက်လာလျှင် ကြိုဆိုမည်ဖြစ်ကြောင်းလည်း ပြောသည်။ ရစ်ချ်၏ ကိုယ်ရေးလက်ထောက်ဖြစ်သူ ဂျွန်ထရက်ဖို့နှင့် ရေနံလုပ်ငန်း အထူးကျွမ်းကျင်သူ ဂျက်ဟာချ်ျတို့နှစ်ယောက်က ရစ်ချ်၏ကမ်းလှမ်းချက်ကို တစ်ချက်ကလေးမျှ တွေဝေခြင်းမရှိဘဲ လက်ခံလိုက်ကြ၏။

နောက်တစ်ခဏအကြာတွင် ရစ်ချ်တယ်လီဖုန်းဆက်ပြီး လူတစ်ယောက်ကို စည်းရုံးသိမ်းသွင်းနေပြန်သည်။ သူစည်းရုံးသူသည် ဖီးလစ်ညီနောင်များကုမ္ပဏီ ဆွစ်ရုံးခွဲမှ ဒန်သတ္တုကျွမ်းကျင်သူ အလက်ဇန်ဒါ "အဲလက်" ယက်ကယ်ဆိုသူဖြစ်၏။

ဂျက်ဆယ်လ်ဆန်နှင့် ကွဲပြဲပြီး နှစ်ဆယ့်လေးနာရီမပြည့်မီအတွင်း ရစ်ချ်က ခြေလှမ်းများ သွက်သွက်လှမ်းလိုက်ပြီ။ ယင်းနာရီပိုင်းအတွင်း ရစ်ချ်က သူ၏အနာဂတ်ကုမ္ပဏီအတွက် အမာခံအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းလိုက်ပြီဖြစ်၏။ ယင်းအဖွဲ့ကို ကုမ္ပဏီသစ် တည်

## အခန်း-၇
## [illegible]ရစ်ချ်+ကုမ္ပဏီ

the bookhouse
we bring you future
www.burmeseclassic.com

www.burmeseclassic.com



ထောင်သူများ၊ (သို့မဟုတ်) အစုရှယ်ယာရှင်များဟု ခေါ်ဆိုလို့ရ၏။ သူတို့က တစ်ဦးနှင့်တစ်ဦး ခင်မင်တွယ်တာကြသည်။ နှစ်သက် သဘောကျကြသည်။ သည်လို ကိုယ်ပိုင်ကုမ္ပဏီ တည်ထောင်လိုက်ခြင်းအားဖြင့် ငွေရှာဖို့ အခွင့်အလမ်း ပိုသာမည်ဟု သူတို့အားလုံး ယုံကြည်ကြသည်။ "ငွေရှာဖို့"။ ဤစကားစုကား သူတို့အားလုံး ထပ်ပြန်တလဲလဲ သုံးမြဲ ဖြစ်သည့်စကားစုပါတည်း။ သူတို့ကို အလုပ်လုပ်ချင်ကိုင်ချင်အောင် အချိန်ပြည့် တွန်းအားပေးနေသည်မှာ "ငွေရှာဖို့" ဆိုသည့် စိတ်ဓာတ်ပင်ဖြစ်၏။ ရစ်ချ်အလုပ်ထွက်သွားကြောင်း၊ ဖီးလစ်ညီနောင်များကုမ္ပဏီဝန်ထမ်း တော်တော်များများ မသိကြ။ တကယ်တော့ ဂျက်ဆယ်လ်ဆန်ကိုယ်တိုင်က ရစ်ချ်အား သားအရင်းလို ချစ်ခင်ခဲ့သူ။

ထို့ကြောင့် ရစ်ချ်နှင့် မပြေမလည်လမ်းခွဲခဲ့ရကြောင်း ဘယ်သူ့ကိုမျှ ပြောမပြခဲ့။ နောက်ဆုံး သူတို့ကုမ္ပဏီဝန်ထမ်းများ နှစ်လည်တွေ့ဆုံပွဲ အခမ်းအနားမှာမှ ဂျက်ဆယ်လ်ဆန်က ဥက္ကဋ္ဌမိန့်ခွန်းထဲတွင် ထည့်ပြောသွားသည်။ ယင်းဖြစ်ရပ်သည် သူ့ဘဝတွင် ကြေကွဲဖွယ်အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်းလည်း အဘိုးကြီးက ကြေကွဲစွာ မြွက်ကြားသည်။ "သူက သူ့သေတမ်းစာထဲမှာ ကျွန်တော့်နာမည်ထည့်ရေးဖို့ မေ့ခဲ့တာကိုးဗျ" ဟု ထိုအကြောင်းနှင့်ပတ်သက်၍ ရစ်ချ်က အငေါ်တူးစွာ မှတ်ချက်ချခဲ့လေသည်။ မိုးကောင်းကင်တစ်ခွင်လုံး တိမ်ဖုံးပြီး မှုန်မှိုင်းနေသော်လည်း ဆွစ်ဇာလန်၏မြို့ကလေးတစ်မြို့ ဖြစ်သည့် ဇပ်(Zug)တွင် နွေးထွေးနေသည်။ ထိုနေ့ကား ၁၉၇၄ ခုနှစ်၊ ဧပြီလ(၃)ရက်။ ထိုနေ့မှာပင် မာခ့်ရစ်ချ်+ကုမ္ပဏီ အေဂျီကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ အစုရှယ်ယာရှင် ငါးဦးက မတည်ငွေအဖြစ် စုပေါင်းစပ်ပေါင်း ဆွစ်ဖရန့်(၂)သန်း ထည့်ဝင်ကြသည်။ ရစ်ချ်က ဖအေအရင်းထံမှရော ယောက္ခမထံမှပါ ငွေချေးရသည်။ ပွန်ထရက်ဖို့ကတော့ သူ၏ ရှေးဟောင်းဂန္ထဝင်မြောက် ကားကလေးကို ရောင်းထုတ်ပြီး အစုရှယ်ယာဝင်သည်။ အဲလက်ယက်ကယ်မှာ ငွေတစ်ပြားမှုမရှိ။ သည်တော့ သူ့ကို ရစ်ချ်က ငွေချေးရသည်။ ကုမ္ပဏီ၏ ကနဦးဥက္ကဋ္ဌမှာ ရစ်ချ်။ နောက်တော့ ဂရင်းဖြစ်လာသည်။ အဲလက်ယက်ကယ်ကို ကုမ္ပဏီ၏ဒါရိုက်တာအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

■

### ဆွစ်တို့၏ လျှို့ဝှက်သိုသိပ်မှု

သူတို့ ကုမ္ပဏီရုံးချုပ်ကို ဆွစ်ဇာလန်နိုင်ငံ၊ ဇပ်မြို့ကလေးတွင် အခြေစိုက်ဖို့ ရွေးချယ်လိုက်ခြင်းမှာ ကြုံကြိုက်သလို အလျှဉ်းသင့်သလို ရွေးချယ်လိုက်ခြင်းမဟုတ်။ ဖီးလစ်ညီနောင်များကုမ္ပဏီ၏ ဥရောပဆိုင်ရာ ရုံးချုပ်ကိုလည်း ဇပ်မြို့ကလေး

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ချွင်ပင် ရုံးစိုက်ထားခဲ့သည်မှာ ၁၉၅၇ ခုနှစ်ကတည်းက။ ယခု သူတို့ကလည်း ဗပ်မြို့ကလေးမှာပင် ရုံးစိုက်လိုက်ကြပြန်ပြီ။ ဤနေရာ ဤဒေသတွင် အခြေစိုက်ဖို့ ရွေးခဲ့ခြင်းမှာ ဤနေရာ ဤဒေသကို သဘောကျ နှစ်မြိုက်သော ကြောင့်ဖြစ်၏။ ပြောရမည်ဆိုလျှင် ရေကန်ကြီးတစ်ကန်၏ ကမ်းပါးပေါ်တွင် တည်ရှိပြီး အဲလ်ပ်တောင်တန်းများခြေရင်းတွင် ဝပ်စင်းနေသည့် ဗပ်မြို့ကလေးက သာယာသည်။ လှပသည်။ အေးချမ်းသည်။ ထို့ပြင် တခြားသာရည်သုံးချက် ရှိသေးသည်။ ပထမအားသာချက်မှာ ဆွစ်ဇာလန်သည် နိုင်ငံရေးအရ ကြားနေနိုင်ငံအဖြစ် ရပ်တည်နေခြင်း ဖြစ်၏။ ၁၉၇၀ ပြည့်နှစ်များ အလယ်ပိုင်းထိ ဆွစ်ဇာလန်သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပင် မဖြစ်သေး၊ ဒုတိယအားသာချက်မှာ ဗပ်သည် ဇူးရစ်ချ်မြို့နှင့် နီးကပ်စွာ တည်ရှိနေခြင်း။ ဇူးရစ်သည် ကမ္ဘာ့အကျော်ကြားဆုံး ဘဏ်လုပ်ငန်းမြို့တော်။ တင်းကျပ်သော ဘဏ်လုပ်ငန်း ထုံးဖွဲ့စည်းကမ်းများကြောင့် လုပ်ငန်းရှင်များ၏ ဘဏ္ဍာရေးဆိုင်ရာ လျှို့ဝှက်သိုသိပ်မှုကို အပြည့်အဝရသည်။ နောက်ပြီး ဇူးရစ်တွင် နိုင်ငံတကာလေဆိပ်ရှိသည်။ ထိပ်တန်းအပြည်ပြည်ဆိုင်ရာ စာသင်ကျောင်းများ ရှိသည်။ တတိယအားသာချက်မှာ ဗပ်တွင် အမြတ်ခွန်ကောက်စံနှုန်း နိမ့်သည်။ နိုင်ငံတကာစံနှုန်းများထက် နိမ့်သည်။

"ဗပ်မှာ ဆိုးတာတစ်ခုပဲ ရှိတယ်ဗျ။ အဲဒါကတော့ မြူနှင်းပဲ" ဟု ရစ်ချ်က မှတ်ချက်ချသည်။

ဗပ်တွင် အခွန်အတုတ်ကောက်ခံသည့်နှုန်း နိမ့်သည်။ ပြီးတော့ ရုံးလုပ်ငန်းများတွင် ကြိုးနီစနစ်မရှိ။ လုပ်ငန်းများ ထုပ်ရတာ လျင်မြန်သွက်လက်သည်။ သို့ကြောင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများ၏ အာရုံကို ဖမ်းစားနိုင်စွမ်းသည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ဗပ်မြို့ကလေးသည် နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းအချက်အချာနေရာဌာန ဖြစ်လာသည်။ ၁၉၅၀ ပြည့်လွန်နှစ်များနှင့် ၁၉၆၀ ပြည့်လွန်နှစ်များတွင် ဖီးလစ်ညီနောင်များကဲ့သို့သော အမေရိကန် ကုမ္ပဏီများ ဦးစွာ ရောက်လာသည်။ ထို့နောက် ၁၉၇၀ ပြည့်လွန်နှင့် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ဂျာမန်ကုမ္ပဏီများ၊ ဗြိတိသျှကုမ္ပဏီများ ရောက်လာသည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင်တော့ ရုရှားကုမ္ပဏီများ လိုမ့်ဝင်လာလေသည်။ ရှေးယခင်အခါက နို့နှင့်နို့ထွက်ပစ္စည်းလုပ်ငန်းအတွက် နို့စားနွားများ မွေးမြူရေးလုပ်ငန်းဖြင့် ပင်ပန်းဆင်းရဲခဲ့ကြသည့် ဗပ်ဒေသခံများသည် ယခုတော့ ကျိကျိတက်ချမ်းသာကြွယ်ဝသူများ ဖြစ်နေပြီ။ ၂၀၀၉ ခုနှစ်၊ မတ်လတွင် ဗပ်ဒေသခံများ အကြား အလုပ်လက်မဲ့နှုန်းမှာ (၂.၅)ရာခိုင်နှုန်းသာ ရှိသည်ဆို၏။

မာခ့်ရစ်ချ်+ကုမ္ပဏီပေါ်ထွက်လာခြင်းသည် ဖီးလစ်ညီနောင်များကုမ္ပဏီအတွက် အရိုက်အထိုးခံလိုက်ရခြင်းပင် ဖြစ်တော့၏။ တကယ်တော့ ဖီးလစ်ညီနောင်များသည် ကမ္ဘာစစ်ကြီးနှစ်ခုကို ကြံ့ကြံ့ခံကျော်ဖြတ်ခဲ့သည့် ကုန်သွယ်ရေး အာဏာသိလူးကုမ္ပဏီကြီး။

လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှာ ကုန်အမှတ်တံဆိပ်တွေ၊ နာမည်ကျော်ကြားမှုတွေ မလိုအပ်သည့်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းဖြစ်၏။ ဤလုပ်ငန်းတွင် အဓိကထားကြသည်မှာ ဆက်နွယ်ပတ်သက်မှုနှင့် ယုံကြည်စိတ်ချမှုသာ ဖြစ်၏။ ထို့ကြောင့် ရစ်ချ်နှင့် ခင်မင်ရင်းနှီးပြီး သူ့အပေါ် ယုံကြည်စိတ်ချသော ကုန်သည်ကြီးတချို့သည် ရစ်ချ်နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားကြသည်ဖြစ်ရာ ဖီးလစ်ညီနောင်များမှာ ကြီးကြီးမားမား ဖောက်သည်များ လက်လွှတ်ဆုံးရှုံးရတော့၏။

■

## သမိုင်းကြွေးဆပ်ခြင်း

သူတို့ကုမ္ပဏီသည် ဟိတ်ဟန်ကင်းမဲ့သော ရုံးခန်းကျဉ်းကျဉ်း ကလေးထဲတွင် လုပ်ငန်းစခဲ့ကြ၏။ သူတို့ရုံးချုပ်က အခန်းလေးခန်း ပါသော အိမ်ခန်းကြီးတစ်ခန်းတွင် တည်ရှိသည်။ ကနဦးပိုင်းတွင် သူတို့သည် ဒေသဆိုင်ရာ စာတိုက်ကို အသုံးပြုပြီး တဲလက်စ်တွေ ရိုက်ရသည်။ ထို့နောက်တွင် ကုမ္ပဏီပိုင် တဲလက်စ်စက်ဝယ်နိုင်သည်။ တဲလက်စ်စက်ထားရန် သီးသန့်အခန်းမရှိသဖြင့် ဧည့်ခန်းမှာပဲ ထားရသည်။ တကယ်တော့ သူတို့မှာ အဆက်အသွယ်တွေရှိသည်။ ကုန်သွယ်ရေး လုပ်နည်းကိုင်နည်းတွေ သိသည်။ ဒါတွေကလွဲပြီး သူတို့မှာ ဘာဆိုဘာမျှမရှိ။ ဤနည်းဖြင့် ရစ်ချ်သည် လက်တစ်ဆုပ်စာမျှသော လုပ်ဖော်ကိုင်ဖက်များနှင့်အတူ သူတို့၏ မိခင်ကုမ္ပဏီဟောင်း ဖီးလစ်ညီနောင်များကို ထိုးနှက်တိုက်ခိုက်ခဲ့၏။ ဖီးလစ်ညီနောင်များလက်ဝါး ကြီးအုပ်ထားသည့် ဈေးကွက်ကြီးထဲမှ ဈေးကွက်ဝေစု တော်တော်များများ သူတို့လက်ထဲ ပါလာအောင် လုယူနိုင်ခဲ့ကြသည်။

ရစ်ချ်က ဖီးလစ်ညီနောင်များ (ဖီးဘရို)ကို လှလှကြီး သမိုင်းကြွေးဆပ်နေပြီဖြစ်ကြောင်း လူတိုင်းပါးစပ်များတွင် ပြောစရာဖြစ်နေသည်။ သူတို့ပြောသည့် ဇာတ်လမ်းတချို့မှာ လျှို့ဝှက်ထောက်လှမ်းရေး ရုပ်ရှင်ထဲမှ ဇာတ်ကွက်တစ်ကွက်ကို ပြန်ပြောပြသည့်အလား သည်းထိတ်ရင်ဖိုချင်စရာကောင်းလှ၏။ ဗျူနိုအေးရီးစ်မြို့တွင် ရစ်ချ်၏ အမှုထမ်းများက ငွေတွေ ပုံအောသုံးပြီး ဖီးဘရိုကုမ္ပဏီ၏ တဲလက်စ် မိတ္တူများကို ဝယ်ယူနေကြောင်းကို ဖီးဘရိုဝန်ထမ်းများက ဖမ်းမိခြင်း ကဲ့သို့သောသတင်းမျိုး။

"သတ္တုဈေးကွက်ထဲမှာ သူတို့က ကျွန်တော်တို့ထက် မဆိုစလောက်ကလေး ဈေးပိုပေးပြီး တင်ဒါတွေ ရယူသွားတာချည်းပဲဗျ။ ကျွန်တော်တို့ ဘာလုပ်မယ်ဆိုတာကို ကျွန်တော်တို့မလုပ်မီကတည်းက သူတို့က ကြိုသိနေကြတာကိုး" ဟု

the bookhouse
We Bring Your Future

www.burmeseclassic.com

www.burmeseclassic.com


ဘာရီကိုယ်စားလှယ်တစ်ဦးက မကျေမနပ် ရင်ဖွင့်သည်။ ရစ်ချ်က ဖီးဘာရီကုမ္ပဏီထဲတွင် သူလျှိုတစ်ယောက် မြှုပ်နှံထားခဲ့၏။ ထို့အတူ ဖီးဘာရီကလည်း ရစ်ချ်၏ကုမ္ပဏီတွင် သူလျှိုတစ်ဦး မွေးထားသည်။ နောက်တော့ ထိုသို့ သူလျှိုတွေ ရှိနေကြောင်း ဖော်ထုတ်သိရှိပြီး ရန်ငြိုးရန်စတွေ ပိုကြီးခဲ့ရလေသည်။ ရစ်ချ်ကတော့ "အလကားပေါက်ကရတွေ လျှောက်ပြောကြတာပါဗျာ"ဟု ပယ်ချသည်။ "ကုမ္ပဏီတစ်ခုက အတော်ဆုံးအမှုထမ်းတွေ အလုပ်ထွက်သွားပြီး သူတို့နဲ့ ပြိုင်ကုမ္ပဏီ တစ်ခုတည်ထောင်တာကို ဘယ်ကုမ္ပဏီက ဝမ်းသာကျေနပ်နေမှာလဲဗျာ"ဟုလည်း ပြောသည်။

အဆိုပါဇာတ်လမ်းများသည် မဟုတ်မဟတ်လုပ်ဇာတ်များ ဖြစ်နေကြောင်း မှန်သည်ဆိုလျှင်ပင် လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးလောကသည် ပွဲကြမ်းသည့်လောကဖြစ်လာနေကြောင်း သိသာပါသည်။ ဤလောကတွင် ပြိုင်ဘက်များသည် တစ်ဦးကိုတစ်ဦး ငွေဖြင့် ဖိသတ်တတ်ကြ၏။ ထို့ကြောင့် ဖီးလစ်ညီနောင်များကလည်း သူတို့တတ်အားသရွေ့ ငွေလုံးငွေရင်းဖြင့် ရစ်ချ်အား ဖိအားပေးတတ်ကြ၏။ ရစ်ချ်တို့ကုမ္ပဏီကို ငွေမချေးရန်ပင် သက်ဆိုင်ရာဘဏ်များအား ဖိအားပေးခဲ့ကြ၏။ ပြောရမည်ဆိုလျှင် လူသုံးကုန်ပစ္စည်းရောင်းဝယ်ရေးလောကတွင် ဘဏ်ချေးငွေသည် အသက်သွေးကြော ဖြစ်နေသည်။ ဘဏ်ချေးငွေမရလျှင် လူသုံးကုန်ပစ္စည်းရောင်းဝယ်ရေးကို တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် လုပ်ကိုင်နိုင်ဖို့ ခဲယဉ်း၏။ ရစ်ချ် တို့ကုမ္ပဏီ၏ ရည်မှန်းချက်မှာ လူသုံးကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ကိုင်ရင်း ချေးငွေများများ ရနိုင်သလောက် ရယူရန်။ ပြီးတော့ ယင်းငွေများဖြင့် ရေနံရောင်းဝယ်ရေးလောကထဲ တိုးဝင်ရန်။ သို့သော် သူတို့ကုမ္ပဏီအသစ်စက်စက် လေးတွင် ငွေသားမရှိသလို စတော့များ၊ ရှယ်ယာများမရှိ။ ထို့အတူ အပေါင်ခံပစ္စည်းပစ္စယများလည်း မရှိ။ တော်သေးသည်။ ဘဏ်တစ်ဘဏ်က ငွေပမာဏတစ်ခု ထုတ်ချေးဖို့သဘောတူသည်။ ယင်းငွေပမာဏမပြည့်မချင်း အကြိမ်ကြိမ် ထုတ်ယူခွင့်လည်း ပြုခဲ့သည်။

ဤသို့ဖြင့် ရစ်ချ်တို့ကုမ္ပဏီ သက်ဆိုးရှည် ရှင်သန်ရပ်တည်နိုင်ခဲ့လေသည်။

■

## *ရေနံကို ကျေးဇူးတင်ပါသည်*

ကိုယ်ပိုင်ကုမ္ပဏီတည်ထောင်ဖို့ ရစ်ချ်၏ဆုံးဖြတ်ချက်သည် အမှတ်မထင် စိတ်လိုက်မာန်ပါဖြစ်ပေါ်လာခြင်းမဟုတ်။ ခဲ့သည့် တစ်နှစ်လောက်ကပင် ဥက္ကဋ္ဌကြီး ဂျက်ဆယ်လ်ဆန်က ရစ်ချ်စွမ်းဆောင်ထားသည့် အီရန်ရေနံစာချုပ်ကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com


ပြန်လည်ဖျက်သိမ်းပစ်ဖို့ ဖိအားပေးခဲ့သည်လေ။ ထိုစဉ်ကတည်းက ရစ်ချ်သိနေသည်။ သူသည် ဖီးလစ်ညီနောင်များကို အနေးနှင့်အမြန်ဆိုသလို ခွဲခွာရတော့မည်ဖြစ်ကြောင်း။ ထို့ကြောင့် မိမိ၏တွက်ချက် အမှန်တကယ်ဖြစ်လာလျှင် မိမိဘက်က အဆင်သင့်ဖြစ်နေအောင် ပြင်ဆင်ထားခဲ့သည်။

ရစ်ချ်၏ဝှက်ဖဲမှာ အီရန်-အစ္စရေး၏ ရေနံပိုက်လိုင်းကိစ္စတွင် ဆက်လက်ပါဝင်ပတ်သက်နေခြင်း။ သူ၏အဆက်အသွယ်များဖြစ်သော အီရန်မှ အရေးပါအရာရောက်သူများ၏ ကျေးဇူးကြောင့် ၄င်း ရေနံလုပ်ငန်းကိုသူ့ကုမ္ပဏီသို့ မရအရ သယ်ဆောင်သွားနိုင်ခဲ့သည်။ အီရန်နှင့် ကာလရှည် ကန်ထရိုက်စာချုပ် ချုပ်ခဲ့ဖူးသည့် အတွေ့အကြုံကြောင့်ပင် သူသည် နောက်ထပ်ဝယ်လက်တစ်ဦး အဆက်အသွယ် ရပြန်သည်။ သည်တစ်ကြိမ် ဝယ်လက်ကတော့ စပိန်အစိုးရ။ နောက်ထပ်အဆက်သွယ်အရသည့် ဝယ်လက်မှာ အတ္တလန်တစ်ရစ်ချ်ဖီး ကုမ္ပဏီ(အာကို)ဆိုသည့် အမေရိကန်ကုမ္ပဏီဖြစ်၏။ နောင်တော့ ဤကုမ္ပဏီသည် ရစ်ချ်နှင့် အသင့်မြတ်ဆုံးဝယ်လက်တစ်ဦး ဖြစ်လာသည်။

သူတို့၏ ဖြစ်ထွန်းစကုမ္ပဏီပေါက်စကလေးတွင် ရစ်ချ်နှင့် သူ့လုပ်ဖော်ကိုင်ဖက်များသည် အဓိကအားဖြင့် အဆက်အသွယ် ကောင်းသည်။ လူရည်လည်သည်။ လုပ်ရဲကိုင်ရဲရှိကြသည်။ ထို့ကြောင့် တိုတောင်းသောအချိန်ကလေး အတွင်း ရေနံကုမ္ပဏီ တော်တော်များများကို စည်းရုံးသိမ်းသွင်းနိုင်ကြသည်။ ထို့အတူ တွင်တွင်ကျယ်ကျယ် ရောင်းနိုင်အောင် ဝယ်လက်များလည်း ရှာဖွေဆက်သွယ်နိုင်ကြသည်။

အတိုချုပ်ဆိုရသော် သူတို့ကုမ္ပဏီ၏ လုပ်ငန်းများ အောင်မြင်သည်။

နိုင်ဂျီးရီးယားမှ ထွက်သည့် ရေနံစိမ်းကို ပြင်သစ်ကုမ္ပဏီတစ်ခုနှင့် အမေရိကန်ကုမ္ပဏီတစ်ခုသို့ ပြန်လည်တင်ပို့ ရောင်းချသည့် အလုပ်တစ်ခုတည်းမှ ဒေါ်လာ ၁၆၅,၀၀၀ မြတ်သည်။ ပို၍အရေးကြီးသည်မှာ ကုမ္ပဏီနှစ်ခုစလုံးက ရစ်ချ်+ကုမ္ပဏီအမည်ဖြင့် ငွေထုတ်ယူခွင့်စာရင်း (အယ်လ်စီ) ဖွင့်ပေးဖို့ သဘောတူလိုက်ကြခြင်းပင်။ ဤသို့ ငွေထုတ်ယူခွင့် စာရင်းရှိနေလျှင် ဘဏ်မှ ငွေချေးလို့ရမည်။ ငွေချေးလို့ရလျှင် လက်လှမ်းမီသရွေ့ ရေနံစိမ်းများကို မိမိရရ ဝယ်နိုင်မည်။ ထိုသို့ မိမိလက်ထဲမှာ ရေနံရောင်းစာချုပ်တွေ အပိုင်ရှိနေလျှင် ရေနံဝယ်လက်များကလည်း သဘောကျသည်။ နှစ်ခြိုက်သည်။

ဤသို့ဖြင့် သူတို့ကုမ္ပဏီကြီးပွားလာသည်။ သူတို့ကုမ္ပဏီ၏ဘဏ္ဍာရေးဆိုင်ရာ ခံယူချက်အတွေးအမြင်မှာ "တခြား လူတွေရဲ့ ငွေ၊ ဘဏ်ရဲ့ငွေကို လှည့်သုံးပြီး ကုမ္ပဏီအတွက် ငွေရအောင်ရှာရမယ်"ဟူ၍ ဖြစ်ကြောင်း သူတို့ကုမ္ပဏီအ ထမ်းဟောင်းတစ်ဦး ပြန်ပြောပြသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



**၁၉၇၄ ခုနှစ် ရေနံဂယက်လှိုင်း**

လူသုံးကုန်ပစ္စည်း အရောင်းအဝယ်လုပ်ငန်းကို ကိုယ်ပိုင် လုပ်ငန်းအဖြစ် လုပ်ကိုင်လိုသူတစ်ဦးအတွက် ယခုအချိန်သည် အချိန် ကောင်းပင်ဖြစ်တော့၏။ ယွန်းကပူးစစ်ပွဲ၏ နောက်ဆက်တွဲအဖြစ် အာရပ်နိုင်ငံများက ကိုင်စွဲလိုက်သော ရေနံသပိတ်ကြောင့် ကမ္ဘာကြီးသည် အပြောင်းလဲကြီး ပြောင်းလဲလာရတော့၏။ ရေနံသပိတ်ကြောင့် ရေနံဈေးနှုန်းများ ခေါင်ခိုက်အောင် ခုန်တက်ကုန်သည်။ ယင်းဖြစ်စဉ် များကြောင့် တစ်ကမ္ဘာလုံး စီးပွားရေးလှိုင်းဂယက်ဆိုးတွေ ရိုက်ခတ်ကုန်သည်။ ၁၉၇၃ မေလတွင် ဓာတ်ဆီတစ်ဂါလံပေါက်ဈေး (၃၈.၅) ဆင့်မှသည် ၁၉၇၄ ဇွန်လတွင် တစ်ဂါလံ (၅၅.၁)ဆင့်ထိ ခုန်တက်သွားသည်။ အမေရိကပြည်ထောင်စုတွင် ဓာတ်ဆီပြတ်လပ်မှုကြုံရသည်မှာ ဒုတိယကမ္ဘာစစ်ကြီးတွင် ပထမဦးဆုံးအကြိမ်ပင် ဖြစ်တော့၏။ နိုင်ငံတစ်ဝန်းလုံးရှိ ဓာတ်ဆီဆိုင်များတွင် ဓာတ်ဆီတန်းစီသူတွေ မြင်ကောင်းအောင် ရှိတော့၏။ ဓာတ်ဆီဈေးနှုန်းများ နေ့ချင်းညချင်း ခုန်တက်သွားသည့်အတွက် စက်မှုစီးပွားရေးနိုင်ငံများ အကျပ်အတည်းတွေ့ရတော့၏။

လူနာမျက်ဖြူဆိုက်လေ ဆရာကြိုက်လေဟူသော ဆိုရိုးစကားအတိုင်း ဤအချိန်ဤကာလကား ရစ်ချ်နှင့် ဘိုင်ဖော်ကိုင်ဖက်တစ်စုအတွက် လက်ခမောင်းခတ်ရမည့်အချိန်ပင် ဖြစ်တော့၏။ အမေရိကန် ရေနံကုမ္ပဏီများနှင့် မော်တော်ယာဉ်ပိုင်ရှင်များမှာ ဓာတ်ဆီဈေးမြင့် တက်ခြင်းကြောင့် အလူးအလဲ ကျောကော့ခံစားနေရချိန်တွင် ရစ်ချ်နှင့် အပေါင်းအပါလုပ်ငန်းရှင်များကတော့ ရေနံလှိုင်းဂယက်ထဲတွင် ပျော်ရွှင်မြူးထူးစွာ ကခုန်နေကြ၏။ အမေရိကန်နှင့် ဥရောပရေနံကုမ္ပဏီများက ရေနံရမည်ဆိုလျှင် ကြိုက်ဈေးပေးပြီး ဝယ်ယူဖို့အသင့် ဖြစ်နေကြပြီလေ။

"အခြေအနေက ကျွန်တော်တို့အတွက် သိပ်ကောင်းနေတာကလား" ဟု ရစ်ချ်က ရယ်ရယ်မောမော ပြန်ပြောပြသည်။

"သူတို့လက်ထဲမှာ ရေနံပြတ်လပ်နေတယ်။ ရေနံက ကျွန်တော်တို့လက်ထဲမှာ ရှိနေတယ်လေ"

သူ့ကုမ္ပဏီသည် အီရန်နှင့် ကန်ထရိုက်ကို တဖြည်းဖြည်းချင်း တိုးမြှင့်ချုပ်ဆိုနိုင်ခဲ့သည်။ တစ်နှစ်လျှင် ရေနံတန်ချိန်သန်းမှ (၁၀)သန်းအထိ (ခန့်မှန်းခြေ ရေနံစည်သန်း ၆၀မှ ၇၅ သန်းထိ) ဝယ်ယူဖို့သဘောတူစာချုပ်ကြခြင်း။

"အဲဒီနောက် အီကွေဒေါက သူ့ရေနံတွေ ရောင်းနေတယ်လို့ ကျွန်တော် သတင်းကြားရတယ်။ ဒါနဲ့ ကျွန်တော့် လူ ချော်ဟာချ်ကို အီကွေဒေါကို လွှတ်လိုက်တာပေါ့"

အီကွေဒေါတွင် စစ်တပ်က အာဏာသိမ်းပြီး စစ်အာဏာရှင်စနစ်ဖြင့် တိုင်းပြည်ကို အုပ်ချုပ်နေကြောင်း သိရသည်။ စစ်အာဏာရှင် ဗိုလ်ချုပ်ကြီး ဘွန်ဘိတာက တိုင်းပြည်ဘဏ္ဍာငွေများကို စာသင်ကျောင်းများ၊ ဆေးရုံများနှင့် လမ်းများ

bookhouse
www.burmeseclassic.com

www.burmeseclassic.com



တံတားများ ဆောက်လုပ်ရာတွင် ပုံအောသုံးခဲ့သည်။ အဆိုပါ အသုံးစရိတ်များကာမိစေရန် တစ်ဖက်ကပြန်ပြီး ငွေရှာရမည်။ ငွေရှာနည်းမှာ နိုင်ငံပိုင်ရေနံလုပ်ငန်းမှ ရေနံတိုးမြှင့်ထုတ်ပြီး ငွေမာများ (ဒေါ်လာများ)ရအောင် ဖန်တီးရမည်။ ထိုသို့ ဗိုလ်ချုပ်ကြီး၏ အကျပ်အတည်းသည် မာခ့်ရစ်နှင့် အပေါင်းပါတစ်စုအတွက် ကံကောင်းအကြောင်းလှလာခြင်းပင် ဖြစ်တော့၏။

ဟာချဲ့တစ်ယောက် အီကွေဒေါမှ ပြန်ရောက်လာသည်။ သူနှင့်အတူ အီကွေဒေါနိုင်ငံပိုင် ရေနံကုမ္ပဏီနှင့် ကာလရှည် သဘောတူစာချုပ်တစ်စောင်ပါလာသည်။ အဆိုပါ ကန်ထရိုက်မှ ရေနံအများစုကို အာကို(ARCO) အမေရိကန်ကုမ္ပဏီက ဝယ်သွားသည်။

ရစ်ချ်+ကုမ္ပဏီသည် စထွက်ထွက်ချင်း အောင်မြင်လိုက်သည်မှာ ကြောက်ခမန်းလိလိပင် ဖြစ်တော့၏။ ကုမ္ပဏီ၏ ပထမဆုံး နှစ်လည်အရှုံးအမြတ်စာရင်း ရေးဆွဲသောအခါ အသားတင်အမြတ်သန်းပေါင်း (၂၈)သန်းရှိကြောင်း တွေ့ရ၏။ ကုမ္ပဏီအမြတ်ငွေသည် ၁၉၇၅ တွင် ဒေါ်လာသန်း (၅၀)၊ ၁၉၇၆ တွင် ဒေါ်လာ သန်း(၂၀၀)အထိ မယုံနိုင်လောက်အောင် ခုန်တက်သွားလေသည်။

■

## *ပိုသွက်၊ ပိုကြာ၊ ပိုထက်သန်*

ရစ်ချ်၏ နေ့ချင်းညချင်း အောင်မြင်မှုမှာ လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးလောကသားအားလုံး ရပ်သပ်ရှုစေ အံ့ဩမဆုံးဖြစ်ကြရ၏။ ဤသို့ အံ့ဖွယ်အောင်မြင်မှုမျိုး သူတို့ရလာခြင်းမှာ အကြောင်းရင်းသုံးချက်ကြောင့်ဖြစ်၏ ပထမဦးဆုံးသော အကြောင်းရင်းမှာ ရစ်ချ်၏ကုမ္ပဏီက သွေးကောင်းခြင်းဖြစ်သည်။ သူတို့က သိပ်အစိုးရိမ်မကြီး အကြောက်မလွန်။ အရဲကိုးစွန့်စားစရာရှိလျှင် စွန့်စားရဲသည်။ ပြိုင်ဘက်များထက် ထူးထူးကဲကဲ စွန့်စားဝံ့ကြသည်။ ဒုတိယ အကြောင်းရင်းမှာ သူ့ကုမ္ပဏီတွင် သူတို့ကျင်လည်သည့် နယ်ပယ်နှင့်ပတ်သက်၍ အတော်ဆုံးဆိုသည့် လူတော်များ စုနေခြင်း။ နောက်ဆုံးအကြောင်းရင်းကတော့ ရေနံရောင်းဝယ်ရေးကို ခေတ်မီဆန်းပြားပြီး လွတ်လပ်သောစနစ်ဖြင့် စတင်ရောင်းဝယ်ခဲ့သည်မှာ ရစ်ချ်+ကုမ္ပဏီက အဦးဆုံးဖြစ်နေခြင်း။ ရေနံစိမ်းကို ကြိုက်ရောင်းကြိုက်ဝယ် စနစ်ဖြင့် စတင်တီထွင်ရောင်းဝယ်ခဲ့သည်မှာ မာခ့်ရစ်ချ်နှင့် ပင်းကပ်ဂရင်းဖြစ်သည်ဟု ဆိုလျှင် ပုံကြီးချဲ့လွန်းရာ မရောက်နိုင်ပါ

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



မာခ့်ရစ်ချ်+ကုမ္ပဏီအလုပ်လုပ်ပုံမှာ တစ်မူခြားသည်။ အထူးသဖြင့် ဖီးလစ်ညီနောင်များကုမ္ပဏီနှင့် အတွေးအခေါ် ခံယူချက်ချင်း သွင်သွင်ကွဲပြားခြားနားသည်။ ရစ်ချ်+ကုမ္ပဏီက ပို၍ လက်သွက်ပြီး လက်ဦးမှုရယူသည်။ နောက်ပြီး သူတို့က ပြိုင်ဘက်များထက် စိတ်အားထက်သန်မှု ပိုမိုပြင်းပြသည်။ သူတို့က ပစ်မှတ်ထားသည်မှာ ကာလရှည် ကန်ထရိုက်များသာ ဖြစ်၏။ သူတို့အဖွဲ့က အခွင့်အလမ်းများကို တွေ့တတ်မြင်တတ်ကြည့်တတ်သည်။ ပြီးတော့ ပေါ်လာသည့် အခွင့်အလမ်းကို အမိအရဆုပ်ဖမ်းရာ၌ ပြိုင်ဘက်များထက် မြန်သည်။ သွက်သည်။ သူတို့က သူတို့ကိုယ်သူတို့ ပိုင်မြေသစ်တစ်ခုထဲ ထိုးဖောက်ဝင်ရောက်နေသူတွေအဖြစ် ခံယူသည်။

အီကွေဒေါက ရေနံတွေ ရောင်းမယ်တဲ့လား။ အဲဒီကို ချက်ချင်းသွားပေါ့။ နောက်ပြီး သူတို့လောလောဆယ်ရောင်းမယ့် နှစ်စိမ်းလောက်ဖြင့် တင်းတိမ်ရောင့်ရဲမနေနှင့်။ ကာလရှည် သဘောတူစာချုပ်လို့ရအောင် အားထုတ်။

တူရကီက ရေနံဝယ်ချင်လို့ ရောင်းမယ့်သူရှာနေတယ်တဲ့။

"ရေနံအရောင်းအဝယ်ကိစ္စတစ်ခု ဆွေးနွေးဖို့ ပင်ကီနဲ့ကျွန်တော် ဟူစတန်ကိုသွားနေတုန်း တူရကီက ရေနံဝယ်ချင်အကြောင်း သတင်းရတယ်။ တူရကီမှာ နေထိုင်ခဲ့ဖူးတဲ့ ပင်ကီဟာ ဟူစတန်ကို ဆက်မလိုက်တော့ဘဲ အစ္စတန်ဘူလ်ကို ပြေးတော့တာပဲ။ အဲဒီမှာ ကျွန်တော်တို့ မြိုးမြိုးမြက်မြက်စားရမယ့် ကန်ထရိုက်တစ်ခု ရလာတယ်လေ။ ကျွန်တော်တို့က အခြားလူတွေထက် လျင်တယ်။ ခြေလှမ်းသွက်တာကိုး"ဟု ရစ်ချ်က မှတ်မှတ်ရရ ပြန်ပြောပြသည်။

သူတို့၏ အရဲကိုးစွန့်စားလိုစိတ်ရှိခြင်းသည် နောင်တစ်ချိန် ရေနံဂယက်ထချိန်လို အချိန်မျိုးတွင် အသုံးဝင်အကျိုးများအကြောင်း တွေ့ရ၏။ ရစ်ချ်က ရေနံရောင်းနိုင်ငံများအား လက်ရှိပေါက်ဈေးထက် ဈေးပိုပေးဖို့ ဝန်လေးသူမဟုတ်။ ဘယ်သူမျှမပေးသော ဈေးမျိုးပေးပြီး ကာလရှည်အရောင်းစာချုပ်တွေရအောင် ချုပ်ဆိုခဲ့သည်။ ထိုအခါ သူ့ကုမ္ပဏီတွင် ရောင်းတုန်းရေနံ ပြတ်သွားသည်မရှိ။ သူ့ကုမ္ပဏီမှ ရေနံဝယ်ယူလိုလျှင် ကြိုက်ဈေးပေးဖို့ပဲ အရေးကြီးသည်။ နောက်ပြီး ရစ်ချ်က ကမ္ဘာနိုင်ငံရေးအခြေအနေကို လေ့လာဆန်းစစ်တွက်ချက်ထားသည်။ အရှေ့အလယ်ပိုင်းအခြေအနေက ဆက်ပြီး မတည်မငြိမ်ဖြစ်နေဦးမည်၊ တခြိမ်းခြိမ်းရန်ဖြစ် စစ်ပွဲနွှဲနေကြလိမ့်ဦးမည်ဟု။ သည်တော့ နောက်ဆက်တွဲရလဒ်က ရေနံဈေးတက်ခြင်းသာဖြစ်မည်မဟုတ်လား။

"ကမ္ဘာ့ဈေးကွက်က ပြောင်းနေတယ်။ ကမ္ဘာကြီးက နေ့တစ်မျိုး ညတစ်မျိုးပြောင်းလဲနေတယ်။ ဈေးနှုန်းတွေကလည်း တက်ပြီးရင်းတက်နေတယ်"

အဆိုပါတက်နေသည့် ဈေးနှုန်းများက သူ ဈေးကြီးပေးဝယ်ထားသည်ကို ကာမိရုံမကဘဲ အမြတ်ပင်ထွက်ဦးမည် ဖြစ်ရာ သူက သေချာပေါက် တွက်ထားသည်။

the bookhouse
we bring you future

www.burmeseclassic.com

www.burmeseclassic.com



''ကုန်သည်တစ်ယောက်အတွက် အရေးအကြီးဆုံး အရည်အသွေးက အခွင့်အလမ်းကို ကြည့်တတ်မြင်တတ်ဖို့ပါပဲ။ ကျွန်တော် တွေ့ခဲ့မြင်ခဲ့တဲ့ အခွင့်အလမ်းတွေကို တခြားလူတွေ မတွေ့မမြင်ခဲ့ကြဘူးလေ''ဟု ရစ်ချ်က ရှင်းပြသည်။

သူ့စီမံကိန်းများကို လက်တွေ့အကောင်အထည်ဖော်ဖို့ ရစ်ချ်တွင် သင့်မြတ်လျော်ကန်သည့် လူတွေလိုသည်။ ထို့ကြောင့် သူ၏ရှယ်ယာရှင်လေးဦးကို သေသေချာချာစိစစ်ရွေးချယ်ခဲ့သည်။ အစုရှယ်ယာရှင်တစ်ဦး ကမ္ဘာ၏အစိတ်အပိုင်းတစ်နေရာကို တာဝန်ယူရမည်။ ဂျက်ဟာချ်ံ အာဖရိကနှင့် တောင်အမေရိက ဈေးကွက်များကို တာဝန်ယူရသည်။ ဂျွန်ထရက်ဖို့က မြောက်အာဖရိကနှင့် ပြင်သစ်ကို တာဝန်ယူ။ ရစ်ချ်ကိုယ်တိုင်ကတော့ အီရန်မှ ရေနံများကို အဓိကပစ်မှတ်ထားသည်။ နောက်ဆုံး အဲလက်ယက်ကယ်လ်ကတော့ သတ္တုများနှင့် ပတ်သက်ပြီး အရှေ့ဥရောပတစ်ခွင်တွင် လှည့်လည်လှုပ်ရှားနေသည့် သတ္တုဆရာကြီး။

■

*ကြိုက်ရောင်းကြိုက်ဝယ် ဈေးကွက်တီထွင်ဖော်ထုတ်ခြင်း*

နောက်တစ်ယောက်ရှိသေးသည်။ သူ့နာမည်က ပင်းကပ်စ်ဂရင်း။ ရစ်ချ်နံဘေးတွင် သူသာမရှိခဲ့လျှင် ရစ်ချ်သည် သူရရှိခဲ့သည့် ခြိမ့်ခြိမ့်သဲအောင်ပွဲမျိုးတွေကို စိတ်ကူးယဉ်လို့ပင်ရမည်မဟုတ်။ ပင်းကပ်စ်ဂရင်းကို သူတို့က ''ရေတပ်ဗိုလ်ချုပ်ကြီး''ဟု ချစ်စနိုးခေါ်ဝေါ်ကြသည်။ ဂရင်းက သယ်ယူပို့ဆောင်ရေးနှင့် ဘဏ္ဍာရေးတာဝန်ခံ။

''သယ်ယူပို့ဆောင်ရေးအတွက် သင်္ဘောစင်းလုံးငှားတာက တစ်ခါငှားရင် တစ်ခါဈေးစကားပြောပြီး စာချုပ်ရတာကလား။ သူက အရာရာတိုင်းကို သိနေတာဗျ။ ဈေးနှုန်းတွေသာ သိတာမဟုတ်ဘူး။ နည်းပညာပိုင်းဆိုင်ရာတွေလည်း အကုန်သိနေတာ။ စင်းလုံးငှားယာဉ်ရဲ့ အခြေအနေတွေ၊ ဘယ်ဟာဆို လက်ခံနိုင်တယ်။ ဘယ်ဟာဆို လက်မခံနိုင်ပါဘူးဆိုတာတွေရော။ ဘယ်လမ်းကြောင်းတွေဆို အသင့်တော်ဆုံးဖြစ်မယ်ဆိုတာတွေ သူမသိတာ မရှိသလောက်ဘဲ'' ဟု ဂရင်းအကြောင်းရစ်ချ်က ပြန်ပြောပြ သည်။

''ဟိုတုန်းကဆို ကုန်သည်တွေက သယ်ယူပို့ဆောင်ရေးတာဝန်ခံတွေကို အထင်သေး အမြင်သေး ဆက်ဆံကြတယ်။ ပင်းကပ်စ်ဂရင်း ပေါ်လာပြီးတဲ့နောက်ပိုင်း သယ်ယူပို့ဆောင်ရေး တာဝန်ခံတွေ နာမည်ကောင်းရလာတယ်။ လေးလေးစားစား ဆက်ဆံခံရလာတယ်''ဟု သူတို့နယ်ပယ်တွင် အထူးကျွမ်းကျင်သူအဖြစ် ရပ်တည်နေသူတစ်ဦးကလည်း မှတ်ချက်ပြုသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ရစ်ချ်+ကုမ္ပဏီနှင့် ငွေရေးကြေးရေးအရ အများဆုံး ဆက်ဆံခဲ့သည့် ဆွစ်ဇာလန်ဘဏ်လုပ်ငန်းရှင်တစ်ဦးကတော့ "ဂရင်းဟာ ထောက်ပံ့ပို့ဆောင်ရေးနဲ့ ပတ်သက်လာရင် တကယ့်ပါရမီရှင်ပဲဗျို့။ သူဟာ လမ်းခရီးကြန့်ကြာမှု၊ နောက်ကျမှုနဲ့ အကွာအဝေးနဲ့ ဈေးနှုန်းအရ မဆိုစလောက်ကလေး ကွာခြားမှုတွေပေါ် မူတည်ပြီး ကုမ္ပဏီအတွက် အမြတ်မရရအောင် ညှစ်ယူနိုင်တဲ့ လူဗျို့" ဟု ချီးမွမ်းခန်းဖွင့်သည်။

သာဓကအဖြစ် ပြောရမည်ဆိုလျှင် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ကျူးဘားနိုင်ငံကို "ဆိုရှယ်လစ်ညီနောင်နိုင်ငံ" ဆိုပြီး ဆိုဗီယက်ယူနီယံက အသိအမှတ်ပြုသည်။ အကူအညီအထောက်အပံ့ပေးသည်။ ထိုအထဲတွင် ဈေးနှုန်းချိုချိုသာသာဖြင့် ရေနံစိမ်းများ ရောင်းချခြင်းလည်း ပါဝင်သည်။ အဆိုပါ ရေနံပမာဏအားလုံးကို ခရီးကွာလှမ်းလှသော ရုရှနှင့် ကျူးဘားတိုက်ရိုက်သယ်မည့်အစား ကျူးဘားနိုင်ငံပိုင် ကုမ္ပဏီက ရေနံပမာဏတစ်စိတ်တစ်ပိုင်းကို ရစ်ချ်၏ကုမ္ပဏီသို့ ရောင်းသည်။ ပြီးတော့ ကျူးဘားနှင့်နီးသည့် ဗင်နီဇွဲလားမှ ရေနံတွေဝယ်ပြီး ကျူးဘားသို့ပို့သည်။ သည်တော့ ရစ်ချ်က ကျူးဘားသို့ ပို့မည့်ရေနံစိမ်းများကို ဈေးသက်သာစွာဖြင့် ဝယ်ခွင့်ရအောင် ကြိုးပမ်းပြီး ယင်းရေနံကို ကမ္ဘာ့ဈေးကွက်တွင် အမြတ်ဖြင့် ပြန်ရောင်းနိုင်ခဲ့လေသည်။

ဂရင်းက နည်းရောင်းများရောင်းစနစ်ကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ခဲ့သည်။ ညီအစ်မခုနစ်ဖော် ချုပ်ကိုင်ထားသည့်ခေတ်ကာလများတွင် နည်းရောင်းများရောင်းစနစ် လုံးဝမရှိ။ ဝယ်ယူလိုသည့် ပမာဏနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ရောင်းပေးခြင်းမရှိလျှင် ကြိုက်ရောင်းကြိုက်ဝယ်စနစ်လည်း ဘယ်တော့မှ ပေါ်ထွန်းလာမည်မဟုတ်။ ညီအစ်မခုနစ်ဖော်ကတော့ ရေနံ၏ တန်ဖိုးကို တွင်းထဲမှ တူးထုတ်ပြီး နောက်ဆုံး ဓာတ်ဆီဆိုင်သို့ရောက်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ထိန်းချုပ်ထားသည်။ ပြီးတော့ ဈေးနှုန်းကို သူတို့ကပဲ သတ်မှတ်သည်။ ကြိုက်ရောင်းကြိုက်ဝယ်စနစ်တွင် ရောင်းသူရော ဝယ်သူပါ လွတ်လပ်သည်။ ပစ္စည်းဝယ်လိုသူက မိမိဝယ်လိုသည့် ပမာဏကို ဘယ်သူ့ထံမှမဆို ကြိုက်ဈေးဖြင့် ဝယ်နိုင်သည်။ အရေးကြီးသည်မှာ ဝယ်သူနှင့်ရောင်းသူနှစ်ဦး ကျေနပ်ဖို့ပါပဲ။

ပိုမိုလွတ်လပ်သည့် ဈေးကွက်များ ပေါ်ထွန်းလာသည့်အတွက် မဖွံ့ဖြိုးသော နိုင်ငံငယ်များအတွက်အားသာချက်များ ဖြစ်ပေါ်လာစေသည်။ အထူးသဖြင့် အာဖရိကနိုင်ငံများ။ ယင်းနိုင်ငံများတွင် ရေနံသိုက်များရှိသည်။ ခုတော့ သူတို့ပိုင် ရေနံသယံဇာတများကို သူတို့ကိုယ်တိုင် ရှာဖွေ၊ သူတို့ကိုယ်တိုင် တူးဖော်ပြီး သူတို့ကိုယ်တိုင် လွတ်လွတ်လပ်လပ် ရောင်းချနိုင်ကြလေပြီ။ ယခင်ကဆို ရေနံချက်စက်ရုံများ၊ ရေနံတင်သင်္ဘောများမှာ ညီအစ်မခုနစ်ဖော်၏ တင်းကျပ်သော ချုပ်ချယ်မှုအောက်တွင် လှုပ်ရှားကြရသည်။ ယခုတော့ ရစ်ချ်နှင့် ဂရင်း၏ကျေးဇူးကြောင့် လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်ကြပြီ။ ဥပမာ ရေနံတင်သင်္ဘောတစ်စင်းအပြည့် တင်လာသည့် ရေနံစိမ်းများထဲမှ တစ်ဝက်ကို ရစ်ချ်က

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စပိန်ဆိပ်ကမ်းတွင် ချပေးမည်။ ဤသည့်သင်္ဘောတစ်ဝက်စာ ရေနံများကို အမေရိကသို့ သွားပို့မည်။ သူ့လုပ်ရပ်ကို ဝယ်လက်များက ဝမ်းသာအားရကြိုဆိုကြသည်။ ယခုလို ရေနံစိမ်းဂါလံပေါင်းများစွာကို တစ်လုံးတစ်ခဲတည်း ဝယ်ယူရရှိဖို့ ယခင်ကမလွယ်။ ခုတော့ ရေနံကို ထုကြီးထည်ကြီးဖြင့် ဝယ်လို့ရသည်။ ကိုယ့်နိုင်ငံအရောက် ပို့ပေးသည်။ နောက်ပြီး ဈေးနှုန်းလည်း သက်သာသေးသည်။ ပြောရမည်ဆိုလျှင် ရစ်ချ်၏စနစ်က ရောင်းသူရောဝယ်သူပါ အဆင်ပြေသည်။ ထို့ကြောင့် ရေနံရောင်းဝယ်ရေးလောကကြီး အပြောင်းအလဲအကြီးအကျယ် ဖြစ်သွားတော့၏။

တကယ်တော့ ရစ်ချ်က ကမ္ဘာ့နိုင်ငံရေးမတည်ငြိမ်မှုများကို ကြိုတင်အကဲခတ်သိမြင်တတ်သူဖြစ်၏။ ယင်းမတည်ငြိမ်မှုကိုပင် အခွင့်ကောင်းယူပြီး မိမိ၏ အရောင်းအဝယ်လုပ်ငန်း အဆင်ပြေအောင် စီစဉ်ဆောင်ရွက်နိုင်ခဲ့လေသည်။

■

## အောင်မြင်မှု လျှို့ဝှက်ချက် ယုံကြည်စိတ်ချခြင်း

မာခ့်ရစ်ချ်+ကုမ္ပဏီမှ အမှုထမ်းများသည် တက်ကြွအားမာန် အပြည့်ရှိသော လူငယ်များဖြစ်သည်ဟူ၍ နေ့ချင်းညချင်း ကျော်ကြားလာသည်။ လူအများက အသိအမှတ်ပြုလက်ခံလာသည်။ ရစ်ချ်က သူ့အမှုထမ်းများကို အုပ်ချုပ်ရာ၌ အရည်အသွေးအလျောက် မြှောက်စားသည့်စနစ်ကို တိတိကျကျ လိုက်နာကျင့်သုံးသည်။ ရစ်ချ်က တက္ကသိုလ်မှ သင်ပေးလိုက်သည့်ပညာကို သိပ်အားမထား။ ထိုသို့ ကျောင်းပညာကို ထိပ်တန်းတင် ဦးစားပေးမည့်အစား သူ့လူများကို ယုံကြည်စိတ်ချမှု အပြည့်ထားသည်။ နောက်ပြီး လွတ်လပ်မှုပေးသည်။ သူတို့နိုင်သလောက်တာဝန်ကို အပြည့်ယူစေသည်။

"ကျွန်တော်တို့က လူတွေကို ရေကူးကန်ထဲ တွန်းချလိုက်တာဗျ။ ရေကန်ထဲမှာ သူတို့ယက်ကန်ယက်ကန်နဲ့ ရေကူးတတ်အောင် ကျင့်ရင်ကျင့်၊ အဲဒီလိုမှ အားမထုတ်ရင် ရေနစ်ခံပေါ့ဗျာ" သူ့လူတွေအား လေ့ကျင့်ပေးပုံပေးနည်းကို ရစ်ချ်က ပြန်ပြောပြဖူးသည်။

"မာခ့်ရစ်ချ်က ကျွန်တော့်ကို လွတ်လပ်ခွင့်ကို ဝယ်ပေးလိုက်တာကလား။ ကျွန်တော် ဒီကနေ့ ကျွန်တော်ရယ် ဖြစ်လာအောင် သူက တည်ဆောက်ခွင့်ပေးလိုက်တာပါ။ ကုန်သည်တစ်ဦးကတော့ ထိုသို့ပင် ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောသည်။

"သူက တစ်စုံတစ်ဦးကို ယုံကြည်စိတ်ချပြီဆိုရင် တကယ်ယုံကြည်စိတ်ချတာဗျ။ အလုပ်တစ်ခုကို အကောင်းဆုံး ဖြစ်မယ်လို့ ခင်ဗျား ထင်သလိုလုပ်၊ သူက ခွင့်ပြုတယ်။ အဲဒီတော့ ခင်ဗျားအနေနဲ့ ကိုယ်လုပ်တဲ့အလုပ်ထဲကို အကောင်းအသတ်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရောကိုယ်ပါ နှစ်မြှုပ်ထားလို့ရတာပေါ့။ အကောင်းဆုံးဖြစ်မယ်ထင်တဲ့ ဆုံးဖြတ်ချက်ကို ခင်ဗျားဘာသာခင်ဗျား ချမှတ်ဖို့ သူက ခွင့်ပြုထားတယ်လေ''

ရစ်ချ်၏အောင်မြင်မှု လျှို့ဝှက်ချက်တွေထဲမှ တစ်ခုမှာ ယုံကြည်စိတ်ချခြင်းဖြစ်၏။ ယုံကြည်စိတ်ချမှုကြောင့် စီးပွားရေးအရ အားသာချက်များလည်း ရနိုင်ပါသည်။ လူ့အဖွဲ့အစည်းတစ်ခုထဲတွင် အထူးသဖြင့် ကုမ္ပဏီတစ်ခုထဲတွင် ယုံကြည်စိတ်ချမှုရှိခြင်းမရှိခြင်းက ယင်းအဖွဲ့အစည်း အောင်မြင်ဖြစ်ထွန်းမှုကိုရော အများတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းကိုပါ အဆုံးအဖြတ်ပေးကြောင်း ဖရန်းစစ်ဖူကူယာမာက ယင်း၏ ကမ္ဘာကျော် ယုံကြည်စိတ်ချမှု (Trust) စာအုပ်ထဲတွင် ဖော်ပြထားပါသည်။

တစ်ဦးအပေါ်တစ်ဦး ယုံကြည်စိတ်ချမှု နည်းပါးသည့် လူ့အဖွဲ့အစည်းများတွင် လူတွေအချင်းချင်း မညီညွတ်ကြ။ အရေးအကြောင်းဆိုလျှင် သူတို့အချင်းချင်းပြန်လည်ညှိနှိုင်း ဈေးဆစ်နေရတာက မပြီးနိုင်မစီးနိုင်။ မကြာခဏဆိုသလို အချင်းချင်း တရားရုံးမှာ ရင်ဆိုင်ဖြေရှင်းကြရ၏။

ယုံကြည်စိတ်ချမှု မြင့်မားသော လူ့အဖွဲ့အစည်းများ တွင်မူ စီးပွားရေးသမားများက လူတိုင်း အကျင့်အကြံ ကောင်းမျှုံးစည်းကမ်း တူညီမည်ဟု သတ်မှတ်ထားကြသည်။ ထိုသို့ အပြန်အလှန် ယုံကြည်စိတ်ချမှု မြင့်မားလာသောအခါ ထိုအပ်သော အသုံးစရိတ် မကုန်တော့။ အချိန်ကုန်၊ ငွေကုန် သက်သက်သာသာနှင့် အလုပ်ဖြစ်သည့်အတွက် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့ လွယ်လွယ်ကူကူ လမ်းပွင့်တော့၏။

အောင်မြင်ထင်ရှားပြီး နိုဘယ်လ်ဆုရထားသည့် စီးပွားရေးပညာရှင် ကင်းနက်ဂျေအဲရိုးက ''လူမှုရေးဆိုင်ရာစနစ် တစ်ခု အဆင်ပြေချောမွေ့နေရေးအတွက် ထိရောက်အရေးပါတဲ့ ချောဆီကတော့ ယုံကြည်စိတ်ချမှုပါပဲ''ဟု မိန့်ဆိုခဲ့၏။

ကျွန်တော်သည်လည်း ရစ်ချ်၏ ယုံကြည်စိတ်ချမှုကို ရယူနိုင်ခဲ့သောကြောင့် ဤစာအုပ်ဖြောင့်ဖြောင့်တန်းတန်း စိတ်အေးလက်အေး ပြုစုနိုင်ခဲ့ခြင်းဖြစ်၏။ ဤစာအုပ်ဖြစ်မြောက်အောင်မြင်ရေးအတွက် သူက ကျွန်တော့်ကို အချိန်ပေးပြီး အတွေ့ခံခဲ့သည်။ ကျွန်တော်သိလိုသမျှကို စိတ်ရှည်လက်ရှည် ဖြေကြားခဲ့သည်။

နောက်ပြီး ကျွန်တော့်စာမူကို ဖတ်ကြည့်ဖို့၊ လိုအပ်လျှင် ပြင်ဆင်ခွင့်ပေးဖို့ စသည့် ရပိုင်ခွင့်များကိုလည်း မတောင်းဆိုခဲ့။ ဆိုလိုသည်မှာ ကျွန်တော့်ကို ယုံကြည်စိတ်ချသောကြောင့် သူ့အကြောင်းကို ကျွန်တော်မြင်သည့်အတိုင်း ကျွန်တော့်စိတ်ကြိုက် ရေးခွင့်ပြုခဲ့ခြင်း ဖြစ်ပါသည်။

ကုန်သည်များ သုံးလေ့သုံးထရှိသည့် လက်တင်စကားတစ်ခွန်း ရှိ၏။ ယင်းစကားစုမှာ ''ကျုပ်ပါးစပ်က ပြောတဲ့ စကားတစ်ခွန်းဟာ ကျုပ်ရဲ့ ကတိစာချုပ်ပါပဲ''ဟူ၏။ ဆယ့်ခြောက်ရာစုကတည်းက အသုံးပြုခဲ့သည့် စကားစုကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်များကြားတွင် ယနေ့တိုင်ပြောဆဲ၊ ကျင့်ကြံဆဲဖြစ်ပါသည်။ ထိုနည်းတူစွာပင် ရစ်ချ်သည်လည်း ယင်းစကားစုကို အသုံးပြုဆဲ၊ လိုက်နာကျင့်ကြံဆဲဖြစ်ပါသည်။

**ခေါင်းဆောင်မှုနှင့် ပတ်သက်၍ အရေးကြီးဆုံးသဘောတရားကို ပြောပြပါဟု ပြောသောအခါ သူက "ကျွန်တော်လိုက်နာကျင့်ကြံတဲ့ မူဝါဒကတော့ ကျွန်တော်ပြောတဲ့အတိုင်း လုပ်တာပဲ" ဒီတော့ ခေါင်းဆောင်မှုအတွက် အရေးအကြီးဆုံးမူဝါဒဟာ ပြောတဲ့အတိုင်း ဆောင်ရွက်ဖို့ပါပဲ"ဟု အဖြေပေးခဲ့သည်။**

**ရစ်ချ်လက်အောက်တွင် ဥပဒေပညာရှင်အဖြစ် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့သော ရောဘတ်ဖင့်အား ရစ်ချ်၏ ခွန်အားများအကြောင်း မေးကြည့်သောအခါ...**

**"ရစ်ချ်ဟာ စကားတစ်ခွန်းကို ဆိုခဲစေမြဲစေဆိုတဲ့လူဗျ။ သူဟာ အားထားလောက်တယ်။ စကားတည်တယ်။ ဖြောင့်မတ်မှန်ကန်တယ်။ သူ့မှာ အဲဒီအရည်အချင်းတွေရှိနေတာဟာ သူ့ရဲ့ အောင်မြင်မှုအကြောင်းရင်းတွေပေါ့"ဟု** ရောဘတ်ဖင့်က ချင့်ချင့်ချိန်ချိန် စဉ်းစဉ်းစားဖြေပါသည်။

၁၉၇၀ ပြည့်လွန်နှစ်များတုန်းကဆို ကုန်သည်များအားပြုရသည်မှာ ယုံကြည်မှုနှင့် အားထားလောက်ခြင်းတို့သာရှိ၏။ ထိုခေတ်တုန်းက ဈေးကွက်များသည် ယခုခေတ်ဈေးကွက်များလို ပွင့်လင်းမှုမရှိ။ ထင်သာမြင်သာမှုမရှိ။ ထိုခေတ်တုန်းက ယခုခေတ်လို အင်တာနက်မရှိ။ လက်ကိုင်တယ်လီဖုန်းများမရှိသေး။ နေ့စဉ်ထုတ်ဝေသည့် စီးပွားရေးသတင်းစဉ်များမရှိသေး။ ကုန်ပစ္စည်းတစ်ခု၏ ဈေးနှုန်းအနိမ့်အမြင့်ကို အကဲဖြတ်ဖို့မလွယ်။

သည်တော့ ဆက်စပ်ပတ်သက်သူများ၏ ယုံကြည်စိတ်ချမှုကို ရထားသည့် စီးပွားရေးသမားတစ်ဦးသည် သူ့ပြိုင်ဘက်များထက် တစ်ပန်းသာမှုကို ရတော့၏။

■

### *အလုပ်ကြောင့် အရူးတစ်ပိုင်းမဖြစ်ပါစေနှင့်*

ရစ်ချ်၏လူများကတော့ သူတို့အလုပ်ရှင်အပေါ် သစ္စာထားမှု မြင့်မားသည်။ နောက်ပြီး သူလိုကိုယ်... အဆင့်ထက်သာအောင် အလုပ်ကြိုးစားချင်စိတ်ရှိကြသည်။ "သူတို့မှာ ဒီပလိုမာတွေ၊ ဒီဂရီ တွေ မရှိကြဘူး။ ဒါပေမယ့် အလုပ်ကို ကျားကုတ်ကျားခဲလုပ်ကြတယ်။ လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်ကို ထိန်းသိမ်းတတ်ကြတယ်"ဟု ရစ်ချ်က ပြောသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

ကုမ္ပဏီဝန်ထမ်းများအနေဖြင့် တစ်နေ့လျှင် တစ်ဆယ့်ငါးနာရီ (သို့မဟုတ်) တစ်ဆယ့်ခြောက်နာရီ အလုပ်လုပ်သည်ဆိုခြင်းမှာ မြင်ရိုးဖြစ်စဉ်မဟုတ်။ မြင်နေကျတွေ့နေကျ ကျင့်စဉ်မဟုတ်။

"ကျွန်တော်က အလုပ်လုပ်ရတာကိုပျော်နေတာဗျ။ ကျွန်တော် ခုနစ်နာရီလေးဆယ့်ငါးမှာ ရုံးတက်ပြီး နောက်တစ်နေ့ မနက်ခင်းအားကြီး တစ်နာရီမှာမှ ရုံးဆင်းတာ။ ရုံးကို စနေနေ့လည်း သွားတယ်။ တနင်္ဂနွေနေ့လည်း သွားတယ်။ ခရစ်စမတ်နေ့မှာရော နှစ်သစ်ကူးနေ့မှာပါ ရုံးတက်တယ်။ ကျွန်တော့်လိုပဲ တခြားကုန်သည်အမှုထမ်းတွေလည်း လာကြတယ်လေ"ဟု ကုန်သည်ဝန်ထမ်းတစ်ဦးက ပြောသည်။ ထို့နောက် သူက တိုးတိုးတိတ်တိတ် ကျိတ်ဝန်ခံသည်မှာ "ကြာလာတော့ ကျွန်တော် အလုပ်မလုပ်ရမနေနိုင်တဲ့ အလုပ်စွဲရောဂါ ရလာတော့တာ ပါပဲဗျာ"ဟူ၏။

တချို့ဆိုလျှင် အလုပ်မှထွက်ပြီးအနားယူထားသည့်တိုင် သူတို့၏ အဆက်အသွယ်ဟောင်းများ တယ်လီဖုန်းနံပါတ်တွေ၊ လိပ်စာ တွေကို တခုတ်တရသိမ်းဆည်းထားကြခဲ့။ ထို့ကြောင့် ထိုသို့ ဖြစ်နေသောကုန်သည်တစ်ဦးအား "ရှင်တို့ ဒီလောက်ကြီးလည်း အရူးတစ်ပိုင်းဖြစ်မသွားစေနဲ့လေ"ဟု အမျိုးသမီးတစ်ဦးက သတိပေးရသည်ဆို၏။

ရစ်ချ်၏ဝန်ထမ်း ကုန်သည်များသည် တစ်ခါတစ်ခါ သူတို့နယ်ပယ်၌ ထင်ပေါ်ကျော်ကြားသူများ ဖြစ်သွားတတ်သည်။ လုပ်ငန်းတစ်ခု အောင်မြင်လျှင် ရလိုက်သည့်ငွေတွေမှာ သောက်သောက်လဲ။ သူတို့ရသည့်ငွေပမာဏမှာ ရင်းနှီးမြှုပ်နှံသူ ငွေထုတ်ပေးသည့်ဘဏ်ကရသည့် ငွေပမာဏထက်ပင် များနေသေးသည်။ သူတို့ကုမ္ပဏီမှာ သန်းကြွယ်သူဌေးတွေ တစ်ယောက်ပြီးတစ်ယောက် မွေးထုတ်ပေးနိုင်သည့်အတွက် ရစ်ချ်ကတော့ ဂုဏ်ယူမဆုံး၊ ဝမ်းသာမဆုံး။ နောက်ပြီး ဝန်ထမ်းများကို ကုမ္ပဏီတွင် အစုရှယ်ယာများ ထည့်ဝင်ခွင့်ပြုခဲ့သည်။ ယင်းကျင့်စဉ်မှာ သူတို့ခေတ် သူတို့အခါတုန်းကတော့ ရဲဝံ့တော်လှန်သော ခြေလှမ်းတစ်ရပ်ပင် ဖြစ်တော့၏။

"သူတို့တစ်တွေ ငါ့ကုမ္ပဏီအတွက် ငါ့အလုပ်လုပ်နေတာ"ဆိုတဲ့ ခံစားချက်မျိုး ခံစားစေချင်တယ်လေဟု ရစ်ချ်က ပြောသည်။ သူတို့ကုမ္ပဏီရှယ်ယာများကို အတွင်းရေးမှူးမိန်းကလေးများပင် ဝယ်ယူခွင့်ရှိသည်။

ဝန်ထမ်းအဖြစ် ရွေးချယ်ခန့်အပ်ခြင်းနှင့် ပတ်သက်သည့် ရစ်ချ်၏ စံကို မေးကြည့်ရာ "လူတစ်ယောက်ဟာ အလုပ်လုပ်လိုက်မဟဲ့ဆိုတဲ့ မီးဟာ ရင်ထဲမှာ အလျှံတညီးညီး တောက်လောင်နေရမယ်။ သူ ဒါမှမဟုတ် သူမဟာ မိမိရဲ့အလုပ်ကိုယ် မြတ်နိုးတွယ်တာရမယ်။ သူတို့အနေနဲ့ အလုပ်ကို ပင်ပင်ပန်းပန်းနဲ့ အလုပ်ချိန်အများကြီး လုပ်ကိုင်ချင်စိတ် ရှိရမယ်။ သူတို့ဟာ ဖွဲနပဲနဲ့ သဲကြီးမဲကြီး လုပ်နိုင်ရမယ်"ဟု ရစ်ချ်က ပြောပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာ့ရွာပြုခြင်းကို ရှေးဦးတီထွင်သူ

"မာခ့်ရစ်ချ်က ရှေးဦးတီထွင်သူတစ်ဦးပါ။ ကမ္ဘာကြီးဟာ အနေးနဲ့အမြန် ရွာကြီးတစ်ရွာလို ဖြစ်လာတော့မယ်ဆိုတာ သူက သဘောပေါက်နားလည်ထားတဲ့လူလေ။ ကမ္ဘာ့ရွာပြုဖို့ အဓိကလိုအပ်တဲ့ သော့ချက်တွေထဲက တစ်ချက်ကတော့ ရေနံပါပဲ။ ရေနံဆိုတာ လူတိုင်းအတွက် လိုအပ်ချက်တစ်ခုပဲ"

ရစ်ချ်ရေနံအရောင်းအဝယ်လုပ်ငန်း စလုပ်ကတည်းက ရစ်ချ်နှင့် တွဲလုပ်ခဲ့သည့် ကုန်သည်တစ်ဦးက အထက်ပါအတိုင်း ပြောသည်။ ရစ်ချ်နှင့် နှစ်ပေါင်းများစွာ လက်တွဲအလုပ်လုပ်ခဲ့သော ရေနံကုန်သည်များက ပြောပြသော အလားတူ ထင်မြင်ချက်ပေါင်းများစွာကိုလည်း ကြားခဲ့ရပါသည်။

"အဲဒီခေတ် အဲဒီအခါတုန်းက ရေနံဆိုတာ လူတိုင်းမက်မော တဲ့ ကုန်ပစ္စည်းတစ်မျိုးပေါ့။ ဒီတော့ ကျွန်တော်တို့ ရေနံကုန်သည်တွေဟာလည်း ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ဖြစ်နေတာပေါ့ဗျာ။ လမ်းကြောင်းက လုံးဝ အသစ်အဆန်းလေ။ ကျွန်တော်တို့ ကိုင်တဲ့ပစ္စည်းက စီးပွားရေးလောကမှာ ကုန်ပစ္စည်းအသစ်ဖြစ်နေတာကလား"

ရစ်ချ်နှင့်တကွ သူ၏လုပ်ဖော်ကိုင်ဖက်များ ဈေးကွက်အသစ်များ ကြိုးစားဖော်ထုတ်ခဲ့ကြသည် ဆို၏။ ထိုအချိန် ထိုကာလများမှာ သူတို့ဘဝများတွင် စိတ်ဝင်စားစရာ အကောင်းဆုံးနှင့် စိတ်လှုပ်ရှားစရာအကောင်းဆုံးအချိန်ကာလများ ဖြစ်ခဲ့သည်ဆို၏။

"လွတ်လပ်ရေးရပြီးစနိုင်ငံတွေကို သွားပြီး စီးပွားရေးလုပ်ငန်း အခွင့်အလမ်းတွေ ရှာရတာ တယ်ပြီး ကြည်နူးကျေနပ်စရာကောင်းတဲ့ အလုပ်တစ်ခုပဲ"

၁၉၆၀ နှင့် ၁၉၇၀ ပြည့်လွန်နှစ်များတွင် လွတ်လပ်ရေးရလာသည့် အာဖရိကနိုင်ငံများသို့ သွားရောက်ကာ စီးပွားရေးလုပ်ကွက်များ ရှာခဲ့သည့် ကုန်သည်တစ်ဦးက ပြောပြသည်။

"အချက်အချာကျတဲ့ ပုဂ္ဂိုလ်တွေက ဘယ်သူတွေလဲ။ သူတို့နဲ့ အဆက်အသွယ်ရအောင် ဘယ်လိုလုပ်ရမလဲ။ ကိုယ်လုပ်နိုင်မယ့်လုပ်ကွက်တွေက ဘာလဲ။ အဲဒီလို လုပ်ငန်းတွေရှာဖို့အတွက် ကိုယ့်ကို ကျောထောက်နောက်ခံပြုထားတာက မာခ့်ရစ်ချ်+ကုမ္ပဏီလေ။ ခင်ဗျား သန်းတစ်ရာတန်လုပ်ငန်းရမယ်ဆိုလည်း စေ့စပ်ညှိနှိုင်းခဲ့၊ နောက်မတွန့်ဘူးဆိုတဲ့ ကုမ္ပဏီမျိုးလေ။ အဲဒီလို သိထားစိတ်ကလေးနဲ့ အလုပ်လုပ်ရတာ အားကြီး ကြည်နူးစရာကောင်းတာဗျ"

"ကျွန်တော်တို့ဟာ ကမ္ဘာသစ်တွေ ရှာဖွေဖော်ထုတ်ခဲ့တာဗျ။ တကယ်တမ်းပြောရရင် ၁၉၆၀ နဲ့ ၁၉၇၀ ပြည့်လွန်နှစ်တွေဟာ ကမ္ဘာ့ရွာဖြစ်ခြင်း စတင်ခဲ့တဲ့ နှစ်ကာလတွေပါ"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ စီးပွားရေးလုပ်ဖို့ အခွင့်အလမ်းကောင်းကြီးတစ်ရပ် ပေါ်ထွန်းလာခြင်း။ ယင်းအခွင့်အလမ်းကို ဆွတ်တမ်း အသုံးချဖို့ ရစ်ချ်လောက် ဘယ်သူမျှ လျင်မြန်ဖျတ်လတ်ခြင်းမရှိခဲ့။ ထို့ကြောင့် အခွင့်အလမ်းများပေါ်လာ ပြီး ငါးနှစ်အတွင်း သူ့ကုမ္ပဏီကို ကုန်သွယ်ရေးအင်ပါယာကြီးတစ်ခုအဖြစ် တည်ထောင်နိုင်ခဲ့လေသည်။ ၁၉၇၀ ပြည့်လွန် နှစ်များ အကုန်ပိုင်းလောက်တွင် မာခ့်ရစ်ချ်+ကုမ္ပဏီသည် ကမ္ဘာ့အရပ်ရပ်တွင် ရုံးခွဲပေါင်းသုံးဆယ် ဖွင့်ထားရပြီဖြစ်၏။ အစုစပ်လုပ်ငန်းရှင်ငါးဦးက ကိုယ့်နယ်မြေနှင့်ကိုယ် ပိုင်းခြားတာဝန်ယူဆောင်ရွက်ကြသည်။ နယူးယောက်(ရစ်ချ်နှင့် ဂရင်း)၊ လန်ဒန်(ဂျွန်ထရက်ဖို့)၊ မဒရစ်(ဂျက်ဟာချ်)နှင့် ဇပ်(အဲလက်ဟက်ကယ်လ်)တို့ ဖြစ်၏။

ထို့နောက် ရေနံလောကတစ်ခုလုံး လှုပ်ခတ်သွားစေသည့်အပြောင်းအလဲတစ်ခု ဖြစ်ပေါ်ပြန်သည်။ ၁၉၇၉ ခု၊ ဇန်နဝါရီလ (၁၆)ရက်၊ အင်္ဂါနေ့တွင် နှစ်ပေါင်း ၂၅၀၇ ခုနှစ်တိုင်တိုင် သက်တမ်းရှည်ခဲ့သည့် ပါရှန်သက်ဦးဆံပိုင်ဘုရင် စနစ်ကြီး ချုပ်ငြိမ်းသွားခြင်း။ ထိုနေ့ထိုရက်တွင် ဘုရင်ကြီး မိုဟာမက်ရီဇာရှားပါလဗီနှင့် မိဖုရား ဖာရာဒီဘာတို့သည် အီရန်ပြည်မှ ထွက်ခွာသွားကြသည်။ တရားဝင်ထုတ်ပြန်ကြေညာချက်များအရတော့ ဘုရင်ကြီးနှင့်မိဖုရားကြီးသည် အီဂျစ် ပြည်သို့ အပန်းဖြေခရီးထွက်သွားသည်ဆို၏။ သို့တိုင် ဘုရင်ကြီးနှင့် ဘုရင်မကြီးသည် မိမိတို့တိုင်းပြည်သို့ ရာသက်ပန်ပြန် လာတော့မည်မဟုတ်ကြောင်းကိုမူ ဘယ်သူမျှ မသိခဲ့ကြပါချေ။ အီရန်နှင့်သူတို့စံမြန်းသွားသည့် နောက်ဆုံးကာလများတွင် ရှားဘုရင်ကြီး၏ သက်ဦးဆံပိုင်ဘုရင်စနစ်ကို ကန့်ကွက်ဆန့်ကျင်သူများ ပေါ်ပေါက်ခဲ့၏။ အုပ်ချုပ်ရေးပိုင်းနှင့် ဆန့်ကျင် ကန့်ကွက်သူများအကြား ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခသည် ပြည်တွင်းစစ်ဖြစ်လုနီးအခြေသို့ ရောက်ခဲ့သည်။ ခူဇက်စတန်နယ် တွင် ဖြစ်ပေါ်ခဲ့သည့် ရေနံသပိတ်တိုက်ပွဲက တိုင်းပြည်၏ စီးပွားရေးကို ချည့်နဲ့သွားစေသည်။ တိုင်းပြည်၏ ရေနံရောင်း ဝယ်ရေးပမာဏကိုလည်း သိသိသာသာလျော့ကျသွားစေသည်။ ရှားဘုရင်ပြုတ်ကျသွားခြင်းမှာ ရစ်ချ်အတွက် အရှိက်အထိုး ထိုက်ရသလိုဖြစ်စေ၏။ ရှားဘုရင်မရှိတော့သည့်အတွက် သူ၏အရေးပါအရာရောက်ဆုံး စီးပွားဖက် အီရန်နိုင်ငံကိုလည်း ဆုံးရှုံးရချေတော့မည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၈
## အယာတိုလာခိုမေနီနှင့် ကုန်သွယ်မှုပြုခြင်း

ရစ်ချ်ကိုယ်ပိုင်ကုမ္ပဏီတည်ထောင်ပြီးကတည်းက ရစ်ချ်အတွက် အရေးပါအရာရောက်ဆုံး ရေနံရောင်းနိုင်ငံမှာ အီရန်ဖြစ်၏။ သူ့ကုမ္ပဏီက အီရန်မှ ရေနံစိမ်းမက်ထရစ်တန် (၈)သန်းမှ (၁၀)သန်းထိ နှစ်စဉ် ဝယ်ယူခဲ့သည်။ ယင်းနှုန်းဖြင့်တွက်လျှင် တစ်နေ့လျှင် ရေနံစည်ပေါင်း ၂၀၀,၀၀၀ နေ့စဉ် ဖြန့်းပေးနေသည့်သဘော။

ခုတော့ အီရန်နိုင်ငံ၏ ရှားဘုရင်နန်းစွန့်သွားရပြီဆိုတော့ ရစ်ချ် တော်တော်ကြီး အခက်တွေ့သွားသည်။ သူ၏စီးပွားရေးသမား သက်တမ်းတစ်လျှောက်တွင် အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်နှင့် ရင်ဆိုင်လိုက်ရခြင်း။ သူ၏ စီးပွားရေးသက်တမ်းတွင် အီရန်မှ ရေနံများသာ မပါဝင်လျှင် သူ့တစ်သက် ရေနံဘုရင်ဟူ၍ လုံးဝဖြစ်လာမည်မဟုတ်ချေ။

သည်တော့ ဆုံးရှုံးဖို့အခွင့်အလမ်းများနေသည့် သူတို့လုပ်ငန်းကို ဘယ်လိုကယ်တင်မည်လဲ။ သည်တော့ အီရန်သို့သွားပြီး အဆက်အသွယ်အသစ်များ ရလိုရငြား သွေးတိုးစမ်းကြည့်ဖို့ ဂရင်းက အကြံပြုသည်။ ဂရင်းက အီရန်နှင့် ပတ်သက်၍ နှံ့နှံ့စပ်စပ် သိထားသူ။ သူက ဖာရစီဘာသာစကားကိုပင် ပြောတတ်သူ။ ရှားဘုရင်နန်းစွန့်ရသည့် သီတင်းနှစ်ပတ်အတွက် အီရန်မြို့တော် တဟီရန်သို့ သွားလိုကြောင်း လေကြောင်းခရီးစဉ်တွေ ဖျက်သိမ်းထားသည်။ လေဆိပ်ကို ပိတ်ထားသည်။

သို့သော် လေဆိပ်ပြန်ဖွင့်သည့် ၁၉၇၉ ခုနှစ်၊ ဖေဖော်ဝါရီ (၁)ရက်တွင် အီရန်နိုင်ငံ၏ မီရာကတ်နိုင်ငံတကာလေဆိပ်သို့ ဂရင်း

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ရောက်နေတော့၏။ ဤသို့ သွားဖို့ရာဆိုသည်မှာ တော်ရုံတန်ရုံသတ္တိနှင့် သွားဝံ့မည်မဟုတ်။ ဘာကြောင့်ဆို အမေရိကန် လူမျိုးတစ်ယောက်အနေဖြင့် အီရန်သို့သွားရောက်လည်ပတ်ရန် မသင့်လျော်သည့် အချိန်ဖြစ်သောကြောင့်ပင်။ အီရန် ရေတချို့တစ်ဝက်သည် အမေရိကပြည်ထောင်စုအပေါ်ထားရှိသည့် မုန်းတီးမှုကို မြိုသိပ်မထားနိုင်ကြ။ သူတို့မကြည်ညို စားသည့် ရှားဘုရင်ကြီးကို အမေရိကပြည်ထောင်စုက ကူညီဒေါက်ထောက်ထားခဲ့သည်ဟု သူတို့က ယူဆသည်။ ဘုရင်နှင့် သိုသိုသိပ်သိပ်ဆက်ဆံခဲ့သော အစိုးရကိုလည်း သူတို့က မုန်းတီးဆန့်ကျင်ကြသည်။ ထို့ကြောင့် အစိုးရ ပိုက်လိုင်းဖြင့် ရေနံပို့ပေးနေခြင်းကို ချက်ချင်း ရပ်ဆိုင်းပစ်ကြသည်။ ဂရင်းတစ်ယောက် မီရာဘတ်လေဆိပ်သို့ ရောက်သည်နှင့် ပြဿနာတွေ စတင်တွေ့ရတော့၏။ အီရန်လူဝင်မှုကြီး ကြပ်ရေးတာဝန်ခံက ဂရင်း၏ အမေရိကန် နိုင်ငံကူးလက်မှတ်ကို ချက်ချင်း သိမ်းဆည်းလိုက်သည်။ မိမိ၏နိုင်ငံကူးလက်မှတ်ကို ပြန်ပေးရန် ဂရင်းက ယဉ်ယဉ် ကျေးကျေး၊ ချိုချိုသာသာ။ သို့သော် ခိုင်ခိုင်မာမာ တောင်းဆိုသည်။ သည်လက်မှတ် မရှိလျှင် သူ့အနေဖြင့် အီရန်နိုင်ငံအတွင်း နေရာကိုမျှ လှည့်လည်သွားလို့ရမည်မဟုတ်ဟု အကြောင်းပြသည်။ သို့သော် လူဝင်မှုကြီးကြပ်ရေးအရာရှိက ဦးခေါင်းကို ခါသည်။ သည်ပုဂ္ဂိုလ် မိမိ၏ နိုင်ငံကူးလက်မှတ်ကို ပြန်ပေးမည် မဟုတ်ကြောင်း ဂရင်းသိလိုက်သည်။

သို့သော် သူက သာမန်သူလိုကိုယ်လို ကုန်သည်တစ်ဦးမှ မဟုတ်ဘဲ။ ပြဿနာအသစ်များအတွက် အဖြေရှာရာ၌ ဥာဏ်ဖြင့် အဖြေရှာဖြေရှင်းတတ်သူတစ်ဦးပဲ။ လူဝင်မှုကြီးကြပ်ရေးအရာရှိလည်း သိက္ခာမကျ၊ မိမိလည်း နိုင်ငံကူး လက်မှတ်ပြန်ရစေမည့်နည်းလမ်းကို ကြံဆရမည်ဆိုတာ သူသိသည်။ ထို့ကြောင့် မိမိ၏ နိုင်ငံကူးလက်မှတ်ကို သိမ်းယူ သည်မှာ မှန်ကန်ကြောင်း လက်မှတ်ထိုးထားသည့်စာတစ်စောင်ရအောင် ဖာရစီဘာသာစကားဖြင့် ပြောပြီး တောင်းယူ သည်။ သူ့စိတ်ကူးမှန်သွားသည်။ အရာရှိက စာရွက်တစ်ရွက်ပေါ်တွင် ဂရင်း၏အမည်၊ မွေးနေ့နှင့် နိုင်ငံကူးလက်မှတ်နံပါတ် တို့ကိုရေးပြီး လက်မှတ်ထိုးသည်။ ပြီးတော့ တရားဝင်တံဆိပ်တုံးပါ ရိုက်ပေးသည်။

■

## ပြန်လာခြင်း

ထိုနေ့... ၁၉၇၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့မှာပင် ထောင်ပေါင်းများစွာသော လူထုကြီးသည် ဘတ်လေဆိပ်တွင် စုဝေးရောက်ရှိနေကြသည်။ သူတို့သည် တစ်စုံတစ်ဦး စောင့်မျှော်နေကြခြင်း။ နောက်ဆုံး သူတို့

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သောင်းသောင်းဖျဖျ စောင့်မျှော်ကြိုဆို နေသူသည် အဲဖရန့်လေကြောင်းမှ ဘိုအင်း ၇၄၇ လေယာဉ်ကြီးဖြင့် ရောက်လာသည်။ သူတို့ စောင့်မျှော်ကြိုဆိုနေသူကား အသက်ခုနစ် ဆယ့်တစ်နှစ်ရှိပြီဖြစ်သည့် အယာတိုလာရူဟိုလာခိုမေနီပါတည်း။ သူသည် ပြည်နှင်ဒဏ်ခတ်ခြင်းခံရသည့်အတွက် ပြင်သစ်ပြည်တွင် သွားရောက်နေထိုင်ခဲ့ရသည်မှာ (၁၅)နှစ်ကြာခဲ့ပြီဖြစ်၏။ နောက် လေးရက်အကြာတွင် ခိုမေနီက အစ္စလာမ္မစ်တော်လှန်ရေးအစိုးရဖွဲ့ပေး ခဲ့သည်။

ယင်းဖြစ်ရပ်များ ဖြစ်ပျက်နေသည့် ကာလတစ်လျှောက်လုံး ဂရင်းသည် အီရန်တွင် သောင်တင်နေသည်။ သူ ဘာမျှ လှုပ်ရှားလို့ မရ။ သူ့လက်ထဲတွင် နိုင်ငံကူးလက်မှတ်မရှိ။ သူ ဘာအလုပ်မျှ လုပ်ခွင့်မရ။ ဘယ်ကိုမျှ သွားလာခွင့်မရ။ ဖပ်ရုံးချုပ်မှ သူ၏လုပ်ဖော် ကိုင်ဖက်များက သူ့အတွက် စိုးရိမ်သောကဖြစ်စပြုလာကြပြီ။ ထိုအချိန်မှာပင် ဂရင်းက သူသည် လူ့အကြော နောကြေလွန်းသော ကုန်သည်တစ်ဦးဖြစ်ကြောင်း သက်သေပြလိုက်၏။ အီရန်သို့ရောက်ပြီး သီတင်းတစ်ပတ်အကြာတွင် သူက အကောက်ခွန်ရုံးသို့ သွားသည်။ နောက်ပြီး သူ့နိုင်ငံကူးလက်မှတ်ကို အရပြန်ယူခဲ့သည်။ သူ့လက်ထဲ နိုင်ငံကူးလက်မှတ်ပြန်ရောက်သည်နှင့် အချိန်မဆိုင်းဘဲ အီရန်မှ ထွက်ခွာခဲ့တော့၏။ အီရန်တွင်နေထိုင်သော အမေရိကန်များနှင့် ဂျူးများမှာ ကိုယ့်အသက်ကိုယ် ဖက်ဖြင့်ထုပ်ထားရသည့်အချိန်ကာလမဟုတ်လား။

အယာတိုလာခိုမေနီပြည်တော်ပြန်လာပြီး သီတင်းနှစ်ပတ်အကြာတွင် အစွန်းရောက်ဘာသာရေးသမားများ ပွဲကြမ်း တော့၏။ ရှားဘုရင်လက်ထက်က အမှုတော်ထမ်းခဲ့သည့် ဒါဇင်ပေါင်းများစွာသော ဝန်ကြီးများကို ရုံးတင်စစ်ဆေးကြသည်။ အစ္စလာမ္မစ်တရားရုံးတော်က သူတို့အားလုံးကိုသေဒဏ်အမိန့်ချသည်။ စစ်ဘက်နှင့် ရဲဘက်မှ အရာရှိထောင်ပေါင်းများစွာ ကို ဖမ်းသည်။ သေနတ်ဖြင့် ပစ်သတ်ကြသည်။ အီရန်အစိုးရက အစ္စရေးနှင့် အဆက်အသွယ်အားလုံးကို ဖြတ်တောက်လိုက် သည်။ အစ္စလာမ်ဘာသာနှင့် မွတ်စလင်လူမျိုးများအတွက် အစ္စရေးသည် တမြည့်မြည့်ဒုက္ခပေးမည့် ကင်ဆာရောဂါဖြစ်သည် ဟု ခိုမေနီက ကြွေးကြော်သည်။ အီရန်ပြည်တွင်းမှာ ပွဲကြမ်းလွန်းသဖြင့် နိုင်ငံတကာမှ လာရောက်ဖွင့်လှစ်ထားသည့် ကုမ္ပဏီတွေ ရုပ်သိမ်းသွားကြသည်။ ထိုသို့သော စီးပွားရေးကုမ္ပဏီများထဲတွင် ရုပ်သိမ်းခြင်းမပြုဘဲ တင်းခံနေသည့် ကုမ္ပဏီတစ်ခုရှိ၏။ ယင်းကုမ္ပဏီကား မာခ့်ရစ်ချ်+ကုမ္ပဏီ။ သူတို့က ပြည်တွင်းရေး မငြိမ်သက်တာတွေ၊ နိုင်ငံရေး မတည်ငြိမ်မှုတွေ၊ အစိုးရ အပြောင်းအလဲတွေကို တွေ့ဖူး ကြုံဖူးနေပြီ။ ထုသားပေသားရနေပြီ။ နောက်ပြီး အီရန်ရေနံက သူတို့အတွက် အလွန်အရေးကြီးသည်။ ရရှိထားသည့် သည်အခွင့်အရေးကြီးကို ဘယ်နည်းနှင့်မျှ လက်လွှတ်မခံချင်။

တဟီရန်ရှိ သူတို့ကုမ္ပဏီကိုယ်စားလှယ်သည် ပြင်သစ်လူမျိုးတစ်ဦး။ အီရန်တွင် အလုပ်လုပ်ခဲ့သည်မှာ နှစ်ပေါင်း တော်တော်ကြာပြီ။ နိုင်ငံရေး အပြောင်းအလဲကာလအတွင်း ယင်းကိုယ်စားလှယ်က ပြင်ပလောကနှင့် အဆက်ပြတ်ထား ခဲ့သည်။ မိမိ၏ရုံးအဆောက်အအုံထဲသို့ ဟိုမှသည်မှ လွင့်ပျံလာသော ကျည်ဆန်များဝင်မလာနိုင်အောင် အကာအရံများထ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



မြှုလုပ်ထားရ၏။ ယင်းကိုယ်စားလှယ်၏ ဖွဲ့ကောင်းခိုင်မာစွာ ရပ်တည်နိုင်စွမ်းကြောင့် သူတို့အားလုံး အကျိုးအမြတ် ခံစားကြရလေသည်။ အီရန်ပြည်မှ အစ္စလာမ္မစ်တော်လှန်ရေးအရှိန်ကြောင့် ကမ္ဘာ့ရေနံလောကတွင် အကြီးအကျယ် လှုပ်ခတ်သွန်ခါသွားသည်။ ကမ္ဘာ့ရေနံဈေးကွက်များလည်း မတည်မငြိမ်ဖြစ်ကုန်သည်။ ရေနံထွက်နှုန်း မတရားထိုးကျသွားသည့်အတွက် ဝယ်လိုအားနှင့် ရောင်းလိုအားမမျှမတဖြစ်လာသည်။ ၁၉၇၇ ခုနှစ်တွင် အီရန်ပြည်၏ ရေနံထွက်နှုန်းမှာ တစ်နေ့လျှင် ရေနံစည်(၇)သန်း ရှိ၏။ သို့သော် ၁၉၇၉ ခုနှစ်ဦးပိုင်းတွင် ရေနံထွက်နှုန်းမှာ တစ်နေ့လျှင် (၁)သန်းပင်မပြည့်တော့။ ထို့ကြောင့် ရေနံဈေးနှုန်း တွေ မိုးထိအောင်ခုန်တက်ကုန်တော့၏။ အာရပ်နိုင်ငံများ၏ ရေနံသပိတ်ကြောင့် ၁၉၇၄ မှ ၁၉၇၈အတွင်း ရေနံဈေးနှုန်းသည် ရေနံတစ်စည်လျှင် ၁၀.၇၃ ဒေါ်လာမှ ၁၃.၃၉ဒေါ်လာအတွင်း ငြိမ်နေသည်။ ၁၉၇၉ တော်လှန်ရေးအပြီးတွင်မူ ကြံရာမရ ဖြစ်လာသော အမေရိကန်ကုမ္ပဏီများက ရေနံတစ်စည်လျှင် (၂၈)ဒေါ်လာအထိ ပေးပေးဖို့ အသင့်ဖြစ်နေတော့၏။

■

### အီရန် ဓားစာခံအရေးအခင်း

ထိုနေ့ တစ်နေ့။ သို့မဟုတ် ၁၉၇၉ ခု၊ နိုဝင်ဘာလ (၄)ရက်၊ တနင်္ဂနွေနေ့။ ထိုနေ့ထိုရက်တွင် မွတ်စလင်ကျောင်းသားများဟု အမည်ခံထားသူ အီရန်လူမျိုးငါးရာက တဟီရန်ရှိ အမေရိကန်သံရုံးကို အတင်းအဓမ္မကျူးကျော်ဝင်ရောက်သည်။ ပြီးတော့ အမေရိကန်နိုင်ငံသား (၆၃)ဦးအပါအဝင် လူပေါင်းကိုးဆယ်ကို ဓားစာခံအဖြစ် ဖမ်းထားလိုက်ကြ၏။

ယင်းအပြုအမူကို "ပြည်သူလူထု၏သဘာဝကျသော တုံ့ပြန်မှု"ဟု ခိုမေနီက ထောက်ခံပြောဆိုသည်။ နောက်ပြီး အမေရိကန်သံရုံးသည် "သူလျှိုများ ခိုအောင်းရာသားရဲတွင်း"ဟု ကင်ပွန်းတပ်သည်။ အမေရိကပြည်ထောင်စုကို "စာရ်နတ်ကြီး"ဟု တံဆိပ်တပ်ပြီး နောက်ပိုင်းတွင် အစ္စရေးကို "မာရ်နတ်ကလေး"ဟု ခေါ်ဝေါ်သည်။

အမေရိကန်သံရုံးကို ဝင်ရောက်စီးနင်းပြီး အမှုထမ်းများအား ဓားစာခံအဖြစ်ဖမ်းထားခြင်းသည် နိုင်ငံတကာ သဘောတူညီအမှတ်ပြု သံတမန်ဆိုင်ရာ အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်၏။ ယင်းသဘောတူညီချက်ကို ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂါဒီများကပင် စောင့်ထိန်းလိုက်နာခဲ့ကြသည်။ အမေရိကန်သံရုံးကို ကျူးကျော်တိုက်ခိုက်ခြင်းသည် အပြည်ပြည်ဆိုင်ရာ

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ဥပဒေကို ချိုးဖောက်ခြင်းဖြစ်ပြီး အကြမ်းဖက်သမားများ၏ အပြုအမူဟု အမေရိကန်သမ္မတကျင်မီကာတာက စွပ်စွဲသည်။ ဓားစာခံများကို နိုင်ငံတကာရုပ်မြင်သံကြားကင်မရာများ ရှေ့မှောက်တွင် ကြိုးတုပ်ထားခြင်း၊ မျက်စိကို အဝတ်စည်းထားခြင်းများ ပြုလုပ်ပြီး သိက္ခာချကြသည်။ သရော်စော်ကား ပြုလုပ်ကြသည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံကြီးမှာ ဘာမျှမတတ်နိုင်ဘဲ မွတ်စလင်ကျောင်းသားဆိုသူတွေ သရော်စော်ကားသရွေ့ကို လက်ပိုက်ပြီး ကြည့်နေရသည်။ အမေရိကပြည်ထောင်စုသမိုင်းကြောင်းတစ်လျှောက်တွင် အီရန် ဓားစာခံအရေးအခင်းသည် အစော်ကားခံရဆုံး၊ အရှက်တကွဲဖြစ်ရဆုံးကိစ္စဖြစ်သွားလေသည်။ တစ်ဖက်မှ ပြန်ကြည့်လျှင် ယင်းဖြစ်ရပ်ကြောင့် အမေရိကန်ပြည်သူတွေ မကြုံစဖူး ထူးကဲစွာ စည်းလုံးညီညွတ်ခဲ့ကြသည်။

အီရန်ဓားစာခံအရေးအခင်းနှင့်ပတ်သက်၍ မိမိတို့အားလုံး တစ်သဘောတည်းရှိကြောင်း ပြသသည့်အနေဖြင့် အိမ်ပေါက်စေ့ တံခါးများတွင်လည်းကောင်း၊ သစ်ပင်များတွင်လည်းကောင်း အဝါရောင်အလံများ ညီညာဖျဖျ ချိတ်ဆွဲဆန္ဒပြခဲ့ကြလေသည်။

ကာတာအစိုးရက ၁၉၇၉ ခု၊ နိုဝင်ဘာလလယ်တွင် အီရန်၏ အပြုအမူကို ကန့်ကွက်သောအားဖြင့် နိုင်ငံရေးအရ စီးပွားရေးအရ ပိတ်ဆို့မှုများပြုခဲ့၏။ အမေရိကသို့ အီရန်ရေနံစိမ်းများ တင်သွင်းခြင်းကို ပိတ်ပင်တားမြစ်သည်။ အမေရိကန်ပြည်ရှိ ခန့်မှန်းခြေ ဒေါ်လာ(၈)ဘီလျံလောက်တန်ဖိုးရှိသည့် အီရန်လူမျိုးပိုင် စီးပွားရေးလုပ်ငန်းများအားလုံး လည်ပတ်ခွင့် ပိတ်ပင်ထားလိုက်သည်။ အမေရိကမှ ငွေကြေးများကို အီရန်နိုင်ငံသို့ ဘယ်နည်းနှင့်မျှ မပို့ရဟုလည်း အမိန့်ထုတ်သည်။ အီရန်ကလည်း အမေရိကန်ရေနံကုမ္ပဏီများနှင့် ချုပ်ဆိုထားသည့် ကန်ထရိုက်အားလုံးကို ဖျက်သိမ်းပစ်သည်။

အမေရိကပြည်ထောင်စုက အီရန်နှင့် သံတမန်အဆက်အသွယ်ကို ၁၉၈၀ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့တွင် ဖြတ်တောက်လိုက်၏။ အီရန်နိုင်ငံနှင့် စီးပွားရေးအရ ငွေရေးကြေးရေးအရ ဘယ်သူမျှ မဆက်သွယ်မပတ်သက်ရဟု အမိန့်ထုတ်သည်။ နောက်ဆုံး အဖမ်းခံဓားစာခံများသည် ရက်ပေါင်း ၄၄၄ ရက်မြောက် ၁၉၈၁ ခု၊ ဇန်နဝါရီ (၂၀)ရက်တွင်မှ လွတ်မြောက်လာကြလေသည်။

အရှက်တကွဲ အကျိုးနည်းဖြစ်ရသည့် ဤကိစ္စကြောင့် ကမ္ဘာ့အင်အားကြီးနိုင်ငံ အမေရိကပြည်ထောင်စုသည် အရှက်ကွဲရုံသာမကဘဲ ဩဇာအာဏာပါကျဆင်းခဲ့ရသည်။ ကမ္ဘာ့ရေနံဈေးကွက်ကို လွှမ်းမိုးချုပ်ကိုင်ထားသည့် အမေရိကန်ပြည်ထောင်စုနှင့် အနောက်တိုင်းစက်မှုနိုင်ငံများ၏ ဩဇာအာဏာသည် ရေနံထွက်နိုင်ငံများဆီသို့ ရွေ့လျားသွားလေ၏။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



## ၁၉၇၉ ခုနှစ် ဒုတိယအကြိမ် ရေနံဂယက်

အီရန်နိုင်ငံတွင် နိုင်ငံရေးလှုပ်ရှားမှု အရှိန်မြင့်လာခြင်းသည် ကမ္ဘာ့ရေနံဈေးကွက်ပေါ် ကြီးကြီးမားမား သက်ရောက်မှု သုံးမျိုး ဖြစ်ပေါ်ခဲ့၏။ ပထမသက်ရောက်မှုမှာ ရေနံဈေးနှုန်းများ ခေါင်ခိုက်အောင် ခုန်တက်ခြင်း။ ရှားဘုရင် ပြုတ်မကျမီက ရေနံဈေးနှုန်းထက် လက်ရှိ ပေါက်ဈေးသည် သုံးလေးဆမြင့်တက်သွားသည်။ ယခင်က စာတ်ဆီ တစ်ဂါလံ (၆၃)ဆင့်မှ ယခု တစ်ဂါလံ (၁.၃၀)ဒေါ်လာဖြစ်သွား သည်။ အမေရိကပြည်ထောင်စုသည် ရေနံ လုံလုံလောက်လောက် မရတော့မည့် အန္တရာယ်နှင့် ကြုံရသည်။ နောက်ဆုံးသက်ရောက်မှုမှာ မွတ်စလင်ဘာသာရေးခေါင်းဆောင်များက အမေရိကန်နှင့် ဥရောပ ကုမ္ပဏီများနှင့် ချုပ်ဆိုထားသည့် ကန်ထရိုက်စာချုပ်အားလုံးကို ဖျက်ပစ်လိုက်ခြင်း။ သည်တော့ သူတို့အနေဖြင့် ဆက်လက် ရေနံရောင်းနေ လိုသေးလျှင် ယင်းကုမ္ပဏီများနှင့် ပြန်လည်ဆက်သွယ်ရန် ကြားပွဲစားများ အလျင်အမြန် လိုအပ်နေခြင်း။

သည်တော့ ကြားနေနိုင်ငံဖြစ်သည့် ဆွစ်ဇာလန်တွင် ရုံးစိုက်ထားသည့် မာ့ခ်ရစ်+ကုမ္ပဏီနှင့် ဆက်သွယ်ဖို့ ဆုံးဖြတ်လိုက်ကြသည်။ ထိုအခါ အီရန်ရောင်းသည့် ရေနံအများစုကို ဆွစ်ဇာလန်နိုင်ငံ၊ ဇပ်တွင် အခြေစိုက်ထားသည့် ရုံးချုပ်မှတစ်ဆင့် ရစ်ချ်က ဝယ်သည်။ ရစ်ချ် ဤသို့ပြုလုပ်ခြင်း၏ အဓိကအကြောင်းရင်းမှာ အခွန်အတုတ်ရှောင်ရန် ဖြစ်၏။ နောင်တွင် ဤအကြောင်းရင်းကြောင့်ပင် အာဖရိကမှတစ်ဆင့် ဝယ်ရောင်းလုပ်ငန်း လုပ်ကိုင်ခဲ့၏။ သမ္မတ ကာ့တာ၏ တရားဝင် ထုတ်ပြန်ချက်တွင် အီရန်နိုင်ငံနှင့် မဆက်ဆံ၊ စီးပွားရေးမလုပ်ရမည့် သူများထဲတွင် ပြည်ပ၌ အခြေစိုက်ဖွဲ့စည်းထားသည့် အမေရိကန်ကုမ္ပဏီများလည်း ပါဝင်ကြောင်း ထည့်သွင်းဖော်ပြထားခြင်းမရှိ။ သည်တော့ ဆွစ်ဇာလန်တွင် အခြေစိုက်ဖွဲ့စည်းထားသည့် မိမိကုမ္ပဏီသည် ထုတ်ပြန်ထားသည့် တားမြစ်ချက်တွင် အကျုံးမဝင်ဟု ရစ်ချ်က ယူဆခဲ့သည်လေ။ နှစ်ဆယ်ရာစုနှစ်တွင် မကြုံစဖူး ထူးကဲအံ့ဖွယ်ကောင်းသော စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု တစ်ခု ဖြစ်ပေါ်ခဲ့၏။ ၁၉၇၉ ခုနှစ် နှောင်းပေါက်ကာလတွင် ခိုမေနီဦးဆောင်သော အီရန်အစိုးရက ရှားဘုရင်၏ မိတ်ဆွေဟောင်း မာ့ခ်ရစ်ချ်၏ ကုမ္ပဏီသို့ ရေနံများရောင်းချရန် ဆုံးဖြတ်လိုက်ခြင်း၊ တကယ်တော့ ဂျူးဆန့်ကျင်ရေး၊ အရင်းရှင်ဆန့်ကျင်ရေးနှင့် အမေရိကန်အစိုးရ ဆန့်ကျင်ရေးဝါဒ ကိုင်စွဲထားသည့် အာယာတိုလာခိုမေနီက အမေရိက နိုင်ငံသား ဂျူးလူမျိုးတစ်ဦးဖြစ်သူ မာ့ခ်ရစ်ချ်နှင့် ပူးပေါင်းစီးပွားရေးလုပ်မည်ဆိုတော့ ကြားရသူအားလုံး အံ့အားတသင့် ဖြစ်ကြရသည်။ ပုံပြင်တစ်ပုဒ် ကြားနေရသည်သို့ ယူမှတ်ကြ၏။ သို့သော် သူတို့ကြားနေရသည်မှာ ပုံပြင်မဟုတ်၊ ဖြစ်ရပ်မှန် စစ်စစ်ဖြစ်တော့၏။

"သူတို့က ကန်ထရိုက်စာချုပ်တွေကို တလေးတစား အသိအမှတ်ပြုပါတယ်။ အီရန်နိုင်ငံပိုင် ရေနံကုမ္ပဏီ (NIOC) က တစ်နှစ်ကို ရေနံစိမ်း မက်ထရစ်တန် (၈)သန်းကနေ (၁၀)သန်းအထိ ရောင်းချဖို့ ရှားဘုရင်နဲ့ သဘောတူထားခဲ့

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



စာချုပ်ကို ဆက်လက်အသက်သွင်းဖို့ သဘောတူခဲ့တယ်''

ဘာကြောင့် ဤသို့ သဘောတူခဲ့ရသလဲဟူသော မေးခွန်းကို ရစ်ချ်ကဖြေရာ၌ ''ကျွန်တော်တို့က သူတို့ကို ဝန်ဆောင်မှုတစ်ခု လုပ်ပေးခဲ့တယ်လေဗျာ။ ကျွန်တော်တို့က သူတို့ဆီက ရေနံတွေဝယ်တယ်။ သယ်ယူပို့ဆောင်ရေး လုပ်ပေးတယ်။ နောက်ပြီး ရောင်းပေးတယ်ဗျာ။ အဲဒါတွေကို သူတို့ဘာသာသူတို့မှ မလုပ်နိုင်ဘဲ။ အဲဒီတော့ ကျွန်တော်တို့ကို သူတို့ အားကိုးရတာပေါ့''ဟု ပြောသည်။

ရှားဘုရင်လက်ထက်က အီရန်နိုင်ငံပိုင် ရေနံကုမ္ပဏီတွင် အမှုထမ်းခဲ့သော သမ္ဘာရင့်မန်နေဂျာများမှာ ရှားဘုရင်နှင့် အတူပါသွားကြပြီး ကျွမ်းကျင်လုပ်သားများမှာလည်း နိုင်ငံခြားကုမ္ပဏီများတွင် သွားရောက် အမှုထမ်းနေကြပြီ။ အသစ်ခန့်အပ်ထားသော အရာရှိများမှာ ရေနံလုပ်ငန်းနှင့် ပတ်သက်၍ လုံးဝ အတွေ့အကြုံမရှိကြ။ သူတို့ကို ဘာသာရေးအရလည်းကောင်း၊ နိုင်ငံရေးအရလည်းကောင်း၊ ယင်းရာထူးများတွင် ခန့်အပ်ခဲ့ခြင်းဖြစ်၏။ သူတို့၏ လုပ်ငန်းကျွမ်းကျင်မှုကြောင့် ခန့်အပ်ခဲ့ခြင်းမဟုတ်။ လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးအကြောင်းကို သူတို့ နကန်းတစ်လုံးမျှ မသိကြ။ နားမလည်ကြ။ ရစ်ချ်မရှိလျှင် အီရန်တွေ ကူကယ်ရာမဲ့ဖြစ်နေမည်လားဟူသော မေးခွန်းကိုမူ ရစ်ချ်က ရယ်ရယ်မောမော ဖြေကြားသည်မှာ ''သူတို့ အဲဒီပုံစံပေါက်အောင်တော့ မနေကြပါဘူး။ ဒါပေမယ့် တစ်နည်းအားဖြင့်တော့ အဲဒီလို ဖြစ်နေတာပါပဲဗျာ''ဟု ဖြေသည်။

အီရန်နှင့် ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်ကို နှစ်စဉ် အသစ်ပြန်လည်ချုပ်ဆိုခဲ့၏။ ဓားစာခံများ အရေးအခင်း ဖြစ်နေစဉ်ကာလမှာလည်း စာချုပ်အသစ်ချုပ်ဆိုမှု မပျက်ကွက်ခဲ့။ ''အဲဒါက နိုင်ငံရေးကစားမှုလေ၊ စီးပွားရေးနဲ့မဆိုင်ပါဘူး''ဟု ရစ်ချ်က ပြောသည်။ ''သံ့ပန်းတွေဖမ်းပြီး အမေရိကကို အစော်ကားခံရတာကတော့ တော်တော်ကြီး အရှက်ရ တယ်ပေါ့ဗျာ။ ဒါပေမယ့် အဲဒီဖြစ်ရပ်ဟာ စီးပွားရေးနဲ့ မပတ်သက်ပါဘူး။ ကျွန်တော်တို့ ရေနံရောင်းတယ်ဗျာ။ ဘာဖြစ် လို့လဲဆိုတော့ (က) ရေနံဝယ်လို့ရလို့၊ (ခ) သင့်မြတ်တဲ့ဈေးနှုန်းနဲ့ရလို့။ ဒါကြောင့် ကျွန်တော်တို့ လုပ်ငန်းလုပ်ကြတာပေါ့။ ကျွန်တော်တို့က ရေနံ ကျွန်တော်တို့ကိုပဲ ရောင်းပါလို့ အတင်းအကျပ်မခိုင်းသလို ကျွန်တော်တို့ ရေနံကိုပဲဝယ်ပါလို့လည်း အတင်းအကျပ်မခိုင်းခဲ့ဘူး။ ရောင်းသူနဲ့ဝယ်သူ နှစ်ဦးနှစ်ဖက် သင့်မြတ်လျော်ကန်လို့ အရောင်းအဝယ် ဖြစ်ကြတာချည်းပဲ'' ဟုလည်း ထပ်ဆင့်ရှင်းပြသည်။ အီရန်နိုင်ငံနှင့် ဘယ်လောက်ကြာကြာ တွဲဖက်အလုပ်လုပ်ခဲ့သလဲဟု ကျွန်တော်ကမေး ''ကုမ္ပဏီအုပ်ချုပ်ရေးအဖွဲ့ကို ၁၉၈၄ ခုနှစ်မှာ ကျွန်တော့်ကုမ္ပဏီရောင်းပစ်ခဲ့တယ်လေ။ အဲဒီအချိန်အထိ ကျွန်တော် အီရန်နဲ့ တတွဲတွဲ တွဲပြီးအလုပ်လုပ်ခဲ့တာပါပဲဗျာ''ဟု ရစ်ချ်က ဖြေလေသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

## မြေအောက်တွင်မှာ ရေနံရှိတယ်၊ ပြင်ဘက်တွေမှာ ရေနံမရှိဘူး

အာရပ်နိုင်ငံများ ကိုင်စွဲတိုက်ခိုက်ခဲ့သည့် ရေနံသပိတ်ကြောင့် ၁၉၇၃ တွင် ပထမအကြိမ် ကမ္ဘာ့ရေနံအကျပ်အတည်း ဖြစ်ပေါ်ခဲ့၏။ အာရပ်နိုင်ငံများ၏ ပယောဂကြောင့်ပင် ၁၉၇၉ တွင် ဒုတိယအကြိမ် ကမ္ဘာ့ရေနံ အကျပ်အတည်း ဖြစ်ပေါ်ခဲ့ရပြန်သည်။ ထိုသို့ ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရေနံ အကျပ်အတည်းနှစ်ရပ်စလုံးကပင် ရစ်ချ်ကို အကျိုး ပြုခဲ့လေသည်။ ရေနံထွက်နိုင်ငံများရှိ မိမိ၏ အတွင်းလူများထံမှရသော သတင်းများအရ အရှေ့အလယ်ပိုင်း နိုင်ငံရေးအခြေအနေသည် ဘယ်နှင့်နှင့်မျှ မတည်ငြိမ်နိုင်ဟု ရစ်ချ်က တွက်ဆသည်။ နိုင်ငံရေးအခြေအနေ မတည်ငြိမ်လျှင် ရေနံဈေးနှုန်းတက်ဖို့ အလားအလာများသည်။ သည်တော့ ရေနံတွေရအောင် ကာလရှည်စာချုပ်တွေ ချုပ်ဆိုနိုင်အောင် ကြိုးစားဖို့ သူဆုံးဖြတ်သည်။ ရေနံအထွက်ဆုံးလည်းဖြစ်၊ မိမိနှင့် အရင်းနှီးဆုံးလည်းဖြစ်သည့် အီရန်ကတော့ အားအထားရဆုံး။ သို့သော် သည်တစ်နိုင်ငံတည်း အားထားနေလို့ မဖြစ်။ နောက်ထပ် မိတ်သစ်များရှာဖွေဖို့ ရစ်ချ်ဆုံးဖြတ်သည်။

ဤသို့ဖြင့် အာဖရိကတိုက်မှ အီကွေဒေါ၊ နိုင်ဂျီးရီးယားနှင့် အင်ဂိုလာနိုင်ငံများမှ ရေနံများ ဝယ်ယူဖို့ ကာလရှည် စာချုပ်များ ချုပ်ဆိုနိုင်ခဲ့သည်။ ဤကား နိုင်ငံရေးအခြေအနေကို အကဲခတ်ပြီး စီးပွားရေးအရ အမြတ်ထွက်နိုင်အောင် စောင်းကစားလုပ်လိုက်ခြင်းပင် ဖြစ်တော့၏။

ရေရှည်ကို မျှော်ခေါ်တွက်ချက်တတ်ခြင်းသည် ယင်း၏အောင်မြင်မှုတွင် အရေးပါအရာရောက်ဆုံး သော့ချက်ပင်ဖြစ် ကြောင်း ရစ်ချ်က ဖွင့်ဟပြောဆိုသည်။ တကယ်တော့ အမေရိကပြည်ထောင်စုသည် အီရန်မှ ရေနံများကို တစ်နေ့လျှင် (၁)သန်းခန့် တင်သွင်းနေခဲ့ရသည်။ ဤကား အမေရိကတစ်ပြည်လုံး သုံးစွဲအား၏ (၆)ရာခိုင်နှုန်းဖြစ်သည်။ ဂဏန်း ကြည့်လျှင် ဘာမျှမဖြစ်လောက်သော ရာခိုင်နှုန်းကလေးသည် အမေရိကန်များကို အကြီးအကျယ် ဂယက်ရိုက် တော့၏။ အမေရိကတွင် ဓာတ်ဆီတန်းစီစောင့်သည့် ကားတန်းရှည်ကြီးတွေ တစ်မျှော်တစ်ခေါ် ဖြစ်လာပြန်တော့၏။ ပေါ်ထွက်သည့် ကုမ္ပဏီကြီး၊ ကုမ္ပဏီကလေးတွေ များသည်ထက်များလာသည်။ ထိုအထဲတွင် အင်အားကြီးမားပြီး နှင့် မိတ်ဟောင်းဖြစ်သည့် ARCO တော့ မပါ။ သူတို့က ရစ်ချ်နှင့် ပြန်လည်ဆက်သွယ်သည်။ ရစ်ချ်ကလည်း ဝယ်ယူရရှိထားသည့် ရေနံများကို အစ္စရေးသို့ ရောင်းသည်။ အမေရိကသို့ ရောင်းသည်။ ရစ်ချ်အား ရေနံဝယ်ယူခွင့် သည့် အီရန်နိုင်ငံရေးခေါင်းဆောင်တို့ကလည်း သူတို့ရေနံကို ဘယ်သူ့ကိုမှ ရောင်းရမည်။ ဘယ်သူ့ကိုတော့ မရောင်းရဟု ထွက်ခြင်း၊ တားဆီးခြင်း မပြု။ သည်တော့ စီးပွားရေးလုပ်ရာတွင် ငွေကြေးအမြတ်ရရေးသား နံပါတ်တစ်ဦးစားပေး သတ်မှတ်ကြကြောင်း သိသာပေါ်လွင်လာတော့၏။ လူတွေပါးစပ်က သဘောတရားရေးတွေ ဘယ်လောက်ပဲ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဟောင်ဖွာဟောင်ဖွာပြောနေသည့်တိုင် ငွေကြေးနှင့်ပတ်သက်လာသောအခါ ပါးစပ်ပိတ်သွားတတ်ကြကြောင်းလည်း သင်ခန်းစာပေးနေ၏။ သည်နေရာတွင် သဘောတရားရေးတွေ၊ ဝါဒရေးတွေကို လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ရေး စနစ်က အနိုင်ယူသွားကြောင်း သိသာထင်ရှားစွာ သက်သေပြနေလေသည်။

■

ရေနံရောင်းဝယ်ရေးလောကတွင် အောင်မြင်မှုရနေသည့် ရစ်ချ်၏တန်ခိုးအရှိန်အဝါသည် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ထိပ်တန်းသို့ ရောက်လာတော့၏။ ရေနံရောင်းဝယ်ရေးလောကတွင် ရစ်ချ်သည် အရေးပါအရာရောက်ဆုံး လွတ်လပ်သည့် ရေနံကုန်သည်တစ်ဦး ဖြစ်လာသည်။ သူ၏တစ်နေ့တာ ရေနံဝယ်ရောင်းအားသည် ကူဝိတ်နိုင်ငံ၏ တစ်နေ့တာ ရေနံရောင်းအားထက်ပင် များလာသည်။ "၁၉၇၉ ခုနှစ် ကြိုက်ရောင်းကြိုက်ဝယ်ဈေးကွက်မှာ ရေနံရနိုင်မရနိုင်ဆိုတာ မှန်းဆကြည့်ချင်ရင် ခင်ဗျား မာ့ခ်ရစ်ချ်နဲ့ သိမှရတယ်"ဟု ရေနံကုန်သည်တစ်ဦးက ပြောသည်။

ရစ်ချ်၏ကုမ္ပဏီလည်ပတ်ငွေမှာ ၁၉၈၀ ပြည့်နှစ်တွင် ဒေါ်လာ (၁၅)ဘီလျံရှိသည်။ ယင်းငွေပမာဏသည် ရစ်ချ်နှင့် အရောင်းအဝယ်လုပ်နေသည့် တိုင်းပြည်တော်တော်များများ၏ ပြည်တွင်း အသားတင်ကုန်ထုတ်လုပ်မှုအတွက် လည်ပတ်ငွေထက် များပြားသည်။ အမြတ်ခွန်နှင့် ပတ်သက်လျှင် ဇပ်မြို့ရှိမှတ်တမ်းများတွင် ဖော်ပြထားသည်မှာ ရစ်ချ်ပေးသွင်းခဲ့သည့် အမြတ်ခွန်သည် ဆွစ်ဇာလန်တစ်နိုင်ငံတည်းတွင်ပင် ဆွစ်ဖရန့် ၂၉၂,၇၈၄,၀၀၀ (ထိုစဉ်က အမေရိကန်ဒေါ်လာ ၁၇၅ သန်းခန့်)အထိ ရှိခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိကြာသော ဆယ်နှစ်တာကာလသည် ရစ်ချ်အတွက် "ရွှေခေတ်"ဟု ခေါ်ဆိုရမည်ဟု ရစ်ချ်၏ အမှုထမ်းများက ပြောသည်။ ဆိုလိုသည်မှာ ရစ်ချ်၏ ကုမ္ပဏီစတင်တည်ထောင်သည့် ၁၉၇၄ မှသည် အီရန်တော်လှန်ရေးဖြစ်သည့် ၁၉၈၃ ကာလကို ရည်ညွှန်းကြခြင်းဖြစ်၏။

ထိုသို့ တန်ခိုးအရှိန်အဝါထိပ်ဆုံးသို့ တက်နေရာမှ တစ်နေ့တွင် ရစ်ချ်အရှက်ကွဲအကျိုးနည်းစေမည့် ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာတော့၏။ ဤဖြစ်ရပ်သည် မင်ဟတ်တန်ရှိ ရုံးခန်းတစ်ခုသို့ တယ်လီဖုန်းခေါ်သံတစ်ချက် ဝင်လာခြင်းမှ စတင်ခဲ့လေသည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



နယူးယောက်ပြည်နယ်၊ တောင်ပိုင်းခရိုင်ရှိ ဗဟိုတရားရုံး ရှေ့နေ မောရစ်ဝိန်းဘာ့ဂ်၏ ရုံးခန်းထဲတွင် တယ်လီဖုန်းခေါ်သံ မြည်လာသည်။ ထိုနေ့ကား ၁၉၈၁ ခုနှစ် နွေဦးအကုန်ပိုင်း၏ နံနက်ခင်းတစ်ခု။ ငယ်ရွယ်သော ဝိန်းဘာ့ဂ်သည် ဗဟိုတရားရုံးမှ လက်ထောက်ရှေ့နေကလေး။ သူက ရည်မှန်းချက်မြင့်မားသူတစ်ဦး။

ထိုနေ့နံနက်က သူ့ဆီသို့ တယ်လီဖုန်းဆက်သူမှာ ပြစ်မှုဌာနခွဲ၊ လိမ်လည်မှုဌာနစိတ်မှ စာရေးတစ်ဦး၊ အဆိုပါစာရေးအဆိုအရ မာ့ခ်ရစ်ချ်ဆိုသည့် ရေနံကုန်သည်တစ်ဦးသည် အမြတ်ခွန်တိမ်းရှောင်မှု ကျူးလွန်နေကြောင်း သတင်းရသည်ဟူ၏။

"မာ့ခ်...ဘယ်သူ"သည် နာမည်ကို တစ်ခါမျှ မကြားဖူးသည့် ဝိန်းဘာ့ဂ်က ပြန်မေးသည်။ "မာ့ခ်ရစ်ချ်ဆိုတဲ့ နာမည်ကို ကျွန်တော် တစ်ခါမှ မကြားဖူးပါဘူး"ဟု ဝိန်းဘာ့ဂ်က မှတ်ချက်ချသည်။

ဝိန်းဘာ့ဂ်သည် ဗန်ဒါဘီတက္ကသိုလ်မှ ဥပဒေပညာဖြင့် ဘွဲ့ရခဲ့သူ။ သူ့အသက်နှစ်ဆယ့်ကိုးနှစ်တွင် ဗဟိုအစိုးရရှေ့နေ ဖြစ်ခဲ့သည်။ ၁၉၈၁ ခုနှစ် နွေဦးအကုန်ပိုင်းတစ်နံနက်၊ ပြစ်မှုဌာနခွဲမှ တယ်လီဖုန်းဝင်လာချိန်တွင် သူ့အသက် (၃၀)ပဲရှိသေးသည်။

အခန်း-၉

ချက်

■

the bookhouse
we bring you the future

www.burmeseclassic.com

www.burmeseclassic.com

### မှာ့ခ်…ဘယ်သူ?

ထိုသို့ အရေးအခင်း စတင်ဖြစ်ပေါ်လာချိန်တွင် မှာ့ခ်ရစ်ချ်ကို သိသူတော်တော်ရှားသည်။ သို့သော် သူသည် အမေရိကာ၏ အချမ်းသာဆုံး သူကြွယ်များတွင် တစ်ဦးအပါအဝင်ဖြစ်နေပြီ။ နောက်ပြီး လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေး လောကတွင် ရောမ မဟာကုန်သည်ကြီးတစ်ဦး ဖြစ်နေပြီ။ ထိုအကြောင်းကိုသူနှင့် အနီးကပ်ဆက်သွယ်မှု ရှိသည့် အသိုက်အဝန်းကျဉ်းကျဉ်းကလေးမှလွဲ၍ ဘယ်သူမျှမသိကြ။

ဗဟိုတရားရုံး၊ ပြစ်မှုဌာနခွဲသို့ တယ်လီဖုန်းဝင်လာပြီးနောက် မကြာမီအတွင်းမှာပင် မှာ့ခ်ရစ်ချ်နာမည်သည် ကမ္ဘာတစ်ဝန်းတွင် ဟိုးလေးတကြော် ပြောစရာဆိုစရာဖြစ်လာတော့၏။ ထိုအချိန်တွင် နယူးယောက်၌ ရုံးခွဲဖွင့်ထားသည့် မှာ့ခ်ရစ်ချ်ကုမ္ပဏီကို ဗဟိုစုံစမ်း စစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)က စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေပြီဖြစ်၏။ အက်ဖ်ဘီအိုင်က ရထားသည့်သတင်းမှာ မှာ့ခ်ရစ်ချ်သည် သူ့လုပ်ငန်းများမှမြတ်သည့် အမြတ်ငွေပမာဏကို ပြည်တွင်းအခွန် ဦးစီးဌာနသို့ မှန်မှန်ကန်ကန် မတင်ပြခဲ့။ ထိုသို့အမှန် အကန်အတိုင်း ဝင်ငွေကြေညာပြီး အမြတ်ခွန်ပေးဆောင်ရမည့်အစား အမြတ်ငွေကို ကမ်းလွန်ရေနံကုမ္ပဏီများဘက်လှည့်ပြီး ရင်းနှီးမြှုပ်နှံပစ်သည်။ နောက်ပြီး အမြတ်ငွေများထဲမှ တော်တော် များများကို နိုင်ငံခြားဘဏ်များတွင် စာရင်းဖွင့်အပ်နှံထားခဲ့သည်ဆို၏။ ထိုသို့ တရားရေးဌာနတွင် တယ်လီဖုန်းသတင်းရပြီး သီတင်းပတ်အနည်းငယ်အကြာ ၁၉၈၁ခုနှစ်၊ ဒီဇင်ဘာလထဲတွင် အစိုးရရှေ့နေ ဝိန်းဘာ့ဂ်နှင့် အက်ဖ်ဘီအိုင် စုံထောက် တစ်ဦးသည် ရေနံကုန်သည်များနှင့် တွေ့ဆုံမေးမြန်းဖို့ တက်ဆပ်သို့လာခဲ့ကြသည်။

ထိုသို့ ရစ်ချ် မမှန်မကန်ပြုကျင့်နေကြောင်း သတင်းပေးသူနှစ်ဦးမှာ ဒေးဗစ်ရက်လစ်နှင့် ဂျွန်ထရိုလန်ဆိုသူဖြစ်၏။ သူတို့နှစ်ဦးသည် အဘီလင်းမြို့ရှိ ဝက်စ်တက်ဆပ်မားကက်တင်းကုမ္ပဏီမှ ဒါရိုက်တာများဖြစ်၏။ သူတို့သည် တရားမဝင် ရေနံရောင်းဝယ်မှုကြောင့် ထောင်ဒဏ်တစ်ဆယ့်လေးလကျခံထားရသူတွေ။ သူတို့ ယခုလို ထောင်ဒဏ်ကျခံရခြင်းမှာ သူတို့ ပါဝင်ပတ်သက်မှုမရှိသော အမှုတစ်မှုတစ်မှုအတွက် ပြစ်ဒဏ်ကျခံရခြင်းဖြစ်သည်ဟု သူတို့ကဆိုသည်။ ယခု သူ တို့ကျခံနေရသည့် ထောင်ဒဏ် တစ်ဆယ့်လေးလလုံး မကျခံရဘဲ ပြစ်ဒဏ်လျှော့ပေးမည်ဆိုလျှင် အခြားသူများ အမှန်တကယ် ကျူးလွန်ထားသည့် အမှုများကို ဖော်ကောင်လုပ်မည်ဆိုကာ အပေးအယူလုပ်သည်။ ထိုအခါက နဂိုကတည်းက ရည်မှန်း ချက်မြင့်မားလှသည့် ရှေ့နေကလေး ဝိန်းဘာ့ဂ်အကြိုက်တွေ့သွားသည်။

သို့ဖြင့် အကျဉ်းသားဒါရိုက်တာနှစ်ဦး ရှာဖွေစုဆောင်းထားသည့် သတင်းအချက်အလက်များကို သိရသည် နောက်ပြီး သူတို့ အမျှော်လင့်ကြီး မျှော်လင့်ထားပြီး "ငွေအိုးကြီး"ဟု ကင်ပွန်းတပ်ထားသည့် ဖိုင်တွဲကိုပါ ဖော်ရှာလှော်ထ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နိုင်ရသည်။ ဤငွေအိုးကြီးထဲတွင် ဒေါ်လာ သန်း(၇၀)ရှိသည်ဟု သူတို့ကပြောသည်။ ၁၉၈၀ နှင့် ၁၉၈၁ တွင် ရစ်ချ်ရခဲ့သည့် အမြတ်ငွေပမာဏသည် သန်း(၇၀)ကျော်ရှိကြောင်း၊ ယင်းအမြတ်ငွေများကို တရားမဝင် ရေနံဝယ်ရောင်းလုပ်ငန်းမှ ရခြင်းဖြစ်ကြောင်း၊ ယင်းငွေများကို ဆွစ်ဇာလန်ရှိ ရစ်ချ်+ကုမ္ပဏီ၏လက်အောက်ခံ ရစ်ချ်အင်တာနေရှင်နယ်ကုမ္ပဏီသို့ လွှဲပြောင်းပေးပြီး ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြောင်း၊ အဆိုပါလုပ်ရပ်များမှာ အမြတ်ခွန်ရှောင်တိမ်းမှုနှင့် ဗဟိုအစိုးရစွမ်းအင်ထိန်းချုပ်ရေးဥပဒေနှင့် ငြိစွန်းကြောင်း ယင်းတို့က ထောက်ပြသည်။

အဆိုပါ သတင်းအချက်အလက်များကို ကြားသိလိုက်ရသည်နှင့် ဝိန်းဘာ့ဂ် ချက်ချင်းသိလိုက်သည်။ မိမိရောမ အမှုကြီးကို ကိုင်မိပါပြီကောဟု။ မိမိကံကောင်း အကြောင်းလှတော့မှာပါကလားဟု။ ထိုမှုမကသေးပါ။ ထိုအမှုနှင့်ပတ်သက်သက်နွယ်ပြီး ဝိန်းဘာ့ဂ်၏အမည်သည် ဟိုးလေးတကြော်ဖြစ်လာတော့၏။ နေ့စဉ်ထုတ်သတင်းစာကြီးများတွင် ဝိန်းဘာ့ဂ်၏အမည်သည် ခေါင်းစီးသတင်းများတွင် ဖော်ပြခြင်းခံရတော့၏။

■

## ချည်အပြည့်ထည့်ထားတဲ့ သေနတ်တွေနဲ့

အက်ဒဝပ်ဘင်းနက်ဝီလျံ (Edward Bennett Williams) က ဟိုးလေးတကြော်ဖြစ်နေသည့် သတင်းများကို ကြားပြီးသား။ စာလုံးမည်းကြီးများဖြင့် ဖော်ပြနေသည့် ခေါင်းစီးသတင်းများကိုလည်း ဖတ်ပြီးသား။ သူက ကမ္ဘာကျော်ကြော်ကြီးများဖြစ်သည့် ဖရင့်စင်နာထရာ (Frank Sinatra)ကဲ့သို့သော ပုဂ္ဂိုလ်များ၏ အမှုများကို ကိုင်တွယ်ဖြေရှင်းပေးခဲ့သူ။ ယခု သူကြားနေရသည့် သတင်းတွေလောက်၊ စွပ်စွဲချက်တွေလောက်က သူ့ရင်ကို လှုပ်ခတ်စေခြင်းမပြုနိုင်။ သူ့ရှေ့လိုက်ပေးပြီး ပြေလည်အောင်ဖြေရှင်းပေးခဲ့သည့် ထိတ်ထိတ်ကြဲအမှုကြီးတွေ ဒုနဲ့ဒေး။ သူကား "မဟာရှေ့နေ" ဟူသော နာမည်တစ်လုံးဖြင့် ထင်ရှားကျော်ကြားခဲ့သူ။

မာ့ခ်ရစ်ချ်က ဝီလျံကို သိသည်။ ဝီလျံသည် နှစ်ဆယ်ရာစု မြေခွေး ရပ်ရှင်စတူဒီယိုဘုတ်အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ ယင်း စတူဒီယို၏ ရှယ်ယာတစ်ဝက်ကို မာ့ခ်ရစ်ချ်က လျှို့ဝှက်စွာ ပိုင်ဆိုင် ထားသည်။ နယူးယောက်တောင်ပိုင်းခရိုင်ရှေ့နေရုံးကအမှုကို "တကယ်ကိုင်" တော့မည်ဆိုသောအခါ ရစ်ချ်က သူ့ကိုယ်စား လျှောက်လဲပေးဖို့ ဝီလျံကို ငှားရမ်းလိုက်တော့၏။

The bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဝီလျံက ရစ်ချ်အား ဖြေသိမ့်စကားများပြောသည်။ သူတို့ တင်ထားသည့်အမှုကိုကြည့်ရတာ သာမန်စွမ်းအင် ထိန်းချုပ်ရေး ဥပဒေနှင့် ငြိသည့်အမှုကို အမြတ်ခွန်ရှောင်တိမ်းသည့်ဘက်သို့ တွဲယူ ပုံကြီးချဲ့ထားပုံရကြောင်း ပြောသည်။ ထိုအမှုမျိုးဆိုလျှင် ဗဟိုအစိုးရက ပြင်းပြင်းထန်ထန် ကိုင်တွယ်လေ့မရှိကြောင်းလည်း အထောက်အထားများဖြင့် ရှင်းပြသည်။

"အဆိုးဆုံးအခြေအနေကို ရင်ဆိုင်ရမယ်ဆိုရင် ခင်ဗျား အစိုးရရှေ့နေတွေနဲ့ ဈေးစကားပြောရုံပဲရှိမယ်။ သူတို့ကို သန်းသုံးဆယ်ပေးမယ်လို့ ပြောလိုက်ပေါ့ဗျာ" ထို့နောက် သူက ဆက်ပြောသည်မှာ "ကျုပ်တို့က ကျည်အပြည့်ထည့်ထားတဲ့ သေနတ်တွေကိုင်ပြီး အစိုးရ ရှေ့နေဆီသွားတာပေါ့ဗျာ" ဟူ၏။

ဝီလျံက ငွေလက်နက်ကိုကိုင်စွဲပြီး ၁၉၈၃ ခုနှစ်၊ မေလထဲတွင် နယူးယောက်ရှိ လက်ထောက်အစိုးရရှေ့နေ ဝိန်း ဘတ်၏ရုံးခန်းသို့သွားသည်။ ဝီလျံက မဟာရှေ့နေကျော်ကြီးဂိုက်ဖြင့် အစိုးရဘက်ကို ငွေဘယ်လောက်ပေးလျှင် အမှု ရုပ်သိမ်းမည်လဲဟု မေးသည်။

"မင်းတို့ ဘာမှစိတ်မပူနဲ့၊ ငါ့အမှုသည်တွေက ထွက်မပြေးပါဘူး" ဟူသော စကားဖြင့် ရှေ့နေပေါက်စကလေးကို အထက်စီးလေသံဖြင့်ပြောသည်။

သို့သော်…

မိမိကိုယ်မိမိ အထင်ကြီးလွန်းသည့် "မဟာရှေ့နေကျော်ကြီး" သည်တစ်ချီ တွက်ကိန်းလွဲသွားသည်။ ဝိန်းဘတ်က အထက်တန်းရှေ့နေကြီး၏ မျက်လုံးများကို တည့်တည့်စိုက်ကြည့်ပြီး ဦးခေါင်းကို ယမ်းခါပြသည်။ ရှေ့နေကျော်ကြီးကို လေးစားမှု အတန်အသင့်ကလေးသာပြပြီး အသနားခံလျှောက်လဲချက်ကို လက်ခံမည်မဟုတ်ကြောင်း ပြောသည်။ သည်တော့ တရားပြိုင်ကို ဘယ်လိုအပြစ်မျိုးပေးဖို့ စွဲချက်တင်ရန် စဉ်းစားသလဲဟု ရှေ့နေကျော်ကြီးက နားလည်ရခက်စွာ တွေဝေစွာမေးသည်။ သည်တော့ အငယ်တန်းရှေ့နေကလေးက ဒဏ်ကြေးငွေအများကြီးနှင့် သင့်တင့်သော ထောင်ဒဏ်ဟု ပြန်ပြောသည်။ ဝီလျံက ဒဏ်ကြေးငွေ သန်းသုံးဆယ်အစား သန်းတစ်ရာပေးမည်ဟု ကြေးညှိသည်။ သို့သော် ဝိန်းဘတ် က ခေါင်းခါသည်။ ရစ်ချ်တစ်ယောက် ထောင်ဒဏ် (၂၅)နှစ်ထိ ကျခံစေရမည်ဟု ကြိမ်းသည်။

"သူတို့ ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေကို ငွေကြေးနဲ့ ဖြေရှင်းခွင့်ပြုလိုက်ရင် နောက်ထပ်အမြတ်စွန်း တိမ်းရှောင်မှုတစ် ထောင် ကျွန်တော်တို့စွဲဆိုနိုင်မှာ မဟုတ်တော့ဘူး"

အငယ်တန်းရှေ့နေကလေးက မဟာသူကြွယ်ကြီးများအား ကိုယ်စားပြုအမှုလိုက်ပေးလေ့ရှိသည့် မဟာရှေ့နေကျော် ကြီးအား ပြတ်ပြတ်သားသား ပြောလိုက်လေသည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



## ဆွစ်ဇာလန်သို့ ရစ်ချ်ပြေးပြီ

ထိုစဉ်က ရစ်ချ်မိသားစုသည် လောင်းအိုင်းလင်းရှိ လီဒို ပင်လယ်ကမ်းခြေသောင်ယံတွင် အပန်းဖြေ အနားယူနေကြသည်။ သူတို့မိသားစုသည် နှစ်စဉ်နှစ်တိုင်း ထိုနေရာတွင် အပန်းဖြေ အနားယူနေကျ။

''သီတင်းပတ်ကုန်ရက်မှာ ကျွန်မတို့က အဲဒီသောင်ယံမှာ အပန်းဖြေနေကြတာလေ။ အဲဒီလို အနားယူနေတုန်း ကျွန်မတို့မိသားစု ဒီတိုင်းပြည်က ထွက်ခွာရလိမ့်မယ်လို့ ပြောလာတယ်ရှင်''

ရစ်ချ်၏ဇနီးဒနိစ်ရစ်ချ်က ပခုံးတွန့်ပြီး ပြန်ပြောပြသည်။ ဘာဖြစ်လို့လဲဟူသော သူမ၏မေးခွန်းများကို ''ပြဿနာတွေရှိလို့'' ဟုသာ ဖြေသည်။ သည်တိုင်းပြည်မှ စွန့်ခွာထွက်သွားရမည်ကို ဒနိစ် မလိုလား။ သို့သော် သူမ၏ခင်ပွန်းကို ချစ်သည်။ သူမ၏ရင်သွေးများကို ချစ်သည်။ သူမဘာလုပ်ရမည်ကို သူမ၏ဖခင်ဖြစ်သူနှင့် တိုင်ပင်သည်။ ဖခင်၏ အကြံပေးချက်အတိုင်း ၁၉၈၃ ခုနှစ်၊ ဇွန်လပထမ သီတင်းပတ်အတွင်း ရစ်ချ်နှင့်အတူ ဆွစ်ဇာလန်သို့ လေကြောင်းဖြင့် ထွက်ခွာခဲ့သည်။

ထိုအချိန်မှစပြီး ရစ်ချ်အား အမေရိကသို့ ပြန်လာဖို့ ဘယ်သူမျှ မတိုက်တွန်းဝံ့တော့။ ထိုအထဲတွင် မဟာရှေ့နေကျော်ကြီး ဝီလျံလည်း အပါအဝင်။ ပြောရမည်ဆိုလျှင် မဟာရှေ့နေကျော်ကြီး ဝီလျံ၏ မိမိကိုယ်မိမိ အထင်ကြီးလွန်းသည့် အပြုအမူများက သူ့အမှုသည် ရစ်ချ်ကို ပိုမိုထိခိုက်နစ်နာသွားစေသည်။

''ဝီလျံကို ခေါင်းမာတဲ့ အမှုလိုက်ရှေ့နေတစ်ဦးအဖြစ် အားလုံးက သိထားကြတယ်လေ။ တစ်ခါတလေ ခေါင်းမာတာ အသုံးဖြစ်တယ်။ ရစ်ချ်ရဲ့အမှုမှာကျတော့ ခေါင်းမာတာအလုပ်မဖြစ်ဘူးလေ''ဟု ၁၉၈၅ ခုနှစ်တွင် ရစ်ချ်၏ ဥပဒေရေးရာ အကြံပေးခေါင်းဆောင်ဖြစ်လာသည့် မိုက်ကယ်ဂရင်းက မှတ်ချက်ချခဲ့လေသည်။

■

## အမေရိကန်လူ့ဘောင်က အမှုကို လွှဲပြောင်းယူ

အမှုမှာ သတင်းသမားတွေ သည်းခြေခိုက်သော အမှုမျိုးဖြစ်၏။ တစ်နည်းဆိုသော် သမိုင်းတွင် မှတ်တမ်းတင်ရမည့် အမှုမျိုး။ စွဲချက်အတင်ခံရသူမှာ လူသိမများသည့် သန်းကြွယ်သူဌေးတစ်ဦး။ ချောမောလှပသည့် ဇနီးသည်နှင့်အတူ

bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပါခ့်ရိပ်သာလမ်းတွင် မိုးပျံတိုက်ကြီးနှင့်နေထိုင်သူ။ သည့်အကြောင်းတွေရေးလို့မှမကုန်မီ ရစ်ချ်သည် နှစ်ဆယ်ရာ
မြေခွေးရုပ်ရှင်စတူဒီယိုတစ်ဝက်ကိုလည်း ပိုင်ဆိုင်ထားကြောင်း သတင်းသမားများ သိလာပြန်သည်။

ထိုအမှုသည် တစ်နှစ်တာမျှ တငွေ့ငွေ့လောင်နေသည့် မီးပမာ ငြိမ်းလည်းမသွား၊ တဟုန်းဟုန်းလည်း တောက်မလာ
သို့သော် ရှူးဒေါ့ဒဗလျူဂီလျာနီကို နယူးယောက်တောင်ပိုင်းတိုက်နယ်အတွက် အစိုးရရှေ့နေ ခန့်အပ်လိုက်သောအခါတွင်
စောစောက တငွေ့ငွေ့လှိုက် လောင်နေသည့်မီးသည် တဟုန်းဟုန်း တောက်လောင်လာတော့၏။ အမှုကို ပိုပြီး မြန်မြန်ဆန်ဆ
ကိုင်တွယ်ကြဖို့ ဂီလျာနီက သူ့လူများကို ဖိအားပေးသည်။ ခုတော့ သူသည် မထင်မှတ်ဘဲ နိုင်ငံ့သူရဲကောင်း နေရာသို့
ရောက်လာပါပြီကော။ သူသည် ငွေအင်အားသုံးပြီး ဥပဒေကို လက်တစ်လုံးခြား လိမ်လည်ချိုးဖောက်နေသည့် ပညာတတ်
လူကြီးလူကောင်း သူဌေးသူကြွယ်များအား နှိမ်နင်းတိုက်ခိုက်ရာတွင် အဓိက အခန်းကဏ္ဍမှပါဝင်ရတော့မည် မဟုတ်ပါလား

ဂီလျာနီအကြောင်းပြောလျှင် သူ့ကို "မာန်ကြီးသူ"ဟု လူအများက တံဆိပ်တပ်ကြသည်။ တရားရုံး အထက်တ
ရှေ့နေနှင့် နောင်တစ်ချိန်တွင် နယူးယောက်မြို့တော်ဝန်ဖြစ်လာမည့် ဂီလျာနီသည် "အားမာန်ကြီးပြီး ရည်မှန်းချက်မြင့်သ
နိုင်ငံရေးသမား" ဟုလည်း သတ်မှတ်ကြသည်။

နယူးယောက်တောင်ပိုင်းခရိုင် တရားရုံးသို့ ဂီလျာနီရောက်လာခြင်း၏ နောက်ဆက်တွဲရလဒ်ကတော့ ရစ်ချ်၏ရှေ့
များနှင့် အစိုးရရှေ့နေများ ဆက်ဆံရေးကျဲလာခြင်းပင်ဖြစ်တော့၏။ အမှုနှင့်ပတ်သက်၍ ဝိန်းဘာ့ဂ်က ဝေဖန်ချက်ပေး
တွင် "ဒီလူ(ရစ်ချ်)ဟာ ကိုယ့်ကိုယ်ကိုယ်ဖျက်တဲ့လူပဲ။ သူက ကျွန်တော်တို့ကို လှော့တွက်ခဲ့တယ်လေ။ သူက အထော
အထား စာရွက်စာတမ်းတွေကို အမျိုးမျိုးအဖုံဖုံ ကုလားဖန်ထိုးပစ်ခဲ့တာကလား။ သူလုပ်တာကြောင့် အမှုက ဆယ်ဆလော
ပိုကြီးသွားတယ်။ သူသာ အမေရိကမှာပဲနေပြီး အမှုကိုရင်ဆိုင်မယ်ဆိုရင် ဒီလောက်ကြီးလာမှာမဟုတ်ဘူး။ သူ ထော
တော့ကျမယ်။ ဒါပေမယ့် ထိန်းထိန်းသိမ်းသိမ်းလုပ်လို့ရသွားမယ်"ဟု ပြောပါသည်။

သူတို့တစ်တွေ အကြီးအကျယ် ငြင်းခုံကြသည်မှာ ရစ်ချ်၏ကုမ္ပဏီများမှ အထောက်အထား စာရွက်စာတမ်းမျာ
ထုတ်ပေးရေးမပေးရေးနှင့် ပတ်သက်သည်။ ရစ်ချ်၏ မူလကုမ္ပဏီမှာ ဆွစ်ဇာလန်အခြေစိုက် မာ့ခ်ရစ်ချ်+ကုမ္ပဏီအေဂျီဖြ
၏။ ထို့နောက် ယင်းကုမ္ပဏီ၏ လက်အောက်ခံအဖြစ် မာ့ခ်ရစ်ချ်အင်တာနေရှင်နယ်ကုမ္ပဏီ ရှိသည်။ မာ့ခ်ရစ်ချ်အင်တာနေ
နယ်က နယူးယောက်တွင် ရုံးခွဲတစ်ခုဖွင့်ထားသည်။ ထို့ကြောင့် ရစ်ချ်တို့က နယူးယောက်ရုံးခွဲနှင့် ပတ်သက်သ
အထောက်အထား စာရွက်စာတမ်းများကို ထုတ်ပေးသည်။ စစ်ဆေးခွင့်ပြုသည်။ ပြီးတော့ ကျသင့်သော အမြတ်တော်
ကိုလည်း ပေးသွင်းသည်။ သို့သော် ဆွစ်ကုမ္ပဏီဖြစ်သည့် မာ့ခ်ရစ်ချ်+ကုမ္ပဏီအေဂျီနှင့် ပတ်သက်သည့် စာရွက်စာတ
များကိုမူ ထုတ်မပေး။ ဆွစ်ဇာလန်တွင် တည်ထောင်ထားသည့် ကုမ္ပဏီဖြစ်သည့်အတွက် ဆွစ်ဇာလန်၏လျှို့ဝှက်မှုဥပ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



...လိုက်နာသောအားဖြင့် ယင်းကုမ္ပဏီ၏ အထောက်အထား စာရွက်စာတမ်းများကို ဆွစ်ဇာလန်အစိုးရ၏ ခွင့်ပြုချက်
...ဘဲ ထုတ်မပေးနိုင်ဟု ငြင်းဆိုသည်။

■

**...တစ်ရက်ဆုံး ဒဏ်ငွေ**

ရစ်ချ်၏ ရှေ့နေများက မည်သို့အကြောင်းပြလျှောက်လဲသည်ဖြစ်စေ သူတို့၏ လျှောက်လဲချက်ကို ခရိုင်တရားသူကြီး ...နတ်ဆင်းက ပယ်ချသည်။ ဇပ်မြို့တွင် ရုံးစိုက်ထားသည့် မာ့ခ်ရစ်ချ်+ ကုမ္ပဏီအေဂျီမှ အထောက်အထား စာရွက် ...များကို ရုံးတော်သို့ မဖြစ်မနေ တင်ပြရမည်ဟု အမိန့်ချသည်။ ထိုသို့ပေးလို့မရကြောင်း ကုမ္ပဏီက ဆက်လက် ...သောအခါ အဆိုပါ စာရွက်စာတမ်းများ ရုံးတော်သို့မတင်မချင်း တစ်ရက်လျှင် ဒေါ်လာ ၅၀,၀၀၀ ဒဏ်ငွေ ...ဆောင်ရမည်ဟု အမိန့်ထုတ်တော့၏။ ထိုသို့ အမိန့်ထုတ်သည်မှာ ၁၉၈၃ ခုနှစ်၊ ဇွန်လနှောင်းပိုင်းတွင် ဖြစ်၏။ ...မှုခြင်းသည် ဆွစ်ဇာလန်အစိုးရ၏ လွတ်လပ်သော အချုပ်အခြာအာဏာ ပိုင်ခွင့်ကို ထိပါးရာရောက်ကြောင်း ...အစိုးရက ကန့်ကွက်သည်။ သို့သော် ခရိုင်တရားသူကြီးက မလျှော့။ စာရွက်စာတမ်းများကို တောင်းခံမြဲ ဆက်တောင်း ...သည်။ ယင်းအထောက်အထားများ မတင်ပြမချင်း တစ်နေ့ ဒေါ်လာ ၅၀,၀၀၀ ဒဏ်ရိုက်မြဲရိုက်သည်။

ရစ်ချ်က ဒဏ်ကြေးငွေကို ပေးဆိုရန်ငြင်းဆန်ခဲ့သည်။ သူ၏ မာ့ခ်ရစ်ချ် အင်တာနေရှင်နယ်ကုမ္ပဏီကို သူ၏ ...ကိုင်ဖက် အဲလက်ဟက်ကယ်ထံ တိတ်တဆိတ်ရောင်းပစ်သည်။ ဟက်ကယ်က ကုမ္ပဏီကို ကလာရင်ဒန်လီမိတက် ...အမည်ပြောင်းပြီး ဇပ်မြို့တွင် ဆက်လက်လည်ပတ်သည်။

တရားသူကြီးဆင်းက ဤလုပ်ရပ်သည် "တရားရုံး၏ အမိန့်ကို ပရိယာယ်သုံးပြီး ကပျက်ယပျက်လုပ်ခြင်း" ဟု ...သည်။ ထို့ကြောင့် အမေရိကနှင့် ဥရောပတစ်ခွင်ရှိ ဘဏ်ပေါင်းနှစ်ဆယ်တွင် အပ်နှံထားသည့် မာ့ခ်ရစ်ချ်+ကုမ္ပဏီအေဂျီ၏ ...ငွေများကို ပိတ်ပစ်မည်ဟု ခြိမ်းခြောက်သည်။ ဘဏ်များတွင် အပ်နှံထားသည့် ရစ်ချ်ကုမ္ပဏီငွေပမာဏမှာ စုစုပေါင်း ...ဒေါ်လာ(၅၅)သန်းရှိသည်။

တရားသူကြီးဆင်း၏ အမျက်ဒေါသကြောင့် ရစ်ချ်၏စီးပွားရေးလုပ်ငန်းများ အကြီးအကျယ် ထိခိုက်တော့၏။ ...ဆက်ကုမ္ပဏီ တော်တော်များများနှင့် ဘဏ်တော်တော်များများက ပြဿနာ ပြေလည်ရာပြေလည်ကြောင်း အခြေ...

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



တစ်ခုရှိဖို့ ဝိုင်းဝန်းတိုက်တွန်းကြသည်။ ဘဏ်စာရင်းများကို တရားရုံးတော်က ထိန်းချုပ်ထားလိုက်တော့ ရစ်ချ်ကုမ္ပဏီ အနေဖြင့် နောက်ထပ်ငွေချေးလို့ မရတော့။ သည်တော့ အဖြေတစ်ခုကြံဆဖို့ ညှိနှိုင်းဆွေးနွေးကြသည်။

နှစ်ဖက်ရှေ့နေများသည် ၁၉၈၃ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့တွင် တရားသူကြီးဆင်း၏ အိမ်တွင် ညဥ့်သန်းခေါင် ချိန်ရောက်သည့်တိုင် ဆွေးနွေးညှိနှိုင်းကြသည်။ နောက်ဆုံး နှစ်ဦးနှစ်ဖက်ရသွားသည့် သဘောတူညီချက်မှာ စာရွက်စာတမ်း များ တင်ပြရန် ပျက်ကွက်မှုအတွက် ဒဏ်ကြေးငွေ ဒေါ်လာ (၁.၃၅)သန်းကို ရစ်ချ်က တရားရုံးတော်သို့ ပေးသွင်းရန်။ ဆွစ်ဇာလန်ရှိ အထောက်အထား စာရွက်စာတမ်းများကို ရစ်ချ်က တရားရုံးတော်သို့ တင်ပြရန်။ ထိုသို့တင်ပြရန် ပျက်ကွက် နေလျှင် ပျက်ကွက်ရက်များအတွက် နောက်ထပ်ဒဏ်ကြေးငွေပေးဆောင်ရန်။ ဤသို့ နှစ်ဖက်ညှိနှိုင်းသဘောတူလိုက်သည့် အတွက် အမှုသည် ငြိမ်းငြိမ်းချမ်းချမ်း အပြီးသတ်သွားတော့မယောင် ဖြစ်လာသည်။

သို့ဖြစ်သော်လည်း…

သဘောတူညီချက်ရပြီး နောက်လေးရက်အကြာ ၁၉၈၃ ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့တွင် ရှေ့နေကလေး ဝိန်းဘာ့ဂ်ထံသို့ လူတစ်ယောက်က တယ်လီဖုန်းဆက်သည်။ တယ်လီဖုန်းဆက်သူမှာ ရစ်ချ်ကုမ္ပဏီ၏ ဥပဒေရေးရာအဖွဲ့ မှ အတွင်းလူတစ်ယောက်။ သူက သတင်းပေးသည်မှာ ရစ်ချ်ကုမ္ပဏီသည် တရားရုံးတော်က ဆင့်ဆိုထားသော စာရွက် စာတမ်းများကို ဆွစ်လေကြောင်းဖြင့် ပြည်ပသို့ ထုတ်သွားရန် စီစဉ်နေကြောင်း၊ စာရွက်စာတမ်းများမှာ ရောမသေတ္တာကြီး နှစ်လုံးအပြည့်ဖြစ်ကြောင်း။ ဒေါသူပုန်ထသွားသည့် ဝိန်းဘာ့ဂ်က စုံထောက်များကို ဆင့်ခေါ်ပြီး ကနေဒီလေဆိပ်သို့ သွားရောက်ရှာဖွေဖမ်းဆီးရန် ချက်ချင်းလွှတ်တော့၏။

ထိုနေ့ည (၇)နာရီတွင် ဆွစ်အဲကုမ္ပဏီပိုင် ဘိုးအင်း ၇၄၇ လေယာဉ်ကြီးသည် စတင်ထွက်ခွာဖို့ လေယာဉ်ပြေးလမ်း ပေါ်တွင် အသင့်ဖြစ်နေပြီ။ ရစ်ချ်၏ကုမ္ပဏီပိုင် ဥပဒေရေးရာအဖွဲ့မှ လူတစ်ဦး၏ သတင်းပေးမှုကြောင့် အက်ဘီအိုင်စုံထောက် များသည် မှတ်တမ်းမှတ်ရာများထည့်ထားသည့် ရောမသေတ္တာကြီးနှစ်လုံးကို လေယာဉ်ပေါ်မှ ပြန်လည်သိမ်းဆည်းယူနိုင် ခဲ့၏။ ယင်းဖြစ်ရပ်အပြီးတွင်တော့ "မာ့ခ်ရစ်ချ်မှာ ရှိသမျှ ဂုဏ်သိက္ခာတွေ ကုန်တော့တာပဲ။ ဒီလူ မြောင်းထဲရောက်သွား ပြီလေ။ အဲဒီဖြစ်ရပ်အပြီးမှာ သူဟာ လူလိမ်လူကောက်ဖြစ်သွားတော့တာပေါ့"ဟု ဝိန်းဘာ့ဂ်က မှတ်ချက်ချသည်။ ရစ်ချ် ထိုသို့ အပြစ်ကျူးလွန်လိုက်သည့်အတွက် အများပြည်သူ၏ အမြင်မှာရော တရားရုံးတော်၏အမြင်မှာပါ မျက်နှာပန်း မလှတော့ချေ။ ယင်းဖြစ်ရပ်၏ နောက်ဆက်တွဲရလဒ်မှာ ခရိုင်တရားသူကြီးမင်း ဒေါသူပုန်ထသွားခြင်းပင်။ ထို့ကြောင့် ရစ်ချ်ပိုင်ကုမ္ပဏီများမှ အထောက်အထား စာရွက်စာတမ်းမှန်သမျှ ရုံးတော်သို့ "သောကြာနေ့အရောက်" မပျက်မကွက် တင်ပြရမည်ဟု အမိန့်ချလိုက်ခြင်းပင်။ ပါးစပ်အဟောင်းသားဖြစ်နေသည့် ရစ်ချ်၏ ရှေ့နေက "သောကြာနေ့အရောက်--

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆုတ်လား။ ကျွန်တော်တို့မှာ ကမ္ဘာတစ်ဝန်းလုံး ကုမ္ပဏီခွဲပေါင်း လေးဆယ့်ရှစ်ကုမ္ပဏီ ရှိပါတယ်ခင်ဗျ''ဟု အသနားခံသည်။

ထိုအခါ တရားသူကြီးမင်းက ''မရဘူး၊ သောကြာနေ့ မတင်မဖြစ် တင်ရမယ်''ဟု မိန့်ကြားလိုက်တော့၏။

■

## ရွှေစာပင်ဖြစ်သွားခြင်း

စီးပွားရေးလုပ်ဖော်ကိုင်ဖက်ငါးဦးဖြစ်သည့် မာ့ခ်ရစ်ချ်၊ ပင်ကီ ဂရင်း၊ အဲလက်ဟက်ကယ်၊ ရှုန်ထရက်ဖို့တို့သည် ရှေ့နေနှစ်ဦး အပါအဝင် လက်တစ်ဆုပ်စာအမှုထမ်းများနှင့်အတူ နေ့ရောညပါ အထောက်အထား စာရွက်စာတမ်းများကို စည်းသည်။ တစ်နေ့လျှင် (၁၄)နာရီ (၁၅)နာရီအလုပ်လုပ်ပြီး သုံးရက်အကြာတွင် စာရွက် စာတမ်းပေါင်း နှစ်သိန်းကို သီးသန့်အငှားလေယာဉ်ဖြင့် အမေရိက သို့ တင်ပို့လိုက်၏။

ထို့နောက် ၁၉၈၃ ခုနှစ်၊ ဩဂုတ်လ (၁၃)ရက်နေ့တွင် ဆွစ်ဇာ လန်ရှေ့နေချုပ်ရုံးမှ အရာရှိတွေ ဇပ်မြို့ရှိ မာ့ခ်ရစ်ချ်ကုမ္ပဏီသို့ ရောက် လာသည်။ သူတို့ရောက်လာခြင်းမှာ အမေရိကသို့ ပို့လိုက်သည့် စာရွက်စာတမ်းများတွင် ပါဘဲ ကျန်နေသည့် စာရွက်စာတမ်းများကို သိမ်းဆည်းဖို့။ ဆွစ်ဥပဒေအရ ဆွစ်ဇာလန်တွင် အခြေစိုက် စီးပွား ရေးလုပ်သည့် ကုမ္ပဏီ၏ စာရွက်စာတမ်းများကို အခြားနိုင်ငံတစ်နိုင်ငံ သို့ ပို့ခြင်းသည် ဆွစ်ဇာလန်နိုင်ငံ၏ လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်ခွင့်ကို ချိုးဖောက်စော်ကားရာရောက်၏။ ထို့ကြောင့် ဆွစ် အစိုးရက အမေရိကအစိုးရထံ ကန့်ကွက်စာပို့သည်။

ခုတော့ ရစ်ချ်တစ်ယောက် ကြားညပ်လေပြီ။ အမေရိကနိုင်ငံက အမြတ်ခွန်တိမ်းရှောင်သူတစ်ဦးအဖြစ် စွဲချက် တင်ထားသလို ဆွစ်ဇာလန်နိုင်ငံကလည်း စီးပွားရေးသူလျှို့လုပ်သူတစ်ဦးအဖြစ် အမြင်မကြည်တော့။

ဆွစ်အစိုးရ၏ ဆောင်ရွက်ချက်များကြောင့် ခရိုင်တရားသူကြီး ဆင်းက နောက်တွန့်သွားခြင်းမရှိ။ မူလအချိန်အတိုင်း အထောက်အထား စာရွက်စာတမ်းမှန်သမျှ တင်ပြရမည်ဟု ဆင့်ခေါ် မြဲဆင့်ခေါ်သည်။ မတင်ပြမချင်း တစ်ရက်လျှင် ဒေါ်လာ ၅၀,၀၀၀ ဒဏ်ကြေး ငွေပေးဆောင်ရမည်ဟူသော အမိန့်ကိုလည်း မပြင်ဆင်၊ မရုပ်သိမ်း။ သို့ဖြင့် စာရွက်စာတမ်းများ အချိန်မီ မတင်ပြနိုင်သည့်အတွက် ဒဏ်ကြေးငွေစုစုပေါင်း ဒေါ်လာ (၂၁)သန်းကျော် ရုံးတော်သို့ ပေးသွင်းခဲ့ရလေသည်။

ခရိုင်တရားသူကြီး၏ လုပ်ရပ်ကို ဆွစ်အစိုးရက ကန့်ကွက်စာနောက်တစ်ကြိမ်ပို့သေးသည်။ သို့သော် အမေရိကန်

the bookhouse
we bring you future
www.burmeseclassic.com

www.burmeseclassic.com



အစိုးရက လိုက်လျောခြင်းမပြု။ လွန်ခဲ့သည့် တစ်နှစ်လောက်က ရေနံရောင်းဝယ်ရေးလောကတွင် လူမသိသူမသိ ကျင်လည် နေခဲ့သည့် မာ့ခ်ရစ်ချ်ဆိုသော အမည်သည် ခုတော့ ကမ္ဘာကျော်သွားလေပြီ။ ထို့အတူ ရူဒီဂီလျာနီနှင့် ဆန်ဒီဝိန်းဘာ့ဂ်တို့ သည်လည်း လူသိများ ကျော်ကြားသူများဖြစ်လာ၏။

အမှုကို မြန်မြန်ဆန်ဆန်စစ်ဆေးနိုင်ဖို့ ဖိဖိစီးစီး အလုပ်လုပ်ကြရန် အစိုးရ အငယ်တန်းရှေ့နေများကို ဖိအားပေးခဲ့ သည့် ရှေ့နေကြီး ဂီလျာနီ၏လက်ထဲတွင် ဖဲဖဲမျာ:ရှိနေသေးသည်။ ၁၉၈၃ ခုနှစ်၊ စက်တင်ဘာလလယ်တွင် သူက သတင်းသမားများအား သတင်းစာရှင်းလင်းပွဲလုပ်ဖို့ ဖိတ်ကြားလိုက်၏။ ဂီလျာနီ၏အမြင်တွင်တော့ ဤသတင်းစာရှင်းလင်း ပွဲသည် သမိုင်းတွင် မှတ်တမ်းဝင်မည့် မှတ်တိုင်တစ်တိုင် ဖြစ်နေပေသည်။

■

## *မကြုံစဖူး ကြီးမားသည့် အမြတ်ခွန်ရှောင်တိမ်းမှု*

အမေရိကပြည်ထောင်စု အစိုးရရှေ့နေချုပ်ရုံး အဆောက်အအုံ၏ အထပ်ရှစ်ထပ်မြောက်တွင် ဥပဒေ စာကြည့်တိုက် ရှိသည်။ ထိုစာကြည့်တိုက်ထဲတွင် အထက်တန်းရှေ့နေ ဂီလျာနီက ဖိတ်ကြားထားသည့် သတင်းသမားများအား စောင့်ကြို သည်။ ထိုနေ့ကား ၁၉၈၃ ခုနှစ်၊ စက်တင်ဘာ (၁၉)ရက်။

ထိုနေ့က သတင်းသမားများ ကြုံတောင့်ကြုံခဲဖြစ်ရပ်တစ်ခု ကို ကြုံတွေ့ကြရ၏။ အစိုးရအထက်တန်းရှေ့နေတစ်ဦး ရုံးတော်သို့ တင်မည့်စွဲချက်တစ်ခုကို ဖတ်ပြနေခြင်း။ သူဖတ်ပြသည့် စွဲဆိုချက်ထဲတွင် အမြတ်ခွန်ရှောင်တိမ်းမှု၊ စာရင်းအင်း လိမ်လည်တင် ပြမှု၊ တရားမဝင်လုပ်ငန်းဖြင့် အသက်မွေးမှုနှင့် အခြားကျူးလွန်မှု စုစုပေါင်း ငါးဆယ့်တစ်မှု ပါဝင်သည်

တရားပြိုင်များသည် တရားမဝင်လုပ်ငန်းဟု သတ်မှတ်လို့ ရသည့်လုပ်ငန်းများမှ ရသည့်အမြတ်ငွေ ဒေါ်လာ ၁၀၀ ကျော်ကို စာရင်းလိမ်ပြပြီး နိုင်ငံတော်သို့ ပေးသွင်းရမည့် အမြတ်တော်ခွန်များကို ရှောင်တိမ်းခဲ့ကြောင်း။ ထို့ပြင် နိုင်ငံတော်က ထုတ်ပြန်ထားသည့် စွမ်းအင်ဆိုင်ရာ စည်းမျဉ်းဥပဒေများကိုလည်း ချိုးဖောက်ခဲ့ကြောင်း။ ဤသို့ မှောင်ခို လုပ်ငန်းဆန်ဆန်လုပ်ခဲ့သည့် မာ့ခ်ရစ်ချ်အင်တာနေရှင် နယ်ကုမ္ပဏီအနေဖြင့် ၁၉၈၀-၈၁ ဘဏ္ဍာရေး နှစ်တစ်နှစ်တည်း ပင် အမြတ်ခွန်ငွေ ဒေါ်လာ (၄၈)သန်းကျော် ပေးသွင်းရမည်ဖြစ်ကြောင်း”

သို့ဖြစ်သည့်တိုင် အစိုးရရှေ့နေ ဂီလျာနီက သူကိုင်ထားသည့် ဖဲဖဲကို သတင်းစာရှင်းလင်းပွဲပြီးခါးသည်အထိ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပြသေး။ ယင်းဗွက်ဖဲကား ရစ်ချ်၏ သက်တမ်းတစ်လျှောက်လုံး အမည်းစက်ကြီး စွဲထင်နေစေမည့်စွဲချက်ပင်။

"အီရန်နိုင်ငံမှာရှိတဲ့ အမေရိကန်သံရုံးကို ၁၉၇၉ ခုနှစ်၊ နိုဝင်ဘာလ(၄)ရက်နေ့မှာ အီရန်လူမျိုးတွေက စီးနင်းတိုက်ခိုက်တယ်။ အဲဒီနောက် အမေရိကန်နိုင်ငံသား (၅၃)ယောက်ကို ဓားစာခံအဖြစ် ဖမ်းထားကြတယ်။ ဖမ်းထားချိန် (၁၄)လကျော်ကျော် ၁၉၈၁ ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်ကျမှ ပြန်လွှတ်ပေးခဲ့တယ်"

ထိုအရေးအခင်းကြောင့် အီရန်နှင့် ကုန်သွယ်မှုဖြတ်တောက်ဖို့နှင့် နောက်ဆက်တွဲစည်းမျဉ်းစည်းကမ်းများကို သမ္မတကာတာက ထုတ်ပြန်ခဲ့သည်။ သို့သော် မာ့ခ်ရစ်ချ်+ကုမ္ပဏီအေဂျီက အီရန်နိုင်ငံပိုင် ရေနံကုမ္ပဏီထံမှ ရေနံစိမ်းများဝယ်ယူဖို့ သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြောင်း။ ထိုသို့ ဝယ်ယူခဲ့သည့် ရေနံစိမ်းစည်ပေါင်း ၆,၂၅၀,၀၀၀၏ တန်ဖိုးမှာ ဒေါ်လာ ၂၀၂,၈၀၆,၂၉၁ ခန့် ရှိသည်။

အဆိုးရွားဆုံး စွဲဆိုချက်မှာ ရန်သူနှင့်ကုန်သွယ်မှုပြုခြင်း။

သို့ဖြစ်ရာ ယင်းအရောင်းအဝယ်ကိစ္စများကို ကိုယ်တိုင်ကိုယ်ကျ ကိုင်တွယ်ခဲ့သည့် မာ့ခ်ရစ်ချ်နှင့် ပင်းကပ်ဂရင်းသည် နိုင်ငံတော်သစ္စာဖောက်များဖြစ်သည်ဟု စွဲချက်တင်လိုက်လေသည်။ ဤသို့ အီရန်များနှင့် ကုန်ရောင်းကုန်ဝယ်ပြုခြင်းသည် အမေရိကန်လူမျိုးများအနေဖြင့် သည်းမခံခွင့်မလွှတ်နိုင်စရာ သစ္စာဖောက်မှုကြီးဖြစ်နေတော့၏။

■

## ရှေ့နေများ အပြင်းထန်ဆုံးဥပဒေကို ကိုင်စွဲကြပြီ

အမေရိကပြည်ထောင်စုတွင် ထုတ်ပြန်ထားသည့် ဥပဒေများထဲမှ အပြင်းထန်ဆုံးဟု ဆိုလို့ရသည့် ဥပဒေတစ်ရပ်ရှိ၏။ ၄င်းဥပဒေကို အတိုကောက်ရီကို (RICO)ဟု လွယ်လွယ်ခေါ်ကြသည်။ အမေရိကပြည်ထောင်စုတွင် စနစ်တကျဖွဲ့စည်းဖွဲ့ပြီး ဒုစရိုက်မှု ကျူးလွန်သည့် မာဖီးယားလို ဒုစရိုက်ဂိုဏ်းများ၊ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်သူများနှင့် တရားမဝင် စီးပွားရေးလုပ်သူများ၊ အမြတ်ခွန် ရှောင်တိမ်းဖို့ ကြိုးစားသူများအား အပြစ်ပေးဖို့ ထုတ်ပြန်ထားသည့်ဥပဒေ။

ရီကိုဥပဒေအရဆိုလျှင် တရားစွဲခံရသူ ပိုင်ဆိုင်သရွေ့ ပုံသေပိုင်ပစ္စည်းများကို တရားရုံးတော်မှ စီရင်ချက်မချမီအတည်းက သိမ်းထားလို့ရ၏။ တားမြစ်ထိန်းချုပ်ထားလို့ရ၏။ ကုန်ကုန်ဆိုရလျှင် တရားရုံးတော်သို့ စွဲချက်မတင်မီကပင် ပုံသေပိုင်ပစ္စည်းများ၊ ငွေသားများ၊ ဘဏ်စာရင်းများ၊ အိမ်များ၊ အိမ်ထောင်ပရိဘောဂများကအစ အစိုးရက ထိန်းချုပ်

www.burmeseclassic.com

www.burmeseclassic.com



သိမ်းဆည်းထားလို့ရသည်။ တစ်နည်းဆိုရသော် ဤဥပဒေဖြင့် တရားစွဲခံရပြီဆိုလျှင် တရားစွဲခံရသူသည် ခရူဆော့ ကျွတ်ဖြစ်သွားမည့်ကိန်း။

ယခု အစိုးရရှေ့နေများက ရစ်ချ်နှင့်အဖွဲ့ကို အထက်ပါဥပဒေဖြင့် စွဲချက်တင်လိုက်ကြပြီ။ အဓိပ္ပာယ်ကတော့ အစိုးရရှေ့နေများက ဥပဒေများထဲတွင် အဏုမြူဗုံးလို အဖျက်စွမ်းအားကြီးမားလွန်းသည့် လက်နက်ကြီးကို ကိုင်တွယ် လိုက်ခြင်း။

ရီကိုဥပဒေကို ကိုင်စွဲပြီး စွဲချက်တင်ပြီးသောအခါ အမေရိကန် အာဏာပိုင်များက အမေရိကမြေပေါ်ရှိ ရစ်ချ်ပိုင်ဆိုင် သည့် ပစ္စည်းဥစ္စာမှန်သမျှကို သိမ်းဆည်းထိန်းချုပ်လိုက်တော့၏။ ထိုအထဲတွင် ရစ်ချ်၏ ကိုယ်ပိုင်စည်းစိမ်ဥစ္စာတွေပါသည် ရစ်ချ်၏ ကုမ္ပဏီများမှ အဆောက်အအုံများ၊ ငွေသားများ၊ ဘဏ်စာရင်းများပါဝင်သည်။

၂၀ရာစု မြေခွေးရုပ်ရှင်ကုမ္ပဏီမှ ရစ်ချ်၏ အစုရှယ်ယာများအပါအဝင် အခြားကုမ္ပဏီများတွင် ထည့်ဝင်ထားသည့် အစုရှယ်များပါဝင်သည်။ တစ်ချိန်တည်း တွင်ပြည်တွင်းအခွန်ဦးစီးဌာနက ရစ်ချ်၏ဝင်ငွေများကို တွက်ချက်ပြီး မာ့ခ်ရစ် အင်တာနေရှင်နယ်ကုမ္ပဏီအနေဖြင့် အမြတ်ခွန်ဒေါ်လာ (၉၁)သန်းကျော် ပေးသွင်းရန် တောင်းဆိုလိုက်၏။

တရားရုံးတော်သို့ တင်သွင်းသည့်စွဲချက်တွင် ရစ်ချ်ပိုင်ဆိုင်သည့် ပုံသေပိုင်ပစ္စည်းများကို စာရင်းပြုစုတင်ပြထားသည် မှာ ခြောက်မျက်နှာရှိသည်။ ထို့ပြင် ပြည်တွင်းအခွန်ဦးစီးဌာနက အမိန့်ထုတ်ပြန် ညွှန်ကြားလိုက်သည်မှာ ရစ်ချ်အင်တာ နေရှင်နယ်နှင့် ပတ်သက်ထားသည့် ဘဏ်များကုမ္ပဏီများအနေဖြင့် ရစ်ချ်နှင့် ဆက်လက်မပတ်သက်တော့ရန် ရစ်ချ်ကုမ္ပဏီ အားပေးရန် ရှိသည့်ငွေများကို လုံးဝမပေးတော့ရန်နှင့် ရစ်ချ်ကပေးသည့်ငွေများကို လက်ခံရယူလျှင် ၎င်းငွေသားများ သိမ်းဆည်းခံရမည်ဟု ညွှန်ကြားသည်။

"အမှုက တော်တော်ထူးကဲတဲ့ အမှုဗျ။ အမေရိကမြေပေါ်မှာရှိသမျှ သူတို့ရဲ့ ပုံသေပိုင်ပစ္စည်းအားလုံးကို ကျွန်တော် တို့ ထိန်းချုပ်ထားလိုက်တယ်။ သူတို့ လုံးဝလှုပ်ရှားလို့မရအောင် ပိတ်ဆို့ပစ်လိုက်တာလေ။ သူတို့ကုမ္ပဏီ တစ်နှစ်လောက် မလည်ပတ်ရတဲ့အတွက် အနည်းဆုံး ဒေါ်လာတစ်ဘီလျံလောက် နစ်နာသွားတာပေါ့ဗျာ" ဟု အစိုးရရှေ့နေကလေး ဆန် ဝိန်းဘာ့ဂ်က အုမြူးစွာ မှတ်ချက်ချပါသည်။

■

the bookhouse
we bring your letters

www.burmeseclassic.com

www.burmeseclassic.com



## ခြွင်းချက်မဲ့ အရှုံးပေးခြင်း

ဂီလျာနီနှင့် ဝိန်းဘာ့ဂ်တို့ ကိုင်စွဲလိုက်သည့် ရီကိုမဟာဗျူဟာသည် အလုပ်ဖြစ်သွားပါသည်။ ရစ်ချ်အင်တာနေရှင်နယ် လုပ်ငန်းလည်ပတ်အောင် မလှုပ်ရှားနိုင်တော့။ သူတို့ကို ဘယ်ဘဏ်ကမျှ ငွေမချေးတော့။ ရောင်းဝယ်ရေးကုမ္ပဏီ တော်တော်များများက သူတို့ကုမ္ပဏီနှင့် လက်မတွဲဝံ့ကြတော့။

အစိုးရထိန်းချုပ်ခံလိုက်ရခြင်း၏ နောက်ဆက်တွဲရလဒ်မှာ "ကျွန်တော်တို့ရဲ့ ကုမ္ပဏီတွေ ပြိုလဲကုန်တာပေါ့ဗျာ" ဟု ရစ်ချ်က ဝန်ခံစကားဆိုသည်။ သည်တော့ ရစ်ချ် မဖြစ်မနေလုပ်ဆောင်ဖို့ ပေါ်ထွန်းလာသည့်အနေအထားမှာ အပြစ်ရှိကြောင်း ဝန်ခံပြီး တရားရုံးတော်သို့ အသနားခံလွှာတင်လျှောက်လဲဖို့ပဲ ရှိတော့၏။ သူ့မှာ တခြား ရွေးစရာလမ်းမရှိတော့။

"ဂီလျာနီက မဖြစ်ဖြစ်တဲ့နည်းနဲ့ အနိုင်ယူချင်တာဗျ။ သူက ဒုစရိုက်မှု ပပျောက်ရေးတိုက်ပွဲဝင်သူရဲကောင်းကြီးအဖြစ် တံဆိပ် ကပ်ခံချင်သူလေ။ သူ့ခေါင်းပေါ်က ဦးထုပ်မှာ နောက်ထပ်ငှက်မွေး ကလေးတစ်ချောင်း ထပ်တပ်ချင်တာလေ" ဟု ရစ်ချ်၏ ရှေ့နေမိုက်ကယ်ဂရင်းက ဝေဖန်သည်။

ထွက်ပေါ်လာသည့် ရလဒ်ကတော့ ရစ်ချ်အနေဖြင့် ခြွင်းချက်မရှိ အရှုံးပေးလက်မြှောက်ရန်ပင် ဖြစ်တော့၏။

သို့ဖြင့် မာ့ခ်ရစ်ချ်+ကုမ္ပဏီနှင့် မာ့ခ်ရစ်ချ်အင်တာနေရှင်နယ် တို့က ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် ရုံးတော် သို့ အသနားခံစာတင်ရတော့၏။ ယင်းအသနားခံစာတွင် မိမိတို့သည် စာရွက်စာတမ်းအတုများ ပြုလုပ်ကာ စာရင်းအင်းအလိမ်များ ပြင်ဆင်ကာ မိမိတို့၏ဝင်ငွေကို လိမ်လည်ပြသခဲ့ကြောင်း၊ ဤသို့ လိမ်လည်ပြသခြင်းဖြင့် အမြတ်ခွန်ငွေ ဒေါ်လာ (၄၈)သန်းလောက်ပေးသွင်းဖို့ ရှောင်တိမ်းခဲ့ကြောင်း ဝန်ခံလျှောက်လဲထားသည်။ ထို့ကြောင့် တရားရုံးတော်က ချမှတ်သည့် ဒဏ်ကြေးငွေများ၊ ရုံးတော်ကုန်ကျစရိတ်များနှင့် အမြတ်ခွန်များ စုစုပေါင်း ဒေါ်လာသန်း (၂၀၀)ကျော်ကို ပေးဆောင်ပါမည်ဟု ဝန်ခံကတိပြုသည်။ ထိုသို့ အပြစ်ဒဏ်အဖြစ် ဒဏ်ကြေးငွေများ ပေးသွင်းသည့်အတွက် အစိုးရဘက်က ရစ်ချ်ကုမ္ပဏီများအားကန့်သတ်ထိန်းချုပ်ထားခြင်းကို ရုပ်သိမ်းပေးရန် သဘောတူသည်။

နှစ်ဖက်သဘောတူ ဈေးစပ်ညှိနှိုင်းထားသည့် ငွေပမာဏကို ပေးသွင်းဖို့ ရစ်ချ်သည် ၂၀ ရာစုမြေခွေး ရုပ်ရှင်ကုမ္ပဏီ ခင်း၏ရှယ်ယာများကို ရောင်းပစ်ရသည်။ ထိုသို့ရောင်းချသည့်အတွက် ဒေါ်လာ (၁၁၆)သန်းရသည်။ ထိုမျှမကသေးဘဲ ကျွန်းရှိ သူပိုင်သည့်ရေနံချက်စက်ရုံတစ်ရုံကိုလည်း ရောင်းလိုက်ရသည်။

ထို့နောက် ၁၉၈၄ ခုနှစ်၊ အောက်တိုဘာ(၁၁)ရက်တွင် ပြုလုပ်သည့် ဗဟိုအစိုးရတရားရုံးတရားခွင်တွင် ရစ်ချ်၏ ရှေ့နေက ပေးသွင်းရန်ရှိသည့် အပြစ်ဒဏ်ကြေးငွေများကို ချက်လက်မှတ်ဖြင့် ပေးသွင်းသည်။ တရားခွင်လုပ်ထုံးလုပ်နည်း

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



များအတိုင်း လုပ်ကိုင်ဆောင်ရွက်ပြီးသည်နှင့် ဂီလျာနီကသတင်းများကို ခေါ်ခေါ်သည်။ သတင်းသမားများရှေ့တွင် ရစ်ချ်ရှေ့နေပေးအပ်သည့် ချက်လက်မှတ်ကို ဂုဏ်ယူဝင့်ကြွားစွာ ဝေ့ယမ်းပြသည်။ သမိုင်းတွင် မှတ်တမ်းတင်ရမည့် သူ့အောင်မြင်မှုကို ဂီလျာနီက ဟိတ်ဟန်အပြည့်ဖြင့် ကြွားလုံးထုတ်သည်။ "အမေရိကပြည်ထောင်စု၏ သမိုင်းတစ်လျှောက်တွင် ရရန်ရှိ ငွေကြေးပမာဏအများဆုံးကို တရားဥပဒေဖြင့် ဖော်ထုတ်သိမ်းဆည်းနိုင်သည့်အမှု" ဟု ဂီလျာနီက ပြောသည်။

ရစ်ချ်ပိုင်ကုမ္ပဏီများက ကျသင့်သော ဒဏ်ကြေးငွေများပေးသွင်းပြီးသည့်တိုင် ယင်းအပြစ်ဒဏ်များတွင် ရစ်ချ်နှင့် ဂရင်းကိုယ်တိုင်ကိုယ်ကျမပါဝင်သေး။ သူတို့နှစ်ဦးသည် ထိုက်သင့်သောအပြစ်ဒဏ်များ ကျခံရခြင်းမရှိသေးဟု ဂီလျာနီက ဆိုသည်။ သူတို့နှစ်ယောက်အတွက် ထိုက်သင့်သောအပြစ်ဒဏ်မှာမူ ထောင်သွင်းအကျဉ်းချခြင်းသာဖြစ်သည်ဟု သူက ဆိုသည်။

"ဒီလူက သိပ်စိတ်ချရတာ မဟုတ်ပါဘူးဗျာ" ဆန်ဒီဝိန်းဘာ့ဂ်က ဂီလျာနီနှင့်ပတ်သက်ပြီး ဝေဖန်သည်။ "ဒီလူက နိုင်ငံရေးကဲလွန်းတဲ့လူပဲ။ ဒီလူ မဲဝင်ရွေးရင် ကျွန်တော်ကတော့ ဒီလူ့ကို မဲမပေးဘူး" ဟုပြောသည်။

ရစ်ချ်နှင့် ဂရင်းအား စွဲဆိုထားသောအမှုသည် တစ်ဆယ့်ခုနစ်နှစ်ကြာသည့်တိုင် ရုံးတော်က ကြားနာစစ်ဆေးခြင်း မပြုဘဲ ဆိုင်းငံ့ထားရသည်။ အမေရိကပြည်ထောင်စု၏ တရားဥပဒေအရ ကာယကံရှင်များမရှိဘဲ ကာယကံရှင်များ မျက်ကွယ်တွင် ကြားနာစစ်ဆေးခွင့် အမိန့်ချခွင့်မရှိသောကြောင့်ပင်။

ဂီလျာနီဖိတ်ခေါ်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဂီလျာနီထုတ်ဖော်မပြောခဲ့သည့် အချက်တစ်ချက်ရှိသည်။ ထိုအချက်ကား မာ့ခ်ရစ်ချ်အား ဖမ်းမည်ဆိုလျှင် လက်ရဖမ်းမိနိုင်မည့် အခွင့်ထူးအခွင့်ကောင်းကြီးကို ဂီလျာနီလက်လွှတ်ခဲ့သည်ဆိုသည့်အချက်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၁၀

## ဂီလျာနီ၏ကျရှုံးမှုများ

ထိုနေ့ကား နွေရာသီ၏ မိုးရွာသည့်နေ့တစ်နေ့။ ၁၉၈၃ ခုနှစ်၊ ဇွန်လ(၂၈)ရက်နေ့။ ထိုနေ့တွင် ဆွစ်အစိုးရ၏ ရှေ့နေတစ်ဦးဖြစ်သူ ဂျူလူးတာ့တ်က အမေရိက၏ ခရိုင်အကြီးတန်းရှေ့နေ ဂီလျာနီထံ လာရောက်တွေ့ဆုံသည်။ ထိုနေ့သည် သတင်းစာရှင်းလင်းပွဲတွင် ရစ်ချ်အား စွဲဆိုထားသည့် စွဲချက်ကို ဂီလျာနီဖတ်မပြမီ သုံးလလောက် အလိုတွင် ဖြစ်၏။ များမကြာမီကလေးတုန်းတပင် ရစ်ချ်ရောဂရင်းပါ သူတို့မိသားစုများနှင့်အတူ ဆွစ်ဇာလန်သို့ ထွက်ပြေးအခြေချခဲ့ကြ သည်။

ရှေ့နေနှစ်ယောက်၏ တွေ့ဆုံပွဲကား သိုသိပ်လျှို့ဝှက်သည့် တွေ့ဆုံပွဲ။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲရှိခဲ့သည်ဆိုသည်ကို ယနေ့တိုင် ထုတ်ပြန်ကြေညာခြင်းမရှိ။ ဘယ်သူမျှမသိကြ။ လူးတာ့တ်ရောက်လာ ခြင်းမှ ဆွစ်အစိုးရကိုယ်စားပြုပြီး တရားဝင်လာရောက်ဆွေးနွေးခြင်း ဖြစ်၏။

ယခင်က ဆွစ်ဇာလန်နှင့် အမေရိကပြည်ထောင်စု၏ဆက်ဆံ ရေးသည် ကမောက်ကမဖြစ်ခဲ့၏။ ဆက်ဆံရေးတင်းမာခဲ့၏။ တိုင်း ပြည်နှစ်ပြည် ပြန်လည်သင့်မြတ်ပြီး စီးပွားရေးအရ ဆက်သွယ်ခဲ့သည် မှာ သိပ်မကြာသေး။ ဆွစ်ဇာလန်၏ အကြီးမားဆုံး ပို့ကုန်ဈေးကွက် မှာ ဂျာမနီဖြစ်၏။ ဂျာမနီပြီးလျှင် ဒုတိယအကြီးမားဆုံးဈေးကွက် သည် အမေရိကဖြစ်၏။ သည်တော့ အမေရိကနှင့် နောက်ထပ် ဆက်ဆံရေးပျက်မည့် အနေအထားကို ဆွစ်ဇာလန်က ရှောင်ချင်သည်။ တိုင်းပြည်၏ အကျိုးစီးပွားနှင့် ယှဉ်လျှင် မာ့ခ်ရစ်ချ်ဆိုသူတစ်ယောက်

www.burmeseclassic.com

သည် ဘာမျှမဖြစ်လောက်။ သူ့ကိုငဲ့နေစရာမလို။

သို့သော် ဆွစ်ဇာလန်နိုင်ငံသည် လွတ်လပ်သောအချုပ်အခြာအာဏာပိုင်ခွင့်ရှိသည့် နိုင်ငံဖြစ်၏။ ဆွစ်ဇာလန်တွင် မိမိတို့ပြဋ္ဌာန်းထားသည့် အခြေခံဥပဒေများရှိသည်။ စည်းမျဉ်းစည်းကမ်းများရှိသည်။ ဆွစ်ဇာလန်သည် မိမိကိုယ်ပိုင်ဥပဒေ စည်းမျဉ်းစည်းကမ်းများဖြင့် အုပ်ချုပ်နေသည့်လွတ်လပ်သောနိုင်ငံဖြစ်သည်။ တရားဥပဒေချိုးဖောက်မှုများ၊ လက်တစ်လုံး ခြားရှောင်တိမ်းမှုများကို ဆွစ်ဇာလန်နိုင်ငံကလည်း အားမပေး။ လက်မခံ။ သို့သော် ဆွစ်ဇာလန်၏ အချုပ်အခြာအာဏာ ပိုင်ခွင့်အရ ပြစ်မှုကျူးလွန်သူများကို ပြည်ပအာဏာပိုင်များက ဆွစ်ဇာလန်မြေပေါ်တွင် လာရောက်ဖမ်းဆီးခြင်းကို ခွင့်မပြုနိုင်။

သို့သော် ယခု မာ့ခ်ရစ်ချ်အမှုတွင် နှစ်နိုင်ငံချစ်ကြည်ရေးမပျက်စေရေးအတွက် အမေရိကန်အာဏာပိုင်များက တောင်းဆိုလျှင် မာ့ခ်ရစ်ချ်အား ဆွစ်ဇာလန်ရဲအဖွဲ့က ဖမ်းပေးမည်ဖြစ်ကြောင်း၊ ပြီးတော့ အမေရိကသို့ လွှဲပြောင်းပေးမည် ဖြစ်ကြောင်း ပြောဆိုကမ်းလှမ်းခဲ့သည်။

■

*နားလည်ရခက်သော ဆိုင်းငံ့မှု*

ဤကမ်းလှမ်းချက်အတိုင်းဆိုလျှင် တယ်လီဖုန်းတစ်ချက် ဆက်ရုံဖြင့် ကိစ္စပြတ်နေပြီဖြစ်၏။

"ဆွစ်ဇာလန်ကိုရောက်နေတဲ့ လူလိမ်လူကောက်မာ့ခ်ရစ်ချ် ဆိုသူဟာ ကျွန်တော်တို့ အမေရိကန်အာဏာပိုင်တွေက လိုအပ်နေတဲ့ တရားခံပြေးတစ်ယောက်ပါ။ ဒါကြောင့် သူ့ကိုဖမ်းပေးပါလို့ မေတ္တာရပ်ခံလိုက်ရင် ဆွစ်ရဲအဖွဲ့က ဖမ်းထား လိုက်မှာပေါ့။ ဂီလျာနီနဲ့ ကျွန်တော် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြတာပဲ"ဟု လူးတာ့တ်က ပြန်ပြောပြသည်။ သို့သော် ဂီလျာနီဘက်က ဘာမျှလှုပ်ရှားမလာ။ တယ်လီဖုန်းတစ်ချက်ပင် ဆက်ဖော်မရခဲ့။ သူတို့လိုအပ်နေ သည့်မာ့ခ်ရစ်ချ် အား လက်ရဖမ်းမိမည့်အခွင့်အရေးကြီးကို ဘာကြောင့် ဂီလျာနီလက်လွှတ်ခဲ့သလဲဆိုတာကိုတော့ ယနေ့အထိ ဘယ်သူမှ မပြောနိုင်ကြချေ။ လျှို့ဝှက်ဆန်းကြယ်ပဟေဠိတစ်ရပ်အဖြစ် ကျန်ရှိနေလေသည်။

ထိုသို့ အကူအညီပေးဖို့ မေတ္တာရပ်ခံလိုက်လျှင် မာ့ခ်ရစ်ချ်အား ဖမ်းဆီးလို့ရမည်။ ဖမ်းဆီးလို့ရလျှင် မာ့ခ်ရစ်ချ်အား တရားခွင်တွင် စစ်ဆေးလို့ရမည်။ ထိုက်သင့်သောအပြစ်ပေးလို့ရမည်။ အမှုလည်း မြန်မြန်ဆန်ဆန် ပြီးပြတ်သွားမည်။

သို့သော်...

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

ဂီလျာနီက လွယ်ကူမြန်ဆန်စွာ အမှုပြီးပြတ်သွားမည့်လမ်း ကြောင်းကို မရွေးခဲ့။ ထိုအစားအမှုကို ကြာရှည်ဆွဲပြီး အရှိန်မြင့်သည် ထက်မြင့်အောင် လူတွေ စိတ်ဝင်စားအာရုံစိုက်မှု မြင့်မားလာအောင် ဖန်တီးခဲ့လေသည်။

■

## တင်းမာသော ဆွစ်ဇာလန်

ဤသို့ဖြင့် လူးတာ့တ်နှင့် ဂီလျာနီ ပြောဆိုဆွေးနွေးခဲ့ပြီး တစ်နှစ်တာကာလ ကုန်လွန်သွားသည်။ ဂီလျာနီက တရားရုံးတော်တွင် မာ့ခ်ရစ်ချ်နှင့် ပတ်သက်သည့် စွဲချက်တင်ပြီး ဆယ်လ အချိန်လွန်သွားသည်။ ထိုအချိန်ကာလတွေ ကုန်လွန်ပြီး ခဏနေမှ ပြစ်မှုကျူးလွန်ခဲ့သူ တရားခံအား ပြစ်မှုကျူးလွန်သည့် မူလနိုင်ငံသို့ လွှဲပြောင်းအပ်နှံရန် အမေရိက ပြည်ထောင်စုက တောင်းဆိုခဲ့သည်။ ထိုသို့ တောင်းဆိုခဲ့သော်လည်း ဆွစ်အစိုးရက ကန့်ကွက်ထားသည့် ဒဏ်ကြေး ဒေါ်လာ ၅၀,၀၀၀ နေ့စဉ် ပေးဆောင်ရမည်ဆိုသည့် အမိန့်ကိုမူ ပြန်လည်ရုပ်သိမ်းခြင်းမပြု။ ထိုအခါ ဆွစ်အာဏာပိုင်များက တင်းတင်းမာမာ တုံ့ပြန်တော့၏။ အမေရိကန်အာဏာပိုင်များက မေတ္တာရပ်ခံလျှင် "သီတင်းပတ်သုံးပတ်အတွင်း" ဘဏ်ဆိုင်ရာ ပုဂ္ဂိုလ်ကိုရေး၊ သက်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကိုပါ လွှဲပြောင်းပေးမည်ဟု ကတိကဝတ် ပြုထားခဲ့သည့်တိုင် သူတို့က မာ့ခ်ရစ်ချ်ကိုဖမ်းပြီး အမေရိကသို့ လွှဲပြောင်းပေးအပ်ဖို့ အရေးယူ ဆောင်ရွက်ခြင်းမပြုကြ။

ထိုသို့ လွှဲပြောင်းမပေးခြင်းနှင့် ပတ်သက်၍ ဆွစ်ရဲအဖွဲ့က ရှင်းလင်းချက်ထုတ်ပြန်သည်။ သို့သော် သူတို့တင်ပြ ထားသည့် အကြောင်းပြချက်များမှာ တစ်ဝက်မှန်စကားများသာဖြစ်သည်။ တကယ်တော့ ဆွစ်အာဏာပိုင်များ စိုးရိမ်သည်မှာ မာ့ခ်ရစ်ချ် ဒုက္ခရောက်မှာစိုး၍မဟုတ်။ သူတို့စိုးရိမ်သည်မှာ ဆွစ်ဇာလန်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ခွင့်ကို ချိုးဖောက် ခံထားမခံရရေးဖြစ်၏။

"ဆွစ်နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုကို တောင်းခံတယ်။ တစ်ချိန်တည်းမှာပဲ ဆွစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာ ပိုင်ခွင့်ကိုလည်း ချိုးဖောက်တယ်ဆိုလို့တော့ ဘယ်ဖြစ်မလဲ။ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကဆို ခုလို မေတ္တာရပ်ခံချက်ကို ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာ ကူညီမှာပါ"ဟု ဆွစ်အာဏာပိုင်တစ်ဦးက ပြောပြလေသည်။

အကယ်၍ ဂျူလူးတာ့တ်၏ ကမ်းလှမ်းချက်ကို လက်ခံပြီး တရားခံများအား လွှဲပြောင်းပေးဖို့ ဂီလျာနီက ၁၉၈၃ ခုနှစ်ကတည်းက မေတ္တာရပ်ခံခဲ့မည်ဆိုလျှင် အခြေအနေတွေ မည်သို့ပြောင်းလဲသွားမည်လဲ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com


အမှုအခင်းတစ်ခုလုံး မြန်မြန်ထက်ထက် ပြီးဆုံးသွားမည်လား။ တရားရုံးတော်နှင့် ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒ ရှိသည့် ရစ်ချ်ကြောင့် အမှုအခြေအနေ တစ်မျိုးပြောင်းသွားမည်လား။

သို့သော် ဉာဏ်နီဉာဏ်နက်များလှသောဂီလျာနီက သူဆောင်ရွက်ရမည့် လုပ်ရှားမှုများကို မဆောင်ရွက်ခဲ့။ ရစ်ချ်အား လက်ရဖမ်းဆီးရမိရေး မဟာအခွင့်အရေးကြီးကို သူ့လက်ချောင်းများကြားမှ လျှောကျ လက်လွှတ်သွားစေခဲ့လေသည်။

■

## *အမေရိကကျင့်သုံးသော တစ်ကိုယ်တော်တရားဥပဒေ*

ယာယီဖမ်းဆီးခြင်း၏ အရေးပါအရာရောက်မှုကို အမေရိကန် အာဏာပိုင်များ မသိမဟုတ်၊ သိနားလည်ကြသည်။

"သံသယအဖြစ်ခံရသူကို သက်ဆိုင်ရာနိုင်ငံဆီ လွှဲပြောင်းပေးဖို့ရေး အရေးပါအရာရောက်တဲ့ အဓိကခြေလှမ်းက ယာယီဖမ်းဆီး ထိန်းသိမ်းခြင်းပါပဲ။ အဲဒီလို ယာယီဖမ်းဆီးထိန်းသိမ်းမှုပြုပြီးတဲ့အခါ အမှုတော်တော်များကို လွယ်လွယ်ကူကူ ချောချောမွေ့မွေ့ စစ်ဆေးနိုင် မြဲဖြစ်တယ်"ဟု အမေရိကန်အထက်တန်းရှေ့နေ အယ်လ်ဗင်ဒီလိုး ဒစ်ရှိုက မှတ်ချက်ချသည်။

သို့သော် ဂီလျာနီ၏ "လူကြမ်းကြီး"ပုံစံ အပြုအမူများက လွယ်လွယ်ကူကူ ချောချောမွေ့မွေ့လမ်းကို ခက်ခဲကြမ်းတမ်း လာစေသည်။

ဤကား တခြားနိုင်ငံများ၏ တရားစီရင်ထုံးများကို ပမာမထား မျက်ကွယ်ပြုခဲ့သည့်အမေရိကန်တို့ တစ်ကိုယ်တော် တရားဥပဒေကျင့်ထုံးသာဓကများထဲမှ တစ်ခုဖြစ်၏။

"ပစ်စရာရှိတာ အရင်ပစ်၊ နောက်မှ မေးခွန်းတွေမေး"ဟူ သော ဂီလျာနီ၏သဘောထားက နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်စေသည်။ နောက်ဆက်တွဲရလဒ်ကတော့ ၁၉၈၃ခုနှစ်၊ နွေကာလတုန်းက လှိုက်လှဲပျူငှာ ဖွင့်ပေးထားသည့် အခွင့်အလမ်းတံခါးပေါက်ကြီးသည် နောက်တစ်နှစ်အကြာတွင် မင်းတုပ်ချတံခါးပိတ်သွားခြင်းပင် ဖြစ်တော့၏။

အမေရိကန်ရှေ့နေကလေး ဝိန်းဘာ့ဂ်နှင့် တွေ့ဆုံစကားပြောရသည့် အတွေ့အကြုံကို ဆွစ်ရှေ့နေ လူးတာ့တ် ပြန်ပြောပြရာ၌…

" ဒီလူက တစ်ဖက်စီးနင်းနိုင်တဲ့လူပဲ။ ကျွန်တော့်ကို ဆက်ဆံတာများ တော်တော်ရိုင်းပျတာဗျို့။ သူက ကျွန်တော့် ကိုဆက်ဆံရာမှာ အမေရိကရဲ့ လက်ဝေခံနိုင်ငံကလာတဲ့ လူတစ်ယောက်လို ဆက်ဆံတာကလား"ဟု ပြောသည်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



သည်တော့ အမေရိကန်အစိုးရရှေ့နေများသည် ဖြေရှင်းချက်ကို လိုလားရှာဖွေသော ပုဂ္ဂိုလ်များမဟုတ်ဟု ဆွစ်အာဏာပိုင်က ဆုံးဖြတ်ပြီး ကမ်းလင့်ထားသောလက်ကို ပြန်ရုပ်ခဲ့ခြင်းမှာ အံ့သြစရာမဟုတ်တော့။

သည်တော့ မေးခွန်းထုတ်စရာတွေ ပေါ်လာတော့၏။ ဂီလျာနီနှင့် ဝိန်းဘာ့ဂ်တို့သည် ဘယ်အတွက်ကြောင့် ဆွစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ဖို့ နောက်တွန့်နေကြပါသလဲ။ အမှုနှင့်ပတ်သက်သည့် အခွင့်အလမ်းပေါင်း မြောက်မြားစွာ ရှိခဲ့ပါလျက် ယင်းအခွင့်အလမ်းများကို ဘာကြောင့် အရယူဖို့ပျက်ကွက်ခဲ့သလဲ။ အမှုကြီးသည်ထက်ကြီးလာအောင် အမြင့်မြင့်သည့်ထက်မြင့်လာအောင် ဘာကြောင့် အချိန်ဆွဲနေခဲ့ကြသလဲ။

နောက်ဆုံးတွင် "ဆွစ်အစိုးရရဲ့ လုပ်ဆောင်မှုတွေက ကျွန်တော့်အတွက် အထောက်အကူတွေ ဖြစ်သွားတာပေါ့ဗျာ" ဟု ဝိန်းဘာ့ဂ်က ဝန်ခံခဲ့လေသည်။

■

## လွန်းလှသော အမှားများ

အမှုနှင့်ပတ်သက်ပြီး အစိုးရရှေ့နေများ၏ အချိန်ဆွဲမှုများကြောင့် ရစ်ချ်တစ်ယောက် အပြစ်မခံရဘဲ လွတ်မြောက်ခြင်းဖြစ်သည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိ။ တရားလိုရှေ့နေများ၏ အပြုအမူများကြောင့် ရစ်ချ်၏ရှေ့နေဆွစ်လူမျိုးကပင် အံ့အားသင့်စိတ် ပေါ်ပါးခဲ့ရသည်ဆို၏။

"မာ့ခ်ရစ်ချ်ကို လွှဲပြောင်းမပေးဘူးဆိုတဲ့ ဆွစ်အစိုးရရဲ့ ဆုံးဖြတ်ချက်ကို အမေရိကအစိုးရက လုံးဝစောဒကမတက်ခဲ့ဘူး။ သံသယရှိသူကို ဖမ်းဆီးလွှဲပြောင်းပေးဖို့ မေတ္တာရပ်ခံချက်ကိုလည်း ထပ်ပြီး မပြုလုပ်ခဲ့ဘူး"ဟု ဆွစ်လူမျိုးရှေ့နေက မှတ်ချက်ချခဲ့သည်။

မာ့ခ်ရစ်ချ်အား ဖမ်းဆီးလွှဲပြောင်းပေးဖို့ကိစ္စကို စိတ်ဝင်စားမှု အားနည်းလှသည့် တရားရေးဌာနက မာ့ခ်ရစ်ချ်သည် အစ္စရေးနိုင်ငံသားအဖြစ် ခံယူထားခြင်းရှိမရှိကို ၁၉၉၀ ပြည့်နှစ်များ စောစောပိုင်းအထိ ရေရေရာရာ မသိကြသေးပေ။ သူတို့သည် ဖြစ်ပေါ်နေသည့် ပြဿနာအကြောင်း ဂဃနဏသိအောင် မလေ့လာကြချေ။

အစ္စရေးသို့ ရစ်ချ်နောက်တစ်ကြိမ် လာရောက်လျှင် ဖမ်းဆီးထိန်းသိမ်းထားပါရန် အမေရိကန်တရားရေးဌာနက ခုနှစ်တွင် မေတ္တာရပ်ခံခဲ့၏။ သို့သော် နောက်တစ်နှစ်လောက်နေမှ ငြင်းပယ်သည့်အကြောင်း ပြန်စာကိုရသည်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ငြင်းပယ်ရသလဲဆိုသည့်အကြောင်းနှင့် ပတ်သက်၍ အစ္စရေးရှေ့နေချုပ် မိုက်ကယ်ဘင်ယဲက ရှင်းပြသည်မှာ "တောင်းဆိုချက်ကို အထောက်အကူဖြစ်စေမယ့် စာရွက်စာတမ်းတွေ နောက်ဆက်တွဲလိုက်မလာဘူးလေ။ သံသယဖြစ်သူကို ဖမ်းပြီး လွှဲပြောင်းပေးဖို့ မေတ္တာရပ်ခံစာ။ ဒါမှမဟုတ် သူ့အပေါ်စွဲဆိုထားတဲ့ စွဲချက်တွေပေါ့။ ဒီတော့ ဒီအမှုဟာ တရားဥပဒေအရ ခိုင်မာမှုမရှိသေးဘူးလို့ ကျွန်တော်တို့က ယူဆခဲ့တာပေါ့။ မစ္စတာရစ်ချ်အပေါ် စွဲဆိုထားတဲ့ စွဲချက်တွေက ငွေရေးကြေးရေးနဲ့ပဲ ဆိုင်နေပြီး လိမ်လည်မှုမမြောက်ဘူး။ ဒီတော့ နှစ်နိုင်ငံစာချုပ်ထားတဲ့ အပြစ်ကျူးလွန်သူကို ဖမ်းဆီးပြီး သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပို့ပေးရေး သဘောတူချက်နဲ့ အကျုံးမဝင်ဘူးလေ" ဟူ၏။

မာ့ခ်ရစ်ချ်၏ စပိန်မြေပေါ်တွင်တွေ့လျှင် ဖမ်းဆီးပြီး အမေရိကသို့ လွှဲပြောင်းပို့ပေးရေးကိုမူ အမေရိကန်အာဏာပိုင်များက မေတ္တာရပ်ခံတောင်းဆိုခြင်းပင်မပြုခဲ့။

အတိုချုပ်ပြောရလျှင် နောက်ဆုံးတော့ မာ့ခ်ရစ်ချ်နှင့် ပင်းကပ်စ်ဂရင်းတို့ကို ဖမ်းဆီးလို့မရ။ ဖမ်းမရသည့်အတွက် အမေရိကန်တရားဥပဒေအရ ရုံးတင်တရားစွဲလို့မရသလို ပြစ်ဒဏ်ချမှတ်လို့လည်းမရ။ ထိုသို့ဖြစ်ရသည်မှာ တရားစွဲဆိုသည့် အစိုးရရှေ့နေများ၏ ပေါ့လျော့မှုများ၊ အမှားများနှင့် အရေးယူဆောင်ရွက်မှု နှေးကွေးခြင်းများကြောင့် ဖြစ်၏။ သို့ဖြစ်သော်လည်း ရှေ့နေကြီးဂီလျာနီ၊ ဝိန်းဘာ့ဂ်နှင့် သူတို့ အရိုက်အရာကို ဆက်ခံခဲ့သူများက ဂရုမစိုက်၊ အမှုမထားခဲ့ကြချေ။

■

## *အပြစ်ကင်းသည်ဟု မယူဆ*

မာ့ခ်ရစ်ချ်သည် ပြစ်မှုထင်ရှား စီရင်ခံရခြင်းလုံးဝမရှိ။ ရစ်ချ်သည် အမေရိကပြည်ထောင်စုသို့ လုံးဝမပြန်မလာသည်တော့ သူ့အမှုကို တရားရုံးတော်တွင် တရားစွဲဆိုခွင့်မရခဲ့။ သူ့တွင် အပြစ် ရှိသည်ဟု မည်သည့်တရားရုံးတော်ကမျှ အမိန့်ချမှတ်လို့မရ။ "ပြစ်မှုထင်ရှားကြောင်း သက်သေအထောက်အထားမပြနိုင်သေးသရွေ့ ကာလပတ်လုံး အပြစ်ကင်းစင်သည်" ဟူသော အမေရိကန်ထုံးတမ်း စဉ်လာအရဆိုလျှင် ရစ်ချ်သည် အပြစ်ကင်းသူဟု မှတ်ယူရပါမည်။

သို့သော် တကယ့်လက်တွေ့ဖြစ်ပျက်သွားသည်များမှာ အထက်ပါအဆိုအမိန့်နှင့် တခြားစီဖြစ်သွားသည်။ ရစ်ချ်အားသတင်းနှင့် စာနယ်ဇင်းများတွင်လည်းကောင်း၊ အများပြည်သူ၏ ထင်မြင်ချက်တွင်လည်းကောင်း ပြစ်ဒဏ်ချမှတ်ခဲ့ကြလေသည်။ ထို့ပြင် စာနယ်ဇင်းဆရာ တော်တော်များများနှင့် နိုင်ငံရေးသမားများက ရစ်ချ်၏ မွေးရာပါရပိုင်ခွင့်များကို

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ချိုးဖောက်ရာရောက်သည့် ရေးသားချက်၊ ပြောကြားချက်များ ပြုလုပ်ခဲ့ကြ၏။

သည်လိုနှင့် အချိန်တွေကြာလာတော့ ရစ်ချ်သည် တရား ဥပဒေချိုးဖောက်သူဟု သံသယအဖြစ်ခံရသူ။ ယင်းသို့သော စွဲချက်ကို ခုခံကာကွယ်သည့် တရားပြိုင်အဖြစ်မှသည် လိမ်လည်မှုကျူးလွန် သူအဖြစ်လည်းကောင်း၊ တိုင်းပြည် ဖြန့်သူတော်ကြီးအဖြစ်လည်းကောင်း ပျော့ကျသွားခဲ့ရလေသည်။ သူတို့တစ်တွေ မည်သို့စွပ်စွဲပြီး မည်သို့အပြစ်ဆိုကြသည် ဖြစ်စေ ယင်းတို့၏ စွပ်စွဲချက်များ မှန်ကန်သည်ဟု မည်သည့်တရားရုံးတော်တွင်မျှ သက်သေအထောက် အထားမပြနိုင်ခဲ့ကြ။ ရစ်ချ်သည် ကမ္ဘာ့ရာဇဝတ်ကောင်များထဲတွင် အကြီးမားဆုံး ရာဇဝတ်ကောင်ဖြစ်သည်ဟု ပိုင်းဝန်းအရောင်ဆိုးခံခဲ့ ရသည်ဟု ရှေ့နေကလေး ဝိန်းဘာ့ဂ်ကပင် ဝန်ခံပြောကြားခဲ့သည်။

ဤစာအုပ်၏ ရည်ရွယ်ချက်မှာ ရစ်ချ်တွင် ထိုအပြစ်ရှိကြောင်း သက်သေပြဖို့ (သို့မဟုတ်) ရစ်ချ်သည် အပြစ်ကင်း ကြောင်း သက်သေပြဖို့မဟုတ်ပါ။ သို့သော် အမှုဖြစ်ပေါ်လာပုံနှင့် အမှုဖြစ်နေသည့်ကာလတစ်လျှောက်လုံးတွင် နှစ်ဖက် လုံးက ကျူးလွန်ခဲ့သည့်အမှားများကို ဖော်ထုတ်ထောက်ပြရေးသာ ဖြစ်ပါသည်။

■

## ချွင်းချက် ငါးချက်

အမှုဖြစ်နေသည့် နှစ်ပေါင်းများစွာအတွင်း ရစ်ချ်က သူ့အမှုကိုလိုက်ပေးဖို့ ဥပဒေပညာရှင် တော်တော်များများကို ငှားရမ်းခဲ့၏။ မည်သို့ပင်ဖြစ်စေ ယင်းတို့၏ လျှောက်လဲချက်များကို အလေးအနက်ထား စဉ်းစားကြရမည်ဖြစ်ပါသည်။

တရားလိုရှေ့နေများ၏ စွဲချက်များအပေါ် ရစ်ချ်၏ရှေ့နေများက အောက်ပါအချက်များပေါ် အခြေပြုပြီး ချေပချက်များ ဆွဲခဲ့ပါသည်။

### ■ ရီကို (RICO) ဥပဒေ

ရီကိုဥပဒေသည် ပညာတတ် ကော်လာဖြူလူတန်းစားများ၏ ကောက်ကျစ်မှုများ၊ အကျင့်ပျက်မှုများအတွက် ရည်ရွယ်ပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်သည်။ မာဖီးယားအဖွဲ့၏ လုပ်ရပ်များ၊ မူးယစ်ဆေးရောင်းဝယ်မှု၊ ပြန်ပေးဆွဲမှု၊ လူသတ်မှု စသည့် အမှုများနှင့် လုံးဝ မသက်ဆိုင်။

the bookhouse we bring you future
www.burmeseclassic.com

www.burmeseclassic.com



## ၂။ တရားမမှု၊ ရာဇဝတ်မှုမဟုတ်

ရစ်ချ်၏ကုမ္ပဏီများအပေါ် တင်ထားသည့် စွဲချက်များမှာ တရားမမှုများမဟုတ်ဘဲ ရာဇဝတ်မှုများဖြစ်နေသည် ရစ်ချ်၏ကုမ္ပဏီများအပေါ် စွဲဆိုသည့်စွဲချက်နှင့် ဆင်တူအမှုများအားလုံးကို တရားမရုံးတော်များကသာ အမှုစစ်ဆေးခဲ့ကြောင်း ရစ်ချ်၏ ရှေ့နေများအဆို အရဆိုလျှင် ရစ်ချ်အမှန်တကယ်ရင်ဆိုင်ရမည်မှာ အမြတ်ခွန်ဥပဒေကို ချိုးဖောက်ခဲ့ခြင်းရှိမရှိသာ ဖြစ်ရမည်။

## ၃။ စွမ်းအင်ဝန်ကြီးဌာန

ရစ်ချ်ရင်ဆိုင်ရသောအမှုနှင့် နီးနွယ်သည့် အမှုတစ်မှု ၁၉၈၅ခုနှစ်တုန်းက ဖြစ်ပေါ်ခဲ့သည်ဖြစ်ရာ ရစ်ချ်၏ကုမ္ပဏီ များသည် ပြည်တွင်းနှင့်ပြည်ပဆက်သွယ်သည့် စာရင်းအင်းများကို စနစ်တကျ ရေးဆွဲထားခဲ့ကြောင်း စွမ်းအင်ဝန်ကြီးဌာ က အသိအမှတ်ပြုခဲ့သည်။ ထိုအချက်ကို ရစ်ချ်၏ ရှေ့နေများက ထောက်ပြသည်။ သို့သော် အစိုးရရှေ့နေများက စွမ်းအင်ဝန်ကြီးဌာန၏ သဘောထားနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ကာ ယင်းစာရင်းအထားအသိုများကိုပင် တိုက်ခို အပြစ်ဆိုခဲ့သည်။

## ၄။ အခွန်ပါမောက္ခ၏ စိစစ်ချက်

အိမ်ဖြူတော် အတိုင်ပင်ခံ လီယိုနတ်ဂါးမင့်က ရစ်ချ်အပေါ် စွဲချက်တင်ရာတွင် အခြေပြုသည့်စာရင်းအထားအ များကို လေ့လာပြီး လွတ်လပ်သော စိစစ်ချက်တစ်စောင် ရေးသားတင်ပြရန် ဘားနတ်ဝေါ့ဖ်မင်းနှင့် မာတင်ဂျင်စဘတ် သည့် အခွန်ပါမောက္ခများအား တာဝန်ပေးခဲ့သည်။ ထို့ပြင် အဆိုပါစာရင်းအထားအသိုများကြောင့် နောက်ဆက်တွဲဖြ ပေါ်လာသော အမြတ်ခွန်နှင့် ပတ်သက်သည့် အကျိုးဆက်များကိုပါ ဖော်ထုတ်ရန် တာဝန်ပေးခဲ့သည်။

ခွဲခြမ်းစိတ်ဖြာ စိစစ်ချက်ထွက်လာသောအခါ မှတ်လောက်သားလောက်သည့် ကောက်ချက်တစ်ခုပါလာသည် ယင်းကောက်ချက်တွင် မာ့ခ်ရစ်ချ်အင်တာနေရှင်နယ်နှင့် မာ့ခ်ရစ်ချ်+ကုမ္ပဏီအေဂျီ၏ စာရင်းများတွင် အမေရိကန်အစို ၏ အမြတ်ခွန်ဥပဒေကို ချိုးဖောက်လိမ်လည်မှုများ မတွေ့ရကြောင်း ဖော်ပြထားသည်။

ပါမောက္ခနှစ်ဦး၏ ဖော်ထုတ်တွေ့ရှိ အစီရင်ခံချက်အရဆိုလျှင် ရစ်ချ်၏ ကုမ္ပဏီများအနေဖြင့် အမြတ်ခွန် ထ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ပေးသွင်းရန် လုံးဝအကြောင်းမရှိပါချေ။

**၅။ အီရန်**

ရစ်ချ်သည် ရန်သူနှင့် ပေါင်းသင်းကာ စီးပွားရေးလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်သည် ရစ်ချ်အား ယနေ့ထက်တိုင် ခြောက်လှန့်နေဆဲဖြစ်၏။ ရစ်ချ်အား ထိုသို့ ပြင်းပြင်းထန်ထန် စွပ်စွဲကြသော်လည်း စွပ်စွဲသူများ မျက်စိမှောက်နေသည်မှာ ရစ်ချ်၏ကုမ္ပဏီနှစ်ခုစလုံးသည် ဆွစ်ဇာလန်အခြေစိုက်ကုမ္ပဏီများဖြစ်နေခြင်းကို ဖြစ်၏။ မာ့ခ်ရစ်ချ်+ကုမ္ပဏီကို ၁၉၇၄ တွင် ဆွစ်ဇာလန်၌ တည်ထောင်ခဲ့သည်။ မာ့ခ်ရစ်ချ်အင်တာနေရှင်နယ်ကိုမူ မာ့ခ်ရစ်ချ်+ကုမ္ပဏီ၏ ကုမ္ပဏီခွဲတစ်ခုအဖြစ် ၁၉၇၈ တွင် ဆွစ်ဇာလန်၌ တည်ထောင်ခဲ့သည်။ ယင်းကုမ္ပဏီနှစ်ခုစလုံး ဆွစ်ဇာလန်နိုင်ငံ၊ ဇပ်မြို့တွင် အခြေစိုက်ပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။

ယင်းသို့ ပြည်ပအခြေစိုက်ကုမ္ပဏီများနှင့် ပြည်ပတွင်ရုံးခွဲဖွင့်ထားသည့် အမေရိကန်ကုမ္ပဏီများသည်ပင် အမြတ်ခွန် ကင်းလွတ်ခွင့်ရကြောင်း၊ ကုန်သွယ်မှုပိတ်ပင်ထားသော နိုင်ငံများနှင့် ကုန်သွယ်မှုပြုသည့်အတွက် အပြစ်ပေးခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့သည်မှာ အစဉ်အလာရှိကြောင်း ရစ်ချ်၏ရှေ့နေများက ထောက်ပြခဲ့သည်။

သို့ဖြစ်ရာတိုင်းပြည်တွင် စီးပွားရေးအခြေအနေ၊ နိုင်ငံရေးအခြေအနေတွေ ဆိုးရွားလာပြီဆိုလျှင် လူတွေသည် အပြစ်ဖို့ဖို့ တစ်စုံတစ်ယောက်အား ရှာဖွေလေ့ရှိသည်ဟူသော ဆိုရိုးစကားအတိုင်း ရစ်ချ်လည်း လူအများ ဝိုင်းဝန်းအပြစ်ဖို့ ခြင်းခံခဲ့ရလေသည်။

■

**ရစ်ချ်၏ ကာဆီးမှု**

ထိုသို့ ရစ်ချ်အပေါ် စွဲချက်အမျိုးမျိုးတင်ပြီး တိုင်းပြည်သစ္စာဖောက်ကြီးအဖြစ် အစွပ်စွဲခံနေရသည့်ကာလတစ် လျှောက်လုံးတွင် ဖြစ်ပျက်ပုံအလုံးစုံကို ရစ်ချ်၏ရှုထောင့်မှနေပြီး ရှုမြင်ပြောဆိုခဲ့သူ စာနယ်ဇင်းသမားတစ်ယောက်တလေပင် မရှိခဲ့။ ဤသို့ဖြစ်ရသည်မှာ ရစ်ချ်၏ ဆက်ဆံရေးနည်းဗျူဟာ အမှားကြီးမှားခဲ့သောကြောင့်လည်း တစ်စိတ်တစ်ပိုင်း ပါဝင်သည်။ စာနယ်ဇင်းသမားများအပေါ် ရစ်ချ် ဆက်ဆံရေးမှာ တစ်ခါတစ်ရံ ယုံမှားသံသယကဲလွန်းသည်ဟု ဆိုရပါ မည်။

bookhouse
www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းများစွာအတွင်း ရစ်ချ်သည် တစ်ကြိမ်တစ်ခါမျှ လူ တွေ့မေးမြန်းခန်း မပြုလုပ်ခဲ့။ စာနယ်ဇင်းသမားများ၏ တယ်လီဖုန်းဆက် မေးမြန်းစုံစမ်းချက်များကိုလည်း ပြန်ဖြေလေ့မရှိ။ ထိုအကျင့်၏ ရလဒ်မှာ သူ့အကြောင်း ရေးသားဖော်ပြ ချက်များကို သူ့အနေဖြင့် ငြင်းဆန်မှုမပြုနိုင်သလို ရှင်းပြခြင်းလည်း မပြုနိုင်ခြင်းပင် ဖြစ်တော့၏။ ကုန်ကုန်ဆိုရလျှင် သူ့တွင် အပြစ်မရှိဟု ယုံကြည်ကြောင်းကိုပင် လူအများသိအောင် ထုတ်ဖော်ပြောခွင့်မရတော့ချေ။

သည်တော့ ရစ်ချ်သည် တစ်စုံတစ်ခုကို လျှို့ဝှက်ဖုံးကွယ်ထားသော ကုန်သည်တစ်ဦးဖြစ်သည်ဟု အများပြည်သူ အမြင်တွင် စွဲထင်သွားတော့၏။ တရားလိုဘက်မှ စွဲဆိုချက်များနောက်ကွယ်တွင် ဖုံးဖိ ထားသော ဖြစ်ရပ်မှန်များ ရှိနေမည် ထို့ကြောင့် သူ့ကိုယ်သူပင် ခုခံကာကွယ်လျှောက်လဲချက်များပေးမနေတော့ဟု အများပြည်သူက ထင်မြင်ကြလေသည်။ သူငှားရမ်းထားသည့် ပြည်သူ့ဆက်ဆံရေး သမားများက နောက်ဆုံးဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ သူ့အား အကြံမပေးနိုင်။ အသိမပေးနိုင်။ နောက်ဆုံးတော့ သူ၏ပြည်သူ့ဆက်ဆံရေးသမားများသည် သူ့အား ကောင်းကျိုး ပေးခဲ့သည်ထက် ဆိုးကျိုးသာပေးခဲ့သည် ဆိုရပေမည်။

သူ့ဥပဒေအဖွဲ့ ကျင့်သုံးခဲ့သည့် နည်းဗျူဟာမှာ သိနားလည်ရခက်လောက်အောင် ပိတ်ဆို့ကာဆီးမှု ကဲလွန်းသည် ယင်းနည်းဗျူဟာအမှားကြောင့် အမှုသည် မကြီးသင့်ဘဲ ထိန်းမနိုင်သိမ်းမရကြီးမားသွားတော့၏။ ဥပမာ သေတ္တာကြီး နှစ်လုံးဖြင့် တင်ပို့ဖို့ကြိုးစားခဲ့သည့် စာရွက်စာတမ်းများကိစ္စ၊ မာ့ခ်ရစ်ချ်အင်တာနေရှင်နယ်ကုမ္ပဏီကို ရောင်းပစ်ပြီး ကာလရင်ဒွန်ဟု နာမည်အသစ်တပ်လိုက်သည့်ကိစ္စ။ ယင်းကိစ္စများကြောင့် သူ့အပေါ် တရားလိုဘက်ကရော အများပြည်သူ ကပါ အယုံအကြည်ကင်းလာတော့၏။

“မစ္စတာရစ်ချ်၏ ခုခံကာကွယ်ရေးအဖွဲ့သည် မစ္စတာရစ်ချ်အပေါ် ကံဆိုးမိုးမှောင်ကျစေမည့် ဆက်သွယ်မှုမပြု ပူးပေါင်းဆောင်ရွက်မှုမပြု၊ စေ့စပ်ညှိနှိုင်းမှုမပြုဟူသော နည်းဗျူဟာကို သုံးခဲ့သည်”ဟု အိမ်ဖြူတော်အတိုင်ပင်ခံအရာ ဂျက်ကွင်းက မှတ်ချက်ချခဲ့လေသည်။

ထိုသို့ သူ့ဘက်၌ ချို့ယွင်းချက်၊ လစ်ဟင်းချက်များရှိနေချိန်တွင် အစိုးရရှေ့နေဂီလျာနီက ရီကိုဥပဒေကြီးနှင့်ဆက် ပစ်လိုက်သောအခါ အမှုသည် ကြီးထွားသွားတော့၏။ နိုင်ငံရေးအရ ထင်ပေါ်ကျော်ကြားလိုသာ ဂီလျာနီက ထိုမျှလော ဖြင့် မရပ်သေးဘဲ အမှုထဲသို့ အီရန်ကိုပါ ဆွဲသွင်းခဲ့သည်။ အီရန်နိုင်ငံတွင် ဓားစာခံအဖမ်းခံနေရသည့် အမေရိကန်နိုင် သားများ အရေးအခင်းကြောင့် ဒေါသအမျက် ခြောင်းခြောင်းထွက်နေသည့် စာနယ်ဇင်းသမားများနှင့် အများပြည်သူ ၎င်းတို့၏ အမျက်ဒေါသကို ရစ်ချ်အပေါ် ပုံအောသွန်ချကြတော့၏။ အမှုမှာ တရားဥပဒေချိုးဖောက်ခြင်း၊ မလိုက်နာ ခြင်း မည်ကာမတ္တမဟုတ်တော့ဘဲ စောင့်ထိန်းအပ်သည့် ကိုယ်ကျင့်တရားနှင့် ပတ်သက်သောအမှု ဖြစ်သွားတော့၏

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ အများပြည်သူ၏ စီရင်ချက်က ပြတ်သားသည်။ သူတို့အနေဖြင့် လျှောက်လဲချက်များကို နားထောင်မလို။ သက်သေအထောက်အထားများကို ကြည့်ဖို့မလို။ ရစ်ချ်သည် တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာမဲ့သူဖြစ်၏။ င်းပြစ်ဒဏ်အတွက် လျှောက်လဲခွင့်မရှိ။ အသနားခံခွင့်မရှိ။

■

## ငံရေးအမှု

ရစ်ချ်နှင့် သူ့ကုမ္ပဏီများသည် တစ်ခါတစ်ရံ၌ စီးပွားရေး လုပ်လို့ရအောင် လုပ်ပိုင်ခွင့်ပေးထားသည့် ဘောင်များ ည်းများကို တွန်းမိတိုက်မိသည်များ ရှိခဲ့၏။ သူတို့သည် ရှာဖွေလို့ရသမျှ အမြတ်ခွန်နှင့် ပတ်သက်သည့် ဟာကွက်များ၊ ယ်ပေါက်များကို အသုံးချခဲ့သည်။ ရစ်ချ်ဆိုလျှင် အရင်းရှင်စနစ်၏ ဓားပိုးဝါးနယ်ပယ်များတွင် ကျင်လည်လှုပ်ရှားခဲ့၏။

"ကုန်သည်ဆိုတာ ဓားသွားပေါ်မှာ မကြာခဏ လမ်းလျှောက်ရတတ်တယ်။ ဒီတော့ မင်းချော်မလဲအောင် သတိနဲ့ လျှောက်ပေါ့ကွာ" ဟူသည့် ဆောင်ပုဒ်သည် ရစ်ချ်ကိုင်စွဲကျင့်သုံးခဲ့သည့် ဘဝနေနည်းပင်ဖြစ်တော့၏။

သို့ဖြစ်သည့်တိုင် ဤစာအုပ်ရေးသားပြုစုသည့် ကျွန်တော်တတော့ ရစ်ချ်တွင် အပြစ်ရှိသည်ဟု မယုံကြည်ပါ။ ချ်အား တရားရုံးတော်က ပြစ်ဒဏ်ချမှတ်ရလောက်အောင် ဥပဒေကြောင်းအရ သက်သေအထောက်အထားများ စာခြင်းမရှိဟု ကျွန်တော် ယူဆပါသည်။ အပြစ်ရှိသည်ထားဦး ယင်းအပြစ်ဖြစ်ပေါ်လာဖို့ ကြောင်း ကျိုး ဆီလျော်သော ကြောင်းရင်းများရှိနေသည်။ ယင်းအကြောင်း ရင်းများကြောင့်ပင် ရစ်ချ်သည် သံသယအကျိုးကို ခံစားခွင့်ရှိ၏။

ကျွန်တော်၏ သုတေသနပြုချက်များက ထင်ထင်ရှားရှား ဖော်ပြနေသည်မှာ ဤအမှုသည် နိုင်ငံရေးသွင်ပြင် ဏာဆောင်နေခြင်းပင်။ ဤအမှုသည် မိမိ၏တက်လမ်းအတွက် အသုံးချ ကိရိယာဖြစ်မည်ဆိုတာ ရှေ့နေဂီလျာနီက ချက်ချက်ထားသည်။ သူတွက်ချက်ထားသည့်အတိုင်း ရှေ့နေဂီလျာနီသည် နောင်တစ်ချိန်တွင် နယူးယောက်မြို့တော်ဝန် လာသည်။ သမ္မတရွေးကောက်ပွဲဝင်ဖို့ ကြိုးစားသေးသည်။ သို့သော် သမ္မတလောင်းအဖြစ် အရွေးမခံခဲ့ရချေ။ ဂီလျာနီ၏ ငံရေးဘဝနှင့် အများပြည်သူနှင့် ပတ်သက်သောဘဝသည် ဤအမှုမှစတင်ခဲ့သည်ဟု ပြောမည်ဆိုလျှင် ပြောလို့ရသည်။

အမှုနှင့်ပတ်သက်၍ ကျွန်တော်၏ မေးမြန်းစူးစမ်းချက်များကို အစိုးရရှေ့နေ ဝိန်းဘာ့ဂ်က မျက်နှာအမူအရာမပျက် ောင်ထိန်းပြီး တတ်နိုင်သမျှ ယဉ်ကျေးဖွယ်ရာ စကားလုံးများဖြင့် ဖြေသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"စုံစမ်းစစ်ဆေးမှုကို ကျွန်တော်တို့ တော်တော်ကြီး သမာသမတ်ကျကျ ပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့အလုပ် သဘောအရ လုပ်ကြတာပါ။ ကျွန်တော်တို့တွေ့တာ အမှုကောင်းတစ်မှုမကပါဘူး။ အလွန့်အလွန်ထူးကဲတဲ့ အမှုတစ်ခု ဖြစ်နေတာ တွေ့ရပါတယ်။ အမှုတစ်ခု ဘယ်လိုဆင်ရမယ်ဆိုတာ ကျွန်တော် ကောင်းကောင်းသိပါတယ်ဗျာ။ ကျွန်တော် ပြောတာ ယုံပါ။ ကျွန်တော်တို့ဟာ ကုလားဖန်ထိုးပြီး ဖဲကောင်းတွေ ကိုင်ထားတယ်လို့ စွပ်စွဲကြမယ်ဆိုရင် ကျွန်တော် ပြန်ပြောပါ့မယ်။ ဟုတ်ကဲ့။ ကျွန်တော်တို့လက်ထဲမှာ တစ်ဖဲတွေချည်းပါပဲလို့ ပြောပါရစေ။ အဲဒီလိုပြောသူတွေဟာ ကျွန်တော် အဲဒီနေရာမှာ မရှိတော့တဲ့အချိန်ထိ စောင့်နေကြတာလဲ။ ၁၉၈၃ ဒါမှမဟုတ် ၁၉၈၄ ထဲမှာ အဲဒီလိုငြင်းချက်တွေ တစ်ခုမှ မကြားခဲ့ရဘူး။ ဒီအမှုဟာ တရားမမှုဖြစ်တယ်။ ရာဇဝတ်မှုမဟုတ်ဘူးဆိုတဲ့စကားကို ဘယ်ဥပဒေပညာရှင် ကျွန်တော့်ဆီလာပြီး မပြောကြပါဘူး"

ဤကား ရှေ့နေကလေး ဝိန်းဘာ့ဂ်၏ရှင်းပြချက်။ အခွန်ပါမောက္ခနှစ်ဦး၏ စိစစ်တွေ့ရှိချက်နှင့် ပတ်သက်ပြီး ဘယ်လိုသဘောထားပါသလဲဟူသော မေးခွန်းကို ဝိန်းဘာ့ဂ်က ဖြေကြားရာ၌···

"အဲဒီအစီရင်ခံစာဟာ ပျက်ရယ်ပြုစရာ၊ တောင်စဉ်ရေမရ လျှောက်ပြောထားတဲ့ အမှိုက်ထုပ်ကြီးပါ"ဟု ဝိန်းဘာ့ဂ် အပုပ်ချသည်။

ထိုသို့ စိတ်လိုက်မာန်ပါ ရင့်ရင့်သီးသီးပြောဆိုပြီး သူ့ရိုင်းပျမှုကို သတိပြုမိဟန်ဖြင့် သူ့ကိုယ်သူ ထိန်းလိုက်သည် ပြီးမှ ကျွန်တော့်မျက်လုံးများကို တည့်တည့်စိုက်ကြည့်လျက်ပြောသည်။

"တစ်ခုတော့ မမေ့နဲ့နော်၊ မေ့မထားလိုက်ပါနဲ့။ ရစ်ချ်ရဲ့ ကုမ္ပဏီတွေက အပြစ်ရှိကြောင်း ဝန်ခံခဲ့ကြတယ်။ တော့ သူဟာ တရားခံပြေးပေါ့။ ဒီအမှုစွဲချက်မှာ ချို့ယွင်းချက်၊ အားနည်းချက်တွေ ဒီလောက်များနေရင် သူ ဘာဖြစ် ပြန်လာပြီး စွဲချက်တွေကို ရင်မဆိုင်၊ မချေပတာလဲ"

အလွန်ကောင်းသောမေးခွန်းဖြစ်ပါသည်။ ရစ်ချ်ကိုယ်တိုင်သာ ဖြေနိုင်မည့်မေးခွန်းလည်း ဖြစ်ပါသည်။ နောက် ဤစာအုပ်၏ နောက်တစ်ခန်းတွင် ပါဝင်သည့် အချက်အလက်များက အဖြေပေးပါလိမ့်မည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



## အခန်း–၁၁

## ကျွန်တော်ဘယ်တုန်းကမှ ဥပဒေကိုမချိုးဖောက်ခဲ့ဘူး

မစ္စတာရစ်ချ်၏အသံသည် ခါတိုင်းထက်ပိုပြီး တိုးတိတ်နေ၏။ သူက ကျွန်တော့်ကိုစိုက်ကြည့်သည်။ သူ့အကြည့်သည် တင်းမာခက်ထန်နေသည်။

"ဒီလူက ဖြောင့်မတ်တဲ့လူမှမဟုတ်တဲ"

သူဝတ်ဆင်ထားသည်မှာ ခါတိုင်းလိုပင် အရောင်ရင့်ကုတ်အင်္ကျီ အဖြူရောင်ရှပ်အင်္ကျီနှင့် လည်စီးက အနီရောင်။ ဘယ်ဘက်လက်ကောက်ဝတ်ပေါ်မှာတော့ အရောင်တဖျပ်ဖျပ်လက်နေသည့် ရွှေရောင်ရိုးလက်လက်ပတ်နာရီ။ ယခု ကျွန်တော်နှင့် စကားစမြည်ပြောနေချိန်တွင် သူ့အသက်ခုနစ်ဆယ့်လေးနှစ်ရှိနေပြီ။ သို့တိုင် ချောမောခံ့ညားသော ငယ်ရုပ်သွင်က မပျောက်သေး။ သူငယ်စဉ်က ရိုက်ထားသည့် ဓာတ်ပုံများတွင် သူ့ရုပ်သွင်သည် အသံတိတ်ရုပ်ရှင်ခေတ်တွင် ထွန်းတောက်သောငွေကြယ်ပွင့်ဖြစ်သည့် ရူးဒေါ့ဗလင်တီနိုနှင့် အလွန်တူသည်ကို တွေ့ရ၏။

ရစ်ချ်ကား အမြင့်စူးရှသူတစ်ဦးဖြစ်ပြီး စကားနည်းသည်။ စကားပြောလျှင် တစ်ဖက်လူကြားသာရုံ တိုးတိုးကလေး။ ဘယ်တော့မဆို လိုရင်းတိုရှင်းပဲ ပြောလေ့ရှိသည်။ သူ့သက်တမ်းတစ်လျှောက်တွင် ကိုးဘဝလောက် ဖြတ်သန်းခဲ့ရသော်လည်း သူ့အနေအထိုင်က ကြောင်ကလေးတစ်ကောင်နှယ်။ သတိကြီးစွာဖြင့် ခပ်လှမ်းလှမ်းမှနေပြီး အခွင့်အလမ်းကို ချောင်းသည်။ အခွင့်အလမ်းပေါ်လာလျှင် ခုန်အုပ်ဖို့ အမြဲအသင့်။ သူသည် ထာဝစဉ်အသင့်အနေအထားဖြင့် ရှိနေမည်။ ခုန်အုပ်ပြီး တိုက်ခိုက်လျှင် တိုက်ခိုက်မည်။ အခြေအနေ

bookhouse
www.burmeseclassic.com

 www.burmeseclassic.com 

မကောင်းလျှင် အမြန်ဆုံး ထွက်ပြေးမည်။

"ဒီလူဟာ ဖြောင့်မတ်တဲ့လူလို့ ကျွန်တော်မထင်ဘူး။ သူဟာ သူ့ကိုယ်သူပဲ စိတ်ဝင်စားတယ်လို့ ကျွန်တော် ထင်တယ်။ ဟုတ်တယ်၊ အဲဒီလူစားပါ"

သူ၏ ကမ္ဘာ့ရန်ဖြစ်သူ ရှုးဒေါ့ဂီလှာနီနှင့် ပတ်သက်သည့် သူ့အမြင်ကို တောင်းခံသောအခါ သူက အထက်ပါအတိုင်း ဖြေသည်။ ဤကား သူ့အမှုနှင့်ပတ်သက်ပြီး ပထမဦးဆုံးအကြိမ်အဖြစ် ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောပြခြင်း။ ရစ်ချ်က သူ့အားမေးလာသည့်မေးခွန်းများကို ပရိယာယ်သုံးပြီး လှည့်ကာပတ်ကာမဖြေ။ ထို့အတူ မေးခွန်းများကို ရှောင်တိမ်းခြင်း လည်း မပြု။ ထိုသို့ကျင့်ကြံမည့်အစား အကြီးမားဆုံး အမြတ်ခွန်ရှောင်တိမ်းသူအဖြစ် လွှန်ခဲ့သည့် နှစ်ဆယ့်ငါးနှစ်လုံးလုံး အစွပ်စွဲခံခဲ့ရသည့် မစ္စတာရစ်ချ်က သူသည် အပြစ်ကင်းသူဖြစ်ကြောင်း ခိုင်ခိုင်မာမာပြောသည်။ မှန်ပါသည်။ အမြတ်ခွန် ပေးရသည့် ငွေပမာဏ လျော့နည်းအောင်တော့ ကြိုးစား ကြံဆောင်ခဲ့ကြောင်း သူက ဝန်ခံသည်။ သူရသည့် အမြတ်ငွေ များကို ဆွစ်ဇာလန်သို့ ကဲ့ထုတ်သည်။ အမေရိကမှာထက် ဆွစ်ဇာလန်မှာ အမြတ်ခွန်ဆောင်ရသည့်နှုန်းက သိသိသာသာ သက်သာသည်လေ။

"ကျွန်တော့်ဘယ်တုန်းကမှ ကန့်သတ်ထားတဲ့ ဥပဒေနယ်စည်းကို ကျော်ခြင်းဖြတ်ခြင်း မပြုလုပ်ခဲ့ဘူး။ ကျွန်တော် လုပ်ဆောင်သမျှ အရာရာတိုင်း စည်းကမ်းတကျ ဘောင်အတွင်းမှာချည်းပဲ။ ကျွန်တော် အမှား မလုပ်ခဲ့ပါဘူး"

■

## *ထိုးကျွေးဖို့ နယ်ရုပ်တစ်ရုပ် လိုအပ်နေတဲ့အချိန်*

မာ့ခ်ရစ်ချ်သည် ကာလကြာမြင့်စွာအတွင်း ပထမဦးဆုံး အကြိမ်အဖြစ် သူ၏ အပြည်ပြည်ဆိုင်ရာ ကုန်သန်းရောင်းဝယ် ရေး လုပ်ဆောင်မှုများအကြောင်း ဆွေးနွေးဖို့ သဘောတူလိုက်သည်။

"ရန်သူနဲ့ ပေါင်းဖက်စီးပွားရေးလုပ်တယ်ဆိုတဲ့ စွဲချက်ကတော့ ကျွန်တော့်အပေါ် တင်ထားတဲ့ စွဲချက်တွေထဲမှာ မီးရှိန်အပြင်း ဆုံးစွဲချက်ပေါ့။ ပြောရမယ်ဆိုရင် အဲဒီစွဲချက်ဟာ အမှန်တရားနဲ့ လားလားမှ မနီးစပ်ဘူး။ ကျွန်တော် အီရန် နဲ့ စီးပွားရေးလုပ်တာ ဆွစ်ကုမ္ပဏီ တစ်ခုအတွက်ဗျ။ အဲဒီလိုလုပ်တာဟာ လုံးဝဥဿုံ တရားဝင်တယ်။ မာ့ခ်ရစ်ချ်+ကုမ္ပဏီဟာ ဆွစ်ကုမ္ပဏီတစ်ခု။ ဒီကုမ္ပဏီဟာ အီရန်နိုင်ငံပိုင် ရေနံကုမ္ပဏီဆီက ရေနံဝယ်ခဲ့တာ ဟိုးရှေးပဝေသဏီကတည်းက

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အီရန်မှာ ရှားဘုရင်နန်းမကျခင်ကတည်းက၊ အမေရိကန်နိုင်ငံသားတွေကို ဓားစာခံအဖြစ် ဖမ်းမထားမီကတည်းက။ အီမိတ်ဟောင်းဆီက ရေနံကို ဝယ်ယူပြီး ကမ္ဘာ့ဈေးကွက်မှာ ပြန်ရောင်းတယ်ဗျာ။ ပြည်ပအခြေစိုက် တခြားရေနံကုမ္ပဏီတွေ လိုပဲ။ ပြည်ပမှာ ရုံးခွဲဖွင့်ထားတဲ့ တခြားအမေရိကန်ကုမ္ပဏီတွေလိုပဲ မာ့ခ်ရစ်ချ်+ကုမ္ပဏီဟာ အီရန်ရေနံကုမ္ပဏီနဲ့ ပေါင်းစပ်လုပ်ကိုင်လုပ်ခဲ့တယ်။ အီရန်မှာ တော်လှန်ရေးတစ်ရပ် ဖြစ်ပေါ်ပြီးတော့လည်း ဆက်ပြီး အရောင်းအဝယ် လုပ်ခဲ့တယ်"

ဤကား ရစ်ချ်၏ရှင်းပြချက်။ သူပြောသလို သူသည် အပြစ် ကင်းသူတစ်ဦးဖြစ်နေလျှင် ဘာကြောင့် သူ့အား အကြီးမားဆုံး အခွန်ရှောင်တိမ်းသူ။ နောက်ပြီး တိုင်းပြည့်ရန်သူအဖြစ် တံဆိပ်ကပ် စွပ်စွဲကြပါသလဲဟု ကျွန်တော်က မေးကြည့်သည်။

ရစ်ချ်က မျက်နှာကို တစ်ဖက်သို့လှည့်လိုက်သည်။ ထိုအခါ သူ့ပါးပေါ်မှ အနီရောင်မွေးရာပါအမှတ်ကို ထင်းထင်း မြင်နေရတော့၏။ ယခုမြင်နေရသည့် မွေးရာပါအမှတ်သည် ခါတိုင်းထက်ပိုပြီး နီးမြန်းနေသယောင်။

"အဲဒါကတော့ နိုင်ငံရေးပြဿနာတွေနဲ့ ပေါင်းစပ်မိသွားတာလို့ ကျွန်တော်ယူဆတယ်။ အဲဒီအချိန်မှာ ထိုးကျွေး ခံနိုင်ရပ်တစ်ရပ် လိုအပ်နေတာပေါ့။ လွယ်လွယ်ကူကူရှာလို့တွေ့တဲ့ နယ်ရုပ်က ကျွန်တော်ဖြစ်နေတယ်လေ။ တစ်ကိုယ်တော် သမားယောက်တည်း၊ အရမ်းအောင်မြင်နေတယ်၊ ငွေကြေး ကျိကျိတက်ချမ်းသာတယ်။ ပြီးတော့ ဂျူးလူမျိုးတစ်ယောက်။ ကျွန်တော်က အမေရိကန်လူ့အဖွဲ့အစည်းရဲ့ အပြင်ဘက်မှာ ထီးထီးမားမားကြီးဖြစ်နေတယ်လေ"

ယင်းအကြောင်းရင်းများကြောင့် သူ့ကို ရွေးထုတ်ခဲ့ကြသည်ဟု သူက ယုံကြည်သည်။ သူ့ကုမ္ပဏီနှစ်ခုလုပ်ဆောင် ခဲ့သည့် ကျင့်စဉ်များအတိုင်း လုပ်ဆောင်ခဲ့သည့် အမေရိကန်ကုမ္ပဏီပေါင်း ရာပေါင်းများစွာရှိသည်။ ၄င်းကုမ္ပဏီများတွင် ထည်မသိ ရှယ်ယာရှင်တွေ အများကြီးရှိသည်။ ၄င်းကုမ္ပဏီများထဲမှ အပြစ်ရှာရမည့် ကုမ္ပဏီတစ်ခု၊ အစုရှယ်ယာရှင်တစ်ဦး ကို ရှာဖွေဖို့ဆိုသည်မှာ မလွယ်။ သမ္မတရစ်ချတ်နစ်ဆင်က ၁၉၇၃ တွင် အမေရိကပြည်တွင်းအတွက် ရေနံစိမ်းဈေးနှုန်း များ သတ်မှတ်သည့်စည်းမျဉ်းကို ထုတ်ပြန်ခဲ့၏။ ၄င်းစည်းမျဉ်းထုတ်ပြန်ပြီးနောက်ပိုင်းတွင် ရေနံရောင်းသူတွေ နေရာ တကာ မှိုလိုပေါက်လာသည်။ အာရပ်နိုင်ငံများ၏ ရေနံသပိတ်မတိုင်မီကဆို ရေနံရောင်းသူတစ်ဆယ့်နှစ်ဦးပဲ ရှိသည်။ ၁၉၇၈ တွင်မူ ရေနံရောင်းသူပေါင်း ငါးရာအထိ ရှိလာလေသည်။

"ကျွန်တော့်ကို ပုဂ္ဂိုလ်ကျော်ကြီးတွေက လူအများထဲကနေ စစ်ပြီး ရွေးထုတ်လိုက်တာလေ။ ပုဂ္ဂိုလ်ကြီးတွေဆိုတာက ကိုယ့်ကိုယ်ကိုယ်နာမည်ကြီးအောင်လုပ်ဖို့ပဲ စိတ်ဝင်စားတဲ့ပုဂ္ဂိုလ်ကျော်ကြီးတွေပေါ့။ မစ္စတာဂီလျာနီကဆို အမှုကို ကြီး ကြီးအောင် အရှိန်မတက်တက်အောင် လုပ်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို လူသိများကျော်ကြားလာမယ့် အခွင့် အလမ်းရှိတာကို သိနေလို့ပဲပေါ့။ ကိုယ်ကျိုးစီးပွားနဲ့ သူတို့ရဲ့ ခံစားချက်တွေက တရားမျှတတဲ့ ဖြေရှင်းချက်ရှေ့မှာ ထန်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



လန့်ခံနေတယ်လေ”

သည်စကားများကို ပြောဆိုနေသည့် မာ့ခ်ရစ်ချ်သည် ရှက်ကိုးရှက်ကန်းဖြစ်နေသည်။ ဣန္ဒြေပျက်လုနီးပါးဖြစ် သည်။ သည်တော့မှ မိတ်ဆွေတစ်ဦးပြောပြခဲ့ဖူးသည်ကို ကျွန်တော် သတိရမိသည်။ ရစ်ချ်သည် တစ်သီးတစ်သ နေထိုင်တတ်သူဖြစ်ကြောင်း၊ ပို၍ တည့်တည့်ပြောရမည်ဆိုလျှင် အံ့ပုန်းတစ်ယောက်ဟု ပြောရမည်ဖြစ်ကြောင်း၊ လူအများ ဆုံစည်းသည့် ပွဲလမ်းသဘင်များတွင် ထောင့်တစ်ထောင့်၌ ကုလားထိုင်တစ်လုံးဖြင့် ထိုင်နေတတ်သူဖြစ်ကြောင်း။ ထို ထိုင်နေလျှင် ဆေးပြင်းလိပ်တစ်လိပ်ကို ဖွာပြီး တခြားလူတွေကို ထိုင်ကြည့်နေဖို့အားသန်သူဖြစ်သည်ဆို၏။ အမှန်တော့ ရေခဲလို အေးစက်ပြီး အနေအထိုင်ကျစ်လျစ်သိပ်သည်းလှသော မာ့ခ်ရစ်ချ်အကြောင်း ထိန်းထိန်းသိမ်းသိမ်း လျှော့လျှော့ ပေါ့ပေါ့ ပြောထားခြင်းမျှသာဖြစ်ပါသည်။

■

*ကမ်းကုန်အောင် တုံ့ပြန်မှုလွန်ကဲခြင်း*

ရစ်ချ်၏အမှုအကြောင်း ပြောဆိုဆွေးနွေးနေရာမှ ကျွန်တော်တို့၏ စကားလမ်းကြောင်းသည် အမေရိကပြည်ထောင် တရားဥပဒေနှင့်ပတ်သက်သည့် သဘောထားအကြောင်းသို့ ရောက်သွားသည်။ အမေရိကပြည်ထောင်စုသည် သူ၏တ ဥပဒေကို အခြားနိုင်ငံများ၏ တရားဥပဒေအထက်တွင် ထားလိုသည့်ဆန္ဒရှိကြောင်း ပြောမိဆိုမိကြသည်။ အမေရိက ပတ်သက်၍ ဥရောပသားများက ပြက်ရယ်ပြုထားသည့် စကားတစ်ခွန်းရှိ၏။ အမေရိကပြည်ထောင်စုတွင် အဓိကပြည်ပို့ သုံးမျိုးရှိသည်။ ယင်းပို့ကုန်များမှာ ရှော့အင်း ရီးလ်၊ အပြာရောင်ဂျင်းဘောင်းဘီများနှင့် ကမ္ဘာ့အပေါ်ထားရှိ သူတို့အမြင်ဟူ၍ဖြစ်၏။

“အမေရိကပြည်ထောင်စုဟာ တစ်မျိုးကြီးဖြစ်နေတဲ့ သူ့ဥပဒေတွေကို တစ်ကမ္ဘာလုံးက ကျင့်သုံးစေချင်တာက ဆွစ် ဓာလန်ဆိုရင် သမိုင်းမှာ ထင်ဟပ်နေတဲ့သူ့ပုံရိပ်ကို ထိန်းထားတယ်။ အဲဒီပုံရိပ်အတိုင်း နေထိုင်ကျင့်ကြံတ တခြားနိုင်ငံကြီးတွေက အနိုင်ကျင့်ဗိုလ်ကျတာကို ခေါင်းငုံ့မခံဘူး”ဟု ရစ်ချ်က သူ့အမြင်ကို ပြောသည်။

“အမေရိကရဲ့ နိုင်ငံရေးနဲ့ တရားရေးစနစ်ဟာ အကဲဆတ် တုံ့ပြန်မှု လွန်ကဲလွန်းတယ်လို့ လူသိများ ကျော်ကြား လေ။ သူတို့က မကြာမကြာဆိုသလို ငှက်ကလေးတွေကိုလည်း အမြောက်ကြီးတွေနဲ့ပစ်ကောင်းပစ်ရဲ့။ မကြာခင်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်သွားတဲ့ ထင်ထင်ရှားရှား သာဓကတွေထဲမှာ မာသာစတီးဝပ်၊ ဒါမှမဟုတ် အာသာ အင်ဒါဆင်ကုမ္ပဏီတွေကို ဘရားခွဲတာပါတာပေါ့။ အမေရိကန်အာဏာပိုင်တွေ ချေမှုန်းဖျက်ဆီးပစ်တဲ့ ကုမ္ပဏီတွေထဲမှာ အာသာအင်ဒါဆင်ကုမ္ပဏီဆိုရင် အကြီးမားဆုံးစာရင်းစစ်ကုမ္ပဏီငါးခုထဲမှာ တစ်ခုအပါအဝင်ပေါ့။ အဲဒီကုမ္ပဏီ ဘာဖြစ်လို့ အချေမှုန်းခံရသလဲသိလား။ အဲဒီကုမ္ပဏီရဲ့ အမှုဆောင်အရာရှိ လက်တစ်ဆုပ်စာကြောင့်ပေါ့။ အဲဒီအရာရှိတချို့ရဲ့ အမှားကြောင့် အဖြစ်မဲ့အမှုထမ်း ရာပေါင်းငါးထောင်အလုပ်လက်မဲ့ဖြစ်သွားတယ်။ သူတို့နဲ့အတူ ကုမ္ပဏီရဲ့ အစုရှယ်ယာရှင်တွေလည်း ဒုက္ခရောက်ကြ ရတာပေါ့''

အမေရိကန်တရားစီရင်ရေးစနစ်အပေါ် သံသယရှိပါသလားဟူသော မေးခွန်းကို ဖြေကြားရာ၌ ရစ်ချ်က...

''တရားဥပဒေကို ကျွန်တော် ယုံကြည်တယ်။ ဒါပေမယ့် လူတွေဖန်တီးထားပြီး အသုံးပြုနေတဲ့ အရာအားလုံးရဲ့ အငြိအလာအတိုင်း စင်းလုံးချောတော့ ဘယ်ဖြစ်မလဲ။ ဝင်စတန်ချာချီ တစ်ခါကပြောခဲ့ဖူးတယ်လေ။ နည်းလမ်းပေါင်းစုံနဲ့ စမ်းသပ်စစ်ဆေးပြီးပြီဆိုရင်တော့ အမေရိကန်တွေ မှန်ကန်တဲ့လုပ်ရပ်တွေ လုပ်လိမ့်မယ်လို့ သင် မျှော်လင့်လို့ရပါတယ်'' တဲ့လေ။

■

**ရစ်ချ်၏အကြီးမားဆုံး အမှား**

''ကျွန်တော်ရဲ့ အကြီးမားဆုံးအမှား ဟုတ်လား''ရစ်ချ်က ကျွန်တော့်မေးခွန်းကို ပြန်လည်ရွတ်ဆိုသည်။ ''အမေရိကဘက်မှာ ရှိနေတဲ့ တစ်ယူသန် အယူသီးသမားတွေကို ကျွန်တော် လျှော့တွက်ခဲ့မိတာတော့ အမှန်ပဲဗျ။ နောက်ပြီး ကျွန်တော့်အတွက် ဥပဒေပညာရှင်တွေ အရွေးမှားခဲ့တယ်။ ဟိုတုန်းကဆို ရဲအဖွဲ့နဲ့ ပြဿနာတစ်ခုပေါ်လာရင် ကျွန်တော် သူတို့နဲ့ ဆွေးနွေးညှိနှိုင်းပြီး ဖြေရှင်းပစ်ခဲ့တာချည်းပဲ။ အခုလည်း အစိုးရရှေ့နေတွေနဲ့ အဲဒီလိုပဲ ဆွေးနွေးညှိနှိုင်းဖို့ ကျွန်တော် ကြိုးစားခဲ့တယ်။ ဒါပေမယ့် အဲဒီအချိန်တုန်းက ကျွန်တော့်ရှေ့နေဖြစ်တဲ့ အက်ဒ်ဝီလျံက ဘာပြောလဲဆိုတော့ ''အဲဒီလူတွေနဲ့ ညှိနှိုင်းရင် အမှားကြီးမှားမှာပဲ။ ကျုပ်တို့ သူတို့ကို ထိပ်တိုက်ရင်ဆိုင်ပစ်မယ်'' တဲ့လေ။ အဲဒါဟာ အမှုကို ပိုကြီးသွားအောင် ဆွဲပေးလိုက်တဲ့ မဟာအမှားကြီးပေါ့။ အဲဒီအတွက် ကျွန်တော် နောင်တရမိတယ်''

သူသည် သူ့ဘဝထူထောင်ရေးအတွက် ခြေဖဝါးလက်ဖဝါးဖြင့် စတင်ကြိုးပမ်းခဲ့သူတစ်ဦးဖြစ်သည်။ ယခုတော့

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သူသည် ငွေကြေး ကျိကျိတက်ချမ်းသာကြွယ်ဝသူတစ်ဦးဖြစ်နေပြီ။ သူ့ဘဝတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ် ပြင်းထန်သောဆန္ဒ သူ့မှာ ရှိသည်။ ပြီးတော့ သူ့မှာ အဆက်အသွယ်များရှိသည်။ ငွေကြေး အလျှံပယ်ရှိသည်။

ယခု ဖြစ်ပွားလာသည့် အမှုကြီးက သူ့ဘဝအပေါ် ဘယ်လိုသက်ရောက်မှုတွေပြုခဲ့သလဲဆိုသည့် မေးခွန်းကို သူ၏ဖနီး ဒနိစ် ဖြေရာ၌…

"သူက မိသားစုကို ထိန်းထိန်းကွပ်ကွပ်နေချင်တဲ့လူလေ။ အဲဒီအချိန်တုန်းကတော့ သူဘာမှ မထိန်းကွပ်နိုင်ဘူး ဘာဖြစ်လို့လဲဆိုတော့ သူလုပ်ချင်တာ ဘာမှ လုပ်လို့မရဘူး။ ခရီးတောင်သွားလို့ မရဘူးလေ။ ဒီတော့ သူ စိတ်ဓာတ် တာပေါ့"ဟု ပြောသည်။ ရစ်ချ်ကိုယ်တိုင်ကမူ‥

"ကျွန်တော်ဟာ နာမည်ကောင်းနဲ့ တစ်သက်လုံးနေထိုင်လာတဲ့လူ။ ဒီအမှုကြီးက ကျွန်တော်ရထားတဲ့ နာမည် ကောင်းကို မတော်မတရားဖျက်ဆီးပစ်လိုက်တယ်လေ"ဟု ပြောသည်။

"နောက်ပြီး တရားမျှတတဲ့ စစ်ဆေးမှုလည်း မရခဲ့ဘူး။ ကျွန်တော်တို့မှာ အတွေ့အကြုံတွေရှိထားတယ် အစိုးရရှေ့နေတွေ လက်စွမ်းပြကြတာပေါ့။ ကျွန်တော်တို့ရဲ့ ဘဏ်စာရင်းမှန်သမျှ ပိတ်ဆို့ပစ်တာ။ ကျွန်တော်တို့ရဲ့ အဆ အသွယ်အားလုံးကို ဖြတ်တောက်ပစ်တာ။ သိတယ်မဟုတ်လား။ အဲဒါက အသေသတ်ဖို့ တိုက်တဲ့ တိုက်ခိုက်မှု အကျိုးသက်ရောက်မှုက သိပ်ကို ဆိုးတဲ့ ဆိုးကျိုးတွေပေါ့ဗျာ။ ကျွန်တော်တို့ကုမ္ပဏီတွေ ပြိုလဲကုန်တော့တာပါပဲ။

အဆိုပါအမှုသာ မပေါ်ပေါက်ခဲ့လျှင် သူ၏ ရောင်းဝယ်ရေးအင်ပါယာကြီးသည် ပိုမိုကျယ်ပြန့်သည်ထက် ကျယ် လာမည်ဖြစ်သည်ဟု သူကပြောသည်။ ရစ်ချ်၏စကားအရဆိုလျှင် အမေရိကန်အာဏာပိုင်များ၏ အရေးယူပိတ်ဆို့မှုကြော သူ့ကုမ္ပဏီများကို ရောင်းချခဲ့ရသည်ဟူ၏။

တရားလိုရှေ့နေများက ၁၉၈၃ ခုနှစ်၊ စက်တင်ဘာလထဲတွင် စွဲချက်တင်ခဲ့ကြ၏။ ထိုနောက်ပိုင်းမှစပြီး ရစ် ကုမ္ပဏီများ သေဆုံးသွားပြီဟု သူ့ပြိုင်ဘက်များက တွက်ဆကြသည်။ မသမာသောနည်းများဖြင့် စီးပွားရှာခြင်းဟူ စွဲချက်ကို ဒေါ်လာသန်းပေါင်းများစွာ အခွန်ရှောင်တိမ်းသည်ဟူသော စွဲချက်နှင့် ပေါင်းစပ်လိုက်သောအခါ ကုမ္ပဏီအ သည် ပျက်စီးသွားမည်သာဖြစ်၏။ သို့သော် ရစ်ချ်၏ ကုမ္ပဏီများကတော့ ဆက်လက်ရှင်သန်နေနိုင်အောင် ထိန်း နိုင်ခဲ့၏။ သူတို့သည် ပြင်းပြင်းထန်ထန်ဒဏ်ရာရကောင်းရသွားမည်။ သို့ပေမယ့် ဆက်လက်ရှင်သန်ခဲ့လေသည်။

"ကျွန်တော့်မိသားစု၊ ကျွန်တော့်မိတ်ဆွေတွေနဲ့ စီးပွားရေးလုပ်ဖော်ကိုင်ဖက်တွေက ကျွန်တော့်ဘက်မှာ အမြဲရှိ လေ။ ကျွန်တော့်ကို အမြဲထောက်ခံနေကြတာပဲဟာ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ပိုသိနေတာကိုး။ ကျွန်တော့် ကုမ္ပဏီဟာ ဖြောင့်မတ်မှန်ကန်တယ်။ ယုံကြည်ကိုးစားလောက်တယ်။ နောက်ပြီး လုပ်ရည်ကိုင်ရည်ရှိတယ်ဆိုတာ သူ



www.burmeseclassic.com

www.burmeseclassic.com



သိထားတယ်လေ။ ဒါကြောင့် သူတို့က ကျွန်တော်တို့နဲ့ ဆက်ပြီး တွဲဖက်အလုပ်လုပ်ကြတာပေါ့''ဟု ရစ်ချ်က ရှင်းပြခဲ့၏။

■

## သူ ဘာကြောင့် ပြန်မလာသလဲ

ဆန်ဒီဝိန်းဘာ့ဂ်က မဆိုင်းမတွမေးခဲ့သော မေးခွန်းတစ်ခုရှိ သည်။ ယင်းမေးခွန်းကလည်း တိကျခိုင်မာလှသည်။

''တကယ်လို့ အမှုမှာ အားနည်းချက်တွေ၊ ချို့ယွင်းချက်တွေ သိပ်များနေတယ်ဆိုရင် သူ ဘာဖြစ်လို့ ပြန်လာပြီး …ချက်တွေကို ရင်ဆိုင်မချေပတာလဲ''

ထိုမေးခွန်းကို ကျွန်တော်က ပြန်ပြောပြသောအခါ ရစ်ချ်က ကျွန်တော့်ကို အံ့ဩတကြီး ကြည့်သည်။ သူပြောတာတွေ ကျွန်တော် သဘောမပေါက်သေးပါကလားဟု စိတ်ပျက်သွားသည့်နှယ်။

''တရားမျှတတဲ့ ကြားနာစစ်ဆေးမှုကို ကျွန်တော်ရတော့မှာ မဟုတ်ဘူးဆိုတာ ကျွန်တော်သိနေပြီလေ။ ဘာကြောင့် …ဆိုတော့ ပတ်ဝန်းကျင်တစ်ခုလုံး ဒေါသမီးတွေ ဟုန်းဟုန်းတောက်ပြီး တည်ငြိမ်မှုမရှိတော့ဘူးလေ။ ကျွန်တော့်အမှုက …တော်ဆိုးပါတယ်။ တရားမျှတမှုလည်း မရှိဘူး''

အစိုးရရှေ့နေများသည် သည်းခံခွင့်လွှတ်နိုင်သည့် အဆင့်ထက်ကျော်အောင် ကျင့်ကြံခဲ့ကြသည်ဟု ရစ်ချ်က ရှင်းခဲ့သည်။

''အခြေအနေက အဆိုးမြင်မှုတွေ လွှမ်းလွှမ်းနေတယ်။ အဲဒီ အခြေအနေကို ကျွန်တော် မယုံပုံတော့ဘူး။ အခြေအနေက …အခြေအနေမှ မဟုတ်တော့ဘဲကိုး''

ယင်းအယူအဆကို ထောက်ခံသံများ မထင်မှတ်သည့်နေရာများမှ ထွက်ပေါ်လာသည်ကို ရစ်ချ်ကြားသိခဲ့ရသည်။

စာနယ်ဇင်းသမားတွေက အမှုကို ပတ်ပတ်နပ်နပ် မလေ့လာဘဲ ရစ်ချ်ကို မျက်ရမ်းမှန်းဆ အပြစ်ပုံချခဲ့ကြတယ်။ အများပြည်သူဟာ ဒေါသထွက်အောင် ဆွပေးခြင်းခံရတယ်။ နောက်ပြီး ရူးဒေါ့ဂီလျာနီကလည်း သူ့ရည်မှန်းချက်ပေါက် မြောက်ရေးအတွက် ဒီအမှုကို ခုတုံးလုပ်သွားတယ်''

အထက်ပါစကားကို ပြောခဲ့သူမှာ အလွန်ဉာဏ်ရည်ထက်မြက်ပြီး အနေအထိုင်တော်တည့်မှန်ကန်သည့် အမေရိက …တော်သားလည်းဖြစ် ဆွစ်တရားသူကြီးချုပ်လည်းဖြစ်သူ မာဂရက်ကော့ပ်အစ်ကလေဖြစ်၏။

www.burmeseclassic.com



"ရစ်ချ်ဟာ အမေရိကပြည်ထောင်စုမှာ တရားမျှတမှုကို ရမယ်မဟုတ်ဘူးလို့ ကျွန်မ သဘောပေါက်တယ်" ဟု
သူမက ရှင်းပြသည်။

ရစ်ချ်၏ရှေ့နေအဖြစ် ကာလကြာမြင့်စွာ ဆောင်ရွက်ခဲ့သူ ရောဘတ်ဖင့်ကတော့ "လူတိုင်း ဒေါသမီး ဟုန်းဟုန်း
တောက်အောင် အတို့အထောင်လုပ်ပေးထားတယ်။ အမှုက ဘာနဲ့တူသလဲဆိုတော့ လမ်းပေါ်မှာလိမ့်သွားတဲ့ ရထားကြီး
လိုပဲ။ တဖြည်းဖြည်း အရှိန်သာပြင်းလာမယ်။ ဘယ်သူကမှ ရပ်အောင်မလုပ်နိုင်ဘူး။ ဝန်းကျင်ကြီးတစ်ခုလုံး အရော
ဆိုးခံထားရပြီလေ။ ဒေါသတွေ၊ ဖိအားပေးမှုတွေ၊ ခြိမ်းခြောက်မှုတွေက အရမ်းများနေတာကလား။ မာ့ခ်ရစ်ချ်ကို နတ်ဆိုး
တစ်ပါးလို စွပ်စွဲနေကြတာလေ" ဟု ပြောသည်။

"မာ့ခ်ကို မသူတော်တစ်ယောက်လို ပုံဖော်ပစ်ကြတယ်။ ကျွန်တော်တို့အားလုံးရဲ့ အယူအမှတ်ကတော့ ဒီလူအမေ
ရိကကို ပြန်လာရင် ဒီလူကို အချုပ်ခန်းထဲဖမ်းထည့်ပြီး အချုပ်ခန်းတံခါးသော့ကို လွှင့်ပစ်လိုက်မှာလို့ပဲ ယူမှတ်ကြပါတယ်"

ဤကား ဝေါလ်စထရီမှ ငွေရှင်ကြေးရှင်တစ်ဦး၏ မှတ်ချက်။

အထက်ပါဝေဖန်ချက်များနှင့် ပတ်သက်ပြီး သဘောထားမှတ်ချက်ပေးပါရန် ဝိန်းဘောဂ့်အား တောင်းခံခဲ့ပါသည်

"ပေါက်တတ်ကရတွေပါ။ ရစ်ချ်ဟာ တရားမျှတတဲ့ စစ်ဆေးမှုကို ရမှာပါ။ ဟိုးလေးတကြော်ဖြစ်အောင်လုပ်တာ
သူဗျ။ ကျွန်တော်တို့မဟုတ်ဘူး။ အဲဒါ သူ့ကိုယ်သူ ဒုက္ခပေးတာပဲ"

မည်သို့ဆိုစေ "ထောင်ဒဏ်(၃၂၅)နှစ်ကျအောင် လုပ်မယ်" ဟု အစိုးရရှေ့နေများ၏ ကြွေးကြော်သံက "တစ်
ပြိုင်ရဲ့ ရှေ့နေတစ်ဖွဲ့လုံးကို တုန်လှုပ်သွားစေတာပေါ့" ဟု သမ္မာရင့်ရှေ့နေကြီး လောရင့်အာဂျင်တန်က မှတ်ချက်ချသည်

အစွပ်စွဲခံရသူသည် ထင်ပေါ်ကျော်ကြားသူဖြစ်နေလျှင် သူ့ဘက်မှ ခုခံကာကွယ်လျှောက်လဲရသူများအနေဖြင့်
အခက်အခဲတွေ့နိုင်ကြောင်း။ နယူးယောက်၊ တောင်ပိုင်းခရိုင်တွင် မာ့ခ်ရစ်ချ်သည် အောင်မြင်ထင်ရှားသူဖြစ်ကြောင်း
သူ့ကိုယ်သူ တရားဥပဒေ၏အထက်တွင် ရှိသည်ဟု ယူဆထားသော သူကြွယ်တစ်ဦးအဖြစ် အများက မှတ်ယူထားကြောင်း
ထို့ကြောင့် ဤပွဲတွင် သူ့ကို အလွတ်ပေးလို့မဖြစ်ဟု အများပြည်သူက ခံယူထားကြောင်း၊ ထို့ကြောင့် ဥပဒေနှင့်အညီ
အမှုရင်ဆိုင်ခွင့်ရမည်မဟုတ်ဟု ထင်မြင်ခြင်းဖြစ်ကြောင်း လောရင့်အာဂျင်ဆန်က ရှင်းပြပါသည်။

အမေရိကတွင် အမေရိကပြည်ထောင်စု ပြည်သူ့ဝန်ထမ်းရဲအဖွဲ့ဟူ၍ ဖွဲ့စည်းထားသည်။ ယူအက်စ်မာရှယ်များ
ဝန်ဆောင်မှုအဖွဲ့ဟု ခေါ်သည်။ ယင်းအဖွဲ့က ထွက်ပြေးတိမ်းရှောင်နေသည့် နိုင်ငံတကာ ရာဇဝတ်ကောင်များကို ဖမ်း
အမေရိကန်တရားရုံးများတွင် တရားစွဲလေ့ရှိသည်။ မာ့ခ်ရစ်ချ်၏အမှုကို မာရှယ်များအဖွဲ့ကလည်း စိတ်ဝင်စားသည်
သူ့တို့ကိုင်တွယ်ခဲ့သော အမှုအများစုသည် ခြေရာပျောက်နေသော တရားခံများကို အနံ့ခံလိုက်လံဖမ်းဆီးရေးများသည်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အခုအမှုတွင်တော့ ရစ်ချ်ကို ဘယ်နေရာမှာ တွေ့နိုင်သည်ဆိုတာ အတိအကျသိနေသည်။ သူ့လိပ်စာကိုပင် သူတို့ သိထားသည်။ သူသည် ဘားတောအုပ်အစွန်တွင် တည်ဆောက်ထားသည့် မဟာစံအိမ်ကြီးတွင် နေထိုင်သည်။ ရစ်ချ်တစ်ယောက် ထိုသို့ ပေါ်ပေါ်ထင်ထင် ခမ်းကြီးနားကြီး နေထိုင်ခြင်းကြောင့် ရဲအရာရှိများ ဒေါသထွက်ခံပြင်းကြသည်။ သည်လူကို အမိအောင်ဖမ်းပြမည်ဟုလည်း သန္နိဋ္ဌာန်ချကြသည်။ အမေရိကပြည်သူ့ဝန်ထမ်းရဲအဖွဲ့မှ တွဲဖက်ဒါရိုက်တာဖြစ်သူ ဟောင်းဝပ်ဆဖားက အထူးပြဿနာများအတွက် အထူးဖြေရှင်းနည်းများရှိကြောင်း သိထားသည်။

ရစ်ချ်ကို အမေရိကန်တရားရုံးရှေ့မှောက် အရောက်ပို့ပေးဖို့ နည်းလမ်းပေါင်းစုံသုံးရန် ပြင်ဆင်ထားသည်။ တရားခံပြေး၏ လူ့အခွင့်အရေးကို ချိုးဖောက်ရာမရောက်ဘူးဆိုလို့ကတော့ ဖြစ်သည့်နည်းဖြင့် အမိဖမ်းမည်ဟု သူက ကြွေးကြော်ထားသည်။ ဆဖားသည် ၁၉၈၅ ခုနှစ်၊ အောက်တိုဘာလထဲတွင် အထုပ်အပိုးပြင်သည်။ ပြီးတော့ ဆွစ်ဇာလန်သို့ ထွက်သွားခဲ့သည်။ အမေရိကသို့ လက်ချည်းသက်သက်ဖြင့် ပြန်မလာဖို့ စိတ်ဆုံးဖြတ်ထားသည်။ သူက သူ့လုပ်ဖော်ကိုင်ဖက်များအား "ဒီတစ်ချီတော့ ဒီလူကို ငါတို့ဖမ်းမိမှာပါကွာ" ဟု မာန်စကားပြောခဲ့လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း–၁၂
## မာ့ခ်ရစ်ချ်အား
## လက်ရဖမ်းဆီးရေး

အမေရိကပြည်ထောင်စုက သစ္စာဖောက်နှင့် တရားခံပြေး
ဟု သတ်မှတ်ထားသော မာ့ခ်ရစ်ချ်အား လက်ရဖမ်းဆီးရေးကိစ္စတွင်
အမေရိကန်အရာရှိများသည် အားကြိုးမာန်တက် ကြိုးစားကြ
တစ်ခါတစ်ရံတွင် ပြဇာတ်ဆန်သော အကွက်များပင် ဖန်တီးခဲ့
သည်။ ရစ်ချ်ကို ဆွစ်ဇာလန်မြေမှ ခွာဖြစ်အောင် မြှူဆွယ်ဖြားယော
ကြသည်။ ဆွစ်ဇာလန်ပြင်ပရောက်လျှင် ရစ်ချ်ကို ပြန်ပေးဆွဲဖို့အ
စီစဉ်ကြသည်။ အဆိုပါ ကြံစည်အားထုတ်မှုများသည် တစ်ကြိ
တစ်ခါမျှ မအောင်မြင်ခဲ့ပါချေ။

ဆွစ်ဇာလန်နိုင်ငံ၏ ဆောင်းဦးရာသီများထုံးစံအတိုင်း
နှင်းများ သဲသဲကျနေသောနေ့။ ဇပ်ရေကန်ကြီးပေါ်တွင်လည်း ဆီး
များ ထူထပ်စွာ ကျနေသဖြင့် လှပရှုမောဖွယ် ရှုခင်းများကိုပင် မ
ရ။ ထိုနေ့ကား ၁၉၈၅ ခုနှစ်၊ အောက်တိုဘာလ၏ နံနက်ခင်းတ
ထိုနံနက်ခင်းတုန်းက ကမ္ဘာလှည့်ခရီးသည်တစ်ဦးအသွင် ဟန်ဆေ
ရုပ်ဖျက်ထားသည့် ယောင်းဝပ်ဆဖားသည် ဇပ်မြို့ကလေးသို့ ရော
နေသည်။ သူနှင့်အတူပါလာသူမှာ ရဲမှူးကြီး ဒွန်ဖာရာရုံးဖြစ်
ရဲမှူးကြီးဖာရာရုံးသည် တရားခံပြေးများအား ခြေရာခံဖမ်းဆီး
သမ္ဘာရင့်၊ ဝါရင့်ရဲမှူးကြီးဖြစ်၏။

မာရှယ်နှစ်ဦးတွင် ရစ်ချ်၏ မဟာစံအိမ်ကို အသေးစိတ်ပုံ
ထားသည့် မြေပုံတစ်ချပ်ပါသည်။ ရုံးခန်းများ၏ မြေပုံလည်း
သည်။ ရစ်ချ်၏ အိမ်ရှေ့ရှိလမ်းသည် ရဟတ်ယာဉ်ဆင်းသ
လောက်အောင် ကျယ်ကြောင်းကိုပင် ရဲအရာရှိနှစ်ဦးသိထားသ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကယ်၍ လိုအပ်လျှင် ရဟတ်ယာဉ်သုံးရမည်ပေါ့။

ဆဖား၏ အစီအစဉ်မှာ ရစ်ချ်အား အင်အားသုံးပြီးဖမ်းဖို့၊ ပြီးလျှင် ဆွစ်ဇာလန်နိုင်ငံတွင်းမှ တိတ်တဆိတ်ခေါ်ထုတ်သွားဖို့။ သူတို့၏ လုပ်ရပ်သည် လုံး၀ တရားမဝင်မှန်းသိသော်လည်း ဆွစ်အာဏာပိုင်များမသိအောင် အကောင်အထည်ဖော်ဖို့ စီစဉ်ထားသည်။ ရစ်ချ်အား ဖမ်းမိလျှင် ဆွစ်နယ်စပ်ကိုကျော်ပြီး ဂျာမနီ (သို့မဟုတ်) ပြင်သစ်သို့ ခေါ်ထုတ်သွားမည်။ ဆဖားက ဟာကွက်တစ်ကွက်မျှမရှိအောင် ပြင်ဆင်ထားသည်။

ဆဖားသည် ဆွစ်ဇာလန်သို့ မထွက်ခွာမီကတည်းက ဂျာမနီဒေသခံရဲအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပြီးသား။ နောက်ပြီး အမေရိကန်နိုင်ငံတကာရဲအဖွဲ့အနေဖြင့် ပြင်သစ်နိုင်ငံတကာရဲအဖွဲ့သို့ စာတစ်စောင်ပို့ထားဖို့လည်း စီစဉ်ခဲ့သည်။ စာမှာသံသယရှိသူအား ဖမ်း၀ရမ်းနှင့် အမေရိကသို့ လွှဲပြောင်းပေးအပ်ပါရန် အကြောင်းကြားစာ။ ယင်းစာထဲတွင် ရစ်ချ်ကျူးလွန်ခဲ့သည့် ပြစ်မှုများကို ဖော်ပြထားသည်။ အမြတ်ခွန်ရှောင်တိမ်းမှု၊ တရားမဝင်စီးပွားရှာမှု၊ ရန်သူနှင့် ပေါင်းစပ်စီးပွားရှာမှု။ ပြစ်မှုထင်ရှားလျှင် တရားခံသည် ထောင်ဒဏ် (၃၂၅)နှစ် အထိကျနိုင်သည်။ ဒဏ်ကြေးငွေ ဒေါ်လာသန်း(၁၀၀)အထိ သွင်းရနိုင်သည်။ စာထဲတွင် ရစ်ချ်၏ ပုံပန်းသဏ္ဌာန်ကို အသေးစိတ်ဖော်ပြထားသည်။

မာရှယ်နှစ်ဦးသည် ရစ်ချ်အား အမိဖမ်းရေးကို အကွက်စေ့စေ့ စီစဉ်ထားသည်။ ရစ်ချ်ကို ခေါ်ပြီး ဆွစ်ဇာလန်နယ်စပ်ကို ဖြတ်ကျော်မိသည်နှင့် ပြင်သစ် (သို့မဟုတ်) ဂျာမန်ရဲတစ်ဦးဦးက ရစ်ချ်ကို ဖမ်းလိမ့်မည်။ ဤသို့ပြုလုပ်ခြင်းမှာ ဆွစ်ဇာလန်၏ တရားဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ဆဖားသိသည်။ သို့သော် လာမည့်ဘေး ပြေးတွေ့ဖို့ ဆုံးဖြတ်ထားသည်။ အရေးကြီးသည်က ရစ်ချ်အား ဖမ်းဆီးရမိရေးမဟုတ်လား။ သို့သော် ဆွစ်ရဲအရာရှိနှစ်ဦးက သူတို့နှစ်ဦးအား စစ်ဆေးမေးမြန်းသည်။ ဆဖားတို့ ရုပ်လုံးပေါ်သွားသည်။ ယင်းတို့နှစ်ဦးအနေဖြင့် ဆွစ်မြေပေါ်တွင် ထိလက်လှုပ်ရှားပါက အဖမ်းခံရမည် ဆွစ်ရဲများက သတိပေးပြီး ပြန်လွှတ်လိုက်သည်။

■

## ရိကန်အုပ်ချုပ်ရေးအပိုင်းမှ သတင်းပေါက်ကြားမှု

ဇပ်ရေကန်ပေါ်တွင် ဆီးနှင်းတွေ သဲသဲလှုပ်ကျနေသည့် ထိုနေ့။ ၁၉၈၅ ခုနှစ်၊ အောက်တိုဘာလ၏ နေ့တစ်နေ့တွင် ဘောင်း၀ပ်ဆဖား၏ ခေါင်းထဲသို့ အတွေးတစ်ခု ဖျတ်ခနဲ၀င်လာသည်။ ကြောက်စရာကောင်းသောအတွေး။ အမေရိကန်

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးအပိုင်းမှ (သို့မဟုတ်) နိုင်ငံတကာဥပဒေထိန်းသိမ်းရေးအဖွဲ့မှ သတင်းပေါက်ကြားမှုတစ်ခု ရှိနေပြီဟူသောအတွေး

ဆဖားတွေးတာမမှားပါ။

ဆဖား၏လှုပ်ရှားမှုများနှင့် ပတ်သက်၍ ဆွစ်အာဏာပိုင်များထံ သတင်းပေးမှုတစ်ခုရှိကြောင်း ထိုအမှုတွင် ပါဝင်ဆောင်ရွက်ရသည့် ရဲအရာရှိတစ်ဦးကဝန်ခံသည်။ ထိုသို့ သတင်းပေးသည်မှာ အမေရိကန်တရားရေးဌာနကလား အမေရိကန်နိုင်ငံခြားရေးဌာနကလား မသိရသေး။ ဆဖား၏ သံသယအတွေး မှန်နေပါသည်။

အမေရိကန်နိုင်ငံခြားရေးဌာနက ဆွစ်အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ဖို့ အားသန်သော်လည်း အမေရိကန် တရားရေးဌာနက တစ်ကိုယ်တော် လှုပ်ရှားလိုသည်။ မာ့ခ်ရစ်ချ်နှင့် ပင်းကပ်စ်ဂရင်းကို မဖြစ်ဖြစ်သည့်နည်းဖြင့် ဖမ်းလိုသည်။ ထို့ကြောင့် စစ်ဆင်ရေး အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းသည်။ ယင်းအဖွဲ့တွင် ဝန်ကြီးဌာနပေါင်းစုံမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်သည်။

ရစ်ချ်အား နောက်ယောင်ခံပြီး လိုက်ဖမ်းဖို့ ဆဖားက တာဝန် ချထားခြင်းခံရသူမှာ ကင်ဟီးလ်ဆိုသည့်မာရှယ်တစ်ဦး ရစ်ချ် အမေရိကမှ ဆွစ်ဇာလန်သို့ ထွက်ပြေးသွားသည့် ၁၉၈၃ခုနှစ်ကတည်းက ယင်းအမှုကို တစ်စိုက်မတ်မတ် ကိုင်တွယ် လှုပ်ရှားခဲ့သူမှာ ကင်ဟီးလ်ဖြစ်၏။ နောက်ထပ် တစ်ဆယ့်လေးနှစ်ကြာသွားသော်လည်း ယင်းအမှုကို သူက ကိုင်တွယ် ထားဆဲ။ သူက လူသုံးကုန်ပစ္စည်းကုန်သည် ရစ်ချ်အကြောင်းကို ချေးခါးအူမ မကျန် နှံ့နှံ့စပ်စပ်သိထားသူ။ သူသိထားသည် ရစ်ချ်၏မိသားစုက ရစ်ချ်အကြောင်း သိသည်ထက်ပင် ပိုဦးမည်။

မာရှယ်ကြီး ကင်ဟီးလ်သည် လုပ်သက်သုံးဆယ်ပြည့်သည့် ၁၉၉၇ ခုနှစ်တွင် လုပ်ငန်းခွင်မှ အနားယူခဲ့သည်။ မာရှယ်ဟောင်းကြီးနှင့် ကျွန်တော်တွေ့ရချိန်တွင် ကင်ဟီးလ်သည် အသက်ခြောက်ဆယ့်နှစ်နှစ်ရှိနေပြီ။

■

*နာမည်ဝှက်-ဥာဏ်ကျွယ်*

"သူထိပ်တန်းတင် ဦးစားပေးတာက ငွေပါပဲ" ကျွန်တော် တို့ အာလာပသလ္လာပစကားပြောပြီးသည်နှင့် ဟီးလ် ကောက်ကာ ငင်ကာပြောသည်။ "မာ့ခ်ရစ်ချ်က ခင်ဗျားကို ခေါ်ရင် သူက ပထမ ဦးဆုံးမေးခွန်းတွေပြန်မေး (က) ငါဒီလူနဲ့တွဲရင် ဒီနေ့ ပိုက်ဆံရနိုင်မလား။ (ခ) ငါ ဒီလူနဲ့တွဲရင် မနက်ဖြန်ပိုက်ဆံရနိုင်မလား။ မရနိုင်ဘူးဆိုရင် တာ့တာပဲ"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဟီးလ်၏နာမည်ဝှက်မှာ ဉာဏ်ကျယ်ဟူ၍ဖြစ်၏။ ရစ်ချ်နောက်မှ သူတကောက်ကောက်လိုက်နေခဲ့သည်မှာ တစ်ဆယ့်လေးနှစ် ရှိခဲ့ပြီ။ ထိုအချိန်ထိုကာလအတွင်း ဆက်သွယ်လို့ရသမျှ လူပေါင်းများစွာနှင့် ဟီးလ်စကားပြောခဲ့၏။ သူ့အဆက်အသွယ်ရသူတွေထဲတွင် ရစ်ချ်နှင့် သိပ်အဆင်မပြေသည့်အမှုထမ်းတွေ ပါဝင်သလို သူနှင့် အကြိတ်အနယ် ပြိုင်ဆိုင်နေသည့် ပြိုင်ဘက်များလည်း ပါဝင်သည်။ ဟီးလ်၏စိတ်မျက်စိထဲတွင် မာ့ခ်ရစ်ချ်၏ပုံရိပ်သည် ပုံသေထင်ဟပ် နေပေသည်။

ကျွန်တော်နှင့် တယ်လီဖုန်းစကားပြောရပြီဆိုသည်နှင့် “ခင်ဗျားမှာ ကလေးတွေရှိသလား” ဟု ဟီးလ်ကမေးသည်။ “သူက ကလေးတစ်ယောက်လိုပဲဗျ။ သိတယ်မဟုတ်လား” ကလေးဆိုတာက “စည်းမျဉ်းတွေ စည်းကမ်းတွေက ငါနဲ့မဆိုင်ဘူး။ ဒီတော့ ငါကြိုက်သလိုလုပ်မယ်” လို့ တွေးတတ်တာမျိုးလေ။ ဒီလူက တကယ့်ပါရမီရှင်ပါ။ ဒါကို သံသယဖြစ်စရာမလိုဘူး။ ဒါပေမယ့် သူ့တစ်သက်လုံး သူခံယူထားတာက “စည်းမျဉ်းစည်းကမ်းတွေဟာ ငါနဲ့ မဆိုင်ဘူး” ဆိုတာပဲ။ သူက ဘယ်တိုင်းပြည်ကိုမှ အလေးမထားဘူး။ အဲဒီလိုပဲ ဘယ်ပြည်သူတွေ၊ ဘယ်ဥပဒေတွေ ကိုမှ မလေးစားဘူး။ ဒုက္ခပေးခဲ့တာ လူပေါင်းတော်တော်များနေပြီပဲ”

ဟီးလ်က ရစ်ချ်၏အမှုကို သမားရိုးကျအမှုတစ်မှုလို မသတ်မှတ်ကြောင်း ကျွန်တော်ရိပ်စားမိသည်။ ရစ်ချ်အား အမီအရလိုက်ဖမ်းခြင်းသည် အချိန်ကြာလာတော့ အစွဲအလမ်းကြီးတစ်ခုဖြစ်လာသည်။ ထို့ကြောင့် ဟီးလ်သည် နေ့မအိပ် ညမအိပ် အလုပ်လုပ်သည်။ ဟီးတစ်ယောက် အသဲအသန် အလုပ်လုပ်လွန်းသဖြင့် တရားရေးဌာနမှ လုပ်ဖော်ကိုင်ဖက် များက သူ့အတွက် စိုးရိမ်မှုဖြစ်လာသည်။ အလုပ်ဒဏ်ပိပြီး ဟီးလ်တစ်ယောက် ဖုန်းဖုန်းလဲသွားမှာ စိုးရိမ်ကြခြင်း။ အကယ်၍ ထိုသို့ဖြစ်လာလျှင်လည်း မည်သူမျှ အံ့သြလိမ့်မည်မဟုတ်။ အမေရိကန်အစိုးရက တစ်ချိန်က တွက်ချက် ကြည့်ဖူးသည်။ အကောက်ခွန်ရှောင်တိမ်းသူတစ်ဦးသည် ပျမ်းမျှအားဖြင့် သုံးနှစ်နှင့်ရှစ်လလောက် အရေးယူခံရခြင်းမှ လွတ်မြောက်နေဆဲ ဖြစ်တတ်သည်ဟူ၏။ မည်သို့ဆိုစေ မာ့ခ်ရစ်ချ်နှင့် ပင်းကပ်စ်ဂရင်းတို့နှစ်ယောက်ကတော့ သမ္မတ ကလင်တန်က လွတ်ငြိမ်းခွင့်ပေးသည့် ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလအထိဆိုလျှင် တစ်ဆယ့်ခုနစ်နှစ်ကျော်ကျော် လွတ်မြောက် နေခဲ့လေသည်။ ဟီးလ်က သူ့အတွေ့အကြုံအဖြစ်အပျက်များကို ပြန်ပြောသောအခါ သူ့လေသံတွင် ရစ်ချ်အား အကြီးအကျယ် ကျေနပ်သံများ လွှမ်းနေသည်။

‘ဥပမာ ၁၉၉၁ခုနှစ် ပင်လယ်ကွေ့စစ်ပွဲဖြစ်နေတုန်းက ဂျရုဆလမ်က ဟိုတယ်တစ်ခုမှာတည်းနေတဲ့ ပင်ကီ(ပင်းကပ်စ်) ဆီကို ကျွန်တော် တယ်လီဖုန်းလှမ်းဆက်တယ်။ “ခင်ဗျား အခုထိ အမေရိကကို ပြန်မလာချင်သေးဘူးလား” လို့ မေးခဲ့ တယ်’

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချိတွင် စိန့်မောရစ်နှင်းလျှောစီးစခန်းတွင် အပန်းဖြေနေသည့် ရစ်ချ်ထံသို့ ဟီးလ်က စကော့ချ်ဝီစကီတစ်ပုလင်း ပို့ပေးခဲ့သည်။ သူဆိုလိုသည့် အဓိပ္ပာယ်ကတော့ ရစ်ချ်ဘယ်နေရာမှာ ရှိနေသည်ကို သူအမြဲတမ်း သိနေသည်ဆိုတာကို ပြသလိုသည့်သဘော။ ဟီးလ်က ရစ်ချ် အလွန်သဘောကျနှစ်သက်သည့် ဆောင်ပုဒ်တစ်ခုသတိရစေလိုခြင်း။ "ငါ့ထံ အများပေါင်းတစ်သန်းလောက် ကျူးလွန်လည်း ဘာမှမဖြစ်ဘူး။ အင်း…မင်းကတော့ အများတစ်ခုတောင် ကျူးလွန်လို့ မဖြစ်ဘူး ဆိုသည့်ဆောင်ပုဒ်။

အမေရိကန်မာရှယ်များက ဤစစ်ဆင်ရေးမျိုးသည် စိတ်ဓာတ်စစ်ဆင်ရေးဖြစ်သည်ဆို၏။ 'ခြေလှမ်းမှားအောင် ဆွပေးသည့်' နည်းဗျူဟာ။ ဟီးလ်ကတော့ ရစ်ချ်နောက်မှ တကောက်ကောက်လိုက်နေမည်သာ။ ရစ်ချ် ခြေလှမ်းမမှားစေနှင့် ခြေလှမ်းတစ်ချက်မှားသည်နှင့် မင်း ငါ့လက်ထဲရောက်ပြီသာမှတ်ဟု ကြုံးဝါးထားသည်။ သို့သော် ရစ်ချ်က တစ်ချက်မျှ ခြေလှမ်းမမှားခဲ့။

"မာ့ခ်ရစ်ချ်ကို အနေအထိုင် ပိရိတဲ့လူလို့ ဝိုင်းပြီး သတ်မှတ်ကြတယ်။ အမှန်ကတော့ သူဟာလုံခြုံရေးအတွက် ငွေကုန်ကြေးကျတော်တော်ခံတဲ့လူဗျ။ သူ့ရဲ့ အခြေခံအဆောက်အအုံက တယ်ပြီး ကြီးမားတာကလား။ သူ လူတိုင်းကို သိတယ်။ အရာရာတိုင်းကို သိတယ်။ သူဟာ အရမ်းချမ်းသာပြီး အရမ်းဩဇာအာဏာကြီးတဲ့လူ။ သူ ရောက်လေရာ နေရာတကာတိုင်းမှာ လုံခြုံရေးတွေ ချထားတာဗျို့။ သူတို့က အမြဲတမ်း သံသယရှိစရာ အရိပ်အယောင်တွေကို လိုက်ကြည့်နေတာကလား။ သူ ဘာလိုသလဲ…၊ လိုတာကို ဝယ်ယူလို့ရလောက်အောင် ချမ်းသာတယ်။ သူ့ကို အရေးယူရတာ တိုင်းပြည်တစ်ပြည်ကို အရေးယူရသလိုပါပဲ"ဟု ဟီးလ်က ပြောသည်။

■

### *လန်ဒန်မြို့နှင်းများက ရစ်ချ်အား ကယ်တင်လိုက်ခြင်း*

ဆွစ်ဇာလန်တွင် ဟောင်းဝပ်ဆလား၏ စစ်ဆင်ရေးမအောင် မမြင်ဖြစ်ပြီး နှစ်နှစ်အကြာ ၁၉၈၇ ခုနှစ်၊ နိုဝင်ဘာလ ထဲတွင် မာရှယ်များအတွက် အခွင့်အလမ်းကောင်းတစ်ခု ပေါ်ပေါက်လာသည်။ ဟီးလ်၏ကြိုးပမ်းအားထုတ်မှုတွေ အဖြေပေါ် လာသည်။ ရစ်ချ်နှင့် အမြဲတစေ တွဲဖက်အလုပ်လုပ်နေသည့် စီးပွားရေးသမားတစ်ယောက်က ဟီးလ်အား သတင်းပေးသည်။ လာမည့် သီတင်းပတ်ကုန်ရက်လောက်တွင် ရစ်ချ် လန်ဒန်သို့သွားဖို့ စီစဉ်နေကြောင်း၊ ရစ်ချ်သည် ဖုန်းမလေဆီ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

လန်ဒန်ဘစ်ဂင်ဟီးလ်လေဆိပ်သို့ ကိုယ်ပိုင်လေယာဉ်တစ်စီးဖြင့် လာလိမ့်မည်ဖြစ်ကြောင်း သတင်းကဆိုသည်။

ကင်ဟီးလ်ခေါ် ဉာဏ်ကျယ်သည် လန်ဒန်သို့ အသော့သွားသည်။ လန်ဒန်သို့ရောက်တော့ သက်ဆိုင်ရာ မက်ထရို ပိုလီတန်ရဲအဖွဲ့နှင့် ဆက်သွယ်ပြီး တရားခံပြေးများအား ဖမ်းပြီး အမေရိကသို့ ခေါ်ဆောင်ခွင့်တောင်းထားသည်။ ချမ်းအေးသော ထိုနံနက်တွင် ဟီးလ်သည် သူ့မိတ်ဆွေ လန်ဒန်ရဲများနှင့် ဘစ်ဂင်ဟီးလ်လေဆိပ်ရှိ နွေးထွေးသော ဧည့်ခန်းတွင် ထိုင်လျက် လေယာဉ်ဆင်းအလာကို စောင့်နေသည်။ သူတို့ အကြည့်များက လေယာဉ်ပြေးလမ်းကြောင်းပေါ်မှာ။

ဒုတိယကမ္ဘာစစ်အတွင်းတုန်းက ဗြိတိသျှစစ်လေယာဉ်ကွင်းဖြစ်သည့် ဘစ်ဂင်ဟီးလ်လေယာဉ်ကွင်းကို လူကုံထံများ၏ ကိုယ်ပိုင်လေယာဉ်များ ဆင်းတက်ဖို့ အသုံးပြုခဲ့သည်မှာ ကြာပြီ။ အမေရိကန် မာရှယ်ကြီးသည် ရစ်ချ်အား လက်ပူးလက်ကြပ်ဖမ်းပြီးသည်နှင့် ပြောမည့်စကားတစ်ခွန်းကို ဦးခေါင်းထဲမှာ စီစဉ်ထား၏။ သူပြောမည့်စကားမှာ “မောင်ရင်ခြေလှမ်းတစ်ချက်တော့ မှားသွားပြီဟေ့”ဟူ၍။ သူသည် ထိုစဉ်က ပေါ်ခါစရှိသေးသည့် လက်ကိုင်တယ်လီဖုန်းတစ်လုံးပင် ယူလာသည်။ ရစ်ချ်ကို ဖမ်းမိပြီဖြစ်ကြောင်း၊ အချုပ်ခန်းအသင့်ပြင်ထားဖို့ အမေရိကန်ရဲစခန်းသို့ အကြောင်းကြားဖို့။

မြူနှင်းဖုံးလေ့ရှိသော ဘစ်ဂင်ဟီးလ်လေဆိပ်တွင် ယနေ့လည်း မြူနှင်းများ ကျနေပြန်သည်။ ဟီးလ်သည် ရစ်ချ်ရောက်အလာကို စောင့်ဆိုင်းရင်း မြူနှင်းတွေက သိပ်သည်းသည်ထက် သိပ်သည်းစွာကျနေသည်။ မကြာမြင့်သောကာလအတွင်းမှာပင် ဟီးလ်သည် လေယာဉ်ပြေးလမ်းကြောင်းကိုပင် မပီပိုးဝါးဘဲ မြင်ရတော့၏။ နံနက် (၈)နာရီထိုးတော့ မိုးလေဝသဌာနက ကြေညာသည်။ ထူထပ်သော မြူနှင်းများသည် ဗြိတိန်ပြည်မကြီး၏ နယ်မြေတစ်ဝက်ကို ဖုံးလွှမ်းနေကြောင်း၊ ထို့ကြောင့် ရာပေါင်းများစွာသော လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းရမည်ဖြစ်ကြောင်း လန်ဒန်သို့လာသည့် လေယာဉ်များကိုလည်း မူလဌာနသို့ ပြန်လွှတ်ရမည်ဖြစ်ကြောင်း။

ရစ်ချ်သည် yulfstream ကုမ္ပဏီပိုင်လေယာဉ်ပေါ်တွင် ရှိနေခိုက်မှာပင် မိုးလေဝသကြေညာချက်ကို ကြားရသည်။ သည်တော့ တခြားလေယာဉ်ခရီးစဉ်များနည်းတူ သူ့ခရီးစဉ်လည်း ဖျက်လိုက်ရတော့၏။ အမေရိကန်အာဏာပိုင်များ အသည်းအသန်အလိုရှိနေသည့် ရစ်ချ်အတွက်တော့ မြူနှင်းများထူထပ်စွာကျခြင်းသည် ကံကောင်းထောက်မခြင်းပင် ဖြစ်တော့၏။ သူစီးလာသည့်လေယာဉ်သည် ဥရောပမြေပေါ်အရောက်မှာပင် ဇူးရစ်လေဆိပ်သို့ ပြန်လှည့်ခဲ့ရလေသည်။

ဟီးလ်ကတော့ လက်ကိုင်ဖုန်းထဲသို့ စကားတစ်ခွန်းကို ဒေါသတကြီးပြောထည့်လိုက်သည်။

“သေချင်းဆိုးမြူနှင်းတွေကြောင့်ပေါ့ကွာ”

■

www.burmeseclassic.com

www.burmeseclassic.com



*ကျွန်တော်က အရမ်းသတိထားခဲ့တာ*

အမေရိကန်အာဏာပိုင်များက သူ့အား ဖမ်းဖို့ အားထုတ်ခဲ့ခြင်းကို ရစ်ချ်သိပါသလား။ ထိုမေးခွန်းကို ရစ်ချ်က ဖြေရာ၌ "အကြမ်းဖျင်းအားဖြင့်တော့ သိပါတယ်" ဟု ပြောသည်။ သူနှင့် ကျွန်တော်သည် နေ့လယ်စာစားဖို့ စားသောက်ဆိုင် တစ်ဆိုင်ထဲမှာ ထိုင်နေကြသည်။ စားသောက်ဆိုင်သည် သူတို့ရုံးခန်းနှင့် မျက်နှာချင်းဆိုင် လမ်းမပေါ်တွင် ရှိနေသည့်တိုင် ရစ်ချ်၏သက်တော်စောင့်များက စားသောက်ဆိုင်အထိ လိုက်ပို့သည်။ တစ်လလောက်က ကျွန်တော်တို့ ရှေ့မှ လျှောက်ပြ ကျန်တစ်ယောက်က ကျွန်တော်တို့ နောက်မှလိုက်သည်။ လူသုံးကုန်ပစ္စည်းကုန်သည်ကြီးသည် ယခုထိတိုင် လုံခြုံရေ ကို သတိကြီးကြီးထားနေဆဲ။

တစ်ချိန်တုန်းက ရစ်ချ်၏ကုမ္ပဏီပိုင်ခဲ့ဖူးသော စားသောက်ဆိုင်၏ ဘေးတံခါးပေါက်မှ ကျွန်တော်တို့ဝင်ခဲ့သည် သီးသန့်အခန်းတစ်ခန်းထဲတွင် ထိုင်ကြသည်။ ကျွန်တော်တို့ကို စားသောက်ဆိုင် မန်နေဂျာကိုယ်တိုင် ကြိုဆိုသည် တရင်းတနှီးနှုတ်ဆက်ပြီး နေရာချထားပေးသည်။

"ကျွန်တော်က အရမ်းသတိထားခဲ့တာ။ အဲဒီလိုသတိထားနေတဲ့ကြားကပဲ သူတို့က ကျွန်တော့်ကို အမိဖမ်း အားထုတ်ကြသေးတယ်လေ" ဟု ရစ်ချ်ကပြောသည်။

ထို့နောက် သူက ဇာတ်လမ်းတစ်ပုဒ်ပြောပြသည်။ သူပြောသော ဇာတ်လမ်းမှာ လျှို့ဝှက်ထောက်လှမ်းရေး ဝထ္ တစ်ပုဒ်ထဲမှ ဇာတ်ကွက်တစ်ကွက်ကို ပြန်ပြောပြနေသည့်နှယ်။ ၁၉၉၂ခုနှစ် နွေနှောင်းပိုင်းတစ်နေ့တွင် အစ္စရေ သူ့မိတ်ဆွေတစ်ဦး သူ့ထံရောက်လာသည်။ သူ့မိတ်ဆွေက သူ့အား ရုရှလူမျိုးတစ်ဦးနှင့် မိတ်ဆက်ပေးသည်။ အဆို ရုရှလူမျိုးက ရစ်ချ်နှင့် ရေနံအရောင်းအဝယ်ကို အချိုကြီးလုပ်ချင်သည်။ "လုပ်ငန်းက မက်လောက်စရာကြီးဗျ" ဟု ရစ်ချ်က ပြောသည်။ မီခေးလ်ဂေါ်ဘာချော့သည် ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ရာထူးမှ နုတ်ထွက်သွားသည် ဒီဇင်ဘာလ (၂၅)ရက်တွင် ဆိုဗီယက်ယူနီယံကို ဖျက်သိမ်းလိုက်ကြောင်း တရားဝင်ကြေညာသည်။ ကွန်မြူနစ်အင်ပါယာ ချုပ်ငြိမ်းသွားခြင်း။ သမ္မတအသစ် ဘောရစ်ယဲ့လ်ဆင်က စီးပွားရေးစနစ် ပြန်လည်ပြုပြင်ရေး အစီအစဉ်ကို ကြေညာသည် သူ့အစီအစဉ်အရ ဆိုဗီယက်ခေတ်က ကျင့်သုံးခဲ့သည့် ဈေးနှုန်းထိန်းချုပ်ရေးစနစ်ကို ဖျက်သိမ်းသည်။ ၁၉၉၂ ခုနှ စောစောပိုင်းတွင်တော့ လွတ်လပ်ပွင့်လင်းသော နိုင်ငံခြားကုန်သွယ်ရေးမူဝါဒကို ကြေညာသည်။ ယခင်က အစိုးရထိန်း ခဲ့သည့် လုပ်ငန်းများကို ပုဂ္ဂလိကများအဖြစ် ပြောင်းပစ်သည်။ ဤကား ရစ်ချ်တို့လို လူမျိုးတွေအတွက် မဟာ ကောင်းကြီး မဟုတ်ပါလား။

bookhouse

www.burmeseclassic.com

www.burmeseclassic.com



"သဘောတူညီချက်တစ်ခု လက်မှတ်ထိုးဖို့ မော်စကိုကိုလာခဲ့ဖို့ အဲဒီစီးပွားရေးသမားက ကျွန်တော့်ကို ခေါ်တယ်လေ"

ရစ်ချ်က ရုရှလူမျိုးနှင့် မိတ်ဆက်ပေးသည့် အစွရေးမိတ်ဆွေကို ယုံကြည်စိတ်ချသည်။ ထို့ကြောင့် မော်စကိုသို့ သွားရေးကို စိတ်ဝင်စားသည်။

"ခင်ဗျားမှာ စီစဉ်ဖို့ အချိန်မရဘူးဆိုရင် ကျွန်တော်တို့ ကိုယ်ပိုင်လေယာဉ်တစ်စီး လွှတ်ပေးလို့ရတယ်။ ရုရှအစိုးရအသစ်က ခင်ဗျားကို စိတ်ဝင်စားနေတယ်ဗျ"ဟု ရုရှစီးပွားရေးသမားက သတင်းပေးသည်။ ရစ်ချ်လာရောက်နိုင်မည့် အချိန်ကို ညှိနှိုင်းကြသည်။ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ဒုတိယသီတင်းပတ်ထဲတွင် မော်စကိုသို့ လာရောက်ဖို့ သဘောတူကြသည်။

ထိုအခါ ဗဟိုစုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)က ရုရှနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့(အင်တာပိုလ်)သို့ စက်တင်ဘာလ(၁)ရက်တွင် လျှို့ဝှက်ကြေးနန်းတစ်စောင် ပို့လိုက်၏။

"အက်ဖ်ဘီအိုင်က ယုံကြည်စိတ်ချရသော သတင်းရထားသည်။ ရစ်ချ်သည် ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ(၆)ရက်ဝန်းကျင်၊ သို့မဟုတ် (၆)ရက်ဝန်းကျင်တွင် မော်စကိုသို့ လာရောက်လိမ့်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန် စက်တင်ဘာ(၇)ရက်မှ (၁၁)ရက်လောက်ထိ နေဖွယ်ရှိကြောင်း၊ သူသည် မော်စကိုရှိ မက်ထရိုပိုလ်ဟိုတယ်တွင် တည်းခိုဖို့စီစဉ်ထားကြောင်း၊ ရစ်ချ်သည် မက်ထရိုပိုလ်ဟိုတယ်တွင် အခြားနာမည်တစ်ခုခုဖြင့် တည်းခိုဖွယ်ရှိကြောင်း၊ ထို့ကြောင့် အင်တာပိုလ်တွင်ရှိသည့် ရစ်ချ်၏ဓာတ်ပုံကို အသုံးပြုဖို့လိုကြောင်းဖြင့် အကြောင်းကြားထားသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ တရားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော လူဖမ်းအမိန့်စာ(ဝရမ်း)တစ်စောင်ကိုလည်း ပူးတွဲပေးပို့လိုက်၏။

အက်ဖ်ဘီအိုင်က ဖြစ်နိုင်ခြေအားလုံးကို ထောင့်ပေါင်းစုံမှ စဉ်းစားကြံဆထားသည်။ ရုရှရှိသူတို့၏ ရဲဘော်ရဲဘက်များကိုလည်း သတိပေး နှိုးဆော်ထားသည်။ ရစ်ချ်သည် လက်နက်ကိုင်ဆောင်ပြီး အန္တရာယ်ကြီးသူဟု သတ်မှတ်စေလိုကြောင်း၊ ဘာကြောင့်ဆို သူသွားလေရာတွင် လက်နက်ကိုင်သက်တော်စောင့်များ ခေါ်သွားကြောင်း၊ အရေးအကြောင်းဆိုလျှင် ယင်းလက်နက်ကိုင် သက်တော်စောင့်များက လက်နက်ကို အသုံးပြုနိုင်ကြောင်း စသည်ဖြင့် တပ်လှန့်ထားသည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com


## အက်ဗ်နာ အဇူလေး

မော်စကိုသို့ လေယာဉ်ဖြင့်သွားဖို့ စီစဉ်ထားကြောင်း ရစ်ချ်က ပြောသောအခါ အက်ဗ်နာအဇူလေးက မယုံကြည် နိုင်ဟန်ဖြင့် သေသေချာချာ နားစွင့်သည်။ "သူတို့က လေယာဉ်တစ်စီး လွှတ်ပေးမယ်လို့ ကမ်းလှမ်းထားတယ်"ဟု ရစ်ချ်က ပြောသောအခါ သူပိုပြီး မယုံမကြည်ဖြစ်သွားသည်။ ဤအစီအစဉ်သည် သွေးရိုးသားရိုးမဖြစ်နိုင်ဟု သံသယ ဝင်သည်။

အက်ဗ်နာအဇူလေး(Avner Azulay)နှင့် ကျွန်တော် တွေ့ဆုံချိန်တွင် သူ့အသက်က ခုနစ်ဆယ်ကျော်စပြုနေပြီ။ ခပ်ချောချော ခပ်ဖြောင့်ဖြောင့် အဇူလေးက ခင်မင်နှစ်လိုဖွယ်ကောင်းသူ။ သူနှင့်တွေ့ဆုံပြီး မေးခွန်းများမေးလိုပါသည်ဟု ခွင့်ပန်သောအခါ သူ ကျွန်တော့်ကို ပြန်မေးလိုက်သည့် မေးခွန်းများမှာ စုံတကာစေ့နေသည်။ သူ့အလုပ်ကိုက လူတိုင်းကို မယုံဘဲ မေးသင့်မေးထိုက်သည့် မေးခွန်း များမေးဖို့မှာ သူ့အလုပ်မဟုတ်လား။ သူ့အသက်မွေးဝမ်းကျောင်း အလုပ်ကိုက လုံခြုံရေးတာဝန်ခံအလုပ်လေ။ သူက ရစ်ချ်၏ လုံခြုံရေးကို နှစ်ပေါင်းများစွာ တာဝန်ယူစောင့်ရှောက်ခဲ့သူ။

"ရုရှရောက်တော့ သူဌေးရဲ့ လုံခြုံရေးကို ဘယ်သူက တာဝန်ယူမှာလဲ"ဟု သူက မေးခွန်းထုတ်သည်။ "ခုဟာက ဆိုဗီယက် ယူနီယံကြီး ပြိုကွဲပြီးခါစအချိန်နော။ သူတို့ဆီမှာ ဘာတရားဥပဒေမှ ခိုင်ခိုင်မာမာ ရှိသေးတာမဟုတ်ဘူး။ နောက်ပြီး သူဌေးမင်း မေ့မထားဖို့က သူတို့ဟာ ခုချိန်မှာ အမေရိကန်တွေကို မျက်နှာလိုအားရ လုပ်ဖို့ဆိုရင် ဘာမဆို လုပ်မှာပဲဆိုတာပါပဲ သူဌေးမင်း"

လုံခြုံရေးတာဝန်ခံ၏ သံသယကြီးမှုကြောင့် ရစ်ချ်သည် သူ စီစဉ်ထားသည့် ခရီးစဉ်ကို ဆောင့်ကြီးအောင့်ကြီး ပယ်ဖျက်လိုက်ရသည်။ သို့သော် ထိုသို့ ပယ်ဖျက်ခြင်းသည် အမြော်အမြင်ကြီးသော ဆုံးဖြတ်ချက်ဖြစ်သွားသည်။ အဇူလေး ပင်ကိုသိစိတ်သည် နောက်တစ်ကြိမ်မှန်သွားပြန်သည်။ နောက်မှ သူတို့ဖော်ထုတ်သိရှိရသည်မှာ ရစ်ချ်ကို ရုရှသို့ မျှားခေါ် ပိပိရိရိအကွက်ချစီစဉ်ထားသည့် ဆင်ကွက်တစ်ကွက်ဖြစ်နေကြောင်းပင်။

အမေရိကန်ထောက်လှမ်းရေးသမားများက အစ္စရေးလူမျိုး ထောက်လှမ်းရေးသမားဟောင်းတစ်ဦးကို တာဝန်ပေး ပြီး ရစ်ချ်၏အဖွဲ့တွင် အတွင်းလူဖြစ်အောင်အားထုတ်စေခဲ့၏။ အတွင်းဖြစ်လာသောအခါ သူကတစ်ဆင့် ရုရှကုန်သည် နှင့် မိတ်ဆက်ပေး၊ ရစ်ချ်အား မော်စကိုသို့ မြှူဆွယ်ရေးကို ပိပိရိရိစီစဉ်ခဲ့သည်။

ရစ်ချ်သည် ကမ္ဘာ့အင်အားကြီးနိုင်ငံကြီးတစ်နိုင်ငံ၏ အာဏာစက်ကွင်းနှင့် လွတ်ကင်းအောင် နှစ်ပေါင်းနှစ်ဆယ် နီးပါး ရှောင်တိမ်းနေနိုင်ခဲ့၏။ ထိုသို့ အောင်အောင်မြင်မြင် ရှောင်တိမ်းနိုင်ခြင်းမှာ အဇူလေး၏ အရည်အချင်းကြောင့်

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



အများကြီးပါဝင်သည်။ တကယ်တော့ အဇူလေးသည် အစ္စရေးစစ်တပ်တွင် ဗိုလ်မှူးကြီးအဖြစ်လည်းကောင်း၊ ကမ္ဘာကျော် အစ္စရေးထောက်လှမ်းရေးအဖွဲ့(မော့ဆက်)တွင် ရာထူးကြီးကြီးဖြင့် အမှုထမ်းခဲ့သည့် ထောက်လှမ်းရေးသမားကောင်းအဖြစ် လည်းကောင်း တာဝန်ထမ်းခဲ့သူဖြစ်၏။

သူဌေးတစ်ဦး၏ လုံခြုံရေးကိစ္စကို တာဝန်ယူရာတွင် ဘာကြောင့် သည်လောက်အောင်မြင်ခဲ့ပါသလဲဟု အဇူလေး အားမေးသောအခါ အဇူလေးက “ဒါဟာ ပဥ္စလက်ပညာမဟုတ်ပါဘူး။ အဓိကလိုအပ်တာက အခြေအနေတစ်ခုချင်းကို ခန့်မှန်းကန်ကန် အကဲဖြတ်တတ်ဖို့ပါပဲ။ ဥပမာ မာ့ခ်ကို တစ်နေရာရာကိုလာဖို့ ဖိတ်ခေါ်တယ်ဆိုရင် ကျွန်တော်မေးလေ့ ရှိတဲ့မေးခွန်းတွေက ဒီဖိတ်ကြားမှု ဘယ်လိုဖြစ်ပေါ်လာသလဲ။ ဖိတ်ကြားချက်ကို ဘယ်သူကလုပ်တာလဲ။ အဲဒီဖိတ် ကြား အဓိပ္ပာယ်ရှိရဲ့လား။ ကျင့်စဉ်က မေးခွန်းတွေက ထွက်လာတဲ့အဖြေတွေဟာ လက်သင့်ခံထိုက်တဲ့အဖြေတွေလား၊ သံသယဖြစ်စရာ တုန်တဲ့အဖြေတွေလား၊ လှည့်ကွက်တွေ ပရိယာယ်တွေလားဆိုတာ ချင့်ချိန်ဆုံးဖြတ်ရုံပဲပေါ့”ဟု ဖြေရှင်းပြသည်။

ရစ်ချ်က သတိဝီရိယကြီးသည်။ သူသွားလာဝင်ထွက်နေသည့် နိုင်ငံတွေထဲမှ တစ်နိုင်ငံမဟုတ်တစ်နိုင်ငံတွင် ဖမ်းခံရပြီး အမေရိကသို့ လွှဲပြောင်းပေးအပ်ခြင်းခံရနိုင်ကြောင်း သူသိထားသည်။ ဖြစ်နိုင်လျှင် ပုံမှန်လေကြောင်းခရီး စဉ်များဖြင့် ခရီးမသွား။ သူက ကိုယ်ပိုင်ဂျက်လေယာဉ်ဖြင့်သာ ခရီးသွားသည်။ ကိုယ်ပိုင်ဂျက်လေယာဉ်ဆိုရာ၌ သူ့ ကိုယ်ပိုင်ဂျက်လေယာဉ်ကို သုံးလေ့မရှိ။ တခြားပုဂ္ဂလိကပိုင် ဂျက်လေယာဉ်များကို ငှားစီးတတ်သည်။ ဟိုတယ်များတွင် တည်းခိုလျှင် တခြားနာမည်တစ်ခုခုကို အသုံးပြုတတ်သည်။ တစ်ခါက ဆွစ်ဇာလန်တွင် အချိန်တော်တော်ကြာသည့်တိုင် အညီလုံမာစီဒီးကားကြီးစီးခဲ့သည်။ ထုသားပေသားကျပြီး အရည်အချင်းပြည့်သည့် သက်တော်စောင့်တပ်ဖွဲ့ကလေးတစ်ဖွဲ့ ဖွဲ့စည်းထားသည်။ ယင်းအဖွဲ့ကလေးကို တာဝန်ယူခေါင်းဆောင်ခဲ့သူမှာ အက်ဗ်နာအဇူလေးပင်ဖြစ်တော့၏။

“သူ့ကို ကူညီနေတာ မော့ဆက်အဖွဲ့ဖြစ်ရမယ်”ဟု သူ့နောက်သို့ တစ်ဆယ့်လေးနှစ်တိုင်တိုင် တကောက်ကောက် လိုက်နေခဲ့ပြီး လက်ရမဖမ်းနိုင်ခဲ့သည့် အမေရိကန်မာရှယ်ကြီး ကင်ဟီးလ်က စွပ်စွဲသည်။

ထို့ပြင် ရစ်ချ်သည် နိုင်ငံတော်တော်များများအတွက် တန်ဖိုးရှိလှသည့် စီးပွားရေးလုပ်ဖော်တစ်ဦးဖြစ်နေသည်။ သူ့ကိုဖမ်းပြီး အမေရိကသို့ လွှဲပြောင်းပေးခြင်းအားဖြင့် သူ၏အဖိုးတန်အရာရောက်လှသည့် ဝန်ဆောင်မှုများကို စွန့်ပစ် ရမည့်အရေးကို ဘယ်နိုင်ငံကမျှ မလိုလား။ သည်တော့ အမေရိကန်များ၏ မေတ္တာရပ်ခံချက်များကို ဘယ်နိုင်ငံကမျှ အင်တိုက်အားတိုက် စိတ်ပါလက်ပါ မတုံ့ပြန်ခဲ့ကြ။ ဤသာရည်များက သူ့အတွက် အန္တရာယ်ကင်း ပိုက်ကွန်လိုဖြစ်နေ တော့၏။ သူ့ကို သူနှင့်ပတ်သက်သည့် နိုင်ငံများမှ ထောက်လှမ်းရေးတပ်ဖွဲ့များက ဝိုင်းကူပေးနေသည်ဟုလည်း စွပ်စွဲ ကြ၏။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အမေရိကန်ပြည်ထောင်စု၏ မေတ္တာရပ်ခံချက်ကို ဘယ်နိုင်ငံကမျှ လိုလိုလားလားပူးပေါင်းကူညီ မပြုကြဟူသောအချက်သည် မှန်ကန်သကဲ့သို့ ဖြစ်နေသည်။

''သူ့ကို ဖမ်းဖို့ အရမ်းခဲယဉ်းတာကလား။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတော်တော်များများမှာ သူ့သြဇာလွှမ်းမိုး မှုက တော်တော်ကြီးခဲ့တာကိုး''ဟောင်းဝပ်ဆဖားကတော့ ဤသို့ပင် မှတ်ချက်ချခဲ့၏။

''တခြားနိုင်ငံတွေက အမေရိကမြင်သလို မမြင်ဘူးလေ။ ဒီတော့ ကျွန်တော့်ကို အပြတ်နှိပ်ကွပ်မယ့် စစ်ဆင် ကြီးမှာ သူတို့ကိုယ်သူတို့ အမေရိကရဲ့လက်ကိုင်တုတ်အဖြစ် မခံဘူးပေါ့ဗျာ''

ဤကား ရစ်ချ်၏သုံးသပ်ချက်။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၁၃
## တိုးတိုးတိတ်တိတ် ညှိနှိုင်းမှုများ

ဆွစ်ဇာလန်နိုင်ငံ၊ ဇူးရစ်မြို့ရှိ အထက်တန်းအကျဆုံး ဟိုတယ်ဖြစ်သည့် ဟိုတယ်ဒိုလ်ဒါတွင် ပုန်းလျှိုးကွယ်လျှိုး ဆွေးနွေးပွဲကလေးတစ်ခု ဖြစ်မြောက်ခဲ့၏။ ထိုနေ့ကား ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်။ ထိုပွဲတွင် မာ့ခ်ရစ်ချ်နှင့်အတူ သူ့ရှေ့နေ လီယိုနာ့ဒ်ဂါးမင့်လည်း ရှိသည်။ သူတို့သည် ရစ်ချ်၏ အမှုနှင့်ပတ်သက်၍ နောက်ထပ် အပေးအယူလုပ်ပွဲကလေးတစ်ပွဲ နွှဲဖို့ ရောက်ရှိနေခြင်း။ သူတို့နှင့်အတူ ရှိနေသူများကတော့ နယူးယောက်တောင်ပိုင်းခရိုင် တရားရေးဌာနတာဝန်ခံ အော့တိုဂျိုအိုဘာမီယာနှင့် သူ့လက်ထောက် ဂျိမ်းကိုမီတို့ဖြစ်၏။

ရစ်ချ်၏ရှေ့နေ လီယိုနာ့ဒ်ဂါးမင့်သည် အဆက်အသွယ်အလွန်ကောင်းသည့် ဝါရှင်တန်မှ ရှေ့နေကျော်ဖြစ်၏။ နယူးယောက်တောင်ပိုင်းခရိုင် တရားရေးဌာနတာဝန်ခံ အော့တိုဂျိုအိုကာမီယာနှင့် သူ့လက်ထောက်ကတော့ ဤဌာနမှ ပြောင်းရွှေ့သွားရပြီဖြစ်သည့် ဂီလီယာနီနှင့် ဝိန်းဘာ့ဂ်တို့၏ အရိုက်အရာကို ဆက်ခံထားသူများ။ ထို့ကြောင့် သူတို့ထံသို့ ရစ်ချ်၏ရှေ့နေဂါးမင့်က စာမျက်နှာနှစ်ဆယ်ရှိသည့် စာတစ်စောင်ရေးပြီး ဈေးစပ်ညှိနှိုင်းပွဲကလေးတစ်ပွဲလုပ်ဖို့ မြှူဆွယ်စည်းရုံးလိုက်၏။ တရားရေးဌာနတာဝန်ခံ အော့တိုဂျိုအိုဘာမီယာနှင့် ယင်း၏လက်ထောက်ဖြစ်သူ ဂျိမ်းကိုမီတို့က ဈေးစပ်ညှိနှိုင်းပွဲသို့ လာရောက်ရန် သဘောတူလက်ခံခဲ့သည်။ ဆွစ်ဇာလန်သို့ လေယာဉ်ဖြင့်သွားပြီး ဆွစ်ဇာလန်ရှိ အကောင်းဆုံးဟိုတယ်တွင် တည်းခိုခွင့်ရသည့် အခွင့်အရေးမှာ နည်းနည်းနောနောမဟုတ်။ နောက်ပြီး ခရီးစဉ်အစအဆုံး စရိတ်ငြိမ်းဖြစ်မည်လေ။ သည်တော့ သူတို့ဘက်က

the bookhouse we bring your future
www.burmeseclassic.com

www.burmeseclassic.com



ဘာမျှ အရှုံးမရှိဟု အစိုးရရှေ့နေဆရာတပည့်က တွက်ကြသည်။

ထိုဆွေးနွေးပွဲအကြောင်း ရစ်ချ်က ပြန်ပြောပြရာ၌...

"အိုဘာမီယာနဲ့ ကိုမီတို့က ကျွန်တော်တို့ ရှင်းပြတာကို စိတ်ရှည်လက်ရှည် နားထောင်ကြတယ်ဗျ။ ဒီတော့ ဒီဆွေးနွေးပွဲက ရလဒ်ကောင်းထွက်မယ့် ဆွေးနွေးပွဲပဲလို့ ကျွန်တော် ထင်ခဲ့တာပေါ့ဗျာ"ဟု ပြောသည်။

အစိုးရရှေ့နေနှစ်ဦး၏ အပြောအဆိုအနေအထိုင်မှာ ရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေရှိသည်ဟု ပြောလို့မရ။ သို့သော် အပြန်အလှန်လေးစားမှုရှိသည့် သွင်ပြင်မျိုးတော့ရှိသည်။ ဤကား တစ်ဆယ့်တစ်နှစ်တာကာလအတွင်း ပထမဦးဆုံးအကြိမ် ဤသဘောထားမျိုးကို တွေ့ကြုံရခြင်း။ သူတို့အဖွဲ့နှစ်ဖွဲ့ နောက်နေ့တွင် ထပ်မံတွေ့ဆုံဖို့ပင် ချိန်းကြသေးသည်။ ထိုနောက် တွင်မှ အိုဘာမီယာက "ကျွန်တော်တို့က လက်တွေ့ ကြိုးတုပ်ခံထားရသူတွေပါဗျာ"ဟု စကားစသည်။ တရားခံဖြေ များနှင့် စေ့စပ်ညှိနှိုင်းသည့်ကိစ္စများနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရက ချမှတ်ထားသည့်မူဝါဒမှာ တင်းကျပ်ကြောင်း ပြောသည်။ ရစ်ချ်အနေဖြင့် အမေရိကပြည်ထောင်စုသို့ ပြန်မလာမချင်း သူ့အပေါ် စွဲဆိုထားသည့် စွဲချက်များခိုင်မာခြင်း ရှိမရှိကို ပြန်လည်ဝေဖန်သုံးသပ်ဖို့ မဖြစ်နိုင်ကြောင်း၊ သည်တော့ အမေရိကသို့ ပြန်လာပြီး တရားခွင်တွင် ရင်ဆိုင်ဖြေရှင်းသင့် ကြောင်း အကြံပေးသည်။

ယခင်တာဝန်ခံများဖြစ်သည့် ဂီလျာနီနှင့် ဝိန်းဘာ့ဂ်တို့၏ သဘောထားအတိုင်း တခြားထုချေချက်များ မတင်ပြ မဆွေးနွေးမီ ရစ်ချ်အနေဖြင့် ဦးစွာ ထောင်ဒဏ်ကို ခံယူသင့်ကြောင်း၊ ပြီးမှ တခြားစွဲချက်များနှင့် ပတ်သက်သည့် ထု ချေချက်များပေးသင့်ကြောင်းပြောသည်။ ထောင်ဒဏ်နှင့် ပတ်သက်၍မူ အစိုးရက ဘယ်လိုချမှတ်မည်ဆိုသည်ကို အာမခံခြင်း မပြုနိုင်ကြောင်း ပြောသည်။

■

***ထောင်ထဲမှာ တစ်ရက်တောင်မနေဘူး***

စေ့စပ်ညှိနှိုင်းဖို့ အစိုးရရှေ့နေများ၏ ငြင်းဆိုချက်ကြောင့် စိတ်ပျက်နေသည့်ရစ်ချ်ကို သူ့ရှေ့နေဂါးမင့်က အား စကားပြောဖို့ ကြိုးစားသည်။ ရစ်ချ်အနေဖြင့် တရားရုံးတွင် တရားဆိုင်ပြီး ခုခံချေပမှုများလုပ်လျှင်လုပ်၊ (သို့မဟုတ်) တချို့စွဲချက်များအတွက် အပြစ်ရှိကြောင်း ဖြောင့်ချက်ပေးပြီး ထောင်ဒဏ်ကျခံလိုက်။

the bookhouse
we bring you future

www.burmeseclassic.com

www.burmeseclassic.com



"ထောင်ကျရင်လည်း လပိုင်းလောက်ပဲကျမှာပါ။ အဲဒါဆို သူ့ငွေးမင်းအလေးချိန်လျှော့ပြီးသား ဖြစ်သွားမယ်။ ဆက်ထိတ်တွေ၊ ခြေထိတ်တွေ မလိုပါဘူး။ သူ့ငွေးမင်း သက်သောင့်သက်သာကလေး နေသွားလို့ရပါတယ်"

သူ့ရှေ့နေ၏စကားကို ကြားရသောအခါ ရစ်ချ်က မဆိုင်းမတွ ပြန်ပြောလိုက်သည်မှာ "ကျုပ် ထောင်ထဲမှာ တစ်ရက်တောင်မနေဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က ပြစ်မှုကျူးလွန်ထားသူမဟုတ်လို့ဘဲ" ဟူ၏။

ရစ်ချ်လူငယ်ဘဝတုန်းက နာဇီများလက်မှလွတ်အောင်ပြေးရင်း သူတို့မိသားစုသည် မော်ရိုကိုတွင် ယာယီထိန်းသိမ်းခြင်း ခံခဲ့ရသည်။ ယင်းအတွေ့အကြုံသည် ရစ်ချ်အတွက် စိတ်ဒဏ်ရာရစေသည့် အတွေ့အကြုံဆိုးကြီးဖြစ်နေသည်ဟု သူနှင့်ရင်းနှီးသူများက ပြောသည်။ တစ်နည်းဆိုရသော် ရစ်ချ်တစ်ယောက် ထောင်ကြောက်သည့် ရောဂါရသွားခြင်း။

"ထောင်ထဲမှာနေဖို့ဆိုတာ ကျွန်တော့်သဘာဝနဲ့ မကိုက်ညီဘူး။ ကျွန်တော်က အပြစ်ရှိတဲ့လူမဟုတ်ဘူး။ ကျွန်တော်က သွတ် လွတ်လပ်လပ်ပဲနေချင်တာ"

မည်သို့ပင်အခက်အခဲအကျပ်အတည်းများနှင့် ကြုံရသည်ဖြစ်စေ ရစ်ချ်က သူ့လုပ်ငန်းကို လုံးဝ စွန့်ပစ်ခြင်းမပြု။ လောကဓံတရားကို အရှုံးပေးခြင်းလုံးဝမပြု၊ တကယ်တော့ လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးလောကတွင် အချိန်တိုတို အတွင်း အအောင်မြင်ဆုံးကုန်သည်တစ်ယောက်ဖြစ်လာခြင်းမှာ ကြံ့ခိုင်သော သံမဏိစိတ်ဓာတ်ကြောင့် မဟုတ်ပါလား။ သူကတော့ ဘယ်ကိစ္စမှာမှ နောက်ဆုံးအပြီးသတ်ဆိုတာမရှိဟု ခံယူထားသည်။

စီးပွားရေးလုပ်ရာမှာလည်း သူက ရေရှည်အရေးကို အမြဲစဉ်းစားသည်။ ထို့ကြောင့် သူ့အမှုကို ရှုမြင်ရာ၌လည်း ညွှန်သဘောထားအတိုင်း ရှုမြင်သုံးသပ်ခဲ့၏။ "ဒီအမှုကို ဒီအတိုင်းပစ်ထားလိုက်၊ နောက်နည်းနည်းကြာသွားတော့ ကျွန်တော်တို့ နောက်တစ်ချီကြိုးစားကြည့်ကြတာပေါ့"ဟု သူကပြောသည်။ ထို့ကြောင့်လည်း တရားစီရင်ရေးဌာနတာဝန်ခံ သာမဟုတ် လက်ထောက်တာဝန်ခံတစ်ဦးဦး ပြောင်းသွားတိုင်း ရစ်ချ်က သူ့ရှေ့နေများအား စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ် ပေး အားထုတ်လေ့ရှိသည်။

နယူးယောက်တောင်ပိုင်းခရိုင် တရားရေးဌာနတာဝန်ခံ အိုဘာမီယာသည် ၁၉၉၃ ခုနှစ်တွင် ဌာနပြောင်းရွှေ့တာဝန် ထမ်းရသည်။ သူ့နေရာသို့ ရောက်လာသူမှာ မေရီဂျိုဝှိုက်ဆိုသူဖြစ်၏။ တရားရေးဌာနတာဝန်ခံအဖြစ် ပထမဦးဆုံးအကြိမ် ခန့်အပ်ခြင်းခံရသည့် အမျိုးသမီးရှေ့နေဖြစ်၏။

■

www.burmeseclassic.com

the bookhouse
we bring your future

www.burmeseclassic.com



## တရားခံပြေးများနှင့် စေ့စပ်ညှိနှိုင်းခြင်းမပြု

ဘယ်တော့မျှ လက်လျှော့လေ့မရှိသည့် ရစ်ချ်က အသစ် တစ်ဖန် အားထုတ်ပြန်သည်။ ရစ်ချ်၏ရှေ့နေများသည် တရားရေး႒ာန တာဝန်ခံအသစ်ထံ ချဉ်းကပ်ကြပြန်သည်။ သူတို့၏ မူလလက်စွဲ လျှောက်လဲချက်များကို ထပ်မံတင်ပြကြပြန်သည်။

"ကျွန်မတို့ရဲ့ မူဝါဒက ရာဇဝတ်မှုနဲ့ စွဲချက်အတင်ခံရတဲ့ တရားခံပြေးများနဲ့ စေ့စပ်ညှိနှိုင်းခွင့်မရှိပါဘူး။ အဲဒီလို စေ့စပ်ညှိနှိုင်း မှုတွေ လက်ခံပြုလုပ်ခြင်းဟာ တရားပြိုင်များကို ထွက်ပြေးတိမ်းရှောင်ချင်အောင် အားပေးသလို ဖြစ်နေတာပေါ့။ အုပ်ချုပ်မှုအဖွဲ့ရဲ့ ရှုထောင့်က ကြည့်မယ်ဆိုရင်လည်း အုပ်ချုပ်မှုအဖွဲ့က သတ်မှတ်တဲ့စည်းမျဉ်း စည်းကမ်းတွေနဲ့ မကိုက်ညီရင် ဘယ်တရားပြိုင်ကိုမှ အဝေးမှာနေခွင့်မပြုပါဘူး"

ဤကား တရားရေး႒ာနတာဝန်ခံ မေရီဂျိုဝှိုက်က တုံ့ပြန်ပြောဆိုလာသော သူမ၏သဘောထား။

ရစ်ချ်သည် သူ့ကံကြမ္မာနှင့်ပတ်သက်၍ နယူးယောက်တောင်ပိုင်းခရိုင် တရားရေး႒ာနတွင် တစ်ကြိမ်ပြီးတစ်ကြိမ် ကံစမ်းခဲ့သည်။ သောက်သောက်လဲ များပြားသောအချိန်တွေ၊ ငွေတွေသုံးပြီး ကြိုးစားအားထုတ်ခဲ့သော်လည်း စိတ်ပျက်ဖွယ် ရာ ရလဒ်များနှင့်သာ ကြုံခဲ့ရသည်။ သူသည် ဥပဒေပညာရှင်များ ငှားရမ်းဖို့ ငွေသန်းပေါင်းများစွာ အကုန်အကျခံခဲ့၏။ သူက ရှေ့နေတစ်ဦးလျှင် တစ်လ ဒေါ်လာ ၅၅,၀၀၀ အထိပေးခဲ့၏။

"အမှုအတွက် ပြေရာပြေကြောင်း အဖြေရှာရာမှာ သူတို့ဘက်က လူတွေရဲ့ ပုဂ္ဂလိကခံစားချက်တွေ၊ သူတို့ ကိုယ်ကျိုးစီးပွားတွေက ကန့်လန့်ခံနေတာကလား။ ကျွန်တော့်ဘက်က မလျှော့တဲ့ခွဲလုံ့လနဲ့ ကြိုးစားအားထုတ်ခဲ့ပါတယ် ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူးဗျာ" ဟု ရစ်ချ်ကပြောသည်။ သူ ပြောနေပုံက သူအကြိမ်ကြိမ် ထိထိုးခဲ့သော်လည်း တစ်ခါမျှ ထိမပေါက်သည့်အကြောင်း ပြန်ပြောပြနေသည့်နှယ်။ သို့ဆိုလျှင် ဘာကြောင့် စိတ်ဆင်းရဲခံပြီး ကြိုးစားအားထုတ် နေပါသလဲဟု ကျွန်တော်က မေးသည်။

"ဒါ သဘာဝပဲလေ၊ ကျွန်တော်က အပြစ်ကင်းသူပဲဟာ"

'မစ္စတာရစ်ချ်အနေနဲ့ ကိုယ့်ကိုယ်ကိုယ် ပြောလို့ရနေတာပဲ…။ ငါတို့ ဒီအမေရိကပြည်ထောင်စုကအမှု မေ့ထားလိုက်ပြီး ကိုယ့်ခရီးကိုယ် ရှေ့ဆက်လျှောက်ကြရအောင်လို့။ ခင်ဗျားအနေနဲ့ ဆွစ်ဇာလန်မှာ ဘေးကင်းရန်ကင်း နေထိုင်ပြီး စီးပွားရေးလုပ်ငန်းကို ချောချောမွေ့မွေ့ ဆက်လုပ်နေလို့ရတာပဲ"ဟု ကျွန်တော်က ဝင်ထောက်သော့ သူက ပြန်ပြောသည်မှာ…

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အဲဒီလိုပဲ လုပ်ခဲ့တာပဲလေ။ ဒါပေမယ့် ဖြစ်နိုင်ရင် အမေရိကအမှုကို ပြေရာပြေကြောင်း ရှင်းပစ်ဖို့ အမြဲတမ်း စိတ်အားသန်နေခဲ့တာဗျ"ဟု ဖြေသည်။

အမှုကို ပြေရာပြေကြောင်း ရှင်းပစ်လိုက်ခြင်းအားဖြင့် ရစ်ချ်တွင် ဘယ်လိုအကျိုးအမြတ်တွေ ရနိုင်မှာမို့လဲဟူသော ကျွန်တော့်အမေးကို သူကဖြေကြားရာ၌…

"ကွင်းလုံးကျွတ်လွတ်မြောက်ဖို့လေ… ခု လက်ရှိ ကျွန်တော်နေထိုင်ရတဲ့ အနေအထားမျိုးပေါ့"ဟု ပြောသည်။

နယူးယောက်တောင်ပိုင်းခရိုင်မှ အစိုးရရှေ့နေများက သည်အမှုကို ဘာကြောင့် သည်လောက် သဲကြီးမဲကြီးဖြစ်နေပါသလဲဟု ကျွန်တော်က ထပ်မေးသည်။

"ကျွန်တော် ထင်တယ်၊ ဒီအမှုကို ပိတ်လိုက်ရရင် သူတို့အတွက် ဘာအကျိုးအမြတ်မှ မရနိုင်ဘူးလေ။ ဒါကြောင့် ဖြစ်မှာပေါ့"

ရစ်ချ်က စိတ်လှုပ်ရှားခြင်းကင်းမဲ့စွာ ပြောသည်။

"အဲဒီအချိန်တုန်းက တရားခွင်မှာ တွေ့တွေ့ဆိုင်ဆိုင်ရင်ဆိုင်ပြီး သူ့ဘက်က လျှောက်လဲချက်တွေ မတင်ပြရတာကို တော်တော်ကြီး စိတ်ပျက်ဒေါသထွက်ခဲ့တာကလား"

ရစ်ချ်၏ရှေ့နေ လောရင့်အာဂျင်ဆန်က အထက်ပါအတိုင်း ဖွင့်ပြောခဲ့၏။

နယူးယောက်တောင်ပိုင်းခရိုင် တရားရေးဌာန၏ အပြုအမူများကြောင့် အမေရိကပြည်ထောင်စု၏ တရားရေးစနစ်တိုင်း ယုံမှားသံသယဖြစ်ရကြောင်း ရစ်ချ်၏ရှေ့နေများက ပေါ်ပေါ်ထင်ထင်ပြောခဲ့ကြ၏။

ဗီယက်နမ်စစ်ပွဲကြောင့်လည်းကောင်း၊ ဝါးတားဂိတ်အရေးအခင်းကြောင့်လည်းကောင်း အမေရိကပြည်ထောင်စုသည် နိုင်ငံရေးအရ သိက္ခာကျခဲ့ရ၏။ ထို့ကြောင့် နိုင်ငံရေးအရ သိက္ခာပြန်ဆည်ရမည်ဟု အားလုံးက ခံယူထားကြသည်။ ထိုအထဲတွင် တရားရေးဌာနလည်း ပါဝင်သည်။ ထိုအချိန်တွင်မှ ရစ်ချ်က ပြဿနာပေါ်ခဲ့ခြင်းဖြစ်၏။ ပြောရမည်ဆိုလျှင် အမေရိကတစ်ပြည်လုံး အငြိုးအတေးကြီးစွာဖြင့် ဒေါသတွေ ဖောက်ထုတ်ပစ်ဖို့လမ်းကြောင်းရှာနေချိန်တွင်မှ ကံဆိုးမိုးမှောင်ကျစွာ ရစ်ချ်၏ပြဿနာက ပေါ်လာခဲ့ခြင်းဖြစ်သည်။

အမေရိကပြည်ထောင်စု ရှေ့နေချုပ်ရုံးကလည်း သူ့လူများ၏ စွပ်စွဲချက်ကို သိက္ခာဆည်ရေးအတွက် ဆက်လက်ဆုပ်ကိုင်ထားလိုသည်။ စွဲချက်များကို ပြန်လည်ဆန်းစစ်ကြည့်ပြီး အမှားအယွင်းများ တွေ့နေလျှင် ရှေ့နေချုပ်ရုံးအပါအဝင် အစိုးရရှေ့နေများ နာမည်ပျက်မည်။ သို့ဆိုလျှင် ရှေ့နေချုပ်ရုံး ဂုဏ်သိက္ခာကျမည်။ အရှိန်အဝါကျမည်။ ထို့ကြောင့် အမှုကို ရုပ်သိမ်းပေးဖို့နေနေသာသာ အမှုကို ပြန်လည်ဆန်းစစ်ခြင်းပင် မပြုခဲ့ကြ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အစိုးရစုံစမ်းထောက်လှမ်းရေး ဗျူရို (အက်ဖ်ဘီအိုင်)က ဖမ်းဆီးဖို့အလိုလားဆုံး တရားခံပြေးစာရင်းတွင် မာ့ခ် ရစ်ချ်ဆိုသောအမည်သည် ထိပ်ဆုံးမှ ပါဝင်နေခဲ့၏။ ထိုသို့ လူဆိုးစာရင်းဝင်နေခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်နီးပါး ကြာမြင့်ခဲ့သည်။

နောက်ဆုံး သမ္မတဘီလ်ကလင်တန်က ကွင်းလုံးကျွတ်လွတ်ငြိမ်းခွင့်ပေးသည့် ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီ (၂၁)ရက်တွင် မှ မာ့ခ်ရစ်ချ်အမည်သည် နာမည်ကြီးလူဆိုးစာရင်းမှ ဖယ်ထုတ်ခြင်းခံခဲ့ရ၏။

ထိုဖြစ်ရပ်ကြောင့် ရစ်ချ်၏ စီးပွားရေးလုပ်ငန်းများတွင် အနည်းငယ် ထိခိုက်သည်။ သို့သော် ရစ်ချ်က တုံ့ဆိုင်း မနေ။ ရပ်မနေ။ သူလုပ်စရာရှိတာ ဆက်လုပ်သည်သာ။

"မယုံနိုင်စရာပုံပြင်လို ဖြစ်ရပ်ကြီးကြောင့် ကျွန်တော် လွတ်လပ်ရေးရသွားတယ်လေ။ ကျွန်တော် တခြားနိုင်ငံ တော်တော်များများကို ခရီးသွားခွင့်ရလာတယ်။ ဒီတော့ ကျွန်တော် အချုပ်အချယ်ကြီးနဲ့ နေရတဲ့ဘဝက လွတ်မြောက်သွား လို့ ခံစားရတာပေါ့ဗျာ"

ရစ်ချ်က လွတ်ငြိမ်းခွင့်ရသည့်အတွက် အကြီးအကျယ် ကျေနပ်သဘောကျနေသည့်လေသံဖြင့် ပြောခဲ့ပါသည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com


သူ့အကြောင်းကြားရသူအားလုံး တအံ့တသြဖြစ်ကြသည်။ တချို့လူတွေကတော့ ''စီးပွားရေးလောကမှ အံ့ဖွယ်ဖြစ်ရပ်ဆန်းတစ်ခု ''ဟု ကင်ပွန်းတပ်ကြသည်။

ကမ္ဘာပေါ်တွင် အင်အားအကြီးဆုံးနိုင်ငံ တစ်နိုင်ငံက သူ၏ စီးပွားရေးနှင့်ပတ်သက်သော အဆက်အသွယ် အားလုံးပြတ်တောက် သွားအောင်အားထုတ်သည်။ သူ့လုပ်ငန်းတွေ ပျက်ပြားသွားအောင် နည်းမျိုးစုံဖြင့် ကြိုးစားသည်။ သို့သော် မာ့ခ်ရစ်ချ်က မဖြုံ။ သူ့ ကုမ္ပဏီကို ဆက်လက်တိုးချဲ့သည်။

ကမ္ဘာပေါ်တွင် အကြီးမားဆုံးနှင့် အအောင်မြင်ဆုံးရေနံနှင့် သတ္တုရောင်းဝယ်ရေး ကုမ္ပဏီကြီးဖြစ်လာအောင် ရစ်ချ်က ကိုယ်စွမ်း ကိုယ်စပြခဲ့ပါသည်။

နယူးယောက်တောင်ပိုင်းခရိုင်တွင် တရားစွဲခံရပြီး ခုနစ်နှစ် အကြာ ၁၉၉၀ ပြည့်နှစ်တွင် သူသည် နိုင်ငံပေါင်း ၁၂၈ နိုင်ငံတွင် လှည့်လည်ကျက်စားနေ၏။

တစ်ကမ္ဘာလုံးတွင် ရုံးခွဲပေါင်း (၄၈)ရုံး တည်ထောင်ထားပြီး အမှုထမ်းပေါင်း တစ်သောင်းနှစ်ထောင်ခန့်ထား နိုင်ခဲ့လေသည်။ သူ့ကုမ္ပဏီ၏ ရေနံအရောင်းအဝယ်သည် တစ်နေ့လျှင် ရေနံစည်ပေါင်း (၁.၅)သန်းမျှရှိသည်။

ယင်းပမာဏသည် ကူးဝိတ်နိုင်ငံမှ နေ့စဉ် ရေနံထွက်ရှိမှုထက် ပင် များနေသေးသည်။ သူ့ကုမ္ပဏီ၏ တစ်နှစ်အတွင်း ထည့်ဝင် ငွေမှာ ဒေါ်လာ(၃၀)ဘီလျံ ရှိ၏။ ကုမ္ပဏီ၏ တစ်နှစ်အတွက်

အခန်း-၁၄
အောင်မြင်ရေး
ချိုးဖောက်ချက်များ

bookhouse
www.burmeseclassic.com

www.burmeseclassic.com

အမြတ်ငွေမှာ ဒေါ်လာသန်း(၂၀၀)မှ ဒေါ်လာသန်း (၄၀၀)အတွင်း ရှိသည်။ ရစ်ချ်၏ ကိုယ်ပိုင်စည်းစိမ် ချမ်းသာမှာ ခန့်မှန်းခြေ ဒေါ်လာ(၁)ဘီလျံလောက်ရှိသည်။

Financial Times သတင်းစာက သူ့အကြောင်းရေးရာ၌ "လူသုံးကုန်ပစ္စည်း ကုန်သည်များထဲ၌ ချမ်းသာကြွယ်ဝ ဆုံးနှင့် ဩဇာအာဏာ အကြီးမားဆုံးပုဂ္ဂိုလ်စာရင်းဝင်ဖြစ်သည်"ဟု လေးလေးစားစား ဖော်ပြခဲ့သည်။

မှာ့ခ်ရစ်ချ်+ကုမ္ပဏီဝန်ထမ်းများထဲမှ အကောင်းမြင်အစွဲအရှိဆုံး ဝန်ထမ်းများသည်ပင်လျှင် သူတို့ကုမ္ပဏီ ဤ အထိ အောင်မြင်ဖြစ်ထွန်းလာလိမ့်မည်ဟု မမျှော်မှန်းခဲ့ချေ။ ရစ်ချ်သည် တရားရေးဆိုင်ရာ အခက်အခဲအကျပ်အတည် များနှင့် ကြုံခဲ့ရပြီး သူကိုယ်တိုင်လည်း ပြည်ပြေးဘဝဖြင့် ရပ်တည်ခဲ့ရသည်ဖြစ်ရာ သူ့ဘဝ နေဝင်မိုးချုပ်သွားပြီ ယူဆကာ သူ့အကြောင်း ဝေဖန်ပြောဆိုသူများ ပါးစပ်ပိတ်သွားသည်။ သူ့အကြောင်း ဆက်ပြီးမပြောကြတော့။ ထိုနည်း အတူ သူနှင့်ဆက်သွယ်ပြီး စီးပွားရေးသမားများကလည်း သူ့ကို အဆက်ဖြတ်လိုက်ကြသည်။ စီးပွားရေးလုပ်င စလုပ်ကတည်းက ရစ်ချ်နှင့် တွဲဖက်အလုပ်လုပ်ခဲ့သည့် ဂျက်ဟာချွဲသည်ပင် ကုမ္ပဏီမှနုတ်ထွက်သွားလေသည်။ ကုန်သည် နှစ်ဦးသည် ထိုစဉ်မှစကာ ယနေ့ထက်တိုင် စကားမပြောကြတော့ပေ။

အားလုံးက ထင်မှတ်ထားခြင်းမရှိသည့် တစ်ကျော့ပြန်အောင်ပွဲခံသည့်အဖြစ်ကို ရစ်ချ်အရယူနိုင်ခဲ့သည်။

ထိုသို့ တစ်ကျော့ပြန်အောင်ပွဲခံနိုင်အောင် သူ မည်သို့ ကြံဆောင်ခဲ့သလဲ။ သူ့ပြိုင်ဘက်များကို ဘယ်ပုံဘယ်နည်း ဖြင့် အနိုင်တိုက်ခဲ့ပါသလဲ။ သူက အများနှင့်အတူ တစ်မူထူးအောင် ဘာတွေလုပ်ခဲ့လို့လဲ။ ဘာကြောင့် သူက အခြား တွေထက် တစ်ပန်းသာနေသလဲ။ ရစ်ချ်၏ အောင်မြင်မှုလျှို့ဝှက်ချက်များကို ဖော်ထုတ်မည်ဆိုလျှင် အထက်ပါမေး များသည် အရေးအကြီးဆုံး မေးခွန်းများပင်ဖြစ်တော့၏။ ယင်းမေးခွန်းများကို အဖြေထုတ်နိုင်ရေးအတွက် ကျွန် (ဤစာအုပ်ပြုစုသူ)သည် လွန်ခဲ့သည့်သုံးနှစ်တာကာလ (၂၀၀၆-၂၀၀၈)အတွင်း တိုက်ကြီးငါးတိုက်မှ ဒါဇင်ပေါင်းများ သော ပုဂ္ဂိုလ်များကို လူတွေ့မေးမြန်းခဲ့သည်။

ရစ်ချ်အကြောင်း စေ့စေ့စပ်စပ် မေးမြန်းစူးစမ်းခဲ့သည်။ ၂၀၀၈ မှ စတင်ခဲ့သော ငွေရေးကြေးရေး အကျပ်အတည်း အပြင်းထန်ဆုံး အဆိုးမြင်သမားများပင် ထင်မှတ်မထားသည့် ဖြစ်ရပ်ဆိုးများ ဖြစ်ပေါ်ခဲ့လေသည်။ ၁၈၅၀ ပြည့်နှစ် တည်ထောင်ခဲ့သော လေးမင်းညီနောင်များဘဏ်ကြီး ပြိုကွဲပျက်စီးပြီး ဒေဝါလီ ခံခဲ့ရသည်။ ဂိုးလ်မင်းဆက်ဘဏ် မော်ဂန်စတန်လီဘဏ်တို့သည်လည်း အလားတူအဖြစ်ဆိုးများ ကြုံခဲ့ရလေသည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



## ရေရှည်အတွက် မျှော်တွေးချင့်ချိန်ခြင်း

ခေတ်အဆက်ဆက်အတွင်း ငွေရေးကြေးရေး ကပ်ဘေးပေါင်းများစွာ ဖြစ်ပေါ်ခဲ့သည်ကို ကျွန်တော်တို့ တွေ့ကြုံရသည်။ ယင်းငွေရေးကြေးရေးကပ်ဘေးများ ဘာကြောင့်ပေါ်ပေါက်ခဲ့ပါသလဲ။ လေ့လာကြည့်သောအခါ ထွက်ပေါ်လာသော အဖြေအမျိုးမျိုးထဲမှ သီးသီးခြားခြား ထီးထီးမားမား ထွက်ပေါ်လာသည့် အဖြေတစ်ခုကို တွေ့ရသည်။ ယင်းအဖြေကား ရေတိုကို မျှော်တွေးခြင်း၏ဆိုးကျိုး။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် ကုမ္ပဏီအများစု၏ မန်နေဂျာများသည် ရေတိုကိုသာ မျှော်ကြည့်ကြ၏။ သူတို့အတွက် သုံးလပတ်စာရင်းချုပ်ချိန်တွင် အမြတ်များများရရေးထက် အရေးကြီးတာမရှိ။ ဆယ်စုနှစ်ပေါင်းများစွာ ကြာသည့်အချိန်တွင် ဘာတွေဖြစ်လာမည်လဲဟူသော ရေရှည်စီးပွားရေးအမြင်သည် သူတို့အတွက် အရေးမပါတော့။ အချိန်တိုတိုနှင့် အမြတ်များများရရေးကိုသာ သူတို့ဦးထိပ်ထားကြသည်။

မာ့ခ်ရစ်ချ်ကရော ဘယ်လိုသဘောထားခဲ့ပါသလဲ။ သူ့ အကြောင်းကြားရသူတိုင်း သူသည် အထက်ပါမန်နေဂျာများလို မဟုတ်ဆိုတာကို ချက်ချင်းသဘောပေါက်ကြသည်။ အခြားကုမ္ပဏီတွေ ပြိုလဲကုန်သော်လည်း သူ့ကုမ္ပဏီ ကြံ့ကြံ့ခံခဲ့၏။ နောက်သုံးလအကြာတွင် အမြတ်များများရရေးကို ဦးစားပေး မျှော်တွေးသည့် ကုမ္ပဏီများ ဒုက္ခရောက်ပြိုလဲကုန်ချိန်တွင် သူ့ကုမ္ပဏီက မားမားမတ်မတ်ရပ်တည်နေဆဲ။

အမြဲတမ်းသံသရာလည်နေသည့် လူသုံးကုန်ပစ္စည်း စီးပွားရေးလောကတွင် ကျင်လည်နေသည့် ကုန်သည်များအနေဖြင့် အနာဂတ်ကာလသို့ အဝေးကြီး လှမ်းမျှော်ကြည့်ကြရသည်။

"တကယ်စစ်မှန်တဲ့ ချမ်းသာကြွယ်ဝမှုကို ဆောင်ကြဉ်းပေးနိုင်တဲ့ အောင်မြင်ရေးသော့ချက်ကတော့ ရေရှည်ကို မျှော်တွေးချင့်ချိန်တတ်ခြင်းပဲဖြစ်တယ်"ဟု ရစ်ချ်ကပြောသည်။

တောင်အာဖရိကရှိ သတ္တုတွင်းတစ်တွင်းကို ဝယ်ယူဖို့ ခြောက်လတိုင်တိုင် စေ့စပ်ညှိနှိုင်းခဲ့ခြင်းကို ဘယ်လိုပြောမလဲ။ မိမိဘက်က လက်လွှတ်ထားသော ကြိုတင်ချေးငွေကို ပြန်ရရေးအတွက် ကျူးဘားနိုင်ငံတွင် ခြောက်လအချိန်ယူပြီး စေ့စပ်ညှိနှိုင်းခဲ့တာကိုရော ဘယ်လိုသဘောထားမည်လဲ။ နှစ်နှင့်ချီပြီး အချိန်ယူတည်ဆောက်ရမည့် သတ္တုအရည်ကျိုစက်တစ်လုံး တည်ဆောက်ဖို့ ငွေတွေ ကြိုတင်မြှုပ်နှံထားခြင်းကရော တွက်ကိန်းကိုက်ပါမည်လား။

သုံးလပတ်စာရင်းဆွဲလျှင် အမြတ်များများရရေးကိုသာ ဦးစားပေးစဉ်းစားသည့် ကုမ္ပဏီများအနေဖြင့်တော့ အထောက်အကူလုပ်ရပ်များကို စိတ်ကူးထဲပင် ထည့်ကြမည်မဟုတ်။ တချို့တချို့သော စီးပွားရေးလုပ်ငန်းများတွင် ရေရှည်အတွက် မျှော်တွေးစဉ်းစားခြင်းကို မေ့လျော့၍ပင်ထားကြသည်။ သို့ဖြစ်စေကာမူ မိသားစုပိုင် စီးပွားရေးလုပ်ငန်းများတွင်တော့

bookhouse
www.burmeseclassic.com

www.burmeseclassic.com



နောင်တစ်ချိန်တွင် ပွားစီးလာမည့် သားသမီးမြေးမြစ်များအတွက် ထည့်သွင်းစဉ်းစားကြသည်မှာ အစဉ်အလာလို ဖြစ်နေ
ပေသည်။ နှစ်ပေါင်းများစွာအတွင်း ရစ်ချ် ကိုင်စွဲကျင့်သုံးခဲ့သော မဟာဗျူဟာများနှင့် နည်းဗျူဟာများကို လေ့လာကြည့်
လျှင် ရစ်ချ်သည် ရေရှည်အကျိုးကို မျှော်တွေးစဉ်းစားခဲ့ကြောင်း သိသာပေါ်လွင်နေ၏။ ထို့ကြောင့် ရစ်ချ်၏ အောင်မြင်မှု
လျှို့ဝှက်ချက်များတွင် ရေရှည်အတွက် မျှော်တွေးချင့်ချိန်ခြင်းသည် အဓိကဖြစ်သည်ဟု ကျွန်တော် ခိုင်ခိုင်မာမာ ယုံကြည်
ပါသည်။

ပစ္စည်းရှင်များနှင့် ဆက်သွယ်ဖေ့စပ်စကားပြောရာ၌ ရစ်ချ်သည် ဘယ်တော့မဆို ရေရှည်သဘောတူစာချုပ်များ
ချုပ်ဖို့ စိတ်ဝင်စားအားသန်ခဲ့လေသည်။ စီးပွားရေးစကားဖြင့် ပြောရလျှင် ဈေးကွက်သစ်များ ဖော်ဆောင်ခြင်း၊ စီးပွားရေး
လုပ်ငန်းဆိုင်ရာ အဆက်အသွယ်များ ပြုလုပ်ခြင်းနှင့် သဘောတူစာချုပ်များ ချုပ်ဆိုဖို့ ဖေ့စပ်ညှိနှိုင်းခြင်း စသည့် အလု
များသည် ငွေကုန်ကြေးကျ အလွန်များပါသည်။ စီးပွားရေးအရ တစ်ဦးနှင့်တစ်ဦး နားလည်သဘောတူညီမှုရသွားသည်
နှင့် တစ်ပြိုင်နက် အထက်ဖော်ပြပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဖို့ ငွေကုန်ကြေးကျမများတော့ပါ။ တစ်ဦးနှ
တစ်ဦး ကြာရှည် လက်တွဲလာလေ အဆိုပါကုန်ကျစရိတ်များ လျော့နည်းလာလေဖြစ်၏။ ကုန်ကျစရိတ်များ လျော့နည်း
လာလေ ထွက်ပေါ်လာမည့်အမြတ်ငွေပမာဏများလာလေဖြစ်တော့၏။

"ကိုယ်မရောက်ဖူးသေးတဲ့ နိုင်ငံတစ်နိုင်ငံကို ကျွန်တော်တို့သွားပြီး အလုပ်လုပ်တယ်။ အဲဒီမှာ အမြတ်ငွေတစ်သ
လောက်လည်းရရော အဲဒီနိုင်ငံကို ကျောခိုင်းထွက်ခွာလာတာမျိုး ဘယ်တော့မှမလုပ်ဘူး။ အဲဒီနိုင်ငံကို သွားကတည်းက
အဲဒီနိုင်ငံမှာ အခြေစိုက်ဖို့သွားတာ"ဟု ရစ်ချ်ထံတွင် နှစ်ရှည်လများ အလုပ်လုပ်ပေးခဲ့သည့်ကုန်သည်တစ်ဦးက ပြောသည်

"ကျွန်တော်တို့လာတာ သူတို့နိုင်ငံမှာ အခြေစိုက်ဖို့လာတာဆိုတာကို သူတို့ယုံကြည်စိတ်ချအောင် ပြောဆိုလုပ်
ရတယ်။ အဲဒီကျင့်စဉ်ဟာ ကျွန်တော်တို့ အောင်မြင်မှုအတွက် အရေးအပါဆုံး အခြေခံသဘောတရားပေါ့ဗျာ"

■

*လာဘ်ထိုးမှုများ*

အစိုးရပြုပြင်ရေးဆိုင်ရာ လွှတ်တော်ကော်မတီက ရစ်ချ် စီးပွားရေးအင်ပါယာကြီး ထူထောင်ပုံထူထောင်နည်းကို
အစီရင်ခံရာ၌ "ဒေသခံအရာရှိများ အကျင့်ပျက် ခြစားလိုစိတ်များ ပေါ်လာစေရန် စနစ်တကျ အကွက်ချစီမံပြီး

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



လာဘ်ထိုးမှုများပေါ်တွင် အားထားပြီး အောင်မြင်မှုများရအောင် လုပ်ခဲ့သူဟူ၍ စွပ်စွဲထားသည်။ "ရစ်ချ် သည် တရားဥပဒေ၊ ကျင့်ဝတ် သို့မဟုတ် ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းရေး စသည့်အချက်များကိုပင် အလေးမထားဘဲ စီးပွားရေး လုပ်ခဲ့သူဟူ၍လည်း စွပ်စွဲခဲ့သည်။ "သူစိတ်ဝင်စားသည်မှာ ငွေရရေး ဖြစ်ပြီး ငွေရမည်ဆိုလျှင် ဘာမဆိုလုပ်ဝံ့သူ" ဟူ၍လည်း ဆွစ်ကုန် သည်တစ်ဦးက ပြောပြဖူးသည်။ အလူမီနီယံ စီးပွားရေးလောကမှ သူ့ပြိုင်ဘက်တစ်ဦးကတော့ "ဒီလူက ကိုယ်ကျင့်တရားမရှိတဲ့ လူပဲ"ဟု ပြောသည်။ "ဒီလူ ဒီလောက်အောင်မြင်ပြီး ဒီလောက် ချမ်းသာလာတာ လုပ်ငန်းလုပ်ရာမှာ ထက်မြက်ကျွမ်းကျင်မှုတစ်ခုတည်းကြောင့် မဟုတ်ဘူး။ ကျွန်တော်တို့ စီးပွားရေးနယ်ပယ်မှာ ထင်ထားတာက ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် ရောင်းစားတဲ့လူ မဟုတ်ဘူးဆိုတာပါပဲ"ဟု ယင်းကုန်သည်က ဆက်ပြောသွားလေ သည်။

အထက်ပါ စွပ်စွဲချက်များအကြောင်း ကျွန်တော်ပြောပြသောအခါ ရစ်ချ်သည် မဆိုစလောက်ကလေး နာကြည်းသွားသဖြစ်သွားပြီး "အဲဒါတွေကို ကျုပ်သဘောမတူဘူး"ဟု ငြင်းဆိုသည်။ အမှန်အတိုင်း ပြောရလျှင် မာ့ခ်ရစ်ချ်+ကုမ္ပဏီသည် တံစိုးလက်ဆောင်များ ကြီးကြီးမားမား လာဘ်ထိုးမှုများသာ မပြုလုပ်ပါက ဘယ်လုပ်ငန်းမျှ အောင်မြင်ခဲ့မည် မဟုတ်ချေ။ အရှေ့အလယ်ပိုင်း သို့မဟုတ် အာဖရိကတွင် အလုပ်လုပ်ဖူးသူ ဘယ်သူမဆိုသိထားသည်မှာ "လက်ဆောင်ပစ္စလေး"၊ (သို့မဟုတ်) "သည်းခြေကြိုက် ပစ္စည်းကလေး"မှမပေးလျှင် သင့်လုပ်ငန်း ဘယ်တော့မျှမအောင်မြင်ဟူ၍ ဆိုပါသည်။ သင့်ကုမ္ပဏီသည် ဘယ်လောက်ပဲ သန့်ရှင်းပြီး ကျင့်ဝတ်သိက္ခာများနှင့် ပြည့်နေပါစေ။ အချိန်တန်လျှင် လမ်းကြောင်းထဲရောက်သွားမည်သာဖြစ်၏။

"သတ္တုကုန်သည်များ"ဟူသော စာအုပ်ထဲတွင် ရစ်ချ်အကြောင်း ဖော်ပြရာ၌ ရစ်ချ်၏ကုမ္ပဏီသည် အီရန်နိုင်ငံပိုင် ရေနံကုမ္ပဏီအား ဒေါ်လာ ၁၂၅,၀၀၀ လာဘ်ထိုးခဲ့သည်ဟူ၏။ ထိုစာအုပ်ထဲမှာပင် ဖော်ပြထားသည်မှာ "နိုင်ဂျီးရီးယားအစိုးရက ရစ်ချ်၏ ကုမ္ပဏီနှင့် ဆက်လက်ပူးပေါင်းအလုပ်လုပ်ရေးအတွက် နိုင်ဂျီးရီးယားအစိုးရ၊ သယ်ယူပို့ဆောင်ရေးဝန်ကြီးသည် ဒေါ်လာ(၁)သန်းရခဲ့သည်"ဆို၏။ အဆိုပါ လာဘ်ထိုးမှုများနှင့် (တခြားတခြားသော လာဘ်ထိုးမှုများ)အကြောင်းကို ရစ်ချ်က အကြောင်းအကျိုးပြပြီး ငြင်းဆန်မှုများပြုမနေ။ သို့သော် ထိုစဉ်က ထိုသို့ တံစိုးလက်ဆောင်များပေးခြင်းကို သူ့အနေဖြင့် ခွင့်ပြုခဲ့သည်ဟု ရစ်ချ်က ဝန်ခံသည်။

လုပ်ငန်းတစ်ခုကို တခြားလူတွေလုပ်ကိုင်ချင်တဲ့ဈေးနှုန်းနဲ့ပဲ ကျွန်တော်တို့ လုပ်ခွင့်ရအောင် လာဘ်တွေထိုးခဲ့တယ်။ ကျွန်တော်တို့နဲ့ လက်တွဲလိုက်ရင် သက်ဆိုင်ရာအစိုးရမှာ နစ်နာမှုရှိမသွားစေရဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က တခြားကုမ္ပဏီရဲ့ဈေးနှုန်းအတိုင်း လိုက်ပေးတာကိုး"

www.burmeseclassic.com

www.burmeseclassic.com


တတိယကမ္ဘာမှာ အလုပ်တစ်ခုရရေးအတွက် သက်ဆိုင်ရာအရာရှိများ သို့မဟုတ် နိုင်ငံရေးသမားများ လာဘ်ထိုးခြင်းသည် လူ့ကျင့်ဝတ်ဖောက်ပြန်ပြီး အပြစ်တင်ရှုတ်ချဖွယ်ကောင်းသည်ဟု မဆိုသာသည့်တိုင် ကိုယ်ကျင့်တ ဖောက်ပြန်သည်ဟု ပြောမည်ဆိုက ပြောနိုင်ပါသည်။ သို့ဖြစ်သည့်တိုင် လာဘ်ပေးခြင်းသည် လုပ်ရိုးလုပ်စဉ် သာမန်ကျင့် ဖြစ်၏။ ထိုအထဲတွင် လူသုံးကုန်ပစ္စည်းကုန်သည်များလည်း ပါဝင်ပါသည်။ အမေရိကပြည်ထောင်စုတွင် နိုင်ငံခြား အရာရှိများအား လာဘ်ထိုးခြင်းသည် တရားဝင်သည်။ ၁၉၇၇ ခုနှစ်၊ လာဘ်ပေးလာဘ်ယူမှု တားမြစ်ခြင်းဥပဒေပြဋ္ဌာ လိုက်မှ အပြစ်ကျူးလွန်မှုဖြစ်လာသည်။ ဆွစ်ဇာလန်ပြည်တွင် ၂၀၀၀ ပြည့်နှစ်အထိ လာဘ်ပေးလာဘ်ယူမှုသည် တ ဝင်၏။ ဆွစ်ဇာလန်နှင့် တခြားနိုင်ငံတော်တော်များများတွင် လာဘ်ပေးငွေကို သုံးသင့်သုံးထိုက်သော ကူးသန်းရောင်း ရေးဆိုင်ရာ အသုံးစရိတ်များအဖြစ် အစိုးရသို့ ပေးဆောင်ရမည့် အခွန်တော်များထဲမှ နုတ်ထားလို့ရသည်။

အကျင့်ပျက် လာဘ်စားမှုများအကြောင်း ပြောဆိုဆွေးနွေးသည့်အခါ ရစ်ချ်၏ရှေ့နေများက ပြောသည်မှာ ရ သည် ဘယ်တုန်းကမှ ဆွစ်ဥပဒေကို ချိုးဖောက်ခဲ့ခြင်းမရှိဟု ခိုင်ခိုင်မာမာပြောသည်။ ကမ္ဘာပေါ်တွင် အကျင့်ပျက်ခြ မှု အများဆုံးနိုင်ငံများဟု သတင်းကြီးသည့် နိုင်ဂျီးရီးယားနှင့် ဇိုင်ယာတွင် ကျည်လည်ကျက်စားခဲ့သည့် ကုန်သည်တ က ပြောပြသည်မှာ…

"တရားဥပဒေဆိုတာ စံအမှတ်တစ်ခုပဲ။ ခင်ဗျားရဲ့ ကိုယ်ကျင့်သိက္ခာနဲ့ ဘာမှမဆိုင်ဘူး။ ကုန်သည်တစ်ယော အနေနဲ့ ခင်ဗျား စောင့်ထိန်းထားတဲ့ ကိုယ်ကျင့်သိက္ခာကနေ ခင်ဗျားကိုယ်ခင်ဗျား ခွာထုတ်ရမှာပဲ။ အဲဒီလို ခွာထုတ် သဘောမတူဘူးဆိုရင် ခင်ဗျားကုမ္ပဏီက ထွက်ပေတော့"ဟူ၏။

တချို့ကိစ္စများတွင် ရစ်ချ်သည် သူ့ပြိုင်ဘက်များထက် ပိုပြီးမြန်ဆန်စွာ အလုပ်ဖြစ်သွားသည်။ ဤသည် လာဘ်ယူသောအရာရှိများကြောင့် ဖြစ်၏။ လာဘ်ပေးခြင်းက သူ့ပြိုင်ဘက်များကို နင်းခြေကျော်လွှားလို့ရစေနိုင် သို့သော် ရစ်ချ်၏အောင်မြင်မှုများမှာ လာဘ်ထိုးနိုင်လွန်းသောကြောင့်ဟု တရားသေမှတ်ယူ၍ မရပါ။ လူသုံးကုန်ပစ္စ ရောင်းဝယ်ရေးလောကတွင် ဆယ်စုနှစ်ပေါင်းများစွာ မင်းမူစိုးမိုးနေနိုင်သည့် အကျင့်ပျက် ခြစားမှုတစ်ခုတည်းကြော မဟုတ်ပါ။ အောင်မြင်သည့် ကုန်သည်များသည် လာဘ်ထိုးသူများမဟုတ်ပါ။ လာဘ်ထိုးသူများသည် ရေရှည်အောင် မှုမရပါ။ ကမ္ဘာ့အကြီးမားဆုံးကုမ္ပဏီများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကုမ္ပဏီကြီးတစ်ခုမှ ဒါရိုက်တာတစ်ဦးက "ရစ်ချ် ရှင်သန်နေနိုင်တာက သူ့စွမ်းရည်တွေကြောင့်ပါဗျာ"ဟု ပြောသည်။

■

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



## စွမ်းရည်ထူးသော မစ္စတာရစ်ချ်

မာ့ခ်ရစ်ချ်တွင် စွမ်းရည်ထူးများရှိကြောင်း ရှေ့ပိုင်းတွင် အနည်းငယ်ဖော်ပြခဲ့ပြီ။ ပြောရမည်ဆိုလျှင် မာ့ခ်ရစ်ချ်သည် သူ့ပြိုင် ဘက်များထက်ပို၍ လျင်မြန်သွက်လက်ပြီး ပို၍ မာန်ကြီးတက်ကြွသည်။ တခြားကုန်သည်များ အကဲမခတ်နိုင်မီ သူက ကုန်ဈေးနှုန်းများ အလားအလာကို တွက်ချက်တတ်သည်။ နောက်ပြီး သူက ဈေးကွက်အသစ်များကို အောင်အောင် မြင်မြင် ဖန်တီးနိုင်သည်။ သူ့ အရည်အချင်းများထဲတွင် အရေးအကြီးဆုံး အရည်အချင်းဟု ရစ်ချ် ကိုယ်တိုင်ဝန်ခံခဲ့သည့် အရည်အချင်း တစ်ရပ်ရှိသေးသည်။ ယင်းအရည်အချင်းကား အခွင့်အလမ်းကို မြင်တွေ့နိုင်စွမ်းရှိခြင်း။

သူ့စွမ်းရည်ထူးများ ပြသနိုင်သည့်ကာလမှာ ၁၉၇၀ ပြည့်လွန်နှစ်များ စောစောပိုင်းနှင့် အလယ်ပိုင်းကာလများ ဖြစ်သော ယင်းကာလများတွင် သူသည် အီရန်၊ နိုင်ဂျီးရီးယား၊ အင်ဂိုလာ အီကွေဒေါ နိုင်ငံများနှင့် ကာလရှည်စာချုပ်များ ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်၏။ ဘာကြောင့်ဆို ရေနံဈေးနှုန်းတက်လိမ့်မည်ဖြစ်ကြောင်း ကြိုတင်တွက်ဆ နိုင်သောကြောင့်ပင်။

သူ့ဘက်က ထမ်းဆောင်ပေးခဲ့သော ဝန်ဆောင်မှုများ၏တန်ဖိုးကို အသိအမှတ်ပြုသည့်အတွက် သူနှင့် အလုပ်လုပ် ဘက်စနိုင်ငံများတွင် အစိုးရအပြောင်းအလဲများဖြစ်ပေါ်ခဲ့သည့်တိုင် သူနှင့်ချုပ်ဆိုထားသော ကန်ထရိုက်စာချုပ်များကို ဆက်လက် အသိအမှတ်ပြုခဲ့ကြခြင်း ဖြစ်၏။ ကျူးဘားတွင် ကက်စထရို၏ ကွန်မြူနစ်တော်လှန်ရေးအပြီးတွင်လည်းကောင်း၊ အီရန်တွင် ခိုမေနီ၏ အစ္စလာမ်မစ်တော်လှန်ရေးအပြီးတွင်လည်းကောင်း၊ တောင်အာဖရိကတွင် တခြားအရောင်ခွဲ ခြားသော အစိုးရပြုတ်ကျပြီးနောက်ပိုင်းတွင်လည်းကောင်း ရစ်ချ်သည် မူလချုပ်ဆိုထားသော ကန်ထရိုက်စာချုပ်များကို ဆက်လက် ဆက်သွယ်နိုင်ခဲ့သည်။ အမေရိက၏ နိုင်ငံခြားရေးမူဝါဒက ကျူးဘားနှင့် အီရန်ကို စီးပွားရေးသပိတ်မှောက်ဖို့ ဆုံးဖြတ်ထားသော်လည်း ရစ်ချ်က ယင်းနိုင်ငံများနှင့် ဆက်လက် လက်တွဲအလုပ်လုပ်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

တခြားသူများ ထိတ်လန့်ကြောက်ရွံ့သော၊ မသွားရဲမလာရဲသော နေရာဒေသများသို့ ရစ်ချ်က သွားရဲသည်။ ခြေချရဲသည်။ အင်ဂိုလာ (သို့မဟုတ်) ဇိုင်ယာနိုင်ငံလို သွားရေးလာရေး ခက်ခဲသည်သာမက မသွားသင့်မသွားထိုက်သည့် နိုင်ငံများသို့လည်း ရစ်ချ် အရောက်သွားသည်။ ပြီးတော့ ရေနံအရောင်းအဝယ် နှစ်ရှည်စာချုပ်များရအောင် ချုပ်ဆိုနိုင်ခဲ့၏။ ယင်းနှစ်ရှည်သဘောတူစာချုပ်များက မြိုးမြိုးမြက်မြက် အကျိုးအမြတ်များ ရနိုင်သည်မဟုတ်လား။ ရစ်ချ်က အဆိုပါနိုင်ငံ များ၏ လိုအပ်ချက်များကို အမိအရ ဖြည့်ဆည်းပေးသည်။ ပြီးတော့ သူ့အတွက်လည်း ငွေတွေရအောင် သဲ့ယူသည်။ သည်တော့ မကြာမီအတွင်း ရစ်ချ်နာမည်တစ်လုံးရလာသည်။ ငွေကြေးသာရမည်ဆိုလျှင် ရစ်ချ်သည် ဘာမဆိုသိုက်တူးမည့် သူဟူ၍။

the bookhouse
www.burmeseclassic.com

တစ်နိုင်ငံနှင့်တစ်နိုင်ငံ လူသိရှင်ကြား မဆက်ဆံဘဲ သံတမန်ရေးရာ အဆက်အသွယ်မလုပ်သောနိုင်ငံများ ပူးတွဲပြီး စီးပွားရေးလုပ်ဖြစ်အောင်လည်း ရစ်ချ် စွမ်းဆောင်နိုင်စွမ်းသည်။ ဥပမာ အီရန်နှင့် အစ္စရေး၊ အာရပ်နိုင်ငံများနှင့် တောင်အာဖရိက၊ မှာ့ခ်ဝါဒီများနှင့် အရင်းရှင်များ။ သာဓကအဖြစ် ပြရသော် လစ်ဗျား (သို့မဟုတ်) အယ်ဂျီးရီးယားကဲ့သို့သော ဆိုရှယ်လစ်နိုင်ငံများမှ ရေနံများ ဈေးသက်သက်သာသာဖြင့် ဝယ်ယူပြီး ဒင်နီယယ်အော်တီဂါ၏ လက်အောက်ရှိ နီကရာဂွါနိုင်ငံသို့ ရောင်းချခဲ့ခြင်း။

"ကျွန်တော်က ရေနံလိုချင်တယ်၊ အဲဒီအချိန်မှာ သူတို့က ငွေလိုချင်တယ်လေ"ဟု ရစ်ချ်ကပြောသည်။

ရစ်ချ်သည် မတိုးတက်မဖွံ့ဖြိုးသော တတိယကမ္ဘာမှ ဆင်းရဲသားများအပေါ် ကုပ်သွေးစုပ်အမြတ်ထုတ်သည်ဟု လက်ဝဲယိမ်းသူများက စွပ်စွဲကြသည်။ သို့သော် နောက်ကွယ်တွင် သူတို့၏ ဘဏ္ဍာရေးအခြေအနေ မယိမ်းယိုင်မပြိုလဲအောင် ရစ်ချ်၏အကူအညီများကိုပဲ ယူခဲ့ကြသည်။

■

## ဝန်ဆောင်မှုလုပ်ငန်း

သူတို့၏စီးပွားရေးလုပ်ငန်းများအကြောင်း ကုန်သည်များကို မေးကြည့်ပါ။ သူတို့၏အဖြေသည် လေသံတစ်မျိုးတည်း ထွက်နေ လိမ့်မည်ဖြစ်၏။

"ရောင်းဝယ်ရေးရဲ့ ရင်းမြစ်သဘောထားဟာ ဝန်ဆောင်မှု တစ်ခုပဲ"

"ရောင်းဝယ်ရေးဟာ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုပဲ။ကျွန်တော် တို့က ရောင်းသူတွေနဲ့ ဝယ်သူတွေကို ဆုံဖြစ်အောင် စီစဉ်ပေးတယ်။ အရောင်းအဝယ်ဖြစ်သွားတဲ့အခါ ကျွန်တော်တို့ရဲ့ ဝန်ဆောင်ခရကြတယ်လေ"ဟု ရစ်ချ်ကိုယ်တိုင် ရှင်းပြသည်။ ဤကား လွတ်မြောက်ရေးတွေးခေါ်ရှင် Ayn Rand ၏ အတွေးအခေါ်ကို လက်တွေ့အကောင်အထည် ဖော်ခြင်းပင်ဖြစ်တော့၏။

အတွေးအခေါ်ရှင် Ayn Rand က ရောင်းဝယ်ရေးကို အနက်ဖွင့်ရာ၌ "ဘယ်ဆက်ဆံရေးမှာ မဆို စနစ်တကျ ဆက်ဆံမယ်ဆိုရင် သင့်အနေနဲ့ ကုန်သည်သဘောတရားကို ကျင့်သုံးရမယ်။ သင်က တန်ဖိုးတစ်ခုပေးတဲ့အတွက် တန်ဖိုး တစ်ခု သင်ပြန်ရတယ်"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



Ayn Rand ၏ အတွေးအခေါ်သည် ရစ်ချ်၏အတွေးအခေါ်ကို အကြီးအကျယ် လွှမ်းမိုးခဲ့သည်။ Ayn Rand က "ဆင်ခြင်တုံ တရားရှိသော အတ္တဆန်ခြင်း" သည် သင့်မြတ်ကြောင်း ဟောပြောခဲ့သည်။

**သင် တန်ဖိုးတစ်ခုပေးပြီး သင် တန်ဖိုးတစ်ခုရသည်။**

ရစ်ချ်နှင့် သူ့လက်အောက်ခံကုန်သည်များသည် ဤသဘောတရားအတိုင်း ဖြစ်မြောက်အောင် ကြိုးစားအားထုတ်ကြသည်။ ဤသဘောတရားကို လက်တွေ့ကျင့်သုံးပြီး အရောင်းအဝယ် နှစ်ရှည်သဘောတူစာချုပ်များရအောင် ချုပ်ဆိုခဲ့ကြသည်။

ရစ်ချ်၏ကုမ္ပဏီသည် ဂျမေကာ၊ ဇိုင်ယာ၊ တောင်အာဖရိက၊ နမီးဘီးယားနှင့် အင်ဂိုလာနိုင်ငံများတွင် သတ္တုတွင်းများတူးရန်၊ ရေနံချက်စက်ရုံများ တည်ဆောက်ရန် သို့မဟုတ် ရေနံတွင်းများတူးရန် ကြိုတင်ငွေများထုတ်ပေးပြီး ရင်းနှီးမြှုပ်နှံမှုများ ပြုခဲ့၏။ ထိုသို့ အနစ်နာခံမှုကို တုံ့ပြန်သောအားဖြင့် ယင်းနိုင်ငံများမှထုတ်လုပ်သော လူသုံးကုန်ပစ္စည်းများကို တစ်နှစ် သို့မဟုတ် တစ်နှစ်ထက်ကျော်သော ကာလအတွက် သူတို့ကုမ္ပဏီသို့ ရောင်းချရမည်ဟု အပိုင်စာချုပ်ကြ၏။

"ခင်ဗျားတို့က ကျွန်တော်တို့ကို လိုအပ်ပြီး ကျွန်တော်တို့က ခင်ဗျားတို့ကို လိုအပ်တယ်။ ကျွန်တော်တို့က ဆက်ဆံရေးတစ်ရပ်ကို အဲဒီနည်းနဲ့ ဖော်ဆောင်ကြတယ်" ဟု ရစ်ချ်၏ကုမ္ပဏီမှ အအောင်မြင်ဆုံးကုန်သည်တစ်ဦးက ဖွင့်ပြောသည်။

နှစ်ရှည် သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ရေးအတွက် အလွန်အဖိုးတန်အရာရောက်သော ဝန်ဆောင်မှုများပေးသည့် ရစ်ချ်၏ နည်းပရိယာယ် အောင်မြင်မှုကို နိုင်ငံလေးနိုင်ငံတွင် သိသာထူးခြားစွာ တွေ့မြင်ခဲ့ရသည်။ ယင်းနိုင်ငံများမှာ ကွန်မြူနစ်အစိုးရအုပ်ချုပ်နေသည့် အင်ဂိုလာ၊ ဆိုရှယ်လစ်နှင့် စီးပွားရေးအရ လွတ်လပ်သောမူဝါဒ ကျင့်သုံးသည့်အစိုးရများ အုပ်ချုပ်ခဲ့သည့် ဂျမေကာ၊ အသားအရောင်ခွဲခြားသည့် မူဝါဒကိုင်စွဲသော တောင်အာဖရိက၊ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည့် အရှေ့အာဖရိကမှ ဘူရွန်ဒီတို့ဖြစ်၏။

မူဝါဒမျိုးစုံဖြင့် အုပ်ချုပ်ခဲ့သည့် အဆိုပါနိုင်ငံလေးနိုင်ငံသို့ ရစ်ချ်က အကူအညီများ ကမ်းလှမ်းမှုများ နည်းမျိုးစုံဖြင့်ပေးခဲ့သည်။ သူ့ကမ်းလှမ်းချက်များကို အဆိုပါနိုင်ငံများကလည်း မငြင်းပယ်နိုင်။ ထိုနည်းဖြင့် ရစ်ချ်သည် အဆိုပါနိုင်ငံများမှ ထွက်ကုန်များကို နှစ်ရှည် ဝယ်ယူခွင့်ရအောင် ကြံဆောင်ခဲ့လေသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## လူမိုက်ဆန်းကြယ်သော မွန်ဆွာအွန်ဒိုလို

မွန်ဆွာအွန်ဒိုလို(Monsieur Udolo)ဆိုသည့် နာမည်သည် ၁၉၈၀ ပြည့်လွန်နှစ်များ စောစောပိုင်းက အီရန်နိုင်ငံပိုင် ရေနံကုမ္ပဏီမှ လူအများ ရင်းရင်းနှီးနှီးကြားသိနေသည့် နာမည်ဖြစ်၏။ အွန်ဒိုလို သည် ၁၉၆၂ခုနှစ်ကမှ လွတ်လပ်ရေးရခဲ့သည့် ဘူရွန်ဒီနိုင်ငံမှ လူမည်းကြီးတစ်ဦးဖြစ်သည်။ မွန်ဆွာ အွန်ဒိုလိုသည် ကိုဘူကို (Cobuco) ကုမ္ပဏီမှ ဒါရိုက်တာတစ်ဦး ကိုဘူကိုကုမ္ပဏီသည် ဘူရွန်ဒီနိုင်ငံပိုင် လူအသုံးအဆောင်ပစ္စည်းများ ဝယ်ယူရေးကုမ္ပဏီဖြစ်၏။

အီရန်ရေနံကုမ္ပဏီမှ အရာရှိများသည် အွန်ဒိုလို၏အသံကိုသာ ကြားဖူးကြသည်။ တဟီရန်တွင် ရုံးစိုက်ထားသော သူတို့ရုံးချုပ်သို့ ဘရပ်ဆယ်မှ ပုံမှန်တယ်လီဖုန်းဆက်နေသော အွန်ဒိုလိုကို အီရန်အရာရှိများ တွေ့ဆုံဖို့ အခွင့်ရခဲ့လျှင် သူတို့ တအံ့တသြဖြစ်ကြမှာ သေချာ ပေါက်ဖြစ်၏။ တကယ်တော့ မွန်အွန်ဒိုလိုသည် ဘရပ်ဆယ်မှ လူမည်းကြီးမဟုတ် သူသည် မာ့ခ်ရစ်ချ်အတွက် အလုပ်လုပ်ပေးနေ သည့် လူဖြူကုန်သည်တစ်ဦးသာဖြစ်၏။ နောက်ပြီး ကိုဘူကိုကုမ္ပဏီ သည်လည်း လူအများယုံကြည်နေသလို ဘူရွန်ဒီနိုင်ငံပိုင်ကုမ္ပဏီ မဟုတ်။ ဘူရွန်ဒီအစိုးရနှင့် ရစ်ချ်၏ကုမ္ပဏီ ရှယ်ယာ တစ်ဝက်စီပိုင်သော ကုမ္ပဏီပါတည်း။

သည်ကုမ္ပဏီကို ဖွဲ့စည်းခဲ့ခြင်းမှာ တော်လှန်ရေးကာလလွန် အီရန်နှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ဖို့ဖြစ်၏။ ဘူရွန်ဒီက အီရန် တော်လှန်ရေးအစိုးရအား မေတ္တာရပ်ခံရမည်။ သူတို့အား ရေနံနှစ် ရှည်ဝယ်ယူခွင့်ပြုရန် သဘောတူစာချုပ်

''ရေနံဝယ်ယူခွင့်ရအောင် စေ့စပ်ညှိနှိုင်းဖို့ ဘူရွန်ဒီညှိနှိုင်းရေး အဖွဲ့တစ်ဖွဲ့ တဟီရန်ကို အမှန်တကယ်သွားခဲ့တယ် ကျွန်တော်က ညှိနှိုင်းရေးအဖွဲ့ကို နောက်ကွယ်က ကြိုးကိုင်ခဲ့တာပေါ့ဗျာ။ ဘူရွန်ဒီလို ဆင်းရဲလှတဲ့နိုင်ငံကို အီရန်အစ္စလာမ် အစိုးရက လိုက်လျောလိမ့်မယ်လို့ ကျွန်တော် တွက်ထားခဲ့တယ်လေ။ ညှိနှိုင်းရေးအဖွဲ့ကို ကျွန်တော် ညွှန်ကြားထားတာ ရေနံဈေးနှုန်းကို အိုပက်ကသတ်မှတ်တဲ့နှုန်းအတိုင်း ပေးပါ့မယ်။ ငွေကို ရေနံလက်ထဲရောက်ပြီး တစ်နှစ်ကြာမှ အတိုးမဲ့ပေး ပါရစေလို့ တောင်းပန်ခိုင်းတာပေါ့ဗျာ''

အစ္စလာမ်မစ်အစိုးရသည် ကုရ်အန်ကျမ်းတွင်ပါရှိသည့်အတိုင်း ငွေပေးချေရန် ဆိုင်းငံ့ကာလအတွက် အတိုးယူ မည်မဟုတ်ဟု တွက်ထားသည်။ သူ့တွက်ကိန်းမှန်သွားပါသည်။ စေ့စပ်ညှိနှိုင်းမှုတွေ အကြာကြီးပြုလုပ်ပြီးမှ အီရန် ဘူရွန်ဒီအား နှစ်ရှည် ရေနံရောင်းဝယ်ရန် သဘောတူခွင့်ပြုလိုက်သည်။ အွန်ဒိုလိုအမည်ခံကုန်သည်က ကျွန်တော့် အထက်ပါအတိုင်း ပြန်ပြောပြသည်။

အီရန်မှ ရေနံဝယ်ခွင့်ရသောအခါ ရစ်ချ်က သဘော်များငှားသည်။ အီရန်ဆိပ်ကမ်းမှ ရေနံများဝယ်ယူသည်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အီရန်ရေနံကုမ္ပဏီမှ အရာရှိများကတော့ သင်္ဘောများသည် ရေနံကို သယ်ယူပြီး ကင်ယာရှိ ရေနံချက်စက်ရုံသို့ ပို့ပေးလိမ့်မည်ဟု ယုံကြည်ထားသည်။ ကင်ယာတွင် ရေနံချက်ပြီး ရေနံတင်သင်္ဘောများဖြင့် ဘူရွန်ဒီသို့ ပို့ပေးလိမ့်မည်ဟု သိထားသည်။ သို့မှ ဆင်းရဲမွဲတေသော ဘူရွန်ဒီနိုင်ငံ၏ စီးပွားရေးတိုးတက်ရာတိုးတက်ကြောင်းကို ကူညီသလိုဖြစ်မည်မဟုတ်လား။ သို့ဖြစ်သော်လည်း ဖြစ်ရပ်မှန်က တွေးထင်ထားသည့်ဇာတ်လမ်းနှင့် တခြားစီဖြစ်နေသည်။

"အဲဒီအရောင်းအဝယ်မှာ ကျွန်တော်တို့ ငွေတွေသုံ့ယူသလိုမြတ်တာပေါ့ဗျာ" ဟု အွန်ဒိုလိုအမည်ခံကုန်သည်က ပြန်ပြောသည်။ "ထုံးစံအတိုင်းဆိုရင် ရေနံလက်ခံရယူပြီး ရက်ပေါင်းသုံးဆယ်အတွင်း ငွေချေရတာဗျ။ ဒီသဘောတူချက်မှာတော့ ရေနံလက်ခံရယူပြီး တစ်နှစ်နေမှ ငွေချေရမှာလေ။ နောက်ပြီး နောက်ကျကြေးအတိုးလည်း မပေးရဘူးလေ"

ရစ်ချ်၏ကုမ္ပဏီအတွက်တော့ ခဲတစ်လုံးတည်းဖြင့် ငှက်နှစ်ကောင်ကို ပစ်လိုက်ခြင်းပင်။ သူတို့သည် ရေနံစိမ်းကို အိုပက်ဈေးနှုန်းဖြင့် ရလိုက်သည်။ အိုပက်ဈေးနှုန်းသည် အပြင်ပေါက်ဈေးထက်လျော့နည်းစမြဲဖြစ်သည်။ နောက်ပြီး ငွေပေးချေမှုတွင် ထုံးစံအတိုင်းမဟုတ်ဘဲ တစ်နှစ်ကြာမှ ပေးချေခွင့်ရခြင်း။ ရစ်ချ်တို့က ရေနံထွက်ပစ္စည်း နည်းနည်းပါးပါးသိုပဲ ဘူရွန်ဒီသို့ ပို့ပေးသည်။ ကျန်ရေနံများကို ဈေးကွက်တွင် ကြိုက်ရောင်းကြိုက်ဝယ်ဈေးနှုန်းဖြင့် ရောင်းချသည်။

"ကျွန်တော်တို့က ဘူရွန်ဒီမှ ရေနံတွေလိုချင်တယ်။ ဘူရွန်ဒီက ငွေလိုချင်တယ်။ ကျွန်တော်တို့နှစ်ဦးစလုံး အကြီးအကျယ်မြတ်ကြတာပေါ့ဗျာ" ဟု ရစ်ချ်ကပြောသည်။ "စီးပွားရေးကို ဘယ်လိုအောင်အောင်မြင်မြင်လုပ်ရတယ်ဆိုတာ အာဖရိကန်တွေ သိသွားတာပေါ့"

■

## အင်ဂိုလာမှ မထော်မနမ်းဖြစ်ရပ်များ

အနောက်တောင်ဒေသမှ ရေနံသယံဇာတ ချမ်းသာကြွယ်ဝသော အင်ဂိုလာနိုင်ငံသည် ကမ္ဘာတွင် စစ်အေးတိုက်ပွဲ စတင်ဖြစ်ပွား ရာဒေသ ဖြစ်ခဲ့သည်။ ၁၉၇၅ ခုနှစ်၊ ပေါ်တူဂီလက်အောက်မှ လွတ် မြောက်ပြီးစကာလတွင် အင်ဂါလတွင် အကြမ်းတမ်းအရက်စက်ဆုံး ပြည်တွင်းစစ် စတင်ဖြစ်ပွားတော့၏။ ယင်းပြည်တွင်းစစ်သည် နှစ်ဆယ့်ခုနစ်နှစ်ကြာမျှ သက်ဆိုးရှည်ခဲ့သည်။ အင်ဂိုလာသည် အနောက်တိုင်းမှအရင်းရှင်များနှင့် အရှေ့တိုင်းမှ ကွန်မြူနစ်များအား ပြိုင်ရာဌာန ဖြစ်လာသည်။ အင်ဂိုလာလွတ်မြောက်ရေးလှုပ်ရှားမှုပေါ် ပြူလာအဖွဲ့ (အမ်ပီအယ်လ်အေ)က လွတ်လပ်ရေးရပြီးတွင် တိုင်း ပြည်အာဏာကို ဆုပ်ကိုင်နိုင်ခဲ့သည်။ သူတို့အစိုးရအဖွဲ့ကို ဆိုဗီယက်နှင့် ကျူးဘားက ဘဏ္ဍာရေးအထောက်အကူ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။ ကွန်မြူနစ်အစိုးရ၏ရန်သူ အင်ဂိုလာအကြွင်းမဲ့လွတ်မြောက်ရေးအမျိုးသားတပ် ပေါင်းစု(ယူနီတာ)ကို အမေရိကန် တောင်အာဖရိကက ငွေကြေးအရရော သဘောတရားရေးအရပါ အထောက်အကူပေးထားသည်။

အင်ဂိုလာတွင် အမေရိကန်ပိုင်ဂါ့ဖ်ရေနံ (Gulf Oil) ကုမ္ပဏီက ရေနံတူးဖော်ထုတ်လုပ်နေခဲ့သည်မှာ ၁၉၆ ခုနှစ်ကတည်းက။ ကွန်မြူနစ်များ အာဏာရလာသောအခါ နိုင်ငံခြားရေနံကုမ္ပဏီအများစုသည် တိုင်းပြည်ကို စွန့်ခွာ ကျာခိုင်းသွားကြ၏။ ထိုသို့ကျောခိုင်းရာ၌ သူတို့၏အတတ်ပညာရှင်များကို တစ်ပါတည်းခေါ်သွားကြ၏။ မည်သို့ဖြစ် ရေနံတူးဖော်ရေးလက်နက်ကိရိယာအားလုံးကို အစိုးရက ပြည်သူပိုင်သိမ်းပစ်သည်။ ထိုအထဲတွင် ဂါ့ဖ်ရေနံကုမ္ပဏီမပါ ဂါ့ဖ်ရေနံက အမ်ပီအယ်လ်အေအစိုးရကို အသိအမှတ်ပြုပြီး ကွန်မြူနစ်များနှင့်လက်တွဲပြီး ရေနံဆက်တူးသည်။ သည်တော့ ကွန်မြူနစ်အစိုးရသည် ဂါ့ဖ်ရေနံကုမ္ပဏီပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက် ဖို့တာဝန်ယူရတော့၏။ တစ်ဖက်တွင် သူပုန်ထနေသည့် ယူနီတာသူပုန်များကလည်း ကွန်မြူနစ်အစိုးရအားထားနေသည့်ကုမ္ပဏီများကို ပျက်အောင်ဖျက် ကြိုးစားသည်။ ထိုအထဲတွင် ဂါ့ဖ်ရေနံလည်းတစ်ခုအပါအဝင်။

သည်တော့ ကွန်မြူနစ်အစိုးရကို အကာအကွယ်ပေးဖို့ ကျူးဘားမှလွှတ်ပေးထားသည့် လက်ဝဲတပ်ဖွဲ့များသည် ယူနီတာသူပုန်တပ်ဖွဲ့များကို တိုက်ခိုက်ရတော့၏။ ထိုနည်းတူစွာပင် ယူနီတာက ပစ်မှတ်ထားတိုက်ခိုက်နေသော ဂါ့ဖ်ကုမ္ပဏီ ပိုင်ပစ္စည်းများကိုလည်း စောင့်ရှောက်ထိန်းသိမ်းရတော့၏။

ကွန်မြူနစ်အစိုးရသည် ၁၉၇၆ ခုနှစ်တွင် နိုင်ငံပိုင်ဆိုနန်ဂေါ်ရေနံကုမ္ပဏီကို တည်ထောင်ဖွဲ့စည်းခဲ့သည်။ ဆိုနန်ဂေါ် သည် ရေနံထုတ်လုပ်ရေးရော ဖြန့်ဖြူးရေးပါ တာဝန်ယူထားသည်။ သို့သော် သူတို့ကုမ္ပဏီတွင် လေ့ကျင့်သင်ကြားထား သည့် ကျွမ်းကျင်သူများမရှိ။ ကျွမ်းကျင်သူအားလုံး တိုင်းပြည်ကို စွန့်ခွာသွားသည်မှာ ကြာပြီ။ ထိုအခါ အင်ဂိုလာအစိုးရ သည် လွတ်လပ်သော ဘက်မလိုက်သော ကျွမ်းကျင်သူများကို ရှာရတော့၏။ ထိုကဲ့သို့သောလူမျိုးကို ဓပ်မြို့တွင် သူတို့တွေ့သွားသည်။

"ကျွန်တော်တို့ဟာ အင်ဂိုလာရဲ့ အထူးကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးရတာ အချိန်အကြာကြီးပဲဗျ" ဟု ရစ်ချ်က ကျွန်တော့်ကို ပြောပြသည်။ အင်ဂိုလာနှင့် မာ့ခ်ရစ်ချ်တို့ ဖက်စပ်လုပ်ငန်းလုပ်ခဲ့ကြသည်မှာ ယနေ့တိုင် လျှို့ဝှက် ချက်ဖြစ်ခဲ့သည်။ ဘာပဲဖြစ်ဖြစ် ဤလုပ်ဆောင်ချက်သည်လည်း သူလည်းနိုင်ကိုယ်လည်းနိုင်အနေအထား ဖြစ်ခဲ့သည်။

"အင်ဂိုလန်လူမျိုးတွေက ကမ္ဘာ့ရေနံဈေးကွက်ကို တိုးဝင်ပြီး အတွေ့အကြုံရယူချင်တယ်" ဟု ရစ်ချ်က ပြောသည်။ သူကတော့ ငွေရဖို့ကလွဲပြီး တခြားဘာမျှ မလိုချင်။ သည်တော့ ရစ်ချ်၏လက်သုံးဆောင်ပုဒ် "*သင်က တန်ဖိုးတစ်ခု ပေးတယ်။ နောက်ပြီး သင်က တန်ဖိုးတစ်ခုလက်ခံရယူတယ်*" သည် အသက်ဝင်နေပြန်တော့၏။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ဖက်စပ်လုပ်ငန်းကြောင့် လူတိုင်း မအီမလည်ဖြစ်ရသည့်ကိစ္စများလည်း ဖြစ်ပေါ်ခဲ့သည်။ အင်ဂိုလာတွင် ကမ္ဘာ့ရေနံ၏ အောင်မြင်မှုများကိုအားကျသည့် အက်ဆွန် (Exxon) ရေနံကုမ္ပဏီက သူတို့လည်း အာဖရိကရေနံရောင်းဝယ်ရေး လောကတွင် ခြေချလိုသည်။ သို့ဖြင့် အက်ဆွန်မန်နေဂျာများသည် ဆိုနန်ဂေါကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးဖို့ ရက်ချိန်းသတ်မှတ်သည်။ သူတို့သည် ဆိုနန်ဂေါကုမ္ပဏီသည် ရစ်ချ်တို့နှင့် ဖက်စပ်အလုပ်လုပ်နေကြောင်းသိမထား။ အက်ဆွန်ကိုယ်စားလှယ်များသည် ဆိုနန်ဂေါကိုယ်စားလှယ်များရောက်အလာကို အစည်းအဝေးခန်းမထဲမှ ထိုင်စောင့်နေကြသည်။ အချိန်တန်သောအခါ အစည်းအဝေးခန်းမထဲသို့ဝင်လာသူမှာ ပင်ကီဂရင်းဖြစ်နေသည်။ ပင်ကီက သူတို့ကို တရင်းနှီးနှုတ်ဆက်လိုက်သည်။ "ဟော့လူတွေ… နေကောင်းကြရဲ့လား" ဟု။

ရစ်ချ်က အင်ဂိုလာနိုင်ငံကို အပြည်ပြည်ဆိုင်ရာဘဏ်များနှင့်လည်း ဆက်သွယ်ပေးခဲ့၏။ ထိုသို့ အပြည်ပြည်ဆိုင်ရာဘဏ်များနှင့် အဆက်အသွယ်မရှိလျှင် ကွန်မြူနစ်နိုင်ငံအင်ဂိုလာသည် ဘယ်နည်းနှင့်မျှ ရေနံရောင်းဝယ်ရေးလောကထဲ ထိုးဝင်နိုင်မည်မဟုတ်။

"ခင်ဗျား အာဖရိကကိုသွားရင် ခင်ဗျားရဲ့အောင်မြင်မှုဟာ ခင်ဗျားပေးတဲ့ဈေးနှုန်းပေါ်မှာသာ မူမတည်ဘဲ ခင်ဗျား ဆောက်သည်ရဲ့ ငွေကြေးပြဿနာတွေကိုလည်း ဖြေရှင်းပေးနိုင်တဲ့အပေါ်မှာလည်း မူတည်တယ်ဗျ။ ခင်ဗျား ငွေကြေးပြဿနာတွေကို ဖြေရှင်းပေးနိုင်ရင် ခင်ဗျားပြိုင်ဘက်တွေအပေါ် အနိုင်ရပြီသာမှတ်။ ဒါဆို ခင်ဗျား ဘုရင်ဖြစ်ပြီသာမှတ်"

ဤကား လူသုံးကုန်ပစ္စည်းရောင်းဝယ်ရေးလောကတွင် ဆရာတစ်ဆူဟုခေါ်လောက်သည့် ကျွမ်းကျင်ကုန်သည်တစ်ဦးက ရှင်းပြသည့်စကား။

မာ့ခ်ရစ်ချ်၏ကုမ္ပဏီနှင့် ဆိုနန်ဂေါတို့ ဖက်စပ်လုပ်ငန်းသည် ၁၉၈၃ ခုနှစ်အထိ သက်တမ်းရှည်ခဲ့သည်။ ထိုအချိန်တွင် အင်ဂိုလန်များသည် အတွေ့အကြုံရသင့်သလောက်ရပြီး ရစ်ချ်၏ကုမ္ပဏီက ဖြည့်ဆည်းပေးခဲ့သည့်လုပ်ငန်းများကို လွှဲပြောင်းလုပ်ကိုင်နိုင်လောက်အောင် ကျွမ်းကျင်လာပြီ။ ထို့ကြောင့် ရစ်ချ်ကုမ္ပဏီ၏ ရှယ်ယာများကို လွှဲပြောင်းရယူပြီး အင်ဂိုလာကို အာဖရိကတွင် ဒုတိယရေနံအထွက်ဆုံးနိုင်ငံဖြစ်အောင် ထူထောင်နိုင်ခဲ့ကြသည်။

"ဈေးကွက်အကြောင်း သူတို့နကန်းတစ်လုံးတောင် သိတာမဟုတ်ဘူး။ ဒီတော့ သူတို့ကိုကကြီးကစပြီး သင်ပေးခဲ့တာလေ။ နောက်တော့ ဈေးကွက်ထဲမှာ ကျွန်တော်တို့လှုပ်ရှားသလို သူတို့လည်း လိုက်လှုပ်ရှားနိုင်လာပါတယ်" ရစ်ချ်၏ ဒါရိုက်တာတစ်ဦးက ပြောပြပါသည်။

"အသိပညာရဲ့ အဓိကသော့ချက်ဟာ ဘာလဲဆိုတော့ သူတို့ကိုသင်ပေးခဲ့တာ ကျွန်တော်တို့ဗျ"

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

## ကယ်တင်ရှင်ကြီး ရစ်ချ်

ဖပ်မြို့ မာ့ခ်ရစ်ချ်ကုမ္ပဏီရှိ ဂျမေကာဌာနမှ အမှုထမ်းအားလုံး တုန်လှုပ်ခြောက်ခြားနေကြသည်။ ထိုနေ့ကား ၁၉၈၉ခုနှစ်၊ ဖေဖော်ဝါရီလ(၁၀)ရက်။ ထိုနေ့က လူအများ ကြည်ညိုလေးစားလောက်သော ရုပ်ရည်ရှိသည်။ နိုင်ငံရေး သမားဖြစ်သူ မိုက်ကယ်မန်လေကို ဂျမေကာနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်လိုက်ကြသည်။ မန်လေ၏ ဆိုရှယ်လစ်ပါတီသည် ရွေးကောက်ပွဲ မဲအပြတ်အသတ်ဖြင့် နိုင်သွားသည်ဖြစ်ရာ ရစ်ချ်၏အမှုထမ်းများသည် အဆိုး ဆုံးအခြေအနေကို ရင်ဆိုင်ဖို့ပြင်ဆင်ထားကြ၏။

"မန်လေရဲ့ လူတွေက ကျွန်တော်တို့ကို ခေါ်ပြီး ဆွစ်ဇာလန်မှာနေပြီး ဂျမေကာကို ဘယ်တော့မှ ပြန်မလာကြနဲ့ ပြောမှာကို ကျွန်တော်တို့စောင့်နေကြတာပေါ့"

ထိုစဉ်က မိမိ၏နောင်ရေးကို တွေးပြီး စိုးရိမ်ပူပန်နေခဲ့သည့် ကုန်သည်တစ်ဦးက ဖွင့်ဟဝန်ခံသည်။ ထိုစဉ်တုန်း မိုက်ကယ်မန်လေသည် ဥရောပကွန်မြူနစ်များ၏ သူရဲကောင်းဖြစ်နေသည်။ အရင်းရှင်စနစ်ကို ဆန့်ကျင်သောသူတို့ အမေရိကပြည်ထောင်စု ကို ဆန့်ကျင်သည်။ ကွန်မြူနစ်ကျူးဘားကို စံထားထိုက်သောနိုင်ငံအဖြစ် လေးစားအားကျသည်။ ထို့ကြောင့် မာ့ခ်ရစ်ချ်နှင့် ပူးပေါင်းအလုပ်လုပ်နေသည့် ဂျမေကာကို ပြင်းပြင်းထန်ထန်ဝေဖန်သူများထဲတွင် မိုက်ကယ်မန် က ထိပ်ဆုံးမှပါဝင်သည်။

ရစ်ချ်၏ကုမ္ပဏီသည် ရေနံရောင်းဝယ်ရေးလောကတွင် နာမည်ကြီးသော်လည်း တကယ်တမ်းတွင် လူသုံး ပစ္စည်းများဖြစ်သည့် အလူမီနီယံမှသည် သွပ်အထိ ရောင်းဝယ်ဖောက်ကားခဲ့သည်။ ဘောက်ဆိုက် (Bauxide)ဟုခေါ်သ အလူမီနမ် အောက်ဆိုက် ရောင်းဝယ်ရာမှရသည့် အမြတ်သည် သူတို့ဝင်ငွေ၏ လေးပုံတစ်ပုံရှိသည်။ ရစ်ချ်၏ကုမ္ပ ကလာရင်ဒန် (Clarendon)သည် ဂျမေကာနှင့်တိုက်ရိုက်ဆက်ဆံပြီး စီးပွားရေးလုပ်ခဲ့သည်။ မန်လေ၏ပြည် အမျိုးသားပါတီသည် ရစ်ချ်နှင့်ချုပ်ဆိုထားသည့် သဘောတူစာချုပ်အားလုံးကို ရုပ်သိမ်းပစ်မည်ဟု ကြွေးကြော်ထားသ နောက်ပြီး အစိုးရနှင့် ချုပ်ဆိုထားသည့် သဘောတူစာချုပ်အားလုံးကို ပြန်လည်ဆန်းစစ်မည်ဟု ဟစ်ကြွေးထားသ ပါတီအစည်းအဝေးများတွင်ပင် လက်နှစ်ဖက်တွင် သွေးအလူးလူးဖြစ်နေသည့် မာ့ခ်ရစ်ချ်၏ပုံများကို ကိုင်ဆောင်ဆန္ဒ ကြသည်။ သူ့ကို ခေါင်းပုံဖြတ် ကုပ်သွေးစုပ်သူဟု စွပ်စွဲပြီး "နိုင်ငံခြားကပ်ပါးကောင်"ဟူ၍ ကင်ပွန်းတပ်ကြသ

သို့သော် ဂျမေကာပါလီမန်တွင် ဝန်ကြီးချုပ်လေ ပထမဦးဆုံးအကြိမ် မိန့်ခွန်းပြောသောအခါ ရစ်ချ်အား ဝေဖန်သူတွေ စိတ်ပျက်လက်ပျက် ဖြစ်သွားကြသည်။ သူသည် မာ့ခ်ရစ်ချ်အရေးနှင့်ပတ်သက်၍ အမှားလုပ်ခဲ့ပါသည်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အတ်ဂျက်အစည်းအဝေးတွင် မန်လေဝန်ခံခဲ့သည်။ မန်လေတစ်ယောက် အဘယ်ကြောင့် အပြောတစ်မျိုးအလုပ်တစ်မျိုး လုပ်ခဲ့ပါသလဲ။

အရှင်းဆုံးအဖြေကို ရစ်ချ်အတွက် အလုပ်လုပ်ပေးနေသည့် ဘဏ်အရာရှိတစ်ဦးက ဖြေသွားသည်။ "မာ့ခ်ရစ်ချ် က ဂျမေကာကို ကယ်တင်ခဲ့တယ်။ ဂျမေကာကို သူက အာမခံပေးလိုက်တယ်လေ"

ထိုအချိန် ၁၉၈၉ခုနှစ် နွေဦးကာလတွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) မှ အရာရှိများ ဂျမေကာ ကင်စတင်မြို့သို့ ရောက်လာသည်။ ဂျမေကာအစိုးရ၏ စာရင်းဇယားများအား စစ်ဆေးရန်။ စာရင်းများကို သူတို့စိတ်တိုင်းကျ ရေးဆွဲထားနိုင်ပါမှ အိုင်အမ်အက်ဖ်က ဂျမေကာသို့ ဆက်လက် ငွေချေးရေးကို စဉ်းစားမည်။ ဆေးစွဲသူ တစ်ဦး မူးယစ်ဆေးမရလျှင် မနေနိုင်သည့်အတိုင်း ဂျမေကာသည်လည်း နိုင်ငံခြားချေးငွေများပေါ် မှီခိုအသက်ရှင် နေခဲ့ရသည်မှာ ကြာပြီ။ ဂျမေကာသည် ကြွေးထဲ နစ်နေသည်။ သူ့စာရင်းများတွင် အနီရောင်တွေ လွှမ်းနေသည်။ ထိုအချိန်မှာပင် ဂျမေကာဒေါ်လာကလည်း တဖြည်းဖြည်း တန်ဖိုးလျော့ကျလာနေသည်။

အိုင်အမ်အက်ဖ်က ချေးငွေရပ်ဆိုင်းမှာကို အကြီးအကျယ် ကြောက်လန့်နေရချိန်တွင် နောက်တစ်မှု ထပ်တိုးပြန်သည်။ အိုင်အမ်အက်ဖ်က သတ်မှတ်ထားသော အနိမ့်ဆုံးအရန်ငွေပမာဏ သူတို့ဆီမှာ မရှိ။ အနိမ့်ဆုံးအရန်ငွေအဖြစ် ငွေမာဒေါ်လာ (၄၅)သန်းရှိနေရမည်ဟု အိုင်အမ်အက်ဖ်က သတ်မှတ်ထားသည်။ ယခု အစိုးရသစ်တွင် ယင်းငွေပမာဏမရှိ။ မပြနိုင်။ သို့ဆိုလျှင် အိုင်အမ်အက်ဖ်က သူတို့ကို ငွေဆက်ချေးတော့မည်မဟုတ်။ သို့ဆိုလျှင် ဂျမေကာစီးပွားရေး ယိုင်နဲ့ပြိုကွဲတော့မည်။ ဝိုင်း ဝိုင်းလည်နေသည့် အကြွေးများကို ဘယ်နည်းနှင့်မျှ ဆပ်နိုင်မည်မဟုတ်တော့။

နောက်ဆုံးတော့ ချွတ်ခြုံကျ ဆိုရှယ်လစ်တွေ အရိုးများသောချေးခါးသော ကြေးများမနေနိုင်တော့။ ဟိတ်တစ်လုံး ဟန်တစ်လုံးလည်း မော်ကြွားမနေနိုင်တော့။ ဝန်ကြီးချုပ်မန်လေသည် ကလာရင်ဒန်ကုမ္ပဏီမန်နေဂျာများနှင့် စကားပြောရ တော့သည်။ ကလာရင်ဒန်က ချေးငွေထုတ်ပေးပြီး ဂျမေကာကို ကယ်တင်နိုင်မည်လားဟု စူးစမ်းသည်။ သတ်မှတ်ထား သည့် အရန်ငွေပြဖို့ သက်ဆိုင်ရာနိုင်ငံများသည် ချေးငွေဖြင့် မပြရဟု အိုင်အမ်အက်ဖ်က စည်းကမ်းထုတ်ထားသည်။ သည်တော့ ကလာရင်ဒန်က ဂျမေကာကိုချေးပါသည်ဟု သာမန်ဖော်ပြလို့မရ။ သည်တော့ ချေးငွေကို တစ်နည်းနည်း ဖြင့် ကြံဖန်ပြရတော့မည်။

သို့ဖြင့် ဂျမေကာအစိုးရ အသည်းအသန်လိုနေသော ဒေါ်လာ(၄၅)သန်းကို ကလာရင်ဒန်က ထုတ်ပေးလိုက်သည်။ ချေးငွေအနေဖြင့်တော့မဟုတ်။ ဂျမေကာက ထုတ်လုပ်သည့် အလူမီနမ်အောက်ဆိုက်များ ရောင်းချဖို့အတွက် ကြိုတင်ငွေထုတ် ပေးခြင်းဟု စာရင်းပြလိုက်သည်။ သည်နည်းဖြင့် ဂျမေကာကို ကယ်တင်လိုက်သည်။ အိုင်အမ်အက်ဖ်အရာရှိများက

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အစိုးရ၏စာရင်းများကို လက်သင့်ခံပြီး ချေးငွေများ ဆက်လက်ထုတ်ပေးဖို့ ထောက်ခံလိုက်လေသည်။

ထိုအခါ မန်လေကို ရစ်ချ်က ဝယ်ယူလိုက်ပြီး ဂျမေကာကို ရစ်ချ်က ဓားစာခံအဖြစ်ဖမ်းထားသည်ဟု ဝေဖန်သူများက ဝိုင်းဝေဖန်သည်။ သို့သော် အဖြစ်မှန်မှာ ထိုအချိန်တုန်းက ဂျမေကာအား တစ်ပြားတစ်ချပ်မျှ ငွေကြေးချေးငှားမည့်သူမရှိ။ ထိုအချိန်တွင် ဂျမေကာတင်နေသည့် အကြွေးငွေပမာဏမှာ ဒေါ်လာ(၄)ဘီလျံကျော်သည်။

"အဲဒီလို အကြွေးတွေ လည်ပင်းရောက်နေတဲ့နိုင်ငံမျိုးကို တခြားဘယ်ကုမ္ပဏီကမှ ငွေချေးမှာမဟုတ်ဘူး" ထိုအရေးအခင်းတွင် အရေးပါသည့်ကဏ္ဍမှ ပါဝင်ခဲ့သည့်ဝန်ထမ်းတစ်ဦးက ပြောသည်။ ဒါပေမယ့် ကျွန်တော်တို့နဲ့တွဲပြီး စီးပွားရေးလုပ်ခဲ့သူတွေ အရှက်တကွဲအကျိုးနည်းဖြစ်တာမျိုးကို ကျွန်တော်တို့ ထိုင်ကြည့်မနေပါဘူး"

တကယ်တမ်းပြောရလျှင် သူတို့သည် ဂျမေကာအား ကုသိုလ်ဖြစ်အလှူဒါနပြုနေခြင်းမဟုတ်။ "ကျွန်တော်တို့အတွက်ကတော့ အနေအထားတိုင်းဟာ အခွင့်အလမ်းတစ်ခုပဲ။ ကျွန်တော်တို့က ဒီနေ့ရင်း ဒီနေ့မြတ်တဲ့ငွေမျိုးလိုက်ရှာနေတာ မဟုတ်ဘူး။ ကျွန်တော်တို့က ရေရှည်ပေါင်းသင်းဆက်ဆံရေးနဲ့ ရေရှည်ရတဲ့အမြတ်ကို ရှာဖွေတာပါ"

ဈေးကွက်တစ်ခုထဲ ထိုးဖောက်ဝင်ရောက်ဖို့ သို့မဟုတ် ဈေးကွက်သစ်တစ်ခု ဖန်တီးတော့မည်ဆိုလျှင် ရစ်ချ်၏ ကုမ္ပဏီများသည် သိုးကာသီကာ အမြတ်များကို လက်ခံသည်။ နောက်ပြီး ယာယီအရှုံးပေါ်လျှင်လည်း လက်ခံဖို့ဝန်မလေး။

အိုင်အမ်အက်ဖ်အရေးအခင်းမပေါ်မီ လေးနှစ်ခန့်တုန်းကလည်း ဂျမေကာကို ဒုက္ခတွင်းထဲမှ ရစ်ချ်ဆယ်တင်ခဲ့သည်။ ထိုအချိန် ၁၉၈၅ တွင် အလူမီနမ်ဈေးတွေ ထိုးစိုက်ကျကုန်သည်။ သည်လောက်ဈေးကျခြင်းမျိုးတစ်သက်နှင့် တစ်ကိုယ် ကြုံဖူးခြင်းမရှိ။ ထိုအခါ ဂျမေကာတွင် အလူမီနမ်အောက်ဆိုက်စက်ရုံထောင်ထားသည့် အမေရိကန်လူမျိုးအယ်လ်ကိုအာက သူ့စက်ရုံကိုပိတ်ပြီး ပြည်တော်ပြန်ဖို့ ဆုံးဖြတ်ခဲ့သည်။ ထိုအခါ ဂျမေကာမျက်ဖြူဆိုက်တော့၏။ ဂျမေကာသည် ခရီးသွား လုပ်ငန်းနှင့် အလူမီနမ်အောက်ဆိုက်မှရသည့် ငွေကြေးကို အားထားနေရသည့်နိုင်ငံမဟုတ်လား။

ဤကား ရစ်ချ်အတွက် ရွှေအခွင့်အလမ်းပင်ဖြစ်တော့၏။ သူ့လူများက ဝန်ကြီးချုပ်အက်ဒဝပ်ဆီဂါထံ ချဉ်းကပ်သည်။ သူ့အနေဖြင့် အယ်လ်ကိုအာကအား စက်ရုံကို ပိတ်မပစ်ဘဲ သည်အတိုင်းထားခဲ့ဖို့ မေတ္တာရပ်ခံရန်တိုက်တွန်းသည်။ အယ်လ်ကိုအာသဘောတူလိမ့်မည်ဆိုတာ သူတို့ တွက်ထားကြသည်။ စက်ရုံတစ်ရုံ ပိတ်ပစ်ဖို့ဆိုသည်မှာလည်း ငွေကုန်ကြေးကျများဦးမည်မဟုတ်လား။ အယ်လ်ကိုအာက စက်ရုံကို ထားခဲ့ဖို့သဘောတူလျှင် စက်ရုံမှထွက်သည့် ပစ္စည်းများကို ဆယ်နှစ်တိုင်တိုင် ပုံသေဈေးနှုန်းဖြင့် သူတို့ဝယ်မည်ဖြစ်ကြောင်း ကတိပြုသည်။ ဂျမေကာဘက်က ဆောင်ရွက်ရမည်မှာ ထုတ်လုပ်မှုနှုန်းကို ဆက်ထိန်းထားဖို့သာဖြစ်၏။ မာ့ခ်ရစ်ချ်ကုမ္ပဏီဖြစ်သော ကလာရင်ဒန်က ဂျမေကာအား ဈေးနှုန်း သက်သက်သာသာဖြင့် ရေနံများပင် ထောက်ပံ့ခဲ့သေးသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဆီးဂါး၏ အစိုးရသည် ၁၉၈၆ ခုနှစ် စောစောပိုင်းတွင် ကလာရင်ဒန်ကုမ္ပဏီနှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။ အယ်လ်ကိုအာစက်ရုံမှ နှစ်စဉ်ထွက်သည့် အလူမီနမ်အောက်ဆိုက် ၇၅၀,၀၀၀ မက်ထရစ်တန်ကို ကလာရင်ဒန်ကုမ္ပဏီသို့ ဆယ်နှစ်ရောင်းမည်ဖြစ်ကြောင်း သဘောတူလိုက်သည်။ ထိုစာချုပ်ချုပ်ဆိုပြီး နှစ်နှစ်အကြာတွင် အလူမီနမ်အောက်ဆိုက် ဈေးတွေ မိုးထိထိုးတက်တော့၏။ ရစ်ချ်တို့ဝယ်သည့်ဈေးနှုန်းထက် ခေါက်ချိုးမြင့်တက်သွားလေသည်။

မာ့ခ်ရစ်ချ်ဆိုသူကား အကွက်ကောင်းကို ဘယ်လိုစောင့်ပြီး ဘယ်လိုအရယူရမည်ဆိုတာ သိထားသူပါတကား။

"ဂျမေကန်တွေက ကျွန်တော်တို့ကို အသက်ထက်ဆုံး ကျေးဇူးတင်သွားကြပြီလေ။ ကျွန်တော်တို့က သူတို့ရဲ့ အိတ္တာကို ပြန်ဆယ်ပေးခဲ့တာပဲ။ အယ်လ်ကိုအာစက်ရုံကြီးဟာ ဆက်လည်ပတ်နိုင်ပြီး အမြတ်တွေလည်း ရခဲ့တယ်။ အလုပ်သမားတွေလည်း အလုပ်မပြုတ်တော့ဘူး။ ကျွန်တော်တို့လည်း မြိုးမြိုးမြက်မြက် အမြတ်ရခဲ့တယ်လေ"ဟု ရစ်ချ်က ပြောသည်။

*"တန်ဖိုးတစ်ခုသင်ကပေးလျှင် တန်ဖိုးတစ်ခု သင်ပြန်ရမည်"* ဆို မဟုတ်လား။

■

## တောင်အာဖရိကာ၏ မာယာပရိယာယ်များ

နော်ဝေနိုင်ငံမှ Dagli အမည်ရှိ ရေနံတင်သင်္ဘောကြီးသည် ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက်တွင် အိုဒက်ဆာဆိပ်ကမ်း၌ ဆိုက်ကပ်သည်။ ဆိုဗီယက်နိုင်ငံထွက် ရေနံများတင်သည်။ နံဘေးမှကြည့်လျှင် ဘာမျှ မသင်္ကာဖြစ်စရာမရှိ။ ကုန်သွယ်မှု လုပ်ရိုးလုပ်စဉ် ရေနံသယ်ပို့လုပ်ငန်းတစ်ခုမျှသာ။ သင်္ဘောတင်စာရွက်စာတမ်းများ တွင် ကုန်ပစ္စည်းပို့ဆောင်ပေးရမည့် နေရာဌာနမှာ အီတာလျံဆိပ်ကမ်း ဂျီနိုအာဖြစ်၏။

ဒက်ဂလီရေနံတင်သင်္ဘောကြီးသည် ရေနံများတင်ပြီး အိုဒက်ဆာဆိပ်ကမ်းမှ ထွက်ခွာလာသည်။ ပင်လယ်နက်ကို ဖြတ်သန်းသည်။ နောက် မြေထဲပင်လယ်ထဲသို့ ဝင်လာသောအခါ ဒက်ဂလီသင်္ဘော ရေယာဉ်မှူးထံ တဲလက်စ်တစ်စောင် ဝင်လာသည်။ ခရီးစဉ်ပြောင်းလဲကြောင်း အကြောင်းကြားခြင်း။ တဲလက်စ်၌ပါရှိသော ညွှန်ကြားချက်မှာ ရေယာဉ်ခရီးစဉ်ကို တောင်အာဖရိကရှိ ကိပ်တောင်းသို့ ဦးတည်ခုတ်မောင်းရန်။ ရေဒီယိုဖြင့် ဆက်သွယ်ရာတွင် ဒက်ဂလီအမည်ကို ဆက်မသုံးတော့ဘဲ လျှို့ဝှက်နာမည်အမ်အက်ဖ် ၁ (MF1)ဟု သုံးရန်။ မိမိတင်ဆောင်လာသည့် ကုန်ပစ္စည်းများချပေးရမည့်

www.burmeseclassic.com



ဆိပ်ကမ်းအမည်ကို လုံးဝလျှို့ဝှက်ထားရန်။

နောက်သုံးပတ်အကြာ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် ဒက်ဂလီသင်္ဘောကြီးသည် ကိပ်တောင်းဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်သည်။ သင်္ဘောကြီးသည် ကိုယ်ရောင်ဖျောက် သင်္ဘောကြီးဖြစ်လာသည် သင်္ဘောနာမည်ကို တာပေါ်လင်အစဖြင့် အုပ်ထားသည်။ လွှင့်ထူထားသည့် နော်ဝေအလံကို ဖြုတ်သိမ်းထားသည် သယ်ဆောင်လာသည့် ရေနံများကို ကိပ် တောင်းတွင် လျှို့ဝှက်စွာချပေးခဲ့သည်။ ထို့နောက် ဆိပ်ကမ်းအဝင်မှာတုန်းကလိုပင် ဆိပ်ကမ်းမှ လျှို့ဝှက်စွာ ပြန်လည် ထွက်ခွာသွားတော့၏။

ဤသို့ လျှို့ဝှက်စွာ လှုပ်ရှားရခြင်းမှာ အကြောင်းရှိသည်။ အဆိုပါရေနံများ၏ ပိုင်ရှင်အစစ်အမှန်မှာ မာ့ခ်ရစ်ချ်ဖြစ် သည်။ ဝယ်ယူသူ အစစ်အမှန်မှာ တောင်အာဖရိကနိုင်ငံ။ အဆိုပါရေနံများကို ရောင်းချသူဆိုဗီယက်ယူနီယံက အသား အရောင်ခွဲခြားဆက်ဆံသည့် တောင်အာဖရိကနိုင်ငံအစိုးရကို အသိအမှတ်ပြု။ သံခင်းတမန်ခင်းအဆက်ဖြတ်ထားသည် ၁၉၅၆ ခုနှစ်ကတည်းက ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် ဤအဖြစ်အပျက်မျိုးတွေက ဖြစ်နေကျ။ တွေ့ရကြုံရနေကျ သည့်တစ်ကြိမ်လည်း မာ့ခ်ရစ်ချ်က "ကြားလူ"အဖြစ် ဝင်ရောက် ဆောင်ရွက်ပေးပြန်သည်။ သူသည် အတိမ်းအစောင်း မခံသော ရေနံစိမ်းများကို ဆတ်ဆတ်ထိမခံသောရောင်းသူထံမှ ဝယ်ယူလာပြီး ဆိတ်ဆတ်ထိမခံသော ဝယ်သူများ ပြန်ရောင်းခဲ့သည်။ သူက သံခင်းတမန်ခင်းအရ အသိအမှတ်မပြုသောနိုင်ငံနှစ်နိုင်ငံ အတူတွဲဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ သည်။ တောင်အာဖရိက ရှင်သန်ရပ်တည်ရေးသည် ရစ်ချ်ကဲ့သို့သော "အလယ်လူ"များပေါ်တွင် တည်မှီနေလေသည် အီရန်တွင် တော်လှန်ရေးကြီး ဖြစ်ပေါ်ခဲ့ခြင်းသည် တောင်အာဖရိကအတွက် ကြီးမားသော အကျပ်အတည်းနှင့် ကြုံရ အီရန်ဘွင်တွင် အာဏာရယူလာသည့် မူလာများက ၁၉၇၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တောင်အာဖရိကနှင့် ဆက်ဆံရေးအား ဖြတ်တောက်လိုက်သည်။ အီရန်နိုင်ငံပိုင် ရေနံကုမ္ပဏီက အသားအရောင်ခွဲခြားသည့် တောင်အာဖရိကသို့ ယင်းတို့ ရေနံ တစ်စက်မျှမရောက်စေရဟု တားဆီးပိတ်ပင်ထားသည်။ တော်လှန်ရေးမတိုင်မီ နှစ်ပေါင်းများစွာတုန်းကဆိုလျှင် တောင်အာဖရိကသည် ယင်းတို့၏ ရေနံသုံးစွဲနိုင်အား၏ (၉၀)ရာခိုင်နှုန်းကို အီရန်ထံမှ ဝယ်ယူခဲ့လေသည်။

အသားအရောင်ခွဲခြားအုပ်ချုပ်သော အစိုးရအုပ်ချုပ်သော တောင်အာဖရိကနိုင်ငံသို့ ရေနံရောင်းချလိုသည့်နိုင်ငံ ရှားပါးနေပြီ။ တောင်အာဖရိကကို အာရပ်နိုင်ငံများက သပိတ်မှောက်ထားသည်။ ကုလသမဂ္ဂကလည်း တောင်အာဖရိက ပိုင်းပယ်ထားဖို့ ၁၉၇၇ တွင် ဆုံးဖြတ်ချက်ချခဲ့သည်။ ထို့ကြောင့် ရေနံထွက်နိုင်ငံအများစုသည် တောင်အာဖရိက မဆက်ဆံကြ။ အနိမ့်ဆုံးအားဖြင့် တရားဝင်မဆက်ဆံကြ။ ရေနံကုမ္ပဏီကြီးများကလည်း တောင်အာဖရိကနှင့် မဆက်ဆံကြ

တောင်အာဖရိက ကယ်တင်ရေးတပ်မတော်သည် မာ့ခ်ရစ်ချ်အသွင်ဖြင့် ဝင်ရောက်လာသည်။ ရစ်ချ်၏ကုမ္ပဏီ

the bookhouse
we bring your targets

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိန်နိုင်ငံသားတစ်ဦးဖြစ်သည့် ဖင်တွန်သည် တောင်အာဖရိကအစိုးရနှင့် ထဲထဲဝင်ဝင်သိကျွမ်းသည်။ သူက တောင်အာဖရိက ထွက်ကုန်များဖြစ်သည့် မန်းဂနိစ်နှင့် ခရုမ်းရောင်းဝယ်ရေးကို ၁၉၇၀ ပြည့်နှစ်များနှောင်းပိုင်းတွင် ဦးစီးဦးဆောင်ပြုခဲ့၏။ အီရန်တော်လှန်ရေးဖြစ်ပေါ်ပြီး များမကြာမီမှာပင် တောင်အာဖရိကအစိုးရသည် မင်တွန်နှင့် တိတ်တဆိတ် ဆက်သွယ်ချိုးကပ်တော့၏။ ရေနံမက်ထရစ်တန်ပေါင်းများစွာကို တောင်အာဖရိကသို့ နှစ်ရှည်လများ လျှို့ဝှက်စွာပို့ပေးဖို့ တောင်အာဖရိကအစိုးရနှင့် ရစ်ချ်တို့ စာချုပ်ခဲ့သည်။ သူတို့၏ ဆက်သွယ်မှုကို တတ်စွမ်းသမျှ သိုသိပ်လျှို့ဝှက်ထားရန် နှစ်ဖက်သဘောတူ စာချုပ်ထဲတွင် ဆွစ်နိုင်ငံမှ လူမသိ သူမသိကုမ္ပဏီတစ်ခု၏ အမည်ကို ထည့်ထားသည်။ မင်းအျိုင်းကုမ္ပဏီသည်လည်း ဇပ်မြို့တွင် ရုံးစိုက်သည်။ မင်းအျိုင်းကုမ္ပဏီသည် ရစ်ချ်၏ စီးပွားရေးအင်ပါယာတစ်စိတ်တစ်ပိုင်း ဖြစ်သည်ကို ဘယ်သူမျှ မသိကြချေ။ ဆွစ်ဇာလန်တွင် ရုံးစိုက်သည့်ကုမ္ပဏီအမည်ကို အသုံးပြုခဲ့ခြင်းသည် မာ့ခ်ရစ်ခ်အရွေးမှန်ကြောင်း သက်သေထူသွားပြန်သည်။ ထိုအချိန်တုန်းက ဆွစ်ဇာလန်နိုင်ငံသည် ကြားနေနိုင်ငံ။ နိုင်ငံရေးတိုက်ပွဲများတွင် မည်သည့်နိုင်ငံဘက်ကိုမျှ ဘက်မလိုက်။

တောင်အာဖရိကနိုင်ငံသို့ တစ်နှစ်အတွင်းပို့ပေးရသည့် ရေနံတန်ချိန်ပေါင်း သန်း(၄၀) (ရေနံစည်ပေါင်း သန်း၃၀ခန့်)၏ တန်ဖိုးမှာ ဒေါ်လာ (၂)ဘီလျံနီးပါးရှိသည်။ ထိုသို့ တစ်နှစ်အတွင်းရောင်းရသည့် ရေနံမှရသည့် အမြတ်အစွန်းသည် ဒေါ်လာသန်း (၂၃၀)ဝန်း ကျင်ရှိသည်။

ထိုစဉ်က တောင်အာဖရိကသည် ရန်သူပတ်လည်ဝိုင်းပြီး ကြံရာမရဖြစ်နေသည်။ သည်တော့ ထုံးတမ်းစဉ်လာ မဟုတ်သည့်နည်းများဖြင့် ရေနံဝယ်ရသည့်နည်းကိုပင် ဇွတ်မှိတ်လက်ခံရတော့၏။ ရစ်ချ်တို့ပေးသွင်းသည့် ရေနံပမာဏသည် တောင်အာဖရိက၏ နှစ်စဉ် ရေနံဖြုန်းအား၏ သုံးပုံတစ်ပုံရှိသည်။ တောင်အာဖရိကသို့ ပေးပို့သည့် ရေနံစိမ်းများကို ရစ်ချ်ဘယ်က ဝယ်ယူရရှိပါသလဲ။ ရေနံထွက်သည့် နိုင်ငံအားလုံးဆီကပဲ ဆိုပါစို့။ အဓိကနိုင်ငံများမှာ အီရန်၊ ဆော်ဒီအာရေဗျ ယူအေအီးနှင့် အိုမန်တို့ဖြစ်၏။ ထို့ပြင်မကသေး ဒူဘိုင်း၊ အင်ဂိုလာ၊ နိုင်ဂျီးရီးယား၊ ဘရူနိုင်းနှင့် ဆိုဗီယက်ယူနီယံတို့လည်း ပါသည်။ အဆိုပါနိုင်ငံအားလုံးသည် အသားအရောင်ခွဲခြားအုပ်ချုပ်သည့် တောင်အာဖရိကအစိုးရကို အာပေါင်အာရင်း အန်သန်ဖြင့် ဆန့်ကျင်ကန့်ကွက်နေသူများဖြစ်၏။ မည်သို့ဖြစ်စေ အစ္စလာမ်မစ်အီရန်၊ ကွန်မြူနစ် ဆိုဗီယက်ယူနီယံနှင့် အရင်းရှင် အီကွေဒေါစသည့် နိုင်ငံအားလုံးသည် ငွေမာရမည့်အခွင့်အလမ်းကို ချောင်းနေကြသူများဖြစ်သည်။ သူတို့အားလုံး မာ့ခ်ရစ်ချ်မှတစ်ဆင့် လျှို့ဝှက်သဘောတူစာချုပ်များချုပ်ကြ၏။ ပြီးတော့ အမြတ်ကို သဲ့ယူကြ၏။ အဆိုပါ နိုင်ငံများ နိုင်ငံရေးအရ မားမားရပ်နိုင်အောင်၊ သိက္ခာမကျအောင် သူတို့အားလုံး မာ့ခ်ရစ်ချ်ကိုအသုံးချခဲ့ကြသည်။ ရစ်ချ်သည် ၁၉၇၉ မှသည် ၁၉၉၄ အထိ ယင်းနိုင်ငံများကို အလုပ်အကျွေးပြုပြီး မိမိကိုယ်တိုင်လည်း အမြတ်ငွေ စီးစီးပိုပို့ရအောင်

www.burmeseclassic.com

www.burmeseclassic.com



ကြံဆောင်ခဲ့သည်။

"ကျွန်တော်ပြောတာကို ယုံ။ ကျွန်တော်တို့ တောင်အာဖရိကနဲ့ ဆက်သွယ်အလုပ်လုပ်ခဲ့တဲ့နှစ်တွေအတွင်း ဒေါ်လာ(၂) ဘီလျံအမြတ်ရအောင် လုပ်ဆောင်နိုင်ခဲ့တယ်"

ရစ်ချ်၏လူယုံကုန်သည်တစ်ဦးက ပြောသည်။ ထိုခေတ်ထို အခါတုန်းက (၂)ဘီလျံဆိုသည်မှာ မယုံနိုင်စရာငွေပမာဏ ဖြစ်ပေသည်။ အသားအရောင်ခွဲခြားအုပ်ချုပ်တဲ့ အစိုးရ၊ အာဏာရှင်စနစ်သုံးတဲ့အစိုးရ၊ အကျင့်ပျက် ခြစားမှုတွေ လွှမ်းနေတဲ့ အစိုးရ…။ အဲဒီ အစိုးရတွေထဲက တစ်မျိုးမျိုးနဲ့ တွေ့ကြုံရင်ဆိုင်ရမယ်ဆိုရင် လူတစ်ယောက်ဟာ ဘယ်နည်းဘယ်ပုံ စီးပွားရေးလုပ်ရမလဲ။ ထိုသို့ စီးပွားရေးလုပ်နေသူတစ်ဦးဟာ အဲဒီအစိုးရရဲ့ ရာဇဝတ်ပြစ်မှုများကို မသိကျိုးကျွံပြုပြီး စီးပွားရေးလုပ်ရမလား။ ရစ်ချ်ကော ဘယ်လိုလုပ်ခဲ့ပါသလဲ။

အသားအရောင် ခွဲခြားအုပ်ချုပ်သည့် အစိုးရ သို့မဟုတ် အာဏာရှင်စနစ်သုံးစွဲသည့် အစိုးရ၏ ရာဇဝတ်ပြစ်မှုများကို ရစ်ချ်မတွေ့မဟုတ်။ တွေ့သည်မြင်သည်။ သိသည်။ အဆိုပါပြစ်မှုများကို သူ ဥပေက္ခာပြုမထားခဲ့ပါ။ ကျူးဘားပြည်သူများ က ကွန်မြူနစ်များအား အာဏာအပ်နှင်းလိုက်သည့်အတွက် ရစ်ချ် အံ့ဩတကြီးဖြစ်ရသည်။

နိုင်ဂျီးရီးယားအစိုးရ၏ အကျင့်ပျက်ခြစားမှုကို သူ အော့နှလုံးနာခဲ့၏။ တိုင်းပြည်၏ ရေနံသယံဇာတမှရရှိသည့် အကျိုးအမြတ်များကို နိုင်ဂျီးရီးယား ပြည်သူများ စိုးစိမျှ မခံစားကြရကြောင်းလည်း သူသိသည်။ အသားအရောင်ခွဲခြားသည့်စနစ် ကျင့်သုံးခြင်းသည် အခြေခံအားဖြင့် မှားယွင်းကြောင်း သူယုံသည်။

ထို့အတူ နိုင်ငံရေးသည် စီးပွားရေးလုပ်ခြင်းနှင့် ဘာမျှမပတ်သက်ဟုလည်း သူယုံသည်။ သူသည် အရေးအခင်း ဖြစ်နေသည့် အရပ်ဒေသများသို့သွားပြီး စီးပွားရေးလုပ်ကာ ဝင်ငွေရှာသည်။ ကမ္ဘာ၏ ဘယ်နေရာဘယ်ဒေသမှာမဆို တရားဥပဒေဘောင်အတွင်းက လုပ်ခွင့်ရမည်ဆိုလျှင် သွားရောက် စီးပွားရေးလုပ်ဖို့ သူက အဆင်သင့်ရှိနေသည်။

ထိုသို့ ဘယ်နေရာမှာမဆို သွားရောက်အလုပ်လုပ်ကိုင်ပြီး ဝင်ငွေရှာခြင်းသည် တခြားသူ ဘယ်သူ့ကိုမှ မထိခိုက် ဘူးဆိုလျှင် သင့်မြတ်သည်။ လုပ်သင့်သည်ဟု သူက ခံယူထားသည်။ သူသည် အီရန်နှင့်လည်းကောင်း၊ ကျူးဘားနှင့် လည်းကောင်း ပေါင်းစပ်စီးပွားရေးလုပ်ခဲ့သည့်အတွက် သူ့ကို နိုင်ငံတော်သစ္စာဖောက်ဟု အမေရိကန်များက တံဆိပ်ကပ်ခဲ့ ကြသည်။ တခြားနိုင်ငံများကတော့ ပို၍ လက်တွေ့ကျသော အမြင်ဖြင့် ရှုမြင်ခဲ့ကြသည်။ သူတို့အမြင် မှန်ကန်ကြောင်းကို တောင်အာဖရိကဖြစ်စဉ်က သက်သေပြခဲ့၏။

ရစ်ချ်သည် အသားအရောင်ခွဲခြားသည့် အစိုးရနှင့် တွဲဖက်အလုပ်လုပ်ခဲ့သည်။ ယင်းအစိုးရပြောင်းသွားပြီး ဒီမိုကရေစီအစိုးရ တက်လာသောအခါတွင်လည်း ယင်းအစိုးရနှင့် ဆက်တွဲပြီး အလုပ်လုပ်ခဲ့သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"တောင်အာဖရိကမှာ နောက်တက်လာတဲ့ မင်ဒဲလားအစိုးရနဲ့လည်း ကျွန်တော်တို့ဆက်ပြီး စီးပွားရေးလုပ်ခဲ့တာပဲ။ အဲဒီလို ဆက်ပြီး စီးပွားရေးလုပ်တာ ကျွန်တော်တို့လုပ်နေကျအလုပ်ပဲလေ။ ကျွန်တော်တို့က ရေရှည်ကိုကြည့်သူတွေလေ" ဟု ရစ်ချ်က ပြောခဲ့ပါသည်။

■

the bookhouse
we bring you future
www.burmeseclassic.com

www.burmeseclassic.com


## အခန်း-၁၅
## လက်ဖျားခါရမည့် ဝန်ဆောင်မှုများအစွရေးနှင့် ယူအက်စ်အေကို ရစ်ချ ကူညီခဲ့ပုံ

အစွရေးလူမျိုး ခရီးသွားဧည့်သည် အင်နီတာဂရစ်ဖဲသည် ငါးနှစ်အရွယ်သူမ၏သမီးကလေး၊ တခြားမိတ်ဆွေ ဖနီးမောင်နံ့နှင့် အတူ ၁၉၈၅ ခုနှစ်၊ အောက်တိုဘာ (၅-၆) သီတင်းပတ်ကုန်ရက် များတွင် ဆီနိုင်းကျွန်းဆွယ်၌ အပန်းဖြေနေကြသည်။ စနေနေ့ညနေ (၄း၀၀)နာရီအချိန်တွင် နေဝင်ချိန်ရှုခင်းကို ကြည့်ရှုရန် အပန်းဖြေစခန်း အနီးရှိ သဲသောင်ကုန်းကလေးပေါ်တက်ကြသည်။ ဆီနိုင်းကျွန်းဆွယ် ပေါ်မှ တောင်တန်းကြီးများသည် ယင်းတို့၏ ခရမ်းရောင်အရိပ်ရှည် မျောမျောကြီးများကို ဖြန့်ကြက်ထားသည်။ ညနေ(၄း၂၀)တွင် ခရီး သွားအုပ်စု ရုပ်တရက်တွေ့လိုက်ရသည်မှာ စစ်ဝတ်စုံဝတ်ထားသည့် လူတစ်ဦး သူတို့ထံပြေးလာခြင်း။ ထိုသူကား အီဂျစ်ရဲတပ်ဖွဲ့ဝင် တစ်ဦး။ ထိုသူက သတိပေးခြင်း၊ ဟစ်အော်ခြင်းအလျှင်းမရှိဘဲ ခရီး သွားဧည့်သည်အုပ်စုကို သေနတ်ဖြင့် အရမ်းကာရောပစ်ခတ်တော့၏

ဂရစ်ဖဲက တဝီဝီပျံလာသည့် ကျည်ဆန်များအန္တရာယ်မှ လွတ် မြောက်အောင် သူ့သမီးကလေး တာလီအပေါ်သို့ သူမကိုယ်ကို အုပ် ပြီး မြေကြီးပေါ်လှဲချလိုက်သည်။

"စိတ်အေးအေးထားဖို့ မေမေက သမီးကို တိုးတိုးကလေး ကပ်ပြောတယ်"ဟု တာလီက နောင်တစ်ချိန်တွင် ပြန်ပြောပြသည်။ သူ့ကို သေနတ်မှန်ချိန်မှာ မေမေဟာ ဆတ်ခနဲခါသွားတာ သမီး ခု ထိ ခံစားလို့ရနေတုန်းပဲ"

ထိုနေ့က အသက်ရှင်ကျန်သူမှာ တာလီတစ်ယောက်သာဖြစ် ၏။ သို့သော် တစ်ခုခုကို ထိမှန်ပြီး လွင့်စဉ်လာသည့် ကျည်တစ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com


တောင့်ထိမှန်သဖြင့် သူမသည်လည်း ကျောကုန်းတွင် အကြီးအကျယ် ဒဏ်ရာရသွားသည်။

အားလုံးစာရင်းချုပ်သော် ထိုနေ့က စုစုပေါင်း လူခုနစ်ဦးသေဆုံးသည်။

တကယ်တော့ အစ္စရေးနှင့် အီဂျစ်ဆက်ဆံရေးမှာ ခိုင်ခိုင်မာမာကြီးမဟုတ်သေး။ လွန်ခဲ့သည့် ခြောက်နှစ်၊ ၁၉၇၉ ခုနှစ်၊ မတ်လတုန်းကမှ အီဂျစ်နှင့်အစ္စရေးသည် ကင့်ဒေးဗစ်စခန်းတွင် ငြိမ်းချမ်းရေးသဘောတူစာချုပ် လက်မှတ်ထိုးခဲ့ကြသည်။ ယခုလို အကြမ်းဖက်တိုက်ခိုက်မှုပေါ်လာတော့ နှစ်နိုင်ငံဆက်ဆံရေး ပြန်လည် တင်းမာသွားပြန်တော့၏။

ကွယ်လွန်သူ အစ္စရေးလူမျိုးများ၏ မိသားစုများက အီဂျစ်အစိုးရထံ နစ်နာကြေးတောင်းသည်။ တောင်းခံထားသော နစ်နာကြေးပမာဏမှာ များပြားလွန်းသည်ဆိုပြီး အီဂျစ်အစိုးရက တုံ့ဆိုင်းနေသည်။ စေ့စပ်ညှိနှိုင်းရေးအစည်းအဝေးကို ရပ်ဆိုင်းထားသည်။

အသက်မသေရှင်ကျန်နေသည့် တာလီဂရစ်ဖ်ဖဲသည် အမေရိကန်နိုင်ငံသူဖြစ်နေသည်။ သည်တော့ သည်ကိစ္စတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန မဖြစ်မနေပါဝင်နေပြန်တော့၏။ အမေရိကပြည်ထောင်စုက ဤပြဿနာကို အလျင်အမြန် အဖြေရှာရှင်းပစ်လိုသည်။ ဘာကြောင့်ဆို အစ္စရေးရော အီဂျစ်ပါ အမေရိက၏ မဟာမိတ်များဖြစ်နေသောကြောင့်။ အစ္စရေးကိုရော အီဂျစ်ကိုပါ အမေရိကက ထောက်ပံ့ကူညီခဲ့သည်မှာ ဘီလျံပေါင်းများစွာ။

စေ့စပ်ညှိနှိုင်းမှုများ နှစ်ပေါင်းတော်တော်ကြာကြာ ပြုလုပ်ပြီးမှ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အားထုတ်ကြိုးပမ်းမှု အောင်မြင်သွားသည်။ သို့မဟုတ် အောင်မြင်သွားသည်ဟု အများပြည်သူကထင်ရ၏။ ၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလတွင် ကွယ်လွန်သူများ၏ ဆွေမျိုးများအား နစ်နာကြေးငွေပမာဏတော်တော်များများကိုပေးဖို့ အီဂျစ်အစိုးရက လိုက်လျောသဘောတူခဲ့သည်။

တာလီဂရစ်ဖ်ဖဲ၏ ဆေးကုသစရိတ်များနှင့် အမေရိကတွင် ပညာသင်စရိတ်များကာမိအောင် ရန်ပုံငွေတစ်ရပ် မတည်ထူထောင်ပေးသည်။ ဤဖြေရှင်းချက်ကို လူတိုင်းကျေနပ်သည်။ အစ္စရေးနှင့် အီဂျစ်၏ဆက်ဆံရေးလည်း ပြန်လည်ကောင်းမွန်သွားသည်။ သို့ဖြင့် (၆)ရက်ကြာ စစ်ပွဲတုန်းက အစ္စရေးသိမ်းပိုက်ထားသည့် နယ်စပ်မြို့ကလေးတာဘာကိစ္စကို ဆက်လက်ဆွေးနွေးကြသည်။ နောက်ဆုံး နှစ်ဦးနှစ်ဖက် ကျေနပ်သောအဖြေရသည်။ ၁၉၈၉ ခုနှစ်၊ မတ်လတွင် အီဂျစ်သည်တာ ပိုင်စိုးမှုဘာရက်ကိုယ်တိုင် တာဘာမြို့ကလေးတွင် အီဂျစ်အလံကို ပြန်လည်လွှင့်တင်ခဲ့လေသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## အစ္စရေးနှင့် အီဂျစ်နှစ်နိုင်ငံရင်ကြားစေ့ခြင်း

အီဂျစ်လူမျိုးတွေက နစ်နာကြေးထုတ်ပေးခြင်းနောက်ကွယ်မှ ဖြစ်ရပ်မှန်ဇာတ်လမ်းကို အများပြည်သူက သတိမပြုမိကြချေ။ စင်စစ်တွင်မူ အီဂျစ်နှင့်အစ္စရေး ရင်ကြားစေ့လိုရအောင် ဆောင်ရွက်ပေးခဲ့သူမှာ မှာ့ခ်ရစ်ချ်ဖြစ်၏။

ကံအကြောင်းသင့်ချင်တော့ တာလီဂရစ်ဖဲအရေးကိစ္စကို လိုက်ပါဆောင်ရွက်ပေးဖို့ ရစ်ချ်၏ရှေ့နေ လီယိုနတ်ဂါးမင့်ကို အမေရိကန် နိုင်ငံခြားရေးဌာနက တာဝန်ပေးလိုက်သည်။ အီဂျစ်က နစ်နာကြေးကို သူ့နိုင်ငံ၏အဆင့်နှင့် အညီပေးဖို့ တင်ပြသည်။ သူတို့ပေးသည့် ငွေပမာဏမှာ ကွယ်လွန်သူများ၏ ဆွေမျိုးများအတွက် မစို့မပို့ဖြစ်နေသည်။

အီဂျစ်ဘက်က ပေးသည့် နစ်နာကြေးကို အမေရိကက တိတ်တဆိတ်ဖြည့်ပေးဖို့မဖြစ်နိုင်ရာ ကြားလူတစ်ဦးကို ရှာဖွေရတော့၏။ အမေရိကန်နိုင်ငံခြားရေးဌာနနှင့် ရှေ့နေဂါးမင့်တို့ စဉ်းစားအကြံထုတ်ကြရာ ဖြစ်နိုင်ခြေရှိသူကို နောက်ဆုံး တွေ့ရတော့၏။ ထိုသူကား ပြဿနာများပတ်လည်ဝိုင်းနေသည့် "ပြည်ပြေး"မှာ့ခ်ရစ်ချ်ပါတည်း။

ရစ်ချ်က အစ္စရေးသို့ ရေနံမက်ထရစ်တန်ပေါင်း မြောက်မြားစွာ တင်ပို့နေသူ။ နောက်ပြီး သူက အီဂျစ်နှင့်လည်း စီးပွားရေးတွဲဖက် လုပ်ကိုင်ခဲ့ဖူးသူ။ သည်တော့ အမေရိကန်နိုင်ငံခြားရေးဌာန၏ လိုလားချက်ကို ဂါးမင့်က ပြောပြသောအခါ သူက မဆိုင်းမတွ လက်ခံလိုက်လေသည်။

"တကယ်လို့ လိုအပ်ခဲ့ရင် သူ့ငွေတွေထဲက ဒေါ်လာငါးသိန်းအထိ သုံးစွဲဖို့ ကျွန်တော့်ကို အာဏာလွှဲထားခဲ့တယ်" ဂါးမင့် မှတ်မှတ်ရရ ပြန်ပြောပြသည်။ အီဂျစ်ဘက်က ပေးဖို့ဆုံးဖြတ်ထားသည့် နစ်နာကြေးငွေပမာဏသည် ရစ်ချ်၏ ကိုယ်ပိုင်ငွေထဲမှ ဒေါ်လာလေးသိန်း ပေါင်းထည့်လိုက်သောအခါ မူလရည်မှန်းထားငွေပမာဏထက် နှစ်ဆကျော်ဖြစ်သွား တော့၏။ ထိုသို့ ရစ်ချ်၏အကူအညီဖြင့် ပြဿနာ ဖြေရှင်းခြင်းကို နိုင်ငံခြားရေးဌာနမှ အရာရှိများက လက်ကမ်းကြိုဆိုခဲ့သည်။

"နောက်ဆုံးတော့ သေဆုံးသူများရဲ့ မိသားစုတွေကို ထိုက်ထိုက်တန်တန်တောင်းပန်ပြီး နစ်နာကြေးတွေ ပေး အပ်ခဲ့တယ်။ ဒီဖြေရှင်းချက်ဟာ အီဂျစ်နဲ့အစ္စရေး ရင်ကြားစေ့ရေးမှာ အဓိကသော့ချက်တစ်ခုဖြစ်ခဲ့တာပေါ့ဗျာ"ဟု ဂါးမင့်ကို မှတ်မှတ်ရရ ပြန်ပြောပြလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com


**ချိပ်ပိတ်မှတ်တမ်းမှတ်ရာများ**

အမေရိကန်တရားရေးဌာနက ချိပ်ပိတ်ထားသော မှတ်တမ်းတစ်စောင်ကို နယူးယောက်တောင်ပိုင်းခရိုင်တရားရုံးသို့ ပေးပို့ခဲ့၏။ ယင်းမှတ်တမ်းကို ရစ်ချ်နှင့်ပတ်သက်သည့်ကိုယ်ရေးမှတ်တမ်းဖိုင်တွင် ဖိုင်တွဲထားရမည်။ ရစ်ချ်၏အမှုကို တရားရုံးတွင် စတင်စစ်ဆေးသည့်နေ့တွင်မှ ဤလျှို့ဝှက်မှတ်တမ်းကို ဖွင့်ဖတ်ရမည်ဟု ညွှန်ကြားထားသည်။

အဆိုပါစာသည် အီရန်ပြည် ရာဇဘာကာတွင် ပစ်ခတ်သတ်ဖြတ်မှုနှင့် ပတ်သက်ပြီး ယင်းအရှုပ်အရှင်းကို ရစ်ချ်၏ အကူအညီဖြင့် ဖြေရှင်းခဲ့ကြောင်း မှတ်တမ်းတင်ထားမှာ သေချာသည်။

ထို့နောက် ၁၉၉၄ ခုနှစ်၊ မတ်လ(၁)ရက်နေ့တွင် နယူးယောက် တောင်ပိုင်းခရိုင်တရားရုံးသို့ ဒုတိယစာတစ်စောင် ရောက်လာပြန်သည်။ သည်တစ်ကြိမ်တော့ အမေရိကန်ငွေရှင်ကြီး တွမ်ဂျေဘီလ်မင် (Tom.J.Billman)နှင့် ပတ်သက်သည်။ ဘီလ်မင်သည် ဒေါ်လာ သန်းပေါင်းများစွာကို အလွဲသုံးစားလုပ်ပြီး တိုင်းပြည်မှ ထွက်ပြေးတိမ်းရှောင်နေသူဖြစ်၏။ သူသည် ဥရောပတစ်နေရာရာ ဖြစ်နိုင်ခြေ အများဆုံးမှာ ဆွစ်ဇာလန်တွင် ခိုအောင်းနေလိမ့်မည်ဟု အစိုးရရှေ့နေများက ယူဆထား၏။ ထို့ကြောင့် ရစ်ချ်၏ ရှေ့နေများထံ ချဉ်းကပ်ကာ ရစ်ချ်အနေဖြင့် ဘီလ်မင်နှင့်ပတ်သက်သည့် သတင်းအစအန များ ပေးနိုင်မလားဟု တီးခေါက်ကြည့်ကြသည်။ ထိုအခါ ကူညီမည်ဖြစ်ကြောင်း ရစ်ချ်က ကတိပြုသည်။ ပြီးတော့ ဤကိစ္စအတွက် ဆက်လက်ဆောင်ရွက်ရန် သူ့လုံခြုံရေးအရာရှိ အက်ဗ်နာအဗ္ဗလေးအား တာဝန်ပေးလိုက်၏။

"အဲဒီတရားခံပြေးကို ရှာတွေ့ဖို့ ကျွန်တော်တို့ အများကြီး ကူညီခဲ့တယ်။ ကျွန်တော်တို့ဘက်ကလည်း အကြီးအကျယ် အားထုတ်ခဲ့တယ်။ အဲဒီစစ်ဆင်ရေးအတွက် အသုံးစရိတ်ကို ရစ်ချ်က အကုန်အကျခံခဲ့တယ်။ သူဟာ ဒေါ်လာ(၁)သန်း လောက်ပျော့အထိ သုံးခဲ့တယ်ဗျို့"ဟု အဗ္ဗလေးက ပြန်ပြောပြသည်။

နောက်ဆုံးတော့ ဘီလ်မင်ကို ဖမ်းမိသွားသည်။ အသိမိတ်ဆွေတစ်ဦးက ပြင်သစ်ပြည်၊ ပါရီမြို့တွင် သူ့ကို ထင်မှတ်မထားဘဲတွေ့ပြီး မှတ်မိသွားခြင်းမှစကာ ဘီလ်မင် အဖမ်းခံခဲ့ရသည်။ အမေရိကပြည်ထောင်စုသို့ လွှဲပြောင်းပို့ပေး ခြင်းခံရသော ဘီလ်မင်သည် ယင်းကျူးလွန်ခဲ့သော ပြစ်မှုများအတွက် ထောင်ဒဏ်နှစ်ပေါင်း(၄၀) ကျခံစေရန် ၁၉၉၄ ခုနှစ်တွင် စီရင်ချက်ချခဲ့သည်။ သက်ဆိုင်ရာအာဏာပိုင်များသည် ရစ်ချ်၏ အထောက်အကူမပါဘဲ ဘီလ်မင်ကို ဖမ်းမိခဲ့၏။ သို့ဖြစ်စေ ဘီလ်မင်ရှာဖွေရေးတွင် ပံ့ပိုးခဲ့သည့် ရစ်ချ်၏ အကူအညီကို အသိအမှတ်ပြုခဲ့သည်။ ထိုသို့ အသိအမှတ် ပြုကြောင်းကို တရားရုံးသို့ ပေးပို့သည့်ဒုတိယစာထဲတွင် ဖော်ပြထားလေသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



## အမေရိကန်အစိုးရနှင့် တိတ်တဆိတ် ပူးပေါင်းဆောင်ရွက်ခြင်း

မိမိအား သစ္စာဖောက်ဟု တံဆိပ်တပ်ပြီး မိမိအား အမိဖမ်းရေး၊ ထောင်သွင်းအကျဉ်းချထားရေးတို့ကို မနားမနေ ကြိုးစားခဲ့သည့် အမေရိကပြည်ထောင်စုကို မိမိကတော့ ပုံမှန်လို အကူအညီ ပေးနေပါသည်ဟု ရစ်ချ်ကပြောသည်။ ရစ်ချ်က လွတ်လပ်ပွင့်လင်းစွာဝန်ခံသည်မှာ မိမိအနေဖြင့်သည်နိုင်ငံ သည်တိုင်းပြည်ကြီးကို အလုပ်အကျွေးပြုဖို့ အကြောင်းရင်းများရှိသည်ဆို၏။

'ကျွန်တော်က သူတို့ကို အကူအညီတွေပေးတယ်ဆိုရင် သူတို့ကလည်း ကျွန်တော့်ကို ကူညီတဲ့အနေနဲ့ ကျွန်တော့်အပေါ်ထားတဲ့ သူတို့ရဲ့သဘောထားကို ပြောင်းမလားပေါ့လေ'

လွန်ခဲ့သည့် နှစ်ဆယ့်ငါးနှစ်ကျော် ၁၉၈၃ ခုနှစ်၊ ဇွန်လထဲ တွင် သူသည် အမေရိကပြည်ထောင်စုမှ ကမန်းကတန်း ထွက်ပြေးခဲ့ ပြီး ဆွစ်ဇာလန်တွင် အခြေချနေထိုင်ခဲ့သည်။ ထိုအချိန်မှစပြီး သူသည် အမေရိကမြေပေါ်တွင် ခြေမချခဲ့တော့ချေ။ သူ့အမှုအကြောင်း ကျွန်တော်ကမေးသောအခါ ပြန်ပြောသည့် သူ့အသံတွင် သက်ဆိုင်ရာ တာဝန်ရှိသူများအပေါ် နာကြည်းသည့်လေသံ သိသိသာသာပေါ်လွင်နေ၏။ သူတို့သည် သူ့ကို "တိုင်းပြည်အတွက် မလိုလားအပ်သူ" အဖြစ် လည်းကောင်း၊ "မိစ္ဆာကောင်"အဖြစ်လည်းကောင်း၊ သတ်မှတ်ကာ မိုးမဆုံးမြေမဆုံး လိုက်လံရှာဖွေဖမ်းဆီးဖို့ အားထုတ်ခဲ့ကြ သည် မဟုတ်လား။ သို့သော် ဒုတိယကမ္ဘာစစ်အတွင်းက နာဇီများလက်မှ ထွက်ပြေးလာသည့် သူတို့မိသားစုကို လက်သင့်ခံခိုလှုံခွင့်ပြုသည်မှာ အမေရိကပြည်ထောင်စုသာမဟုတ်လား။

'ကျွန်တော်ဟာ အမြဲတမ်း အမေရိကန်ဘက်တော်သားဖြစ်ခဲ့တာပါ။ ကျွန်တော်တို့မိသားစုတွေကိုကော ကျွန်တော့်ကိုပါ စေတနာထားပြီး ခိုလှုံခွင့်ပေးခဲ့တာ အမေရိကလေဗျာ။ ကျွန်တော် ခုအထိလည်း အမေရိကန်ဘက်တော်သား ဖြစ်နေတုန်းပါ'

အမေရိကနိုင်ငံခြားရေးဌာနသည် တရားခံပြေးရစ်ချ်နှင့် အဆက်အသွယ်မပြတ်ရှိသည်။ သူ စီးပွားရေးလုပ်နေသည့် နိုင်ငံတချို့မှ "သော့ချက်ကျခေါင်းဆောင်တချို့အကြောင်း သိလိုလျှင် ရစ်ချ်အား မေးကြသည်။ နိုင်ငံခြားရေးဌာနက အထူးသဖြင့် အီရန်၊ ဆီးရီးယားနှင့် ရုရှနိုင်ငံများမှ နိုင်ငံရေးသမားများ၊ စီးပွားရေးသမားများအကြောင်း သိလိုကြသည်။

'ဒါက ပုံမှန်ဖြစ်နေကျပါ'

သူက အမေရိကန်များအား လူသုံးကုန်ပစ္စည်းဈေးနှုန်းများပြောပြသလို ခပ်အေးအေးခပ်ပေါ့ပေါ့ပင် ပြောသည်။ ဘယ်သူတွေအကြောင်း ပြောပြခဲ့ရသလဲဟု ကျွန်တော်ကမေးသောအခါတွင်မူ သူ ခေါင်းခါသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



''အဲဒါတွေ မပြောပါဘူးလို့ ကျွန်တော် ကတိပေးထားတယ်''ဟု ပြောသည်။ အမေရိကပြည်ထောင်စုနှင့် ဆက်ဆံရေးကြဲပြီး အဆက်အသွယ်မရှိသလောက်ဖြစ်နေသည့် နိုင်ငံများတွင် ရစ်ချ် ၏အဆက်အသွယ်များ ရှိနေသည်။ ရစ်ချ်၏သတင်းကွန်ရက်က မှတ်လောက်သားလောက်အောင် ကျယ်ပြောလှပါတကား။ သူက အီရန်၊ အာဖရိကနှင့် တခြားအာရပ်နိုင်ငံများအကြောင်းကို တခြားအနောက်တိုင်းစီးပွားရေးသမားများထက် ပိုမို နှံ့နှံ့စပ်စပ်သိခဲ့လေသည်။ အီရန်၊ ဆီးရီးယား၊ အင်ဂိုလာနှင့် ကျူးဘားနိုင်ငံများသည် အမေရိကပြည်ထောင်စုကို မလိုလားကြ။ ထို့အတူ အမေရိကပြည်ထောင်စုကလည်း ယင်းနိုင်ငံများကို မကြည်။ ရစ်ချ်က ထိုနိုင်ငံများမှ အဓိကကျသော နိုင်ငံရေး သမားများနှင့် အဆက်အသွယ်ရှိသည်ဖြစ်ရာ အရေးအကြောင်းရှိလျှင် နိုင်ငံခြားရေးဌာနက ရစ်ထံသို့သာ ချဉ်းကပ် စုံစမ်းလေ့ရှိသည်။

'ကျွန်တော်တို့ရဲ့ သတင်းထောက်လှမ်းရေးအဖွဲ့ဟာ ကမ္ဘာပေါ်မှာ တော်တော်ခေတ်မီတဲ့အဖွဲ့ဗျ။ တစ်ခါတလေဆို အရေးကြီးတဲ့သတင်းတွေကို စီအိုင်အေထက်တောင် ကျွန်တော်တို့က စောနေသေးတယ်။ အထူးသဖြင့် အီရန်နဲ့ပတ်သက်တဲ့ သတင်းတွေပေါ့'

ရစ်ချ်၏ လုပ်သက်ရင့်ဝန်ထမ်းတစ်ဦးက အထက်ပါအတိုင်းပြောသည်။ သူတို့သည် အမေရိက၊ အစ္စရေးတို့နှင့် အမြဲလို သတင်းများ အပြန်အလှန် အသိပေးလေ့ရှိသည်။ အမေရိကပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက တရားခံပြေး ဟုသတ်မှတ်ထားသူနှင့် လိုလိုလားလား ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ထိုအချိန်တွင် အမေရိကပြည်ထောင်စု၏ တခြား ဝန်ကြီးဌာနတစ်ခုက တရားခံပြေးဟု သတ်မှတ်ထားခြင်းခံရသူကို အမိဖမ်း၊ ထောင်ချဖို့ အသည်းအသန်ကြိုးစားနေသည့် ဖြစ်ရပ်မှာ တကယ်တမ်းတွေးကြည့်လျှင် ရယ်ချင်ပက်ကျိဖြစ်စရာပင်။ နောက်ပြီး ပါးစပ်က လေတစ်လုံး၊ မိုးတစ်လုံး ကြိမ်းဝါးနေသည်သို့ ဖြစ်နေ၏။

ထိုသို့သော အဆက်အသွယ်များနှင့် စစ်မှန်ပြီး ယုံကြည်စိတ်ချရသည့် သတင်းများ၏တန်ဖိုးသည် ထိုကဲ့သို့သော သတင်းများ မရတော့မှ ထင်းထင်းပေါ်လာတော့၏။ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်တွင် ဖြစ်ပေါ်ခဲ့သည့် ညီနောင်မျှော်စင်နှစ်ခု တိုက်ခိုက်ခံရမှုအကြောင်း စုံစမ်းရေးကော်မရှင်ဖွဲ့ခဲ့သည်။ ယင်းကော်မရှင်က ၂၀၀၄ ခုနှစ်တွင် လွှတ်တော်သို့ အစီရင်ခံစာတင်သည်။ ယင်းအစီရင်ခံစာတွင် ''သတင်းထောက်လှမ်းမှု အားနည်း''သည်ကို တွေ့ရကြောင်း၊ ''မဟာဗျူဟာမြောက် ဆန်းစစ်လေ့လာရန် သတင်းအချက်အလက်များနည်းပါးကြောင်း'' ဖော်ပြထားသည်။

ထို့ကြောင့် တရားဥပဒေ၏အရိပ်မှလွတ်အောင် ထွက်ပြေးနေရသည်ဟု သူတို့ယူဆသည့် ရစ်ချ်တို့လို လူမျိုးတွေထံမှ ရသော သတင်းများ၏တန်ဖိုးကို ဤအဖြစ်က ဖော်ပြနေသည်ဟု ပြောရခြင်းဖြစ်ပါသည်။

■

www.burmeseclassic.com

the bookhouse
we bring your future

www.burmeseclassic.com



## အစ္စရေးမှ မော့ဆက်ကို အကူအညီပေးခြင်း

မိမိလူမျိုးအကျိုးကလွဲလျှင် ဘာကိုမျှ မကြည့်သောမူဝါဒသည် အစ္စရေးနိုင်ငံ၏ အကြီးမြတ်ဆုံးခွန်အားတစ်ရပ် ဖြစ်ပေသည်။ ဂျူးလူမျိုးများ၏ နိုင်ငံကို ပတ်ပတ်လည်လည်ဝိုင်းရံနေသည်မှာ ရန်သူနိုင်ငံများ။ ဂျူးနိုင်ငံကလေးကို ရန်သူနိုင်ငံသားအားလုံးက ဝိုင်းကြဉ်ထားကြသည်။ မည်သည့်အာရပ်နိုင်ငံကမျှ အစ္စရေးနိုင်ငံနှင့် သံတမန် အဆက်အသွယ် မလုပ်ကြ။ သို့ပေမယ့် တိုးတိုးတိတ်တိတ် ဆက်သွယ်မှုများကတော့ ရှိသည်။ ထိုသို့သော ဆက်သွယ်မှုများကို စီစဉ်ပေး ရသည်မှာ အစ္စရေးထောက်လှမ်းရေးဌာနဖြစ်သည့် မော့ဆက်၏တာဝန်ဖြစ်သည်။

ဂျူးလူမျိုးများ၏အကျိုးကလွဲပြီး ဘာဆိုဘာမျှ မကြည့်သည့် အဖွဲ့အစည်းများတွင် အထင်ရှားဆုံးမှာ မော့ဆက် ထောက်လှမ်းရေးအဖွဲ့ ဖြစ်ပေသည်။ မော့ဆက်က တိတ်တခိုးအဆက်အသွယ်များ ဖော်ဆောင်ပေးသည်။ ထို့ကြောင့် မော့ဆက်က ရစ်ချ်ကို အရမ်းအလေးထားသည်။

အီရန်၊ ဆီးရီးယားနှင့် ပါရှန်ပင်လယ်ကွေ့ နိုင်ငံများရှိ ရစ်ချ်၏ အဆက်အသွယ်များကို ဥပေက္ခာပြု လျစ်လျူရှု ထားလျှင် မော့ဆက်သည် တာဝန်ကျေသည့်အဖွဲ့အစည်းဖြစ်မည် မဟုတ်တော့ချေ။ မော့ဆက်သည် ၁၉၇၀ ပြည့်လွန် နှစ်များအတွင်းကပင် မာ့ခ်ရစ်ချ်နှင့် အဆက်အသွယ်လုပ်ခဲ့သည်ဆို၏။

'ကျွန်တော် နာမည်တွေတော့ မပြောတော့ဘူး။ ဒါဟာ အရမ်း အန္တရာယ်ကြီးတယ်ဗျ'

ကျွန်တော်က အသေးစိတ်မေးသောအခါ အက်ဗ်နာအဇူလေး က အထက်ပါအတိုင်း ဖြေသည်။ မော့ဆက်သည် သမားရိုးကျ ထောက်လှမ်းရေးအဖွဲ့မဟုတ်ကြောင်း။ တခြားနိုင်ငံများတွင် ဒုက္ခရောက်နေသည့် သို့မဟုတ် ညှဉ်းပန်းနှိပ်စက်ခံ နေရသည့် ဂျူးလူမျိုးများကို ကယ်ဆယ်ဖို့လည်း မော့ဆက်က အမြဲကူညီအားထုတ်ခဲ့သည်။

'စည်းလုံးညီညွတ်ဖို့က ကျွန်တော်တို့တာဝန်လေ။ ကျွန်တော်တို့ဟာ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရတယ်။ သမိုင်းကြောင်းအရ ကျွန်တော်တို့အပေါ် ကြင်နာခဲ့တာမဟုတ်ဘူး။ အထူးသဖြင့် ဂျူးတွေ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရပြီးတဲ့နောက်ပိုင်း ကျွန်တော်တို့ တစ်ဦးကိုတစ်ဦး ကူညီဖေးမခဲ့ကြတယ်လေ။ အဲဒီတုန်းကတည်းက အစ္စရေးနိုင်ငံဆိုတာသာ ပေါ်ထွန်းနေခဲ့ရင် သမိုင်းကြောင်းဟာ တစ်မျိုးတစ်မည် ပြောင်းလဲသွားမှာပါ'

ဘယ်နေရာဘယ်ဌာနမှာဖြစ်ဖြစ် ဂျူးလူမျိုးများ အန္တရာယ်နှင့်ရင်ဆိုင်နေရပြီဆိုလျှင် သူတို့ကို ထိုဒေသမှ ထွက်ခွာ လို့ရအောင် မော့ဆက်က မဖြစ်ဖြစ်သည့်နည်းဖြင့် စီစဉ်ပေးသည်။ သူတို့ကို အစ္စရေးသို့ပို့ပေးသည်။ သို့မဟုတ် သူတို့ နေထိုင်လိုသည့် အရပ်ဒေသသို့ရောက်အောင် ပို့ပေးသည်။ ထိုသို့ ကယ်တင်ရေးလုပ်ငန်းများတွင် ရစ်ချ်က မော့ဆက်ကို

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကူညီသည်။ သူ၏လုပ်ငန်းဆိုင်ရာ အဆက်အသွယ်များဖြင့်လည်းကောင်း၊ ငွေကြေးအားဖြင့်လည်းကောင်း လိုအပ်သလို ကူညီခဲ့သည်။ ရစ်ချ်၏ကျေးဇူးကြောင့် ၁၉၈၀ နှင့် ၁၉၉၀ပြည့်လွန်နှစ်များအတွင်း ယီမင်၊ အီသီယိုးပီးယားနှင့် အစ္စရေး၏ သူနိုင်ငံများမှ ဂျူးများကို ကယ်တင်ပြီး အစ္စရေးသို့ ပို့ပေးနိုင်ခဲ့သည်။

အဗူလေးသည် ၁၉၈၃ ခုနှစ်ထဲတွင် မော့ဆက်အဖွဲ့မှ ထွက်ပြီး ရစ်ချ်၏လုံခြုံရေးအရာရှိအဖြစ် အမှုထမ်းနေသည်။ ထိုအခါ သူ့ ရဲဘော်ရဲဘက်ဟောင်းတွေက သူတို့၏စစ်ဆင်ရေးတစ်ခုတွင် ရစ်ချ်က ကူညီရန်ဆန္ဒရှိပါသလားဟု တီးခေါက်ကြ၏။ သူတို့၏စစ်ဆင်ရေးမှာ တခြားဂျူးအသိုက်အဝန်းများနှင့်ကွဲပြီး အီသီယိုးပီးယားတွင် ဒုက္ခရောက်နေသည့် ဂျူးအုပ်စုများကို ကယ်တင်ရေး။ သူတို့တော်တော်များများသည် အီသီယိုးပီးယားမြောက်ပိုင်း ယခု အဲရစ်ထရီးယားနှင့် ဆူဒန်ပတ်ဝန်းကျင်သို့ ၁၉၈၀ ပြည့်လွန်နှစ်များကတည်းက သွားရောက်အခြေချနေကြပြီ။ သူတို့သည် အီသီယိုးပီးယားပြည်တွင်းစစ်ကြောင့် ဆင်းရဲငတ်ပြတ်မှုနှင့် ရင်ဆိုင်နေရသူများ။ သည်လူတွေကို ကယ်တင်ဖို့ မိမိတို့တွင်တာဝန်ရှိသည်ဟု မော့ဆက်က ပြောထားသည်။

ယင်းဂျူးလူမျိုးတွေကို ကယ်ထုတ်ဖို့ အီသီယိုးပီးယားအစိုးရကို နှစ်သိမ့်မှုတစ်ခုခုပေးလျှင် အဆင်ပြေမည်ဖြစ်ကြောင်း အစ္စရေးအစိုးရက ယုံကြည်သည်။ ထို့ကြောင့် အစ္စရေးသမ္မတ ယစ်ဇက်ရာဘင်က အီသီယိုးသမ္မတ မင်ဂျစ်စတုဟေးလ် မာရီယံနှင့် တွေ့ဆုံပြီး "သမ္မတကြီးတို့ ဘာများလိုအပ်နေပါသလဲ"ဟု မေးသည်။ အီသီယိုးပီးယားကို ကြမ်းကြမ်း တမ်းတမ်းအုပ်ချုပ်နေသည့် ကွန်မြူနစ်သမ္မတကြီးက "ကျန်းမာရေးအတွက် ဆေးဝါးအထောက်အကူလိုတယ်"ဟု ဖြေ သည်။

သို့ဖြင့် အဲရစ်ထရီးယားတွင် အရေးပေါ်လူနာများ လက်ခံကုသပေးနိုင်သည့် ဆေးကုသဆောင်တစ်ခု ပစ္စည်းအပြည့် အစုံဖြင့် တည်ဆောက်ပေးမည်ဟု ရာဘင်က ကတိပြုခဲ့သည်။ အတိုချုပ်ရသော် အဗူလေးမှတစ်ဆင့် ရစ်ချ်က ယင်းဆေး ကုသဆောင်ကို အလျင်အမြန်ဆောက်ပေးဖို့ သဘောတူလိုက်၏။

ဆေးဝါးကုသရန်လိုအပ်သည့် ကိရိယာတစ်ပတ်ရစ်များကို အဗူလေးက အစ္စရေးရှိဆေးရုံများမှ အလှူခံပေးသည်။

"ဒီစစ်ဆင်ရေးကြီးတစ်ခုလုံးဟာ ရစ်ချ်ရဲ့ လူသားချင်း စာနာထောက်ထားမှုပြယုဂ်တစ်ခုပဲ။ ဒါဟာ စုံစမ်းထောက် လှမ်းရေးနဲ့ ဘာမှ မဆိုင်ပါဘူး"ဟု အဗူလေးက ထောက်ပြပါသည်။ အီသီယိုးပီးယားရှိ ဂျူးလူမျိုးများသည် ၁၉၈၅ ခုနှစ် ဖြစ်ပွားခဲ့သော ကမ္ဘာကျော် ဆင်းရဲငတ်မွတ်ခြင်းကပ်ဘေးမှ လွတ်မြောက်သွားကြလေသည်။

■

The bookhouse

www.burmeseclassic.com

www.burmeseclassic.com



## ယီမင်မှ ထွက်ပြေးလွတ်မြောက်ခြင်း

အီသီယိုးပီးယားမှ ဂျူးများကို ကယ်တင်ပြီး ဆယ်နှစ်အကြာတွင် အစ္စရေးအစိုးရ၏မေတ္တာရပ်ခံချက်အ ယခင်တစ်ခါလို စစ်ဆင်ရေးတစ်ခုကို ကူညီရပြန်သည်။ သည်တစ်ချီတော့ စစ်ဆင်ရေးပြု လုပ်မည့်တိုင်းပြည်မှာ ယီမ အာရေဘီယံကျွန်းဆွယ်၏တောင်ဘက် ပိုင်းတွင်ရှိသောနိုင်ငံ။ ၁၉၄၉-၅၀ တွင် ဂျူးလူမျိုး လေးသောင်း ကိုးထောင်သ ယီမင်မှ ထွက်ပြေးလွတ်မြောက်ခဲ့၏။ ထိုစဉ်က လျှို့ဝှက်စစ်ဆင်ရေးကို ပဋလက်ကော်ဇော်ပျံဟု ကင်ပွန်းတပ်ခဲ့ သည်။ ၁၉၉၀ ပြည့်လွန်နှစ်များရောက်တော့ ယီမင်တွင် ရာပေါင်း အနည်းငယ်မျှသော ဂျူးတွေသာ ကျန်ရှိတော့ သူတို့သည် တိုင်းပြည်မှထွက်ခွာဖို့ ကြိုးစားသော်လည်း သက်ဆိုင်ရာက ခွင့်မပြု။ သို့သော် သူတို့သည် ဂျူးဆန့်ကျင် ဝါဒီများ၏ တိုက်ခိုက်မှုကို ထပ်ခါတလဲ ခံစားနေကြရသည်။

"မာ့ခ်က ယီမင်မှာ ဆက်သွယ်ရမယ့်လူတွေနာမည်ကို ပြောတယ်။ အားလုံး ရာထူးရာခံနဲ့ ပုဂ္ဂိုလ်တွေချည်းပဲ" အဖွားလေးက ပြောသည်။ သည်တစ်ကြိမ်လည်း လုံခြုံရေးကိစ္စကြောင့် အမည်နာမများ ထုတ်ပြောဖို့ငြင်းသည်။ "စစ်ဆင က သိပ်သိမ်မွေ့တာ။ အဲဒီတော့ အဲဒီမှာ ကူညီခဲ့သူတွေ မနစ်နာစေချင်ဘူး။ သူတို့ဟာ နစ်နာထိုက်သူတွေ မဟုတ်ဘူး

အဖွားလေးက ယီမင် အဆင့်မြင့်အရာရှိများနှင့် ဆွေးနွေးသည်။ သူတို့က ဂျူးများထွက်ခွာသွားခြင်းကို မှ လက်ခံသည်။ သို့သော် ထိုသို့ ပူးပေါင်းကူညီမှုအတွက် တုံ့ပြန်သောအားဖြင့် ငွေကြေးလိုချင်သည်။ သူတို့ တစ်ယောက်ချင်းအတွက် ကြေးသတ်မှတ်ပြီး ငွေလိုချင်သည်။

"ဒီစစ်ဆင်ရေးအောင်မြင်ဖို့အတွက် ဘာပဲလိုလို လိုအပ်သမျှကို ဖြည့်ဆည်းပေးဖို့ မာ့ခ်ကအသင့်ပဲလေ"

မော့ဆက်အရာရှိဟောင်းက ယီမင်အရာရှိတွေ စကားတည်ဖို့ ဦးစွာ ကတိတောင်းသည်။ သူက စစ်ဆင်ရေ အစမ်းလေ့ကျင့်ဖို့ လေယာဉ်တစ်စီးငှားသည်။ ယင်းလေယာဉ်ဖြင့် လူဦးရေများသော ဂျူးမိသားစုနှစ်စုကို သယ်သွ စိတ်ကူးထားသည်။ ရစ်ချ်၏အဆက်အသွယ် ယီမင်အရာရှိများက ကူညီသည်။ လူသုံးဆယ်ပါသော ဂျူးမိသားစုနှစ် ယီမင် အကောက်ခွန်မှူးများကို ကျော်ဖြတ်ပြီး လေယာဉ်ဆီအထိ လိုက်ပို့နိုင်သည်။ မိသားစုအားလုံး ရောမမှတစ် အစ္စရေးသို့ အောင်အောင်မြင်မြင်သွားနိုင်သည်။

"ကျွန်တော်တို့ လူသုံးဆယ်ကယ်လိုက်နိုင်တယ်။ ဒါဟာ တကယ့်အောင်မြင်မှုကြီးပဲ။ ဒါပေမယ့် နောက်ဆုံး ကြေကွဲစရာဇာတ်လမ်း ဖြစ်သွားတယ်"

အဖွားလေးက ဝမ်းနည်းကြေကွဲစွာ ခေါင်းကိုယမ်းခါရင်း ပြောသည်။ အမှန်တကယ် ဆင်နွှဲမည့်စစ်ဆင်ရေ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားမည်။ အန္တရာယ်ရှိနေသည့် ဂျူးလူမျိုးအားလုံးကို ယီမင်မှ ကယ်ထုတ်သွားမည်။ သို့သော် ကံဆိုးချင်တော့ သူတို့အစီအစဉ်ကို ယီမင်ရှိ ဆတ်မာ(Satmar)ဂျူးအုပ်စုက သိသွားသည်။

ဆတ်မာအုပ်စုသည် ရှေးရိုးစွဲ တစ်ယူသန် ဂျူးလူမျိုးတွေ။ သူတို့က အစ္စရေးကို အသိအမှတ်မပြု။ ထို့ပြင် အယ်လိုပုံစံဖြင့် ဖွဲ့ထားသည့် ဇီယွန်ဝါဒီအဖွဲ့အစည်းများကို အသိအမှတ်မပြု။ သူတို့က အစ္စလေးနှင့် ရစ်ချ်ကို ခြိမ်းခြောက်သည်။

'ခင်ဗျားတို့ ဒီအစဉ်အစဉ်ကို ဆက်လုပ်ရင် ယီမင်အစိုးရထဲမှာ သစ္စာဖောက်တွေရှိနေတယ်ဆိုတာ လူသိရှင်ကြား ဖြစ်အောင် ကျုပ်တို့လုပ်မယ်'

ဤသို့ဖြင့် သူတို့၏စစ်ဆင်ရေးကို ချက်ချင်း ရပ်ဆိုင်းလိုက်ရသည်။

နှစ်ပေါင်းများစွာကြာသောအခါ အီသီယိုးပီးယားနှင့် ယီမင်များ ကယ်ထုတ်ရေးတွင် ရစ်ချ်ပါဝင်ခဲ့ကြောင်း အဆင့်မြင့်အရာရှိကြီးများက အတည်ပြုခဲ့သည်။

မော့ဆက်အကြီးအကဲအဖြစ် ၁၉၈၉ မှ ၁၉၉၆ ထိ တာဝန်ယူခဲ့သော မော့ဆက်အကြီးအကဲ ရှပ်တေးရှာဗစ် (Shabtai Shavit) သည် အစဉ်အလာမဟုတ်သော လုပ်ဆောင်ချက်တစ်ခု လုပ်ခဲ့၏။ မော့ဆက်၏အစဉ်အလာဖြစ်သော ဆိတ်ဆိတ်နေခြင်းကို ချိုးဖောက်ကာ ရစ်ချ်၏လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ သမ္မတကလင်တန်ထံ တက်ကြွစွာလျှောက်ထားခဲ့၏။ ဟောပြောလှုံ့ဆော်မှုများလည်း ပြုလုပ်ခဲ့၏။

'စစ်ပွဲများတွင် ပျောက်ဆုံးနေသည့် ရဲဘော်များရှာဖွေရေးနှင့် ဂျူးဒုက္ခသည်များအား ကယ်ဆယ်ရေးကိစ္စများတွင် ကျွန်ုပ်သည် မော့ဆက်အကြီးအကဲတစ်ဦးအနေဖြင့် ရစ်ချ်၏အကူအညီကို တောင်းခံခဲ့ရာ ထိုသို့ တောင်းခံတိုင်းရစ်ချ်က တက်ကြွစွာကူညီလေ့ရှိပါသည်။ အဆိုပါနိုင်ငံများရှိ ရစ်ချ်၏ အဆက်အသွယ်များကြောင့် တစ်ခါတစ်ရံ ထင်မှတ်ထားသည် ထက် အောင်မြင်မှုများ ရခဲ့ပါသည်။

အစ္စရေးနှင့် ဂျူးလူမျိုးများသည် ကိုယ်ကျိုးမကြည့်သော ရစ်ချ်၏ကူညီမှုများအတွက် အတိုင်းထက်အလွန် ကျေးဇူးတင်ကြပါသည်။ ရစ်ချ်သည် ထိုသို့ အကူအညီများပေးရသည့်အတွက် သူ၏အကျိုးစီးပွားများ ထိခိုက်ခြင်း နှင့်အဆက်အသွယ်များနှင့် မိတ်ပျက်ခြင်းတို့ကိုပင် ကြုံခဲ့ရပါသည်'

သမ္မတကလင်တန်ထံ ပေးပို့သည့်စာတွင် ရှာဗစ်က အထက်ပါအတိုင်း ထည့်သွင်းရေးသားခဲ့လေသည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



**အစ္စရေးနှင့် အီရန်ကို တရားမဝင်ဖျန်ဖြေပေးသည့် ဖျန်ဖြေရေးသမား**

မော့ဆက်အဖွဲ့အား အကူအညီပေးခဲ့သည့်အကြောင်းများ ပြောပြသောအခါ ရစ်ချ်ကိုယ်တိုင်ကလည်း အသေးစိတ် ပြောပြဖို့ ငြင်းခဲ့သည်။ ဘာကြောင့် ထိုသို့ကူညီဖို့ စိတ်အားထက်သန်ရသလဲဟု ကျွန်တော်က မေးသောအခါတွင်မူ…

"ပထမဦးဆုံးအနေနဲ့ပြောရရင် ကျွန်တော်ဟာ ဂျူးတစ်ယောက်လေ။ ဒုတိယအချက်ကတော့ အစ္စရေးဟာ ကျွန်တော်နဲ့ ပတ်သက်နေတဲ့နိုင်ငံမို့လို့ပေါ့။ ကျွန်တော်က အစ္စရေးနိုင်ငံသား။ အရေးရှိလာရင် ကျွန်တော်က ကူညီရမှာသဘာဝပဲလေ"ဟု ဖြေသည်။

အစ္စရေးနိုင်ငံ၏ ရန်ဘက်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ဆက်သွယ်အလုပ်လုပ်ရတာ အန္တရာယ်များလားဟု မေးရာ ရစ်ချ် နှုတ်ဆိတ်နေပြန်သည်။ အချိန်တော်တော်ကြာ စဉ်းစားနေပြီးမှ "စစ်ပွဲမှာပျောက်နေတဲ့ စစ်သားတွေအကြောင်း ပြောဆိုဆွေးနွေးလို့ရမယ့်အရာရှိတွေ သိပ်များများစားစား မရှိလှပါဘူး"ဟု ခပ်ချိုချို ဖြေသည်။

'အဲဒါ ဘယ်နိုင်ငံတွေမှာလဲ။ အဓိကအားဖြင့် အီရန်နဲ့ ဆီးရီးယားမှာလား၊ သူတို့က ဘယ်လိုတုံ့ပြန်သလဲဟင်'

ရစ်ချ်လက်နှစ်ဖက်မြှောက်သည်။ ပခုံးတွန့်သည်။

'မေးရတာ ပြဿနာမရှိပါဘူး။ ဟုတ်တယ်၊ အဓိကနိုင်ငံတွေက အီရန်နဲ့ ဆီးရီးယားပဲ'

အထက်ပါမေးခွန်းကတော့ ရစ်ချ်ကို တော်တော်ကြီး စိတ် မသက်မသာဖြစ်စေကြောင်း ကျွန်တော် သတိထားမိသည်။ သို့ဖြင့် သူသည် တရားမဝင် ဖျန်ဖြေရေးသမားအဖြစ်ဖြင့် အစ္စရေးနှင့် အီရန်ကို စေ့စပ်ဖျန်ဖြေပေးခဲ့ပါသလားဟု မေးလိုက်သည်။

'တစ်စုံတစ်ရာအတိုင်းအတာအထိ ဟုတ်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမယ့် ကျွန်တော် တရားဝင်လိုချင်တဲ့ရာထူးမျိုး မဟုတ်ပါဘူး။ ပြဿနာတစ်ခုချင်းစီ ဖြေရှင်းလို့ရအောင် ကူညီပေးခဲ့တာပါပဲ'

အရေးကိစ္စတစ်ခုမှာ လျှို့ဝှက်ပိုက်လိုင်းကိစ္စဖြစ်၏။ အီရန်နှင့်အစ္စရေး ဖက်စပ်လုပ်ကိုင်ခဲ့သည့်လုပ်ငန်း။ အစ္စလာမ်တော်လှန်ရေးအပြီးတွင် အီရန်နိုင်ငံပိုင် ရေနံကုမ္ပဏီက အစ္စရေးသို့ ပေးပို့နေသည့်ရေနံကို ဆက်မရောင်းတော့ဘဲ ရပ်ဆိုင်းပစ်လိုက်၏။ နောက်ခြောက်နှစ်လောက်အကြာတွင် အီရန်ရေနံကုမ္ပဏီက အစ္စရေးကို တရားစွဲခဲ့သည်။ အစ္စရေးက ပေးချေရန်ရှိသော ရေနံဖိုးများ မပေးချေခဲ့သည့်အတွက် လျော်ကြေးငွေဒေါ်လာ သန်း ၅၀၀ ရလိုကြောင်း တရားရုံးတွင် တိုက်လျှောက်ထားခဲ့သည်။ နှစ်ဖက်ရှေ့နေများ၏ စေ့စပ်ညှိနှိုင်းမှုမှာ မအောင်မြင်။ စေ့စပ်ညှိနှိုင်းပွဲ ရပ်ဆိုင်းထားရမည်။ အီရန်က အစ္စရေးနှင့် တိုက်ရိုက် ဆက်သွယ်ညှိနှိုင်းဖို့ ငြင်းဆန်သည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com


သို့ဖြင့် ဂျေရုဆလမ်သို့ ရစ်ချ်သွားသည်။ ဝန်ကြီးချုပ်ရာဘင်နှင့် တွေ့ဆုံသည်။ ပြေလည်နိုင်စရာရှိသည့် ဖြေရှင်းနည်းကို တင်ပြသည်။ ဖက်စပ်လုပ်ငန်းမှ အစ္စရေးပိုင်အစုရှယ်ယာများကို မာ့ခ်ရစ်ချ်၏ကုမ္ပဏီက ဝယ်ယူမည်။ ပြီးမှ ဒီနှင့် လုပ်ငန်းသဘော ဆက်လက်ဆွေးနွေးမည်။ ရာဘင်က လက်ခံသည်။ သို့သော် ဗျူရိုကရက် အရာရှိကြီးများ၏တိုက်ခိုက်မှုကြောင့် အစီအစဉ်ပျက်သွားသည်။

ရစ်ချ်သည် မော့ဆက်မှ သူလျှိုတစ်ဦးဟု တချို့က စွပ်စွဲကြသည်။ တကယ်တမ်းပြောရလျှင် သူသည် မော့ဆက်သူလျှိုအစစ်အမှန်မဟုတ်ခဲ့။ စေတနာ့ဝန်ထမ်းလုပ်ငန်းများကို လုပ်ပေးခဲ့ခြင်းသာဖြစ်၏။ ဘာပဲဖြစ်ဖြစ် သူသည် မော့ဆက်အတွက် အလွန်အသုံးတည့်ခဲ့သူဖြစ်၏။ အစ္စရေးဝန်ကြီးချုပ် မီနာချင်ဘီဂင်မှသည် အီဟွတ်ဘာရက်အထိ ခေတ်အဆက်ဆက်ခွင့် သူသည် မော့ဆက်ကို ကူညီသူဖြစ်ခဲ့လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com


## အခန်း-၁၆
## ရစ်ချ်မိသားစုများ၏ဘဝ

ဂေဘရီယယ်ရစ်ချ်သည် ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ (၈)ရက်နေ့တွင် ဆီယက်တယ်မြို့ရှိ ဖရက်ဟတ်ချင်ဆန်ကင်ဆာ သုတေသနဌာန ကင်ဆာကုသဆောင်ခုတင်ပေါ်တွင် လဲလျောင်းနေ သည်။ သူမတွင် myelogenous Leukemia ရောဂါ စွဲကပ်နေပြီ ဖြစ်ကြောင်း ရောဂါရှာဖွေရေးစစ်ဆေးချက်က အတည်ပြုထားသည် အသက်ရှင်ဖို့ မျှော်လင့်ချက်နည်းနေပြီဟု ဆိုသည်။ ဂေဘရီရယ်သည် မာ့ခ်နှင့် ဒနိစ်တို့၏ ဒုတိယသမီးဖြစ်၏။

'သူ ခံစားနေရတာကို ကြည့်ရတာ အရမ်းကို ကြောက်စရာ ကောင်းတာပါရှင်'

ဒနိစ်ရစ်ချ်က ပြန်ပြောပြသည်။ သူမလေသံတွင် ထင်ဟပ်နေ သည့် စိတ်ဆင်းရဲမှုသည် ပြင်းထန်နေသည်။ သူမပြောပြနေပုံမှာ မနေ့က ကြုံတွေ့ခဲ့ရသည့်အဖြစ်ဆိုးကို ယနေ့ ပြန်ပြောပြနေသည်သို့ ရှိ၏။ သူမကိုကြည့်ရသည်မှာ ဘီလျံနာရေနံကုန်သည်ကြီး၏ ဇနီး ကောင်းတစ်ဦးနှင့်ပင်မတူ။

ဂေဘီရီယယ် သေဆုံးမှုသည် သူမ၏မိခင်ကိုရော ဖခင်ကိုပါ ရာသက်ပန်ကြေကွဲနေစေ၏။ ဂေဘရီယယ်တစ်ယောက် သူမ၏ နောက်ဆုံးနာရီများကို ဘယ်လိုကုန်ဆုံးသွားခဲ့ပါသလဲ။ ဆေးရုံအခန်း ထဲတွင် သူမ တိတ်တဆိတ်လက်ထပ်ထားသည့် ခင်ပွန်းသည် ဖိလစ် နှယက်ရှိသည်။ နောက်ပြီး သူမ၏မိခင် ဒနိစ်။ နောက်ပြီး ဂေဘရီယယ် ၏အစ်မ အိုင်လိုနာနှင့် ညီမတော်သူ ဒင်နီယဲလ်လည်း ရှိသည်။ မိသားစုထဲမှ ကိုယ်တိုင်ကိုယ်ကျ မလာရောက်နိုင်သူမှာ သူမ၏ဖခင်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com


သာဖြစ်သည်။ ဂေဘရီယယ်၏ရောဂါကို ကုသဖို့ ကမ္ဘာပေါ်တွင် အတော်ဆုံးဆရာဝန်များ ဘယ်မှာရှိမည်ကို စုံစမ်းခဲ့၏။ နောက်ဆုံး အမေရိကမှာပဲရှိသည်ဆို၍ အမေရိကမှာ ဆေးကုသခံခဲ့သည်။ ကုန်ကျစရိတ်အားလုံးကို ရစ်ချ်က ထုတ်ပေးသည်။ သူ့သမီးကို ပြုစုစောင့်ရှောက်ခဲ့သည်မှာ သူကိုယ်တိုင်ခုတင်နံဘေးသို့ မလာနိုင်သည်မှလွဲ၍ ပြီးပြည့်စုံပါသည်ဟု ဒင်နီယယ်လ်က ပြန်ပြောပြသည်။

ဂေဘရီယယ်၏ နောက်ဆုံးအချိန်များတွင် မာ့ခ်ရစ်ချ်သည် ဆွစ်ဇာလန်ရှိ သူ့အိမ်အခန်းထဲမှာ ထိုင်နေသည်။ သလုမျှောပါး ခံစားနေရသည့်သမီးကို တယ်လီဖုန်းဖြင့်ပဲ စကားပြောခွင့်ရသည်။ နောက်ဆုံး ဂေဘရီယယ် အသက်ထွက်သည့်အချိန်အထိ မာ့ခ်က တယ်လီဖုန်းကို ဆုပ်ကိုင်ထားဆဲ။ တယ်လီဖုန်းထဲတွင် မာ့ခ်၏ငိုရှိုက်သံကို ကြားနေရသည်။ သူ အငိုမတိတ်နိုင်လွန်းသည့်အတွက် ဒနိစ်က တယ်လီဖုန်းကို ချိတ်ပစ်ခဲ့ရလေသည်။ ထိုည ဆယ်နာရီတွင် ဂေဘရီလပ်တစ်ယောက် ဘဝတစ်ပါးသို့ ကူးပြောင်းသွားလေသည်။

■

***တစ်ဆိတ်လောက် အိမ်ပြန်မလာပါနဲ့ ဖေဖေရယ်***

မာ့ခ်ရစ်ချ်အား ရုံးတင်တရားစွဲဖို့ ကြိုးစားကြခြင်းကြောင့် သူတို့ ဘယ်လိုထိခိုက်နစ်နာစေသလဲဟု သူ့မိသားစုကိုဖြစ်စေ၊ သူ့အသိအကျွမ်းများကို ဖြစ်စေ မေးကြည့်လျှင် အဖြေသည် တစ်မျိုး တည်း တစ်သံတည်းထွက်လာမည်ဖြစ်၏။ သူ့သမီး ဂေဘရီယယ် သေကောင်းပေါင်းလဲဖြစ်နေချိန်၊ ဖခင်၏ပွေ့ဖက်ယုယမှုကို အများဆုံး လိုအပ်နေချိန်တွင် မာ့ခ်ရစ်ချ်တစ်ယောက် သူ့သမီးသေဆုံးရာခုတင် နံဘေးတွင် ရပ်နေခွင့်မရခဲ့ခြင်းသည် ဖအေတစ်ဦးအတွက် ကြီးမားသော ကြေကွဲနစ်နာမှုဖြစ်သည်ဟု ဖြေကြပေမည်။

"သမီးတစ်ယောက် ကွယ်လွန်သွားခြင်းသည် ကြေကွဲစရာဖြစ်ဖို့ လုံလောက်သည့်ဖြစ်ရပ်ဖြစ်၏။ ထို့ထက်ပို၍ဆိုးသည်မှာ သင့်တွင် ငွေတွေဘယ်လောက်ရှိရှိ အာဏာတွေဘယ်လောက်ရှိရှိ ကိုယ့်သမီး သေအံ့မူးမူးအချိန်တွင် သမီးနံဘေးတွင် ရှိမနေနိုင်ဘူးဆိုလျှင် သူ ကြိုးပမ်းရှာဖွေထားသည့် ငွေတွေ အာဏာတွေသည် ဘာအဓိပ္ပာယ် ရှိပါတော့မည်နည်း"

သူကိုယ်တိုင် သမီးသုံးယောက်ရှိပြီး ရစ်ချ်၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးလည်းဖြစ်သူ အိုင်ဇက်ကွီရုပ်က ဆွေးနွေးဆုတ်ခဲ့၏။ ဝမ်းနည်းကြေကွဲမှု အထွတ်အထိပ်ရောက်နေချိန်တွင် ရစ်ချ်ထံသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်အားပေး

The bookhouse
www.burmeseclassic.com

www.burmeseclassic.com



နှစ်သိမ့်ခဲ့သည့်မိတ်ဆွေ မိုက်ကယ် စတိန်းဟတ်၏ မှတ်ချက်ကမူ…

"ဂေဘရီယယ်ရဲ့ နံဘေးမှာ သူရှိမနေနိုင်တာ အရမ်းကြေကွဲ ဝမ်းနည်းစရာပေါ့ဗျာ။ သူက သူ့သမီးကို သိပ်ချစ်တာကလား။ ကလေးမဟာ ခုထက်ထိတိုင် သူ့ဘဝရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်နေဆဲပါ"ဟူ၏။

သမီးငယ် ဒင်နီယဲလ်ကမူ "ဖေဖေနဲ့ စကားပြောဆိုနေတဲ့အခါ မမရဲ့နာမည်ကိုသာ ထည့်ပြောလိုက်၊ ဖေဖေ တစ်ခါတည်း ငိုတော့တာပဲ"ဟု ရင်ဖွင့်လေသည်။

ရစ်ချ် အမေရိကပြည်ထောင်စုမှ ထွက်ပြေးခဲ့သည်မှာ တစ်ဆယ့်သုံးနှစ်ရှိပြီ။ ထိုအတောအတွင်း အမေရိကန် စုံထောက်များ ဆင်ထားသည့် ထောင်ချောက်များအတွင်းသို့ မသက်ဆင်းမိစေရန် ကြိုးစားရှောင်ကွင်းခဲ့၏။ သူ့ကြိုးစားမှု အောင်မြင်ခဲ့သည်။ သို့သော် ယခု သေကောင်ပေါင်းလဲဖြစ်နေသည့် သမီးအား နောက်ဆုံးအကြိမ်ဖြစ်ဖြစ် သွားတွေ့ချင်သည့် သွားချင်စိတ်ကို မြိုသိပ်လို့မရ။ သို့ပေမယ့် သူ ထိုသို့သွားသည်နှင့် အသင့်စောင့်နေသည့် စုံထောက်များက သူ့ကို ဆီးကြို လက်ထိတ်ခတ်ကြမည်မှာ ယုံမှားသံသယဖြစ်စရာမလို။

"ဒီတော့ ဖမ်းချင်လည်း ဖမ်းကြပေါ့ကွာ"ဟု ရစ်ချ် သူ့ ကိုယ်သူပြောသည်။ သမီးအတွက် အလိုအပ်ဆုံးအချိန်တွင် အရောက်သွားမိသည့်အတွက် အဖမ်းခံရလည်း အဖမ်းခံရပါစေ။ စွန့်စားရကျိုးနပ်သည်။ သို့ဖြင့် ဂေဘရီယယ်ထံ တယ်လီဖုန်းဆက်သည်။ သူ လာခဲ့မည့်အကြောင်း ဂေဘယ်ရီယယ်ကို အသိပေးသည်။ ထိုအခါ ဂေဘရီယယ်က သူမ၏ချစ်ဖေဖေအား တောင်းပန်သည်။

'တစ်ဆိတ်လောက် မလာပါနဲ့ဖေဖေရယ်၊ သမီးတောင်းပန်ပါရစေ။ ဖေဖေ အိမ်ပြန်မလာပါနဲ့'

'လာမယ် ဖေဖေ လာကိုလာမယ်'

'တစ်ဆိတ်လောက် ဖေဖေရယ်၊ ဖေဖေ့ကို သမီး သိပ်ချစ်ပါတယ်။ ကျေးဇူးပြုပြီး ပြန်မလာပါနဲ့။ သမီး အခု လောက်ပြောနေတဲ့ကြားက ဖေဖေ ဖွတ်တိုးလာမယ်ဆိုရင် ဖေဖေ့ကို သမီး အရမ်းစိတ်ဆိုးမှာနော်'

အသည်းအသန် နာမကျန်းဖြစ်နေသည့်သမီးကို မိခင်ကြီးဒနိစ်က အကြိမ်ကြိမ် ကတိပေးရသည်။ သူမ၏ဖခင် ဆွစ်ဇာလန်မှာပဲနေဖြစ်အောင် ပြောထားပါမည်ဟု။

'ဖြစ်လာသမျှ အကျိုးဆက်တွေကို ခံယူဖို့ ဖေဖေက အသင့်ပြင်ထားတာလေ"ဟု သမီးငယ် ဒင်နီယဲလ်က ဖြေ ပြောပြသည်။

နောက်ဆုံးတော့ စိတ်နှလုံး ညှိုးနွမ်းစွာဖြင့် အမေရိကသို့လာဖို့ ခရီးစဉ်ကို ရစ်ချ် ပယ်ဖျက်လိုက်၏။ သူ ဆွစ်ဇာလန် မှာနေပြီး သူ့သမီး၏ ဈာပနအခမ်းအနားသို့ပင် မသွားလိုက်ရ။ သမီး၏ဈာပနအခမ်းအနားသို့ လာရောက်သိမ့်မည်ဟု

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြီး ဖမ်းဖို့ အသင့်စောင့်နေသော အမေရိကန်မာရှယ်ကြီးများ စိတ်ပျက်လက်ပျက်ဖြစ်ကြရလေသည်။

'ဟုတ်ပါတယ်၊ သူ့အဖြစ်သနစ်က တော်တော်ကြေကွဲစရာ ကောင်းတာပဲ'

အမေရိကန်အစိုးရရှေ့နေ ဝိန်းဘာ့ဂ်က မှတ်ချက်ချသည်။ သို့ဆိုလျှင် ရစ်ချ်အား အနှောင့်အယှက်ကင်းကင်းဖြင့် သမီး၏အသုဘကို ပို့ဆောင်ခွင့်ပြုခဲ့လျှင် လူသားချင်း စာနာထောက်ထားရာ မရောက်ပေဘူးလားဟု ကျွန်တော်ကမေးရာ ဝိန်းဘာ့ဂ် စိတ်အနှောင့်အယှက်ဖြစ်သွားပုံရသည်။

'အနေအထားက သူ့အတွက် စိတ်မကောင်းဖြစ်မနေနိုင်တဲ့ အနေအထားမျိုးဗျ။ ဒီအနေအထားမျိုးဖြစ်အောင် ဖန်တီးခဲ့တာ သူကိုယ်တိုင်ပဲလေ။ ပြိုင်ပွဲစည်းကမ်းအတိုင်းမကစားဖို့ ရွေးချယ်ခဲ့တာ သူပါ'

စည်းမျဉ်းစည်းကမ်းမှာ သည်အတိုင်းဖြစ်သည်ဆိုရာ၌ ဝိန်းဘာ့ဂ်ပြောတာ မှန်ကောင်းမှန်ပါလိမ့်မည်။ ရစ်ချ်အား အနှောင့်အယှက်ကင်းစွာ သွားလာခွင့်ပေးခဲ့လျှင် ထိုသို့ ကြိုးစားပေးသော မည်သည့်အစိုးရရှေ့နေ (သို့မဟုတ်) နိုင်ငံရေးသမားမဆို ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်မှုနှင့် ကြုံရမည်မှာ မြေကြီးလက်ခတ်မလွဲ။ ထိုသို့သော သနားကြင်နာမှုကို မျှော်ကိုးမိလျှင် မျှော်ကိုးမိသူသည် မိုက်မဲလွန်းရာရောက်ပေမည်။

'အဲဒီလို မေတ္တာရပ်ခံချက်မျိုးကို လူသားချင်း စာနာထောက်ထားတတ်တဲ့ လူဘယ်သူမှ ငြင်းပယ်မှာမဟုတ်ဘူး။ မာ့ခ်ဟာ ဘယ်သူ့ကိုမှ မသတ်ခဲ့ဘူး။ သူဟာ အကြမ်းဖက်သမားတစ်ယောက်မှ မဟုတ်ဘဲ'

ရစ်ချ်၏လုံခြုံရေးတာဝန်ခံ အက်ဗ်နာ အဇူလေးကတော့ အထက်ပါအတိုင်း မှတ်ချပေးပါသည်။

■

## သမီး၏အုတ်ဂူကို အစွရေးသို့ရွှေ့ခြင်း

ရစ်ချ်သည် သမီး၏ ဈာပနအခမ်းအနားကို တက်ရောက်ခွင့် မရခဲ့သည်သာမက သူ့ဖခင်၏ ဈာပနအခမ်းအနားသို့လည်း မသွားရောက်နိုင်ခဲ့ချေ။ သူ့ဖခင် ဒေးဗစ်ရစ်ချ်သည် ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလထဲတွင် နယူးယောက်၌ ကွယ်လွန်ခဲ့သည်။ မာ့ခ်ရစ်ချ်က သူ့ဖခင်ကို အလွန်လေးစားချစ်ခင်ခဲ့သူ။ ဒေးဗစ်ရစ်ချ်ကို သူ့ဖခင်အဖြစ် သာမဟုတ်၊ သူ စံပြထားလေးစားသည့် စီးပွားရေးသမားတစ်ဦးအဖြစ်လည်း ဦးထိပ်ထား လေးစားခဲ့လေသည်။

သူ့ကို အောင်မြင်သောစီးပွားရေးသမားအဖြစ် သူ့ဖခင်က အသိအမှတ်ပြုတာကို မာ့ခ်ရစ်ချ် ခံယူချင်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com


ခုတော့ အသိအမှတ်ပြုသံကို ကြားရဖို့နေနေသာသာ ဖခင်ကြီး၏ရွာပနကိုပင် လိုက်ပို့ခြင်း မပြုနိုင်။ နောက်ပြီး ရွာပန အခမ်းအနားတွင် ဂျူးလူမျိုးတို့ ထုံးတမ်းစဉ်လာအရ ရွတ်ဆိုဆုတောင်းရမည့်ကာဒစ်ရှ်ကို မရွတ်ဆိုနိုင်တော့။ ဂျူးလူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ ကွယ်လွန်သူ၏ သားဖြစ်သူကသာ ရွတ်ဆိုခွင့်ရှိသည်။ သည်တော့ တယ်လီဖုန်းထဲမှ ရွတ်ဆိုဖို့က လွဲပြီး သူ့မှာ ရွေးစရာလမ်းမရှိခဲ့ပါချေ။

ရစ်ချ်သည် ကွယ်လွန်သွားပြီဖြစ်သော သူ့ဖခင်နှင့် သူ့သမီး အကြောင်းမေးတာကို သိပ်မနှစ်မြို့ကြောင်း ကျွန်တော် မြန်မြန်ဆန်ဆန်ပင် ရိပ်စားမိခဲ့သည်။ သို့ဖြစ်သည့်တိုင် သူ့ကို မေးခွန်းတစ်ခုတော့ မေးချင်သေးသည်။ မိမိ၏ရင်သွေးတစ်ဦးကို ဆုံးရှုံးပြီးသည့်နောက် လူတစ်ယောက်အတွက် ပျော်ရွှင်မှုဆိုတာ ရှိနိုင်ပါဦးမည်လား။

'နှစ်ကာလတွေ ဒီလောက်ကြာခဲ့တာတောင် ကြေကွဲတဲ့ ဝေဒနာက ခုထိ ရင်ထဲမှာ စွဲကပ်နေတုန်းပဲ။ ကျွန်တော် ပျော်ရွှင်မှုကိုပြန်ရပါပြီ။ ဒါပေမယ့် သမီးရှိတုန်းကလိုတော့ ပြည့်ဝတဲ့ပျော်ရွှင်မှုမျိုး မရတော့ပါဘူး'

ရစ်ချ်အား သမ္မတကလင်တန်က လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီးသောအခါ ရစ်ချ်သည် သူ့သမီး၏အုတ်ဂူကို အစ္စရေး နိုင်ငံသို့ ရွှေ့ပြောင်းတည်ထားခဲ့၏။ ထိုလုပ်ဆောင်မှုကို လူများများစားစား မသိလိုက်ကြ။ ယခုတော့ ဂေဘရီယယ်၏ အုတ်ဂူသည် အစ္စရေးနိုင်ငံ၊ တဲလ်အဗစ်မြို့အနီးတွင် တည်ထားသဖြင့် အစ္စရေးနိုင်ငံသားဖြစ်သည့် ရစ်ချ်အနေဖြင့် စိတ် ကြိုက်လွတ်လွတ်လပ်လပ်သွားပြီး အလွမ်းဖြေနိုင်နေပြီ။

"ကျွန်တော် ပုံမှန်သွားခဲ့ပါတယ်"ဟု ရစ်ချ်က ပြောသည်။ မော့ဆက်အကြီးအကဲက သမ္မတကလင်တန်ထံ တင်သည့် လျှောက်လွှာထဲတွင် သမ္မတက လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ခြင်းအားဖြင့် "မစ္စတာရစ်ချ်နှင့် မစ္စတာဂရင်း တို့သည် အမေရိကပြည်ထောင်စုတွင် နေထိုင်သည့် ၎င်းတို့၏မိသားစုများနှင့် ပြန်လည်ပေါင်းစည်းခွင့်ရသွားမည်ဖြစ် ပါသည်"ဟူသော စာပိုဒ်တစ်ပိုဒ်ပါခဲ့လေသည်။

မည်သို့ဖြစ်စေ သမ္မတကလင်တန်က လွတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်ကြေညာပြီးသည့်တိုင်အောင်လည်း ရစ်ချ် သည် အမေရိကပြည်ထောင်စု ပိုင်နက်နယ်မြေပေါ်တွင် ခြေချခြင်းမပြုတော့ပါချေ။

■

ရစ်ချ်သည် မိသားစုအတွက် အချိန်ပေးမှုနည်းလွန်းလှကြောင်း ဒနိစ်က ညည်းညူသည်။ "သီတင်းပတ်ရက်တွေ မှာ ကိုယ်မင်းတို့ကို အချိန်မပေးနိုင်ဘူး။ အဲ... စအနေနေ့တွေမှာ နာရီဝက်အချိန်ပေးပြီး တနင်္ဂနွေနေ့တွေမှာ လေးဆယ့်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ငါးမိနစ် အချိန်ပေးနိုင်တယ်''ဟု ပြောခဲ့ဖူးကြောင်း ဒနိစ်က မှတ်မှတ်ရရပြန်ပြောပြသည်။

ရစ်ချ်သည် ကိုယ်ပိုင်စီးပွားရေးလုပ်တော့မည်ဟု ၁၉၇၄ ခုနှစ်တွင် ဆုံးဖြတ်ခဲ့သည်။ ထိုသို့ ကိုယ်ပိုင်လုပ်ငန်းလုပ်တော့လည်း အခြေအနေ တိုးတက်မလာ။ သူတို့ နယူးယောက်သို့ ပြန်မပြောင်းမီ လန်ဒန်သို့ ပြောင်းခဲ့ကြသည်။ ၁၉၇၅ ခုနှစ်၊ မတ်လထဲတွင် လန်ဒန်၌ ဒင်နီယဲလ်ကို မွေးဖွားသည်။ ထိုအချိန်အထိ ဒနိစ်သည် သူမ၏ ခင်ပွန်းသည်အား အင်တိုက်အားတိုက် အားပေးကူညီဆဲဖြစ်၏။

'သူဟာ စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်နေတာ။ သူလုပ်ရမှာလည်း ဒါပဲလေ။ ကျွန်မက သူ့ကို တတ်အားသရွေ့ ကူညီပံ့ပိုးရမှာပေါ့။ ကျွန်မ နားလည်သဘောပေါက်ပါတယ်။ ကျွန်မရဲ့ ဖေဖေလည်း ဒီအတိုင်း လုပ်ခဲ့တာပဲလေ။ ကျွန်မဖေဖေ အမြဲတမ်းပြောခဲ့တဲ့စကားက ငါ့သမီး ငွေရဖို့အတွက် အမြဲ အလုပ်ကြိုးစားရမယ်။ ငွေရှိရင် ဘယ်အရာမဆိုရဲ့ ဈေးနှုန်းကို သိလာမယ်။ တန်ဖိုးဆိုတာဘာလဲဆိုတာ သိလာမယ်တဲ့လေ'

မာ့ခ်ရစ်ချ်ကတော့ သူ့ကိုယ်သူ ''ကျွန်တော်ဟာ အလုပ်လုပ်နေတဲ့ စက်ယန္တရားကြီးပဲဗျ''ဟု ထုတ်ဖော် ဝန်ခံဖူးသည်။

ဘေးပရိသတ်အမြင်တွင် ဒနိစ်သည် ငွေကြေး အလွန်ချမ်းသာသည့် သူကြွယ်ကတော်တစ်ဦး၊ လူမှုရေးပွဲလမ်းသဘင်များ ပိုင်းဝိုင်းလည်ပြီး မအားမလပ်လောက်အောင် အလုပ်များသည့် ပွဲတိုင်းကျော်အမျိုးသမီးတစ်ဦးဟူ၍ဖြစ်၏။ သို့သော် အများထင်သလိုမဟုတ်သည့် အချက်တစ်ချက်ကတော့ သူမသည် ရှေးရိုးဓလေ့ထုံးစံများကို တန်ဖိုးထားလေးစားတတ်သည့် အိမ်ရှင်မတစ်ဦးဖြစ်နေခြင်းပင်။ သူမရော မာ့ခ်ကပါ သူတို့သားသမီးများအတွေးထဲသို့ ရိုးရာဓလေ့ထုံးစံများ မြတ်နိုးစိတ်ကို ရိုက်သွင်းပေးကြသည်။

''ရိုးသားဖြောင့်မတ်မှု၊ အလုပ်ကြိုးစားမှု၊ တာဝန်ယူတတ်မှု၊ ပြီးတော့ ဂျူးဘာသာတရားအကြောင်းတွေ သိနားလည်လာအောင် သူတို့ကလေးတွေကို သင်ကြားပေးခဲ့တယ်''ဟု မာ့ခ်ရစ်ချ်က သူ့ကလေးများနှင့် ပတ်သက်ပြီး ပြောပြခဲ့သည်။ (သူကိုယ်တိုင်ကမူ အသက်တစ်ဆယ့်လေးနှစ်ကစပြီး ဂျူးဘာသာရေးဆိုင်ရာ ဘုရားရှိခိုး ဆုတောင်းစာများကို မရွတ်ဆိုတော့။ သူက ဘုရားသခင်ရှိခြင်းကို မယုံတော့သလို ဆုတောင်းမှုများလည်း မပြုလုပ်တော့။) သူ့သမီးများကိုမူ ဗိုင်းကောင်းကျောက်ဖိဖြစ်အောင် သင်ကြားလေ့ကျင့်ပေးထားသည်။ အနေအထိုင် အပြောအဆို ယဉ်ကျေးသိမ်မွေ့ရမည်။ အချိန်မှန်အိမ်ပြန်ရမည်။ ကျောင်းကပေးလိုက်သည့် အိမ်စာများ ပြီးအောင်လုပ်ရမည်။ သူကိုယ်တိုင်က ချမ်းသာကြွယ်ဝလွန်းသည့်အတွက် သူ့သမီးများကို ငွေတန်ဖိုး သိနားလည်စေလိုသည်။

''ငွေရဖို့ အလုပ်လုပ်ရမယ်ဆိုတာ သူတို့ကို သင်ပေးချင်တယ်လေ''ဟု မာ့ခ်က ပြောသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဒင်နီယဲလ်အမှတ်တရဖြစ်နေသည့် အကြောင်းကတော့ "ဖေဖေက ကျွန်မကို ဘယ်တော့မှ ရှော့...အင်္ဂဆိုင်း ပိုက်ဆံပေးလေ့မရှိဘူး။ နောက်ပြီး ကျွန်မလိုချင်တပ်မက်တဲ့ ပစ္စည်းတွေကို မေမေဝယ်ပေးသလို ဝယ်ပေးတာမဟုတ်ဘူး အဲဒီအစား ကျွန်မရဲ့ အသုံးစရိတ်ရဖို့ ကျွန်မ ပင်ပင်ပန်းပန်း အလုပ်လုပ်ရတယ်။ အသုံးစရိတ်တိုးပြီးလိုချင်ရင် အဲဒီလော ငွေနဲ့ ထိုက်တန်အောင် အလုပ်လုပ်ပေးရတယ်"ဟူ၏။

■

## မမြင်ဖူးသော ဒနီစ်အိုက်ဆင်ဘာ့ဂ်နှင့် တွေ့ဆုံဖို့ချိန်းခြင်း

မာ့ခ်နှင့်ဒနီစ်တို့သည် တစ်ဦးနှင့်တစ်ဦး မတွေ့ဖူး၊ မမြင်ဖူးဘဲနှင့် ချိန်းတွေ့ခဲ့ကြသည်။ သည်လို တွေ့ဆုံခြင်းမျိုး ဂျူးလူမျိုးများ အသိုက်အဝန်းတွင် အဆန်းမဟုတ်တော့။ မိမိ၏တစ်ဦးတည်းသော သားဖြစ်သူမာ့ခ် မိန်းမမရသေးသည် စိုးရိမ်သောသူ့မိခင် ပေါ်လာရစ်ချ်က ဒနီစ်၏ဖခင်ကြီးနှင့် ညှိနှိုင်းကာ မာ့ခ်နှင့်ဒနီစ်တို့ တွေ့ဆုံဖို့ ချိန်းပေးခဲ့ကြသည် ထိုစဉ်က ရစ်ချ်သည် အသက်သုံးဆယ့်တစ်နှစ်ရှိနေပြီး မဒရစ်မြို့ရှိ ဖီလစ်ညီနောင်များရုံးတွင် အမှုထမ်းနေသည်။ ဒနီစ် အိုက်စင်ဘာဂ့်ကတော့ မာ့ခ်ထက် ဆယ်နှစ်ငယ်သည်။ ချောသည်။ လှသည်။ သူမက ဘော့စတွန်တက္ကသိုလ်မှ ပြင်သစ်စာပေ သင်ယူနေသည်။

တစ်ဦးနှင့်တစ်ဦး မတွေ့ဖူး၊ မမြင်ဖူးဘဲ မိဘများ၏စီစဉ်ပေးမှုဖြင့် သူတို့နှစ်ယောက် နယူးယောက်တွင် ချိန်းတွေ့ သည်။ ထိုစဉ်က ၁၉၆၆ ခုနှစ်၊ နွေနှောင်းကာလ။ ထိုသို့တွေ့ဆုံပြီး ခြောက်လ အကြာတွင် ရစ်ချ်အလုပ်လုပ်နေသော စပိန်သို့ ဒနီစ်လိုက်သွားသည်။ သူတို့၏ နှစ်ဖက်မိဘများ အောင်မြင်သည်။ သူတို့နှစ်ယောက် ချစ်ကြိုက်သွားသည်

'ကျွန်မတို့နှစ်ယောက် စပိန်ပြည်မြောက်ပိုင်းမှာ နှစ်ပတ်တိတိ လျှောက်လည်ကြတယ်။ အဲဒီနောက်မှာ သူ့ လက်ထပ်ခွင့်ပြုဖို့ မာ့ခ်က ချစ်ရေးဆိုခဲ့တယ်။ ကျွန်မ နှစ်စက္ကန့်လောက်ကြာအောင် စဉ်းစားပြီး ခေါင်းညိတ်သဘော လိုက်တယ်လေ။ အဲဒီနောက် ကျွန်မမိဘတွေဆီ တယ်လီဖုန်းဆက်ပြီး ကျွန်မတို့ စေ့စပ်လိုက်ပြီလို့ အကြောင်းကြားတယ် ကျွန်မမေမေက မက်ဆာချူးဆက်မှာ တင့်တောင်းတင့်တယ် လက်ထပ်ပေးချင်တယ်။ ဒါပေမယ့် မာ့ခ်က ငြင်းတယ် သူက နှစ်ပတ်သုံးပတ်အတွင်း လက်ထပ်ချင်တာလေ'

သို့ဖြင့် ၁၉၆၆ ခုနှစ်၊ အောက်တိုဘာ (၁၀)ရက်တွင် ဝေါဆက်စတာမြို့ရှိ အီမယ်နျူယယ်ဘုရားကျောင်း

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ယက်ထပ်လိုက်ကြသည်။ သူတို့လက်ထပ်ပြီး ကိုးလတိတိကြာမြင့်သည့် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ (၁)ရက်တွင် သမီးကြီး အိုင်လိုနာကို မွေးဖွားခဲ့သည်။ မာ့ခ်တို့ဇနီးမောင်နှံသည် မဒရစ်မြို့တွင် အခြေချကြသည်။ ၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလထဲတွင် ဒုတိယသမီးဂေဘရီယယ်ကို မွေးဖွားခဲ့ပြန်သည်။

■

**မိသားစုစံများ**

ရစ်ချ်ကား အလုပ်လောဘကြီးသူ။

တစ်စက်ကလေးမျှ အနားနေသူမဟုတ်။

သူသည် သူများတကာထက် ပိုအပင်ပန်းခံပြီး အလုပ်လုပ် သည်။

သူများတကာထက် ပို၍ အချိန်များများအလုပ်လုပ်သည်။

ရုံးခန်းသို့ နံနက်(၇)နာရီကျော်ကျော်ကလေးတွင် ရောက် လာပြီး ည (၁၀)နာရီမထိုးမီ အိမ်ပြန်ရောက်လေ့မရှိ။

"သူက အမြဲတစေအလုပ်လုပ်နေတာကလား။ တစ်ခါတစ်ခါ တော့လည်း အခက်တွေ့တာပေါ့နော်"ဟု ဒနီစ်က ပြန်ပြောပြသည်။

"သူ့အလုပ်က သူ့ရဲ့ဝါသနာပဲလေ။ သူ့ဝါသနာရဲ့ နောက် ဆက်တွဲ အကျိုးဆက်ကို မိသားစုက ခံစားရတာပေါ့ရှင်"

■

**သီချင်းရေးဆရာမ ဒနီစ်**

မာ့ခ်ရစ်ချ်သည် ၁၉၈၀ ပြည့်လွန်နှစ်များ စောစောပိုင်းတွင် အကြီးအကျယ် အောင်မြင်မှုရခဲ့သည်။ သူသည် လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးလောကတွင် ဆရာကြီးတစ်ဆူ ဖြစ်နေပြီ။ တစ်နှစ်လျှင် အမြတ်အစွန်း ဒေါ်လာသန်း ၁၀၀ မှ ဒေါ်လာသန်း ၂၀၀အထိရအောင် စွမ်းဆောင်နိုင်သည့်ဆရာကြီး။ သူတို့မိသားစုသည် အခန်းဆယ်ခန်းရှိ

bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့စည်းထားသည့် တိုက်ခန်းကျယ်ကြီးဖြင့် နေထိုင်သည်။ သမီးများက အကောင်းဆုံးပုဂ္ဂလိကကျောင်းများတွင် ကျောင်းတက်သည်။ သီတင်းပတ်ကုန်ရက်များတွင် လောင်းအိုင်းလင်းရှိ လီဒိုသဲသောင်ပြင်တွင် ဆောက်ထားသည့် အပန်းဖြေဂေဟာသို့ သွားရောက် အနားယူအပန်းဖြေလေ့ရှိသည်။ သို့သော် ၁၉၈၃ခုနှစ်၊ ရစ်ချ် ဆွစ်ဇာလန်သို့ ပြေးခဲ့သည့်နောက်ပိုင်း သူတို့ဘဝသည် ယခင် မိသားစုဘဝမျိုး ဘယ်တော့မျှ ပြန်မရတော့ချေ။

သူတို့မိသားစုသည် "ကမ္ဘာ့မြို့တော်"ဟု ခေါ်ဝေါ်သတ်မှတ် ကြသည့် နယူးယောက်မြို့တော်မှ ဆွစ်ဇာလန်ရှိBaa ဆိုသည့် တောရွာကလေးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ထိုအရပ်ထိုဒေသကား သူတို့မိသားစု နေထိုင်ကျင်လည်ခဲ့သည့် နေရာဒေသမျိုးမဟုတ်ပါချေ။

ဘာပဲဖြစ်ဖြစ် ရစ်ချ်ကတော့ သူ အလွန်နှစ်သက်မြတ်နိုးသည့် အလုပ်ကို ဆက်လုပ်နိုင်ခဲ့သည်။ သူသည် နံနက် စောစောမှသည် ညနေတော်တော်မိုးချုပ်သည်အထိ အလုပ်လုပ်သည်။ သူတို့သည် ဇူးရစ်မြို့၊ ပြင်သစ်စကားပြောနယ်မြေတွင် ဖွင့်ထားသည့် နိုင်ငံတကာ ကျောင်းတွင် ကျောင်းအိပ်ကျောင်းစား နေထိုင်ပညာယူကြသည်။ သူတို့မိသားစုတွင် အမေရိကန်ဇာတိစစ်စစ်မှာ အိမ်ရှင်မဒနိစ်ဖြစ်၏။ ဒနိစ်အနေဖြင့်တော့ သူမကျင်လည်နေကျ အသိုက်အဝန်းနှင့်ဝေးကွာ သူမပေါင်းသင်းဆက်ဆံနေကျ မိတ်ဆွေအပေါင်းအသင်းများနှင့် အဆက်ဖြတ်ခဲ့ရသည့်အတွက် ဘဝနေဟန်ကို အသစ်တစ်ဖန် ပြန်စခဲ့ရလေသည်။ သူမသည် ကျရာဘဝတွင် အကောင်းဆုံးနေနိုင်အောင် ကြိုးစားခဲ့သည်။

"ကျွန်မက အိမ်မှာ အထီးကျန်နေရတဲ့အချိန်တွေက များလွန်းတော့ သီချင်းတွေ စရေးတော့တယ်။ နှစ်တော်တော် ကြာလာတော့ ကျွန်မ သီချင်းရေးတဲ့ ပညာရှင်တစ်ယောက်ဖြစ်လာတယ်"ဟု ဒနိစ်က ပြောသည်။ သို့ဖြင့် တဖြည်းဖြည်း အောင်မြင်မှုရလာပြီး "ဖရင်ကီ"ဟူသော ခေါင်းစဉ်ဖြင့် ၁၉၈၅ တွင် ထုတ်ဝေသည့် တေးအယ်ဘမ်မှာ ကမ္ဘာ့နံပါတ်တစ် ရောင်းအကောင်းဆုံး ဓာတ်ပြားဖြစ်ပြီး ဓာတ်ပြားအချပ်ရေပေါင်း ၇၅၀,၀၀၀ ကျော် ရောင်းခဲ့ရသည်။ နောက်တစ်နှစ် အကြာတွင် ထုတ်ဝေသည့် Sweet Pain of Lou ဓာတ်ပြား၏အောင်မြင်မှုကြောင့် ဒနိစ်သည် ကမ္ဘာကျော် တေးရေးဆရာမ လူတိုင်းက လိုလိုလားလား တွေ့ဆုံသိကျွမ်းလိုသည့် တေးရေးဆရာမတစ်ဦး ဖြစ်လာတော့၏။

သူမ၏အောင်မြင်မှုအတွက် သူမ၏ခင်ပွန်းသည်က ဂုဏ်ယူသည်။ ဝမ်းမြောက်သည်။ သည်လို အသိအမှတ်ပြုဖော် ရသည့်အတွက် သူမမှာ ဝမ်းသာကြည်နူးဖြစ်ရသည်။ သို့ဖြစ်သည့်တိုင် သူမ အိမ်မှာနေရသည့်အချိန် နည်းလာသည်။ ဒါကိုတော့ မှာခ်က သိပ်ပြီး နှစ်ထောင်းအားရမဖြစ်ကြောင်းတော့ သူမ ရိပ်စားမိသည်။

"သူတစ်ယောက်တည်း နေရတာကို မနှစ်မြို့ဘူးလေ။ အဲဒီလို လူမျိုးတွေဟာ တစ်ကိုယ်တည်းနေရတာကို မနှစ် မြို့ကြဘူးလေ"ဟု ဒနိစ်က ရင်ဖွင့်သည်။ သို့သော် အိမ်ထောင်သက် နှစ်နှစ်ဆယ်အတွင်း ဒနိစ်သည် သူမ၏ရည်မှန်း

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ချက်များကို ပစ်ပယ်ထားခဲ့သည်။ မှာခ်၏ ရည်မှန်းချက်များ အကောင်အထည်ပေါ်ရေးအတွက် ပါရမီဖြည့်ဖက်အဖြစ် ကျင်လည်လာခဲ့ရသည်။ ခုတော့ သူမသည် သူမ၏ကိုယ်ပိုင်ရည်မှန်းချက်များနောက်သို့ လိုက်ဖို့ အဆင်သင့်ဖြစ်နေပြီ။

■

## ရွှေဝါရောင်ဆံပင်နှင့် ထောင်ထောင်မောင်းမောင်း မိန်းမတစ်ဦး

ဒနိစ်အတွက် အောင်မြင်မှုတွေရလာလေ မှာခ်အတွက် အခြေအနေဆိုးလာလေဖြစ်တော့၏။

'မှာခ်ဟာ စိတ်ဓာတ်ကျနေတယ်။ ဒါပေမယ့် သူ စိတ်ဓာတ်ကျနေတဲ့အကြောင်းတွေ ကျွန်မ မကြားချင်ဘူးလေ။ ပြောရမယ်ဆိုရင် မိခင်တိုင်းပြည်ကို စွန့်ခွာလာခဲ့ရတာ ကျွန်မရဲ့ ချွတ်ယွင်းမှုကြောင့် မှ မဟုတ်တာ။ သူ ချွတ်ယွင်းမှုကြောင့် ဖြစ်ခဲ့ရတာလေ'

ဇနီးမောင်နှံနှစ်ယောက်အနက် တစ်ယောက်က ကျန်တစ်ယောက်၏အရိပ်အောက်မှ ရုန်းထွက်ဖို့ဆုံးဖြတ်လာသည့် တစ်နေ့တွင် မှာခ်တို့ဇနီးမောင်နှံ ကြုံတွေ့ခံစားရသည့် အတွေ့အကြုံမျိုးတွေ ကြုံရသည်မှာ အဆန်းမဟုတ်တော့။ အခြေအနေ အသစ်ကို နှစ်ယောက်စလုံး လိုက်လျောညီထွေနေမည်လား သို့မဟုတ် ကိုယ့်လမ်းကိုယ် လျှောက်လှမ်းကြမည်လား။

ရစ်ချ်တစ်ယောက် စိတ်အပြောင်းအလဲကလေးရအောင် တောင်တန်းတွေပေါ် များများတက်ဖို့ သူ့မိသားစုက အကြံပေးသည်။ နောက်ပြီး စိန့်မောရစ်မြို့သို့လည်း များများသွားလည်ဖို့ တိုက်တွန်းကြသည်။

'ကျွန်မများ အဲဒီတုန်းက နံလိုက်အလိုက်တာများလေ ဘာဆိုဘာမှမသိခဲ့ဘူးရှင့်။ စိန့်မောရစ်မှာ ဖို့ဘ်စ်မဂ္ဂဇင်း ထိပ်ဖတ်ရင်း ယောကျ်ားတစ်ယောက် အပိုင်ဖမ်းဖို့ ထိုင်စောင့်နေတဲ့မိန်းမတွေ အများကြီးရှိတယ်ဆိုတာ ကျွန်မ မသိခဲ့ဘူးလေ'

ထိုအချိန်အထိ ရစ်ချ်သည် အိမ်ထောင်ရေးဖောက်ပြန်မှု တစ်ကြိမ်တစ်ခါမျှမရှိခဲ့ကြောင်း ဒနိစ်က ပြောသည်။

ခြေတံရှည်ရှည်နှင့် ချောချောလှလှ မိန်းမငယ်ကလေးတွေ စိန့်မောရစ်တွင် စုဝေးနေတတ်ကြသည်။ ထိုနေရာသို့ ရစ်ချ် မကြာ မကြာရောက်သွားသည်ကို စိုးရိမ်ပူပန်ရမည်မှန်း ဒနိစ်မသိခဲ့။ သူမ၏ခင်ပွန်းသည်သည် မိခင်တိုင်းပြည်ကို စွန့်ခွာပြီး တိုင်တစ်ပါးတွင် နေထိုင်ရသည်ကို သူ့နှတ်မှ ဖွင့်ဟဝန်ခံသည်ထက်ပိုပြီး ဝမ်းနည်းနာကြည်းနေကြောင်း သူမ မရိပ်မိခဲ့။ ခုဆို ဆွစ်ဇာလန်သို့ သူတို့ရောက်ခဲ့သည်မှာ ခြောက်နှစ်ရှိပြီ။ ဆွစ်ဇာလန်ကား သာယာလှပသည့် တိုင်းပြည်တစ်ခုပါ။ သို့သော် တိုင်းပြည်က သေးသည်။ ကျဉ်းသည်။ ခရီးထွက်ဖို့ အလွန်ဝါသနာထုံသောရစ်ချ်အနေဖြင့်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com


သူ့ဆန္ဒရှိသလောက် ခရီးထွက်လို့မရပေ။ တခြားတစ်ဖက်တွင် ဒနိစ်ကတော့ ဘယ်နိုင်ငံဖြစ်ဖြစ် သွားလိုရာသို့ လွတ်လွတ်လပ်လပ်သွားလို့ရနေသည်။ သူမ၏ တေးသီချင်းများကို လန်ဒန်တွင် သွားရောက် အသံသွင်းသည်။ သမိုင်းဝင်ရထားမေးပြကြီး ရော်နယ်ဘရစ်အကြောင်း ရိုက်ကူးထားသည့်ရုပ်ရှင်အတွက် အသံသွင်းဖို့ ဘရာဇီးသို့သွားသည်။ သူမအတွက် လိုရာဆန္ဒတွေ ပြည့်ဝနေသည့်အချိန်ကာလပါတည်း။ သို့သော် "မာ့ခ်အတွက်တော့ လိုရာဆန္ဒတွေ ပြည့်တဲ့အချိန်မဟုတ်ဘူးရှင့်။ အဲဒီမှာ စိတ်ဝမ်းကွဲပြားမှုတွေ စလာတော့တာပဲ"ဟု ဒနိစ်က ပြောသည်။

ထိုအချိန်ထိုကာလ ၁၉၈၉ နှောင်းပိုင်းလောက်တွင် လူတွေ စတင်သတိထားမိလာသည်မှာ ရစ်ချ်သည် မိန်းမတစ်ယောက်နှင့် တွဲနေခြင်း။ သူမသည် မြူးနစ်မြို့မှ လာရောက်နေထိုင်သူ။ ချမ်းသာသော အီတာလျံစက်မှုလုပ်ငန်းရှင်ကြီး၏ဇနီး။ သို့သော် သူမ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်ခဲ့သည်။ သူမနာမည်က ဂျီဆယ်လာရှော့ဆီ။ ဂျာမန်မကလေး။ သူမက မာ့ခ်ရစ်ခ်နံဘေးတွင် အမြဲနေပြီး ရစ်ချ်၏လိုအင်ဆန္ဒမှန်သရွေ့ကို ဖြည့်ဆည်းပေးနေသူ။ ရစ်ချ်ကို စိတ်ထွက်ပေါက်ပေးနေသူ။ အမေရိကတွင်ကျန်နေသည့် ဒနိစ်၏မိခင်ကြီး သေကောင်ပေါင်းလဲ နာမကျန်းဖြစ်သဖြင့် ဝေါ်ဆက်စတာသို့ ဒနိစ် သွားနေရသည်။ ထိုအချိန်တွင် ရစ်ချ်က ဇာတ်လမ်းအသစ်စသည်။

သူမဖခင် ဇာတ်လမ်းအသစ်စနေကြောင်း စတင်သိရှိသူမှာ ဒင်နီယဲလ်။ ထိုအကြောင်းကို သမီးက မိခင်ဖြစ်သူအား သတိပေးသည်။ ဒနိစ်က သူတို့အိမ်ထောင်ရေး မပြိုကွဲအောင် တတ်နိုင်သမျှ ထိန်းသည်။

"ကျွန်မ နှစ်နှစ်လုံးလုံး ကြိုးစားခဲ့တယ်။ ကျွန်မ တတ်စွမ်းသလောက် အိမ်ထောင်ရေးမပြိုကွဲအောင်ထိန်းခဲ့တယ်။ ကျွန်မရဲ့ကလေးတွေ စိတ်မထိခိုက်စေချင်ဘူးလေ။ ကျွန်မ အစွမ်းကုန်ထိန်းခဲ့ပါတယ်။ ဒါပေမယ့် မာ့ခ်ဟာ သူ့ဇာတ်လမ်းထဲက ရုန်းမထွက်နိုင်ခဲ့ဘူး။ ဟိုမိန်းမက သူ့ကို လိုလေသေးမရှိ လိုက်လျောနေတာကိုး။ နောက်ပြီး သူ့နံဘေးမှာ အမြဲရှိနေတာလေ။ သူကချိန်းရင် အဲဒီမိန်းမက အမြဲ အချိန်အတိအကျရောက်တာရှင့်။ နောက်ပြီး အဲဒီမိန်းမက မိန်းမတို့ရဲ့ ပရိယာယ်မာယာကို တယ်ပြီး ကျွမ်းကျင်တာကိုး။ အဲဒီတော့ သူ့ကို ကောင်းကောင်းကြီး ကြိုးကိုင်သွားတော့တာပေါ့။ နောက်ပြီး သူ့ကိုကူညီနေတဲ့ အပေါင်းအသင်းတွေကလည်း များတယ်ရှင့်။ သူတို့အနေနဲ့ သူများယောကျ်ားကို ခိုးယူရတာ ပျော်ပွဲရွှင်ပွဲကြီးဖြစ်နေတာကလား။ "ကဲ…ဒီလူတစ်ယောက်ကို ညည်းအပိုင်စီးနိုင်မလားဆိုတာ ကြည့်ကြရအောင်လေ" ဆိုတဲ့ စကားမျိုးနဲ့ သူတို့အချင်းချင်း စိန်ခေါ်ကြတယ်ရှင့်။ ဒီတော့ သူ မမြင်နိုင်တဲ့ ထောင်ချောက်ထဲ ကျတော့တာပေါ့။ ယောကျ်ားတွေ အဲဒီအဖြစ်မျိုး ကြုံရလေ့ရှိတယ်လေ။ မာ့ခ်လည်း အဲဒီအတိုင်း ဖြစ်ခဲ့တာပေါ့"

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com


နောက်မကျစေနဲ့

သူတို့အိမ်ထောင်ရေးအကြောင်း မေးကြည့်သောအခါ ဒနိစ်က သူမ၏ခံစားချက်အတိုင်း ပွင့်ပွင့်လင်းလင်း ဟောယောဒိုင်းဒိုင်း ဖြေကြားသည်။ ရစ်ချ်ကမူ စကားကို ထိန်းထိန်းသိမ်းသိမ်းနှင့် သံတမန်ဆန်ဆန် ဖြေသည်။

'ဒနိစ်နဲ့ ပတ်သက်ပြီး စိတ်ပျက်စရာကလေးတွေ ကျွန်တော် တွေ့လာတယ်။ အဲဒီအချိန်မှာ ဂျီဆယ်လာနဲ့ တွေ့တာပဲ။ ဂျီဆယ်လာ ကို ကျွန်တော် သဘောကျတယ်လေ'

ဒနိစ်သည် သူမ၏တေးရေးဆရာမဘဝကို ထူထောင်နေရသည့်အတွက် မိသားစုနှင့် မကြာခဏဆိုသလို ခွဲခွာနေရခြင်းဖြစ်သည် ဆိုသည့်အချက်ကို သူ လက်သင့်မခံနိုင်ဘူးလားဟူသော မေးခွန်းကို ဖြေကြားရာ၌···

'သူက သူ့ဂီတကိစ္စတွေနဲ့ပဲ အမြဲလို အချိန်ကုန်နေတာလေ။ အဲဒါအမှန်ပဲ။ နောက်ပြီး ကျွန်တော် စိတ်အနှောင့်အယှက် ဖြစ်စေမယ့် အကျင့်ဆိုးကလေးတချို့ သူ့မှာရှိတယ်ဗျ။ အဲဒီအထဲက တစ်ခုကတော့ အချိန်နောက်ကျလေ့ရှိတာပဲ။ ခုထိလည်း နောက်ကျနေဆဲပဲ'

နှစ်နှစ်လောက် ကြိုးစားထိန်းသိမ်းပြီးနောက် ဒနိစ်သည် စိတ်လျှော့လိုက်သည်။ သူတို့နှစ်ဦး တရားဝင်ကွာရှင်း ပြတ်စဲကြတော့၏။ ဒနိစ်က အမေရိကသို့ ပြန်သည်။ ၁၉၉၂ခုနှစ်၊ ဧပြီလတွင် ဆွစ်ဇာလန်တရားရုံးတော်သို့ ဦးတိုက် လျှောက်ထားသည်။ ရစ်ချ်ထံမှ နစ်နာကြေးရလိုကြောင်း။

ဆွစ်တရားဥပဒေအရဆိုလျှင် လင်မယားကွာရှင်းပြတ်စဲလျှင် လက်ထက်ပွားစည်းစိမ်ဥစ္စာ၏ ထက်ဝက်ကို ဇနီး ဖြစ်သူက ပိုင်ဆိုင်ခွင့်ရှိသည်ဆိုသည်ကို ဒနိစ်က သိထားသည်လေ။

ဒနိစ်၏ရှေ့နေ လျှောက်ထားချက်ကို သိရသည်နှင့် ရစ်ချ်၏ ရှေ့နေများက ကမ်းလှမ်းချက်တစ်ခု ကမ်းလှမ်းသည်။ ၎င်းကမ်းလှမ်းချက်ကား ဒေါ်လာ(၃.၃၃)သန်းပေးမည်ဟူ၏။

'တကယ်တမ်းမှာ မာ့ခ်ဟာ စေတနာသဒ္ဓါတရားပြည့်ဝတဲ့လူဗျ။ ဒါပေမယ့် ဒီကိစ္စမှာ သူ့တုံ့ပြန်ချက်က တော်တော် ကြီး ထူးခြားနေတယ်။ သူ့ဘက်က ပြန်ပြီးပေးတဲ့ ကမ်းလှမ်းချက်ဟာ တစ်ဖက်လူကို စော်ကားလိုက်သလိုပဲ"ဟု ရစ်ချ်၏ မိတ်ဆွေတစ်ယောက်က ဝေဖန်ခဲ့လေသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

## ကျွန်မတို့မိသားစုဘဝကို မာ့ခ်က ဖြိုခွဲ ဖျက်ဆီးခဲ့တာ

ရစ်ချ်၏ကမ်းလှမ်းချက်ကို ဒနိစ်ကလည်း မောက်မာကျော်စော် ကားမှုဟု ရှုမြင်သည်။ သည်တော့ သူမဘက်ကလည်း တတ်နိုင်သမျှ ပြင်းပြင်းထန်ထန် ပြန်လည်တိုက်ခိုက်တော့၏။ သူမက ဆွစ်ဇာလန်တွင် ရောင်းအကောင်းဆုံး အတင်းအဖျင်း မဂ္ဂဇင်းတစ်စောင်က လူတွေ့မေးမြန်းသည်ကိုပင် လက်ခံဖြေကြားခဲ့သည်။ ထိုအခါ သူတို့၏ရန်ပွဲသည် အောက်လမ်းနည်း တွေပါသုံးသည့် ရန်ပွဲဖြစ်လာတော့၏။

'ကျွန်မယောကျ်ားချမ်းသာတဲ့ ဘီလျံပေါင်းများစွာရဲ့တစ်ဝက် ကို ကျွန်မလိုချင်တယ်။ ကျွန်မတို့ရဲ့ မိသားစုဘဝကို မာ့ခ်က ဖြိုခွဲ ဖျက်ဆီးခဲ့တာ။ ကျွန်မက ကိုယ့်လင်သားအပေါ် အရမ်းရိုင်းပင်း စည်းစောင့်ခဲ့တဲ့ မယားတစ်ယောက်ပါ။ နှစ်ဆယ့်ငါးနှစ်လုံးလုံး ရင်သွေးတွေကို ကြည့်ရှုစောင့်ရှောက်ခဲ့တာ။ သူ့ရဲ့ အပုပ်အရှုပ်သတင်းတွေကြောင့် ကျွန်မတို့ အရှက်ရခဲ့တယ်။ လူအများ တံတွေးခွက်မှာ ပက်လက်မျောခဲ့ရတယ်။ ရစ်ချ်ဟာ ရာဇဝတ်ကောင်တစ်ယောက်လို အစွပ်စွဲခံရတုန်းကတောင် ကျွန်မ သူ့နံဘေးမှာ မားမားရပ်ခဲ့တယ်။ ခုတော့ သူက တခြားမိန်းမတစ်ယောက်နဲ့ ဖောက်ပြန်ပြီး ကျွန်မကို ကျေးဇူးဆပ်လိုက်ပြီလေ။ အဲဒါဟာ ကျွန်မနဲ့ ကျွန်မတို့ရဲ့ ကလေးတွေကို လူသိရှင်ကြား အရှက်ခွဲလိုက်တာပဲပေါ့ရှင်'

အတင်းအဖျင်းမဂ္ဂဇင်းထဲတွင် ဒနိစ်က အထက်ပါအတိုင်း ကြွေးကြော်ခဲ့လေသည်။

■

## ဒနိစ်အတွက် ဒေါ်လာ (၃၆၅)သန်း

ရစ်ချ်၏ကုမ္ပဏီများ ဖွဲ့စည်းထားပုံမှာ ရှုပ်ထွေးလှသော ကွန်ရက်တစ်ခုဖြစ်သည်။ သူ့လက်အောက်တွင် ကုမ္ပဏီပေါင်းနှစ်ရာကျော်ရှိပြီး ကမ္ဘာ့တိုက်ကြီးများတွင် ဖြန့်ကြက်ထားသည့် ကုမ္ပဏီခွဲ ပေါင်းမြောက်မြားစွာရှိရာ အတိုချုံးဆိုရသော် ရစ်ချ် ဘယ်ရွေ့ဘယ်မျှ ချမ်းသာကြောင်း အနီးစပ်ဆုံးခန့်မှန်းနိုင်ဖို့ပင် ခက်ခဲလှချေသည်။

သည်တော့ သူတို့၏ တရားရင်ဆိုင်မှုမှာ အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်လာတော့၏။ လူတိုင်း မြိန်ရေရှက်ရေ ပြောကြသည့် အရှုပ်အပုပ်ဇာတ်လမ်းကြီး ဖြစ်လာတော့၏။ နောက်ဆုံး တစ်စုံတစ်ဦးက ဝင်မထိန်းလျှင် မဖြစ်တော့သည့် အနေအထားတွင် ဒနိစ်၏ဖခင်ကြီးက ဝင်ထိန်းရတော့သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အင်မီးလ်အီဆင်ဘာ့ဂ်သည် မာ့ခ်ရစ်ချ်ကို အလွန် ချစ်ခင်မြတ်နိုးသည်။ ရစ်ချ်အား ရာဇဝတ်ကောင်အဖြစ် စွပ်စွဲကာ နှိပ်တင်စစ်ဆေးဖို့ ကြိုးပမ်းကြသည့်ကာလတစ်လျှောက်လုံး ရစ်ချ်ဘက်မှ မားမားရပ်ခဲ့သူ။ ထိုနည်းတူစွာပင် မိမိ၏ဖခင်ရင်းကို သတိရစေသည့် ယောက္ခမကြီးကို ရစ်ချ်ကိုယ်တိုင်ကလည်း လေးစားသည်။ ရှိသေသည်။ ၁၉၇၄ခုနှစ်တွင် ရစ်ချ် ကိုယ်ပိုင်ကုမ္ပဏီ စတင်တည်ထောင်စဉ်က လိုအပ်နေသော ငွေကြေးအရင်းအနှီးကို လက်မတွန့်ဘဲ ထုတ်ပေးခဲ့သည့် ယောက္ခမကြီး၏ကျေးဇူးကို သူမမေ့။ ယခု အီဆင်ဘာ့ဂ်က ဆွစ်ဇာလန်သို့လာသည်။ ရစ်ချ်တို့လင်မယား ဖြစ်ပွားနေသည့်ရန်ပွဲ ကို ဖျန်ဖြေစေ့စပ်ပေးဖို့ရောက်လာခြင်း။

"ရှေ့နေတွေလုပ်တာနဲ့ ဖာတ်လမ်းက အရှုပ်ကြီး ရှုပ်လာပြီ" ဟု သူ့သမက်ကို ပြောသည်။ "ဒီကိစ္စကြီးတစ်ခုလုံးကို တို့တစ်တွေ အမိပ္ပာယ်ရှိရှိ ရှင်းကြရအောင်" နောက်ဆုံးတော့ မာ့ခ်ရစ်ချ်နားဝင်အောင် ပြောနိုင်မည့်သူတစ်ဦး ပေါ်လာလေပြီ။

သို့ဖြင့် ၁၉၉၆ ခုနှစ်၊ ဇွန် (၁၄)ရက်တွင် သူတို့နှစ်ဦး အပြီးအပိုင် ကွာရှင်းပြတ်စဲလိုက်ကြ၏။ သူတို့အိမ်ထောင်ရေးသည် နှစ်ပေါင်းသုံးဆယ် သက်တမ်းရှည်ခဲ့သည်။ ကွာရှင်းမှုအတွက် ဘယ်လို အပေးအယူလုပ်ကြကြောင်း ထုတ်ဖော်ပြောဆို ခြင်းမရှိ။ သူတို့နှင့်နီးစပ်ပြီး သတင်းမှန်သိကြားနိုင်သော အသိုက်အဝန်းကတော့ ဒနိစ်သည် နစ်နာကြေးအဖြစ် ဒေါ်လာ ၃၅၆ သန်းရသည်ဟူ၏။ ဒေါ်လာ (၃၆၅)သန်းကို နှစ်လီခွဲပေးခဲ့သည်ဆို၏။ သူတို့ကုမ္ပဏီ၏ အစုရှယ်ယာရှင်လေးဦး၏ အနီးများနည်းတူ ဒနိစ်သည်လည်း ခင်ပွန်းသည်၏ အစုရှယ်ယာတစ်ဝက်ကို ပိုင်ဆိုင်ခွင့်ရှိသည်။ မာ့ခ်ရစ်ချ်+ကုမ္ပဏီ၏ အစုရှယ်ယာ (၁၃.၉၁)ရာခိုင်နှုန်းကို သူမပိုင်ဆိုင်သည်။

ထိုမျှလောက်သော ငွေကြေးပမာဏကို နစ်နာကြေးအဖြစ် ပေးလျော်ခဲ့ရသည်ဆိုတာ မှန်ပါသလားဟူသော မေးခွန်း တို့မှ သူက "အင်း...အမှန်တရားနဲ့ သိပ်မဝေးလှပါဘူး"ဟု ပြုံးပြုံးကြီးလုပ်ပြီး ဖြေကြားခဲ့လေသည်။

■

## ကျွန်တော့်ရဲ့ အကြီးမားဆုံးရှုံးနိမ့်မှု

သူတို့နှစ်ဦး ကွာရှင်းပြတ်စဲပြီး ခြောက်လအကြာ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၆)ရက်တွင် ရစ်ချ်သည် ဂျီဆယ်လာနှင့် အရားဝင်လက်ထပ်လိုက်သည်။ သူတို့နှစ်ယောက် ချစ်ဖော်အဖြစ် တွဲခဲ့ သည်မှာ နှစ်ပေါင်းတော်တော်ကြာခဲ့လေပြီ။

ရစ်ချ်နှင့် ဂျီဆယ်လာတို့၏အိမ်ထောင်ရေးသည် ပျော်ရွှင်ချမ်းမြေ့သောအိမ်ထောင်ရေး ဖြစ်လာခဲ့။ ရစ်ချ်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဘ၀ခရီးတစ်လျှောက်တွင် အကြီးမားဆုံး ရှုံးနိမ့်မှုရှိခဲ့လျှင် ထိုအဖြစ်သည် ဘာဖြစ်မည်လဲဟု မေးကြည့်ရာ ရစ်ချ်က အချိန်ယူပြီး စဉ်းစားသည်။ ပြီးတော့ "စီးပွားရေးလုပ်ငန်းအရလား" ဟု ပြန်မေးသည်။ စီးပွားရေးလုပ်ငန်း တစ်မျိုးတည်းကို ရည်ရွယ်ပြီး မေးခြင်းမဟုတ်ကြောင်း ကျွန်တော်က ပြန်ပြောသောအခါ ရစ်ချ်က…

"အမေရိကမှာ ရင်ဆိုင်ရတဲ့ စွပ်စွဲမှုကြီးပြီးရင် ကျွန်တော့်ရဲ့ အကြီးမားဆုံးရှုံးနိမ့်မှုဟာ ဂျီဆယ်လာနဲ့ ဒုတိယ အိမ်ထောင်ပြုလိုက်ခြင်းပါပဲ" ဟု မထင်မှတ်လောက်သော ပွင့်လင်းမှုဖြင့် ဖြေကြားခဲ့၏။ ထိုအခါ ဒုတိယအိမ်ထောင်ရေးသည် ဘယ်အကြောင်းတွေကြောင့် မအောင်မြင်ပါသလဲဟု စပ်စုကြည့်ရာ…

"အစပထမပိုင်းမှာ တော်တော်နိပ်တာဗျ။ အဲဒီနောက်မှာတော့ ဓနဥစ္စာ၊ ငွေကြေးနဲ့ပတ်သက်ပြီး သူဟာ အကျင့်ပျက်လာ တယ်။ သူက ကျွန်တော်ပေးတာထက် ပိုလိုချင်တယ်။ ကျွန်တော်က ငြင်းတယ်ပေါ့ဗျာ" ဟု ရှင်းပြသည်။

"ခင်ဗျားက ဒနိစ်ကိုကွာရှင်းပြတ်စဲလိုက်တဲ့အတွက် နောင်တ မရမိဘူးလား" ဟူသော မေးခွန်းကို သူက "ဟင့်အင်း နောင်တ မရပါဘူး။ ဒါပေမယ့် ဂျီဆယ်လာကို လက်ထပ်မိတဲ့ အတွက်တော့ နောင်တရတယ်" ဟု ဖြေကြားပါသည်။

သူသည် ၂၀၀၅ ခုနှစ်၊ ဇွန်လ(၁၅)ရက်တွင် ဒုတိယအကြိမ် ကွာရှင်းပြတ်စဲမှု ပြုလုပ်ပြန်သည်။ သည်တစ်ကြိမ် ကွာရှင်းပြတ်စဲမှုသည်လည်း ငွေကြေးအမြောက်အမြားကုန်ကျသည့် ကွာရှင်းပြတ်စဲမှုလားဟူသော အမေးကိုမူ…

"အဲဒီကိစ္စကြီးကို ကျွန်တော် သတိမရချင်ပါဘူး" ဟု ဖြေသည်။

"ဒနိစ်တုန်းကလောက်ပဲ ပေးရတာလား" ဟု ကျွန်တော်က ထပ်ကွန့်ပြီး မေးကြည့်ရာ သူက ဟက်ခနဲ တစ်ချက် ရယ်သည်။ ပြီးမှ "အဲဒီထက်အများကြီး နည်းပါတယ်" ဟု အဖြေပေးလေသည်။

■

the bookhouse
we bring you future

www.burmeseclassic.com

www.burmeseclassic.com


## အခန်း-၁၇
## ရေနံရာဇာ၏နိဂုံး

ရစ်ချ်၏ ရွှေရောင်ကာလများသည် ၁၉၇၀ ပြည့်လွန်နှစ်များနှင့် ၁၉၈၀ ပြည့်လွန်နှစ်များဖြစ်သည်ဆိုလျှင် ၁၉၉၀ ပြည့်လွန်နှစ်များသည် ရစ်ချ်အတွက် မှောင်မိုက်ဆုံးနေ့ရက်များဟု သတ်မှတ်ရပေမည်။ ယင်းနှစ်ကာလများအတွင်း သေဆုံးခြင်း၊ ကွာရှင်းပြတ်စဲခြင်းနှင့် လုပ်ငန်းများ ထုခွဲရောင်းချရခြင်းတို့ကို ရင်ဆိုင်ခဲ့ရသည်။ ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလတွင် သူ့သမီး ကွယ်လွန်ခဲ့သည့်အတွက် ကြေကွဲဝမ်းနည်းမှုဖြစ်ရခြင်းကို နောက်ထပ် နာကြည်းကြေကွဲဖွယ်အဖြစ်ရိုင်းနှင့် ကြုံရပြန်သည်။ ယင်းအဖြစ်ရိုင်းကား နှစ်ပေါင်းသုံးဆယ်လောက်ရှိသည့် အိမ်ထောင်ရေး ပြိုကွဲသွားခြင်း သို့မဟုတ် ချစ်ဇနီး ဒနိစ်နှင့် ကွာရှင်းပြတ်စဲရခြင်း။ ထိုနှစ်ထိုကာလများအတွင်း သူသည် မကြုံစဖူး အထူးဆိုးရွားသော ငွေကြေးဆိုင်ရာ အရှုံးတစ်ရပ်နှင့်လည်း ကြုံခဲ့ရသည်။ တစ်နည်းဆိုသော် တွက်သားမကိုက်သော အရောင်းအဝယ်တစ်ခုကြောင့် ဒေါ်လာ (၁၇၂)သန်း အရှုံးပေါ်သွားခြင်း။ တွက်သားမကိုက်သော ယင်းဝယ်ရောင်းကိစ္စတစ်ခုတည်းကြောင့် သူ့ကုမ္ပဏီကို ရောင်းပစ်ရသည်အထိ အခြေအနေဆိုးခဲ့သည်။

ပြဿနာစခဲ့သည်မှာ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လထဲတွင် ဖြစ်၏။ လုပ်ဖော်ကိုင်ဖက်များက လောင်းကစားသမားကလေးဟု ကင်ပွန်းတပ်ခံရသည့် လူငယ်ကုန်သည်ကလေးတစ်ဦးက တစ်ချိန်တည်းမှာပင် အပွကြဲဖို့ ကြိုးစားသည်။ လွန်ခဲ့သည့်နှစ်များအတွင်းကတော့ သည်လူငယ်ကလေး စွမ်းဆောင်ခဲ့သည့် အလူမီနမ်အရောင်းအဝယ်တို့မှာ များ အောင်မြင်ခဲ့သည်ချည်း။ ထို့ကြောင့် လွန်ခဲ့သည့်နှစ်အနည်းငယ်

www.burmeseclassic.com


တုန်းက သည်လူငယ်ကလေး ရာထူးတိုးခဲ့သေးသည်။ ခုတော့ သူက အကြံကြီးကြီး ကြံနေပြီ။ ကမ္ဘာ့သတ္တုဈေးကွက်ကို အပိုင်စီးရေး။ သူက ဖြိုင်ဘက်များထက်သာအောင် သွပ်သတ္တုများကို ပုံအောပြီး ဝယ်ထားဖို့ဆုံးဖြတ်သည်။ ဈေးကွက်ထဲတွင် ဖောဖောသီသီရောင်းဖို့ မကျန်လောက်အောင် သိမ်းကျုံးဝယ်ပစ်မည်။ သို့ဆိုလျှင် သွပ်ဈေးတွေခေါင်ခိုက်အောင် ထိုးတက်လာလိမ့်မည်။ သည်တော့မှ သူ့လက်ထဲမှ သွပ်များကို နည်းနည်းချင်းချွေပြီး ထုတ်ရောင်းမည်။ အလွန်မတန် အရဲကိုးစွန့်စားရမည့်စီမံကိန်း။

သို့ဖြင့် သူတို့သည် သွပ်သတ္တုများကို လက်ကြီးကြီးဖြင့် ဝယ်လှောင်ကြ၏။ ဈေးကွက်ထဲတွင် သွပ်ရောင်းဖို့ မကျန်လောက်အောင် ပုံအောဝယ်ကြ၏။ သူတို့ဝယ်ခဲ့သည့် သွပ်များမှာ စုစုပေါင်း တန်တစ်သန်းလောက်ရှိသည်။ နှစ်စဉ် ကမ္ဘာ့သွပ်ထွက်နှုန်း၏ (၂၀)ရာခိုင်နှုန်းရှိသည်။ ယင်းပမာဏအတွက် ရင်းနှီးမြှုပ်နှံငွေမှာ ဒေါ်လာ (၁)ဘီလျံဖိုးရှိသည်။

■

## ရစ်ချ်၏လုပ်သက်တစ်လျှောက် အရှုံးကြီးရှုံးသည့်ပွဲ

ကနဦးပိုင်းတွင် သူတို့တွက်ထားသည့်အတိုင်း ဖြစ်ပေါ်လာသည်။ သီတင်းပတ်အနည်းငယ်အတွင်း ရှိဆင်သာ (ထိုလူငယ်)နှင့် အပေါင်းအသင်းများသည် သွပ်ဈေးကို ဆွဲတင်နိုင်ခဲ့သည်။ မကြာ စဖူး ထူးထူးကဲကဲ သွပ်ဈေးတွေတက်သည်။ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလတွင် သွပ်ဈေးသည် တစ်တန်လျှင် ဒေါ်လာ ၁၄၀၀ သို့ ထိုးတက်သွားသည်။ ထိုအချိန်က သူတို့အောင်မြင်နေသည်။ သို့သော် သူတို့၏ လျှို့ဝှက်သိပ်သည်းစွာ ကြံစည်ခဲ့သည့် သူတို့၏မဟာစွန့် စားခန်းကြီးအကြောင်း သတင်းပေါက်ကြားသွားသည်။ ဈေးကွက် အတွင်း ဖြစ်နေကျမဟုတ်သည့်ဖြစ်ရပ်များ ဖြစ်ပေါ်နေသည်ဖြစ်ရာ လူအများ စိတ်ဝင်စားလာသည်။ စပ်စု စုံစမ်းလာကြသည်။ နောက်ဆုံးတော့ ရစ်ချ်အား ဝိုင်းပြီး လက်ညှိုးထိုးကြတော့၏။ သည်တော့ ကြိမ်တော့ သူတို့စွပ်စွဲတာ မှန်သွားသည်။

သို့ဖြင့် ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလအရောက်တွင် သွပ်ဈေးနှုန်းသည် တစ်တန်လျှင် ဒေါ်လာ ၁,၀၅၀ သို့ ပြန်ကျသွားသည်။

"ကျွန်တော်တို့မှာ ထွက်ပေါက်မရှိတော့ဘူး။ လက်ထဲမှာမိနေတဲ့ပစ္စည်းတွေကို မြန်မြန်ထက်ထက် ထုတ်ရောင်းစရာ ရှိတော့ တယ်။ ဒါမှ အရှုံးသက်သာမယ်လေ" ဟု ရစ်ချ်ကုမ္ပဏီမှ ဒါရိုက်တာ တစ်ဦးက ထုတ်ပြောသည်။ နောက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စာရင်းချုပ်လိုက်တော့ သူတို့ ကုမ္ပဏီဒေါ်လာ (၁၇၂)သန်း အရှုံးပေါ်သွားသည်။ ကုန်သည်ကလေး ရိုဆင်ဘာဂ့်သည်လည်း ကုမ္ပဏီမှ ထွက်သွားရလေသည်။

ထိုသို့ ရှုံးပွဲကြီးနှင့် ရင်ဆိုင်လိုက်ရသည့်အတွက် ရစ်ချ်သည် ငွေကြေးဆုံးရှုံးရသည်သာမက သိက္ခာပါကျခဲ့ရလေသည်။ သူ့ထက် သမ္မာရင့်သည့် သတ္တုပစ္စည်းကုန်သည်များက ဤ စွန့်စားမှုကို မပြုလုပ်ဖို့ တားခဲ့ကြသေးသည်။ အရံကိုးရမှုက များလွန်းကြောင်း အကြောင်းပြခဲ့ကြသည်။ ဒါကို ရစ်ချ် နားမထောင်ခဲ့။ ရိုဆင်ဘာဂ့်ကို ချွန်းအုပ်ဖို့ ကြိုးစားခဲ့။

ရစ်ချ်၏အပြုအမူများသည် သမ္မာရင့်သတ္တုကုန်သည်များကို စိန်ခေါ်သလို ဖြစ်ခဲ့၏။ တကယ်တော့ သတ္တုပစ္စည်းတွင် ဆရာတစ်ဆူ ခေါ်ရလောက်အောင် ကျွမ်းကျင်သူများမှာ ထိုဆရာကြီးတွေ ဖြစ်သည်။ ရစ်ချ်မဟုတ်။

'မာ့ခ်ရဲ့ အသိပညာကို ကျွန်တော်တို့ အထင်မသေးပါဘူး။ ဒါပေမယ့် သွပ်ဆိုတဲ့ သတ္တုပစ္စည်းကျတော့ သူ ဒီလောက်ကြီး ကျွမ်းကျင်တာမဟုတ်ဘူးလေ။ ကျွမ်းကျင်တာက သူ ရေနံအရောင်းအဝယ်ပါ'

သူ့ကို သမ္မာရင့်ကုန်သည်ကြီးများကသာ အပြစ်တင်သည်မဟုတ်။ သူ့လက်အောက်ခံ မန်နေဂျာများ၏ ရိုင်းပင်းမှုကိုပါ ဆုံးရှုံးခဲ့ရသည်။ ယင်းဖြစ်ရပ်များ၏ နောက်ဆက်တွဲအကျိုးဆက်ကတော့ သူ့ကုမ္ပဏီကိုပါ ရောင်းချလိုက်ရခြင်း ဖြစ်တော့၏။

■

## ကွဲခွာမှုများ

မာ့ခ်ရစ်ချ်+ကုမ္ပဏီဖွဲ့စည်းပုံမှာ ကျစ်လျစ်သည်။ သိပ်သည်းသည်။ ကုမ္ပဏီအမှုထမ်းများအားလုံး မိသားစုတစ်ခု အရွယ် ခင်မင်ကြသည်။ တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီကြသည်။ အထက်အောက် ဆက်ဆံရေးပြေလည်သည်။ သို့သော် သွပ်ကိစ္စကြီးပေါ်ပြီးနောက်ပိုင်း ကုမ္ပဏီဝန်ထမ်းများ၏စည်းလုံးမှုသည် ဝါးအစည်းပြေသလို ပြေတော့၏။

ထိုအထဲမှ အစိကပြယုဂ်မှာ စထရော့သော့ဆိုသည့် ဂျာမန် လူမျိုး ဒါရိုက်တာတစ်ဦး အလုပ်ထွက်သွားခြင်းပင်။ စထရော့သော့ သည် ကုမ္ပဏီတွင် လုပ်သက်(၁၅)နှစ်လောက်ရှိခဲ့ပြီး နောက်ဆုံးနှစ် နှစ်တွင်မှ ရစ်ချ်၏ညာလက်ရုံးဖြစ်လာသူ။ ထိုနောက်တွင်တော့ သူတို့နှစ်ဦး ပဋိပက္ခဖြစ်တော့၏။ ကုမ္ပဏီအုပ်ချုပ်ပုံအုပ်ချုပ်နည်းများတွင် သူတို့နှစ်ယောက်

the bookhouse we bring you future
www.burmeseclassic.com

www.burmeseclassic.com



အမြင်တွေကြာ။ သည်တော့ ရစ်ချ်အနေဖြင့် တဖြည်းဖြည်း နောက်ဆုတ်ပေးပြီး သူ့ကို အုပ်ချုပ်ခွင့်ပေးဖို့ စထရော့သော့
က ထောင်းဆိုသည်။ သည်တွင် နှစ်ဦး စိတ်ဝမ်းကွဲပြီး စထရော့သော့ အလုပ်ထွက်သွားတော့၏။

ထို့နောက်တွင်တော့ ရစ်ချ်အားကိုးအားထားပြုရသည့် မန်နေဂျာနှစ်ယောက် ထွက်ပြန်သည်။ ကာလတိုတိုအတွင်း
သူ့ ကုမ္ပဏီတွင် အမှုထမ်းခဲ့သည့် လုပ်သက်ရင့် အမှုထမ်းတွေ တစ်ဦးပြီးတစ်ဦး ကုမ္ပဏီကို စွန့်ခွာသွားကြသည်
အရေးအကြောင်းဆိုလျှင် သူ့ဘက်ကမားမားရပ်ပြီး သူ့နံဘေးတွင် ရှိနေခဲ့သူတွေ သူ့ကို ကျောခိုင်းသွားကြပြီ။ ရုတ်တရက်
ဆိုသလို ရစ်ချ်တစ်ယောက် အထီးကျန် ဖြစ်သွားလေပြီ။ သူ့နံဘေးတွင် အကြံကောင်းဉာဏ်ကောင်းပေးမည့်သူမျ
မရှိတော့။ သူနှင့် သေအတူရှင်မကွာ တိုက်ပွဲဝင်ခဲ့သည့် ပင်ကီဂရင်းသည်ပင် ၁၉၉၀ နှစ်ကုန်ပိုင်းတွင် အလုပ်ထွက်သွားသည်
သည်တော့ ရစ်ချ်သည် အမှားတွေ တစ်ခုပြီးတစ်ခု ကျူးလွန်နေမိတော့၏။

■

*သင် ငါးကို မိအောင်မဖမ်းနိုင်လျှင်*

ရစ်ချ်နှင့်ပတ်သက်ပြီး သူ့ကုမ္ပဏီတွင် အလုပ်လုပ်သည့် ကုန်သည်တစ်ဦးက အောက်ပါအတိုင်း ဖွင့်ပြောခဲ့သည်
'မှာခ်ဟာ အကြီးအကျယ် သိက္ခာကျခဲ့တာကလား။ အရက် ကို တရားလွန်သောက်ခဲ့တယ်။ နေ့လယ်နေ့ခင်းဆိုရင်
သူ့အလုပ် စားပွဲပေါ်မှာ ဝီစကီဖန်ခွက်တွေ တွေ့နေပြီ။ နောက်ပြီး ဆေးလိပ် လည်း အရမ်းသောက်တာဗျ။ သူ့မိတ်ဆွေတွေ
သူ့ကျန်းမာရေးအတွက် စိုးရိမ်ပူပန်ကြတော့တာပေါ့။ သူဟာ ဘေးလူတွေ သည်းမခံနိုင်လောက်အောင် အကျင့်ပျက်နေတ
ကလား။ သူဟာ ဗိုလ်ကျ လွန်းလာတယ်။ မှုမှုတတ မရှိတော့ဘူး။ နောက်ပြီး ထိန်းထိန်းသိမ်းသိမ်း မရှိတော့ဘူး
အဆိုပါနေ့ရက်များအတွင်း ရစ်ချ်၏အနေအထားကို ဤသို့ပင် ဝေဖန်သုံးသပ်ကြသည်။ ဤသို့ ရစ်ချ်၏ စိတ်ဓာတ်
ဆိုးရွား ပျက်ယွင်းရခြင်းအတွက် အကြောင်းရှာမည်ဆိုလျှင် အကြောင်းတရား ပေါင်းတော်တော်များများ ရှိပါသည်
သိသာထင်ရှားသော အကြောင်းတရားတစ်ခုမှာ သူ၏ ကိုယ်ရေးကိုယ်တာကိစ္စများ။ ထိုအထဲတွင် ဒနိစ်နှင့် ကွာရှင်းရခြင်း
သည် ထိပ်ဆုံးက အကြောင်းတရားပါတည်း။ ဤအကြောင်းတရားကြီးက ရစ်ချ်ကို စိတ်ဓာတ်ရေးရာအရကော စီးပွား
အရပါ ထိခိုက်ပျက်စီးစေခဲ့သည်။ သည်အထဲ ဗဟိုအစိုးရ ထောက်လှမ်းရေးသမားများကလည်း တစ်မှောင့်။ သူတို့
သူ့ကို ဘေးကျပ်နံကျပ်ဖြစ်အောင် အနှောင့်အယှက်ပေးခဲ့ကြသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် မာရှယ် ကင်ဟီးလ်၏စကားအတိုင်း ပြန်လည် တင်ပြရမည်ဆိုလျှင်···

"နာမည်ကျော် အီရန်ထောက်လှမ်းရေးအဖွဲ့ ဆာဗက် (S.A.V.A.K)ရဲ့ ဆောင်ပုဒ်ကို ကျွန်တော်တို့က စွဲကိုင်ကျင့်သုံးခဲ့ကြတယ်။ သူတို့ရဲ့ ဆောင်ပုဒ်က "သင် ငါးကို မိအောင်မဖမ်းနိုင်လျှင် ရေတွေခန်းအောင် ကဲ့ထုတ်လိုက်ပါ"တဲ့လေ။ ကျွန်တော်တို့ အဲဒီဆောင်ပုဒ်အတိုင်း လိုက်နာကျင့်သုံးတော့ အရမ်းအောင်မြင်တယ်ဗျ။ ဆိုလိုတာက သူ့ကို ရုံးတင်တရားစွဲပြီး အပြစ်ပေးနိုင်ဖို့ တခြားနည်းလမ်းပေါင်းစုံကို အသုံးပြုခဲ့တာပေါ့။ သူ့ကို အမိမဖမ်းနိုင်ဘူးဗျာ။ ဒီတော့ သူ ပျက်စီးရာပျက်စီးကြောင်းကို နည်းမျိုးစုံနဲ့ အားထုတ်ခဲ့ကြတာပေါ့ဗျာ"ဟူ၏။

ရစ်ချ်သည် လျှို့ဝှက်သိုပ်သည်းလွန်းသူဖြစ်၏။ သူ့အကြောင်း လူများများမသိလေ သူက သဘောကျလေ။ ထိုအခါ သူ့ပြိုင်ဘက် စီးပွားရေးလုပ်ငန်းရှင်များက သူ့အကြောင်း လူပြောသူပြောများအောင် ဆွပေးလိုက်လျှင် သူ့လုပ်ငန်းတွေ ထိခိုက်ပျက်စီးသွားနိုင်ကြောင်း သိမြင်သဘောပေါက်လာကြသည်။ ၁၉၉၀ ပြည့်လွန်နှစ်များစောစောပိုင်းတွင် ရစ်ချ်၏ နာမည် သတင်းစာများထဲတွင် ဟိုးလေးတကျော်ပါစေမည့်အရေးကြီးဖြစ်ရပ်နှစ်ခု ဖြစ်ပေါ်ခဲ့သည်။ ပထမဖြစ်ရပ်မှာ ၁၉၉၀ ခုနှစ်၊ အောက်တိုဘာလတွင် ဗာဂျီးနီးယားအနောက်ပိုင်းရှိ ရစ်ချ်ပိုင် အလူမီနမ်ကုမ္ပဏီတွင် အလုပ်သမားအရေးအခင်း ပေါ်ပေါက်ခဲ့ခြင်း။ အလုပ်သမား တစ်ထောင့်ခုနှစ်ရာသည် လခတိုးမြှင့်ပေးဖို့ တောင်းဆိုရင်း သပိတ်မှောက်ဆန္ဒပြကြသည်။ ကုမ္ပဏီအုပ်ချုပ်ရေးပိုင်းက အလုပ်သမားများအား စက်ရုံတွင်း ဝင်ခွင့်မပြုဘဲ စက်ရုံကို သော့ခတ်ထားသည်။ ၄င်းတို့နေရာတွင် အလုပ်သမားသမဂ္ဂမဝင်သော အလုပ်သမားများဖြင့် အစားထိုးပစ်လိုက်သည်။ ထိုအခါ အမေရိကသံမဏိလုပ်သားတပ်ပေါင်းစုက ဝင်ရောက် စည်းရုံးလှုံ့ဆော်တော့၏။ သူတို့က နိုင်ငံတကာ၏ ထောက်ခံမှုရအောင် စည်းရုံးသည်။ လှုံ့ဆော်သည်။ သူတို့ အောင်မြင်သည်။ အဆိုပါ အလုပ်သမားသပိတ်သည် အမေရိကပြည်ထောင်စုတစ်ဝန်းထုတ်ဝေသော သတင်းစာကြီးများ၏ ထိပ်တန်းသတင်းအဖြစ် ပါဝင်အောင် သူတို့က ကြံဆောင်သည်။ သည်ဖြစ်ရပ်၏နောက်ကွယ်မှ ကြိုးကိုင်ညွှန်ကြားနေသည့် ရစ်ချ်၏ အခန်းကဏ္ဍကို အကျယ်တဝင့် ဖော်ထုတ်ကြသည်။ ဆွစ်ဇာလန်နိုင်ငံ၊ ဇပ်မြို့ရှိ ရစ်ချ်၏ရုံးချုပ်ရှေ့တွင် လူတွေ စုရုံးဆန္ဒပြကြသည်။ နောက်ပြီး လန်ဒန်သတ္တုရောင်းဝယ်ရေးဒိုင် နှစ်ပတ်လည်အစည်းအဝေးပြုလုပ်ရာ အဆောက်အအုံရှေ့တွင် အလုပ်သမားသမဂ္ဂဝင်များ ဆန္ဒပြကြသည်။ သူတို့က ရစ်ချ်ကို အလိုရှိကြောင်း ကြေညာစာများထုတ်သည်။ ရစ်ချ်သည် အလုပ်သမားများအပေါ် ရက်စက်သည့် လူဆိုးကြီးအဖြစ် သမုတ်ကြသည်။ မှာ့ခ်ရစ်ချ်သည် တစ္ဆေသရဲလို ကြောက်စရာလန့်စရာကောင်းသည့် ဂျူးလူမျိုးအရင်းရှင်တစ်ဦးဖြစ်ကြောင်း၊ အမေရိကန်တရားဥပဒေအရိပ်မှ လွတ်အောင် ထွက်ပြေးနေသည့် တရားခံပြေးဖြစ်ကြောင်းဖြင့် သားပုပ်လေလွင့် ပြောဆိုရေးသားကြသည်။

စင်စစ် အဆိုပါ အလုပ်သမားအရေးအခင်းသည် ဘာမျှ ပြောပလောက်အောင် အရေးကြီးပြင်းထန်သည့် တိုက်ပွဲကြီး

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ သည့်ကိစ္စတွင် မှာ့ခ်ရစ်ချ် ပါဝင်ပတ်သက်နေသောကြောင့်သာ သတင်းစာများက ရေးကြီးခွင်ကျယ် ပုံကြီးချဲ့ဖော်ပြနေကြခြင်း ဖြစ်၏။ ခုတော့ နယ်မြေတွင်း ပြဿနာအသေးအဖွဲ့ကလေးသည် တစ်နိုင်ငံလုံး အုတ်အော်သောင်းတင်းပြောရသည့် ဟိုးလေးတကြော်ဖြစ်ရပ်ကြီး ဖြစ်သွားတော့၏။

■

## ရစ်ချ်နဲ့ ကင်းလွတ်တယ်ကို မရှိဘူး

သံမဏိလုပ်သားများ၏ ဖော်ထုတ်ချက်တစ်ခုက ရစ်ချ် အကြောင်း အမနာပပြောဆိုစရာ ဒုတိယအရှုပ်ဇာတ်လမ်းကို ပေါ်သွား စေ၏။ ကလာရင်ဒန်အမည်ရှိ ရစ်ချ်၏ကုမ္ပဏီသည် အမေရိကန် ဒင်္ဂါးစက်ရုံမှ ဒင်္ဂါးစေ့များ ထုတ်လုပ်နိုင်အောင် ကြေးနီနှင့် နီကယ် ဒြပ်စင်များ ပေးသွင်းနေခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။

ကလာရင်ဒန်က အစိုးရထံမှ ရသည့် ကန်ထရိုက်များ၏ တန်ဖိုးငွေမှာ စုစု ပေါင်း (၄၅.၅)သန်း ရှိသည်။ အမြတ်ခွန်ရှောင်တိမ်းသူဟု သံသယရှိသူလည်း ဖြစ်၊ တရားဥပဒေကို ရင်မဆိုင်ဘဲ ထွက်ပြေးနေသူတစ်ဦးလည်း ဖြစ်သည့် ရစ်ချ်ပိုင်သည့် ကုမ္ပဏီသို့ အစိုးရဌာနတစ်ခုက ကန်ထရိုက်ချပေးရကောင်းလားဆိုပြီး နိုင်ငံရေးသမားများနှင့် သတင်းသမားများက ပြင်းပြင်းထန်ထန် တိုက်ပွဲဆင်တော့၏။

ထိုအခါ ကွန်ဂရက်လွှတ်တော်၏ ဆပ်ကော်မတီက ထိုအကြောင်းကို စုံစမ်းစစ်ဆေးရတော့သည်။ တရားဥပဒေရှုထောင့်မှ ပြောရလျှင် ကလာရင်ဒန်ကုမ္ပဏီရခဲ့သော ကန်ထရိုက်များသည် လူသိထင်ရှား အများနည်းတူ ပြိုင်ဆိုင်ပြီးရခဲ့သည့် ကန်ထရိုက်များ ဖြစ်၏။ သို့ဖြစ်သော်လည်း အကောက်ခွန်ရှောင်တိမ်းသူဟု အစွပ်စွဲ ခံထားရသူတစ်ဦးကို ကန်ထရိုက်ချပေးရကောင်းလားဆိုပြီး နိုင်ငံရေး သမားများက အပြင်းအထန် တိုက်ခိုက်ကြသည်။

ထိုအခါ သတင်းသမားများအကြောင်း နောကြေအောင် သိနေသည့် ဗာဂျီးနီးယား အနောက်ပိုင်း လွှတ်တော်အမတ် စုံစမ်းစစ်ဆေးရေး ကော်မတီဥက္ကဋ္ဌဖြစ်သူ ရောဘတ်ဝိုက်စ်က "အကြွေစေ့လေးများ ရှိလိုရှိငြားဆိုပြီး ကျွန်တော့်အိတ်ထဲ နှိုက်လိုက်တိုင်း စမ်းမိတာက ရစ်ချ်နဲ့ ကင်းလွတ်တယ်ကို မရှိပါဘူးဗျာ"ဟု ပြောရသည်အထိ ဖြစ်ခဲ့လေသည်။

နောက်ပိုင်းတွင်တော့ လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေး လောကတွင် အရှုပ်ဇာတ်လမ်းတစ်ခု ဖြစ်ပေါ်တိုင်း ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ သတင်းသမားများက ရစ်ချ်၏နာမည်ကို ဆွဲထည့်ကြတော့၏။ အကယ်တော့

the bookhouse
we bring your future

www.burmeseclassic.com

ရစ်ချ်ကို အမေရိကန်နိုင်ငံရေးသမားများကရော အမေရိကန်သတင်းသမားများကပါ မကောင်းမြင်နေကြခြင်းသာ ဖြစ်တော့သည်။

■

## မာ့ခ်ရစ်ချ် နောက်ဆုတ်ခွဲခွာခြင်း

နယူးယောက်တောင်ပိုင်းခရိုင်မှ အစိုးရရှေ့နေများက မာ့ခ် ရစ်ချ်အား တရားစွဲဖို့ စိုင်းပြင်းကြပြီး နောက်ပိုင်း ဆယ့်တစ်နှစ်အကြာ ၁၉၉၂ခုနှစ် နှစ်ကုန်ပိုင်းလောက်ရောက်တော့ ရစ်ချ်၏ ဂုဏ်သိက္ခာအညှိုးနွမ်းဆုံးအချိန် ရောက်နေပြီ။ သူ့နာမည်သည်လည်း နာမည်ပျက်စာရင်းဝင်နေပြီ။ သူ့ကို လောဘရမ္မက်လွန်ကဲလွန်းသော ကောက်ကျစ်စဉ်းလဲသော စီးပွားရေးသမားတစ်ဦးအဖြစ် ခေါ်ဝေါ်သမုတ်ကြသည်။

သူ့ကို အမေရိကပြည်ထောင်စုတွင် စွဲချက်တင်ပြီး စွဲချက်တင် ရှေ့နေများက သူ့အား မြေအဆုံးကုန်းအဆုံး လိုက်လံရှာဖွေကြသည်။ ဖမ်းဆီးဖို့ အားထုတ်ကြသည်။ ကွန်ဂရက်လွှတ်တော်က သူ့ပိုင်စီးပွားရေးလုပ်ငန်းများကို ဝေဖန်သည်။ အပြစ်တင် ရှုတ်ချသည်။

ထို့ကြောင့် မာ့ခ်ရစ်ချ် တဖြည်းဖြည်း ကျဆုံးလာသည်။ ကမ္ဘာ့သွပ်ဈေးကွက်ကို စီးနင်းဖို့ မလျော်မကန် ကြိုးစားအားထုတ်ခဲ့သောကြောင့် ဒေါ်လာ (၁၇၂)သန်း အရှုံးပေါ်သွားခြင်းကလည်း သူ့အား ဘဏ္ဍာရေးအရ အရှိက်အထိုး ခံလိုက်ရသလို ဖြစ်စေ၏။ သူ့အပေါ် စိတ်ဖိစီးမှုတွေ ဖြစ်ပေါ်စေ၏။ သူ့ကုမ္ပဏီကို သူတစ်ဦး တည်း၏ သဘောအာဏာဖြင့် ချုပ်ကိုင်လည်ပတ်စေခဲ့တာတွေ ဆုံး ခန်းတိုင်ဖို့ အခြေအနေတွေ ဖန်တီးနေပြီ။

'တကယ်လို့ မာ့ခ်ရစ်ချ်တစ်ခုခုဖြစ်သွားရင် ကုမ္ပဏီရဲ့ အနာ ဂတ်က ဘယ်လိုဖြစ်သွားမလဲ'

သည်မေးခွန်းကို ဘဏ်သမားများက စတင်မေးမြန်းလာသည်။ ရစ်ချ်၏ လက်အောက်ခံကုန်သည်များကလည်း ထိုအချက်ကို စိုးရိမ်သောကဖြစ်ကြသည်။

'မနက်ဖြန်ဆို ငါတို့ ဒီကုမ္ပဏီမှာ ဆက်ရှိနေပါဦးမလား''ဆိုတဲ့ အတွေးမျိုး ကျွန်တော်တို့ တော်တော်များများမှာ ပေါ်လာကြတယ်လေ''ဟု ကုမ္ပဏီမှ ကုန်သည်တစ်ယောက်က ရင်ဖွင့်သည်။

သည်တော့ ဝီလီစထရော့သော့ကို ကုမ္ပဏီသို့ ပြန်ခေါ်ဖို့ ဝန်ထမ်းအားလုံးက ဝိုင်းဝန်းတောင်းဆိုကြသည်။

bookhouse
www.burmeseclassic.com

www.burmeseclassic.com


စထရော့သော့ဆိုသည့် ကုန်သည်က မောက်မာသည်။ မော်ကြွားသည်။ သို့တစေ ကုမ္ပဏီအမှုထမ်း ကုန်သည်များ၏ လေးစားမှုကို ရသည်။ ကုမ္ပဏီတည်တံ့ခိုင်မြဲရေးကို စထရော့သော့ကသာ စွမ်းဆောင်နိုင်မည်ဟု သူတို့အားလုံး ယုံကြည်ကြသည်။

အမှုထမ်းများ၏ တောင်းဆိုချက်ကို ရစ်ချ်က ကနဦးပိုင်းတွင် ဆန့်ကျင်သည်။ တင်းခံသည်။ စထရော့သော့ဆိုသည့် အကောင်က သူ့ကို နှိမ်ချဖို့ ကြိုးစားခဲ့သူမဟုတ်လား။ သို့သော် သူတို့၏ တောင်းဆိုချက်ကို မလိုက်လျောလျှင် သူတို့ အလုပ်ထွက်ကြမည်ဟု အကြီးတန်းအရာရှိများက ခြိမ်းခြောက်သည်။

ခုတော့ ရစ်ချ်သည် နှစ်ပင်လိမ်အန္တရာယ်နှင့် ရင်ဆိုင်နေရပြီ။ အကြီးတန်းအရာရှိများ ထွက်သွားလျှင် လူတော်တွေကို သူ ဆုံးရှုံးရမည်။ တစ်ဖန် ထိုလူတော်များသည် မကြာမီသောကာလအတွင်း သူ့ကိုခြောက်လှန့်မည့် သူ့ပြိုင်ဘက်များ ပြန်ဖြစ်လာလိမ့်မည်။ အထက်လူကြီး၏ ခေါင်းမာမှုကြောင့် ရစ်ချ်နှင့် ဂရင်းတို့သည် ဖီးလစ်ညီနောင်များကုမ္ပဏီမှ အလုပ်ထွက်ခဲ့ကြသည်။ နောင်တစ်ချိန်တွင် သူတို့နှစ်ဦးသည် ဖီးလစ်ညီနောင်များနှင့် ပြိုင်ဘက်ဖြစ်ခဲ့သည်မဟုတ်လား။ ဤကား ရစ်ချ်၏ အလုပ်ရှင်ဟောင်း စတင် ကျဆုံးခြင်းပင် မဟုတ်လား။

အခက်အခဲ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရချိန်များတွင် ရစ်ချ်သည် ကုန်သည်အများစုထက် သာလွန်ကောင်းမွန်သော တုံ့ပြန်လှုပ်ရှားမှုမျိုး ပြုနိုင်စွမ်းသည်မျိုး သူ့လုပ်ဖော်ကိုင်ဖက်များက မှတ်ချက်ပေးကြသည်။ စထရော့သော့ကို ပြန်ခေါ်လျှင် သူ သိက္ခာကျမည်မှန်း သိသော်လည်း သူသည် စဉ်းစားချင့်ချိန်မှုပြည့်ဝသော စိစစ်လေ့လာမှုကို ပြုခဲ့၏။ သူသည် ဆုံးဖြတ်ချက်အမှားကို ပြုခဲ့မိကြောင်း သူဘာသာ သဘောပေါက်သည်။ သည်တော့ ကုန်သည်ဆန်ဆန်ပြောရမည်ဆိုလျှင် ယင်းအမှားကို ပြောင်းပြန်လှန်ပစ်ရပေတော့မည်။

ထို့ကြောင့် ၁၉၉၃ ခုနှစ်၊ မတ်လစောစောပိုင်း တစ်နေ့တွင် ရစ်ချ်သည် တယ်လီဖုန်းကို ကောက်ကိုင်ပြီး ဝီယီ စထရော့သော့ထံ တယ်လီဖုန်းဆက်သည်။ ပြီးတော့ ''မင်း ပြန်လာပါ''ဟု မေတ္တာရပ်ခံသည်။ ထိုအခါ စထရော့သော့က ''ကျွန်တော် ပြန်လာမယ်၊ ဒါပေမယ့် ကျွန်တော့်တောင်းဆိုချက်တွေရမှ''ဟု ပြန်ဖြေသည်။ ရစ်ချ်အနေဖြင့် ကုမ္ပဏီတွင် သူပိုင်ဆိုင်ထားသည့် ရှယ်ယာအများစုကို လျှော့ချရမည်ဟု စထရော့သော့က တောင်းဆိုသည်။ ဤတောင်းဆိုချက်ကို ရင်ဆိုင်ဖို့ ရစ်ချ်က အသင့်ပြင်ထားပြီးသား။ သည်တော့ သူ လက်ခံလိုက်သည်။ မှာ့ခ်ရစ်ချ်သည် သူ တစ်သက်လုံး ကြိုးပမ်းရှာဖွေခဲ့သည့် အစုရှယ်ယာများကို ရောင်းပစ်ဖို့ အသင့်ဖြစ်နေလေပြီ။

''ကျွန်တော် ဆုံမှတ်တစ်ခုကို ရောက်နေပြီလေ။ ဒီလောက် ဖြစ်ထွန်းခဲ့တာ တော်လောက်ပြီပေါ့''ဟု ရစ်ချ်က ပြောသည်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



နှင်းသဲသဲကျပြီး အလွန်အေးသည့် ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ၏ နေ့တစ်နေ့တွင် ဆွစ်ဇာလန်၊ ဇပ်မြို့သို့ ကမ္ဘာအရပ်ရပ်ရှိ မာ့ခ်ရစ်ချ်+ကုမ္ပဏီမှ အရေးပါအရာရောက်ဆုံး ပုဂ္ဂိုလ် သုံးဆယ့်ရှစ်ဦး လာရောက် ဆုံစည်းကြသည်။ သူတို့အားလုံးကို စထရော့သော့က ဆင့်ခေါ်လိုက်ခြင်း၊ စီမံခန့်ခွဲမှု အပြောင်းအလဲနှင့် ကုမ္ပဏီ၏ အနာဂတ်အရေးအတွက် မဲပေးဆုံးဖြတ်ရန် အစည်းအဝေးခေါ်လိုက်ခြင်း။

ကုမ္ပဏီစီမံခန့်ခွဲမှု လွှဲပြောင်းပေးရေး သဘောတူစာချုပ်တွင် ပါဝင်သည့် စည်းကမ်းချက်များတွင် ရစ်ချ်အနေဖြင့် ပိုင်ဆိုင်သော ရှယ်ယာအများစုကို လျှော့ချရန်။ လာမည့်နှစ်များအတွင်း အဆိုပါရှယ်ယာများကို ကုမ္ပဏီ၏ အကြီးတန်းအရာရှိများက ဝယ်ယူကြရန်။ ယင်းသဘောတူစာချုပ်ကို ရစ်ချ်က ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့လေသည်။

■

## ကျွန်တော် အားနည်းခဲ့တယ်

သူ့ကုမ္ပဏီကို ရောင်းခဲ့ရသည့်ကိစ္စနှင့်ပတ်သက်၍ "ကျွန်တော် အားနည်းခဲ့တယ်"ဟု ဝန်ခံသည်။ ဖြစ်ရပ်မှာ တောတွင်း တိရစ္ဆာန်များ ဗိုလ်လုသည့်ဖြစ်ရပ်မျိုးဟုပင် ဆိုရမည်။ အားကောင်းမောင်းသန် ခြင်္သေ့ငယ်က အားအင်ချည့်နဲ့နေသော ခြင်္သေ့အိုကြီးကို မောင်းထုတ်ခဲ့သည်သို့ဖြစ်၏။ ခုတော့ အားကောင်းမောင်းသန် ခြင်္သေ့ငယ်က တောတွင်းဘုရင်ရာထူးကို သိမ်းပိုက်သွားလေပြီ။

'ကျွန်တော် အားနည်းခဲ့တယ်။ ဒါကို တခြားလူတွေက ရိပ်မိ တယ်။ ဒီတော့ သူတို့က အခွင့်အရေးယူသွားတာပေါ့။ သူတို့ဟာ ကျွန်တော့်လည်ချောင်းကို ဓားထောက်ပြီး အာဏာသိမ်းသွားတယ်လေ'

သူ အားနည်းအားပျော့ညံ့ရခြင်း၏ အဓိကအကြောင်းတရား မှာ အမေရိကန်အစိုးရရှေ့နေများက သူ့ကို စွဲချက်တင်၍ အစိုက်မတ်မတ် လုံ့လဆော်အားထုတ်ခဲ့ခြင်းဖြစ်၏။ ၄င်းအမှုသာမရှိခဲ့လျှင် မာ့ခ်ရစ်ချ်+ကုမ္ပဏီသည် ယခုထက်ပင် ပို၍တက်ကြီးပွားဦးမည်ဟု သူက ယုံကြည်သည်။ နယူးယောက်ရှေ့နေများသည် သူ့ကို ရုံးတင် တရားစွဲမည့်အကြံအစည်ကို အကောင်အထည်မဖော်နိုင်ခဲ့၊ ရပ်နားသည်မပြောက်ခဲ့။ သို့ဖြစ်ရာ သူတို့သည် ငါးကို အမိမဖမ်းနိုင်သည့်အတွက် ကန်ရေတွေကို ကဲ့ထုတ်ပစ်ခဲ့ကြလေသည်။ ဤနည်းဗျူဟာက တစ်စုံတစ်ရာအတိုင်းအတာအထိ ထိရောက်အောင်မြင်ခဲ့သည်ဟုဆိုရပါမည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရစ်ချ်လက်အောက်ရှိ အရေးပါအရာရောက်ဆုံး မန်နေဂျာများထဲမှ တစ်ဦးကမူ…

'သူ့မှာ ရွေးစရာလမ်း မရှိတော့ဘူး။ တစ်ချိန်တည်းမှာပဲ ဒါဟာ အသင့်မြတ်အလျော်ကန်ဆုံးလုပ်ရပ်ပဲလို့ သူ သိမြင် သဘောပေါက်ခဲ့တယ်လေ''ဟု မှတ်ချက်ချပါသည်။

သူ့ရှယ်ယာများရောင်းသည့်အတွက် ရစ်ချ်သည် ဒေါ်လာ သန်း ၆၀၀ ရခဲ့သည်ဟု ပြောကြသည်။ ရစ်ချ်ကလည်း ''အဖြစ်မှန်နဲ့ သိပ်မဝေးလှပါဘူး''ဟု ဝန်ခံခဲ့သည်။ ရစ်ချ်သည် ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်၊ တနင်္လာနေ့တွင် သူပိုင် လက်ကျန်ရှယ်ယာအားလုံးကို ရောင်းပစ်လိုက်၏။ သူ စတင်တည်ထောင်ခဲ့သည့် ကုမ္ပဏီ၏ အုပ်ချုပ်ရေးအဖွဲ့မှ ဆင်းပေးလိုက်ခြင်း။ လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးလောကတွင် သမိုင်းတွင်ခဲ့ပြီး နာမည်ပျက်အမျိုးမျိုးနှင့် ဟိုးလေး တကြော်ဖြစ်ခဲ့သူတစ်ဦး အများမျက်စိအောက်မှ ပျောက်ကွယ်သွားခြင်း။

ပိုင်ရှင်အသစ်များက ကုမ္ပဏီနာမည်ကို ဂလင်ကိုးကုမ္ပဏီဟု ပြောင်းပစ်သည်။ သည်ကုမ္ပဏီထက် ကြီးမားအောင် ဩဇာအာဏာကြီးအောင် မည်သည့်ပြိုင်ဘက်၊ မည်သည့်ဝန်ထမ်းကောင်းကမျှ စွမ်းဆောင်မပြနိုင်ကြ။ သို့သော် ဂလင်ကိုး ကုမ္ပဏီ ယခင် မာ့ခ်ရစ်ချ်+ကုမ္ပဏီတွင် ဘယ်သူကမျှ မာ့ခ်ရစ်ချ်၏နာမည်ကို မလှစ်ဟကြ။ ကုန်ကုန်ဆိုရလျှင် ကုမ္ပဏီက လွှင့်တင်ထားသည့် ဝက်ဘ်ဆိုက်တွင်ပင် မာ့ခ်ရစ်ချ်၏ နာမည်ကို မတွေ့မမြင်ကြရပေ။ သမိုင်းတွင်ခဲ့သော ရေနံရာဇာ၏ ကျဆုံးခန်း။

■

*ကံမကောင်း အကြောင်းမလှသည့် တစ်ကျော့ပြန်အားထုတ်မှု*

ဤအချိန်ဤကာလကား ရေနံရာဇာ၏ နေဝင်ဆည်းဆာချိန် ဟု ခေါ်ဆိုရမည့်သို့ ရှိ၏။

'ဒီအချိန်ဒီကာလဟာ မာ့ခ်ရစ်ချ်အနေနဲ့ သူ့ကိုယ်သူ ဝန်ခံ အသိအမှတ်ပြုဖို့ အသင့်မြတ်ဆုံးအချိန်ပဲ။ သူ့ကိုယ်သူ ဘာပြောရမလဲဆိုတော့ ''ငါ့အနေနဲ့ အလုပ်ခွင်က အနားယူပြီး ဘဝအရသာကို ပျော်ရွှင်ခံစားရမယ့်အချိန်ပဲ''လို့ ပြောသင့်တဲ့အချိန်ပေါ့''ဟု ရစ်ချ် ၏မိတ်ဆွေတစ်ဦးက ပြောသည်။ သို့သော် မာ့ခ်ရစ်ချ်က သူ့မိတ်ဆွေ ပြောသလို မနေနိုင်ခဲ့။ သူ၏စွဲမက်မှုများအကြောင်း ရစ်ချ်ကို မေးတိုင်း သူဖြေနေကျစကားမှာ ''ကျွန်တော့်အလုပ်''ဟူ၏။ သို့ဖြစ်ရာ အလုပ်မရှိ အကိုင်မရှိ ထိုင်နေရခြင်းကို သူ သည်းမခံနိုင်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'အလုပ်လုပ်နေတာကို ရပ်တန်းကရပ်ပြီး ဘဝကို သက်သောင့်သက်သာ သာသာယာယာနေသင့်ပါပြီ''လို့ သူ့ကို ကျွန်မ အကြိမ်ကြိမ် ပြောခဲ့ပါတယ်ရှင်။ ဒါပေမယ့် သူက ကျွန်မကို ဘာ ပြောလဲဆိုတော့ ''အလုပ်ကတော့ လုပ်ကိုလုပ်ရမယ်၊ လုပ်ကို လုပ်ရမယ်''တဲ့လေ'

သူ၏အတွင်းရေးမှူးအဖြစ် ကာလကြာမြင့်စွာ အလုပ်လုပ်ခဲ့သည့် အာဆူလာဆန်တိုဒိုမင်ဂိုက သတိတရ ပြန်ပြောပြသည်။ ''သူ့ စားပွဲပေါ်က တယ်လီဖုန်းအသံ မမြည်တော့တာကိုဘဲ သူ စိတ်ခုတ်ကျနေခဲ့တာကလား''ဟုလည်း ဆက်ပြောသည်။

လူသုံးကုန်ပစ္စည်း အရောင်းအဝယ်လောကမှထွက်ပြီး နှစ်နှစ် မျှ မကြာမီမှာပင် ရစ်ချ်ဒ်သည် အဆိုပါလောကသို့ ပြန်လည်ဝင်ရောက် လာပြန်၏။ ၁၉၉၆ ခုနှစ်၊ နွေဦးကာလတွင် သူပိုင်ကုမ္ပဏီတစ်ခု တည်ထောင်ပြန်သည်။ ပြီးတော့ လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးလောကတွင် ရေနံ၊သတ္တုများနှင့် ဂျုံ၊ စပါးတို့ကို ရောင်းဝယ်ဖောက်ကားသည်။ သူ့ကုမ္ပဏီတွင် ဝန်ထမ်း (၁၅၀)ခန့်ထားသည်။ အများစုမှာ ဇပ်မြို့နှင့် လန်ဒန်တွင်ဖြစ်၏။ တစ်နှစ်အတွင်း လည်ပတ်ငွေမှာ ဒေါ်လာ(၇·၅) ဘီလျံရှိသည်။

သို့ဖြစ်သော်လည်း လုပ်ငန်းများမှာ သူမျှော်မှန်းထားသလို အောင်မြင်လာခြင်းမရှိ။ အတွင်းစကားများအရဆိုလျှင် သူ့လုပ်ငန်းတွေ ခွက်ခွက်လန်အောင် အရှုံးပေါ်ခဲ့သည်ဆို၏။ သူ့တို့ကုမ္ပဏီ အလီလီအရှုံးပေါ်နေသည့်အတွက် ချေးငွေ ဆက်မပေးတော့ဟု ဘဏ်များက ခြိမ်းခြောက်သည်။ ထိုအခါ လိုအပ်သောချေးငွေများရရေးအတွက် ရစ်ချ်သည် သူ၏ ကိုယ်ပိုင်ငွေ ဒေါ်လာသန်းပေါင်းများစွာကို လည်ပတ်ငွေထဲ ထည့်ခဲ့ရသည်။ သို့ဖြစ်သော်လည်း အောင်မြင်မှုက သူ့ ကုမ္ပဏီကို ရှောင်ကွင်းနေခဲ့လေသည်။ သို့ဖြင့် ၂၀၀၂ ခုနှစ်တွင် သူ့ကုမ္ပဏီတစ်စိတ်တစ်ပိုင်းကို ဖျက်သိမ်းခဲ့ရသည်။ ကျန်နေသေးသည့် တစ်စိတ်တစ်ပိုင်းကို ကုမ္ပဏီအုပ်ချုပ်ရေးအဖွဲ့သို့ ရောင်းလိုက်ရသည်။

ဤကား လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးသမားကြီး မာ့ခ်ရစ်ချ်၏ နေဝင်ချိန်ပင် ဖြစ်ပါတော့သည်။ ခုတော့ သူသည် မာ့ခ်ရစ်ချ်အုပ်စုနှင့် ပူးပေါင်းပြီး ဘဏ္ဍာရေးဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သည်။ အစိုးကအား ဖြင့် ရုရှ၊ ချက်ရီပတ်ဘလစ်၊ စပိန်၊ ပြင်သစ်၊ ဆွစ်ဇာလန်တို့တွင် လူနေအဆောက်အအုံများတည်ဆောက်သည့် လုပ်ငန်း များလုပ်ကိုင်နေသည်။

■

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



## ဆင်းဆင်းရဲရဲ သေရမည်ကို ကြောက်ရွံ့ခြင်း

'သူ ဘာဖြစ်လို့ ဒီအလုပ်တွေ ထပ်လုပ်နေရတာလဲ'

ရစ်ချ်နှင့် နှစ်ပေါင်းများစွာ တွဲဖက်အလုပ်လုပ်ခဲ့သည့် မိတ် ဆွေတစ်ဦးက သူ့ဘာသာသူ မေးခွန်းထုတ်ကြည့်သည်။

'သူ့အနေနဲ့ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းကို လုပ်ရမယ်လေ။ အဲဒီလိုလုပ်တာ ငွေရဖို့မဟုတ်ဘူး။ မာ့ခ်ရစ်ချ်လို လူစားတွေဟာ ပိုပြီး ချမ်းသာကြွယ်ဝလာဖို့ အလုပ်လုပ်နေကြတာ မဟုတ်ဘူး။ သူတို့ဟာ အလုပ်လုပ်ရတာကို စွဲမက်လို့ အလုပ်လုပ်နေကြတာ'

သည်နေရာတွင် လူတစ်ဦးအနေဖြင့် အစွဲကြီးစွဲစေသည့် အောင်မြင်ခြင်းနှင့် ပတ်သက်သည့် ခံစားချက်တစ်ရပ်လည်း ရှိသေး သည်။

'သူ့စီးပွားရေးလုပ်ငန်းမှာ အောင်မြင်မှုကို လွယ်လွယ်ကူကူ တိုင်းတာလို့ရတယ်လေ။ ဘာနဲ့တိုင်းသလဲဆိုတော့ သူ ရှာဖွေရရှိတဲ့ ငွေပမာဏနဲ့ တိုင်းတာပေါ့'

စီးပွားရေးလုပ်ငန်းမလုပ်ဘဲ မနေနိုင်လောက်အောင် စိတ်ဓာတ်ပြင်းထန်သည့် ရစ်ချ်အကြောင်းပြောတော့ အင်္ဂလိပ် လူမျိုး တောင်တက်သမား ဂျော့မော်လိုရီ ပြောဖူးသောစကားတစ်ခွန်းကို သတိရမိသည်။ ဂျော့မော်လိုရီကား လူတွေ ခြေမချဖူးသေးသည့် တောင်များကို သက်စွန့်ဆံဖျားတက်ဖို့ စိတ်အားထက်သန်သူ။ ကမ္ဘာပေါ်တွင် အမြင့်ဆုံးတောင် ဖြစ်သည့် အဲဗရက်တောင်ကို ပထမဦးဆုံးတက်ခဲ့သည့် လူသားတစ်ဦး။ အလွန် အသက်အန္တရာယ်နီးမှန်းသိလျက်နှင့် ဘာကြောင့် သည်တောင်ကြီးတွေပေါ် တက်ချင်ရသလဲဟု သူ့ကိုမေးသောအခါ သူက အဲဒီမှာ အဲဒီတောင်ကြီးတွေ ရှိနေလို့ပေါ့''ဟု တိုတိုတုတ်တုတ်ဖြေခဲ့သည်။ သူ့အဖြေကား မှတ်လောက်သားလောက်သည့် အဖြေတစ်ခုဖြစ်ပါသည်။

ယခုလည်း ဘာကြောင့် စီးပွားရေးလုပ်ငန်းများကို မရပ်ဘဲ ဆက်လုပ်နေရပါသလဲဟု ရစ်ချ်အား မေးကြည့်ရာ ''ကျွန်တော်က စီးပွားရေးလုပ်ရတာကို သဘောကျတာဗျ။ ကျွန်တော် စီးပွားရေးလုပ်လို့ရတဲ့ ဒေါ်လာတိုင်းဟာ ကျွန်တော် ပထမဦးဆုံးအကြိမ်ရတဲ့ ဒေါ်လာတွေလိုပါပဲ''ဟု ဖြေကြားလေသည်။

သူ၏ မြတ်နိုးတွယ်တာမှုအတွက် ထောက်ပြစရာ နောက်ထပ်အကြောင်းရင်းတစ်ရပ်ရှိပါသေးသည်။ ''မာ့ခ်က သူ့စီးပွားဥစ္စာတွေ အကုန်အစင် ပျက်စီးဆုံးရှုံးသွားပြီး မွဲမွဲတေတေနဲ့ သေရမှာကို သိပ်ကြောက်တာကလား''ဟု မိတ်ဆွေတစ်ဦးက အတွင်းစကားပြောခဲ့သည်။ ထိုမိတ်ဆွေ၏ မှတ်ချက်သည် ရယ်ချင်ပက်ကျိဖြစ်ဖွယ်ကောင်းသည်ဟု ဆိုမည်ဆိုက ဆိုလို့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့မှာ ဝယ်ထားသည့် အိမ်ခြံမြေတွေရှိသည်။ နောက်ပြီး ဝယ်ယူစုဆောင်းထားသည့် ကမ္ဘာကျော် ပန်းချီကားတွေ ရှိသည်။ တခြားပစ္စည်းဥစ္စာတွေ ဘေးဖယ်ထားပြီး ပန်းချီကားများသက်သက်ကိုသာ တန်ဖိုးသင့်ကြည့် လျှင် ဒေါ်လာသန်းပေါင်း ရာဂဏန်းမရှိသည့်တိုင် သန်းပေါင်းဆယ်ဂဏန်းတော့ ရှိသည်။ သို့ဆိုလျှင် ရစ်ချ်၏ စည်းစိမ် ဥစ္စာများက သူ့တစ်သက်သာမဟုတ်။ သူ့အသက်နှစ်သက်သုံးသက်ပင် စားလို့မကုန်အောင်ရှိလေသည်။ သို့တိုင် သူက ကုန်းကောက်စရာမရှိအောင် ဆင်းရဲမွဲတေသွားမှာ ကြောက်ရွံ့နေခဲ့သည်မှာ အတွေးမှားအစွဲမှားခြင်းသာ ဖြစ်ဖွယ်ရာရှိ၏။ သို့တိုင် သူ့ကြောက်ရွံ့မှု ဇာစ်မြစ်ကို ဖော်ထုတ်မည်ဆိုလျှင် ဖော်ထုတ်လို့ရပါသည်။ သူ့ကြောက်ရွံ့မှုကို ဂျူးလူမျိုးများ ၏ ကြောက်စိတ်ဟု နာမည်တပ်လို့ရပါသည်။ သူတို့သည် စစ်ဘေးစစ်ဒဏ်ကို ကျောကော့အောင် ခံစားရပြီး အိုးပစ်အိမ်ပစ် စစ်ပြေးဒုက္ခသည်ဖြစ်ခဲ့ရသည်။ သူတို့မှာ လက်ညှိုးထိုးပြစရာ ပိုင်ဆိုင်ပစ္စည်းဟူ၍ လုံးဝမရှိသည့်အဖြစ်နှင့် ကြုံခဲ့ရသည်။ ဆင်းကြောက်စိတ်မျိုးကို ရစ်ချ်ရော ရစ်ချ်၏ မိသားစုပါ ကောင်းကောင်းကြီး သိရှိခံစားခဲ့ရဖူးသည်။

'နာဇီတွေ လက်အောက်က လွတ်အောင်ပြေးခဲ့ရပြီ။ ကြီးပွားချမ်းသာနေပေမယ့် ဒီပစ္စည်းဥစ္စာတွေကို ထာဝစဉ် ပိုင်ဆိုင်အားထားနေလို့မဖြစ်ဘူးဆိုတာ ကျွန်မတို့အားလုံး သိထားခဲ့ပါတယ်။ ပစ္စည်းသခင်ရ လူသခင်ရလေ။ ဒုတိယကမ္ဘာ စစ်အတွင်းက ကြုံရသလို ဒီပစ္စည်းဥစ္စာတွေအားလုံး ဆုံးရှုံးသွားနိုင်တယ်လေ''ဟု သမီးကြီး ဒင်နီယဲလ်က ပြောခဲ့ပါသည်။

■

## ရေနံပိုတာဒါနရှင်

အထက်ဖော်ပြပါ ခံစားချက်ကြောင့်ပင် သူသည် တရားထက်သန်သော အလှူရှင်တစ်ဦးဖြစ်ခဲ့ခြင်း ဖြစ်ပေမည်။ ရစ်ချ်သည် အလှူဒါနပြုရန် စိုက်ထုတ်ခဲ့သည့်ငွေပဒေသာပင်သုံးမျိုး ရှိသည်။ ထို့ပြင် လွန်ခဲ့သည့်နှစ်ပေါင်းသုံးဆယ်အတွင်း အလှူဒါနပြုခဲ့သည့် ငွေကြေးပမာဏမှာ ဒေါ်လာ သန်း(၁၅၀)ကျော်ရှိသည်။ ရစ်ချ်ပြုခဲ့သည့် အလှူဒါနကြောင့် အဆေးရုံ အဆေးရေး၊ စပိန်နှင့် ဆွစ်ဇာလန်ရှိ ပညာရေး၊ ယဉ်ကျေးမှု၊ လူမှုဝန်ထမ်း၊ သိပ္ပံပညာဆိုင်ရာ သုတေသနလုပ်ငန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု စီမံကိန်းများတွင် များစွာ အထောက်အကူရခဲ့သည်။

''ဒါဟာ ကျွန်တော်တို့ ဂျူးလူမျိုးတွေရဲ့ကျင့်စဉ်ပဲ။ ခင်ဗျား ချမ်းသာကြွယ်ဝလာရင် အလှူဒါနပြုရမယ်လေ''ဟု ရစ်ချ်၏ ဝန်ထမ်းတစ်ဦးက ပြောပြခဲ့သည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com


'ကျွန်တော်တို့ကုမ္ပဏီမှာ အစဉ်အလာတစ်ခုရှိတယ်။ နှစ်ကုန် ရင် အလှူခံပုံးထောင်ပေးထားတာ။ ကျွန်တော်တို့ အဖွဲ့အစည်းတစ်ခုခုကို လှူချင်တဲ့ငွေပမာဏကို စာရွက်ပေါ်မှာရေးပြီး အလှူခံပုံးထဲ ထည့်ထားရင် အဲဒီငွေပမာဏကို ကုမ္ပဏီက နောက်တစ်ဆထပ်တိုးပြီး လှူဒါန်းစေတာပဲဗျ။ အဲဒါ မာ့ခ်ရဲ့စိတ်ကူးလေ'

ရစ်ချ်၏ ဝန်ထမ်းတစ်ဦးဆိုလျှင် ရာထူးတိုးပေးခံရပြီးနောက် ရစ်ချ်နှင့်ထိုင်ပြီး စကားစမြည်ပြောဖြစ်သည်။

'ခဏနေတော့ မာ့ခ်ဟာ ရုတ်တရက် သူ့အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်တယ်။ လက်ကို ပြန်ထုတ်လိုက်တော့ သူ့လက်ထဲမှာ ပါလာတာက ဒေါ်လာတွေ အလိပ်လိုက်ပေါ့။ ပြီးတော့ သူက ပြောတယ်၊ "ခင်ဗျား မကြာမီအတွင်း လခတွေ အများကြီးရတော့မယ်။ ဒီတော့ ခု ကျွန်တော်ပေးလိုက်တဲ့ငွေကို လမ်းပေါ်မှာ ခင်ဗျား ပထမဆုံးတွေ့တဲ့ ဆင်းရဲသားတစ်ယောက်ကို ပေးပစ်လိုက်ဗျာ"လို့ ပြောပြီး အဲဒီငွေတွေ ကျွန်တော့်လက်ထဲ ထိုးထည့်ပေးခဲ့တယ်လေ'

"ချမ်းသာကြွယ်ဝခြင်းဆိုတာ လွတ်လပ်မှုနဲ့ သက်သောင့်သက်သာရှိခြင်းလို့ အမြဲတမ်း အဓိပ္ပာယ်ထွက်တယ်ဗျ"ဟု ရစ်ချ်က သူ့အမြင်ကို ဖွင့်ပြောသည်။

"ဒါပေမယ့် တခြားအဓိပ္ပာယ်လည်း ရှိသေးတယ်။ ချမ်းသာကြွယ်ဝတဲ့အတွက် ကျွန်တော်ဟာ ကိုယ့်လောက် ကံမကောင်းသူတွေကို ကျွန်တော့်ရဲ့ ငွေပဒေသာပင်ကတစ်ဆင့် ကူညီလှူဒါန်းနိုင်တယ်။ ငွေပဒေသာပင်က အမြဲ အလုပ်လုပ် နေတာလေ။ ဆင်းရဲသားရပ်ကွက်က စာသင်ကျောင်းတစ်ကျောင်း၊ ဒါမှမဟုတ် ဆေးရုံတစ်ရုံကို ကူညီထောက်ပံ့လိုက်တဲ့ အကြောင်း၊ ဒါမှမဟုတ် ပါရမီပါတဲ့ လူငယ်အနုပညာရှင်တွေကို ကူညီ ထောက်ပံ့လိုက်တဲ့အကြောင်း သိရတဲ့အခါ ဘယ်လောက် ဝမ်းသာပီတိဖြစ်ရတယ်အောက်မေ့သလဲ"ဟု ရစ်ချ်ကိုယ်တိုင်က ရှင်းပြသည်။

အလှူဒါနပြုပြီး ဘယ်လိုအချိန်မျိုးမှာ ကျေနပ်နှစ်သိမ့်မှုအရဆုံးလဲဟု မေးသည့်မေးခွန်းကိုမူ "ကျွန်တော် လှူလိုက် တဲ့ငွေဟာ ဖြုန်းတီးပစ်ရာ မရောက်ဘူး။ ရည်မှန်းချက်အတိုင်း ထိရောက်မှုရှိတယ်လို့ သိရချိန်မှာ ကျေနပ်မှုအဖြစ်ရဆုံး ပါပဲ"ဟု သူက ဖြေလေသည်။

ရစ်ချ်၏ ထူးထူးကဲကဲ လှူဒါန်းမှုများသည် သူ့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးတွင် အဓိက အထောက်အကူ ဖြစ်ခဲ့လေသည်။ ရစ်ချ်အား ဝေဖန်ပုတ်ခတ်သူများကမူ ရစ်ချ်၏ ရက်ရက်ရောရော လှူဒါန်းနေခြင်းမှာ သူ၏နာမည်ပျက်ကို အဖတ်ဆယ်ရန်သာဖြစ်သည်ဟု ထောက်ပြကြ၏။

'မာ့ခ်ကောင်းမှုကုသိုလ်တွေလုပ်ခဲ့တာတောင် အမနာပအပုပ်ချကြသေးတယ်။ အဲဒါကတော့ နာကြည်း အကောင်းဆုံးပဲ"ဟု အက်ဗ်နာအစ္စလေးက ဝမ်းနည်းစကားဆိုသည်။ ရစ်ချ်ပထမဦးဆုံးအကြိမ် ထူထောင်ခဲ့သော ငွေပဒေသာပင်သည် ၁၉၇၉ ခုနှစ်၊ သူ့အား စွဲချက်မတင်မီ အစောကြီးကတည်းက သက်ဝင်လှုပ်ရှားနေပြီဖြစ်ကြောင်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com


အဖူလေးက ထပ်ဆင့်ထောက်ပြသည်။

''အဲဒီလို အလျှုဒါနတွေ ပြုလုပ်နေတုန်းက နောင်ဆယ်စုနှစ်တွေ တော်တော်အကြာမှာ ဘီလ်ကလင်တန်ဆိုတဲ့ သမ္မတကြီးက သူ့ကို လွတ်ငြိမ်းသာခွင့်ပေးလိမ့်မယ်လို့ ကြိုသိမထားပါဘူးဗျာ''ဟု အဖူလေးက မထိတထိ သရော်သံဖြင့် ပြောခဲ့လေသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com


## အခန်း-၁၈
## လွတ်ငြိမ်းချမ်းသာခွင့်

ဂျက်ကွင်းသည် ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက် သောကြာနေ့ညဘက်တွင် ဝါရှင်တန်ဒီစီတွင် ကျင်းပသည့် ည စားပွဲတစ်ခုသို့ ရောက်နေသည်။ ထိုအခိုက် သူ့လက်ကိုင်ဖုန်းမှ အ မြည်လာသည်။ နာရီကိုကြည့်လိုက်တော့ ကိုးနာရီထိုးပြီးစကလေး ဘယ်သူခေါ်နေသလဲသိရအောင် တယ်လီဖုန်းဒိုင်ခွက်ကို ကြည့်လိုက် သောအခါတွင်တော့ သည်ညအဖို့ ညစာစားပွဲတွင် ဆက်နေဖို့ မဖြ နိုင်တော့ကြောင်း သဘောပေါက်လိုက်သည်။

တယ်လီဖုန်းဆက်နေသည်မှာ အမေရိကပြည်ထောင်စု သမ္မတရုံးမှ မာ့ခ်ရစ်ချ်နှင့် ပင်းကပ်စ်ဂရင်းတို့အား လွတ်ငြိမ်းချမ်းသာ ခွင့်ပေးဖို့ တင်ထားသည့်လျှောက်လွှာနှင့်ပတ်သက်၍ သမ္မတကြီးက ဂျက်ကွင်း (Jack Quinn)နှင့် ဆွေးနွေးလိုကြောင်း သမ္မတကြီးက တောင်းဆိုသည်ဟု အကြောင်းကြားလာသည်။

ထိုညကား သမ္မတကြီး ဘီလ်ကလင်တန်သမ္မတအိမ်ဖြူတော် တွင် နောက်ဆုံးနေထိုင်ရသည့်ညပါတည်း။

သို့ဖြင့် ကွင်းသည် ညစာစားပွဲမှ ခွင့်ပန်ပြီး ထွက်ခွာခဲ့သည်။ ကွင်းသည် သမ္မတအတိုင်ပင်ခံအရာရှိအဖြစ် အိမ်ဖြူတော်တွင် အ ထမ်းခဲ့သည်ဖြစ်ရာ သူနှင့် သမ္မတကြီးသည် ရင်းနှီးကျွမ်းဝင်ပြီးသာ ဖြစ်နေသည်။ သူတို့နှစ်ဦး စကားပြောသည်မှာ မိနစ်နှစ်ဆယ်လော ပဲ ကြာသည်။ သမ္မတကြီး၏ပြောစကားများအရ မာ့ခ်ရစ်ချ်နှင့် ပင် ကပ်စ်ဂရင်းတို့အား လွတ်ငြိမ်းချမ်းသာခွင့်ပြုရန် အလေးအ စဉ်းစားနေကြောင်း သိလာပေါ်လွင်နေ၏။ သို့သော် သမ္မတကြီးက

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကြိုတင် စည်းကမ်းချက်တစ်ခု သတ်မှတ်သည်။ သမ္မတကြီးထံ အသနားခံစာတစ်စောင် တစ်နာရီအတွင်းရောက်အောင် ပို့ပေးပါဟူ၏။

ကွင်းနာရီကိုကြည့်တော့ ည(၉း၃၀)ရှိနေပြီ။ သူ ချက်ချင်း နယူးယောက်တွင်နေထိုင်သည့် ရောဘတ်ဖင့် (Robert Fink)ထံ တယ်လီဖုန်းဆက်သည်။ ဖင့်က ရစ်ချ်၏ရှေ့နေ။ ကွင်းက ဖြစ်ပေါ်လာသည့်အခြေအနေကို ရှင်းပြသည်။ ပြီးတော့ အသနားခံစာတစ်စောင် အလျင်အမြန်ရေးပေးဖို့ အကြောင်းကြားသည်။ ဖင့် အံ့အားသင့်နေသည်။ သည်ကိစ္စ သည်လိုဖြစ်လာလိမ့်မည်ဟု လုံးဝ မျှော်လင့်မထားတော့။

ဖင့်သည် စာရေးစားပွဲတွင် ချက်ချင်းထိုင်သည်။ သူ့ဇနီး၏ ခရီးဆောင်ကွန်ပျူတာကလေးဖြင့် အသနားခံစာကို ရိုက်တော့၏။ အသနားခံစာရိုက်သည့်အလုပ်သည် နာရီဝက်အတွင်း ပြီးသွားသည့်အတွက် အခြားအခန်းသို့ကူးကာ စာရွက်ပေါ်တွင် ကူးဖို့အားထုတ်သည်။ သို့သော် ထိုသို့ ကူးထုတ်ဖို့ ခလုတ်နှိပ်လိုက်သည်နှင့် ကွန်ပျူတာမော်နီတာဖန်ပြင် တစ်ပြင်လုံး မည်းမှောင်သွားသည်။ သည်တော့မှ ဖင့် သဘောပေါက်သွားသည်။ သူ့ဇနီးက ကွန်ပျူတာမှ ဘက်ထရီကို ဖြုတ်ထားပါကလားဟု။

"ဟား ဒုက္ခပါပဲ၊ ငါရိုက်ထားတဲ့စာ ပျက်သွားပါပကော"ဟု ဖင့် ရေရွတ်သည်။ ပြီးတော့ ကွန်ပျူတာတွင် ပလပ်ထိုးပြီး နောက်တစ်စောင် အလျှင်အမြန်ထပ်ရိုက်သည်။ သည်တစ်ကြိမ်တော့ ခပ်တိုတိုပဲရိုက်သည်။ သမ္မတကြီးက ခွင့်ပြုထားသည့်တစ်နာရီ ပြည့်တော့မည်။ ကသောကမျောရိုက်ရသည့်အတွက် absence ဆိုသည့်စကားလုံးကို absense ဟု မှားနေသေးသည်။ သို့သော် အချိန်သိပ်နီးကပ်နေပြီ။ ပြန်ပြင်မနေနိုင်တော့။ စာကို ဖက်စ်စက်ဖြင့်ပို့သည်။ ပထမအကြိမ် အလုပ်မဖြစ်။ ဖက်စ်စက် အလုပ်မလုပ်။ နောက်တစ်ကြိမ်ထပ်ပို့မှ အောင်မြင်သွားသည်။ ခုမှ ဖင့် သက်ပြင်းချနိုင်သည်။ ခရီးဆောင်ကွန်ပျူတာတွင် ဘက်ထရီဖြုတ်ထားမိသည့်အတွက် မာ့ခ်ရစ်ချ်သည် သမ္မတကြီး၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွဲချော်တော့မတတ် ဖြစ်ခဲ့ရလေသည်။

'ဒီတစ်ခါတော့ အဆင်ချောပြီထင်ပါရဲ့"ဟု ဖင့် တွေးပြီး အိပ်သည်။ နံနက်လင်းအားကြီး (၂း၀၀)တွင် ကွင်းထံမှ တယ်လီဖုန်းဝင်လာပြန်သည်။ မာ့ခ်ရစ်ချ်သည် လက်နက်အရောင်းအဝယ်ကိစ္စများတွင် ပါဝင်ပတ်သက်ခဲ့ကြောင်း သတင်း ထွက်ခဲ့သည်။ ထိုအချက် မမှန်ကြောင်း၊ မည်သည့်လက်နက်အရောင်းအဝယ်ကိစ္စတွင်မှ ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ခံဝန်ချက်ပေးနိုင်ပါသလားဟု အိမ်ဖြူတော်မှ ဘက်သ်နီလန်ဆိုသည့် အမျိုးသမီးက မေးလာကြောင်း ကွင်းကပြောသည်။ ထိုအခါ ဖင့်က…

"မဖြစ်နိုင်ဘူး၊ ရစ်ချ်ဆိုတဲ့လူက ဘဇူကာသေနတ်နဲ့ ဘီဘီသေနတ်ဆိုတာတောင် ခွဲခြားတတ်သူမဟုတ်ဘူး"ဟု

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

သို့ဖြင့် ကွင်းက ဘက်သ်နိုလန်ထံ တယ်လီဖုန်းဆက်သည်။ ရစ်ချ်သည် လက်နက်ကိစ္စနှင့် ပတ်သက်ခြင်းလုံးဝ မရှိကြောင်း အာမခံလိုက်သည်။ ဘက်သ်က တစ်ဖန် သမ္မတကြီးထံ သတင်းပို့သောအခါ သမ္မတကြီးက "ဂျက်ရဲ့စကား ကို ယုံလိုက်မယ်"ဟု မှတ်ချက်ချသည်။

သို့ဖြင့် ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက် နံနက်တွင် မာ့ခ်ရစ်ချ်နှင့် ပင်းကပ်စ်ဂရင်းတို့အား ခြွင်းချက်မရှိ လွတ်ငြိမ်းချမ်းသာခွင့်ပြုကြောင်း သမ္မတကြီးက တရားဝင် ကြေညာလိုက်လေသည်။

■

*အုတ်အုတ်ကျက်ကျက်ဖြစ်ခြင်း*

မာ့ခ်ရစ်ချ်သည် ဆွစ်ဇာလန်ပြည်၊ လူစန်းရေကန်ကြီး၏ ကမ်း နဖူးတွင် တည်ထားသော မက်ဂင်မြို့ရှိ နေအိမ်တွင် အိပ်ပျော်နေ သည်။ ထိုနေ့ကား ဇန်နဝါရီလ (၂၀)ရက်၊ စနေနေ့။ ဆွစ်ဇာလန် စံတော်ချိန် ည(၁၁း၀၀)နာရီ၊ ဝါရှင်တန်ဒီစီ စံတော်ချိန် ညနေ (၅း၀၀)။ ထိုအချိန်တွင် သူ့တယ်လီဖုန်းမှ ခေါ်သံထွက်ပေါ်လာသည်။ သူက သူ့လက်ပတ်နာရီကိုကြည့်ပြီး "ဘယ်သူဆက်တာ ဖြစ်နိုင်မလဲ"ဟု တစ်ကိုယ်တည်းတွေးသည်။ ညဉ့်နက်သန်းခေါင် အချိန်မတော် တယ်လီဖုန်းဆက်ရခြင်း အတွက် ရှောဘတ်ဖင့်တွင် အကြောင်းပြချက် ကောင်းကောင်းရှိသည်။

"သိပ်ပြီး မင်္ဂလာရှိတဲ့သတင်းတွေ ပြောချင်လို့ပါမာ့ခ်။ သမ္မတ ကလင်တန်က ခင်ဗျားကို လွတ်ငြိမ်းချမ်းသာ ခွင့်ပေးလိုက်ပြီဗျ"ဟု ဖင့်ကပြောသည်။ ဖင့်ပြောလိုက်သည့်စကား၏အဓိပ္ပာယ်အစစ်အမှန်ကို အဓိပ္ပာယ်ပေါက်အောင် ရစ်ချ် တဒင်္ဂမျှ အချိန်ယူ စဉ်းစားလိုက်ရ၏။ တရားခံပြေး၊ ပြည်ပြေးဘဝဖြင့် ဆယ့်ခုနစ်နှစ်တိုင်တိုင် ကျင်လည်ခဲ့ရ ပြီးမှ...၊ ဗဟိုအစိုးရရှေ့နေများ၏ လိုက်လံဖမ်းဆီးခြင်းရန်မှ ဆယ့်ခုနစ်နှစ်တိုင်တိုင် ပြေးရှောင်ပုန်းနေခဲ့ရပြီးမှ...၊ ခုတော့ ရစ်ချ်သည် လွတ်လပ်သူတစ်ဦးဖြစ်သွားပြီ။

"ကျွန်တော် အရမ်းအရမ်း ပီတိဖြစ်ခဲ့ရတာပေါ့ဗျာ"ဟု ရစ်ချ် က ပြန်ပြောပြသည်။ "အဲဒီအဖြစ်မျိုး ဖြစ်လာမယ်လို့ ဘယ်သူမှ မျှော်လင့်မထားရိုးအမှန်ပါ"

မမျှော်လင့်သော ဖြစ်ရပ်ကြီး ဖြစ်ပေါ်လာသည့်အတွက် ထိုညက မည်သို့သောအောင်ပွဲခံ အခမ်းအနား ပြုလုပ်ခဲ့ပါ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com


သလဲဟူသော မေးခွန်းကိုမူ ရစ်ချ်က "ကျွန်တော် ဘာအခမ်းအနားမှ မလုပ်ခဲ့ပါဘူး။ ကျွန်တော် ပြန်အိပ်တာပါပဲ"ဟု ဖြေသည်။

ထိုအချိန်လောက်တွင်ပင် အစိုးရရှေ့နေ ဆန်ဒီဝိန်းဘာက်သည် ရုပ်မြင်သံကြားအစီအစဉ် ထိုင်ကြည့်နေသည်။ သမ္မတသစ် ဂျော့ဒဗလျူဘွတ်ရှ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို စိတ်မပါလက်မပါ ထိုင်ကြည့်နေမိခြင်း။

ထိုအခိုက် သတင်းစာ၊ ဂျာနယ် သတင်းထောက်တစ်ဦးက သမ္မတကြီးရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကို ခင်ဗျား ဘယ်လိုသဘောရပါသလဲဟူသော မေးခွန်းမေးပြီး သူ အကြီးအကျယ် ဒေါသူပုန်ထခဲ့ရသည်။ ရိုင်းရိုင်းစိုင်းစိုင်း စကားလုံးတွေ ရေရွတ်မိသည်။ သမ္မတကြီးအနေဖြင့် ရစ်ချ်ကို လွတ်ငြိမ်းချမ်းသာခွင့် လုံးဝမပေးသင့်ဟု အပြစ်တင်ဝေဖန်သည်။ သူက အကြောင်းပြချက် (၄)ချက်ကို ခိုင်ခိုင်မာမာ တင်ပြသည်။ သူ့အကြောင်းပြချက်များမှာ (၁) ရစ်ချ်သည် အကြီးမားဆုံး အခွန်ရှောင်တိမ်းသူဖြစ်ခြင်း၊ (၂) ရစ်ချ်သည် တရားခံပြေးဖြစ်ခြင်း၊ (၃) ပြည်ပတွင် ဖမ်းဆီးပြီး အမေရိကသို့ ပြန်ပို့ခံရမည့်အရေးကို ရှောင်တိမ်းသောအားဖြင့် အမေရိကန်နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခဲ့သူဖြစ်ခြင်း၊ (၄) သူသည် အမေရိက၏ ရန်သူ အီရန်နှင့် ရောင်းဝယ်ဖောက်ကားခဲ့သူဖြစ်ခြင်း။

"အဲဒီလိုလူမျိုးကို သမ္မတကြီးအနေနဲ့ လွတ်ငြိမ်းချမ်းသာခွင့် မပေးထိုက်ဘူး"ဟု သူက ဆိုသည်။

ဝိန်းဘာက်နည်းတူ စာနယ်ဇင်းများကလည်း ဝိုင်းဝန်း ဝေဖန်သည်။ အပြစ်တင်သည်။ ရှုတ်ချသည်။ တရားဥပဒေကို ရောင်းစားလိုက်ပြီဟု အော်ဟစ်ကန့်ကွက်ကြသည်။ မည်သို့ဖြစ်စေ မာ့ခ်ရစ်ကတော့ သမ္မတကြီး၏ လွတ်ငြိမ်းချမ်းသာခွင့်ကြောင့် အနှောင်အဖွဲ့ကင်းသူတစ်ဦး ဖြစ်သွားလေပြီ။

■

***လွတ်ငြိမ်းချမ်းသာခွင့်အတွက် စည်းရုံးလှုံ့ဆော်ခြင်း***

ဆဖားပြောခဲ့သည့်စကားတွေထဲမှ ကွက်တိမှန်သည့်စကား တစ်ခွန်းရှိ၏။ ယင်းစကားမှာ သမ္မတထံမှ လွတ်ငြိမ်းချမ်းသာခွင့်ရဖို့ဆိုတာ သမ္မတထံ ပေါက်ပေါက်ရောက်ရောက် ဝင်နိုင်ထွက်နိုင်ရှိမှသာ ဖြစ်တော့မှာပေါ့ဆိုသော စကား ပေါက်ရောက်ခြင်းဆိုသည်မှာ မိမိတို့၏ပြောစကား သမ္မတနားသို့ ပေါက်ရုံမဟုတ်ဘဲ ရစ်ချက်ဘတ်က တင်ပြသည့် အတ်လမ်းအကြောင်း ရှင်းပြခွင့်ရခြင်းလည်း ပါဝင်သည်။ လွတ်ငြိမ်းချမ်းသာခွင့်ရရာရကြောင်း သမ္မတထံ လျှောက်ထား

www.burmeseclassic.com



ဖို့စိတ်ကူးသည် ၂၀၀၀ ခုနှစ် စောစောပိုင်းတွင် ဖြစ်ပေါ်ခဲ့သည်။ ထိုစဉ်က အမေရိကန်အစိုးရရှေ့နေ မာရီဂျိုပိုက်ထ ရစ်ချ်၏အမှုသည် တရားဥပဒေအရ ဘယ်လိုမျှ စေ့စပ်ညှိနှိုင်းလို့မရနိုင်ကြောင်း၊ ဤသည်မှာ နယူးယောက်တောင်ပိုင်းခရိုင် တရားရေးဌာန၏ ခိုင်မာသော မူဝါဒဖြစ်ကြောင်း ပြတ်ပြတ်သားသား ပြောလိုက်သည်။ ထိုအခါ ရစ်ချ်သည် ဥပဒေကြောင်း အရ ဘယ်လိုမျှ သက်ညှာခွင့်ရတော့မည် မဟုတ်ကြောင်း သိမြင်သဘောပေါက်လာကာ သမ္မတထံ လွတ်ငြိမ်းခွင့် လျှောက်ထားဖို့ အကြံရခြင်းဖြစ်သည်။

သမ္မတကလင်တန်၏ သမ္မတသက်တမ်းအကုန်တွင် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ဖို့ လျှောက်ထားရန်စိတ်ကူးကို စရသူမှာ မိုက်ကယ် စတိန်းဟတ်ဖြစ်၏။ သူ့စိတ်ကူးကို အက်ဗ်နာအဇူလေးကလည်း ကြိုက်သည်။ "အခွင့်အလမ်း ဘယ်လောက်ရှိသလဲ"ဟု ရစ်ချ်၏ရှေ့နေများကို တီးခေါက်ကြည့်သောအခါ သူတို့အားလုံးက ခေါင်းခါပြကြသည်ဆို၏။ "ငါးရာခိုင်နှုန်းပဲ ရှိမယ်"ဟုလည်း ပြောကြသည်။ "ဒါဆိုလည်း ငါးရာခိုင်နှုန်း မျှော်လင့်ချက်နဲ့ပဲ လျှောက်ထားကြတာ ပေါ့"ဟု အဇူလေးက ပြောခဲ့သည်။

သူတို့အကြံအစည်ကို ရစ်ချ်က သဘောတူပြီး လုပ်ရှားခွင့်ပြုလိုက်သည်။

"ကျွန်တော် ပြေလည်ရာပြေလည်ကြောင်း အဖြေတွေ ရှာခဲ့ပြီ။ ကျွန်တော် နည်းပေါင်းစုံ ကြိုးစားခဲ့ပေမယ့် ဘာမှ ဖြစ်မလာခဲ့ဘူး။ ဒီတော့ လွတ်ငြိမ်းချမ်းသာခွင့် လျှောက်ထားတာဟာ ဖြေရှင်းချက်ဖြစ်သွားနိုင်တယ်"ဟု ရစ်ချ် က ပြောသည်။

"အတော်ဆုံးဆိုတဲ့ ရှေ့နေတွေက အရှုပ်ဆုံးဆိုတဲ့ အရှုပ်ဇာတ်လမ်းတွေ ဖန်တီးသွားတာ။ သူတို့က နောက်ထပ် ခေါင်းနောက်စရာတွေ ထပ်ဖန်တီးနေသေးတာ။ အဲဒီတော့ သူတို့ဖန်တီးလိုက်တဲ့အရာဟာ တရားဥပဒေကြောင်းအရ ကြောက်စရာဘီလူးကြီးဖြစ်လာပြီး အဲဒီဘီလူးကြီးဟာ နိုင်ငံရေးအရ ဖြေရှင်းရမယ့်သတ္တဝါကြီးဖြစ်လာတော့တာပေါ့"ဟု အဇူလေးက ရှင်းပြသည်။ "ဒီအမှုကြီးကို တရားဥပဒေနဲ့ ဖြေရှင်းလို့မရတော့ဘူး။ ဒါကြောင့် ဒီအမှုကို နိုင်ငံရေးအရ အဖြေရှာရတာပါ။ ဖြစ်ရိုးဖြစ်စဉ်အမှု မဟုတ်ဘူးလေ"

သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့် အသနားခံခြင်းနောက်ကွယ်တွင် အဓိက ကိုယ်အားဉာဏ်အား ထုတ်ခဲ့သူနှစ်ဦး မှာ အစ္စရေးနိုင်ငံသား အက်ဗ်နာအဇူလေးနှင့် အမေရိကန်လူမျိုး ဂျက်ကွင်းတို့ဖြစ်၏။ သူတို့နှစ်ယောက်ပူးပေါင်းပြီး မြန် မြန်ထက်ထက်ပင် နောက်ဆုံးထွက်ပေါက်အတိုင်း လိုက်လျှောက်ခဲ့ကြသည်။ သူတို့ကျင့်သုံးခဲ့သော နည်းဗျူဟာမှာ အသွားနှစ်ဖက်ပါသော နည်းဗျူဟာ။ အသွားတစ်ဖက်မှာ အချက်အလက်များပေါ် အခြေခံထားသော လျှောက်လွှာ၊ ဒုတိယအသွားမှာ သမ္မတအား ပုဂ္ဂိုလ်ရေးအရ ချဉ်းကပ်ခြင်း။ တရားဥပဒေရေးရာများကို ဂျက်ကွင်းက တာဝန်ယူသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com


အသနားခံစာရေးပြီး သမ္မတထံ တင်ပြမည်။ အစ္စလေးကတော့ ပုဂ္ဂိုလ်ရေးအပိုင်းကို တာဝန်ယူသည်။ ရစ်ချ်အကြောင်း အကောင်းပြောမည့် ဂုဏ်သရေရှိပုဂ္ဂိုလ် များနိုင်သမျှများအောင် ရှာဖွေမည်။ ပြီးတော့ သမ္မတထံ တင်ပြစေမည်။

ချဲ့ကားခြင်းမရှိဘဲ အရင်းအတိုင်း ပြောရလျှင် ဤအမှုတွင် ကွင်းပါဝင်ပတ်သက်ခြင်းမရှိခဲ့လျှင် ကလင်တန်သည် ရစ်ချ်အား လွတ်ငြိမ်းချမ်းသာခွင့် လုံးဝပေးလိမ့်မည်မဟုတ်။ ကွင်းသည် ကလင်တန်၏ အိမ်ဖြူတော်အတိုင်ပင်ခံအရာရှိ အဖြစ် ၁၉၉၅ မှသည် ၁၉၉၇ အထိ တာဝန်ထမ်းခဲ့သူ။ သည်တော့ ဝါရှင်တန်မှာ နေထိုင်သူ ဘယ်သူမဆိုထက် ကလင်တန်နှင့် အထိအတွေ့များသူဖြစ်၏။ သူ့အိမ်တွင် ကလင်တန်နှင့် တိုက်ရိုက်ဆက်သွယ်လို့ရသည့် တယ်လီဖုန်းလိုင်းရှိသည်။ ကလင်တန်လက်ထက်မတိုင်မီက ဒုသမ္မတအယ်လ်ဂိုး၏ ဉာလက်ရုံးအကြံပေးအရာရှိအဖြစ် တာဝန်ထမ်းခဲ့သူ။ ထို့နောက် ကလင်တန်အစိုးရ၏ အမှုထမ်းအဖြစ်မှ နုတ်ထွက်ပြီး ဝါရှင်တန်တွင် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းတစ်ခု တည်ထောင်ထား သည်။ ရစ်ချ်က သူ့ကို ကိုယ်စားပြုပေးဖို့ ကွင်း၏ ကုမ္ပဏီကို ၁၉၉၉ တွင် ငှားခဲ့သည်။ ရစ်ချ်အနေဖြင့် ကွင်းကို ငှား ရမ်းခဲ့သည်မှာ ထိုက်တန်ပြီး ကွင်း၏ကုမ္ပဏီသို့ တစ်လလျှင် ဒေါ်လာ ၅၅,၀၀၀ အချိန်တော်တော်ကြာကြာ ပေးခဲ့ရကျိုး နပ်သည်ဟု ဆိုရပါမည်။

■

### အတိမ်းအစောင်းမခံသော လျှို့ဝှက်သိုသိပ်မှု

သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့် ရရှိရေး ကြိုးပမ်းရာတွင် အဓိကလုပ်ရှားသူနောက်တစ်ဦးမှာ အက်ဗ်နာအစ္စလေး ဖြစ်၏။ အစ္စ လေးကား စေ့စပ်ညှိနှိုင်းမှုတွင် ပါရမီပါသူ၊ နောက်ပြီး မဟာဗျူဟာ အရာတွင် ကျွမ်းကျင်သူ။ နောက်ပြီး အစ္စရေးနိုင်ငံရေးလောကတွင် အဆင့်မြင့်ခေါင်းဆောင်များနှင့် အဆက်အသွယ်ရှိသူ။ ထို့ပြင်မက သူသည် အစ္စရေးထောက်လှမ်း ရေးဌာန မော့ဆက်တွင် အမှုထမ်းခဲ့သူ။ နောက်တော့ ရစ်ချ်၏ လုံခြုံရေးအရာရှိဖြစ်ပြီး နောက်ပိုင်းတွင် ရစ်ချ်၏ လူသားချင်း စာနာထောက်ထားရေး ပရဟိတလုပ်ငန်းများကို ဦးစီးဦးဆောင်ပြုခဲ့သူလည်း ဖြစ်၏။

ထုံးတမ်းစဉ်လာအရ သမ္မတထံ လွတ်ငြိမ်းချမ်းသာခွင့် လျှောက်ထားလိုလျှင် လျှောက်လွှာကို ပထမဦးစွာ တရားရေးဌာနရှိ လွတ်ငြိမ်းချမ်းသာခွင့်ဆိုင်ရာ အထူးဥပဒေအရာရှိထံ တင်ရ၏။ အထူးအရာရှိက ဦးစွာစစ်ဆေးပြီး ထင်းလျှောက်လွှာကို တွဲဖက်ရှေ့နေချုပ်ထံ တင်ပြရသည်။ တွဲဖက်ရှေ့နေချုပ်သည် တရားရေးဌာနတွင် အဆင့်သုံး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com


ရာထူးအမြင့်ဆုံးဖြစ်၏။ ထို့နောက် လိုအပ်သလို စဉ်းစားဆုံးဖြတ်ရန် ရှေ့နေချုပ်ထံ ဆက်လက်တင်ပြရ၏။ ထို့နောက် ဤအမှုကို လက်ခံစဉ်းစားသင့် မသင့်ကို ရှေ့နေချုပ်က သမ္မတထံ တင်ပြရ၏။

ပထမတော့ရစ်ချ်၏ရှေ့နေများသည် အထက်ပါလမ်းကြောင်းအတိုင်း လျှောက်လွှာတင်ဖို့ ကြံစည်ကြ၏။ သို့သော် နိုင်ငံရေးနှင့် ဗျူရိုကရေစီစနစ်အကြောင်း ကောင်းကောင်းသိနားလည်ထားသည့် အဖွားလေးက ယင်းလမ်းစဉ်အတိုင်းမလိုက်ရန် အကြံပေးသည်။

'သမားရိုးကျလမ်းကြောင်းအတိုင်း လိုက်ရင် မီဒီယာလောကမှာ နေ့ချင်းညချင်း ဟိုးလေးတကြော် ဖြစ်သွားလိမ့်မယ်။ ကျွန်တော်တို့ ဗျူရိုကရက်ဆန်တဲ့ လမ်းကြောင်းကို ရှောင်ကွင်းမှဖြစ်မယ်'

ရစ်ချ် သူ နာမည်ပျက်ဖြင့်ကျော်ကြားနေသူ။ လူတော်တော်များများက သူ့ကို ''အန္တရာယ်အကြီးဆုံးနတ်ဆိုး''ဟု ကင်ပွန်းတပ်ခြင်းခံထားရသူ။ ထိုသူက သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ရဖို့ အသနားခံစာတင်ကြောင်း လူသိရှင်ကြား ဖြစ်သွားလျှင် နောက်ဆက်တွဲ ဘာတွေဖြစ်လာမည်ဆိုသည်ကို ဘယ်သူမျှ ကံသေကံမ မပြောနိုင်။

သို့ဖြင့် ရစ်ချ်၏ရှေ့နေများက တရားရေးဌာနကို ကျော်ပတ်ကျော်လွှားပြီး သမ္မတထံ တိုက်ရိုက် အသနားခံစာတင်ဖို့ ဆုံးဖြတ်ကြသည်။

''လွတ်ငြိမ်းချမ်းသာခွင့်ဆိုင်ရာ အထူးရှေ့နေက ဒါကိုကြိုက်မှာမဟုတ်ဘူး။ ရှေ့နေချုပ်က ဒီလိုလုပ်တာကို ကြိုက်မှာမဟုတ်ဘူး။ ဒါပေမယ့် ဒီလိုလုပ်တာ တရားဝင်ပါတယ်''ဟု သူတို့က ပြောသည်။

အိမ်ဖြူတော်တွင် ကလင်တန်၏ နောက်ဆုံးနေ့မတိုင်မီ သုံးလအလို ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလကုန်ပိုင်းတွင် သူတို့ နောက်ဆုံး ထွက်ပေါက်လမ်းကိုပဲ လိုက်တော့မည်ဟု ရစ်ချ်၏ရှေ့နေများ ဆုံးဖြတ်ခဲ့သည်။

''ပြောရမယ်ဆိုရင် ကျွန်တော်တို့မှာ ကြံကြီးစည်ရာ စီမံကိန်းတွေ မရှိပါဘူး။ ကျွန်တော်တို့ လုပ်လိုက်တာဟာ ကောင်းဘွိုင်တစ်ယောက်ရဲ့ စွန့်စားမှုမျိုးပါပဲ''ဟု အဖွားလေးက ပြောသည်။ သို့ဖြင့် သမ္မာရင့်နယူးယောက်ရှေ့နေ ဘော့ ဖင့်ပါဝင်သော ရစ်ချ်၏ ဥပဒေရေးရာအဖွဲ့က လွတ်ငြိမ်းချမ်းသာခွင့် အသနားခံစာကို တင်လိုက်၏။ သူတို့အတွက် အရေးအကြီးဆုံး လိုက်နာရမည့်စည်းကမ်း လျှို့ဝှက်သိုသိပ်မှုဖြစ်၏။ ပေါက်ကြားလို့ လုံးဝမဖြစ်သော လျှို့ဝှက်သိပ်သည်းမှု။

ရစ်ချ်၏အဖွဲ့သည် သတင်းသမားများနှင့် တတ်နိုင်သလောက် ဝေးဝေးရှောင်ခဲ့သည်။ နိုဝင်ဘာလကုန်ပိုင်းလောက်တွင် နှစ်လက်မလောက်ထူသည့် အသနားခံစာကို တင်လိုက်သည်။ အသနားခံစာလိပ်မူထားသည်မှာ အမေရိကန်ပြည်ထောင်စု သမ္မတကြီး ဝီလျံဂျက်ဖာဆင်ကလင်တန် (William Jefferson Clinton) ဟူ၏။ လျှောက်လွှာတွင် တရားဥပဒေ

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



အရ ခုခံချေပချက်များပါသလို ပုဂ္ဂိုလ်ရေးအရ သနားညှာတာစိတ်ပေါက်အောင်လည်း ကြိုးပမ်းထားသည်။

ရစ်ချ် ရင်ဆိုင်ရသည့် အမှုကဲ့သို့သော တခြားအမှုများကို ရာဇဝတ်မှု တရားရုံးတော်များတွင် မစစ်ဆေးဘဲ တရားမမှု တရားရုံးတော်များတွင်သာ စစ်ဆေးခဲ့ကြောင်း တင်ပြထားသည်။ ဤလျှော့ပေါ့ချက်ကား ရစ်ချ်၏ရှေ့နေများ တစ်ဆယ့်ခြောက်နှစ်လုံးလုံး ကိုင်စွဲ လျှောက်ထားခဲ့သည့် ထုချေချက်။ သို့သော် ထိုအချက်ကို နယူးယောက်တောင်ပိုင်း ခရိုင်တရားရေးဌာနက လုံးဝလက်မခံ ငြင်းပယ်ခဲ့သည်။

တစ်ဖက်တွင် ပုဂ္ဂိုလ်ရေးအရ သနားငဲ့ညှာမှုရရေးအတွက်ကိုတော့ အက်ဗ်နာအဖွဲ့လေးက စွမ်းဆောင်ကြိုးပမ်းခဲ့သည်။ သူ့ကြိုးပမ်းချက်ကြောင့် ရလာသော ထောက်ခံစာများမှာ အထင်ကြီးလောက်စရာကောင်းလှသည်။

'မစ္စတာရစ်ချ်နှင့် မစ္စတာဂရင်းသည် သူမတူအောင်တော်သော စီးပွားရေးသမားများဖြစ်ပြီး လူသားချင်း စာနာထောက်ထားတတ်သည့် အလှူရှင်များဖြစ်ကြောင်း၊ သူတို့နှစ်ယောက်မှာ တရားစွဲခံရဖို့ ကြုံနေသော်လည်း သူတို့သည် အတုယူ အားကျလောက်ဖွယ် နေထိုင်ကျင်လည်သွားကြကြောင်း၊ ရစ်ချ်၏ ပရဟိတလုပ်ငန်းများမှ လှူဒါန်းခဲ့သည့် ငွေကြေးပမာဏမှာ ဒေါ်လာ သန်း(၁၀၀)ကျော်ရှိကြောင်း စသည့် ထောက်ခံစာများပါဝင်သည်။

ရစ်ချ်အား ပုဂ္ဂိုလ်ရေးအရ ထောက်ခံစာရေးပေးသူများထဲတွင် အစ္စရေးဝန်ကြီးချုပ် အီဟွတ်ဘာရက်၊ ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် ရှီမွန်ပီရက်စ်၊ နိုင်ငံခြားရေးဝန်ကြီး ရှလိုမိုဘင်အေမီ၊ မော့ဆက် ထောက်လှမ်းရေးချုပ်(ငြိမ်း) ရှပ်ဘ်တေးရှာဗစ်၊ ဂျေရုဆလမ်မြို့တော်ဝန် (နောင်တွင် ဝန်ကြီးချုပ်) အီဟွတ်အိုလ်မာ့တ်နှင့် တခြားအစ္စရေး လူကြီးလူကောင်းများ ပါဝင်သည်။ ထို့ပြင် ဆွစ်ဇာလန်မှ လူကြီးလူကောင်းများ၊ စပိန်မှ ထိပ်တန်းခေါင်းဆောင်များက ရစ်ချ်၏ ဂုဏ်ပုဒ်များကို ဖော်သည့် ချီးကျူးထောက်ခံစာများ ရေးသားကူညီကြသည်။

■

## *အီဟွတ်ဘာရက်၏ အကူအညီ*

အဖွဲ့လေး၏ အကြီးမားဆုံးစွမ်းဆောင်ချက်မှာ အစ္စရေးဝန်ကြီးချုပ် အီဟွတ်ဘာရက်က ရစ်ချ်ဘက်မှ ရပ်တည်ကာ သမ္မတကလင် တန်ထံ တယ်လီဖုန်းဆက်ပြီး ကိုယ်တိုင်ကိုယ်ကျ ထောက်ခံစကား ပြောပေးအောင် စည်းရုံးနိုင်ခဲ့ခြင်းဖြစ်၏။ ခရစ်စ်မတ်ကာလ (၁၁)ရက်နေ့၊ ရစ်ချ်၏ အသနားခံစာ သမ္မတကလင်တန်ထံ ရောက်သည့်နေ့မှာပင် ဘာရက်က အိမ်ဖြူတော်သို့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းဆက်ခဲ့သည်။ အိမ်ဖြူတော် မှတ်တမ်းအရဆိုလျှင် တယ်လီဖုန်းဆက်သည်မှာ ညနေ (၆း၁၆)တွင် ဖြစ်ပြီး စကားပြောချိန် တစ်ဆယ့်ကိုးမိနစ်တိတိ ကြာသည်ဆို၏။

'နောက်ဆုံး ပြောချင်တဲ့စကားလေးတစ်ခွန်းကတော့ အစ္စရေး အဖွဲ့အစည်းတွေကို ငွေကြေးလှူဒါန်းနေတဲ့ ပရဟိတဒါနရှင်တစ် ယောက် ရှိပါတယ်။ သူ့ တခြားပညာရေးလို ကိစ္စမျိုးတွေအတွက် အလှူဒါနတွေ ပြုနေတဲ့ပုဂ္ဂိုလ်ပေါ့ သူဟာ ဆွစ်ဇာလန်မှာနေတဲ့ အမေရိကန်-ဂျူးလူမျိုးတစ်ယောက်ပေါ့။ သူ့နာမည်က မာ့ခ်ရစ်ချ်လေ။ သူဟာ အမေရိ ပြည်ထောင်စုရဲ့ စည်းမျဉ်းစည်းကမ်းတချို့ကို ချိုးဖောက်တယ်လို့ အစွပ်စွဲခံရပြီး ပြည်ပမှာ နေထိုင်နေရသူပေါ့။ ကျွန်တော် ပြောချင်တာကတော့ သူ့ရဲ့ ပရဟိတလုပ်ငန်းတွေနဲ့ လူမှုရေးငွေပဒေသာပင်တွေအတွက် လူအများက ချီးကျူးဂုဏ်ပြုနေ တာမို့ တကယ်လို့များ ကျွန်တော့်အနေနဲ့ ထောက်ခံခွင့်ရမယ်ဆိုရင် သူ လျှောက်ထားတဲ့ကိစ္စကို သုံးသပ်စဉ်းစား ထောက်ခံပါရစေ'

ထိုအခါ ကလင်တန်က ပြန်ပြောသည်မှာ…

"အဲဒီအမှုကို ကျွန်တော်သိထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ဇနီးဟောင်းကို ကျွန်တော်သိနေလို့ သူ့ဇနီးဟောင်းကလည်း သူ့ကို ကူညီချင်နေတယ်လေ။ လူတစ်ယောက်ကို သူ့ဇနီးဟောင်းကတောင် ကူညီချင်တယ်ဆို ဒါဟာ ကောင်းတဲ့လက္ခဏာပဲလေ"ဟူ၏။

"အိုး"ဟု ဘာရက် ရေရွတ်လိုက်သည်။ "ကျွန်တော်က သူ့ဇနီးအသစ်ကိုပဲ သိတာဗျ။ အီတာလျံမ အသက်ငယ်ငယ်ကလေးရယ်။ ဟုတ်ပြီလေ သမ္မတကြီး။ သမ္မတကြီးကို အရမ်းကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဆက်သွယ်နေပါ့မယ်လေ"

အဖူလေးသည် အီဟွတ်ဘာရက်နှင့် သိကျွမ်းခဲ့သည်မှာ တော်တော်ကြာခဲ့ပြီ။ ၁၉၈၃ မှ ၁၉၈၅ အထိ ဘာရ ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည့် အစ္စရေး စစ်စုံစမ်းထောက်လှမ်းရေးဌာနတွင် အဖူလေး တာဝန်ထမ်းစဉ်ကတည် က သိကျွမ်းခင်မင်ခဲ့သည်။ နောက်ပြီး လက်ဘနွန်တွင်လည်း နှစ်ဦးအတူ စစ်မှုထမ်းခဲ့သည်။ အဖူလေးက ဘာရက် အကူအညီတောင်းရာ၌ အစ္စရေး အကျပ်အတည်းတွေ့နေချိန်တွင် အီရန်မှ ရေနံဝယ်ယူ နိုင်အောင် ဆောင်ရွက်ပေးခဲ့ နောက်ပြီး မော့ဆက်အဖွဲ့ကို ကူညီခဲ့ပုံများ ပြန်ပြောပြပြီး အကူအညီတောင်းခဲ့သည်။ ထို အခါ ဘာရက်က…

"ဒီလူဟာ ဒီနိုင်ငံကောင်းကျိုးကို အများကြီး ဆောင်ရွက်ခဲ့တာပဲ။ အဲဒီလိုလူကိုမှ ကျုပ် မကူညီရင် ဘယ်သူ့ ကူညီရမလဲ"ဟု ပြန်ပြောခဲ့သည်ဆို၏။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ငွေကြေးထောက်ပံ့မှု

ယခင်ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့သူ ရှီမွန်ပီ ရက်ဇ်ကို စည်းရုံးရာ၌လည်း အဇ္ဇလေးသည် ဘာရက်ကို စည်းရုံးသည့်နည်းကိုပင် သုံးပြီး စည်းရုံးသိမ်းသွင်းခဲ့သည်။

'ဆရာ သတိရသေးလား၊ ငြိမ်းချမ်းရေး လှုပ်ရှားမှုတွေလုပ်တုန်းက မာ့ခ်ရစ်ချ်ဆီက အကူအညီတောင်းဖို့ ဆရာ ကျွန်တော့်ကို ပြောခဲ့တာလေ'

သူ ရည်ညွှန်းပြောဆိုသည်မှာ ၁၉၉၃-၉၄ အော်စလိုသဘော တူညီချက်ကြောင့် အစ္စရေးနှင့် ပါလက်စတိုင်းတို့ ငြိမ်းချမ်းရေးရပြီး တစ်ဦးကိုတစ်ဦး အသိအမှတ်ပြုခဲ့ကြသည်။ အဆိုပါ ဖြစ်ပေါ်တိုးတက်မှု၏ နောက်ဆက်တွဲမှာ ပီရက်ဇ်၏ ဦးဆောင်မှုဖြင့် ရစ်ချ်က ပါလက်စတိုင်း ရင်းနှီးမြှုပ်နှံမှုဘဏ်တစ်ခု တည်ထောင်ပေးခဲ့ခြင်း၊ နောက်ပြီး အစ္စရေး၊ ဂျော်ဒန်နှင့် ပါလက်စတိုင်း အနောက်ဘက် ကမ်းပါးတို့၏ နယ်စပ်ဒေသများတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေး အတွက် ယင်းနယ်မြေများ ဖွံ့ဖြိုးသာယာအောင် တည်ထောင်ပေးခဲ့ခြင်းတို့ ဖြစ်၏။ ထိုသို့ သူတို့ကို အကူအညီပေးရေးအတွက် ရစ်ချ်နှင့် တွေ့ဆုံဆွေးနွေးရန် ၁၉၉၄ ခုနှစ်တွင် ယာဆာ အာရာဖတ်၏ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ရစ်ချ်နေထိုင်ရာ ဇော်မြို့အထိ သွားရောက်ခဲ့သည်။

'သူတို့ လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးဖို့ ကျွန်တော့်ဘက်က အဆင်သင့်ပဲ။ ဒါကြောင့် သူတို့ကို ကျွန်တော် တိုက်တွန်းခဲ့တယ်။ "ခင်ဗျားတို့ လိုအပ်တာတွေပြောပါ။ ကျွန်တော့်ဆီ ပြန်လာပြီး ကျွန်တော် ဘာကူညီနိုင်မလဲဆိုတာသာ ပြော"လို့ သူတို့ကို ဖွင့်ပေးခဲ့တယ်'

ရစ်ချ်က ထိုသို့ပြောပြီး စောင့်နေခဲ့သော်လည်း ပါလက်စတိုင်းအဖွဲ့တွင်း အားပြိုင်အာဏာလုမှုများကြောင့် ပါလက်စတိုင်းကိုယ်စားလှယ်အဖွဲ့သည် သူ့ထံ ပြန်ရောက်မလာခဲ့ချေ။ သို့ဖြင့် စီမံကိန်းတွေ ဆွဲ၊ ငွေပဒေသာပင်တွေ စိုက်ထူပြီး ဆင်းရဲနွမ်းပါးသောဒေသများတွင် ပညာရေးနှင့် ပတ်သက်သော၊ ကျန်းမာရေးနှင့် ပတ်သက်သော အကူအညီများပေးသည်မှာ ဒေါ်လာ သန်းပေါင်းများစွာ ကုန်ကျခဲ့၏။

အဆိုပါစီမံကိန်းများအကြောင်း သိခဲ့သည့်အတွက် အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ရှလိုမိုဘင်အေမီက ရစ်ချ်နှင့် ပတ်သက်လာသောအခါ မားမားမတ်မတ် ရပ်တည်ထောက်ခံချက်ပေးလာခြင်းဖြစ်၏။ သမ္မတကလင်တန်သို့ ရေးသားသည့် စာထဲတွင် "ရစ်ချ်၏ ငွေပဒေသာပင်သည် ဂါဇာကမ်းမြှောင်ဒေသနှင့် အနောက်ဘက်ကမ်းပါးတွင် အစောဆုံးတည်ထောင် ပေးခဲ့သည့် ငွေပဒေသာပင်ဖြစ်ကြောင်း ထည့်သွင်းရေးထားလေသည်။ မာ့ခ်ရစ်ချ်၏ သဒ္ဓါတရား ထက်သန်သော

www.burmeseclassic.com

the bookhouse

www.burmeseclassic.com


ကူညီလှူဒါန်းမှုသာမရလျှင် ယင်းစီမံကိန်း တော်တော်များများ အောင်မြင်နိုင်မည်မဟုတ်ပါဟု နိုင်ငံခြားရေးဝန်ကြီး ဖော်ပြခဲ့လေသည်။ "အတိုချုံးဆိုရသော် ရစ်ချ်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်အောင် ငွေကြေး ကူညီထောက်ပံ့ခဲ့သူ"ဖြစ်ပါသည်။ အဘိုးလေးက ရှိမွန်ပီရက်ဇ်အား ထိုအကြောင်းကို ၂၀၀၀ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြန်လည်သတိပေးခဲ့သည်။ အော့စလိုသဘောတူညီချက်ကြောင့် ပီရက်ဇ်သည် ရစ်ဇတ်ရာဘင်၊ ယာဆာအာရာဖတ်တို့နှင့်အတူ တွဲဖက်ပြီး ငြိမ်းချမ်းရေး နိုဗယ်ဆုရခဲ့သူဖြစ်၏။

"ဒီလူနဲ့ ပတ်သက်ပြီး ချီးကျူးဂုဏ်ပြုစကားလေး နည်းနည်းပါးပါး ဆရာပြောနိုင်မယ်ဆိုရင် ဒီလူဟာ သတင်းသမားတွေ ဝိုင်းဝန်းသမုတ်သလို နတ်ဆိုးကြီးမဟုတ်တဲ့အကြောင်း ထည့်ပြောပေးပါ"ဟု အဘိုးလေးက မေတ္တာရပ်ခံသောအခါ ပီရက်ဇ်အနေဖြင့် နှစ်ခါပြန်စဉ်းစားနေခြင်းမပြုဘဲ ရစ်ချ်အကြောင်း ကောင်းသတင်းတွေ ရေးပေးတော့သူ၏ စိတ်ရင်းစေတနာမှန်မှာ ရစ်ချ်အနေဖြင့် အဖမ်းအဆီးမခံရဘဲ လွတ်လွတ်လပ်လပ် လူသားချင်းစာနာထောက်ထားသည့် အလှူဒါနများ ပြုလုပ်စေလိုသောဆန္ဒကြောင့် ဖြစ်လေသည်။

သို့ဖြစ်ရာ ကလင်တန်ထံ ဘာရက်တယ်လီဖုန်းဆက်သည့်နေ့မှာပင် ပီရက်ဇ်ကလည်း တယ်လီဖုန်းဆက်သည်။ ထိုနေ့ကား ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာ(၁၁)ရက်။ ရစ်ချ်၏ လွတ်ငြိမ်းချမ်းသာခွင့်လျှောက်လွှာကို ကလင်တန် လက်ရရှိသည့်နေ့လည်း ဖြစ်၏။ ပီရက်ဇ်က ကလင်တန်အား မေတ္တာရပ်ခံသည်မှာ ရစ်ချ်အား လွတ်ငြိမ်းချမ်းသာခွင့်ပေး၍ ရုံးတင်တရားစွဲဖို့ စိုင်းပြင်းနေခြင်းကိုပါ ရုပ်သိမ်းပေးဖို့ဖြစ်၏။

ဘာရက်က ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ (၈)ရက်တွင် သမ္မတကလင်တန်ထံ နောက်တစ်ချီ တယ်လီဖုန်းဆက်ပြန်သည်။ သူက အစ္စရေး၏ လုံခြုံရေးတွင် ရစ်ချ်သည် အရေးပါအရာရောက်သောကဏ္ဍမှ ပါဝင်ခဲ့ကြောင်း၊ "သူဟာ မော့ဆက်ကို တစ်ကြိမ်မက ကူညီခဲ့ပါတယ်"ဟု ဖွင့်ပြောခဲ့သည်။ ထိုအခါ ကလင်တန်က "အမှုက တော်တော်ထူးခြားတဲ့အမှု ဖြစ်နေတယ်ဗျ။ ကျွန်တော် ဒီအမှုကို ရှင်းဖို့လုပ်နေပါတယ်"ဟု ဖြေသည်ဆို၏။

လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် အမှုများကို နောက်ဆုံးစိစစ်သည့်နေ့ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်တွင် ဘာရက် နောက်တစ်ကြိမ် တယ်လီဖုန်းဆက်ပြန်သည်။ "အခြေအနေကောင်းလား"ဟု ဘာရက်ကမေးသည်။

"အဲဒီအကြောင်းမေးလာတဲ့အတွက် ဝမ်းသာပါတယ်။ မေးရမယ့်မေးခွန်းက သူ လွတ်ငြိမ်းချမ်းသာခွင့်ရမှာလားဆိုတဲ့ မေးခွန်းမဟုတ်ဘူး။ မေးရမှာက သူ ဒီကို ပြန်မလာဘဲ လွတ်ငြိမ်းချမ်းသာခွင့်ပေးသင့်မပေးသင့်ဘဲ ရှိတော့တယ်"ဟု ကလင်တန်က ဖြေခဲ့လေသည်။

■

the bookhouse
www.burmeseclassic.com

## ဒနိစ်ရစ်ချ်၏ အခန်းကဏ္ဍ

လွှတ်ငြိမ်းချမ်းသာခွင့်ကို လူသိရှင်ကြား ထုတ်ဖော်ကြေညာ လိုက်သည်နှင့် စာနယ်ဇင်းသမားများ၏ပစ်မှတ်သည် တစ်ဦးတည်းသော အမျိုးသမီးအပေါ်သို့ ကျရောက်လာတော့၏။ ထိုသူကား ဒနိစ် ရစ်ချ်။ ရစ်ချ်၏ဇနီးဟောင်း။ သူမအကြောင်း သတင်းရေးလျှင် လူအများ စိတ်ဝင်စားဖွယ်သတင်းတစ်ပုဒ် ရနိုင်သည်။ သူမသည် နိုင်ငံတကာ သူတို့ထံအသိုက်အဝန်းတွင် ဝင်ဆံ့သူ။ သူမမှာ ဒေါ်လာ သန်းရာပေါင်းများစွာရှိပြီး မင်ဟတ်တန်ရပ်ကွက် ပဉ္စမရိပ်သာလမ်းတွင် စိမ်ခံအိမ်ကြီးဖြင့် ခမ်းကြီးနားကြီးနေထိုင်သူ။ စကားပြောလျှင် ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်းရှိပြီး ခေတ်ဆန်သော အသိုက် အဝန်းတွင် ရေပန်းစားသူ။ သူမသည် အောင်မြင်သော တေးရေးဆရာမလည်း ဖြစ်၏။ ဂီတလောကတွင် သူမကို မသိသူမရှိ။ သူ့ခင်ပွန်းသည် သူမအား စွန့်ပစ်ပြီး နောက်မိန်းမယူသွားသည့်တိုင် သူ့ခင်ပွန်းအပေါ် စေတနာမပျက်ခဲ့။ သူ့ခင်ပွန်းဟောင်းကို ဒုက္ခရောက်လျှင် ကူညီဖေးမဖို့အသင့်ဖြစ်နေသူ။

မှာ့ခ်ရစ်ချ် လွှတ်ငြိမ်းချမ်းသာခွင့်တွင် ဒနိစ်ပါဝင်ပတ်သက်နေခြင်းသည် လူအများ မြိန်ရေရှက်ရေ ပြောဆိုစရာ ဇာတ်လမ်းတစ်ပုဒ် ဖြစ်နေတော့၏။ ပထမဦးဆုံးထောက်ပြကြသည်မှာ ဒနိစ်သည် အလွန်သစ္စာရှိသော ဒီမိုကရက်တစ်ပါတီ ထောက်ခံအားပေးသူဖြစ်နေခြင်းပင်။ ဒီမိုကရက်တစ်ပါတီသို့ ၁၉၉၂ ခုနှစ်ကတည်းက သူမ ထည့်ဝင်လှူဒါန်းငွေပမာဏ သည် ဒေါ်လာ (၁.၁)သန်းကျော် ရှိခဲ့သည်။ ဒီမိုကရက်တစ်ပါတီကိုယ်စားပြုပြီး သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ အားလုံးကို ဒနိစ်ထောက်ခံခဲ့သည်။ မဲဆွယ်ပွဲများအတွက် အလှူငွေများထည့်ဝင်ခဲ့သည်။ ဒီမိုကရက် တစ်ခေါင်းဆောင်များနှင့် ဆုံးရှုံးခဲ့သည်။

ဒနိစ်သည် အထူးသဖြင့် ကလင်တန် ဇနီးမောင်နှံနှင့် ခင်မင်ရင်းနှီးခဲ့သည်။ ဘီလ်ကလင်တန်ရွေးကောက်ပွဲဝင်သော အခါ အနိုင်ရရှိရေး မဲဆွယ်ပွဲများပြုလုပ်ဖို့ ဘဏ္ဍာငွေစုဆောင်းသောအခါ ဒနိစ်က အင်တိုက်အားတိုက် ထည့်ဝင်ကူညီ ခဲ့သည်။ အထူးသဖြင့် အာကင်ဆောပြည်နယ်၊ လစ်တဲလ်ရော့ခ်တွင် သမ္မတ၏ စာကြည့်တိုက်တည်ဆောက်ရေးအတွက် ဒနိစ်က ဒေါ်လာ ၄၅၀,၀၀၀ ထည့်ဝင် လှူဒါန်းခဲ့လေသည်။

ထိုအခါ နိုင်ငံရေးသမားများနှင့် စာနယ်ဇင်းသမားများက မှာ့ခ်ရစ်ချ်၏ဇနီးဟောင်းသည် သူ့ခင်ပွန်းဟောင်း၏ လွှတ်ငြိမ်းချမ်းသာခွင့်ကို ငွေဖြင့် ဝယ်ယူခဲ့သည်ဟု ဝိုင်းဝန်းရှုတ်ချကြတော့၏။

အမေရိကန်လွှတ်တော်က ဖွဲ့စည်းထားသော အစိုးရပြုပြင်ရေးကော်မတီက ရစ်ချ် လွှတ်ငြိမ်းချမ်းသာခွင့်နှင့် ပတ်သက်သည့် အခြေအနေများကို စုံစမ်းစစ်ဆေးခဲ့ရာ "ဒနိစ်သည် ရစ်ချ် လွှတ်ငြိမ်းချမ်းသာခွင့်ရအောင် ကြိုးပမ်းမှုတွင်

www.burmeseclassic.com



အစိကနေရာမှ ပါဝင်ခဲ့သည်''ဟု အစီရင်ခံခဲ့သည်။ သူမ၏ ရက်ရောသော ထည့်ဝင်ကူညီငွေများကြောင့် သူမသည် သမ္မတ‌ေနီးမောင်နှံနှင့် ခင်မင်ရင်းနှီးခဲ့သည်။ ကလင်တန်အစိုးရလက်ထက်တွင် သူမသည် အိမ်ဖြူတော်သို့ တစ်ဆယ့် ခေါက်ထက်မနည်း သွားလာဝင်ထွက်ခဲ့သည်ဆို၏။ သူမသည် ''အရင်းနှီးဆုံး မိတ်ဆွေစာရင်းဝင်သူ''အဖြစ် သမ္မ ကလင်တန်က ပြောခဲ့ဖူးသည်ဆို၏။

ဒီဇင်ဘာ (၆)ရက် ရက်စွဲတပ်ထားသည့် ဒနိစ်၏စာသည် ပထမဆုံးပုဂ္ဂိုလ်ရေးရင်းနှီးမှုအရ ရေးလိုက်သည့်စာ ၏။ ထိုစာကို ရစ်ချ်၏ လွတ်ငြိမ်းချမ်းသာခွင့် အသနားခံစာနောက်တွင် တွဲပေးခဲ့လေသည်။ လွတ်ငြိမ်းချမ်းသာ အသနားခံစာ သမ္မတလက်ထဲရောက်ပြီး နောက်တစ်ပတ်အကြာတွင် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး မေတ္တာရပ်ခံရန် ဒနိစ် သမ္မတထံ တိုက်ရိုက်တယ်လီဖုန်းဆက်ခဲ့လေသည်။ ဒီဇင်ဘာ (၂၀)ရက် အိမ်ဖြူတော်တွင် ပြုလုပ်သော အမျိုးသား အနုပညာဆုပေးအပ်ပွဲတွင် ဒနိစ်သည် ဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့သည်။ တိတ်ဆိတ်နေသော အခိုက်အတန့် တွင် ဒနိစ်က သမ္မတကို ဘေးနားသို့ဆွဲခေါ်သွားပြီး လွတ်ငြိမ်းချမ်းသာခွင့်ရဖို့အရေးသည် ''ကျွန်မအတွက် အ အရေးကြီးပါတယ်''ဟု ပြောခဲ့လေသည်။

ထိုသို့ ခင်ပွန်းအတွက် အားကြိုးမာန်တက် ကြိုးစားပေးခဲ့ခြင်းသည် လူအများ အံ့အားသင့်စရာဖြစ်ခဲ့၏။ သူ ထိုသို့ကြိုးစားအားထုတ်နေချိန်တွင် မာ့ခ်ရစ်ချ်နှင့် သူမသည် လုံးဝအဆက်အသွယ်မရှိတော့။ သူတို့နှစ်ယောက်တစ်ယော ကိုတစ်ယောက် တွေ့ဖို့ဆုံဖို့မဆိုထားနှင့် တစ်ဦးနှင့်တစ်ဦး စကားပင်မပြောခဲ့ကြ။

ရစ်ချ်၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပတ်သက်၍ နောက်ဆုံးထွက်ပေါက်လမ်းကို လိုက်ရာတွင် ဒနိစ်က တစ် တစ်အား ပါဝင်ဆောင်ရွက်ရေးစိတ်ကူးကို အက်ဗ်နာအဇူလေးက စတင်ရရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ အဇူလေးက ဒနိစ်ထံသွားပြီး လွတ်ငြိမ်းချမ်းသာခွင့်လျှောက်ထားသည့်ကိစ္စတွင် ပါဝင်ကူညီဖို့ မေတ္တာရပ်ခံသည်။

'သူ ကျွန်မကို တစ်ပတ်ရိုက်ခဲ့တာ။ သူ ကျွန်မကို ပေးစရာတွေတောင် ကျန်သေးတယ်။ ကျွန်မတို့နှာမည်ရဲ့ ပဒေသာပင်စိုက်ထူခဲ့တဲ့ ဒေါ်လာ သန်း(၄၀)ကို ကျွန်မလိုချင်တယ်'

သူမစကားကိုကြားတော့ အဇူလေး အံ့အားတသင့်ဖြစ်သွားသည်။ မာ့ခ်နှင့် ဒနိစ် မသင့်မြတ်ကြမှန်း သူသိသ သို့သော် သည်လောက်ထိ ခါးခါးသီးသီး ဖြစ်လိမ့်မည်မထင်ခဲ့။ သူမ၏ သမီးများ၏ ဖခင်ဖြစ်ပြီး သူမ၏ခင်ပွန်းဟော ဖြစ်သူကို မကူညီလျှင် အများအမြင်တွင် မတင့်တယ်ကြောင်း အဇူလေးက ဖျောင်းဖျသည်။

'ခင်ဗျား ကျွန်တော်တို့ကို ကူညီမယ်ဆိုရင် ကျွန်တော် မာ့ခ်နဲ့တွေ့ပြီး အကျိုးအကြောင်း ပြောပြပါ့မယ်'

သူတို့နှစ်ယောက် အကြိမ်ကြိမ်တွေ့ပြီး ဆွေးနွေးမှုတွေ ရှည်လျားစွာပြုလုပ်ပြီး နောက်ဆုံးတွင်မှ ဒနိစ်က

www.burmeseclassic.com

the bookhouse
we bring your future

www.burmeseclassic.com



ဖို့ သဘောတူလိုက်သည်။ ထိုသို့မာ့ခ်ရစ်ချ်ကို ကူညီချင်လာအောင် ဒနိစ်အား ဘယ်လိုအကြောင်းတရားတွေက တွန်းအား ပေးခဲ့ပါသလဲဟူသော မေးခွန်းကို ဒနိစ်ကဖြေကြားရာ၌…

"လွတ်ငြိမ်းချမ်းသာခွင့် အသနားခံတဲ့ကိစ္စမှာ ဝိုင်းကူပေးဖို့ ကျွန်မသမီးတွေက တိုက်တွန်းခဲ့တာပါ။ သူတို့ဟာ ကျွန်မရဲ့ ရင်သွေးတွေလေ။ ကျွန်မ ဘယ်လိုလုပ်ပြီး သူတို့စကားကို ငြင်းနိုင်ပါ့မလဲ"ဟု ပြောသည်။ "ကွာရှင်းပြတ်စဲ မှုတိုင်းကတော့ ခါးသီးနာကြည်းစရာချည်းပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် သူဟာ ကျွန်မသမီးတွေရဲ့ ဖခင်ဖြစ်နေဆဲပါပဲ။ ဂေဘရီရယ်က ကျွန်မအနေနဲ့ သူ့ကို ခွင့်လွှတ်စေချင်မှာပဲ။ သူ့ကို အထောက်အကူပေးဖို့ ဂေဘရီရယ်က လိုလားမှာအမှန် ပါပဲ"

ကွယ်လွန်သူ သမီးဂေဘယ်ရီရယ်ကြောင့် သူမသည် မာ့ခ်ရစ်ချ်အပေါ်ထားခဲ့သည့် နာကြည်းစိတ်များကို ပြောင်း လဲနိုင်ခဲ့ကြောင်းလည်း ဒနိစ်က ရှင်းပြခဲ့လေသည်။

■

## သိမ်မွေ့သော ငွေကြေးဆိုင်ရာ သဘောတူညီချက်

သူမအား ရစ်ချ်ကပေးရန်ရှိသည်ဟု သူမယူဆထားသည့် ဒေါ်လာသန်း(၄၀)ကို ပေးဆပ်ပါမည်ဟု အကိုဗ်နာအစုလေး ၏ ကမ်းလှမ်းချက်ကို ဒနိစ်က လက်သင့်ခံသဘောတူခဲ့သည်မှာ အမှန်ဖြစ်သည်။ ထို့ကြောင့် ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလတွင် နှစ်ဦးနှစ်ဖက် သဘောတူလက်မှတ်ရေးထိုးချက်အရ ရစ်ချ်နှင့်ဂရင်းက ဂျီအင်ပီ ဖောင်ဒေးရှင်းသို့ တစ်နှစ်လျှင် ဒေါ်လာ ၅၀၀,၀၀၀ ထည့်ဝင်လှူဒါန်းမည်ဟု သဘောတူထားသည်။ ဂျီအင်ပီငွေပဒေသာပင်မှာ ဂေဘရီယယ် ခံစားသေဆုံးခဲ့ရသည့် လျူကေးမီးယား(သွေးကင်ဆာ) ရောဂါတိုက်ဖျက်ရေးအတွက် တည်ထောင်ထားသည့် လျူကေးမီးယား သုတေသနဌာန ဖြစ်၏။ လှူဒါန်းငွေများကို သုတေသနဌာနက အသုံးပြုမည်ဖြစ်ပြီး အဆိုပါ ရန်ပုံငွေသည် ဒနိစ်၏ ကိုယ်ကျိုးစီးပွား လုံးဝမပါဝင်ပေ။

"ဒီငွေပဒေသာပင်ကို ဆက်ပြီး စိုက်ထူဖို့နဲ့ သွေးကင်ဆာ သုတေသနလုပ်ငန်းကို သူသေသွားပြီးတဲ့နောက်ပိုင်း ဆက်လုပ်ဖို့ ဂေဘရီယယ်က မှာသွားပါတယ်။ ဒါဟာ ကျွန်မသမီးရဲ့ နောက်ဆုံးဆန္ဒပါ။ ဒီဖောင်ဒေးရှင်းကို သူ စပြီး တည်ထောင်ခဲ့ပြီး သူက ဆက်လုပ်စေချင်ခဲ့တာပါ"ဟု ဒနိစ်က ရှင်းပြသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"သမီးရဲ့ နောက်ဆုံးဆန္ဒကို ဖြည့်ဆည်းတဲ့အနေနဲ့ ဒီငွေပဒေ သာပင်မှာ ရစ်ချ်နဲ့ ဂရင်းတို့ ထည့်ဝင် လှူဒါန်းမလားလို့ မေးခဲ့တာပါ။ သူတို့နှစ်ယောက် လွတ်ငြိမ်းချမ်းသာခွင့်ရရေးနဲ့ ဘယ်လိုမှ မပတ်သက်ခဲ့ပါဘူး"

ရစ်ချ် လွတ်ငြိမ်းချမ်းသာခွင့် ရသွားသောအခါ ပေါက်ကွဲလာသော အများပြည်သူ၏ဒေါသကြောင့် သူမ၏ခင်ပွန်းဟောင်း၏ ငွေကို လက်မခံတော့ရန် ဒနိစ်ဆုံးဖြတ်ခဲ့သည်။

"ငွေပဒေသာပင် စိုက်ထူရခြင်းရဲ့ စေတနာကို မထိခိုက်စေချင်ဘူး။ ဒါကြောင့် သူတို့ရဲ့ငွေကို လက်မခံတော့ဖို့ ကျွန်မ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီရန်ပုံငွေ တည်ထောင်ဖို့ငွေ ဘယ်ကရခဲ့သလဲဆိုတဲ့ မေးခွန်းကြောင့် ဒီလုပ်ငန်းကြီးရဲ့ စေတနာအရောင်တွေ မှေးမှိန်မသွားစေချင်ပါဘူး"ဟု ဒနိစ်ကပြောပြီး ဒင်နီယယ်ကတော့ "မေမေက ဒီလုပ်ငန်းကြီးကို ဖြူစင်သန့်ရှင်းစေချင်တယ်လေ"ဟု ထပ်ဆင့်ရှင်းခဲ့သည်။

ရစ်ချ် လွတ်ငြိမ်းချမ်းသာခွင့်ရသည့်အတွက် ဝိုင်းဝန်းထိုးနက်တိုက်ခိုက်ကြသည့် စစ်တလင်းတွင် ကြားညပ်ပြီး ကျည်သင့်သွားသူမှာ ဂျက်ကွင်းဖြစ်၏။ မီဒီယာများ၏ ဒေါသတကြီး ထိုးနက်မှုကြောင့် ကွင်း တော်တော်ဖြုံသွားသည်။

"ကျွန်တော်ဟာ နိုင်ငံရေးလာဘ်မြင်တဲ့လူလို့ ကျွန်တော် ခံယူထားတယ်။ အဲဒီလိုပဲ သမ္မတကလင်တန်ဟာလည်း နိုင်ငံရေးလာဘ်မြင်သူတစ်ဦးလို့ ကျွန်တော် ခံယူခဲ့ပါတယ်။ ဒါပေမယ့် ဖြစ်ပေါ်လာတဲ့အုတ်အော်သောင်းတင်းဖြစ်မှုကြောင့် ကျွန်တော်တို့နှစ်ယောက်စလုံး ပါးစပ်အဟောင်းသားဖြစ်ခဲ့ရတယ်ဗျ"

ကွင်းသည် အများပြည်သူရှေ့မှောက်တွင် ဖွင့်ဟဝန်ခံခဲ့သည်ထက် များစွာ ပိုပြီးစိတ်ထိခိုက်ကြောင်း သိသာပါသည်။ "အဲဒီလို ဝိုင်းပြီး အတိုက်ခိုက်ခံရတာ ကျွန်တော့်ဘဝတစ်လျှောက်လုံးမှာ နာကြည်းစရာအကောင်းဆုံးဖြစ်ရပ်ပါပဲဗျာ"ဟု ကွင်းက နှစ်ကိုယ်ကြား ဖွင့်ဟဝန်ခံခဲ့သည်သာမက "ကျွန်တော့်ရဲ့ သမာဓိကို မေးခွန်းအထုတ်ခံရတာပေါ့ဗျာ" ဟုလည်း နာကြည်းစွာ ပြောခဲ့လေသည်။

■

### *အဲရစ်ဟိုလ်ဒါ၏ အခန်းကဏ္ဍ*

လွတ်ငြိမ်းချမ်းသာခွင့်ကြောင့် ဖြစ်ပေါ်လာသော စစ်ပွဲကြီးတွင် ဘီလ်ကလင်တန်၊ ဂျက်ကွင်းနှင့် ဒနိစ်တို့သာ ဝိုင်းဝန်း အတိုက်ခိုက်ခံခဲ့ရသည်မဟုတ်ဘဲ စစ်မြေပြင်ပစ်ကွင်းထဲ ရောက်သွားသူမှာ အဲရစ်ဟိုလ်ဒါဆိုသူဖြစ်၏။ အဲရစ်ဟိုလ်ဒါ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သည် ဂျက်ကွင်းနှင့် ပုဂ္ဂိုလ်ရေးအရ ခင်မင်ရင်းနှီးသူ။ သူ၏ ရာထူးမှာ လက်ထောက်ရှေ့နေချုပ် ဖြစ်၏။

ရစ်ချ် ရင်ဆိုင်နေရသည့်အမှုတွင် ရစ်ချ်ဘက်က ရှေ့နေ အဖြစ် ဆောင်ရွက်ပေးနေသည့် ဂျက်ကွင်းက ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလထဲတွင် ဟိုလ်ဒါထံချဉ်းကပ်ခဲ့သည်။ ရစ်ချ်၏အမှုကို တရားမမှု အဖြစ်ပြောင်းလဲစွဲဆိုဖို့ ကွင်းကြိုးစားခဲ့သည်ကို နယူးယောက်အနောက်ပိုင်းခရိုင် တရားရေးဌာနက လက်မခံ ငြင်းပယ်နေသည့်ကာလဖြစ် ၏။ ကွင်းက သူ့အနေအထားကို တင်ပြသောအခါ "ကျွန်တော်တို့ အားလုံး ကရုဏာသက်ပါတယ်။ လူသားချင်း စာနာထောက်ထားမှု ရှုထောင့်က ကြည့်ရင် ခင်ဗျားတို့ဘက်က အသာရနေပါတယ်"ဟု ဟိုလ်ဒါက အကြောင်းပြန်သည်။ သို့သော် သူ့အနေဖြင့် နယူးယောက် အနောက်ပိုင်းခရိုင် တရားရေးဌာန၏ သဘောထားပြောင်းရေးကိုမူ မတတ်နိုင်ကြောင်း ပြန်ကြားခဲ့သည်။

သို့ဖြင့် သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့် အသနားခံစာတင်ဖို့ ကွင်းက ဆုံးဖြတ်ပြီး ဟိုလ်ဒါ၏ထံ အကြံဉာဏ်တောင်းရာ ဟိုလ်ဒါက အသနားခံစာကို အိမ်ဖြူတော်သို့ တိုက်ရိုက်တင်ရန် အကြံပေးခဲ့သည်။

ကလင်တန် အိမ်ဖြူတော်မှမထွက်ခွာမီ တစ်ရက်အလို ၂၀၀၁ခုနှစ်၊ ဇန်နဝါရီ (၁၉)ရက်တွင် ဟိုလ်ဒါထံ အိမ်ဖြူတော် အတိုင်ပင်ခံအရာရှိ ဘက်သ်နီလန်တယ်လီဖုန်းဆက်သည်။ ရစ်ချ်အား လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးနှင့် ပတ်သက်၍ ဟိုလ်ဒါ၏သဘောထားကို မေးခြင်း။ ထိုအခါ သူ့သဘောထားကို မိစ်နီလန်အားပြန်ပြောရာ၌ "သမ္မတ ဆုံးဖြတ်ချက်ကို သဘောကျပေမယ့် ခုချိန်မှာ ကျွန်တော်ကတော့ ဘက်မလိုက်ဘဲ ကြားနေအဖြစ်နေပါမယ်။ တကယ်လို့ နိုင်ငံခြားရေးဝါဒ အတွက် အကျိုးရှိမယ်ဆိုရင် လွတ်ငြိမ်းချမ်းသာခွင့် ပေးသင့်ပါတယ်"ဟု ပြန်ပြောခဲ့သည်ဆို၏။

သို့ဖြင့် သမ္မတ၏ဆုံးဖြတ်ချက်ကို ဖေးဖေးမမ သာသာထိုးထိုး မှတ်ချက်ပေးခဲ့သည့် လက်ထောက်ရှေ့နေချုပ် အဲရစ်ဟိုလ်ဒါသည်လည်း မီဒီယာများ၏ ပစ်ခတ်တိုက်ခိုက်ခြင်းကို အလူးအလဲခံခဲ့ရလေသည်။ နိုင်ငံရေးသမားများနှင့် ဆန့်ကျင်ဘက်ထင်မြင်ချက်ရှိသူ သတင်းသမားများက ရစ်ချ်၏အမှုနှင့် ပတ်သက်၍ စွပ်စွဲချက်များ တစ်ခုပြီးတစ်ခု တင်ခဲ့ကြ၏။

သည်အမှုတွင် အကျင့်ပျက်ခြစားမှုရှိခဲ့သလား။ ခင်ပွန်းဟောင်းလွတ်ငြိမ်းချမ်းသာခွင့်ရရေးကို ဒနိစ်က ငွေဖြင့် ပေါက်ပြီး ဝယ်ယူခဲ့သလား။ ကလင်တန်နှင့် ဒီမိုကရက်တစ်ပါတီသို့ ဒနိစ်လှူဒါန်းခဲ့သောငွေများသည် ရစ်ချ်ကပေးခဲ့ ခြင်းလား။ ဒနိစ်၏ပံ့ပိုးမှုရအောင် ရစ်ချ်က ငွေပေးခဲ့သလား။ ရစ်ချ်သည် လက်နက်ကုန်သည်လား။ ဂျက်ကွင်းသည် စောင့်ထိန်းရမည့်ကျင့်ဝတ်ကို မစောင့်ထိန်းဘဲ ပုဂ္ဂိုလ်ရေးရင်းနှီးမှုကို အခွင့်အရေးအဖြစ် အသုံးချခဲ့သလား။ ရစ်ချ်အား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းဖြင့် သမ္မတကလင်တန်သည် တရားဥပဒေကို ချိုးဖောက်ခဲ့သလားစသည်ဖြင့်။

ဝိုင်းဝန်းထိုးနှက်တိုက်ခိုက်သူများက ခိုင်မာသော စွပ်စွဲချက်တောင်ကြီးအဖြစ် ဖန်တီးထားသော်လည်း ထိုအမှုကို ကိုင်တွယ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့များ လက်တွေ့ တွေ့ရှိရသည်မှာ ခိုင်မာတောင့်တင်းခြင်းမရှိသည့် ခြတောင်ပို

bookhouse

www.burmeseclassic.com

www.burmeseclassic.com


ကလေးမျှသာ ဖြစ်နေလေသည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များသည် လာဘ်ပေးလာဘ်ယူမှု၊ လက်နက်ရောင်းဝယ်မှု သို့မဟုတ် တခြားသော ဥပဒေပြင်ပလုပ်ရပ်များ ကျူးလွန်ခဲ့သည်ကို အလျဉ်းမတွေ့ရကြောင်း အစီရင်ခံခဲ့လေသည်။ ထို့ပြင် တရားရေးဌာနနှင့် အကျယ်တဝင့် ဆွေးနွေးညှိနှိုင်းနေခြင်းမပြုဘဲ ရစ်ချ်အား လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ ဆုံးဖြတ်ခဲ့သည့် သမ္မတသည်လည်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ခွင့်ပြုထားသော သမ္မတ၏လုပ်ပိုင်ခွင့်များဘောင်အတွင်း ဆောင်ရွက်ချက်ဖြစ်သည်ဟု ဆိုကြသည်။ သို့ဖြစ်ရာ သမ္မတကလင်တန်၏ လုပ်ဆောင်ချက်သည်လည်း တရားဥပဒေဘောင်အတွင်းဖြစ်ကြောင်း အစီရင်ခံခဲ့လေသည်။

သမ္မတကလင်တန်ကလည်း ရစ်ချ်နှင့်ဂရင်းတို့ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းသည် တရားဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်။ တခြားတခြားသော ရေနံကုမ္ပဏီများအား အကောက်ခွန် ရှောင်တိမ်းမှုဖြင့် တရားစွဲရာတွင် တရားမကြောင်းအရသာ စွဲချက်တင်ခဲ့သည်ကို သိရကြောင်း ထောက်ပြခဲ့သည်။

သမ္မတက လွတ်ငြိမ်းချမ်းသာခွင့်ပေးမှုကို လေ့လာရာ၌ ဒနိစ်၏အခန်းကဏ္ဍကို လိုသည်ထက် ချဲ့ကားခဲ့ကြကြောင်း တွေ့ရသည်။ ဒနိစ်သည် သမ္မတနှင့် ရင်းနှီးသူဖြစ်သည့်အတွက် ရစ်ချ်တို့၏လျှောက်လွှာကို သမ္မတကြီးအာရုံစိုက်အောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း တွေ့ရသည်။ ကလင်တန်ရွေးကောက်ပွဲအနိုင်ရရေးအတွက် ဒီမိုကရက်တစ်ပါတီသို့ ရန်ပုံငွေများ ထည့်ဝင်ခဲ့ခြင်းသည်လည်း ရစ်ချ်အား လွတ်ငြိမ်းချမ်းသာခွင့်ပေးရာတွင် အဓိကအချက်မဟုတ်ကြောင်း တွေ့ရပါသည်။

သို့ဆိုလျှင် တရားဥပဒေအရ ချေပချက်များကြောင့်လား။ ထိုသို့လည်းမဟုတ်ပါ။ ဤအမှုကို လေ့လာဆန်းစစ်ရာတွင် ရစ်ချ်တို့ဘက်သို့ သမ္မတကြီးစိတ်ယိုင်သွားအောင် ဆွဲဆောင်စေသည့်အချက်နှစ်ချက်မှာ စိတ်ခံစားချက်အရနှင့် နိုင်ငံရေးအရဖြစ်ပါသည်။ ဦးစွာပြောရမည်ဆိုလျှင် ဝှိုက်ဝါးတားအရှုပ်တော်ပုံတွင် ကလင်တန်၏ အခန်းကဏ္ဍကို စုံစမ်းစစ်ဆေးရန် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးမှူး ကက်နက်စတားကို တာဝန်ပေးခဲ့ကြ၏။ သို့သော် နောက်ပိုင်းတွင် စတားသည် သူ၏စုံစမ်းစစ်ဆေးရေးကို မူလကိစ္စနှင့်မဆိုင်သည့် ကိုယ်ရေးကိုယ်တာကိစ္စများကို ဆွဲသွင်းပြီး ချဲ့ကားအစီရင်ခံခဲ့သောကြောင့် ကလင်တန်မှာ အရှက်တကွဲဖြစ်ခဲ့ရသည်။ (သမ္မတကြီးနှင့် မိုနီကာ လူဝင်စကီးတို့၏ အရှုပ်တော်ပုံ။) သမ္မတကြီးသည် ရာထူးမှ ထွက်မပေးရသော်လည်း ဂုဏ်သိက္ခာအကြီးအကျယ် ညှိုးနွမ်းခဲ့ရသည်။ ထိုသို့ဖြစ်ရသည်မှာ ရန်လိုလွန်းပြီး တစ်စိတ်ကို တစ်အိတ်ဖြစ်အောင် ပုံကြီးချဲ့ကားသည်ဟု သမ္မတက ယုံသည်။ သူကိုယ်တိုင်ပင် ချဲ့ကားမှုဒဏ်ကို မရှုမလှ ခံစားခဲ့သည့်အတွက် ယခု ရစ်ချ်တို့ကိုလည်း ကိုယ်ချင်းစာညှာချင်စိတ်ပေါက်ခဲ့ခြင်း ဖြစ်ပေသည်။

ဒုတိယအချက်မှာ နိုင်ငံရေးအရဖြစ်ပါသည်။ လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း၏နောက်ကွယ်တွင် အီဟွတ်ဘာရက်နှင့် ရှီမွန်ပီရက်ဇ်တို့သည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း တွေ့ရပါသည်။ သူတို့နှစ်ယောက်၏ ထောက်

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



အကူသာ မရခဲ့လျှင် ကလင်တန်သည် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့မည်မဟုတ်ဟု အဖွဲ့လေးက နောက်ပိုင်းတွင် ထုတ်ဖော်ပြောဆိုသည်။ "ဝန်ကြီးချုပ်ဘာရက်ရဲ့ အနူးအညွတ်တောင်းပန်မှုတွေက သမ္မတကြီးရဲ့စိတ်ကို အကြီးအကျယ် ယိမ်းယိုင်စေခဲ့ပါတယ်"ဟု ဂျက်ကွင်းက ရှင်းပြခဲ့သည်။

ရစ်ချ်သည် အစ္စရေးကို အလုပ်အကျွေးပြုခဲ့ပြီး ပါလက်စတိုင်းများကို ကူညီခဲ့သည်။ ထို့ကြောင့် ရစ်ချ်အား လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ ဘာရက်က သမ္မတကြီးထံသို့ သုံးကြိမ်တိုင်တိုင် တယ်လီဖုန်းဆက် မေတ္တာရပ်ခံခဲ့သည်။ ထို့ပြင် အမေရိကရှိ ဒီမိုကရက်တစ်နှင့် ရီပတ်ဘလစ်ကန်ပါတီနှစ်ဖွဲ့စလုံးမှ အစ္စရေးလူမျိုး အထင်ကရပုဂ္ဂိုလ်များကလည်း ရစ်ချ်တို့ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ ဝိုင်းဝန်းတိုက်တွန်းကြသည်ဆို၏။

နောက်ဆုံးတော့ စိတ်ခံစားချက်အရနှင့် နိုင်ငံရေးအရဟူသော အချက်နှစ်ချက် လွှမ်းမိုးမှုကြောင့် ရစ်ချ်နှင့် ဂရင်းတို့ လွတ်ငြိမ်းချမ်းသာခွင့်ရသွားခြင်းဖြစ်ပါသည်။

■

## အခွန်ငွေ အပေးအယူ

လွတ်ငြိမ်းချမ်းသာခွင့်ကို ရစ်ချ်ရရှိပြီးနောက် သီတင်းပတ်ခြောက်ပတ်အကြာတွင် နယူးယောက်အခွန်ငွေ ကောက်ခံရေးဌာနက ရစ်ချ်ထံ စာတစ်စောင်ပို့သည်။ ထိုစာနှင့်အတူ ယင်းဌာနသမိုင်းကြောင်းတွင် အမြင့်မားဆုံး အကောက်ခွန်တောင်းခံလွှာ တွဲပေးခဲ့ သည်။ တောင်းဆိုထားသည့် အကောက်ခွန်မှာ ဒေါ်လာ ၁၃၇,၈၂၇, ၇၈၁.၉၀ ဖြစ်၏။ ထိုစာကို မှာခံရစ်ချ် နေထိုင်သည့် ဆွစ်ဇာလန်လိပ်စာအတိုင်း ပို့လိုက်သည်။

ထို့ပြင် ၁၉၈၀ မှ ၁၉၈၂ အတွင်း ပေးဆောင်ရန်ပျက်ကွက်ခဲ့သော အမြတ်ခွန်များဟုဆိုကာ နောက်ကြောင်းပြန် တောင်းခံသည့် အခွန်ငွေမှာ ဒေါ်လာ (၁၃.၅)သန်းနှင့် အခွန်ဆောင်ရန်ပျက်ကွက်သည့်အတွက် ဒဏ်ငွေမှာ ဒေါ်လာ (၉၇.၄)သန်းဖြစ်၏။ ပေးဆောင်ရန် ပျက်ကွက်ခဲ့သည့် အခွန်ငွေများအတွက် ဒဏ်ငွေပေါ်တွင် အတိုးပေးရသည်ဖြစ်ရာ ဒဏ်ငွေမှာ တစ်ရက်လျှင် ဒေါ်လာ ၂၀,၀၀၀ ဖြစ်လေသည်။

နယူးယောက်ပြည်နယ် အခွန်ဌာနက တွက်ချက်ခဲ့သည်မှာ ရစ်ချ်ကြေညာရန်ပျက်ကွက်သည့် [illegible] အမြတ်ငွေ၏ ဒေါ်လာသန်း(၁၀၀)ပေါ်တွင် ဖြစ်သည်ဆို၏။ ထိုသို့ အခွန်ကောက်ခံခြင်းနှင့်အတူ စီးတီးဘဏ်ရှိ ရစ်ချ်၏

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



[illegible] ဒေါ်လာ(၅) သန်းကို ထုတ်ယူခွင့်ပိတ်လိုက်သည်။

ထိုမှ များပြားသည့် အခွန်ငွေများကို ရစ်ချ်ပေးလိမ့်မည်ဟု ဘယ်သူကမျှ ယုံကြည်ခြင်းမရှိ။ ရစ်ချ်ကတော့ သူပိုင် ရေနံကုမ္ပဏီ များမှ အမြတ်ငွေများကို ဆွစ်ဇာလန်နိုင်ငံတွင် တရားဝင်ကြေညာခဲ့ပြီးဖြစ်သည်ဟု စောဒကတက်သည်။

သို့သော် တောင်းခံထားသည့် ငွေပမာဏ၏တချို့အဝက်ကို ပေးမည်ဟု သူ့ရှေ့နေများမှတစ်ဆင့် ကမ်းလှမ်းလာသောအခါ နယူးယောက်ပြည်နယ် အခွန်မှူးတွေ ပါးစပ်အဟောင်းသားဖြစ်ရတော့၏။ ကုန်သည်သွေးပါသည့် ရစ်ချ်ကတော့ သူပေးဆောင်မည့်ငွေပမာဏကို အခွန်မှူးများနှင့် ညှိနှိုင်းလိုကြောင်း တင်ပြသည်။ နယူးယောက်ပြည်နယ် အခွန်မှူးများက စေ့စပ်ညှိနှိုင်းပွဲအကြောင်း လျှို့ဝှက်ချက်အဖြစ်ထားဖို့ သဘောတူလျှင် ညှိနှိုင်းမည်ဟု ဆိုသည်။

သို့ဖြင့် ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလထဲတွင် ဒေါ်လာ(၃)သန်းခန့်ကို နယူးယောက်ပြည်နယ်အခွန်ဌာနသို့ လွှဲပြောင်းပေးခဲ့သည်။

"သူတို့ တောင်းဆိုတာ မှုတမှုမရှိဘူးဆိုတာ သိပေမယ့် ကျွန်တော် အဲဒီငွေတွေ ပေးခဲ့ပါတယ်ဗျာ"ဟု ရစ်ချ်က နောင်တစ်ချိန်တွင် ထုတ်ပြောသည်။

သူ့အနေဖြင့် နယူးယောက်ပြည်နယ် အခွန်ဌာနသို့ ပေးရန် အကြွေးမရှိဟု ယုံကြည်ထားပါလျက် ဘာကြောင့် အဆိုပါငွေ(၃)သန်းကို ပေးခဲ့ပါသလဲဟူသော မေးခွန်းကို ရစ်ချ်ကဖြေရာ၌ "မြန်မြန်နားအေးအောင်လို့"ဟု ဖြေသည်။

"မြန်မြန်နားအေးဖို့ ဒီနည်းပဲရှိတယ်လေ"ဟုလည်း ဖြည့်စွက်ပြောသည်။

■

## ယူအက်စ်အေကို ဘယ်တော့မှ မပြန်တော့ဘူး

တစ်ဦးကိုတစ်ဦး အသေသတ်မည့် စစ်ပွဲကြီး ပြီးဆုံးသွားသော အခါ ဘယ်ဘက်သို့ လေတိုက်နေသလဲဆိုသည်ကို ရစ်ချ် မြင်တွေ့နိုင်စွမ်းရှိလာသည်။ တိုက်နေသည့်လေကလည်း အေးစက်ခက်ထန်သောလေ။ တကယ်တော့ လွတ်ငြိမ်းချမ်းသာခွင့် အသနားခံခြင်းသည် ကိုယ်ပစ်လိုက်သည့်ကျည် ကိုယ့်ပြန်မှန်သလို ဖြစ်သွားသည်။ သူသည် မဟုတ်မမှန် စွပ်စွဲချက်များမှ လွတ်ကင်းသွားမည်ဟု မျှော်လင့်ထားသည်။ လွတ်ငြိမ်းချမ်းသာခွင့်ရလျှင် မတော်မတရားရန် လုပ်မှုတွေ ပြီးပျောက်သွားမည်၊ အမေရိကသို့ စိတ်ချမ်းသာလက် ချမ်းသာ ပြန်လို့ရမည်ဟု မျှော်လင့်ထားသည်။ လွတ်ငြိမ်းချမ်းသာ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရလျှင် သတင်းခေါင်းစဉ်များထဲမှ သူ့နာမည်ပျောက်သွားလိမ့်မည် ဟု မျှော်လင့်ထားသည်။

တကယ်တမ်းတွင်မူ···

သူမျှော်လင့်ထားတာတွေနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက် ဖြစ်နေသည်။ သတင်းသမားများနှင့် နိုင်ငံရေးသမားများသည် သူတို့ အော်ခဲ့သည့်အချက်များ၊ ကောလာဟလများနှင့် အပုပ်ချမှုများ စသည့် ဇာတ်လမ်းဟောင်းကြီးကို ပြန်ကကြပြန်သည်။ ရစ်ချ်အား "ဘီလျံနာတရားခံပြေး"၊ "အမေရိကသမိုင်းကြောင်းတွင် ဖမ်းဆီးဖို့ အလိုအပ်ဆုံး ဗညာတတ်ရာဇဝတ်ကောင်"၊ "ကိုယ်ကျင့်တရား မရှိသည့်ကုန်သည်"၊ "ရန်သူနှင့် အရောင်းအဝယ်လုပ်သူ" ဟူသော စွပ်စွဲချက်များ။ ယခုတော့ အဆိုပါစွပ်စွဲချက်များအပြင် "ကမ္ဘာပေါ်တွင် သြဇာအာဏာအကြီးဆုံး ပုဂ္ဂိုလ်တစ်ဦးကိုပင် ကိုယ်လိုသလို ကြိုးဆွဲကနိုင်းခဲ့သူ" ဟူသော စွပ်စွဲချက်တစ်မျိုး တိုးလာပြန်တော့သည်။

"ဘီလ်ကလင်တန်က သူ မှန်တယ်ထင်တာကို လုပ်ခဲ့တာလေ။ ဒါပေမယ့် မထင်မှတ်ဘဲ သူ ပစ်ကွင်းထဲရောက်သွားတာတော့ စိတ်မကောင်းစရာဘဲ" ဟု ရစ်ချ်က ပြောသည်။

"ဒီကနေ့အထိ အဓိကစွပ်စွဲချက်က ခင်ဗျားအနေနဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကို ဝယ်ယူခဲ့တယ်ဆိုတဲ့ စွဲချက်ပါပဲ" ဟူသော စကားကို သူက "ဟင့်အင်း၊ ကျွန်တော် အဲဒီလိုမလုပ်ခဲ့ပါဘူး" ဟု ငြင်းသည်။

'အကူအညီပေးဖို့အတွက် ခင်ဗျားဇနီးဟောင်းကို ငွေပေးခဲ့ရတယ်ဆို'

'မဟုတ်ဘူး၊ ကျွန်တော့်ဇနီးဟောင်းကို ဘယ်တော့မှ ငွေပေးမှာမဟုတ်ပါဘူးဗျာ'

လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့လျှင် သူ့အနေဖြင့် မိမိဆန္ဒရှိရာသို့ လွတ်လွတ်လပ်လပ် သွားခွင့်လာခွင့်ရမည်ဟု ရစ်ချ်ထင်ထားခဲ့သည်။ ထိုသို့ သွားခွင့်လာခွင့်ရခဲ့လျှင် သူ့သမီး၏အုတ်ဂူသို့ လွတ်လွတ်လပ်လပ် သွားနိုင်မည်။ သူ့ဖခင်၏အုတ်ဂူသို့ သွားရောက် ဂါရဝပြုနိုင်မည်။ နယူးယောက်ရှိ သူ့မိသားစုထံ အလည်အပတ်သွားနိုင်မည်ဟု သူထင်ထားခဲ့သည်။ ပရိသတ်၏ ဆူညံပွက်လောရိုက်သံများအပြီးတွင် ရစ်ချ် ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။ အမေရိကပြည်ထောင်စုသို့ ဘယ်တော့မျှ မပြန်တော့ဖို့။

လွတ်ငြိမ်းချမ်းသာခွင့်ရလျှင် ပျက်နေသော သူ့နာမည် ပြန်ကောင်းလာနိုင်သည်။ သူ့ဂုဏ်သိက္ခာကို အဖတ်ဆည်နိုင်လိမ့်မည်ဟု သူထင်ခဲ့သည်။ သို့သော် ယခု လွတ်ငြိမ်းချမ်းသာခွင့်ရခါမှ နောက်တစ်ကြိမ်ထပ်ပြီး နာမည်ပျက်ပြန်ပါသတည်း။

■

www.burmeseclassic.com

www.burmeseclassic.com


## အခန်း-၁၉
## မှော်ရစ်ချ်ပြောတဲ့ အနာဂတ်ဟောကိန်း

- ■ ရေနံ၊ အလူမီနမ်၊ ပြဒါး။ ခင်ဗျားဟာ သြဇာအာဏာအကြီးဆုံး လူသုံးကုန်ပစ္စည်းကုန်သည်တစ်ဦး ဖြစ်လာခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ဈေးကွက်အသစ်တွေ ဖွင့်တတ်တယ်။ နောက်ပြီး အခွင့်အလမ်းတွေကို အရအမိ ဖမ်းတတ်တယ်။ ကဲ… ဒီနေ့ဆိုရင် ခင်ဗျား ဘယ်လမ်းကိုလျှောက်မလဲ။ လူသုံးကုန်ပစ္စည်း အမျိုးမျိုးရှိတဲ့အထဲက ဘယ်ပစ္စည်းတွေမှာ ရင်းနှီးမြှုပ်နှံမလဲ။
- ● လူသုံးကုန်ပစ္စည်းအားလုံးဟာ စီးပွားရေးလုပ်လို့ကောင်းတဲ့ ပစ္စည်းချည်းပါပဲ။ ကမ္ဘာကြီးပေါ်မှာ လူတွေသုံးဖို့ ပစ္စည်းတွေ ပိုပြီး လိုအပ်လာလိမ့်မယ်။ ဒီတော့ ကျွန်တော်တို့ ကုန်ကြမ်းတွေလည်း ပိုပြီး လိုအပ်လာမှာပေါ့ဗျာ။

- ■ နှစ်ဆယ့်တစ်ရာစုမှာ ဘယ်လူသုံးကုန်ပစ္စည်းဟာ လူတွေ သဲကြီးမဲကြီး လိုက်လံရှာဖွေတဲ့ပစ္စည်း ဖြစ်လာမလဲ။ ခင်ဗျား အမြင်ကို ပြောပါဦး။
- ● စွမ်းအင်နဲ့ရေဟာ အရမ်းအရေးကြီးလာနိုင်ပါတယ်။

- ■ ရေနံရဲ့ အနာဂတ်ကို ခင်ဗျားဘယ်လိုမြင်ပါသလဲ။
- ● နောင်လာမယ့် နှစ်ပရိစ္ဆေဒပေါင်းများစွာမှာ ရေနံရဲ့အခန်းကဏ္ဍဟာ အရေးပါအရာရောက်နေလိမ့်မယ်။ ဒါပေမယ့် ရေနံဟာ အကန့်အသတ်နဲ့ ထုတ်ရမယ့်ကုန်ပစ္စည်းဆိုတော့ ငြင်းလို့ မရပါဘူး။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



■ ရေနံဈေးနှုန်းရဲ့ လားရာလမ်းကို ဘယ်လိုဖြစ်ပါသလဲ။

● တက်မယ်၊ ကျမယ်။ ဒါပေမယ့် ရေရှည်မှာတက်မှာပဲ။ အဲဒါ ယုံမှားသံသယဖြစ်စရာမလိုဘူး။

■ အသစ်ဖြစ်ပေါ်လာတဲ့ စွမ်းအင်တွေက စီးပွားရေးအခွင့်အလမ်းတွေ ပေါ်ပေါက်လာမယ်လို့ ခင်ဗျား မြင်ပါသလား။

● ရေနံကို ကျွန်တော်သိပ်ကြိုက်တာ။ ဒါပေမယ့်လည်း အနာဂတ်ကာလမှာ ရေနံကို အစားထိုးကြရမှာပဲ။ အသစ်ပေါ်လာတဲ့စွမ်းအင်က အရေးပါအရာရောက်လာလိမ့်မယ်။ မြေအောက်မှာ ကျန်နေတဲ့ရေနံကို ထုတ်ယူဖို့ စရိတ်စကြီးလာတော့မှာဆိုတော့ ရေနံဈေးနှုန်းက ထိုးတက်မှာပဲ။ ရေနံဈေးနှုန်းတွေကြီးလာတော့ ရေနံနေရာမှာ အစားထိုးရမယ့်ပစ္စည်းတွေကို လူတွေ ရှာလာလိမ့်မယ်။ ကြီးမြင့်တဲ့ဈေးနှုန်းတွေက လူတွေကို အာရုံပြောင်းစေလိမ့်မယ်။

■ ဘယ်ကဏ္ဍမှာ ခင်ဗျားရင်းနှီးမြှုပ်နှံမလဲ။

● ကျွန်တော် လေအားစွမ်းအင်မှာ ရင်းနှီးမယ်။ ဒါပေမယ့် အထုမြူစွမ်းအင်ဘက်မှာလည်း ရင်းနှီးမှာပဲ။ ကမ္ဘာကြီးပူနွေးလာမှုနဲ့ ကာဘွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေ များပြားခြင်းဟာ အနာဂတ်ကာလမှာ အရေးကြီးတဲ့ပြဿနာဖြစ်လာနိုင်တယ်။

■ အကွေ့အကောက် အရှုပ်အထွေးများလှတဲ့ အရှေ့အလယ်ပိုင်းကိစ္စတွေကို ခင်ဗျားက အနောက်နိုင်ငံသား စီးပွားရေးသမားအများစုထက် ပိုသိတယ်။ ဒီတော့ အီရတ်စစ်ပွဲကို ခင်ဗျား ဘယ်လိုမြင်သလဲ။

● အီရတ်စစ်ပွဲဟာ အမှားတစ်ခုပဲ။ ဘာမဟုတ်တဲ့အကြောင်းကလေးတွေကို အကြောင်းပြပြီး လက်တစ်ဆုပ်စာလောက်ပဲရှိတဲ့ နိုင်ငံရေးသမားတွေက နိုင်ငံကြီးတစ်နိုင်ငံလုံးကို စစ်ကြီးထဲ ဆွဲသွင်းသွားတာ မယုံနိုင်လောက်အောင် အံ့အားသင့်စရာပဲ။ ဆက်ဒမ်ဟူစိန်ဟာ မကောင်းတဲ့လူတစ်ဦးဆိုတာ မှန်ပါတယ်။ ဒါပေမယ့် မကောင်းတဲ့လူတွေ ကမ္ဘာပေါ်မှာ အများကြီးရှိတယ်။ အမေရိကပြည်ထောင်စုက အဲဒီလူတွေကို ဖယ်ရှားပစ်ဖို့တော့ စိတ်မကူးခဲ့ဘူး။ ကြည့်ရတာ ဂျော့ဒဗလျူဘွတ်ရှ်မှာ စစ်ပွဲကြီးဖန်တီးရလောက်အောင် ကိုယ်ရေးကိုယ်တာအချက်တွေက တွန်းအားပေးနေတာဖြစ်မယ်။ ဒီတော့ အနိဋ္ဌာရုံဓာတ်လမ်းကြီး ဖြစ်လာတော့တာပေါ့ဗျာ။

■ ဘယ်လိုကိုယ်ရေးကိုယ်တာ အကြောင်းအချက်တွေလို့ ခင်ဗျားထင်ပါသလဲ။

● ဆက်ဒမ်ဟူစိန်က ဘွတ်ရှ်ကို သွားရန်စခဲ့တယ်။ ဘွတ်ရှ်ကလည်း ပစ်ကျွေးတဲ့ငါးစာကို ပြေးဟပ်ခဲ့တယ်။ အဲဒါ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ဟာ တော်တော်ရှုးမိုက်တဲ့အလုပ်ပဲ။ သူဟာ သူ့စိတ်လှုပ်ရှားမှုတွေကို မထိန်းခဲ့ဘူး။ အလွန်ညံ့အလွန်ဆိုးတာပဲ။ သမ္မတတစ်ဦးအနေနဲ့ အရမ်းညံ့တာပေါ့။

- ■ စစ်ကြီးဖြစ်ခဲ့တာ ရေနံကြောင့်လား။
- ● ကျွန်တော်ကတော့ မဟုတ်ဘူးလို့ထင်တယ်။ ခင်ဗျား စီးပွားရေးပိတ်ဆို့မှုကို ရုပ်သိမ်းပေးလိုက်ရင် အီရတ်ရေနံတွေကို ဈေးသက်သက်သာသာနဲ့တောင် ရနိုင်သေးတယ်။ ဒါပေမယ့် ရေနံနဲ့ပတ်သက်ပြီး အငြင်းပွားမှုတွေက ဆုံးဖြတ်ချက်ချမှတ်သူတချို့ကို စစ်ပွဲထက် အလေးသာစေခဲ့တာဖြစ်မှာပါ။

- ■ အီရတ်ကို ဝင်တိုက်ဖို့ ဆုံးဖြတ်တဲ့အပေါ်မှာ ရေနံလောကကများ ဩဇာလွှမ်းခဲ့သလား။ ခင်ဗျာ့အထင်ကို ပြောပါဦး
- ● အခြေအနေပေးလာရင် ရေနံကုမ္ပဏီတွေကတော့ စီးပွားရေးလုပ်မှာပဲ။ ဒါပေမယ့် ခင်ဗျားခေါ်သလို ရေနံလောကက စစ်ဖြစ်အောင် တွန်းပို့ခဲ့တယ်ဆိုတာကို ကျွန်တော် မယုံဘူး။ အဲဒီအမြင် ဘယ်ကစပြီး ပေါက်ဖွားလာသလဲဆိုတော့ ရီပတ်ဘလိကန်သိမ်းငှက်တချို့ဟာ အဲဒီရေနံလောကနဲ့ ဆက်စပ်ပတ်သက်နေလို့ပဲ။

- ■ သမ္မတဂျော့ဒဗလျူဘွတ်ရှ်ကို ခင်ဗျား ဘယ်လိုအကဲဖြတ်မလဲ။
- ● ဂျော့ဒဗလျူဘွတ်ရှ်ဟာ တော်တော်ညံ့တဲ့ သမ္မတဖြစ်နေတာ တွေ့ရတယ်။ စိတ်ပျက်စရာကောင်းလောက်အောင် ညံ့တာဗျ။ သူ့အဖေက သူ့ထက်အများကြီး တော်တယ်။

- ■ သူက ဘာတွေညံ့ခဲ့လို့လဲ။
- ● အဆိုးဆုံးက အီရတ်စစ်ပွဲပေါ့ဗျာ။ ဒါပေမယ့် သူလုပ်ခဲ့သမျှမှာ ကျွန်တော်တော့ ကောင်းတာတစ်ခုမှ မရှိခဲ့ပါဘူး။

- ■ ဘာရက်အိုဘားမားကိုရော ခင်ဗျား ဘယ်လိုမြင်သလဲ။
- ● အပြောင်းအလဲတစ်ခု ဖြစ်ပေါ်လာတာ အံ့ဩစရာပဲ။ ဘာရက်အိုဘားမားဟာ တော်တဲ့သမ္မတဖြစ်နိုင်တယ်။ သူဟာ ကမ္ဘာကြီးရဲ့ အခြေအနေကို ခုကတည်းက ပြောင်းလဲစေခဲ့ပြီးဖြစ်ပါတယ်။ ကောင်းမွန်တဲ့အခြင်းအရာတွေ အမေရိကက ထွက်ပေါ်လာလိမ့်မယ်လို့ လူတွေက တွက်ဆထားကြပြန်ပြီလေ။ အိုဘားမားဟာ တော်တဲ့သမ္မတ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်။ ဒါမှ ကမ္ဘာကြီးအတွက်ကောင်းမယ်လေ။ သို့ပေမယ့် ကျွန်တော်က ဟီလာရီကလင်တန်ကို ပိုကြိုက်တယ်ဗျ။

■ ဟီလာရီကလင်တန်ကို ခင်ဗျား ငွေရေးကြေးရေးအရ ထောက်ပံ့ခဲ့သလား။ ဒါမှမဟုတ် ထောက်ပံ့နေသလား။

● ဟင့်အင်း ကျွန်တော် မထောက်ပံ့ခဲ့ဘူး။ ခုလည်း မထောက်ပံ့ပါဘူး။

■ ဘာရက်အိုဘားမား မထင်မှတ်ဘဲ အာဏာရလာတော့ ခင်ဗျားအကြောင်း ကျွန်တော် သတိရမိတယ်။ ခင်ဗျား တို့နှစ်ယောက်စလုံး သုညကစခဲ့ရပြီး ထိပ်ဆုံးအထိရောက်အောင် တက်လှမ်းနိုင်ခဲ့တယ်နော်။

● အမေရိကပြည်ထောင်စုဟာ ပွင့်လင်းလွတ်လပ်ခဲ့တဲ့နိုင်ငံပါ။ ခုထိလည်း ပွင့်လင်းလွတ်လပ်ဆဲပါပဲ။ ကျွန်တော် ဟာ ကိစ္စတော်တော်များများကို အမေရိကမှာ မဟုတ်ဘဲ တခြားနေရာတွေမှာသွားလုပ်ရင် အချိန်တော်တော် ကြာကြာယူရမှာပဲ။ ခုလောက် မြန်မြန်ဖြစ်မြောက်လာမှာ မဟုတ်ဘူး။ စီးပွားရေးအရတော့ အမေရိကကောင်းပါတယ်။ ဒါပေမယ့် လက်တွေ့အားဖြင့်တော့ တော်တော်ရှုပ်နေရာဗျ။ နောက်ကြောင်း ပြန်ကြည့်ပြီးပြောရရင် ကျွန်တော်ဟာ ကျွန်တော့်ကုမ္ပဏီကို အမေရိကမှာ သွားပြီး လုံးဝ မတည်ထောင်ခဲ့သင့်ဘူး။

■ လွန်ခဲ့တဲ့နှစ်ပေါင်းငါးဆယ်အတွင်း အမေရိကပြည်ထောင်စု ကျင့်သုံးခဲ့တဲ့နိုင်ငံခြားရေးမူဝါဒထဲမှာ အကြီးမား ဆုံးမှားခဲ့တဲ့ သုံးမျိုးဟာ ဘာတွေဖြစ်မလဲ။ ခင်ဗျားရဲ့ယူဆချက်ကို ပြောပါဦး။

● ကျူးဘား၊ ဗီယက်နမ်၊ အီရတ်။ နောက်ပြီး ငါဟာ အင်အားကြီးနိုင်ငံဆိုတဲ့ အယူအဆ။ အဲဒီလို ယူဆထားတော့ လူတိုင်းရဲ့သဘောထားနဲ့ စိတ်ဝင်စားမှုတွေကို ဂရုမစိုက် အလေးမထားတော့ဘူးပေါ့။

■ နောက်ပြီး အကြီးမားဆုံး အောင်မြင်မှုသုံးရပ်ကရော။

● အမေရိကန်တွေရဲ့ အကြီးမားဆုံးအောင်မြင်မှုဟာ အသစ်တွေ တီထွင်နိုင်စွမ်းရှိတာပဲ။

■ ကမ္ဘာ့စီးပွားရေးပျက်ကပ်ရဲ့ ရင်းမြစ်တွေကို ဘယ်နေရာမှာ ခင်ဗျားစပြီးတွေ့ခဲ့သလဲ။

● အကြွေးများလွန်းခြင်း၊ ငွေချေးတာများလွန်းခြင်းပဲ။ ဘဏ်တွေက အန္တရာယ်များမှုကို ထိန်းချုပ်နိုင်ခဲ့ဘူး။

the bookhouse
we bring you the future

www.burmeseclassic.com

www.burmeseclassic.com


■ ဘာဖြစ်လို့လဲဆိုတော့ အမြင်တိုတာကြောင့်လား။
● အဲဒါကို မေးနေစရာတောင် မလိုပါဘူး။

■ အဲဒီကပ်ဘေးကြောင့် ခင်ဗျားရော ထိခိုက်ခဲ့သလား။
● အဲဒီကပ်ဘေးကြောင့် လူတိုင်း ထိခိုက်ခံစားခဲ့ရပါတယ်။

■ ခင်ဗျား ငွေကြေးပမာဏ ဘယ်လောက်ရှုံးသွားလဲဟင်။
● အဲဒါတော့ မပြောဘူးဗျာ။

■ ဒါပေမယ့် ဒီကပ်ဘေးဟာ ခင်ဗျားကိုယ်တိုင် ကြုံခဲ့ဖူးတဲ့ ကပ်ဘေးတွေထဲမှာ အဆိုးဝါးဆုံးလို့ပြောမလား။
● ဒါပေါ့။

■ အဲဒီကပ်ဘေးထဲကလွတ်အောင် ကျွန်တော်တို့ ဘယ်လိုရုန်းထွက်ကြမလဲ။
● ကျွန်တော်တို့ ဒီကပ်ဘေးကနေ လွတ်မှာပါ။ ဒါပေမယ့် သိပ်မြန်မြန်ဆန်ဆန်ကြီးတော့ လွတ်မှာမဟုတ်ဘူး။

■ ဒီကပ်ဘေးကြီးလွန်မြောက်သွားဖို့ ဘယ်လောက်ကြာကြာ စောင့်ရမလဲဟင်။
● သုံးနှစ်ကနေ ငါးနှစ်ထိ ကြာလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။

■ လွတ်မြောက်ရေးဖြေရှင်းချက်တွေထဲမှာ အစိုးရတွေရော တစ်စိတ်တစ်ပိုင်း ဖြစ်နိုင်သလား။
● ဖြစ်နိုင်ပါတယ်။ သူတို့ ကြိုးစားခဲ့ကြတယ်။ သူတို့က ဘဏ်တွေရပ်တည်ဖို့ အရင်းအနှီးနဲ့ ဘဏ်တွေက ငွေထုတ်ချေးဖို့ ငွေတွေထုတ်ပေးခဲ့ပါတယ်။ ဒါပေမယ့် ဘဏ်တွေက အဲဒီငွေတွေကို ထုတ်မချေးခဲ့ဘူး။ ဒီတော့ တစ်စိတ်တစ်ပိုင်းပဲ အောင်မြင်တာပေါ့။

■ စီးပွားရေးပျက်ကပ်ရဲ့ အကျိုးဆက်တွေထဲက တစ်ခုက စည်းကမ်းချက်တွေ ပိုများလာပြီး လွတ်လပ်တဲ့ ဈေးကွက်တွေ ပိုနည်းလာမှာပေါ့နော်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



- ဖြစ်နိုင်ပါတယ်။

■ အဲဒါဆို အခြေအနေတွေ ဆိုးလာမှာလား။

- အဲဒါ လမ်းမှားကို လိုက်မိနေတာ။ ကျွန်တော်ကတော့ လွတ်လပ်တဲ့ဈေးကွက်စနစ်ကိုပဲ ကြိုက်တယ်။ အစိုးရရဲ့ စည်းမျဉ်းစည်းကမ်းတွေက များသောအားဖြင့် ချုပ်ချယ်တယ်။ အဆိုးမြင်တယ်။ ပြီးတော့ အဲဒီပညတ်ချက်တွေကြောင့် ရိုးရိုးမှန်မှန် စီးဆင်းနေတဲ့ စီးပွားရေးအလျဉ်တွေ ပျက်ကုန်ရော။ သွက်လက်မြန်ဆန်တဲ့ ဈေးကွက်တွေကို အကြီးမားဆုံး ဟန့်တားခြိမ်းခြောက်တာကတော့ နိုင်ငံရေးစွက်လာခြင်းပဲ။

■ လာမယ့်ငါးနှစ်တာကာလအတွင်းမှာ လွတ်လပ်တဲ့ဈေးကွက်တွေ များလာမလား၊ နည်းသွားမလား။

- ကျယ်ကျယ်ပြန့်ပြန့် ပြောရရင် လူတွေဟာ လွတ်လပ်ခွင့်ရဖို့ အမြဲ အားထုတ်နေမှာပဲ။ လွတ်လပ်ခွင့်ကို ရှာဖွေတာဟာ လူ့သဘော လူ့သဘာဝလောက်တွေလိုပဲ သက်တမ်းရှည်ခဲ့ပါပြီ။

■ တစ်နည်းတစ်ဖုံပြောင်းပြီး မေးပါရစေ။ ကျွန်တော်တို့ အချုပ်အချယ်တွေများပြီး လွတ်လပ်ခွင့်လျော့နည်းလာတာကို ကြုံတွေ့ရမှာလား။

- လွတ်လပ်ခွင့်နဲ့ စည်းမျဉ်းဆိုတာ ပေါ်လာလိုက်၊ ပျောက်သွားလိုက်နဲ့ သံသရာလည်နေမှာပဲ။ အဲဒါတွေဟာ အချိန်တစ်ချိန်ဖြစ်ပေါ်လာတဲ့ စီးပွားရေးနဲ့ နိုင်ငံရေးဖြစ်စဉ်တွေရဲ့ အသီးအပွင့်ပဲ။ ကံဆိုးချင်တော့ ချုပ်ချယ်မှုတွေ ပိုများလာမယ့် လားရာလမ်းကြောင်းကြီးက ထင်းနေသလိုရှိတယ်။ ဘယ်တော့မဆို တစ်နေရာရာမှာ ပြဿနာပေါ် ခဲ့ရင် အဲဒီပြဿနာဟာ လူသိရှင်ကြားဖြစ်နေရင်၊ အဲဒီတစ်ခုတည်းသောဖြစ်ရပ်က လူအနည်းအကျဉ်းကို ထိခိုက်စေခဲ့ရင် နိုင်ငံရေးသမားတချို့က စည်းကမ်းသစ်၊ ဒါမှမဟုတ် ဥပဒေသစ်ထုတ်ဖို့ ပွက်ပွက်ညံအောင် ကြိုးစားကြတော့မှာပဲ။

■ ကမ္ဘာကြီးဟာ ကမ္ဘာ့ရွာဖြစ်ဖို့ အလားအလာများလာမလား၊ အလားအလာနည်းလာမလား။

- ကမ္ဘာကြီးဟာ ကမ္ဘာ့ရွာဖြစ်ဖို့ ပိုပြီး နီးစပ်လာမယ်။ လူတွေ ဘယ်လောက်ပဲ ဟန်ဆောင်သည်ဖြစ်စေ ကမ္ဘာ့ရွာဆိုတာ မနေ့တစ်နေ့ကမှ ဖော်ထုတ်လိုက်တာမဟုတ်ဘူး။ လူတွေ ခရီးသွားပြီး သူ့ပစ္စည်းကိုယ့်ပစ္စည်း အလဲအလှယ်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တွေ လုပ်ကတည်းက နယ်စပ်ကုန်သွယ်ရေးတွေ စတင်ပေါ်လာကတည်းက ကမ္ဘာ့ရှာစနစ် ပေါ်ပေါက်ခဲ့ပြီးသားပါ။

■ ရေနံ၊ တခြားလူသုံးကုန်ပစ္စည်းတွေနဲ့ပတ်သက်ပြီး ရုရှတွေ့ထားတဲ့မူဝါဒကို ခင်ဗျား ဘယ်လိုမြင်လဲ။

● ရုရှတွေဟာ သူတို့ကိုယ်ကျိုးကို ဦးစားပေးကြည့်ကြတာပဲ။ အဲဒီလိုဖြစ်ရကောင်းလားဆိုပြီး သူတို့ကို အပြစ်တင်လို့ မရပါဘူး။

■ ရုရှမှာဖွင့်ထားတဲ့ ပြည်ပစွမ်းအင်ကုမ္ပဏီရဲ့ အစုရှယ်ယာတွေကို သူတို့ရဲ့ ပြည်သူပိုင်ကုမ္ပဏီတွေကို ရောင်းရမယ်လို့ ဖွတ်တောင်း ဆိုခဲ့တယ်။ ဒီတော့ လူသုံးကုန်ပစ္စည်းဈေးကွက်တွေကိုရော ပြည်သူပိုင်ပြန်သိမ်းမယ့်အနေအထားတွေ တွေ့ရပါသလား။

● မဟာဗျူဟာမြောက်တဲ့ ကဏ္ဍတချို့ကို ပြည်သူပိုင်ပြန်သိမ်းတာ ကျွန်တော်တို့ တွေ့မြင်နေရပါပြီ။

■ အဲဒီမူဝါဒကို အနောက်နိုင်ငံတွေက ဘယ်လိုတုံ့ပြန်သင့်ပါသလဲ။

● ရုရှမူဝါဒကို ဝေဖန်အပြစ်တင်ရလောက် အနေအထားမျိုး အနောက်နိုင်ငံတွေမှာ မရှိဘူး။ သူတို့အနေနဲ့ သတင်းစာဖတ်ပြီး တခြားနိုင်ငံတွေက သူတို့ရဲ့ကုမ္ပဏီကလေးတွေကို ကာကွယ်ဖို့ ဘယ်လိုအားထုတ်ကြသလဲဆိုတာ စောင့်ကြည့် ဖို့ပဲရှိတယ်။

■ ရုရှနိုင်ငံရဲ့ အနာဂတ်ကို ခင်ဗျား ဘယ်လိုမြင်ပါသလဲ။

● ခင်ဗျားအနေနဲ့ ဝုန်းဒိုင်းဆူညံသံနဲ့ ဂီတသံကို ခွဲခြားတတ်ရလိမ့်မယ်။ ဂီတသံက ရုရှနိုင်ငံဟာ တဖြည်းဖြည်း တရွေ့ရွေ့နဲ့ ဦးတည်ရာလမ်းတစ်ခုတည်းကို သွားနေမှာပဲ။ အများအားဖြင့် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံတွေနဲ့ တူမယ်လေ။ ဘယ်လမ်းကို လျှောက်မှာလဲဆိုတော့ ဒီမိုကရေစီလမ်းကြောင်း။ ပြီးတော့ ဈေးကွက်စီးပွားရေးလမ်းကြောင်း။ ကျွန်တော် တို့အားလုံး ရှင်သန်နေရတာက သတင်းပေါင်းစုံကို ချက်ချင်းလက်ငင်းသိရတဲ့ခေတ်ထဲမှာ ရှင်သန်နေထိုင်ရတာ။ ဒါဟာ ဘာကိုပြသလဲဆိုတော့ နိုင်ငံရေးသမားတွေဟာ သူတို့လုပ်နေကျအတိုင်း ပြည်သူလူထုကို ဆက်ပြီး လိမ်လည်လှည့်ဖျားနေလို့ မရတော့ဘူးဆိုတာပဲ။

■ တရုတ်ပြည်ဟာ လူသုံးကုန်ပစ္စည်းတွေက အဓိကပေးသွင်းသူနဲ့ စားသုံးသူဖြစ်လာတယ်နော်။



www.burmeseclassic.com

www.burmeseclassic.com


- တရုတ်အစိုးရဟာ တစ်ဘီလျံလောက်ရှိတဲ့ လူတွေကို အစားအစာ၊ စွမ်းအင်၊ အိမ်ရာ၊ သယ်ယူပို့ဆောင်ရေး စသည်ဖြင့်ပေါ့၊ အဲဒါတွေနဲ့ ဖြည့်ဆည်းပေးဖို့ လိုအပ်တယ်။ နောက်ပြီး သူတို့က ဖွံ့ဖြိုးပြီးနိုင်ငံတွေကို အမီ လိုက်ချင်ကြတယ်လေ။ အဓိပ္ပာယ်ကတော့ သူတို့ဟာ ရေနံနဲ့ တခြားလူသုံးကုန်ပစ္စည်းတွေကို သူတို့လက်လှမ်းမီ သလောက် တတ်နိုင်သမျှ ထိန်းထားချင်တယ်ဆိုတဲ့သဘောပေါ့။

- သူတို့ အဲဒီလိုလုပ်တဲ့အတွက် လူသုံးကုန်ပစ္စည်းဈေးကွက်တွေနဲ့ နိုင်ငံရေးတွေ ဘယ်လိုပြောင်းလဲသွားနိုင်ပါသလဲ။
- တရုတ်ပြည်ဟာ စီးပွားရေးမူဝါဒတွေထက် နိုင်ငံရေးနဲ့ မဟာဗျူဟာကို အရင်ကစားတဲ့တိုင်းပြည်ဗျ။ ဒီတော့ စီးပွားရေးမူဝါဒတွေရဲ့ လမ်းပြမှုနဲ့ ဈေးကွက်ထဲဝင်ကစားတဲ့ နိုင်ငံတွေလိုပဲ သူတို့လုပ်ရပ်ကလည်း ဈေးကွက်အပေါ် သက်ရောက်မှုရှိမှာပါ။

- ခင်ဗျားဟာ တခြားလူတွေထက် တော်တော်စောစောကတည်းက တရုတ်လူမျိုးတွေနဲ့ ကုန်ရောင်းကုန်ဝယ်လုပ် ခဲ့တယ်။ သူတို့နဲ့ စီးပွားရေးလုပ်ရတာ ထူးခြားချက်တွေရှိသလား။ သူတို့နဲ့ အလုပ်လုပ်ရတာ အရမ်းအဆင်ပြေ သလား။ ဒါမှမဟုတ် လုပ်ရကိုင်ရ လွယ်ကူသလား၊ ဒါမှမဟုတ် ခက်ခဲသလား။
- သူတို့က အနောက်တိုင်းကုမ္ပဏီတွေနဲ့ မတူဘူးဗျ။ သူတို့က မတူခြားနားတဲ့ စည်းကမ်းဥပဒေတွေနဲ့ ပွဲကစားကြ တာကလား။ ဘယ်သူပဲဖြစ်ဖြစ် သူ့ရဲ့ စည်းကမ်းဥပဒေအတိုင်း လိုက်နာဖို့ တရုတ်လူမျိုး စီးပွားဖက်ကို ဖွတ်အတင်း ခိုင်းမယ်ဆိုရင် ဖြစ်ပေါ်လာတဲ့ ရလဒ်ကြောင့် အဲဒီလူ စိတ်ညစ်သွားလိမ့်မယ်။ သူတို့ရဲ့ စည်းကမ်းအတိုင်း လိုက်ကစား နိုင်မယ်ဆိုရင်တော့ ခင်ဗျား အောင်မြင်မှုရနိုင်တယ်။

- လူသုံးကုန်ပစ္စည်းတွေနဲ့ ပတ်သက်တဲ့ တရုတ်နိုင်ငံရဲ့ မူဝါဒတွေဟာ တော်တော်လောဘတကြီး ရှိလာတယ်။ အမေရိကန်ကုမ္ပဏီတွေက ယေဘုယျအားဖြင့် ကင်းကင်းရှင်းရှင်းနေခဲ့တဲ့ ဆူဒန်နဲ့ ဇင်ဘာဘွေမှာ ငွေတွေ ဘီလျံပေါင်း များစွာ ရင်းနှီးမြှုပ်နှံခဲ့တယ်လေ။
- တရုတ်ပြည်ဟာ ကမ္ဘာ့အင်အားကြီးနိုင်ငံလို့ ပြောလို့ရလောက်တဲ့ လူဦးရေရှိတယ်။ တရုတ်ပြည်ဟာ ကြီးမားလွန်း လှတယ်။ နောက်ပြီး သူ့ကို ဗိုလ်ကျဖို့ ဒါမှမဟုတ် စီးပွားရေးပိတ်ဆို့ဖို့မလွယ်ဘူး။ အဲဒီလိုလုပ်ဖို့ စီးပွားရေးအရ အရေးကြီးလွန်းတယ်။ တရုတ်တွေကလည်း ဒီအားသာချက်ကို ကောင်းကောင်းသိတဲ့အတွက် ဒီအားသာချက်ကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူတို့ အသာစီးရအောင် လိမ္မာပါးနပ်စွာ အသုံးချကြတယ်။

- ■ လူသုံးကုန်ပစ္စည်းတွေ ရောင်းချရေးနဲ့ ပတ်သက်လာရင် ဥရောပသားတွေဟာ နုံနေအနေသလားခင်ဗျာ။
- ● သူတို့ဟာ မနုံမအပါဘူး။ ဒါပေမယ့် ဗဟိုဦးစီးစနစ်နဲ့ အလုပ်လုပ်နေတဲ့ တရုတ်ပြည်နဲ့တော့ မတူဘူးပေါ့။ တရုတ်ပြည်မှာက နိုင်ငံရေးအာဏာနဲ့ စီးပွားရေးအာဏာတစ်သားတည်း ကိုက်ညီနေတာလေ။ ဒီတော့ ဥရော သားတွေဟာ တရုတ်လူမျိုးတွေလို တစ်သံတည်း ထွက်လို့မရဘူး။ ဆိုလိုတာကတော့ သူတို့ဟာ တရုတ်လူမျိုးတွေ တစ်သွေးတစ်သံတစ်မိန့် လှုပ်ရှားလို့မရဘူးပေါ့။

- ■ ဒီမိုကရေစီနဲ့ လူသားလွတ်လပ်ခွင့်အရေးတွေမှာ စံပြမဟုတ်တဲ့ အစိုးရတွေ နိုင်ငံတွေနဲ့ တွဲဖက် စီးပွားရေးလုပ် တာ လက်ခံသင့်တယ်လို့ ဘယ်လိုကြောင့်ခင်ဗျားထင်မြင်ခဲ့တာလဲ။
- ● ဥပမာအဖြစ် တရုတ်၊ ဒါမှမဟုတ် ဗီယက်နမ်ကို ကြည့်ဗျာ။ ခင်ဗျားက သူတို့ကို ကွန်ပျူတာတွေ၊ လက်ကိုင်ဖုန်း တွေနဲ့ ရုပ်မြင်သံကြားစက်တွေ ရောင်းချပေးမယ်ဆိုရင် ကမ္ဘာပေါ်မှာ ဘာတွေဖြစ်ပျက်နေလဲဆိုတာ သူ သိမြင်နိုင်စွမ်း ရှိလာမယ်။ ဒါဆို သူတို့ရဲ့ လွတ်လပ်တဲ့ ကိုယ်ပိုင်သဘောထားတွေ ဖြစ်ပေါ်လာမယ်။ အဲဒီလွတ်လပ် သဘောထားခံယူချက်တွေဟာ ဘယ်ဒီမိုကရေစီစနစ်မှာမဆို အရေးပါအရာရောက်ဆုံးပဲ။ အဲဒီလိုနိုင်ငံတွေ ကုန်ရောင်းကုန်ဝယ်တွေ လုပ်ခြင်းအားဖြင့် ခင်ဗျားက အဲဒီကနိုင်ငံသူနိုင်ငံသားတွေကို ကူညီရာရောက်တာပေါ့ သူတို့နဲ့ များများဆက်ဆံလေ၊ လူတိုင်း တိုးတက်ဖွံ့ဖြိုးလာဖို့ အလားအလာများလေပေါ့ဗျာ။

- ■ အဲဒီလိုအုပ်စိုးသူတွေနဲ့ တွဲဖက်စီးပွားရေးလုပ်တာဟာ လူ့ကျင့်ဝတ်အရ မှားယွင်းတယ်လို့ ထောက်မယ်ဆို ထောက်ပြနိုင်ပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုလုပ်တာဟာ အဲဒီ အုပ်စိုးသူတွေကို အားပေးရာရောက်နေလို့ပဲ။
- ● ဥပမာပြရရင် ကျူးဘားလူမျိုးတွေဟာ လူတွေအနေနဲ့ ဆိုးတဲ့လူတွေမဟုတ်ပါဘူး။ ဒါပေမယ့် အမေရိကရဲ့ စီးပွားရေးပိတ်ဆို့မှုကြောင့် ကလေးငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေဟာ အသားလွတ်ဒုက္ခရောက်ကြရတယ်။ ဒါပေမယ့်လည်း လေးဆယ့်ခုနစ်နှစ်ကြာ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုက ဖီဒယ်ကက်စထရိုကို ဖြုတ်မချနိုင်ခဲ့ပါဘူး။

- ■ လွတ်လပ်တဲ့ဈေးကွက်တွေမရှိဘဲ ဒီမိုကရေစီရှိနိုင်ပါ့မလား။ အပြန်အလှန်အားဖြင့် ဒီမိုကရေစီမရှိဘဲ လွတ်လပ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့စျေးကွက်တွေ ရှိနိုင်ပါ့မလား။

● ဒီမိုကရေစီမရှိရင် လွတ်လပ်တဲ့စျေးကွက်တွေ ခဏပဲ ရှင်သန်နိုင်မယ်။ လွတ်လပ်တဲ့စျေးကွက်တွေက အင်တာနက်လို ခေတ်ပေါ်ဆက်သွယ်ရေးကိရိယာတွေကို နေ့ချင်းညချင်း သုံးစွဲကြမှာပဲ။ အဲဒီလို ခေတ်ပေါ်ဆက်သွယ်ရေးစနစ်တွေနဲ့ လွတ်လပ်တဲ့စျေးကွက်တွေ ပေါင်းစည်းသွားရင် အဲဒီနိုင်ငံဟာ တဖြည်းဖြည်းနဲ့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းသွားမှာပဲ။ ကျွန်တော် ရှေ့မှာပြောခဲ့သလို နိုင်ငံရေးသမားတွေဟာ သူတို့လုပ်နေကျပုံစံအတိုင်း ပြည်သူကို အရူးလုပ် လှည့်စားလို့မရတော့ပါဘူး။

■ လူ့ကျင့်ဝတ်ချိုးဖောက်ရာရောက်မှာစိုးလို့ ခင်ဗျားမလုပ်ခဲ့တဲ့ စီးပွားရေးကိစ္စတွေများ ရှိသလား။

● တရားဥပဒေအပြင်ဘက်က အလုပ်မျိုးတော့ ကျွန်တော်မလုပ်ဘူးဗျ။

■ ခင်ဗျား လက်နက်အရောင်းအဝယ်များ လုပ်ဖူးသလား။ ကျွန်တော်ဆိုလိုတာ တရားဝင်ပေါ့လေ။

● နှစ်ပေါင်းများစွာအတွင်းမှာ လက်နက်အရောင်းအဝယ်လုပ်ဖို့ ကျွန်တော့်ကို အကြိမ်ကြိမ် စကားကမ်းလှမ်းဖူးတယ်။ အဲဒီလိုလုပ်ငန်းမျိုးမှာ မပါဝင်မပတ်သက်ဖို့ဆိုတာ ကျွန်တော်တို့ရဲ့ မူဝါဒပဲလို့ ကျွန်တော် ရှင်းရှင်းပြတ်ပြတ် ပြောခဲ့ရတယ်။ ကျွန်တော်ရော ကျွန်တော့်ကုမ္ပဏီတွေပါ လက်နက်ရောင်းခြင်း၊ ဒါမှမဟုတ် မှောင်ခိုရောင်းဝယ်ခြင်းတွေကို ဘယ်နိုင်ငံမှာမှ မလုပ်ခဲ့ဘူး။

■ ခင်ဗျားဟာ အစ္စရေးမှာသာမဟုတ်ဘဲ တခြားနေရာတွေမှာပါ အလွန်တက်ကြွတဲ့ ပရဟိတအလှူရှင်တစ်ဦး ဖြစ်တယ်။ ၂၀၀၆ မှာဖြစ်ခဲ့တဲ့ လက်ဘနွန်စစ်ပွဲအပြီး နောက်ပြီး မကြာခင်ကဖြစ်ပေါ်ခဲ့တဲ့ ဂါဇာကမ်းမြှောင်ဒေသ ပဋိပက္ခအပြီးမှာ အစ္စရေးနဲ့ ပါလက်စတိုင်းတို့ ငြိမ်းချမ်းရေးရနိုင်ပါဦးမလား။

● ကျွန်တော် ထူထောင်ခဲ့တဲ့ ဌေပဒေသာပင်ကြောင့် အစ္စရေးလူမျိုးတွေနဲ့ အစ္စရေးလူမျိုးတွေအကြား ပိုပြီး နားလည်မှု ရလာကြပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦးဟာ အနာဂတ်တစ်ချိန်ချိန်မှာ ငြိမ်းချမ်းစွာ အတူတွဲနေနိုင်ကြမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

■ ခုချိန်ထိ ငြိမ်းချမ်းရေးမရကြသေးတာ ဘယ်လိုအကြောင်းတွေကြောင့်လဲခင်ဗျာ။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com


● အခြေအနေတစ်ရပ်လုံးဟာ အကြီးအကျယ်ရှုပ်ထွေးနေတယ်ဗျ။ ဒါပေမယ့် အကြောင်းတရားများစွာထဲက သေချာတာတစ်ခုကတော့ အခြေချနေထိုင်သူတွေကြောင့်ပဲ။

■ အာရပ်တွေ၊ ရုရှားတွေ၊ အာဖရိကန်တွေ၊ တရုတ်လူမျိုးတွေ၊ အိန္ဒိယလူမျိုးတွေ၊ ဥရောပသားတွေ၊ သူတို့အားလုံးနဲ့ ခင်ဗျား ကုန်ရောင်းကုန်ဝယ်လုပ်ခဲ့ဖူးတယ်။ စီးပွားရေးနဲ့ပတ်သက်လာရင် သူတို့တစ်ဦးနဲ့တစ်ဦး ဘယ်လိုခြားနားသလဲ။

● ဘယ်နေရာမှာမဆို စီးပွားရေးလုပ်ငန်းကို တွန်းအားပေးနေတာ တစ်မျိုးတည်းသော စေ့ဆော်မှုကြောင့်ပဲ။ အဲဒါကတော့ ဝင်ငွေရဖို့အတွက် တီထွင်မှုတွေ ရောင်းချမှုတွေ လုပ်ကြတယ်လေ။

■ ခင်ဗျားအတွက် ဒုပေနာပေအခံဆုံး စီးပွားရေးလုပ်ဖော်တွေက ဘယ်သူတွေလဲ။

● ကျွန်တော့်အပေါ် ဒုပေနာပေအခံဆုံး လုပ်ဖော်ကိုင်ဖက်တွေကတော့ ပင်းကပ်စ်ဂရင်းနဲ့ အဲလက်ဟက်ကယ်တို့ပါပဲ။ ကျွန်တော်တို့ အရမ်းအောင်မြင်ခဲ့တာ ဒီအကြောင်းလည်း တစ်ချက်ပါဝင်ခဲ့တယ်လေ။

■ ကမ္ဘာ့ဈေးကွက်တွေကို ခွဲခြမ်းစိတ်ဖြာလေ့လာကြည့်ရင် ခင်ဗျားရဲ့ အကြီးမားဆုံး အောင်မြင်မှုသုံးမျိုးကို ပြောပြပါလား။

● ရေနံစိမ်း၊ အလူမီနမ်နဲ့ ငွေကြေးတို့ပါပဲ။

■ ခင်ဗျားရဲ့ အကြီးမားဆုံး ရှုံးနိမ့်မှုသုံးမျိုးကရော။

● စောစောကပြောတဲ့ အအောင်မြင်ဆုံးသုံးမျိုးကို ဒီထက်နယ်ကျယ်အောင် မချဲ့ထွင်နိုင်တာပေါ့။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



**အခန်း-၂၀**

**နီဝိုး**

**မီးခိုးရောင်နယ်ပယ်**

နှင်းသည်းသောနေ့။ အအေးကဲသောနေ့။ ထိုနေ့ကား ကြာသပတေးနေ့။ နံနက် (၈း၃၀)။ ရောမ သံတံခါးကြီးရှေ့တွင် ကျွန်တော့်မော်တော်ကားကို ရပ်လိုက်သည်။ အသံချဲ့စက်မှ နှုတ်ခွန်း ဆက်သံထွက်လာသည်။ ကျွန်တော်၏လာရင်းအကြောင်းကို မမေး သေးဘဲ အရင်နှုတ်ခွန်းဆက်လိုက်ခြင်း။ ကျွန်တော့်နာမည်ကို ပြော လိုက်၏။ သံတံခါးကြီးပွင့်သွားသည်။ ကျွန်တော်ခြံထဲသို့ ကားမောင်း ဝင်သည်။ စံအိမ်ကြီးနံဘေးရှိ ဖုံးအုပ်ထားသော ကားရပ်ကွင်းတွင် ကျွန်တော့်ကားကို ရပ်လိုက်သည်။ ထိုအချိန်ကျမှ ကျွန်တော် သတိ ထားမိသည်။ ကျွန်တော့်နောက်မှ ကားတစ်စီး နောက်ယောင်ခံလိုက် လာပါကလား။ မာစီးဒီးကားတစ်စီး။ လက်ကိုင်ဘီးကိုကိုင်ပြီး ထိုင် နေသူမှာ မာ့ခ်ရစ်ချ်၏ သက်တော်စောင့်တစ်ဦး။ သူက ပြုံးပြီး ကျွန်တော့်ကို ခေါင်းညိတ်ပြသည်။

ကျွန်တော်က ရစ်ချ်နှင့် နံနက်စောစာစားဖို့ ချိန်းထားသည်။ နံနက်စောစာကို သူ့အိမ်မှာစားလို့ရမည်လားဟု ကျွန်တော်ကမေးတော့ "ရပါတယ်"ဟု ဖြေခဲ့သည်။ သို့ဖြင့် လူစန်းကန်စောင်းရှိ သူ၏ မဟာစံအိမ်ကြီးတွင် နံနက်စောစာစားဖို့ သဘောတူခဲ့ကြသည်။

စပိန်စကားပြောသည့် အိမ်ဖော်တစ်ဦးက အိမ်တံခါးဖွင့်ပေးပြီး ဧည့်ခန်းဆီသို့သွားဖို့ လမ်းညွှန်သည်။ ဧည့်ခန်းထဲမှာ ချိတ်ဆွဲထား သည့် အဖိုးထိုက်အဖိုးတန်ပန်းချီကားများကို ကျွန်တော် ကြည့်နေမိ သည်။

ရုတ်တရက် ဧည့်ခန်းတံခါးပွင့်သွားပြီး တံခါးဝတွင် ရစ်ချ်

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ရပ်နေသည်။ သူက ပြုံးပြီး နှုတ်ဆက်သည်။ "လည်စည်းမပတ်ရလောက်အောင် စောလွန်းတယ်ဆိုတာ မရှိပါဘူးနော်"ဟု နောက်သလိုပြောင်သလို ပြောသည်။ နံနက်စာစားဖို့ ချိန်းထားတာဆိုတော့ ကျွန်တော်က လည်စည်းမပတ်ခဲ့။ ကျွန်တော် လိမ္မာကျွမ်းကျင်သော တုံ့ပြန်စကားကို ပြန်မပြောနိုင်မီ အခန်းထဲသို့ သူ၏လုပ်ငန်းအမှုဆောင်အရာရှိချုပ် ဝင်လာသည်။ သူ့ကို လှမ်းကြည့်လိုက်တော့ သူ့မှာလည်း လည်စည်းမပါ။ ကျွန်တော် အဖော်ရသွားသည်။

နံနက်စာစားပြီးသောအခါ သူ့မဟာစံအိမ်ကြီးကို လှည့်လည်လိုက်ပြသည်။ ပန်းခြံထဲမှာ အရောင်အသွေးစုံလှ သည့် သစ်ပင်ပန်းမန်တွေ။ လူစန်းကန်ရေပြင်သည် တိမ်များကို ထိုးဖောက်ရောက်လာသော နေရောင်ခြည်ဖျော့ဖျော့အောက် တွင် အရောင်တဖျပ်ဖျပ်လက်နေသည်။

'နောက်ကြောင်းပြန်ကြည့်ပြီး သင်ခန်းစာတွေယူမယ်ဆိုရင် ခင်ဗျားဘဝလမ်းကြောင်း ဘယ်လိုတစ်မျိုးပြောင်း ပြီး လျှောက်ခဲ့ရင် ပိုပြီး အဆင်ပြေမယ်ထင်သလဲ"ရစ်ချ်က ကျွန်တော့်မေးခွန်းကို မဖြေဘဲ နှင်းဒဏ်မှ ကာကွယ်ဖို့ သူ့ ကုတ်အင်္ကျီကော်လာကို ဆွဲထောင်နေသည်။

'ခင်ဗျားမှာ နောင်တရစရာ သီးသီးခြားခြားကိစ္စများ ရှိခဲ့သလားဟင်'

'ကျွန်တော်ထင်တယ်၊ အမေရိကမှာ ကြုံခဲ့ရတဲ့ ဒုက္ခမျိုးကင်းဝေးအောင် ကျွန်တော် ပိုပြီး ဆင်ခြင်ခဲ့သင့်တယ် တကယ်တော့ အဲဒီလုပ်ငန်းလုပ်ဖို့ ကျွန်တော် မလိုအပ်ဘူးဗျ။ အဲဒီလုပ်ငန်းလုပ်ဖို့ လုံးဝမလိုအပ်ခဲ့တာပါ။ အဲဒီအချိန်တုန်း က ကျွန်တော် စီးပွားရေး တော်တော်အောင်မြင်နေခဲ့တာပဲဟာ'

အကယ်၍ ထိုလုပ်ငန်းကိုသာ သူမလုပ်ခဲ့လျှင် ထိုလုပ်ငန်း တရားဝင်သည် တရားမဝင်သည်ကို တရားရုံးတော်မှ ဘယ်တုန်းကမျှ မဆုံးဖြတ်ခဲ့၊ မာ့ခ်ရစ်ချ်သည် ဘယ်တော့မျှ "ဒုက္ခအပေးဆုံး နတ်ဆိုးကြီး"ဟု သမုတ်ခံရမည်မဟုတ်ပေ

အကယ်၍ သမ္မတနစ်ဆင်ကသာ အမေရိကပြည်တွင် ဈေးနှုန်းတွေ ထိန်းချုပ်ခြင်းမလုပ်ခဲ့လျှင် ရစ်ချ်သည် ဘယ်တော့မျှ အမေရိကပြည်ထောင်စုတွင် "အကြီးမားဆုံး ဝင်ငွေခွန်ရှောင်တိမ်းဖို့ ကြိုးစားသူ"ဖြစ်လာမည် မဟုတ် ပါချေ။ ခုတော့ ထိုသို့ဖြစ်မည့်အစား ဥရောပသားတွေကြီးစိုးနေသည့် လူသုံးကုန်ပစ္စည်း ရောင်းဝယ်ရေးလောက ထိုးဖောက်ဝင်ရောက်နိုင်သည့် ပါရမီရှင်အဖြစ် လူတွေက အသိအမှတ်ပြုနေဆဲဖြစ်၏။

အကယ်၍ ရစ်ချ်သာ အရှက်တကွဲအကျိုးနည်းဖြစ်ပြီး ပြည်ပြေးဘဝကိုသာ မခံယူခဲ့ရလျှင် သူ့ကို အမေရိက သူရဲကောင်းအဖြစ် လူတွေက စာဖွဲ့ကြပေလိမ့်မည်။ သူသည် ဝေစားမျှစား ရေနံကုမ္ပဏီအုပ်စုကြီးကို ဖြိုခွင်းခဲ့ ကြိုက်ရောင်းကြိုက်ဝယ်ဈေးကွက် ဖော်ဆောင်ခဲ့သူမဟုတ်လား။ သူသည် လူတိုင်းမက်သည့် "အမေရိကန်အိပ်မက် ကို ပုံဖော်ခဲ့သူမဟုတ်လား။ ဆင်းရဲစုတ်ချာသောဘဝမှ ရုန်းရင်းကန်ရင်း ဘီလျံနာနှင့် သဒ္ဒါတရားရက်ရောသော ပရဟိ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com


ဒါနရှင်တစ်ဦးဖြစ်လာခဲ့သည်လေ။ နောက်ဆုံးတော့ သူသည် ရေနံဘုရင်တစ်ဦးဖြစ်ခဲ့သည်။ ထိုသို့ဖြစ်လာရသည်မှာ သူ၏ဆောင်ပုဒ်ဖြစ်သော "အလုပ်ကို လက်ကြောတင်းအောင်လုပ်၊ ကိုယ့်ရည်မှန်းချက်ကို အာရုံစိုက်၊ ကြီးကြီးကျယ်ကျယ် လုပ်ဖို့ ရဲရဲဝံ့ဝံ့ ကြံစည်၊ အလုပ်ကို လောဘတကြီးလုပ်၊ နောက်ပြီး အောင်မြင်မှုကို ခံယူပါ" ဆိုသည့်ဆောင်ပုဒ်။

ဟုတ်ပါသည်။ ရစ်ချ်ကို ဝေဖန်အပြစ်တင်မည်ဆိုလျှင် အပြစ်တင်လို့ရပါသည်။ သူသည် အသားအရောင်ခွဲခြား အုပ်ချုပ်သည့် တောင်အာဖရိကအစိုးရကို ရေနံရောင်းခဲ့သည်။ နောက်ပြီး ကျူးဘားမှ ဖီဒဲလ်ကက်စထရို၊ နိုင်ဂျီးရီးယား မှ ဆာနီအဘာချာ၊ ပြီးတော့ အီရန်မှ အယာတိုလာခိုမေနီတို့လို အာဏာရှင်များနှင့် ကုန်ရောင်းကုန်ဝယ်လုပ်ခဲ့သည့်အတွက် သူ့ကို ဝေဖန်အပြစ်တင်မည်ဆိုလျှင် အပြစ်တင်လို့ရပါသည်။ သူသည် လူ့ကျင့်ဝတ်ထက် အမြတ်ငွေကို ဦးစားပေးပြီး စီးပွားရေးပိတ်ဆို့မှုများကို လွန်ဆန်၍ စီးပွားရေးလုပ်ခဲ့သည့်အတွက် သူ့ကို အပြစ်တင်မည်ဆိုလျှင် အပြစ်တင်လို့ရပါသည်။

သို့ဖြစ်စေကာမူ . . .

အရှိတရားက အတွေးများ၊ အမြင်များထက် ပိုမိုရှုပ်ထွေးနက်နဲပါသည်။ ဘဝသည် ကြိုတင်မှန်းဆချက်များအတိုင်း ဖြစ်ပေါ်လာလေ့မရှိပါ။ ဘဝသည် ထင်မြင်ထားသည်နှင့် တခြားစီဖြစ်နေတတ်ပါသည်။

လှူသုံးကုန်ပစ္စည်းတိုင်းကို ရောင်းခဲ့ဝယ်ခဲ့သည့် မာ့ခ်ရစ်ချ်၏အဖြစ်သနစ်များက အထက်ပါအချက်များ သိသာမြင်သာ လာအောင် ပုံဖော်ပေးနေပါသည်။

မာ့ခ်ရစ်ချ်လက်အောက်တွင် အလုပ်လုပ်ခဲ့သည့် လူသုံးကုန်ပစ္စည်းမျိုးစုံရောင်းဝယ်သည့် ကုန်သည်တစ်ဦးနှင့် စကားစမြည်ပြောရင်း စီးပွားရေးနှင့် လူ့ကျင့်ဝတ်အကြောင်း စကားစပ်မိသွားပါသည်။

"လူ့ကျင့်ဝတ်ဟုတ်လား" ထိုလူက ထိုသို့ပြန်မေးပြီး ရယ်မောပါသည်။ ထို့နောက် ကျွန်တော်သောက်နေသည့် အချိုရည်ဘူးကို လက်ညှိုးထိုးပြသည်။

'ခင်ဗျားသောက်နေတဲ့ အချိုရည်ဘူးကို အလူမီနမ်နဲ့ လုပ်ထားတာ။ အဲဒီလိုလုပ်ဖို့အတွက် ဘောက်ဆိုက် (bauxite) ဆိုတဲ့ သတ္တုလိုအပ်တယ်။ အဲဒီဘောက်ဆိုက် ဘယ်ကလာလဲ သိလား။ ဂီနီ-ကွန်နက်ကရီကလာတာ။ သိပ်ဆိုးတဲ့ အာဏာရှင်ရဲ့ ဖနောင့်အောက်ကနိုင်ငံပေါ့။။ ဒီအခန်း နွေးထွေးအောင် အနွေးဓာတ်ပေးထားတာ ဆော်ဒီအာရေဗျက ရေနံ နဲ့ ဖြစ်ချင်ဖြစ်နေမှာပေါ့။ အမေရိကပြည်ထောင်စုက အလွန်တော်တဲ့ မိတ်ဆွေတော်များက သူခိုးသူဝှက်တွေရဲ့လက်ကို ဖြတ်ပစ်ကြတယ်။ ဟိုး အလယ်ခေတ်တုန်းက လုပ်ကြသလိုပေါ့ဗျာ။ ခင်ဗျားရဲ့ ဆဲလ်ဖုန်းကိုပဲ ကြည့်။ ကိုလ်တန် (Coltan)ဆိုတဲ့ ပစ္စည်းမရှိရင် ဆဲလ်ဖုန်းဆိုတာ ပေါ်ပေါက်လာစရာကို အကြောင်းမရှိဘူး။ ကျွန်တော်တို့ ဟန်ဆောင် မနေကြပါစို့ဗျာ။ ကွန်ဂိုမှာဖြစ်ခဲ့တဲ့ ပြည်တွင်းစစ်ကြီး ဖြစ်ပွားလာအောင် အဲဒီ ကိုလ်တန်တွေရောင်းပြီး ငွေ ရှာခဲ့ကြတာပေါ့။

the bookhouse
we bring your culture
www.burmeseclassic.com

www.burmeseclassic.com



လ'ကဲ… အခု ခင်ဗျားပြောလေ'' သူက ကျွန်တော့်ကို လက်ညှိုးထိုးပြီး ပြောသည်။ ''ဘယ်လမ်းကို ရွေးမလဲ၊ ကုန်သွယ်ရေးမလုပ်ဘူးလား။ ကုန်ကြမ်းတွေမရှိရင် စီးပွားရေးဖုန်းဖုန်းလဲသွားမယ်။ ကမ္ဘာကြီး အလုပ်အရှားမရှိ ရပ်နေလိမ့်မယ်။ ကျွန်တော်တို့လုပ်တဲ့အလုပ်ကို ဝေဖန်အပြစ်တင်တဲ့လူတွေ ဒီအကြောင်း သိချင်ကြရဲ့လား။ ဒါမှမဟုတ် ကျွန်တော်တို့ကိုပဲ မဲပြီး အပြစ်ပြောနေတော့မှာလား။ ဒါမှ သူတို့ နေသာထိုင်သာရှိသွားအောင်လို့လေ'

သူမေးခဲ့သည့် မေးခွန်းများမှာ သဘောတရားရေးဆရာများသာ လွယ်လွယ်ကူကူဖြေနိုင်မည့်မေးခွန်းများဖြစ်နေသည်။ လူသုံးကုန်ပစ္စည်းကုန်သည်များအပါအဝင် လူတိုင်းလူတိုင်းသည် အလယ်အလတ်လမ်းစဉ်ကို လိုက်နေကြရပါသည်။ တကယ့်အရှိတရားနှင့် မိမိကိုယ်မိမိ လှည့်စားထားသော အတွေးအမြင်များအကြား အလယ်အလတ်လမ်းကြောင်း။ တစ်ခါတစ်ခါတွင် သူတို့က အရှိတရားကို တည့်တည့်ကြည့်ကြသည်။ တစ်ခါတစ်ခါတွင်တော့ သူတို့က အရှိတရားကို မေ့ထားကြသည်။

တကယ်တော့ သူတို့သည် မီးခိုးရောင်နယ်မြေတွင် နေထိုင်လှုပ်ရှားနေကြခြင်း။ တစ်ခါတစ်ရံ မှောင်မည်းပြီး တစ်ခါတစ်ရံ လင်းရှင်းနေသော နယ်မြေ။ ထိုနယ်မြေတွင် တစ်ခါတစ်ရံ တရားမျှတမှုရှိပြီး တစ်ခါတစ်ရံတွင် ခေါင်းဖုံဖြတ်အမြတ်ကြီးစားကြမည်။ ဤမီးခိုးရောင်နယ်မြေ၏အမည်နာမမှာ အရင်းရှင်စနစ်ဖြစ်ပါသတည်း။

သည်တော့ အလွန်စိတ်ဝင်စားစရာကောင်းသည့် မေးခွန်းတစ်ခုကို သတိရမိသည်။ ဂျွန်တင်ပယ်လ်တန်ရန်ပုံငွေအဖွဲ့ကြီးက ထိပ်တန်းဆိုသော သိပ္ပံပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ ပညာရှင်သန့်သန့်များနှင့် ထင်ပေါ်ကျော်ကြားသူများကို မေးခွန်းတစ်ခုမေးခဲ့သည်။ ဈေးကွက်စီးပွားရေးသည် လူတွေ၏ အကျင့်စာရိတ္တကို ခြစားပျက်စီးစေပါသလား ဟူသော မေးခွန်း။

လန်ဒန်စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်အငြိမ်းစားပါမောက္ခ ဂျွန်ဂရေးကတော့ ''အဲဒါ အခြေအနေပေါ်မူတည်တယ်''ဟုဖြေသည်။ ''လွတ်လပ်တဲ့ဈေးကွက်တွေကြောင့် လူတစ်ယောက်ရဲ့ ဂုဏ်သတ္တိတွေ တန်ဖိုးရှိလာတယ်။ အဲဒီဂုဏ်သတ္တိတွေက ရဲရဲဝံ့ဝံ့ စွန့်ဦးတီထွင်လိုစိတ်ရှိခြင်း၊ တွက်ချက်ပြီး စွန့်စားဝံ့ခြင်း၊ နောက်ပြီး အခွင့်အလမ်းတွေ ဖော်ဆောင်တတ်ခြင်းနဲ့ အခွင့်အလမ်းတွေကို အမိအရဖမ်းဆုပ်တတ်ခြင်း စတာတွေပါပဲ။ အဲဒီဂုဏ်သတ္တိတွေဟာ ရှေးဟောင်းတစ်ယူသန် လူကျင့်ဝတ်ထိန်းကျောင်းရေးသမားတွေ ချီးကျူးတတ်တဲ့ ဂုဏ်သတ္တိတွေမဟုတ်ဘူးဆိုတာတော့ သိထားသင့်တယ်'

ဤကား စီးပွားရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခကြီး၏ ရှင်းပြချက်ဖြစ်ပါသည်။

ကမ္ဘာ့အရပ်ရပ်တွင် အလုပ်လုပ်ခဲ့ပြီး အတွေ့အကြုံ ကြွယ်ဝလှသော ရစ်ချ်၏ ဒါရိုက်တာတစ်ဦးကတော့ ''ဟုတ်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com


တယ်၊ တစ်ခါတလေကျတော့ ကျွန်တော်တို့ ဘယ်သူသေသေ ငတေမာရင်ပြီးရောလုပ်ခဲ့ကြရတယ်။ ဒါမှ အခွင့်အလမ်းတစ်ခု လက်မလွှတ်မှာလေ”ဟု ဝန်ခံစကားပြောခဲ့သည်။

ပြောရမည်ဆိုလျှင် မှာ့ခ်ရစ်ချ်သည်လည်း ဘယ်သူသေသေ ငတေမာရင်ပြီးရော လုပ်ခဲ့သည့်အခါများ ရှိပါသည်။ ဤသို့လုပ်ရခြင်းမှာ မိမိအရည်အချင်းကို စမ်းသပ်လိုသောကြောင့်ဖြစ်သည်။ သူသည် ကမ္ဘာကြီး၏ ထူးဆန်းအံ့သြဖွယ်ရာများကို ရှာဖွေဖော်ထုတ်ဖို့ ရှေးအစဉ်အလာ နိယာမများကို ချိုးဖောက်သည့် သိပ္ပံပညာရှင်တစ်ဦးနှင့်တူသည်ဟု ဆိုရပါမည်။ သူသည် စိတ်ဓာတ်ခွန်အားပြင်းထန်ပြီး အောင်မြင်မှုနှင့် အသိအမှတ်အပြုခံရခြင်းကို လိုလားတောင့်တသူလည်း ဖြစ်သည်။ သူက ကုန်သွယ်ရေးနည်းလမ်းကောင်းများကို စင်းလုံးချောအောင် ပြင်ဆင်ပြီး နည်းလမ်းအသစ်ကိုလည်း ဖော်ထုတ်ခဲ့သူဖြစ်ပါသည်။ အကြောင်းမှာ သူက စည်းကမ်းကောင်းများကို တွန်းဖယ်ပြီး မလိုအပ်ဘဲ ပြဋ္ဌာန်းထားသည့်ပညတ်ချက်များကို ချိုးဖျက်ပစ်လိုသူတစ်ဦးလည်း ဖြစ်၏။

လူစန်းကန်ရေပြင်ပေါ်မှ ဖြတ်တိုက်လာသည့် လေပြည်သည် လတ်ဆတ်ပြီး ရှင်းသန့်နေသည်။ မနီးမဝေးရှိ ဈေးမြူရေးခြံရှိ သိုးများလည်ပင်းမှ ခေါင်းလောင်းသံများကို ကြားနေရသည်။ ကန်ရေပြင်အထက်တွင် မြူနှင်းတွေ။ ရာသီဥတု ဘယ်လောက်ကြမ်းနေသည်ဖြစ်စေ တစ်ဦးတည်းသော တံငါသည်ကတော့ ကန်ရေပြင်ကို ကူးဖြတ်လှော်ခတ်သွားသည်။ တစ်ဖက်ကမ်းပါးဆီသို့ ရောက်သည်အထိ။ လှမ်းကြည့်လိုက်တော့ တစ်ဖက်ကမ်း၏ အလှသည် ညှို့ဖမ်းနိုင်လောက်အောင် လှပလွန်းလေစွ။

‘ခင်ဗျားဟာ ကံကောင်းသူတစ်ယောက် ဖြစ်ရမယ်’

ကျွန်တော်က ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံးနှင့် အငြင်းအပွားရဆုံးဖြစ်သော လူသုံးကုန်ပစ္စည်း ကုန်သည်ကြီးအားပြောလိုက်သည်။ ရစ်ချ်က တဖျပ်ဖျပ်လှုပ်ခတ်နေသည့် ကန်ရေပြင်ကို လှမ်းမျှော်ကြည့်ရင်း တဒင်္ဂမျှ နှုတ်ဆိတ်နေသည်။ ထို့နောက် ရေနံဘုရင်ကြီးက သူ့ကိုယ်သူပြောသည့်ဟန်ဖြင့် တိုးတိတ်စွာပြောလိုက်သည်မှာ

“တစ်ခါတစ်ရံမှပါဗျာ”ဟူ၏။

စာချစ်သူများအား လေးစားလျက်
မြတ်ငြိမ်း
၁၂-၁-၂၀၀၂

www.burmeseclassic.com

www.burmeseclassic.com

# REAL LIVES REAL STORIES

## သာမန်ထက် ပိုမိုထူးခြားတဲ့ စိတ်ဝင်စားဖွယ် ဘဝဖြတ်သန်းမှုအတွေ့အကြုံများနဲ့ အမှန်တကယ် ဖြစ်ရပ်စာမူများအလိုရှိ သည်။

ကျွန်တော်တို့တင်ဆက်နေတဲ့ Real Lives, Real Stories (ဖေဖော်ဝါရီ-ဧပြီ-ဇွန်-ဩဂုတ်-အောက်တိုဘာ-ဒီဇင်ဘာ) စာအုပ်စီးရီးအတွက် သာမန်ထက်ပိုမို ထူးခြားတဲ့စိတ်ဝင်စားဖွယ် ဘဝဖြတ်သန်းမှု အတွေ့အကြုံများနဲ့ ဖြစ်ရပ်မှန်စာမူများ အလိုရှိပါတယ်။ သင့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်ခဲ့တဲ့ ဒါမှမဟုတ် ဖြစ်ပျက်နေတဲ့ စိတ်ဝင်စားဖွယ် ဖြစ်ရပ်တွေနဲ့ အတွေ့အကြုံတွေကို ဖေါ်ထုတ်ပြီး ရေးသားပေးပို့နိုင်ပါတယ်။

BURMESE CLASSIC

ကျွန်တော်တို့လိုချင်တာက

(၁) အမှန်တကယ်ဖြစ်ရပ်တွေနဲ့ အတွေ့အကြုံတွေပဲ ဖြစ်ရမယ်။ (၂) သာမန်ထက်လဲ ထူးခြားပြီး စိတ်ဝင် စားဖွယ် ဖြစ်ရမယ်။ (၃) ရသမြောက် ရေးဖွဲ့တင်ပြ နိုင်ရမယ်။ (၄) အတွေးအခေါ်တွေ ပါရမယ်၊ ရုန်းကန် ဖြတ်သန်းနေတဲ့ဘဝတွေနဲ့ စိတ်ခံစားမှုတွေ ထင်ဟပ်မှု ရှိရမယ်။ (၅) ဟာသဘဲဖြစ်စေ၊ ဂမ္ဘီရပဲဖြစ်စေ၊ ဝိဉာဉ်လောကပဲဖြစ်စေ၊ ရှေ့နေလောက၊ ကားသမား လောကထဲက ဖြစ်စေ၊ အကျဉ်းထောင်တွင်းက စိတ်ဝင်စားဖွယ်အကြောင်းပဲ ဖြစ်စေ၊ ဘာပဲဖြစ်စေ ဖြစ်ရပ်မှန်ဖြစ်ဖို့ပဲ လိုအပ်ပါတယ်။ (၆) ဖြစ်ရပ်မှန်ဖြစ်ကြောင်း ဝန်ခံချက်တော့ ပါရှိရမယ်။ (၇) ရွေးချယ်မှုမခံရတဲ့ စာမူများကို ပြန်လည်ပေးပို့မှာ မဟုတ်ပါ။

## စာမရေးတတ်ပေမယ့် သင့်မှာသာမန်ထက် ထူးခြားတဲ့ အတွေ့အကြုံတွေ ရှိနေတယ်ဆိုရင်လဲ

သင့်မှာပြောပြစရာ သာမန်ထက်ထူးခြားတဲ့ စိတ်ဝင်စားဖွယ်ဖြစ်ရပ်တွေ၊ အတွေ့အကြုံဆန်းတွေ၊ ရယ်စရာ ဟာသတွေရှိနေတယ်ဆိုရင် ကျွန်တော်တို့ကိုပြောပြဖို့ စိတ်ဝင်စားတယ်ဆိုရင် ကျွန်တော်တို့ထံ ဆက်သွယ်နိုင်ပါတယ်။

## ကျွန်တော်တို့နှင့်အတူ လက်တွဲဆောင်ရွက်လိုတဲ့ တက်ကြွဖြတ်လတ်တဲ့ လူငယ်စာရေးဆရာများ ဆက်သွယ်ပါ။

လိုအပ်တာက

(၁) စာဖတ်ဝါသနာပါသူဖြစ်ရမည်။ (၂) အခြေခံ သတင်းအမြင်လည်းရှိရမယ်။ (၃) အင်တာဗျူးမေးခွန်းများကိုလည်း တည်ဆောက်နိုင် ရမယ်။ (၄) ဒါ့အပြင် ရသမြောက်စာမူကိုလည်း ရေးဖွဲ့နိုင်ရမယ်။ (၅) ကျွန်တော်တို့သတ်မှတ်ပေးမယ့် assignment အင်တာဗျူးများကို တွေ့ဆုံမေးမြန်းပြီး ရသမြောက်စာမူအဖြစ် ပြောင်းလဲတင်ဆက်နိုင်သူလည်း ဖြစ်ရမယ်။ (၆) မိမိကိုယ်တိုင် ရေးဖွဲ့ထားတဲ့ ရသမြောက် အမှန်တကယ် ဖြစ်ရပ်စာမူတစ်ပုဒ်နှင့်အတူ (ဆက်သွယ်ရန်လိပ်စာအပြည့်အစုံဖြင့်) ကျွန်တော်တို့ထံ ပေးပို့ပြီး ဆက်သွယ်ပါ။

---

**ဆက်သွယ်ရန်လိပ်စာ**

■ ၉၂ Avenue ၊၁၀-ခ၊ မဂ္ဂင်လမ်း၊
၁၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
၀၉-၅၀၀-၈၇၂၇၊ ၀၉-၅၀၁-၀၈၅၁

**အသေးစိတ်သိချင်ရင်**

၀၉-၅၀၀-၈၇၂၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

the bookhouse
we bring your future
၀၉ ၅၀၀ ၈၇၂၇
၀၉ ၅၀၁ ၀၈၅၁

www.burmeseclassic.com

www.burmeseclassic.com





- ဧရိယာ - ၅၁ မှာ ပဟေဠိဆန်သည်။
- ထိုနေရာတွင် ဘာတွေဖြစ်နေသည်ကို သိသူ အလွန်နည်းသည်။
- သိချင်သူတွေလည်း သန်းချီရှိသည်။
- လူ အတော်များများကတော့ ထိုနေရာမှာ ခေတ်မီသူလျှို့နည်းပညာနှင့် စစ်မဟာဗျူဟာတို့၏ အချက်အချာဟု နားလည်ထားကြသည်။
- တချို့ကျတော့လည်း တခြားဂြိုဟ်သားတို့၏ မြေအောက်ကမ္ဘာနှင့် ဖမ်းမိထားသော ဝန်းကန်ပြားပျံများ သိမ်းဆည်းထားရာဟု ထင်နေကြသည်။
- ဝင်စစ်တွင်မူ ထိုနေရာမှာ အမေရိကန်နိုင်ငံ၏ စစ်ရေးသိပ္ပံနှင့် ကမ္ဘာမည်သည့်အင်အားကြီးထက်မဆို သာလွန်မြန်ဆန်သည့် နည်းပညာများ သိုမှီးရာ အရပ်တည်း။




- CNN ရုပ်သံမှ ထူးခြားသော စကားဝိုင်းများဖြင့် ကမ္ဘာ့ပရိသတ်များကို ဆွဲဆောင်ခဲ့သူ
- ကမ္ဘာပေါ်မှ နိုင်ငံခေါင်းဆောင်အများအပြားကို တွေ့ဆုံမေးမြန်းခဲ့သူ
- စကားပြောဆိုရာ၌ လိမ္မာပါးနပ်သူ၊ ဆွဲဆောင်ပြောဆိုတတ်သူ
- ကမ္ဘာကျော်ပုဂ္ဂိုလ်များကိုယ်တိုင် ဂုဏ်ယူစကားပြောခဲ့ရသူ

www.burmeseclassic.com

www.burmeseclassic.com




■ ဆိတ်ကျောင်းရှင်နဲ့ ဆိတ်ရောင်း၊ ဆိတ်သတ်ပြီးတော့ ဆိတ်ဝင့်လည်ခဲ့တဲ့ ကိုဖိုးဆိတ်

■ ဓမျိုးဆေးရဲ့ ရင်တွင်းရေတာနာသုံးရေ (သို့မဟုတ်) ပန်းချီ-ဒီဇိုင်း-decoration

■ MRTV - 4 ၏ အစီအစဉ်တင်ဆက်သူ စင်အောင် ဒါမှမဟုတ် ငယ်ဘဝ အိပ်မက်များကိုအကောင်အထည်ဖော်ခဲ့သူ

■ မြန်မာ့သိုင်းဆရာကြီး၊ ခင်းယက္ခနှင့် သူပြောပြတဲ့ မြန်မာ့သိုင်းလောက

■ ထောင်ဒဏ် နှစ် ၁၈၀ ကျခံရသည့် အကျဉ်းသားတစ်ဦး

■ အဖေကို အဖေလို့ မခေါ်ခဲ့ဘူးသူ ဒဂုန်တာရာနှင့် ထရာဆရာတစ်ဦး၏ ငယ်ဘဝ


■ ဆရာထက်မြတ်၏ ထူးနှစ်တော်သီသော အင်းစိန်ထောင်

■ တိုးရစ်ဂိုက်တစ်ဦး၏ဘဝနှင့် ကမ္ဘာလှည့် ခရီးသွားလောကမှ ထိတ်ထိတ်တွေ့အဖြစ်များ

**၂၀၁၂၊ ဧပြီလ၊ ၃၀ရက်နေ့ ထွက်ပြီ**

**volume - 8**

BURMESE CLASSIC




■ နောက်ဘဝသာရှိခဲ့လျှင် ယောကျ်ားလည်း မဖြစ်ချင်ဘူး၊ မိန်းမလည်း မဖြစ်ချင်ဘူး၊ ဒီဘဝလို မိန်းမလျှာပဲ ဖြစ်ချင်တဲ့ ရာစည်ကျော် မိတ်ကပ်ပညာရှင် ခင်စန်းဝင်း

■ ပင်လယ်ကြီး၊ ရှိနေသရွေ့ ပင်လယ်ကြီးကို အိမ်လုပ်မည့် ပင်လယ်လုပ်သားများ

■ ဟစ်ဟော့(ပ်) အဆိုရှင် ရသမြောက်တဲ့ ထန္နစေတ်လူငယ်တစ်ယောက်၏ ခံယူချက်၊ ခံစားချက်

■ ထောင်မှူးဟောင်း တစ်ယောက်ရေးတဲ့ ထောင်ထဲက လူမိုက်များ

■ မြောက်ဦးမြို့အနီး ချင်းရွာမှ ဥရောပ ပုံစံတူကလေးများ ■ ရာဟုသာကို ရုပ်ရှင်ရိုက်ပြတဲ့ ရှင်ဆေဝီ

■ ဒေါက်တာအောင်ကျော်မြင့်၏ သူငါမျှော်ဖို့ ဘုတာကျော်ကျော် ■ ရော့ထ်မြို့က ဖြင်းလှည့်နံပါတ် ၇၂

■ စာရေးဆရာမ ရွှေကူမေနှင်းရဲ့ ဘာသာပြန်စာရေးဆရာ တစ်ယောက်၏ မြေလှမ်းများ

**၂၀၁၂၊ ဇွန်လ၊ ၃၀ရက်နေ့ ထွက်မည်**

**volume - 9**

www.burmeseclassic.com